

www.burmeseclassic.com
မဂ္ဂရင်း
BURMESE CLASSIC
DESIGN
Aung Kyaw Myint
www.burmeseclassic.com

www.burmeseclassic.com

မုဒ္ဓါ ဓမ္မ သံဃ
ဉုံမကေ်ာပိဒေဟုံ

# [illegible]

မဂ္ဂဇင်း

စာတည်းချုပ်
**မောင်နှင်းဆွေ**

၂၀၁၄ ခုနှစ်၊ ဇွန်လ၊ အတွဲ (၁၇) အမှတ် (၁၀)

အစ်ကိုများနှင့် ကျော်ကျော်ဆွေ ၁၉၉၇ ခုနှစ်တွင် တည်ထောင်၍ မိုးဆယ်ပန်းစာပေ နှင့် T.T.K GROUP
တိုက်(၉) ၃၀၁ ဗိုလ်တထောင်လမ်း ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်မှ ဖြန့်ချိပါသည်။ ဖုန်း-၀၉၄၃၂၀၀၇၆၀

**Dear Marry (Myanmar)**
**Online Shopping and Retail**

အတိုင်ပင်ခံပညာရှင်များ

အမျိုးသားစာပေဆုရ စာရေးဆရာကြီးငွေမောင်
အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဒေါက်တာချစ်ဝင်း
အမျိုးသားစာပေဆုရ စာရေးဆရာကြီး သောင်းဝေဦး

စာတည်းအဖွဲ့

ကိုကိုဆွေဆွေ
ငိုးသိမ့် BE (Electronic)
အိမြတ် BE (Civil)

ဖေါ်င်းစီးတာလုံး

ပန်းချီတင်ထွန်း

အမှတ်တံဆိပ်

ပန်းချီတင်ရွှေချို

မျက်နှာဖုံးသရုပ်ဖော်

ထွန်းအောင်ကျော်မြင့်

ကွန်ပျူတာစာစီ

မွေးမွေးနဲ့အဖွဲ့(အနာဂတ်တာရှာ)

အုပ်ချုပ်ရေးမှူး

ငြိမ်း B.sc (Chem)

တာဝန်ခံနှာခွဲ့ဝည်းမှူး

မွေးမွေး မျိုးဟန်(အနာဂတ်တာရှာ)

လျှို့ဝှက်ဆန်းကြယ်ပန်းချီဒီဇိုင်းအဖွဲ့

မောင်မောင်သိုက်၊ ကျော်ဦး၊ ဝိုးဒီလွန်၊ မိုးဝေ
ဖိုးအောင်၊ ထွန်းအောင်ကျော်မြင့်၊ စောနိုင်ထူး
ပန်းချီချစ်ဦး(ပုသိမ်)၊ ပန်းချီကျွဲ

ဖြန့်ချိရေး

ရန်ကုန်-ကျော်သိန်းစာပေ၊ ငြိမ်းစာပေ
တောဦးစာပေ၊ နေဝေးစာပေ၊ ကိုလတ်စာပေ၊
ပန်းရွက်ဝေစာပေ၊ မြတ်စာပေ၊ မြသော်တာစာပေ
အောင်ကျော်စာပေ၊ အမေ့အိမ်စာပေ၊
ဦးတင်စိုးစာပေ၊ သီတာနီလာစာပေ
မန္တလေး-နဂါးစာပေ၊ မော်လမြိုင်-ကျော်ကျော်စာပေ၊
တောင်ကြီး-ဂါနေဒီစာပေ၊ ဇီလျှိုနာစာပေ၊
ပဲခူး-သဇင်စာပေ၊
ဓေတ္တရာစာပေ-သထုံ၊ သော်တာစန်းစာပေ-နေပြည်တော် မျိုးမနား

ထုတ်ဝေသူ - ဦးချစ်ကျော်ကျော် (ခ) ဦးကျော်ကျော်ဆွေ (၀၄၀၆ ၂၉) ၁၇/၂၁ ကျောင်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့် အဖုံးပုံနှိပ်သူ - ဦးဝင်းဆွေ (၁၈၃၃၉) ဝင်းထွန်းပုံနှိပ်တိုက် အမှတ်-၁၇၃ ရေကျော်လမ်းမကြီး ပုဇွန်တောင် ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်း CTP- (Eagle)၊ စောင်ရေ - ၁၀၀၀။ တန်ဖိုး - ၂၀၀၀။ စာအုပ်ချုပ် - ရွှေ (ဟင်္သာတ) [illegible]

ပန်းချီကျော်ကျွိုင်းသင်း ချုပ်ထိန်း (၅၂၈)၊ မြို့ဟ(ဝသယ်) အထူးကျေးဇူးတင်ပါသည်။



# ဇိနံ ဝဏ္ဏထ ဂါထာ

ဇိနာဝဏ္ဏထ ဂေါတမံ
ဇိနာဝဏ္ဏမဂေါတမံ
ဝိဇ္ဇာစရဏာသမ္ပန္နံ
ဗုဒ္ဓံဝန္ဒာမဂေါတမံ။

[illegible]

www.burmeseclassic.com

# မာတိကာ


**အထူးဆောင်းပါး**

ဖြူစင်မြတ်နိုး (မြန်မာ့မြေ) နေနဲ့လနဲ့ နှစ်ပါးအပြိုင် ၉

**အလုံးစုံကောင်းမှုကုသိုလ်တွေ**

မနော်ဖြူ (ဇလွန်) စင်ကြယ်ပါစေသီလတွေ ၂၅

**တရားလိုက်စားသော**

ဓမ္မဆရာတော် ယောဂီများအတွက် ၃၀

**ပညာကျော် သင်္ဂဇာဆရာတော်**

တိုးတိုး အာပတ်မသင့်သူ ရဟန်း... ၃၃

**ဝေဒနက္ခတ္တပညာ**

ကဝိလမိုင်းယောဟန် (ဟပွန်) ဆရာဝန်ဖြစ်သည့် ဇာတာ.. ၃၆

**ဘိယာဇက်တော့ အခက်ဝေ**

ဖြူစင်မြတ်နိုး (မြန်မာ့မြေ) ရတနာစစ် ရတနာမှန်ကို... ၃၉

**ဖုန်းဝေဒ**

နတ်မျက်စိဆရာအောင်စိုး လူကြီးမင်းဖုန်းနံပါတ်နှင့် ၄၉

**ကျန်းမာရေးအတွက်**

ဒေါက်တာလွင်သန့် (ဆေး-၂) ကလေးချောင်းဆိုးလျှင် ၅၅

**ဇာတာတွေထဲက**

ဇအောင်ဖုန်းမြင့် (ကချင်မြေ) အိုင်းစတိုင်း၏ ဘဝကံဇာတာ ၅၈

**ရာဇဝတ်ဘေး ပြေးမလွတ်ပါ**

မေချို (ပျဉ်းမနား) မူးယစ်ဆေးဆို ... ၆၂

**ဘုရားတည်ပြီးလျှင်**

မောင်မိုး ငြမ်း ၆၈

**လေးဆူဓာတ်ပုံ**

ယောနကဘိုးထောင် ရွှေတိဂုံတခွင် စာဆိုအမြင် ၇၂

**ပြည်တွင်းမှုခင်း**

ကျော်ဝဏ္ဏကျော် တန်ရာတန်ကြေး ၇၈

**ပုံပြင်လေးကတော့ ဒါပါပဲကွယ်**

ဝနေစော မြေခွေးလေးရဲ့ပန်းကမ္ဘာ ၈၅

**တစ္ဆေတကယ် ရှိ/မရှိ**

ဝေဝေသွယ် (နည်းပညာ) စည်းပြင်မှ ၉၀

**နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏**

အောင်ဆန်းလင်း (ဘီအေ) အစွမ်းထက် ဆင်တုံးမနွယ် ၉၆

**မေတ္တာဆိုသည်မှာ**

မောင်ရိုးကောင်း ရန်သူမိတ်ဆွေ ၉၈

**အားလုံးချမ်းမြေ့ပါစေ**

ဝဇီအောင် ကောင်းကျိုးချမ်းသာ... ၁၀၂

**ဒို့ဘာသာ ဒို့သာသနာ**

ခင်ခင်လှ (အင်းစိန်) လောင်းတော်ဦးစေတီတော် ၁၀၇

**ဖက်ဆစ်အာဏာရှင်တစ်ယောက်**

ကိုသန်း (ကြည့်မြင်တိုင်) ဂျာမနီမှ ဝေဒပညာရှင် ၁၁၈

**ဗဟုသုတရစေဖို့**

ဆရာဝင်း (သာကီနွယ်) ကွယ်လွန်သူအတွက်... ၁၂၅

**မဒ္ဒိ ဆေးများ**

အောင်ဆန်းလင်း (ဘီအေ) အန္တရာယ်ဆိုးကို... ၁၃

**သဘာဝဟော**

နိုးနိုး (သန်လျင်) နေ့တွင်သမ်ရှက်များ... ၁၃၆

**အမျိုးဂုဏ်ကိုဆောင်ပါ**

စိမ့်စိမ့်အေး နံ့ ၃၈


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


**ဘယ်သူ့အတွက်ယတြာလဲ**

တိုးတိုး — ဒန်းကြီးပင်အတွက် ယတြာ — ၁၄၄

**အမှတ်တရတိုက်ပွဲကြီးများ**

သောင်းဝေဦး — မြဝတီတိုက်ပွဲကြီး — ၁၄၇

**(၇) ရက်သားသမီးများအတွက်**

ဗေဒသုတေသီ ဆရာမျိုး — ဘာကိုရှောင်လို့ ... — ၁၅၈

**အနိုင်ယူချင်စိတ်**

ဦးကိုကိုလေး — အတွေးတစ်ချက် ... — ၁၆၁

**ပြည်တွင်းဆန်းကြယ်**

ဦးညွှန့်တင် — နင်းလှူ — ၁၆၅

**တခုဏာ**

ရဲရဲထွန်း — မြွေပောက်ကို အံတု ... — ၁၇၄

**အခန်းဆက်ဝတ္ထုရှည်**

အောင်မိုးကောင်း — ပျော်ပျော်နေမောင်သေခဲ — ၁၇၉

**မင်းရည်ကျွဲခဲ့လို့**

အောင်နုတင် (မုဒုံ) — မေ့မရနိုင်ပါအတည် — ၁၈၆

**ဗဟုသုတရစေဖို့**

ဆရာဝင်း (သာကီနွယ်) — ဘီလူးများအကြောင်း ... — ၁၉၄

**ထမင်းစားပြီးတစ်ခုလို**

ကျော်အေးရွှေ — ကြိုက်တာကိုရွေးစမ်း ... — ၂၀၂

**ပြည်တွင်းပရ**

ဇော်မင်း (မြောက်/ဒဂုံ) — သပြေကန်ရွာမှ ... — ၂၀၈

**၁၅၀၀ တွေထဲက**

စိမ်းရွက်လွှာ — ချစ်ဒုက္ခ — ၂၁၆

**အမှတ်တရတွေထဲက**

သောင်းဝေဦး — အမှတ်တရမြို့တော်စည်ပင် — ၂၂၄

**တြံ့ရုရဆုံရပြည်ပမှာ**

နှင်းမေရီမိုး (ယုဇနပလာဇာ) — ဂျပန်ရေချိုးနည်း — ၂၃၂

**မေတ္တာတရားဆိုသည်မှာ**

သျှင်ရဲထွဋ် (တောင်ဇွန်း) — ဥပက္ခောမေမေ — ၂၄၄

**ကျားမာယာ**

ကြင်ဦးလှူ — လှူယုတ်မာ — ၂၅၇

**အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ**


အရှင်ဥတ္တရသာရ — ပုံရိပ်လွှာများ (ဒုတိယပိုင်း) — ၂၇၁





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အထူးဆောင်းပါး



# နေနဲ့လနဲ့ နှစ်ပါးပြိုင်

ဖြူစင်မြတ်နိုး (မြန်မာ့ဧပြီ)



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပါဆရာ။ နှစ်အကူးမှာ ထူးထူးခြားခြား ကျက်သရေ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံလှတဲ့ အကြောင်း အရာလေးတစ်ခုကို စာချစ်သူ လျှို့ဝှက် ဆန်းကြယ် စာဖတ်ပရိသတ်ကို သိစေလို တဲ့စိတ်၊ စာရေးသူ ရရှိခံစားခဲ့ရကတည်း က ပီတိကို မျှဝေခံစားစေလိုတဲ့စိတ်နဲ့ ဒီစာမူလေးကို ပေးပို့လိုက်ပါတယ် ဆရာ။ စာမူရဲ့ အမည်ကတော့···

"နေနဲ့လ နှစ်ပါးအပြိုင်" ပါ ဆရာ။

×××

ဆရာမောင်နှင်းဆွေရဲ့ မေတ္တာ စေတနာအပြည့်နဲ့ လမ်းညွှန်ခဲ့သလို၊ လူချင်းမတွေ့ပေမဲ့ စာချင်းတွေ့အောင် ကြိုးစားလိုစိတ်အပြည့်ရှိပါတယ် ဆရာ။ ဒါပေမဲ့ စာရေးသူက ပျင်းရိခြင်း ၆ ပါးနှင့် သာမက ပျင်းရမှာတောင်ပျင်းတဲ့ ၁ ပါး ထပ်တိုးပြီးပျင်းတဲ့ အညာက စာရေးသူ ခပ်ညံ့ညံ့ပါ။ အခုတော့ ပျင်းချင်တာ တောင် မပျင်းနိုင်လောက်အောင် ဇီရိယ ကောင်းစေတဲ့ အကြောင်းအရာလေးပါ ဆရာ။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းမှာ ရေးခဲ့တဲ့ နတ်ဆေးလမ်း (သို့) ဒီမိုကရေစီ လမ်းနှင့်ကခုန်ခြင်း ဆိုတဲ့ စာမူမှာ ၂၀၁၄ နှစ်ဦးမှာ မြန်မာပြည်ရဲ့ ပထမဦးဆုံး နတ်ဆေးလမ်းကို ဒီမိုကရေစီ အပြည့် အဝရတဲ့ ရေစကြိုမြို့နယ်သူ မြို့နယ်သား ဒေသခံ ပြည်သူတွေက ဦးစွာပထမ သုံးစွဲခွင့်ရကြမယ့် ကံထူးသူတွေပါလို့ ရေးခဲ့ပါတယ်။

စာရေးသူ ရေစကြိုမြို့နယ်၊ ပခန်းကြီးဒေသကို ရောက်သွားချိန် ၂၀၁၃ ခု၊ ဒီဇင်ဘာလပါ။ အဲဒီအချိန်အထိ နတ် ဆေးက မရောက်သေးပါဘူး။ လမ်းပြင် နေကြတုန်းပဲ ရှိသေးတာပါ။ နတ်ဆေး ဆိုတာ အမှုန့်လား၊ အရည်လား၊ အခဲ လားဆိုတာ မြင်တောင် မမြင်ခဲ့ရတာပါ။

၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်နေ့မှာ ဆရာဦးသုရိန်ရဲ့ဝန်ထမ်းတစ် ယောက်က အကြောင်းကြားပါတယ်။

"ဆရာကြီးရောက်နေပါတယ်။ အခု ရေစကြိုသွားပါပြီ။ နတ်ဆေးလမ်း ဖွင့်ပွဲပါ။ လမ်းဖွင့်ပွဲက ဖေဖော်ဝါရီလ (၂) ရက်နေ့၊ သူဌေးလေး ဦးတင်မျိုးထွဋ် အပါအဝင် AIG အဖွဲ့သားတွေအားလုံး မအားကြပါဘူး" လို့ ပြောလာပါတယ်။

ဆရာရေ အရင်ကဆို ဆရာ ဦးသုရိန်ကသော်လည်းကောင်း၊ သူဌေး လေး ဦးတင်မျိုးထွဋ်၊ ဦးရွှေသိန်းတို့က ကိုယ်တိုင်ခေါ်ကြပါတယ်။ ဒီတစ်ခါမှာ တော့ အသံမပေးနိုင်လောက်အောင် ပျောက်နေကြပြီး နတ်ဆေးလမ်းဖွင့်ပွဲရှိတဲ့ MESSAGE သာ ပေးခဲ့ကြတာပါ။

နတ်ဆေးလမ်းဆိုတာက ရေစကြိုမြို့နယ် ဒေသခံပြည်သူတွေ ဒီမိုကရေစီ (ပြည်သူ့ ဗဟိုပြု ယန္တရား) အရ ကိုယ်တိုင်ခင်းကြမယ့်လမ်းပါ။ ဆရာ ဦးသုရိန် မိတ်ဆက်ပေးခဲ့တဲ့ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အခြေခံ သော နည်းပညာအသစ်နဲ့ ခင်းကြမယ့် လမ်းပါ။ ဆရာ ဦးသုရိန်ရဲ့ ညွှန်ကြားမှု၊ သူဌေးလေး ဦးတင်မျိုးထွဋ်ရဲ့ စီစဉ်မှု၊ AIG Co မှ DIRECTOR အင်ဂျင်နီယာ



www.burmeseclassic.com

www.burmeseclassic.com



ဘိုးလူရှောင်ကျောင်းဆောင်ဖွင့်ပွဲနေ့အမှတ်တရ
ဆရာဦးသူရိန်၊ MR. MAR TIN

ဦးရွှေသိန်းတို့ အကောင်အထည်ဖော်ခဲ့ကြတဲ့လမ်းပါ။ မြန်မာပြည်ရဲ့ ပထမဦးဆုံး ဒီမိုကရေစီ နုတ်ဆေးလမ်းကြီးပါ။

ဆရာ ဦးသူရိန်ဆိုတာက လို့ဖွက်ဆန်းကြယ် မဂ္ဂဇင်းနဲ့ရင်းနှီးပြီးသား ဖြစ်နေပါပြီ။ "ဖုဋ္ဌသဿ" ဂါထာတန်ခိုးနဲ့ အောင်မြင်မှု အဆင့်ဆင့်ရရှိနေသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးပါ။

ဦးတင်မျိုးထွင့်က AIG Co ရဲ့ MD ပါ ဆရာ ဦးသူရိန်က "သူဌေးလေး" လို့ ခေါ်ပါတယ်။ ဆရာဦးသူရိန်ရဲ့ ညီအရင်းကဲ့သို့ ချစ်ခင်မှုကို ရရှိပြီး လုပ်ငန်းကိစ္စမှန်သမျှ အထူး အကူအညီပေးခြင်း ခံရသူပါ။

ဦးရွှေသိန်းကတော့ ဆရာ ဦးသူရိန်နဲ့ သူဌေးလေး ဦးတင်မျိုးထွင့်တို့ရဲ့ မရှိမဖြစ် "ရွှေ" ပါ။

စာရေးသူ စဉ်းစားကြည့်လိုက်တော့ ဒီဇင်ဘာမှာ နုတ်ဆေး မမြင်ခဲ့ရဘူး။ လမ်းပြင်နေတာ တွေ့ခဲ့ရပါတယ်။ သိရသလောက် နုတ်ဆေးက ဇန်နဝါရီ နောက်ဆုံးအပါတ်မှ ရောက်ခဲ့တာ။ အခု



www.burmeseclassic.com

www.burmeseclassic.com

လမ်းဖွင့်ပွဲက ဖေဖော်ဝါရီ (၂) ရက်နေ့ပါတဲ့။ ရက်စွဲမှားတာဖြစ်မှာပါဆိုပြီး ဆက်သွယ်လာသူ မန်နေဂျာလေးကို ပြန်ဆက်ပြီး မေးလိုက်တော့ အတိအကျ လမ်းဖွင့်ပွဲ ဖေဖော်ဝါရီလ (၂) ရက်နေ့ပါတဲ့။ သိုင်းဝတ္ထုရေးတဲ့ စာရေးဆရာကြီးတစ်ယောက်ရဲ့စကားငှားပြောရရင်တော့ **“မည်ကဲ့သို့ လုပ်လိုက်လေသည်မသိ”** ပေါ့။

ဆရာရေ ဖိတ်ခေါ်မယ့်သူ မရှိသော်လည်း စိတ်ဝင်စားမှု ပြင်းထန်နေတဲ့ စာရေးသူက ရေစကြို ပခန်းကြီး ရောက်ဖူးသားပဲ။ သွားမယ်လို့ ဆုံးဖြတ်ပြီး စက်ဘပ္ပမှ ပြန်ရောက်နေတဲ့ “မောင်” ဖြစ်သူ စာရေးဆရာ “ထူးဆွေအောင်” ကိုခေါ်ပြီး ပခုက္ကူလမ်းမှတစ်ဆင့် ရေစကြို ပခန်းကြီးကိုရောက်အောင် သွားခဲ့ပါတယ်။ “ထူးဆွေအောင်” ရဲ့ သူငယ်ချင်းဖြစ်သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင်လည်း နတ်ဆေးလမ်းကို စိတ်ဝင်စားလို့ အတူလိုက်ပါခဲ့ပါတယ်။

စာရေးသူတို့ ရောက်သွားတဲ့



ဖုံထူထူကြားမှ ဆရာဦးသူရိန်
တောင်အိုရှင်မတောင်လမ်း



www.burmeseclassic.com

www.burmeseclassic.com



MR. MAR TIN မှ ရှင်းပြနေစဉ်



ဒေသခံရွာသူရွာသားများနှင့် အမှတ်တရ

အချိန်မှာ ဆရာ ဦးသူရိန် အပါအဝင် AIG Co အဖွဲ့သားအားလုံးဟာ "အပဟမ်း" လို့ မဆိုနိုင်လောက်အောင် ကို အလုပ်ရှုပ်နေကြတာ တွေ့ရပါတယ်။ AIG Co က စိုက်ပျိုးရေးဝန်ထမ်းလေး တွေလည်း တတ်သည့်ပညာ မနေသာ ဆိုသလို လမ်းခင်းတဲ့နေရာမှာ ကိုယ် တတ်နိုင်တဲ့ဘက်ကဝန်ကိုထမ်းနေကြ တာ အားရစရာပါ ဆရာရယ်။ ဒါကြောင့် စာရေးသူ ခဏ ခဏ ပြောဖြစ်ပါတယ်။ AIG Co ဟာ Co ဆိုတာထက် AIG မိသားစုကြီးပါလို့လေ။

စာရေးသူက ပခန်းကြီး လမ်းခင်းတဲ့နေရာကိုရောက်အောင် မှန်းသွားတာပါ။ ဆင်ချောင်းရွာအဝင်မှာတော့ ကားတွေရော၊ လူတွေရော တော်တော်များများ တွေ့ရလို့ ဝင်ကြည့်မိလိုက်ပါတယ်။

ဆရာဦးသူရိန်မှ အစပြု၍ AIG ဝန်ထမ်းများအားလုံး အလုပ်ရှုပ်နေတာ လောက်တော့ ဘာဆန်းလဲ ဆရာရယ်။ အဲဒီလူအုပ်ကြီး အလယ်မှာ သမ္မတရုံး



www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီး ဦးစိုးမောင်နဲ့ ဝန်ကြီးကတော်ကို တွေ့လိုက်ရတာပါပဲ။ ရပ်နေတာကိုတွေ့တာ မဟုတ်ပါဘူး။ "ဝန်ကြီးက လိုအပ်တာတွေကို ညွှန်ကြားနေသည်" လို့ ပေါ့ပေါ့တန်တန်လေး ရေးမပြချင်ပါဘူး ဆရာ။ ဝန်ကြီးက ခင်းထားတဲ့ လမ်းပေါ် အခေါက်ခေါက်အခါခါ နင်းလျှောက်လိုက်၊ နင်းရုံတင် အားမရလို့ လက်နဲ့ စမ်းကြည့်လိုက်၊ အသစ်ဆောက်ထားတဲ့ ကျောင်းဆောင်အသစ်ထဲ တစ်ခန်းဝင် တစ်ခန်းထွက် မမောနိုင် မပန်းနိုင်။

နောက် ခပ်လှမ်းလှမ်းမှ ဓာတ်ပုံရိုက်နေတဲ့ စာရေးသူတော့ ခေါင်းတွေမူးနောက်၊ လက်ပန်းကျပြီး ဖတ်ဖတ်မောတဲ့အထိ ဝန်ကြီးကတော့ မရပ်မနားပါပဲ။ ဒါက ဝန်ကြီးက တာဝန်နဲ့မို့လုပ်တာလို့ ထားပါတော့။

ဝန်ကြီးကတော်ကရော ကိုယ့်ဟာသာ အေးအေးဆေးဆေး နေနိုင်ရက်နဲ့ အညာဖုန်ထူထူ၊ လေကြမ်းကြမ်း၊ အေးစက်စက်ထဲမှာ မြေကြီးပေါ်မှာထိုင်ပြီး နတ်လေးရဲ့ မာခြင်းအဆင့်စမ်းထားတဲ့



နတ်ဆေးမရောရသေးခင်
တောင်အိုရှင်မတောင်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ပေါက်တူးကိုင်လျက် ဆရာဦးသူရိန်၏စေတနာ

အတုံးကြီးကို လက်နဲ့ သေသေချာချာ ကိုင်ပြီး စိတ်ဝင်တစား လေ့လာကြည့်ရှု မေးမြန်းနေတာကို တွေ့ရပြန်ပါတယ်။

စာရေးသူက ဝန်ကြီးတွေကို TV မှာပဲ "လိုအပ်သည်များကို မှာကြားသွားသည်" လို့ပဲ တွေ့ဖူးတာလေ။ ဒီ ဝန်ကြီးနဲ့ ဝန်ကြီးကတော်ကတော့ ပြည်သူတွေကြားမှာ တသားတည်း ပါလား။

ဖြစ်စဉ်ကတော့ AIG Co က လှူတဲ့လမ်းက လမ်းမကြီး (ဒေသခံတွေ အခေါ် ပေ ၁၀၀) ကနေ ဝန်ကြီးတို့ လှူတဲ့ ကျောင်းဆောင်သစ်ကို ဦးတိုက် နေတာပါ။ စေတနာ ၂ ပါး အပြိုင်ပေါ့ ဆရာ။ ဝန်ကြီးမိသားစုလှူတဲ့ ကျောင်းဆောင်သစ်က "နေ" ဆိုရင် AIG Co က လှူတဲ့လမ်းကလေးက "လ" ပေါ့ ဆရာ။ ဒါကြောင့် စာရေးသူက နေနဲ့လနဲ့ နှစ်ပါးအပြိုင်လို့ ခေါင်းစဉ်တပ်ရတာပါ။

ကျောင်းဆောင်သစ်မှာ တင်ထားတဲ့ ဆိုင်းဘုတ်က **"ဘိုးလှရှောင်"** ကျောင်းဆောင်တဲ့ နာမည်ကိုက ထူးခြား



www.burmeseclassic.com

www.burmeseclassic.com

တာပါပဲ။ **"ဘိုးလူရှောင်"** ရဲ့ သားသမီး မြေးမြစ်တစ်စုတို့ လှူဒါန်းတာပါ။

AIG Co က ခင်းတဲ့ မေတ္တာလမ်းပေါ်မှာလျှောက်ပြီး "ဘိုးလူရှောင်" မိသားစုရဲ့ နှလုံးသားနဲ့ တည်ဆောက်လှူဒါန်းထားတဲ့ ကျောင်းဆောင်သစ်မှာ ဆင်းချောင်းရွာကလေးတွေ စာသင်ခွင့်ရကြမှာပါ။ ဆင်းချောင်းရွာအစား ဘိုးကံကောင်းတို့ရွာလို့သာ ခေါ်လိုက်ချင်ပါရဲ့။

"ဘိုးလူရှောင်" ဆိုတာက ဒီရွာ ဇာတိပေမယ့် မန္တလေး နန်းတွင်းအဆက်အနွယ်တွေပါ။ နန်းတွင်းအဆက်အနွယ်ကြီး ဘိုးလူရှောင်ကို မတွေ့မြင်လိုက်ရပေမယ့် "ဘိုးလူရှောင်" ရဲ့ မြေးနှစ်ယောက် ညီနောင်နှစ်ပါးကတော့

သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ် ဝန်ကြီး သီရိပျံချီသူရ ဦးမြင့်မောင် (ငြိမ်း) နဲ့ သမ္မတရုံးဝန်ကြီး "အသရေစည်သူ ဦးစိုးမောင်" တဲ့။ မယုံနိုင်စရာကောင်းပေမယ့် ပုံပြင်တော့ မဟုတ်ပါဘူး ဆရာ။ မျိုးဆက်တစ်ခုတည်းက ဝန်ကြီး ၂ ပါးနော်။ အခုကျောင်းဆောင်က ဝန်ကြီးညီအစ်ကို



ဘိုးလူရှောင်ကျောင်းဆောင်သစ်ဖွင့်ပွဲမှ ဘိုးလူရှောင်၏အမျိုးများ



ပီတိကိုစား အားရှိကြသူများ (သို့မဟုတ်) ပေးဆပ်သူတို့၏အပြုံး



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆေးလမ်း၏ တပ်မှူးကြီးများ
ဝဲမှယာ ဦးတင်မျိုးထွဋ်၊ ဦးရွှေသိန်း၊ ဆရာဦးသူရိန်၊
ဦးကျော်ကျော်ဇင်

နှစ်ယောက်မိသားစုက အဖိုးကို ကျေးဇူးဆပ်တဲ့ပွဲ၊ ဒေသခံပြည်သူတွေနဲ့ တစ်သားတည်းဖြစ်ကြောင်း ပါးစပ်နဲ့တင် မဟုတ်တဲ့ အလုပ်နဲ့ သက်သေပြတဲ့ပွဲပါ ဆရာ။

စာရေးသူက "အခု ခင်း၊ အခုပြီး"တဲ့ နတ်ဆေးလမ်းကို လာကြည့်ရင်း ဒီဝန်ကြီးညီအစ်ကိုရဲ့ ဒေသခံပြည်သူတွေအပေါ်ထားတဲ့ စေတနာတွေကို ကိုယ်တိုင် မျက်မြင်တွေ့ထိ ခံစားခဲ့ရတဲ့ ပီတိကို စာချစ်သူအပေါင်းအတွက် မျှဝေလိုက်ရတာပါ။

ည ၇ နာရီလောက်ကစပြီး အသစ်ခင်းထားတဲ့ လမ်းဖွင့်ပွဲအတွက် တစ်ဖက်တစ်ချက်မှာ အလံတွေနဲ့ ပြင်ထားတာပေါ့ ဆရာ။ ရွာသူရွာသားတွေ တဖွဲဖွဲနဲ့ ရောက်လာကြကာ ကွင်းလုံးပြည့် လမ်းလုံးပြည့် ကြိတ်ကြိတ်တိုးပါပဲ။ စာရေးသူက မနေနိုင်လို့ ရွာက အဒေါ် တစ်ယောက်ကို မေးကြည့်ပါတယ်။

"အဒေါ် ဘာလာလုပ်တာတုန်း"

"လာကြည့်တာပါ"

www.burmeseclassic.com

"မနက်ဖြန်ညမှ တီးဝိုင်းလေ အခု ဘာမှမရှိဘဲ"


"ပျော်လို့လာတာပါ"

"ဘာကိုပျော်တာလဲ"

"ကျွန်မတို့ကလေးတွေတက်ရမယ့်အခန်းနဲ့ ကျောင်းသစ်ကြီးကို ကြည့်ပြီးပျော်တာပါ။ အရင်တုန်းက ဒီနေရာက (ဘောလုံးကွင်းကို ညွှန်ပြပါသည်) ခြုံတောကြီးပါ။ အခုတော့ ရှင်းလို့ လင်းလို့ ကလေးတွေ အန္တရာယ်ကင်းကင်းနဲ့ ကစားလို့ရတဲ့ကွင်းကြီး ဖြစ်သွားပါပြီ"

တဲ့။ သူပျော်နေတာကိုကြည့်ပြီး စာရေးသူလည်း ပျော်နေတာပါပဲ။ ထူးထူးခြားခြား တွေ့ရပြန်ပါတယ်။ ဆရာရေ ... ဆရာဦးသုရိန်ရဲ့လမ်းကျွမ်းကျင်ပညာရှင် အော်စီလို့ခေါ်တဲ့ AUSTRALIA လူမျိုး "MR MARTIN" ကို ရွာကလေးတချို့က "မာတင်" လို့ အော်ခေါ်နေသလို တချို့ကလေးတွေက မတင်၊ မတင် (မတ်တင်၊ မတ်တင်) လို့ ခေါ်နေကြပြီး အဲဒီရွာက ခလေးတွေနဲ့ MR MARTIN နဲ့ တုတ်တွေနဲ့ သိုင်းကစားပြီး ပျော်ပျော်ပါးပါး ဖြစ်နေကြတာပါပဲ။

ဆရာ ဦးသုရိန်ရဲ့ လမ်းညွှန်မှုနဲ့ သူဌေးလေး ဦးတင်မျိုးထွဋ်တို့ရဲ့ AIG



နတ်ဆေးလမ်းနှင့် ပန်းရလျက်ရှိသော
ဘိုးလှုရှောင်ကျောင်းဆောင်သစ်၊ ဆင်ချောင်းစံပြကျေးရွာ၊ ရေစကြိုမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com

Co ကတော့ ဘယ်နေရာရောက်ရောက် ဘာပဲလုပ်လုပ် ဒေသခံ ပြည်သူတွေနဲ့ တသားတည်း ဖြစ်နေတာက လေးစားစရာကောင်းလှပါတယ်။

ဖွင့်ပွဲနေ့ ညေ့ခံမဏ္ဍပ်ထဲမှာ ထိုင်နေကြတဲ့ ဝန်ကြီးညီနောင် ၂ ပါးကို ကြည့်ရင်း အစ်ကိုကြီးက "နေ" ညီဝန်ကြီးက "လ" လို့ တင်စားရင်း "နေ" နဲ့ "လ" နှစ်ပါးအပြိုင်လင်းနေပါလားလို့ ထင်မိပါတော့တယ်။

ညီဝန်ကြီး အမှာစကား ပြောရာမှာလည်း သူတို့ရဲ့ အညာသူ၊ အညာသား ခွေမျိုးကို တိုးတက်စေလိုတဲ့စိတ်၊ ကလေးတွေကို ပညာတတ်ကြီးတွေ ဖြစ်စေလိုတဲ့စိတ်တွေနဲ့ မိဘက သားသမီးတွေကို စိတ်မချလို့ မှာနေတဲ့ပုံ မေတ္တာအပြည့်နဲ့ ပြောနေတာပါ။ အဓိကကတော့ မိမိ မိသားစုမှစ၍ ချစ်တတ်ကြဖို့။ ကြိုးစားကြဖို့၊ စည်းကမ်းရှိကြဖို့ပါ။ ဥပမာ သပ်စတစ် အမှိုက်တွေအကြောင်း။ ကွမ်းတံတွေးထွေးတာ၊ ကွမ်းစားတာက အစမကျန်အောင် မှာနေတာပါ။ အသေးစိတ် ပြောနေတာပါ။ မှတ်သားဖွယ်ရာ စကားကတော့ ဆယ်တန်းစာမေးပွဲက နီးနေပြီမို့ စာကြိုးစားလို့သေတဲ့ ကျောင်းသားတွေ မတွေ့ဖူးပါဘူး။ မိဘတွေကလည်း တိုက်တွန်းပါ။ သားသမီးတွေကလည်း တတ်စွမ်းသမျှ ကြိုးစားပါတဲ့"

ဒါတင်မကသေးပါဘူး ဆရာရယ်။ "ကျောင်းစည်းကမ်းကို ကျောင်းသား တွေတင်မက၊ မိဘတွေကပါ လိုက်နာကြပါ" တဲ့။ မှန်လိုက်တာ ဆရာရယ်။ စာရေးသူကတော့ သဘောကျ နှစ်သက်မိတဲ့ အမှာစကားပါပဲ။

အခု "ပြည်သူ့ ဗဟိုပြုတဲ့ ယန္တရား" အဖြစ် လမ်းတွေကို ဖောက်ခွင့်ရကြပြီ။ အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်း ကြီးကြပ်ကြပြီး အောင်မြင်အောင် ဆောင်ရွက်ပါ။ ကိုယ့်တာဝန် ကိုယ်ယူကြပါ။ ပြီးမှ ဟိုဟိုဒီဒီကို အပြစ်မပြောပါနဲ့။ ကိုယ်တိုင်ကလည်း စောင့်ကြည့်နေမှာပါတဲ့။ ကဲ ··· ဆရာရေ လမ်းလျှောက်တတ်ကာစ ကလေးကို လက်မလွှတ်လိုက်ရဲတဲ့အမေနဲ့ တူမနေဘူးလား။

အစ်ကိုကြီးကတော့ ကျန်းမာရေးမကောင်းလို့ စကားသိပ်ကြာကြာ မပြောနိုင်ပါဘူးတဲ့။ (ကျန်းမာရေးကောင်းလို့ ပြောများ ပြောနိုင်ရင် စာရေးသူတို့တော့ ရေစကြိုမှာ ဝါဆိုရမယ့်ပုံ)

သိပ်ရှည်ရှည်ဝေးဝေး မပြောပါဘူး ဆရာ။ "ဘိုးလှုရှောင်" တို့ အမျိုးတွေ မန္တလေးနန်းတွင်းက ထွက်လာတာက စတာပါ။ အစ်ကိုကြီးရဲ့ ဘဝတစ်လျှောက် ဖြတ်သန်းလာခဲ့ပုံတွေကို ပြောပြရာမှာ အစ်ကို ဝန်ကြီးက "ထန်း" ပင်လည်း တက်တတ်ပါတယ်တဲ့။ ဝန်ကြီး ထန်းပင်တက်နေတဲ့ပုံကို မြင်ယောင်ရင်း စာရေးသူတော့ အစ်ကိုဝန်ကြီးရဲ့ စကားရှည်ကြီးကို ပိုစိတ်ဝင်စားပြီး တစ်ချက်မှ ငြီးငွေ့မှုမရှိခဲ့ပါဘူး။

ဇာတိဂုဏ်တက်လောက်ဖွယ် ပြောခဲ့တဲ့စကားထဲမှာ နတ်ထဲမှာ ဒို့ရွာက နတ်က တန်ခိုးအကြီးဆုံးတဲ့ (ပခန်းလေ ဆရာရဲ့ ပြိုင်ချင်တိုင်းပြိုင်နိုင် နိုင်ပံ့မလား)



www.burmeseclassic.com

www.burmeseclassic.com

အလောင်းစည်သူ၊ ဘုရင့်နောင်၊ ကျန်စစ်သား။ ဒို့ ရေစကြိုနယ်ကတဲ့။ စာရေးသူက ဆက်ပြောချင်ပါတယ်။ အခု ဒို့ ညီအစ်ကို နှစ်ယောက်" လို့လေ။

ဂုဏ်ယူဖွယ် အားကျစရာကောင်းလှပါတယ် ဆရာရေ။ ဝန်ကြီး ၁ ပါးမှ မထွက်တဲ့ စာရေးသူတို့မြို့အတွက်လည်း ဒေါ်းငယ်လှပါရဲ့။ ဒါပေမဲ့ အစ်ကို ဝန်ကြီးပြောသွားပါတယ်။ ရေစကြိုလည်း မကွေးတိုင်း။ မကွေးတိုင်းလည်း မြန်မာပြည်ပါတဲ့။ စာရေးသူလည်း ရေစကြိုက မဟုတ်ပေမယ့် မကွေးတိုင်းဒေသကြီး မြန်မာပြည်ကပေါ့လို့လေ။

အခမ်းအနားအပြီးမှာတော့ "ဘိုးလှုရှောင်" မိသားစု လှူဒါန်းတဲ့ ထမင်းစားခဲ့ရပါတယ်။ အာဂပါးစပ် လှူဖြစ်ကျိုးနပ်တာပေါ့ ဆရာရယ်။

ဆင်ချောင်း ကျောင်းဖွင့်ပွဲ အပြီး နောက်တစ်နေ့မှာတော့ တောင်အို ရှင်မတောင်လမ်းခင်းနေတဲ့နေရာကို ရောက်မှ နတ်ဆေးလမ်းခင်းနေပုံ အဆင့်ဆင့်ကို တွေ့မြင်ရပါတော့တယ်။

ဆရာ ဦးသူရိန်တို့အဖွဲ့က လုပ်ငန်းခွင် ရေစကြိုမှာဖြစ်ပြီး နားတဲ့ အခါ ပခုက္ကူ "အောင်သရဖူပော်တယ်" မှာ တည်းခိုနားပါတယ်။ "အောင်သရဖူ ပော်တယ်" ပိုင်ရှင်နှင့်တကွ ဝန်ထမ်း အားလုံးကလည်း လမ်းခင်းအဖွဲ့အတွက် လိုအပ်တာဟူသမျှ လိုလေသေးမရှိ နေ့ည အချိန်အခါမရွေး လိုက်လိုက်လှဲလှဲ အကူအညီပေးပါတယ်။

ဒါနဲ့ စကားမစပ် ကြော်ငြာဝင်ရပါဦးမယ်။ ပခုက္ကူ အောင်သရဖူ ပော်တယ်ပိုင်ရှင်က ဦးလှချစ်တဲ့၊ ဝန်ကြီး ၂ ပါးနဲ့ ညီအစ်ကိုတော်ပါတယ်။ ဒါပေမဲ့ ဦးချစ်လှက သာမန် အညာသားရိုးရိုး သားသားပုံစံပါပဲ။ ဝန်ကြီးညီဆိုပြီး ထူးခြားတဲ့ပုံစံ (ပြောရရင် ဆရာရယ် မာန်တက်နေတဲ့ပုံ) အသွင်အပြင် လုံးဝမရှိပါဘူး။ ပြုံးပြုံး ပြုံးပြုံးနဲ့ တက်တက်ကြွကြွပုံစံပဲ တွေ့ခဲ့ရပါတယ်။ ဦးလှချစ်ရဲ့ မှတ်သားစရာ စကားတစ်ခုကတော့...

"ဆရာမရယ်၊ စာဆိုနဲ့အညီ သစ်တစ်ပင်ကောင်းတော့ ငှက် ၁ သောင်း နားတာပေါ့။ ဒါပေမဲ့ ငှက်ချေးလည်းကျုံးရပါတယ်" တဲ့။

ဒီစကားကို စာရေးသူကတော့ သဘောကျလို့မဆုံးတော့ပါဘူး။ ဒီလို ပြောခဲ့ပေမယ့် ဦးလှချစ်တို့ ညီအစ်ကို၊ ဆွေမျိုးတစ်စုကတော့ ငှက်ချေးတွေကို ပျော်ပျော်ကြီး ကျုံးနေမယ့်သူတွေပါ။

တောင်အို၊ ရှင်မတောင်လမ်း ခင်းနေကြတာမှာ စာရေးသူအမြင် ကတော့ လိုအပ်တဲ့ လမ်းအမြင့်၊ အကျယ်ရအောင် မြေပြင်ရတာသာ အချိန်ယူရတာပါ။ နတ်ဆေးထည့်ပြီး လမ်းအချောအထိကတော့ မြန်တာတွေ့ ရပါတယ်။

ဖွထားတဲ့မြေသားထဲကို နတ်ဆေးမှုန့် (နတ်ဆေးက အမှုန့်ပါ) ရောပါ တယ်။ သမအောင်မွှေကြပါတယ်။ လမ်းကြိတ်စက်နဲ့ ကြိတ်ပါတယ်။ ရေဖျန်းပါ တယ်။ အထပ်ထပ်အခါခါ ရေဖျန်း ကြိတ် ပါတယ်။ ရေ ကကြိတ်သွားရင် နောက်ကကြိတ်ပြီးသားက မာကြောသွား တာပါပဲ။ ဒီလိုနဲ့ မျက်စေ့အောက်တင်


www.burmeseclassic.com

နတ်ခေးလမ်း ဖြူးဖြူးဖြောင့်ဖြောင့်ကြီးကို ဘွားကနဲ တွေ့လိုက်ရတာပါပဲ။ (စာရေးသူကတော့ သာမန်လူတစ်ယောက်အမြင်နဲ့ ရေးသားရခြင်းဖြစ်ပြီး ပညာရှင်အပိုင်း ပညာရပ်အပိုင်း အသေးစိတ်ကို သိလိုလျှင်ဖြင့် AIG Co MD သူဌေးလေး ဦးတင်မျိုးထွင့်ထံ ဆက်သွယ်မေးမြန်းနိုင်ပါတယ်)

ဦးသုရိန်၊ ဦးရွှေသိန်း လမ်းကျွမ်းကျင်ပညာရှင် MR MARTIN, AIG Co မှ ဝန်ထမ်းအဆင့်ဆင့်နဲ့ ဒေသခံလုပ်သားတွေ တက်ညီလက်ညီ ခင်းခဲ့ကြတဲ့လမ်းကြီးပါ။

အညာနေပူပူကိုလည်း မမှု၊ လေပြင်းပြင်းကိုလည်း ဂရုမထား။ ဖုန်ထူထူ၊ မြေပူပူကိုလည်း အရေးမစိုက် လမ်းကြီး အောင်အောင်မြင်မြင်ပြီးစီးဖို့သာ စိတ်နှစ်ထားကြပါတယ်။ စက်သံတွေက တဝုန်းဝုန်း၊ တဂျုံးဂျုံး၊ လူတွေက တဝုန်းဝုန်း၊ တအုန်းအုန်း၊ အကြိတ်အနယ် လှုပ်ရှားနေပုံတွေက ရာဇဝင်မှာ စာတင်လောက်ပါတယ်။

ဟုတ်တယ်လေ ဆရာရဲ့။ ပြည်သူတွေ ကိုယ်တိုင်ခင်းတဲ့ မြန်မာပြည်ရဲ့ ဒီမိုကရေစီ ပြယုဂ်လမ်းကြီး၊ ဝန်ကြီးကတော့ ပြည်သူ့ဗဟိုပြု ယန္တရားတဲ့။ ဆရာ ဦးသုရိန်ရဲ့ လမ်းညွှန်မှု၊ သူဌေး



**ဆင်ချောင်းကျေးရွာလမ်း၌**

**ဆရာဦးသုရိန်နှင့် MR. MAR TIN အမှတ်တရ**

www.burmeseclassic.com

လေး ဦးတင်မျိုးထွဋ်ရဲ့ စီစဉ်မှု၊ ဦးရွှေသိန်းရဲ့ စွမ်းဆောင်မှုတွေနဲ့ မြန်မာပြည်ရဲ့ ပထမဆုံး နတ်ဆေးလမ်းကြီးပါ။

အညာနေ ဘယ်လောက်ပူပြီး ပြင်းလိုက်လည်းဆိုတော့ ဆရာ ဦးသုရိန်ရဲ့ မျက်နှာမှာ အရေပြားတွေအဖတ်လိုက် လန်ထွက်ကုန်ပါတယ်။ အဖြူစွတ်စွတ် MR MARTIN က အနီရောင်ပြောင်းသွားပါတယ်။ ဦးရွှေသိန်းက နဂို အညိုနုကနေ မဟူရာရောင်ရင့်ရင့်၊ သူ့ငွေလေးတပည့် ကိုတင့်ကတော့ နဂိုအနက်ကနေ ကျောက်မီးသွေးရင့်ရင့်အရောင်။ စာရေးသူရဲ့မောင် ထူးဆွေအောင်ကတော့ ကပ္ပလီပင်လယ်ပြင်မှာ ကုလားမကြီးရေချိုးဆိုသလို၊ ကဗ္ဗရာအရောင် တလက်လက်ထနေတာ မမှတ်မိတော့လို့ သူ့မျက်နှာပေါ်တင်နေတဲ့ ဖုန်တွေ သုတ်ကြည့်ရပါတော့တယ်။ အင်ဂျင်နီယာလေး ထက်အောင်ရှိန်းကတော့ ခပ်လှမ်းလှမ်းကဆို အသံသာကြားရပြီး လူမမြင်ရတော့ပါဘူး။ လူတွေအကုန်လုံး COLOR CHANGE ကုန်ပါတယ်။ COLOR စုံ CHANGE သွားတဲ့ လူရောင်စုံတွေရဲ့ အသည်းနှလုံးကတော့ တူညီတဲ့အဖြူရောင်ပါ။

တစ်နေ့လုံး တစ်ညလုံး ငြင်းခုံ အော်ကြ၊ ဟစ်ကြ၊ ရန်ဖြစ်ကြ၊ အလုပ်သိမ်းတဲ့အချိန် ပြီးစီးနေတဲ့လမ်းကိုကြည့်ပြီး သူတို့မဟုတ်သလို တပြုံးပြုံးနဲ့ တစ်ယောက်ကိုတစ်ယောက် ပခုံးဖက်ပြီး ပျော်နေကြပြန်ရော။ စာရေးသူပြောခဲ့ပါတယ် AIG Co ဟာ မိသားစုကြီးပါလို့လေ။

လမ်းခင်းတဲ့အဖွဲ့ရဲ့ဒဏ်ကို အလူးအလဲခံရတာက လမ်းနဲ့အနီးဆုံးက စားသောက်ဆိုင်လေးပါ။ စာရေးသူလည်း အပါအဝင်ပေါ့။ နေ့ပူပူထဲ ရပ်ကြည့်နေလိုက်၊ ဆာလာရင် ဆိုင်လေးထဲပြေးဝင်၊ ရေသောက်လိုက်၊ လက်ဘက်ရည်သောက်လိုက်ပေါ့။ အဲဒီဆိုင်က လုပ်သားလေးကလည်း ချစ်စရာကောင်းပါတယ်။ ယဉ်ယဉ်ကျေးကျေး လူငယ်လေးပါ။ စာရေးသူတို့ လက်ဘက်ရည်မှာတဲ့အခါ စာရေးသူက ချိုစိမ့်၊ လဲ့မွန်ဦးက ချိုစိမ့်ပေါ့။ ထူးဆွေအောင်က ကျစိမ့် ဆိုတော့ စာရေးသူက အဲဒီကလေးကို ...

"မင်းဘယ်လိုဖျော်လဲ။ တစ်ယောက်တစ်မျိုးမှာတော့လေ"

လို့ မေးကြည့်တာ မှတ်သားဖွယ်ရာစကား ကြားလိုက်ရပါတော့တယ်။

"ကျွန်တော်ကတော့ ဒီအိုးထဲကပဲ ထည့်လိုက်တာပါ"

တဲ့။ စာရေးသူ ထမင်းစားတော့ သူချက်တဲ့ ခရမ်းချဉ်သီးချက်ကို ကြိုက်ပါတယ်လို့ ပြောမိပါတယ်။ သူက မှတ်ထားပြီး စာရေးသူ ထမင်းစားတော့မယ်ဆိုရင် ...

"ဆရာမအတွက် ကျွန်တော် ကပျာကယာလေး ချက်ထားတာပါ။ "ငပိချက်" ဆိုပြီး ချပေးတတ်လို့ စာရေးသူက ကပျာကယာ ငပိချက်လို့ နာမည်ပေးထားပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် စာရေးသူတို့ လမ်းခင်းနေတဲ့အချိန်မှာ ရန်ကုန်က ရုပ်ရှင်အဖွဲ့က ရုပ်ရှင်ရိုက်နေပါတယ်။ "ကျွန်တော့်ရည်းစား ဘုရားမှာနေသည်"



www.burmeseclassic.com

www.burmeseclassic.com

ဆိုလားပဲ။ မင်းသမီးက "မိုးယုစံ" တဲ့။ သူတို့က လမ်းမကြီးရဲ့ အရှေ့ဘက်အခြမ်း မှာရိုက်နေကြပြီး စာရေးသူတို့ "ကား" တွေက အနောက်ဘက်ခြမ်းမှာ ရပ်ထားတာပါ။

ကပျာကယာလေးက သတင်း ပေးပါတယ်။

"ဆရာမကို မင်းသမီးမှတ်ပြီး ရွာကလူတွေ လာကြည့်နေကြတယ်"

တဲ့။ ရွှေရတုစာရေးသူကလည်း မင်းသမီးနဲ့မှားတယ်ဆိုတော့ တယ် ဟုတ်တဲ့ ငါပါလားပေါ့လေ။ ကိုယ့်ကို မတ်မတ်ပြင်ထိုင်လိုက်ပြီး ...

"မိုးယုစံနဲ့တူလို့ ကြည့်တာလား"

"မဟုတ်ပါဘူး ဆရာမရဲ့ ကားက မိုးယုစံရဲ့ကားနဲ့တူလို့ပါ"

တဲ့လေ။ ကဲ ... ပြီးရော။ ပြန်တော့မယ်လို့ နှုတ်ဆက်တော့ ...

"ဆရာမ ကပျာကယာ အညာသားလေးကို မမေ့ပါနဲ့နော်"

လို့ ပြောရှာပါတယ်။

အခု စာရေးနေရင်း ကပျာ ကယာ အညာသားလေးကိုရော၊ ဆိုင်



ဘိုးလူရှောင်ကျောင်းဆောင်ဖွင့်ပွဲနေ့အမှတ်တရ
ဆရာဦးသုရိန်၊ ဦးတင်မျိုးသွင်



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရှင်မိသားစုနှင့်တကွ ဆိုင်ရှေ့က "ထနောင်းပင်"ကြီးကိုပါ လွမ်းမိပါတော့တယ်။

×××

အပြန်လမ်းမှာတော့ "ဘိုးလူရှောင်"တို့ သားသမီး မြေး မြစ်ကွေ့ရဲ့ "ကံ"၊ ဒေသခံပြည်သူတွေရဲ့ "ကံ"၊ "ကံ" "ကံ၏အကျိုး" တွေကို တွေးနေရင်း အခုခရီးစဉ်မှ ရရှိလာတဲ့ ပီတိအရသာကို စာချစ်သူ လျှို့ဝှက်ဆန်းကြယ် စာဖတ်ပရိသတ်ကို မျှဝေခံစားလိုက်ရပါတယ်။

**ကျေးဇူးမှတ်တမ်း**

၁။ စာမူကိုဖော်ပြခဲ့သော ဆရာမောင်နှင်းဆွေ၊ မောင်အရင်းကဲ့သို့ ခင်မင်ရပါသော ဦးကျော်ကျော်ဆွေ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းကို ကျေးဇူးတင်ပါသည်။

၂။ မြန်မာပြည်အကျိုးအတွက် စိတ်ရော၊ ကိုယ်ပါ၊ နေ့ရော၊ ညပါ အချိန်ပေးခဲ့သော စေတနာလွန်စွာထားခဲ့သော ဂျာမနီနည်းပညာ ORGANIC FERTILIZER နှင့် မြန်မာပြည်၏ ပထမဦးဆုံး နတ်ဆေးလမ်းကို မိတ်ဆက်ပေးခဲ့သော ဆရာဦးသူရိန်ကို အထူးကျေးဇူးတင်ပါသည်။

၃။ စိုက်ပျိုးသူ တောင်သူလယ်သမားများအကျိုးအတွက် ဆရာဦးသူရိန်နှင့် လက်တွဲညီညီ ကြိုးပမ်းခဲ့သော လုပ်ငန်းဖြစ်သော်လည်း မလျှော့သောဇွဲ၊ လုံ့လတို့နှင့် အားထုတ်ခဲ့သော သူဌေးလေး ဦးတင်မျိုးထွဋ် MD AIG Co ကို ကျေးဇူးတင်ပါသည်။

၄။ ဒေသခံ ပြည်သူတွေနှင့် လက်တွဲညီညီ နတ်ဆေးလမ်းကို အကောင်အထည်ဖော်ခဲ့သော ဦးရွှေသိန်း DIRECTOR AIG Co ကိုလည်းကောင်း။

၅။ လိုအပ်သမျှ အကူအညီပေးခဲ့သော ပခုက္ကူ အောင်သရဖူဟော်တယ်ပိုင်ရှင် ဦးလှချစ်နှင့်တကွ ဝန်ထမ်းများအားလုံးကိုလည်းကောင်း။

၆။ စာရေးဆရာ ထူးဆွေအောင်နှင့် မလဲ့မွန်ဦးကိုလည်းကောင်း။

၇။ မအားလပ်သည့်ကြားမှ ရှင်မတောင်အနံ့ ဘုရားဖူးပို့ပေးခဲ့သည့် AIG ဝန်ထမ်း ကိုဇော်နိုင်ဝင်း (သုံးပန်လှ) အား လည်းကောင်း။

၈။ AIG Co မှ ကိုတင့်၊ ကိုဟန်မျိုးဇော် အစစ တာဝန်ကျေခဲ့ကြသော ဝန်ထမ်းများအားလုံး၊ အထူးသဖြင့် "ဆရာမ စာရေးအလွန်ကောင်းပါသည်" ဟု အမှန်တရားကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောခဲ့သော "ကိုစန်းဦး" ကို အထူးကျေးဇူးတင်ပါသည်။

စေတနာလမ်းတွေမှာ မေတ္တာပန်းတွေပွင့်၍ မြန်မာပြည်တစ်ဝန်းလုံး အေးချမ်းသာယာလှပပါစေ။

**ဖြူစင်မြတ်နိုး(မြန်မာ့မြေ)**

မှတ်ချက်။ ။ နတ်ဆေးလမ်းနှင့်ပတ်သက်၍ အသေးစိပ်သိလိုပါက ဆရာ ဦးသူရိန် thureign@gmail.Com ဦးတင်မျိုးထွဋ် MD AIG Co 09 5160891 ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

www.burmeseclassic.com




အလုံးစုံကောင်းမှုကုသိုလ်တွေ

# ဝင်ကြွယ်ပါစေ သီလတွေ

မနောဖြူ (ရွှန်)



www.burmeseclassic.com

www.burmeseclassic.com

ဥပုသ်နေ့ သီလယူအပြီး ဓမ္မာရုံပေါ်မှ ဆင်းလာစဉ် ကျွန်မတို့ကို ပဋိစ္စသမုပ္ပါဒ်တရားများသင်ကြားသော ဆရာမကြီးမှ စာစောင်တစ်ခုပေးပါသည်။ "ဓမ္မစကြာစာပန်းကုံး"အမည်ရ ထို စာစောင်၏ မျက်နှာစာတွင် ဒေါက်တာ သိန်းမြင့်ရေးသားသည့် "သမ္မာအာဇီဝ (သို့မဟုတ်) သီလကို စားသုံးခြင်း" ဟူသော ကဗျာကို ဖတ်ပြီး ကျေနပ်လိုက်သည့်ဖြစ်ခြင်း၊ သဘောကျလိုက်သည်မှာ မပြောပါနဲ့တော့။ ကျွန်မရင်ထဲမှာရှိသောဆန္ဒ ကျွန်မပြောချင်တဲ့ စကားလုံးတွေနဲ့ ပြီးပြည့်စုံနေတာမို့ ကြိုက်နှစ်သက်မိသွားတာပါ။

**"သမ္မာအာဇီဝ (သို့မဟုတ်)**
**သီလကိုစားသုံးခြင်း"**

**- လောကသဘာဝ ပရိယေသနကို**
**သောကဖျာပါဒ ပရိဒေဝ**
**လောဘအာဃာတ ကိလေသတွေနဲ့**
**ရှာဖွေစားလိုက်ရမှ**
**တစ်ယွာရည်လျှားတဲ့ဗိုက်၊ ဝမယ်ဆိုရင်**
**- သိက္ခာ သီလပုဒ်တွေချိုးဖောက်**
**မိစ္ဆာအလုပ်တွေ အမျိုးမျိုးနောက်မှ**
**ရိက္ခာ၊ ကျီ၊ ကျ၊ ပုတ်တွေ**
**ဖြိုးဖြိုးမောက်မယ်ဆိုရင် . . .**
**- မဟုတ်သတင်း၊ လုပ်အတင်းတွေကို**
**ပွားပါမှ**
**အထုတ်၊ ပုလင်း၊ မုန့်၊ ခြင်း**
**တစ်လုတ်ထမင်း၊ တရှုပ်ဟင်း**
**စားစရာရမယ်ဆိုရင် . . .**
**- (မိတ်ဆွေတို့ရေ . . ကျုပ်တော့လေ)**
**ဘာကိုမှ မစားမသောက်**
**အလျားမှောက် အိပ်နေလိုက်တော့မယ်။**
**(ဒေါက်တာသိန်းမြင့်)**

အဓိပ္ပာယ်အနှစ်သာရတွေ ကောင်းလွန်းလို့ အဲဒီ ဒေါက်တာသိန်းမြင့်ကို လေးစားစွာ ဦးညွှတ်လိုက်မိပါတယ်။

သီလတရားနဲ့ ပတ်သက်လို့ ယနေ့ခေတ် လူအတော်များများဟာ အလေးအနက်မထားကြတော့ပါဘူး။ လူပုဂ္ဂိုလ်တိုင်း အတတ်နိုင်ဆုံး အမြဲမပြတ် စောင့်ထိန်းအပ်တဲ့ ငါးပါးသီလကို ဂရုဓမ္မသီလလို့ခေါ်ပါတယ်။ ကိုယ်ကျင့်သီလရှိသူမှသာ ဘဝသံသရာခရီးတစ်လျှောက် နိဗ္ဗာန်မရောက်မီစပ်ကြား သုဂတိဘုံတွေမှာ ကျင်လည်နိုင်မှာဖြစ်ပါတယ်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြကြရမှာပါ။ နိဗ္ဗာန်သို့သွားရာ ခရီးလမ်းတွင် သီလသည် ခြေထောက်နှင့်တူပြီး ခြေထောက်မရှိဘဲ လိုရာခရီးကို လှမ်းသွားနိုင်မှာမဟုတ်ပါ။

ဥပုသ်နေ့တွေ အခါကြီး ရက်ကြီးတွေမှာ လူတို့ဆောက်တည်ကြတဲ့ ရှစ်ပါးသီလ၊ ကိုးပါးသီလနှင့် ဆယ်ပါးသီလတို့ကို ဂဟဋ္ဌသီလလို့ခေါ်ပြီး ရဟန်းတော်တွေ ကျင့်သုံးရတဲ့ သီလကို ပဗ္ဗဇိတသီလလို့ခေါ်ပါတယ်။

ဥပုသ်နေ့မို့ သီလယူထားတဲ့ ယောဂီ လူပုဂ္ဂိုလ်ဖြစ်စေ၊ တရားစခန်းဝင်ရောက်နေစဉ် ရှစ်ပါးသီလခံယူထားတဲ့ ရဟန်းရှင်လူ၊ သီလရှင်၊ ယောဂီတွေဖြစ်စေ၊ နေ့စဉ် ရှစ်ပါးသီလ စောင့်ထိန်းနေကြရမယ့် သီလရှင်နှင့် ပဗ္ဗဇိတသီလစောင့်ထိန်းကြရမယ့် ရဟန်းသံဃာတွေဖြစ်စေ၊ ဝိကာလ ဘောဇနာ သိက္ခာပုဒ်ကို စောင့်ထိန်းကြရမှာဆိုတာ သိထားကြပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com

**ဝိကာလဘောဇနာ -**

**နေ့လွဲညစာစားခြင်း မှ**

**ဝေရမဏီသိက္ခာပဒံ -**

**ရှောင်ကြဉ်ရကြောင်း၊**

**ကောင်းမြတ်သော သိက္ခာပုဒ်ကို**

**သမာဒိယာမိ -**

**စိတ်၌မြဲစွာ ဆောက်တည်ပါ၏။**

ဒီ သိက္ခာပုဒ်ကို ဆောက်တည်ထားသူတွေဟာ နေ့လယ် မွန်းတည့် ၁၂ နာရီမှစ၍ နောက်တစ်နေ့နံနက် အာရုဏ်တက်သည်အထိ အစားအစာများကို မစားမသောက်ရတော့ပဲ ရှောင်ကြဉ်စောင့်စည်းကြရပါမယ်။

နေ့လယ် ၁၂ နာရီမှ နောက်တစ်နေ့ အာရုဏ်တက်ချိန်အတွင်း အအေး၊ အချိုရည်၊ စတုမဓု၊ ထန်းလျက်တို့ကို စားသုံးနိုင်ပါတယ်။ ကော်ဖီ၊ လက်ဖက်ရည်တို့ကို မသောက်ရပါ။ တချို့သီလကို အလွန်တန်ဖိုးထား၊ အလေးထားသူတွေဟာ ထန်းလျက်ကိုပင်မစားပါ။

အခုတော့ (ဂူ၊ သီလရှင်၊ ကျောင်း) ဝတဲ့ ဥပုသ်သည်တချို့ ယောဂီတချို့ဟာ နေ့လယ် ၁၂ နာရီကျော်ပြီးလည်း လက်ဖက်ရည်၊ ကော်ဖီသောက်နေကြပါတယ်။ ဇီးထုတ်တွေစားလို့ရတယ်ဆိုပြီး စားနေကြပါတယ်။ တချို့ မုန့်များပင် စားနေကြပါသေးတယ်။ နေရာအတော်များများမှာ တွေ့နေရတာပါ။ ညပိုင်းမှာ ညချင်းစားလို့ရတယ်ဆိုပြီး ချင်းသုပ်စားကြပါတယ်။ ရှေးကလူကြီးတွေ ဥပုသ်စောင့်ရာမှာ တချို့ ကျန်းမာရေးကြောင့် ညချင်းစားကြတာ ချင်းဖတ်လေးတွေကို ကြက်သွန်နီ ပါးပါးလှီး၍ ဆီနဲ့နယ်ပြီး သုပ်စားတာ တွေ့ဖူးပါတယ်။ ကြက်သွန်ကြော်၊ နမ်း၊ မြေပဲ၊ ပဲခြမ်း စတဲ့အစာတွေ မပါဝင်ပါ။ အရသာ တဏှာကို တပ်မက်၍ စားသုံးကြခြင်း မဟုတ်ပါ။ ယခုစားနေကြတဲ့ညချင်းဆိုတာ ဒံပေါက်မျိုးစုံနှင့် ခရမ်းချဉ်သီးတို့ ဘာတို့နဲ့နယ်ပြီး ရှယ်သုပ်စားကြတာပါ။ တချို့ ပုစွန်ခြောက်တောင် ပါပါသေးတယ်။

ကျွန်မက ယောဂီတချို့ သီလရှင် တချို့ကို နားလည်အောင် ပြောပြပါတယ်။

"ကော်ဖီတို့၊ လက်ဖက်ရည်တို့က အရည်ပဲ၊ သောက်လို့ရပါတယ်"

ဆိုပြီး နောက်မဆုတ်ကြပါ။ ဇီးထုပ်၊ ဇီးပြားများလည်း စားကြပါတယ်။ ဝိကာလ ဘောဇနာသိက္ခာပုဒ် ကျိုးပေါက်နေတာကို ရှင်းပြသော်လည်း နားမဝင်ကြပါ။

ကျွန်မကို တစ်ဖက်စွန်းရောက်တယ်လို့ အပြစ်တင်ရင်လည်း ခံရမှာပါ။ ကျွန်မက ဥပုသ်သီလစောင့်ခြင်းကို အလွန် အလေးအနက်ထားပါတယ်။ ရှစ်ပါးသီလ စောင့်ထိန်းနေရတဲ့ကာလမှာ လုံးဝ မကျိုးပေါက် မပြောက်မကြား အောင် ထိန်းသိမ်းမှုကို လုံ့လပြုပါတယ်။ တရားစခန်းမှာ အလှူရှင်များလာကျွေးလှူသော အချိုရည်ဘူးတချို့မှာ အဖတ်လေးတွေပါရင် အဲဒီ အချိုရည်ဘူးကို ကျွန်မ မသောက်တော့ပါ။

ဒီအတွက် ကျွန်မကို ပိုရန်ကောလို့ အပြစ်မြင်သူတွေလည်း ရှိကြမှာပါ။ ကျွန်မကတော့ သီလစောင့်သူတွေ အားလုံးကို အစင်ကြယ်ဆုံးကုသိုလ် ပြည့်ပြည့်ဝဝရကြစေချင်တာပါ။ တချို့



www.burmeseclassic.com

www.burmeseclassic.com

အယူအဆက ည ၁၂းဝဝ ထိုးပြီးတာနဲ့ မုန့်ထစားတဲ့သူနဲ့။

နောက်တစ်နေ့ အာရုဏ်တက်ပြီးမှ (၈) ပါးသီလ၊ ၉ ပါးသီလ စသဖြင့် သီလပြည့်စုံအောင်မြင်ပြီး စားလိုရာ စားလို့ရပါတယ်ဆိုတာရယ်၊ လစဉ် အာရုဏ်တက်ချိန် အချိန်ဇယားရယ်ကို ပုံနှိပ်ရိုက်ဝေ ဒါနပြုခဲ့ပါတယ်။ ဒါပေမဲ့လည်း ··· ဒါပေမဲ့ပါပဲ။

ယနေ့ သာသနာမှာ ကြုံတွေ့နေရတဲ့ စိတ်ပျက်စရာ၊ စိတ်မချမ်းသာဖြစ်စရာတွေကို ဒုနှစ်ဥ် မြင်တွေ့နေရပါတယ်။ ရဟန်းတချို့ သီလရှင်တချို့ဟာ ဝင်္ဘထားတာတော့ သာသနာ့နွယ်ဝင် Uniform နဲ့ပါပဲ။ ကတုံး တုံးထားကြတာပဲရှိပါတယ်။ သာမန် အရပ်သူ၊ အရပ်သားနှင့်မခြားပါ။ ဝိကာလဘောဇနာသိက္ခာပုဒ်ကို ထိန်းသိမ်းစောင့်စည်းခြင်း မရှိကြပါ။ ညနေဆို ထမင်းထုပ်လေးတွေ ဆွဲကိုင်လာတာလည်း တွေ့ရပါတယ်။ တချို့ ညနေပိုင်း ဆိုင်မှာပင်ထိုင်ပြီး အသုပ်၊ မုန့်ဟင်းခါး၊ လက်ဖက်ရည်တို့ကို စားသုံးနေကြတာဟာ သာသနာ့နွယ်ဝင် ရဟန်း တချို့ သီလရှင်တချို့ဖြစ်နေတာမို့ စိတ်ဆင်းရဲမိပါတယ်။

သူတို့ မရှက်လို့ ဒီလိုနေထိုင်စားသောက်ကြတာ မှန်ပေမယ့် ယိုသူမရှက် မြင်သူရှင်ဆိုတာ ဒါမျိုးပဲဖြစ်မှာပါ။ ရဟန်း သံဃာများ၊ သီလရှင်များကို (၇) ရက်သားသမီးများက သီလ၊ သမာဓိ၊ သိက္ခာရှိသူများ၊ အနည်းဆုံး သီလလုံခြုံအောင် စောင့်ထိန်းနေကြသူများအဖြစ် ကြည်ညိုလေးစားပြီး လှူဒါန်းနေကြတာပါ။ ကျွန်မအနေနဲ့ သာသနာ့နွယ်ဝင် ဘုရားသားတော်၊ သမီးတော်တွေကို (၇) ရက်သားသမီးများက အထင်အမြင်သေးမှာ စိုးကြောက်မိပါတယ်။ အခုခေတ်မှာ လူ အတော်များများက ရဟန်းသံဃာနှင့် သီလရှင်တွေကို အထင်မကြီး မလေးစားတော့ပါ။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုသလို အကျင့်ပျက်သူတချို့ကြောင့် တကယ် ဝိနည်းသိက္ခာ လေးစားလိုက်နာ၍ သာသနာကို ယုံကြည်ကိုးစားကြိုးစားနေသူတွေမှာ ထိခိုက်နစ်နာလှပါတယ်။ တကယ် သီလစောင့်ထိန်းနေသော ပုဂ္ဂိုလ်တို့ကိုပါ သိမ်းကျုံး အထင်သေး ပြစ်မှားကဲ့ရဲ့ ပြစ်တင်မိလျှင် ထိုသူတွေမှာလည်း အပြစ်ဖြစ်ကြပါလိမ့်မယ်။ ငရဲကြီးကြပါလိမ့်မယ်။

တချို့ကျောင်းတွေမှာဆိုရင် သီလရှင်တွေဟာ လူနေအိမ်အတိုင်း ညနေပိုင်းမှာ ချက်ပြုတ်ပြီး ဝိုင်းဖွဲ့စားသောက်နေကြတာကို မြင်ရတော့ ရင်လေးမိပါတယ်။ ဒါကြောင့် သာသနာမှာ အစစ်နဲ့အတုကို ခွဲခြားသိအောင် လေ့လာသင့်ကြပါတယ်။ အစစ်နဲ့အတု ကွဲပြားအောင် သာသနာ သန့်ရှင်းရေးတွေ လုပ်သင့်ပါတယ်။ ကျွန်မကတော့ ခင်မင်သူတွေကို နားလည်အောင် ပြောပြပြီး လက်တွဲခေါ်လာပါတယ်။ အရမ်း ရင်းနှီးတဲ့ သူတွေကို အမှန်းခံ ပြောပါတယ်။ တစ်ယောက်ကောင်းလာ ကောင်းလာ၊ နှစ်ယောက် ကောင်းလာ ကောင်းလာ၊ ဒါဟာ သာသနာပြုခြင်းတစ်မျိုးပဲဆိုတဲ့ ယုံကြည်မှုနဲ့ပါ။

ကျွန်မတို့ကို ဥပုသ်နေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com

တရားဓမ္မတွေ ဟောကြားပေးတဲ့ ဆရာက နှုတ်တိုက် အခါခါ သင်ပေးထားတဲ့ စာပိုဒ်လေးကို နှုတ်ခမ်းဖျားမှာ ရွတ်ရုံတင်မက ရင်ထဲ၊ ဦးနှောက်ထဲမှာပါ ထည့်ထားပြီး လိုက်နာကျင့်သုံးပါတယ်။

ဥပုသ်စောင့်တယ်ဆိုတာ မိမိစိတ်မှာ စင်ကြယ်လာအောင်၊ အင်္ဂါရှစ်တန် သီလခံ၍ ခြိုးခြံအောင့်သည်။ တခြောင့်တည်းဖြင့် စောင့်စည်းအားထုတ်၊ တရားကုတ် ဥပုသ်စောင့်ဟုခေါ်တဲ့။

သီလယူထားပြီဆိုကလည်းက မိမိစိတ်မှာ ဖြစ်ပေါ်လာတဲ့ ကိလေသာတွေကို အောင့်သည်းဖယ်ရှားရမှာပါ။ စားချင်တဲ့စိတ်ကိုလည်း အောင့်ထားပြီး သီလကို မကျိုးမပေါက် မပြောက်မကြားရအောင် သီးခံစောင့်စည်းထားရပါတယ်။ တရားဓမ္မတွေကို ရှုမှတ်နေခြင်းဖြင့် ကိလေသာတွေကို ထိန်းချုပ်ထားရပါတယ်။ ကိုယ်ကျင့်တရားမှ မစင်ကြယ်ရင် စိတ်လည်း မစင်ကြယ်နိုင်ပါ။ စောင့်စည်းမှု အောင့်အည်းမှုမရှိဘဲ နေ့လယ် ၁၂ နာရီကျော်တာက သက်သက်၊ ကိုယ်နေချင်သလိုနေ စားချင်သလိုစားနဲ့ ဘောင်လွတ်နေကြရင်တော့ ဝိကာလဘောဇနာ သိက္ခာပုဒ် ကျိုးပါတယ်ဆိုတာ သိကြစေချင်ပါတယ်။

ဥပုဒ်နေ့တွေမှာ ဘုန်းကြီးကျောင်းတွေသွားပြီး သီလယူကြတဲ့လူပုဂ္ဂိုလ်၊ ယောဂီတွေ၊ (၈) ပါးသီလနဲ့ နေကြရမယ့် ရဟန်းသံဃာတွေကို သီလတွေ မကျိုးမပေါက်၊ မပြောက်မကြားရအောင် "သတိ" တစ်လုံး လက်ကိုင်သုံးပြီး အတတ်နိုင်ဆုံး လုံခြုံအောင် စောင့်ထိန်းကြပါလို့ မေတ္တာနဲ့ တိုက်တွန်းနိုးဆော်လိုက်ပါတယ်။

လူ့ဘဝဆိုတာ တိုတိုလေးပါ။ လူ့ဘဝကို နတ်တို့ကပင် တမ်းတကြရပုံကို ဆရာတော် အရှင်ပုညာနန္ဒက ဒီလို ဟောခဲ့ပါတယ်။

**"နတ်တို့ တမ်းတ လူ့ဘဝ"**

*** လူ့ဘဝဆိုတာ ရဖို့ရာ၊ လွန်စွာ ခဲယဉ်းသည်။**

**ရခဲလုစွ လူ့ဘဝ ရကာနေကြပြီ။**

*** သာသနာဆိုတာ တွေ့ဖို့ရာ လွန်စွာ ခဲယဉ်းသည်။**

**ခဲယဉ်းလှစွာသာသနာ ကြုံကာနေရပြီ၊**

*** ကောင်းမှုဥဿုံ အလုံးစုံ၊ အကုန်ပြုသင့်ပြီ။**

**မပြုနိုင်ကသေတော့မှ ကြီးစွာ နောင်တရလိမ့်မည်။**


လူ့ဘဝနေတုန်းလေးမှာသာ ဒါနတွေလည်း ပြုနိုင်ပါတယ်။ သီလတွေလည်း ဆောက်တည်နိုင်ပါတယ်။ သမထတွေလည်း ပွားများနိုင်ပါတယ်။ ဝိပဿနာတရားတွေလည်း အားထုတ်နိုင်ပါတယ်။ ကောင်းမှုကုသိုလ်တွေ အလုံးစုံ ပြုလုပ်နိုင်တဲ့ လူ့ဘဝကို နတ်တို့ကပင် လိုချင်တမ်းတရပါတယ်တဲ့။ ကုသိုလ်တွေထဲမှာ သီလဟာ အခြေခံပါ။ သီလမှ မလုံခြုံရင် ပြုလုပ်တဲ့ဒါနတွေကလည်း အကျိုးပေးတန်သလောက်မပေးပါ။ သီလနှင့်ပြည့်စုံတဲ့ ကုသိုလ်ကောင်းမှုတွေကသာ အကျိုးပေး ထက်သန်တာမို့ "စင်ကြယ်ပါစေ သီလတွေ" လို့။

**မနော်ဖြူ(လွန်း)**

www.burmeseclassic.com

# တရားရှိကြိုးစားသော
# ဒေသခံကိုယ်များအတွက်

ဓမ္မဆရာတော်





www.burmeseclassic.com

www.burmeseclassic.com

**စီးပွားပျက်ခြင်း**

၁။ တရားနာ၊ တရားလေ့လာ၊ တရားစကားပြော၊ တရားကျင့်ရင်း အရိယာမဖြစ်တဲ့နဲ့ အရိယာဖြစ်သည်ဟု ထင်မှတ်ခြင်း၊ ပြောဆိုခြင်းမှာ အရိယာနှင့် ပုထုဇဉ် မနှိုင်းယှဉ်အပ်ပါ။ စီးပွားပျက်တတ်ပါသည်။

၂။ မိမိရုပ်ခန္ဓာကိုယ်ကို ဘုရားလှူပြီး ခိတ္တာန်မပြည့်မီ တလှုပ်လှုပ် တရွရွ ပြုပြင်ခြင်းသည်လည်း လှူရာမရောက်၊ ဘုရားကို လိမ်ညာရာရောက်၍ စီးပွားပျက်တတ်ပါသည်။

၃။ မိမိနာမ်ခန္ဓာကိုယ်ကို ဘုရားလှူပြီး (၃၁) ဘုံ စိတ်ပြန့်လွင့် တွေးတောနေခြင်းသည်လည်း ဘုရားလှူရာမရောက်၊ လိမ်ညာရာရောက်သည်။ ထို့ကြောင့် လောကီအကျိုးစီးပွားပျက်တတ်သည်။

**စီးပွားတက်၍ နိဗ္ဗာန်ရောက်နိုင်တာ (၃) ချက်ပါ**

၁။ မိမိရုပ်ခန္ဓာကိုယ်ကြီးကို ဘုရားလှူပါ။ ဒါနဖြစ်သည်။ ဝေဒနာကြောင့် ကျားစားတဲ့သံယာလို မရုန်းမကန် မလှုပ်ပါနဲ့။ ရုပ်ကိုနိုင်အောင် စိတ်ဖြင့်ထိန်းပါ။ သီလဖြစ်သည်။

၂။ မိမိနာမ်ခန္ဓာကိုယ်ကိုလည်း ဘုရားလှူပါ။ ဒါနဖြစ်သည်။ မိမိနာမ်အပြင်သို့ မလွင့်ပြန့်အောင် မိမိရင်ထဲ စိတ်ထား၍ အသိကပ်နေပါ။ နာမ်ကိုနိုင်အောင် ဝင်လေထွက်လေဖြင့် ထိန်းပါ။ သမာဓိဖြစ်သည်။


၃။ မိမိခန္ဓာကိုယ်ကြီးမှ ဓာတ်တစ်ပါးပါး ဖောက်ပြန်တဲ့အခါ သေခြင်းတရား (အသုဘ)ပွားများနေခြင်းမှာ ဘာဝနာဖြစ်ပြီး ဝေဒနာအားလုံး ချုပ်တဲ့အခါ သမ္မာသမာဓိဖြင့် ဆင်ခြင်လိုက်တော့ အေးမြကြည်လင်နေသော နိယောဓသစ္စာ ပညာဆိုက်လို့ နိဗ္ဗာန်လမ်းစတွေ့ခြင်းဖြစ်သည်။ ဝေဒနာချုပ်အောင် တရားထိုင်ဖူးသူများ လောကီ လောကုတ္တရာ ချမ်းသာကြပါမည်။ သာသနာနောက်ပိုင်း ဝေဒနာမချုပ်ဖူးဘဲနဲ့ တရားရတာယ်ထင်သူများ တစ်နေ့တခြား ဆုတ်ယုတ်နေပါသည်။ နောက်ဆုံး ဘုန်းကြီးကျောင်းမှာ တရားမထိုင်ဘဲ ကပ်စားနေရသည်အထိ ဖြစ်တတ်ပါသည်။

မြတ်စွာဘုရားလက်ထက်တွင် တောင်ထိပ်ပေါ်မှ ရဟန်းတစ်ပါးက အာနာပါနရှုတာကို တစ်မိုင်ပတ်လည်က ကြားအောင်ရှုသည်ဟု ကျမ်းဂန်တွင် ပါသည်ဟု ကြားဖူးပါသည်။ ယခု သာသနာမှာလည်း စွန်းလွန်းရဟန္တာဆရာတော်ဘုရားကြီးက နှာခေါင်းမှ မရှုနိုင်လျှင် ပါးစပ်ဖြင့်ရှုပါတဲ့။ သဲအင်းဂူ ရဟန္တာဆရာတော်ဘုရားကြီးကလည်း ဝေဒနာပြင်းရင် ဝေဒနာပြင်းသလောက် အာနာပါန ပြင်းပြင်းရှုပါတဲ့။ ဝင်လေထွက်လေသိနေတာ သမာဓိ၊ အူအသည်းနှလုံး ကျောက်ကပ်ပုတ်အောင်ရှုတာ ဘာဝနာ။ နှလုံးခုန်နေတာ အဖြစ် နှလုံးခုန်ရပ်တာသိလျှင် အပျက်၊ ဤ အဖြစ်အပျက်သိအောင် ရင်ထဲစိတ်ထားပါ။ ဦးခေါင်းစိတ်ရောက်ခိုက် နှလုံးခုန်ရပ်လျှင် ဦးခေါင်းသန်းဖြစ်မည်။ ခြေဖဝါး စိတ်ရောက်ခိုက် နှလုံးခုန်ရပ်လျှင် ခြေဖဝါးပိုး



www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်) ပုရွက်ဆိတ်၊ တီကောင်ဖြစ်မည်။

သဲအင်းဂူရဟန္တာဆရာတော်ဘုရားကြီးက ဒကာကြီး ဦးအုန်းခင်ယူလာသော သစ္စာ (၄) ပါးနှင့် မဂ္ဂင် (၈) ပါးမှာ ကပြောင်းကပြန်ဖြစ်နေတယ်လို့ ဟောပါတယ်။ ဤအချက်ကို သတိပြု အတိတ် အနာဂတ် မရှုရ၊ ဝက်ရူးပြန်သူမှာ နာတာဒုက္ခသစ္စာ၊ နာတာကို ပျောက်ချင်ရင် သမုဒ္ဒယသစ္စာဖြစ်သည်။ ဒုက္ခနှင့် သမုဒ္ဒယခြေနင်းပြီး နာတာကို ဝေဒနာ ဝေဒနာလို့ ရှုနေပါလျှင် မဂ္ဂသစ္စာဖြစ်သည်။ နာတာ တဖြည်းဖြည်း ပြေပျောက်တာသိလျှင် (သို့မဟုတ်) ဝက်ရူးပြန်သူကဲ့သို့ ဝေဒနာပြေတာသိပါက နိရောဓသစ္စာ သိခြင်းဖြစ်သည်။ နိဗ္ဗာန်အထိ ခန္ဓာကိုယ် ရှုနိုင်ကြပါစေ။

သေခါနီး ဒေါသ-လောဘ-မောဟ-ငရဲ- ပြိတ္တာ-တိရစ္ဆာန်ဖြစ်မည့် သုံးစိတ်ကိုပယ်ကြပါ။ (အ)ဒေါသ၊ (အ)လောဘ၊ (အ)မောဟ အမြဲတမ်း လက်ကိုင်ထားကြပါ။ ပြင်းပြင်းရှု (အ)ဒေါသ လူဖြစ်မည်။ ဝိရိယစိုက်ရှုပါသည်။ ဝက်ရူးပြန်ရောဂါရှိသူကို နမူနာယူ၍ ဝေဒနာသည်းခံကြပါ။ သေမည့်သူများ နလုံးခုန်ရပ်တာသိအောင်၊ ဖြစ်ပျက်ဆုံးတာသိအောင်၊ ဝေနာချုပ်တာသိအောင် နာမ်အပြင် မထွက်ပါစေနဲ့ ရပ်ချုပ်ပြီး၊ (၁၅) မိနစ်ကြာမှ လေချုပ်၍ နာမ်ခွာမှ အသက်သေပါသည်။ နောက်ဆုံးရင်ထဲမှ နာသည့် ဝေဒနာချုပ်တာ ရုပ်ချုပ်တာ သိနိုင်အောင် သည်းခံနိုင်၊ ကျင့်နိုင်ကြပါစေ။ စာရေးသူသည် သဲအင်း၊ စွန်းလွန်း ဆရာမှန်ဖြစ်ကြောင်း သစ္စာဆိုရဲပါသည်။

သစ္စာဆိုရဲမှ တရားကို ငြင်းကြပါ။ ဆုံ
ဖြတ်ကြပါ။ တရားမှန်လျှင် စီးပွားတက်
မည်။ တရားများလျှင် တဖြည်းဖြည်
ဘက်ပေါင်းစုံ ဆုတ်ယုတ်တတ်ပါသည်
လူတိုင်းလူတိုင်း တရားကျင့်နိုင်၊ ရှု
ကြပါစေ။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာ
ဆိုခြင်းကြောင့် ယောဂီများ ရုပ်ဝေဒ
ချုပ်တာသိမှ နိဗ္ဗာန်ရကြပါမည်။

**ဓမ္မဆရာတော်**



www.burmeseclassic.com

www.burmeseclassic.com



ပညာကျော်သင်္ဂဟဆရာတော်

# အာပတ်မသင့်သူ ရဟန်းမဟုတ်

တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံရောအခါ၌ သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ပြည်မြို့သို့ ကြွရောက်လျက် ချီးမြှောက်၍ တရားဒေသနာများ ဟောကြားစဉ် ဒါယကာတစ်ဦးက လျှောက်ထားသည်မှာ···

"အရှင်ဘုရား ယခုအခါ မြတ်စွာဘုရား သာသနာတော်ထမ်းဖြစ်ကြကုန်သော ရဟန်းသံဃာတို့သည် ပါရာဇိက လေးပါးမှာအပဖြစ်သော အာပတ်ငယ်များကို မကြာ မကြာ ကျူးလွန် ကျော်နင်း၍ အာပတ်မကင်း ရှိကြပါသည်။ ထိုသို့ မကြာ မကြာ အာပတ်သင့်သော ပုဂ္ဂိုလ်ကို ကြည်ညိုဖွယ် ကွာလုမ်းသဖြင့် ရဟန်းဟူ၍ မမှတ်မထင်နိုင်ပါ။ အလုံးစုံသော အာပတ်ကို လုံခြုံစွာ စောင့်ရှောက်မည်ဟူသော နှလုံးသွင်းထားလျက် ရဟန်းပြုခြင်းဖြစ်ပါသည်။ အထပ်ထပ် အာပတ်သင့်သော ပုဂ္ဂိုလ်ကို ကြည်ညိုရန် ကွာလုမ်းသဖြင့် ရဟန်းဟူ၍ပင် အဘယ်မှာ မှတ်ထင်စရာရှိပါတော့အံ့နည်း။ အချို့သော ပုဂ္ဂိုလ်များကလည်း အာပတ်ငယ်များကို ကျူးလွန်ကျော်နင်းရုံမျှနှင့် ရဟန်းမဟုတ်သေး၊ ပါရာဇိကသို့ ကျူးလွန်မှသာလျှင် ရဟန်းမဟုတ်ဟု ပြောဆိုကြပါသည်"

ဟု လျှောက်ထားပြီး···

"တပည့်တော်ကတော့ ထိုစကားကိုလည်း သဘောမကျပါ"

ဟု လျှောက်ထား၍။

ထိုအခါ ဆရာတော်က···

"ဒါယကာ ယခုပြောသော စကားသည် ဆန့်ကျင်သောစကားဖြစ်သည်။ ဤကဲ့သို့ မမှတ်သားနှင့် အာပတ်မသင့်သူသည်ကား ရဟန်းမဟုတ်၊ အာပတ်သင့်သောသူသာလျှင် ရဟန်းဟုတ်သည်။ ဒါယကာ၌ အာပတ်များတစ်ခါတစ်ရံ သင့်ဖူးပါသလော"

ဟု မေးလျှင်···

"တစ်ခါတစ်ရံမှ အာပတ်မသင့်ဖူးဘုရား"

www.burmeseclassic.com

လျှောက်လေသောအခါ…

“ဒါယကာ အဘယ်မှာ အာပတ်သင့်အံ့နည်း။ ဒါယကာ သည် ရဟန်းမှ မဟုတ်ဘဲ။ ရဟန်းမဟုတ်သော ကြောင့်လည်း အာပတ်မသင့်။ ရဟန်း ဖြစ်ခဲ့လျှင် အာပတ်သင့်မည်မှာ မုချ။ အာပတ်မသင့်သောပုဂ္ဂိုလ်မှာ ဘုရားနှင့် ပစ္စေကဗုဒ္ဓါ နှစ်ပါးသာရှိနိုင်သည်။ ကြွင်းသောပုဂ္ဂိုလ်များမှာ အလွန်ဆုံး အရိယာပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း ရံခါ အာပတ်များ သင့်ရသေးသည်။ ဒါယကာကဲ့သို့ အာပတ်သင့်လျှင် ရဟန်းမဟုတ်ဟု ဆိုခဲ့ပါလျှင် အရိယာပုဂ္ဂိုလ်သော်လည်း ရံခါ ရဟန်းမဟုတ် ဖြစ်ရချေဦးမည်။ ဤသို့ဖြစ်သော စကားအဓိပ္ပာယ်ကို မပြောမကြား မမှတ်သားလေနှင့် အာပတ်မသင့်သူကား ရဟန်းမဟုတ်၊ အာပတ်သင့်သူသာလျှင် ရဟန်းဟူ၍ မှတ်သားလေ။ ဘုရား၊ ပစ္စေကဗုဒ္ဓါတို့မှာ ရဟန်းမျှမက လွန်မြတ်သောပုဂ္ဂိုလ်ဖြစ်လေသည်။ ထို့ကြောင့် အာပတ်မသင့်နိုင်။ မြတ်စွာဘုရားသည် ရဟန်းတို့ ကံဆောင်သော၊ သိမ်တွင်း၌ တည်ရှိသော်လည်း ကံမပျက်ကြောင်းကို အလွန်ပင် သိသာ ထင်ရှားလှလေသည်”

ဟု မိန့်ကြားတော်မူသော်အခါ လျှောက်ထားသူ ဒါယကာနှင့် များစွာသော တရားနာ ပရိသတ်အပေါင်းတို့ပါ ကောင်းချီးနမော် သာဓုခေါ်လျက် အုပ်အော်ဖြဖြ ဝမ်းမြောက်ကြလေကုန်သတည်း။

**တိုးတိုး**







www.burmeseclassic.com

www.burmeseclassic.com

ဝေဒနက္ခတ္တပညာ

# အကျဝင်ဖြစ်သည့်ဇာတာများ

ကဝိလမိုးဦးဝေဿာဟန်(ဟာဗွီ)






www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်-

ရာဇသင်္ကြန်လမ်း အေးမြရွှေ ပြည်မြို့သစ် ဇီးကုန်းမြို့ သာယာဝတီခရိုင် ပဲခူးတိုင်းဒေသကြီး၌

သမီးငယ်-

နော်ရှိ(စ်) ဇာကျော့ခလင်း သည် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၌ ညအချိန်ကောင်းကင်ကိုကြည့်၍

"ပါးပါး ဗြိစ္ဆာရာသီထဲမှာ တနင်္ဂနွေ-ဗုဒ္ဓဟူး ခုအံသာ ၂၀ လိတ္တာ အကွာ ပူးပြီး ယူရေးနတ်ဂြိုဟ် ကန်ရာသီထဲက အံသာ (၁၂၀) အမြင်ရှိနေတယ်။ အင်္ဂါဂြိုဟ်က သိဟ်ရာသီကနေ ၄ ပါတ် အမြင်နဲ့ မြင်နေတော့ မေထုန်ရာသီလင်္ဂ၊ ဓနုရာသီလင်္ဂ၊ ဗြိစ္ဆာရာသီလင်္ဂ၊ တုံရာသီ ဆင်ရာသီမှာ မွေးဖွားတဲ့ ဇာတာရှင်တွေ ခွဲစိတ်ဆရာဝန်ဖြစ်မှာနော်။

သမီးငယ် နော်ရှိ(စ်)ဂျော့စလင်းသည် ဗြိစ္ဆာရာသီထဲ၌ တနင်္ဂနွေ ဗုဒ္ဓဟူးပူးပြီး အင်္ဂါအမြင်နှင့် ယူရေးနတ်ဂြိုဟ်အံသာ ၆၀ အံသာ ၁၂၀ ကောင်းသော အမြင်ရှိလျှင် ပညာရပ်တိုင်း သုတေသနပြုလုပ်ခြင်းနှင့် မေထုန်ရာသီ၊ တူရာသီ၊ ဗြိစ္ဆာရာသီ (ကုံ) ရာသီတို့သည် လေရာသီစိုးမိုး၍ သီးရင့်ကျက်သော မွေးရာပါ အတွေးအခေါ်များ။ အမြင် ဖျတ်လတ်သော အပြုအမူရာသီတွေဖြစ်၍ နံက္ခတ္တဗေဒအမြင်ဖြင့်ပြောခြင်းဖြစ်သည်။ ကျွန်ုပ်၏သမီးငယ် နော်ရှိ(စ်)ဂျော့စလင်းသည် ကျွန်ုပ်၏ အသက် ၅၇ နှစ်ထိ ရောက်ချိန် သမီးငယ် နော်ရှိ(စ်)ဇာကျော့စလင်း၏အသက် ၂၇ နှစ်မှ ၂၈ ထဲ ရောက်ချိန်ဖြစ် ကျွန်ုပ်သင်ပြသော နက္ခတ္တပညာများ တတ်သိကျွမ်းကျင်လာ၍ ကျွန်ုပ်ပညာရပ်တိုင်း သင်ပြသလောက် နားလည် သဘောပေါက်သဖြင့်...

"ဟုတ်တယ် ဖိုးမှ

ကန်ရာသီက ဆေးရုံရာသီ

သိမ်ရာသီက ဆေးဝါးရာသီ

ဗြိစ္ဆာရာသီက ဆေးဝါဓာတုဗေဒပစ္စည်းနဲ့ ရင်ခွဲရုံရာသီ

မိန်ရာသီက စိတ္တဇနဲ့ သီးခြားရောဂါ ကုသသော ရာသီတွေပဲ။

အဲဒီရာသီတွေ ဇာတာရှင်ရဲ့ စိုးမိုးဂြိုဟ်နဲ့ ရာသီမှာရပ်တည်နေတဲ့ နက္ခတ်စီးတွေလည်း အမြဲသတိပြု ဟောရမယ်။

ကျွန်ုပ်၏ ပြောဆိုမှုကို သမီးငယ် နော်ရှိ(စ်)ဇာကျော့စလင်း နားထောင်ရင်း...

"ပါးပါး သိဟ်လင်္ဂ၊ တူလင်္ဂ၊ ဗြိစ္ဆာလင်္ဂ၊ လုံလင်္ဂ တည်ရှိပြီး ဇာတာမှာ တနင်္ဂနွေ၊ ကြာသပတေး ပူးရင် သမားတော်။

တနင်္ဂနွေ ကြာသပတေး ပူးရင် အတိုင်ပင်ခံသမားတော်။

တနင်္ဂနွေ အင်္ဂါ ပူးရင် ခွဲစိတ်ဆရာဝန်

တနင်္ဂနွေ ကြာသပတေး၊ သောကြာ ပူးရင် သားဖွားဆရာဝန်

တနင်္ဂနွေ အင်္ဂါ သောကြာ၊ စနေ ပူးရင် ကာလသားရောဂါဆရာဝန်

တနင်္ဂနွေ စနေ ပူးရင် အရိုးကု ဆရာဝန်

တနင်္ဂနွေ သောကြာ စနေ ပူးရင် အရေပြားကုဆရာဝန်

တနင်္ဂနွေ သောကြာ ပူးရင် မျက်စိကု ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေ စနေ ပူးရင် သွားဘက်ဆရာဝန်

တနင်္ဂနွေ ဗုဒ္ဓဟူး စနေ ပူးရင် နားနှာခေါင်း လည်ချောင်းကုဆရာဝန်

တနင်္ဂနွေ သောကြာ (ရာဟု) သို့မဟုတ် ယူရေနတ်ဂြိုဟ် ပူးရင် ခန္ဓာကိုယ် ရုပ်ဝတ္ထု ဓာတ်မှန်ရိုက်ပါရဂူ

တနင်္ဂနွေ ယူရေးနတ်ဂြိုဟ်ပူးနေရင် ဆေးသုတေသနဆရာဝန်

တနင်္ဂနွေ တနင်္လာ ဗုဒ္ဓဟူးပူးနေရင် အစာအိမ်ကု ဆရာဝန်

တနင်္ဂနွေ တနင်္လာ ကြာသပတေးပူးနေရင် အူအတက်ပေါက်ကုဆရာဝန်

တနင်္ဂနွေ တနင်္လာ၊ သောကြာ ပူးနေရင် ဆီးချိုကုဆရာဝန်

တနင်္ဂနွေ ရုပ်တည်ရာမှ ၄ တန့်ရာသီ သခင်နှင့် ပူးနေရင် ပန်းနာ၊ အဆုတ်ကု ဆရာဝန်

တနင်္ဂနွေ ရုပ်တည်ရာမှ ၅ တန့်သခင်နှင့် စနေ ပူးနေရင် သွေးတိုးနှလုံးကု ဆရာဝန်


"တိုင်းရင်းဆေးဆရာ၊ ဗန္ဒော ဆရာ၊ ဇာတာတွေပဲနော် ပါးပါး"

ကျွန်ုပ်၏သမီးငယ် နော်ရှိ(စ်) ဇာဂျော့စလင်းသည် ကောင်းကင်ရှိ တူ ရာသီထဲမှ စနေဥစ်ကိုကြည့်၍...

"ပါးပါး ယခု စနေဂြိုဟ် ၃-၁၁-၂၀၁၃ မှ ၇-၇-၂၀၁၄ အတွင်းမှာ တူရာသီရှိ ဝိသာခါ ၃ ပါတ်နဲ့ (ဗြိစ္ဆာ) ရာသီရှိ ၁ ပါတ် ဝိသာခါ နက္ခတ်ပေါ်စီး မှာနော်"

ကျွန်ုပ်၏သမီးငယ် နော်ရှိ(စ်) ဇာဂျော့စလင်းသည် အာကာသ သျှတ္တာရ ကျမ်းမှာပါရှိသော နက္ခတ်စီးအပေါ်ကို ပြောရန်ပြင်နေသဖြင့် ကျွန်ုပ်မှ...

"ဗိုးမှ ကောဇာ ကြာသပတေး ဂြိုဟ်က ၁၃၇၆ ခုနှစ်မှာ ကြင့်ရာသီထဲ မှာ ဥစ်အဖြစ် ရောက်မှာ။ အဲဒီအချိန်ကျ




ရင် ကမ္ဘာမှာ မြန်မာတွေ ထွန်းတော မယ်"

ကျွန်ုပ် ပတို့ သားအဖ ကောင်းကင်နက္ခတ်များကြည့်နေချိန် ခုနစ်စင်ကြယ်သည် ယုဂန္ဓိုရ်တောင်ထိပ် ကို ဦးစိုက်ပြီး အမြီးက မြင့်မိုရ်တောင်နှင့် တန်းနေချိန်ဖြစ်၍ မြန်မာစကားမတတ် သော ဇနီး နော်ဖောစတီးနားမှ...

"အဲဒီရေ ... မီခေါ် ... မီခေါ် ... မီခေါ်"

ဟူသော စကောကရင်ဘာသာ စကားဖြင့် ခေါ်နေသဖြင့် ကျွန်ုပ်၏ ရင်ထဲ မှာ ကရင်ပြည်နယ် ဖါပွန်မြို့ အရှေ့ဘက် က သံလွင်အနောက်ကမ်းနဘေး ဒါးကွင်း နယ်မြေ ဖွေးလုတောင်ကို တမ်းတ သတိရလျက်။

**ကဝိလမိုင်းယောဟန်**


**အရှေ့တောင်ပေါ်စကောကရင်**

**ဖါပွန်**



www.burmeseclassic.com

www.burmeseclassic.com



သံဃာဗက်တော့ အခက်ဝေ

# ရတနာစစ် ရတနာမှန်ကို တွေ့ရှိသွားသူတစ်ယောက်အကြောင်း

ဖြူစင်မြတ်နိုး (မြန်မာ့မြေ)



www.burmeseclassic.com

www.burmeseclassic.com

**ဆရာမောင်နှင်းဆွေသို့**

မင်္ဂလာပါ ဆရာ။ စာမရေးတစ်ချက် ရေးတစ်ချက် အညာက စာရေးသူ ခပ်ညံ့ညံ့ပါဆရာ။ ဒီတစ်ခေါက် အညာအပြန်မှာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘုန်းဘုန်းကြီး ဦးသာသန ကို သွားရောက်ဖူးမြော်ရာမှာ တွေ့ကြုံခဲ့ရတဲ့ လှိုက်ဖိုဖွယ် ဆန်းကြယ် အဖြစ်အပျက် ကလေးကို စာချစ်သူ လှိုက်ဖိုဖွယ် ဆန်းကြယ် စာဖတ်ပရိသတ်အတွက် မျှဝေခံစား ပေးပို့ လိုက်ရပါတယ်။ စာမူရဲ့အမည်ကတော့ "ရတနာစစ် ရတနာမှန်ကို တွေ့ရှိသွားသူ တစ်ယောက်အကြောင်း" ပါ ဆရာ။

×××




ဆရာတော် ဘဒ္ဒန္တ ဦးသာသန

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့လေးဟာ အရှေ့ဘက်မှာ ဧရာဝတီမြစ်၊ အနောက်ဘက်မှာ အနောက်ရိုးမတောင်ကြီး ရှိပါတယ်။ ဧရာဝတီမြစ်ကမ်းနဖူးမှာ "ခံတပ်ကြီး" က ခန့်ခန့်ကြီးရှိနေပြီး၊ မြို့ရဲ့ကြောပေါ်မှာ အရှေ့တောင်အာရှရဲ့ အကြီးဆုံး ရေနံချက်စက်ရုံကြီးအပါအဝင် စက်ရုံ၊ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဘုန်းကြီး၏ ကောင်းမှုစေတီတော်များစွာအနက်မှ တစ်ဆူဖြစ်သော ကျောက်ဝင်တောင် ဆုတောင်းပြည့်စေတီတော် ခိုင်မာလာ၊ ထူးဆွေအောင်နှင့်အတူ

ရုံ တွေရှိပါတယ်။

ထူးခြားအံ့သြဖွယ် ဘယ်နား တူးတူး ရေနံထွက်နေတော့ တစ်နိုင်တစ်ပိုင်တူးနေကြတဲ့ ရေနံတွင်းတွေက မည်းမည်းတုတ်နေပြီး "ခြင်" အုပ်စုကြီးတစ်ခုရှိနေသလို အသံတွေကလည်း တဝီဝီနဲ့ဆူပါတယ်။ ဖုန်တွေကလည်း တထောင်းထောင်းထလို့၊ သစ်ပင် သစ်ရွက်ဆိုတာ အစိမ်းရောင် ဘယ်လိုက်ရာရမှန်းမသိ။ လူတွေကလည်း ဆံဖျားမှသည် ခြေသည်းအထိ ဖုန်တလုံးလုံး၊ လူနေတဲ့တွေကလည်း ဆင်တူတူ။ တွင်းကလည်း ရင်ချင်းဆက်အမွှာ၊ ဖင်ချင်းဆက်အမွှာ ဆင်တူတူ။ ကိုယ့်လူကိုယ်တောင် ဖုန်သုတ်ပြီးကြည့်မှ မှတ်မိရတဲ့အထိ။ စည်းကားသိုက်မြိုက်လို့နေပါတယ်။ ဖုန်တွေတက်နေတဲ့မျက်နှာပေါ်က မျက်လုံးတွေကတော့ အရောင်တွေ တဖျပ်ဖျပ်။ ဒီနေ့ နက်ဖြန်ပဲ လောပန်တွေ ဘောစိတွေဖြစ်မယ့်ပုံ။

ဖုန်တလုံးလုံးနဲ့ တောကြို အံ့ကြားမို့ အထင်တော့မသေးလိုက်လေ

www.burmeseclassic.com

နဲ့ နောက်ဆုံးပေါ် ပရာဒို၊ လင်ခရုဇာ၊ ဆပ်၊ ကလေးလှူကြီး တစီစီမောင်းကြလို့ စီးကြလို့။ ဘယ်အချိန်ကာလက ကား မောင်းတတ်ကြပါလိမ့်။ ဘယ်လိုလိုင်စင် ရကြပါလိမ့်။ ဒါမှမဟုတ် ဒီမိုကရေစီ ရနေကြတာလား။ ဥပဒေကင်းလွတ်ခွင့် နယ်မြေလား။ မော်တော်ဆိုင်ကယ်ဆိုတာ လည်း မေးမနေနဲ့ ကားပေါ်ကလူမဟုတ် ပဲ ကားအောက်ကလူတွေအားလုံးရဲ့ ပေါင်ကြားမှာ ဆိုင်ကယ်နဲ့။ (ရှိင်းတယ် မထင်ပါနဲ့ မြင်သာအောင်ရေးရတာပါ) အားလုံး တညီတညွတ်တည်း အမည် ပေးထားတာက "ရေနံမော်" တဲ့။ ပေး တတ်လိုက်တာ "မော်" တဲ့။ လှည့်စား တတ်ဘဲ့သဘောလည်းရှိသကိုး။ ယနေ့ "သူဌေး" နောက်နေ့ "ခွေး" နောက်နေ့ "သူဌေး"။

ဒီနေ့ ရေနံ "ပေါက်" ပြီလား သူဌေးပေါ့။ နောက်နေ့ "မနံတဲ့ရေ" ထွက် ပြီလား "အကြွေး" နဲ့ "ခွေး" ပေါ့။ ဒီလိုနဲ့ နောက်တစ်နေရာ ရွှေ့တူး။ ဘယ်သူတွေ ဘယ်နေရာမှာ "ပေါက်" နေလဲ။ အဲဒီ



ကြည်ညိုဖွယ်ရာ ဘုန်းဘုန်းကြီး၏ ပုံတော်များ



www.burmeseclassic.com

www.burmeseclassic.com

သား ဖင်ချင်းကပ်တူ။ တွင်းထွက်ရတနာဖြစ်တဲ့ "ရေနံ" ကို သူထက်ငါဦးအောင် အလုအယက်တူးကြရတာကို။

အဲဒီလို အော်ဟစ်ဆူညံ၊ "လောဘသံ"၊ "ဒေါသသံ"၊ "မောဟသံ" အသံတွေပြည့်နေတဲ့ မော်တွေရဲ့ အလည်မှာ အရင်ကတည်းက ဒီရေနံမော်တွေမရှိခင်ကတည်းက "မြကင်းတောင်" ဆိုတဲ့ လွန်စွာအေးချမ်းသာယာသော ဗုဒ္ဓနယ်မြေရှိခဲ့ပါတယ်။

တောင်ပေါ်မှာ စေတီငယ်လေး သုံးဆူရှိပါတယ်။ "ငယ်သာငယ်၊ ဘယ်ဆယ်မယ့်ဘုရား" လို့ အားလုံးက အသိအမှတ်ပြု ကြည်ညိုဆုတောင်းကြတဲ့ ဆုတောင်းပြည့်စေတီလေးတွေပါ။ အပြင် ရွက်လိပ်တွေထိုးတက်တဲ့ ဗောဓိညောင်ပင်ကြီးနဲ့ သာသနိက အဆောက်အဦးတွေရှိပါတယ်။

အချို့က မေးလေ့ရှိပါတယ်။ "[illegible]တွေထူးလဲလို့" လေ။ ကိုယ့်ဆွေ [illegible] မျိုးဘုရားမို့ အပိုပြောရေးနေတယ် [illegible]လို့ မရေးတော့ပါဘူး။ ကိုယ်တိုင်သာ လာဖူးကြည့်၊ ဆုတောင်းကြည့်ကြပါလို့ပဲ ပြောပါရစေ။

ဒီမြကင်းတောင်ပေါ်မှာ သတင်းသုံးနေတာက ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘုန်းဘုန်းကြီး ဦးသာသနပါ။ ပရိယတ်ရိုးမြင့်စဉ်မှာ ရေတော်သာမကပျားရည်များပင်ဆူကာ ပုလင်းမှဝေကျတဲ့ အထိ ထူးခြားလှတဲ့ ဆရာတော်ကြီးပါ။ မင်းလှမြို့တစ်ခွင် ပတ်ဝန်းကျင်က ပုထုဇဉ်အပေါင်းကလည်း နေမကောင်းလည်း ဆရာတော်ကြီး မေတ္တာပို့ပေးပါ။ ကြွေးပူလည်း ဆရာတော်ကြီး၊ လင်မယား ရန်ဖြစ်လည်း ဆရာတော်ကြီး၊ ဝန်ထမ်းတွေ အပြောင်းအရွှေ့လား ဆရာတော်ကြီး လုပ်ငန်းအခက်အခဲရှိလား ဆရာတော်ကြီး၊ ဒုက္ခမျိုးစုံနဲ့ ဝေဒနာမျိုးစုံကို ကြော်ငြာကြဖို့ ဆရာတော်ကြီးဆီ အဖူးအမြော်ဝင်ပြီး အားကိုးအားထားပြုကြတာပါပဲ။

စာရေးသူရဲ့မောင် စာရေးဆရာ ထူးဆွေအောင်၊ စက်ဘူကပြန်လာတော့ စာရေးသူတို့ ခလေ့ထုံးစံ ဘယ်အရပ်သွားသွား၊ ဘယ်ကပြန်လာလာ ဆရာတော်ကြီးကို ဦးခိုက်လေ့ရှိတော့ ညီမဖြစ်သူ နိုင်မာလာ၊ တူဖြစ်သူ ဇော်အောင်ထွန်း၊ ကိုမောင်လွင်တို့နဲ့အတူ ဆရာတော်ကြီးကို ဖူးမြော်ရန် "မြကင်း" တောင်ကို ထွက်ခဲ့ကြပါတယ်။

သောကဟူသမျှ ခဝါချ။ ဆရာတော်ကြီးရဲ့ မေတ္တာကိုခံယူလိုက်ရင်ပဲ အားလုံး ငြိမ်းပြည့်စုံသွားသလို ငြိမ်းချမ်းသွားခဲ့တာပါပဲ။

ဒီတစ်ခေါက်မှာ ဆရာတော်ကြီး အပူဇော်ခံချိန်၊ ရပ်ဝေး ရပ်နီးက ဆွမ်းလာကပ်ကြသောသူ၊ ဆရာတော်ကြီးကို ကြည်ညိုကြသူ ဒကာ၊ ဒကာမ တပည့်တွေ တော်တော်များများ တွေ့ရပါတယ်။ ဆရာတော်ကြီးက မင်းလှမြို့နယ် စာအောင်သံဃာတော် ၁၇ ပါးအတွက် တစ်ပါးစီကို သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဝတ္ထုငွေအပြင် ပူဇော်ပွဲကိုလည်း အဆင့်မီမီ ကျင်းပနိုင်ရန် ဝတ္ထုငွေ ထပ်မံဖြည့်တင်း လှူပါသေးတယ်။ စာရေးသူတို့ လူကြုံနဲ့ မင်းလှမြို့ ပူဇော်ပွဲကျင်းပရာ ဓမ္မာရုံကို

www.burmeseclassic.com

ပေးဖို့ စီစဉ်နေပါတယ်။ (နှစ်စဉ် လှူနေကြ အလှူဖြစ်ပါတယ်)

ထိုစဉ်မှာ ဆရာတော်ကြီးက ရုတ်တရက် ခေါ်လိုက်ပါတယ်။

"မခိုင်"

"ဘုရား"

"ဘုရား"


နှစ်ယောက် တစ်ပြိုင်တည်းထူး ပါတယ်။ စာရေးသူရဲ့ညီမ ခိုင်မာလာနဲ့ တခြားသူတစ်ယောက်ပါ။ စာရေးသူက -

"သူကလည်း မခိုင်ပဲလား။ ဘုန်းဘုန်း ဘယ်တစ်ယောက်ခေါ်တာပါလဲ ဘုရား"

"ကုလားမ မခိုင်ကို"

စာရေးသူက လှည့်ကြည့်လိုက်ပါတယ်။ ကုလားမ အခေါ်ခံရသူ "မခိုင်" မှာ အသားဖြူဖြူ ရုပ်ရည်သန့်သန့် ပြန့်ပြန့် သပ်သပ်ရပ်ရပ်နှင့် ဘယ်နေရာမှ "ကုလားမ" နှင့် မတူတာကြောင့် ...

"ဘယ်လိုဖြစ်ပြီး ကုလားမ အခေါ်ခံရတာလဲ ညီမရယ် ကုလားမ နဲ့လည်း မတူဘဲ"



ကြည်ညိုဖွယ်ရာ ဘုန်းဘုန်းကြီး၏ ပုံတော်များ



www.burmeseclassic.com

www.burmeseclassic.com

လို့ လျှာရှည်မိပါတယ်။

"ကျွန်မက ဘာသာခြားပါ အစ်မ"

သူ့ရဲ့အဖြေမှာ စာရေးသူ ဖြုန် သွားပါပြီ။ "ဘာသာခြား" တဲ့ ဆရာတော် ဘုန်းဘုန်းကြီးကို ရှိသေညွှတ်တွား ကြည်ညိုပူဇော်ကန်တော့နေပုံ၊ ဆွမ်းကပ်နေပုံတွေကို တွေ့မြင်ခဲ့တာလေ။ ယခု ထိုင်နေပုံကလည်း ရှိသေမှုအပြည့်နဲ့ ကျိုးကျိုးလေးပါ။ ဆရာတော်ကြီးနှင့် စကားပြောဆိုပုံတွေကလည်း တစ်ချက်မှ အမှားမပါပါ။ တချို့ မိရိုးဖလာ ဗုဒ္ဓဘာသာများတောင်မှ ဘုန်းကြီးရဟန်းနှင့် စကားပြောဆိုရာမှာ ရှက်သလိုလို၊ မပြောတတ်သလိုလို။ "ဟုတ်ကဲ့"၊ "ကျွန်တော်"၊ "ကျွန်မ" လုပ်နေကြသေးတာလေ။

စာရေးသူကလည်း အံ့ဩစွာ ငြိမ် . . .

"ဘယ်တုန်းက ဘာသာခြား ကနေ ဗုဒ္ဓသာဖြစ်သွားတာလဲ"

**လို့ ထပ်မံလျှာရှည်မိပြန်ပါတယ်။ သူ ပြန်ဖြေတဲ့အဖြေစကားတွေကို နားထောင်ရင်း စာချောအောင်စီ တာကလွဲလို့ သူပြောသည့်အတိုင်း အပို အလိုမရှိ ရေးသားလိုက်ပါတယ်။ စာဖတ်သူတွေ တစ်စုံတစ်ခု အကျိုးရှိမယ်ဆိုရင် ဖြင့် စာရေးသူ ရေးရကြိုးနပ်ပါပြီ။**

×××

"ကျွန်မနာမည်က လွင်လွင်နိုင်ပါ။ မင်းဘူးမြို့ကပါ။ ကျွန်မ အမျိုးသားက MOGE မှ ယာဉ်မောင်းပါ။ ကျွန်မက ငယ်ငယ်ကတည်းက နှလုံးရောဂါ ခံစားနေရတာပါ။ မကွေးက သမားတော်ကြီး၊ မန္တလေး၊ ရန်ကုန်က နှလုံးရောဂါ အထူးကု သမားတော်ကြီးတွေနဲ့ ပြနေရတာပါ။ နေ့စဉ် ကြုံတွေ့ရတဲ့ ဒုက္ခတွေက ခန္ဓာကိုယ်က သွေးထွက်ပါတယ်။ နေ့စဉ် ကိုယ့်ဝေယျာဝစ္စတွေလည်း မလုပ်နိုင်ပါဘူး။ အမြဲမောပန်းနေပါတယ်။ ခန္ဓာကိုယ်ရဲ့ ရင်အုံ၊ ရင်ဘတ်တွေလည်း ရောင်နေပါတယ်။ အသက်ရှူရတာလည်း ခက်ခက်ခဲခဲ ရှူနေရလို့ ရောဂါဖောက်တဲ့အချိန်တွေမှာ ပြဟ္မစိုရ် လူမှုရေးကူညီမှုအသင်းကနေ အောက်ဆီဂျင်ဘူးငှားပြီး အမြဲရှူနေရတာပါ။

လွန်ခဲ့တဲ့ (၆) နှစ် (၂၀၀၈) ခုနှစ်မှာတော့ ရောဂါက လွန်စွာ ဆိုးဝါးလာပါတယ်။ လူတွဲနဲ့တောင် လမ်းမလျှောက်နိုင်တော့ပါဘူး။ အောက်ဆီဂျင်ကလည်း နေ့ညမပြတ် ရှူနေရပါတော့တယ်။ ရင်အုပ်ကလည်း ဖောရောင်နေပြီ။ ခန္ဓာကိုယ်မှ သွေးကလည်း ဟိုကထွက် ဒီကထွက်နဲ့ပါ။

မကွေး၊ မန္တလေး၊ ရန်ကုန်မှ သမားတော်ကြီးတွေကလည်း လက်လျှော့ပါပြီ။ ကျွန်မလည်း ရောဂါဝေဒနာ ခံစားရလွန်းလို့ နေ့ည မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ငိုနေရပါတော့တယ်။

ကျွန်မရဲ့ ပထမ ကျေးဇူးရှင် မင်းဘူးမြို့က ဆရာကျော် မမပေါက်တို့က မြကင်းတောင်ဆရာတော်ကြီး ကြွလာမယ့်အကြောင်း ပြောပါတယ်။ ကျွန်မက ဘာသာခြားဖြစ်နေတော့ မမပေါက်က စကား ထိန်းထိန်းသိမ်းသိမ်းနဲ့ ဆရာတော်ကို လျှောက်ကြည့်ပါလားလို့ ပြောပါတယ်။ ဆရာတော်ကြီးက အဲဒီအချိန်က

www.burmeseclassic.com

"မ မင်းဘူး"ဘုရားကို ပြုပြင်ပြီး ထီးတော်တင်တဲ့အချိန်ပါ။

ကျွန်မလည်း ကောက်ရိုးတစ်မျှင်ပဲ ဆွဲရ ဆွဲရဆိုသလို အိပ်ရာထဲက အားယူထ၊ လူတွဲနဲ့ ဆရာတော်ကြီးဆီကို ရောက်ခဲ့ပါတော့တယ်။

**ဆရာတော်ကြီးက တစ်ခွန်းပဲ မိန့်ပါတယ်။**

**"ဗုဒ္ဓဆေးရုံတက်မလား"**

တဲ့။ အစက ကျွန်မ နားမလည်ပါဘူး။ ရောဂါဝေဒနာ ပျောက်ရင်ပြီးတာပဲ။ ဘာလဲလုပ်ရ လုပ်ရ၊ ဘယ်ဆေးရုံတက်ရတက်ရပေါ့။

"တက်ပါ့မယ်"

လို့ လျှောက်ထားတော့ ဆရာတော်ကြီးက

"မကွေးတိုင်းဒေသကြီး မင်းလှမြို့မှာရှိတဲ့ မေ    မ္ဘိကတောရစာသင်တိုက်ကို လိုက်လာခဲ့"

လို့ မိန့်ပြီး မင်းလှကို ပြန်ကြွသွားပါတယ်။

ကျွန်မလည်း ပျောက်ချင်ဇောနဲ့ အစီအစဉ် အမြန်လုပ်ပြီး ဆရာတော်ကြီး ပြန်ကြွသွားပြီး ၅ ရက်အကြာမှာ ဓမ္မိကတောရ စာသင်တိုက်ကို ရောက်ပါတယ်။ စာသင်တိုက်ဆိုပေမဲ့ တရားအားထုတ်နေတဲ့ ယောဂီတော်တော်များများကို တွေ့ရပါတယ်။

ရောက်တာနဲ့ သရဏဂုံဆောက်တည်ရပါတယ်။ ခင်ပွန်းကြီး ၁၀ ပါးကန်တော့ ရပါတယ်။ ဓမ္မိကတောရဘုရားရှိခိုး၊ ဝတ်ရွတ်စဉ်ကို စာအုပ်ကြည့်ဖတ်ရပါတယ်။ (ကျွန်မက ဘုရားစာ



မြကင်းတောင်တော်သို့ အတူသွားခဲ့ကြသော ဘုန်းဘုန်း၏ တပည့်များနှင့် ဘုန်းဘုန်းကြီး၏ ကပ္ပိယများ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လွင်လွင်နိုင်

တစ်ခုမှ မရပါဘူး) နောက် တရားမှတ် ရပါတယ်။

၃ ရက်အရမှာ အသက်ရှူရတာ ပေါ့ပါးလန်းဆန်းလာပါတယ်။ လူကလည်း နေလို့ထိုင်လို့ ကောင်းလာပါတယ်။ ကောင်းလာသလောက် ဘုရား၊ တရားအပေါ် ပိုမို သက်ဝင်ယုံကြည်လာပြီး တရားမှတ်ရာမှာလည်း အားသန်လာပါတယ်။ နေ့မနား ညမနား တရားမှတ်လိုက်တာ ၁၀ ရက်အရမှာတော့ လူကလုံးဝ နေကောင်းသလောက်ဖြစ်သွားပါတယ်။ ရင်ဘတ်အောင့်တာလည်း မရှိတော့ပါဘူး။ ချောင်းတာ၊ ရှမ်းတာလည်း ကျသွားပါပြီ။ လူကလည်း လမ်းလျှောက်ရတာ ပေါ့ပါးသွက်လက်ပြီး လူတွဲ လုံးဝ မလိုတော့ပါဘူး။

၁ လ အကြာမှာတော့ ဆရာတော်ကြီးရဲ့ခွင့်ပြုချက်နဲ့ ကျွန်မရဲ့ခင်ပွန်းသမားတော်ကြီးတွေနဲ့ ပြန်ပြပြီး အစစ်ဆေးခံခဲ့ပါတယ်။ အံ့သြဝမ်းမြောက်ဖွယ်ရာ ကျွန်မက ရောဂါပျောက်သွားပြီဆိုတာ သိလိုက်ရတာပါ။ ကျွန်မမှာ

www.burmeseclassic.com

ဆေးစာရွက်၊ ဆေးမှတ်တမ်း ပြည့်အစုံ ရှိပါတယ်။ ကျွန်မ "ဆရာမကို ဒါတွေ ပြောပြနေတာက ကျွန်မလို ဘဝတူ ရောဂါသည်တွေကို ကိုယ်ချင်းစာစိတ်နဲ့ လည်းကောင်း၊ အခြားရောဂါသည်တွေကို လည်းကောင်း "ဗုဒ္ဓဆေးရုံ" တက်ပြီး ပျောက်စေလိုတဲ့စိတ်ကြောင့်ပါ။ စေတနာ အပြည့်နဲ့ပါ ဆရာမ"

"အစကတော့ ဝေဒနာ ပျောက်လိုတဲ့စိတ်နဲ့ စခဲ့ပေမဲ့ အခုတော့ ကျွန်မက ဘာသာတရားကို လွန်စွာ သက်ဝင်ယုံကြည်တဲ့ ဗုဒ္ဓဘာသာစစ်စစ်ပါ ဆရာမ။ နေ့စဉ်လည်း ပုံမှန် တရားမှတ် လျက်ရှိပါတယ် ဆရာမ။ အသေးစိတ် ကျွန်မနဲ့ ဆက်သွယ်မေးမြန်းလိုလျှင်...

**ဒေါ်လွှင်လွှင်နိုင် (ဒေါ်) ကုလားမ မနိုင်၊ ခင်ပွန်း ဦးပေါ်ခင် အမှတ် (၁) အောင်မြေ (၆) လမ်း။ မင်းဘူးမြို့ ဖုန်း - 09 401582380 ဖြစ်ပါတယ်။**

×××

ဆရာရေ..."ဗုဒ္ဓဆေးရုံ" တဲ့။ စာရေးသူကတော့ ဆရာတော်ကြီးကို ပိုမို ကြည်ညိုစွာနဲ့ ဒီစာမူကို ရေးနေရင်း ဦးခိုက်ကန်တော့လိုက်ရပါတယ်။

ဆရာတော်ကြီးရဲ့ ဘောင် အောက် ပတ်ဝန်းကျင်မှာတော့ တွင်း ထွက်ရတနာဖြစ်တဲ့ ရေနံတို့ အလု အယက် တူးဖော်နေကြလေရဲ့။ စာရေးသူ ကတော့ သည်လူတွေကြား ရတနာစစ် ရတနာမှန်ကို ရရှိသွားတဲ့ ဂလွှင်လွှင်နိုင် ကို အထူးလေးစားလျက်ရှိပါတယ်။

**ဆရာကြီး ဦးအောင်သင်းက ပြောခဲ့ပါတယ်။ မိုးကုတ်မြို့ကထွက်တဲ့ ရတနာတွေထဲမှာ အဖိုးမဖြတ်နိုင်တဲ့ ရတနာအစစ်က "မိုးကုတ်ဆရာတော် ဘုရားကြီး" ပါတဲ့။**

စာရေးသူကလည်း ပြောချင်ပါ တယ်။ စာရေးသူတို့မြို့က အဖိုးမဖြတ်နိုင် တဲ့ ရတနာအစစ်အမှန်ကလည်း ကျေးဇူး ရှင် ဆရာတော်ဘုရားကြီး "ဘုန်းဘုန်းကြီး ဦးသာသနာ" ပဲ ဖြစ်ပါတော့တယ်လို့လေ။

မြန်မာပြည်သူပြည်သား အားလုံးလည်း ရတနာစစ်၊ ရတနာမှန် ကို တွေ့ရှိကြ၍ နှလုံးစိတ်ဝမ်း အေးချမ်း သာယာကြပါစေ။

**ဖြူစင်မြတ်နိုး(မြန်မာမြေ**

ကျေးဇူးမှတ်တမ်း

၁။ အထက်မင်းလှမြို့ ဓမ္မိကတောရနှ မြကင်းတောင်တောရ ဆရာတော်ကြီ ဘုန်းဘုန်းကြီးဦးသာသနအား အထူ ကျေးဇူးတင်ရှိပါသည်။

၂။ ဆရာမောင်နှင်းဆွေ၊ ကိုကျော်ကျေ ဆွေ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း။

၃။ ဦးပေါ်ခင် ဒေါ်လွှင်လွှင်နိုင် မိသား

၄။ စာရေးသူတို့အား အထူး တာ ကျေခဲ့သော ကဗျာဆရာကြီး ဦးမော်စီ ဦးမျိုးဆင့်အောင်၊ ဒေါ်ခင်သန်းအေ ဒေါ်ခင်စမ်း။

၅။ အတူသွားခဲ့ကြသော နိုင်မာထ ထူးဆွေအောင်၊ ဇော်အောင်ထွ ကိုမောင်လွင် တို့အား ကျေးဇူးတင် သည်။

**ဖြူစင်မြတ်နိုး(မြန်မာ**



www.burmeseclassic.com

www.burmeseclassic.com



ဥုံ အရဟံ မေတ္တာ လာဘံ

# နက်ချက်မီ

ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနှစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဖိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သော ဟောချက်များ ထိရောက်သော ယတြာများဖြင့် (၂၅) နှစ်တိုင်တိုင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

## ငံအောင်မြင်သူတို့ ဆုံကြရာ

ဟောခန်းတည်နေရာ ➡ အမှတ်–၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀–မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

လမ်းညွှန် ➡ အဓိပတိ (အပြာ)၊ တိုက်ကြီး–ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။

ဟောပြောချိန် ➡ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ။

ဆက်သွယ်ရန် ဖုန်း ➡ ဟောခန်း – ၀၉–၇၃၁၀၉၅၅၆။ အိမ် – ၀၉–၇၃၂၄၄၈၀၉၇။

မှတ်ချက် ➡ ***ဖုန်းဖြင့် ကြိုတင်ကိုတင်ယူပါ။*** ကျေးဇူးတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# လူကြီးမင်းစုန်းနံ့ပါတ်နှင့် ကံကြမ္မာအကြောင်း

အပိုင်း(၆)

နတ်မျက်စိဆရာအောင်စိုး

TAKM.2014



www.burmeseclassic.com

www.burmeseclassic.com

**လူကြီးမင်းရဲ့ဖုန်းနံပါတ် နောက်ဆုံး နှစ်လုံးသည် ၅၀ ဖြစ်ပါက -**

ငွေဝင်စရာ ကြုံဖန်ပေါ်သည့် ဖုန်းနံပါတ်ပါ။ လာဘ်ရွှင်စေသည်။ လူချစ်လူခင်များသည်။ မေတ္တာစန်းပွင့်ပါမည်။ မိမိစေတနာသည် ဝေဒနာဖြစ်ကိန်းရှိသဖြင့် အိမ်ထောင်ရှိသူချင်း အလုပ်အကိုင် တွဲလုပ်မိပါက မရှင်းမလင်းနှင့် ဇာတ်သိမ်းသွားတတ်သည်။ စေတနာကောင်းရင် ကံကောင်းသော်လည်း စေတနာသည် လူတိုင်းနှင့်မထိုက်တန်ကြောင်း ဤဖုန်းပိုင်ရှင် လူကြီးမင်းကို သတိပေးပါစေ။ ဤဖုန်းနံပါတ်မျိုးသည် ပျောက်ရှတတ်၊ ခိုးခံထိခြင်း၊ ဓာတ်ခဲစားခြင်းတို့ ကြုံတွေ့နိုင်ပါသည်။ တစ်ဖက်သားပေါ် တောင်းဆို၊ တင်ပြစရာများ ပေါ်ပေါက်ပါက ထိုသူ၏ မျက်ဝန်းအစုံ အလယ်နေရာ (မှန်) ကို မှန်း၍ ပြောဆိုတင်ပြပါ။ ခရီးသွားသော် အဖြူရောင်အိတ်ကို အသုံးပြုပါ။ အန္တရာယ်ကင်းစေမည်။ ညဘက် အသုံးမပြုချိန် မြင့်သောနေရာတွင် တရားစာအုပ်ပေါ်မှာ တင်ထားစေလိုပါသည်။ နံနက်ထ အသုံးမပြုမီ ဖုန်းကို ကိုင်၍ ဂုဏ်တော်ကိုးပါးကို အနုလုံပဋိလုံ ကိုးခေါက်ရွတ်ပြီး သုံးပြုပါလေ။

**၅၁ အတွဲဖြစ်ပါက -**

ပျော်စရာသတင်းကြုံရတတ်သည်။ အလုပ်နှင့်လက် မပြတ်လုပ်ရတတ်သည်။ မိမိလုပ်ငန်းကို ကြော်ငြာမလိုဘဲ လူပိုသိလာမည်။ သမီးပျိုများတို့ကို ဆန့်ကျင်ဘက်လိင်တို့၏ စိတ်ဝင်စားမှု မြင့်တက်လာမယ်။ ဇွဲရှိဖို့လိုမယ်။ ဖုန်းကို ပန်းရောင်အိတ်ဖြင့် အသုံးပြုပါ။ Ring tone ခေတ်ပေါင်းသီချင်းမှ "ရှေးရေစက်" သီချင်းကို အသုံးပြုပါ။ အားကစား မောင်မယ်တို့တွက် ရွှေတံဆိပ်၊ ငွေတံဆိပ်တို့ဖြင့် အောင်ပွဲရမည်။ ဓာတ်ခဲအားသွင်းသော် အိမ်မီးဖိုချောင်ကဲ့သို့ နေရာမျိုး မသုံးသင့်ပေ။ အိမ်သန့်ရှင်းရေးလုပ်နေစဉ် ကိုယ်နှင့်အတူ မထားသင့်ပါ။ ဖုန်းကို ခေါင်းအုံးအောက်တွင် မထားစေလိုပါ။ နံနက်ပိုင်း ဖုန်းကို ကိုင်ရင်း "ဦ"သက်သက်ကိုပဲ ၂၇ ခေါက် ပြီးသုံးပါ။

**၅၂ အတွဲဖြစ်သော် -**

တက်တက်ကြွကြွနေသော် လုပ်ငန်းတိုးတက်စေပြီး လူရှိန်စေမည်။ မိတ်ပေါ်များမည်။ ဂီတအနုပညာရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ စက်ပိုင်းဆိုင်ရာ ပြုပြင်ရောင်းဝယ်သူများနှင့်သင့်၏။ အားသွင်းသောအခါ အပူလွန်ကဲမှုဖြစ်တတ်သည်။ အထင်လွဲမှုများ၊ အထင်သေးမှု ကြုံတွေ့စေကာမူ နောက်မတွန့်ဘဲ ရှေ့ဆက် ခရီးနှင်ပါလေ။ အို...မိတ်ဆွေ ငွေဝင်မည်။ ငွေဝင်တိုင်း ဆင်းရဲနွမ်းပါးသူတို့အား အလှူအတန်းလုပ်ပေးပါ။ ဖုန်းများဝင်လာတဲ့ကိစ္စပေါ် စိတ်ဆိုးစွာ၊ စိတ်တိုစွာ မတုံ့ပြန်မိပါစေနဲ့။ အမှုကိစ္စများ၊ လူမှုရေးကိစ္စများ ရှင်းလင်းစရာကြုံသော် လူကြီးမင်းရဲ့ဖုန်းကို အစိမ်းရောင်အိတ်ဖြင့် ထည့်ဆောင်ပါ။ မလိုအပ်ဘဲ ရေချိုးခန်း၊ သန့်စင်ခန်းသို့ ယူမသွားချင်ပါ။ ညဘက်အချိန် အသုံးမပြုချိန် ဖုန်းကို မှန်တစ်ချပ်ပေါ်တင်ထားပါ။ နံနက်ချိန်ကစပြီး သုံးတော့မယ်ဆိုလျှင် ဖုန်းကို ညာလက်ဖြင့်ကိုင်၍ နှုတ်မှ "နမောဗုဒ္ဓသ



www.burmeseclassic.com

www.burmeseclassic.com

တေမေနမော တေစမ်ပါလန္တု" ဂါထာကို ၃၆ ခေါက်ရွတ်ပြီးမှ အသုံးပြုပါလေ။

**၅၃ အတွဲဖြစ်ပါက -**

ဆန္ဒပြည့်ဝမည်။ မိတ်ဆွေပေါ် မိသားစုပေါ် သံယောဇဉ်လွှန်ကဲနေမည်။ ငွေပြတ်လဲ ခဏပါ။ ငွေဝင်စရာပြန်ပေါ်လာမည်။ ဘာသာရေးအားကောင်းမည်။ မိမိမှာ ကိုယ်ပာန်ဖြင့် ဖုန်းပြောတဲ့စတိုင်တစ်ခု ရှိနေမည်။ ဓာတ်သဘင် အနုပညာရှင်များ ယဉ်၊ စက်တို့ဖြင့် အသက်မွေးဝမ်းကြောင်းပြုသူတို့နှင့်အပ်စပ်သော ဖုန်းနံပါတ်ပါ။ ဖုန်းအိတ်ကို နီညိုရောင် အသုံးပြုပါ။ Ring tone ကို ဘောလုံးပွဲမှ ဂိုးဝင်၍ ပရိသတ်များအော်ဟစ်တဲ့ "ဂိုး" ဟူသောအသံ ထည့်သုံးပါ။ cover ကို ဂီတသင်္ကေတများဖြင့် ဖွဲ့စည်းထားသောပုံကို သုံးစေချင်ပါသည်။ မကြာ မကြာ ရပ်ဝေးရှိ မိဘများထံ၊ ဆွေမျိုးများထံ မာကြောင်း။ သာကြောင်း သတင်းမေးပါ။ နံနက်ပိုင်း စတင်အသုံးပြုတော့ဆိုရင် "ဥပဂုတ္တေန မာရော ဗန္ဓော" ကို အသက်အောင့်ပြီး ကိုးခေါက်ရွတ်ပါ။

**၅၄ ဖြစ်ခဲ့**

အကြံကောင်း ဉာဏ်ကောင်း ထွက်မည်။ အခြေအတင် စကားများချိန် ဖုန်းကိုဆုပ်ကိုင်၍ မေတ္တာရှေ့ထားပါ။ သင့်အလို သူပါလာမည်။ ရတနာကုန်သည်၊ သစ်လုပ်ငန်း အမျိုးမျိုး၊ လုပ်ငန်းရှင်ပုဂ္ဂိုလ်များ၊ စာအုပ်ထုတ်ဝေသူများ၊ နာရီရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ စက်မှုပညာကို လိုက်စားနေဆဲ ကျောင်းသားလူငယ်များ အသုံးပြုသင့်သည်။ ဖုန်းသည် အပြောများ၍လည်းကောင်း၊ ဖုန်းအား



သွင်းစဉ် အပူလွန်ကဲ၍ ပျက်စီးတတ်ကြောင်း သတိပေးလိုပါသည်။ မိမိမှာ သီလရှိလေ၊ ကြိုးစားမှုရှိလေ အောင်မြင်လေ ရှိပါမည်။ လူငယ်မောင်မယ်များ အနေဖြင့် မိမိဖုန်းတွင် မလိုအပ်ဘဲ အင်တာနက် မချိတ်စေလိုပါ။ မိမိရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ဝေဝါးစေသော လူမှုရေးပြဿနာများ ဝင်တတ်လေမည်။ ဖုန်းကို အနီရောင်အိတ်ကိုသုံးပါ။ နံနက်တွင် မိမိဖုန်းကို လက်နှစ်ဖက်ဖြင့်ကိုင်ရင်း "ဥုံ သဗ္ဗဟိတ မင်္ဂလာနိ၊ ပုညာဘိ သီရိ သောဘဏီ သရဿတီ စမေမာတာ နိဗ္ဗ ရက္ခံ တုမံ သဒါ" ဂါထာကို "၃၇" ခေါက်ရွတ်ဆိုပြီး အောင်မြင်သော လူအဖြစ် နေ့သစ်ကို ဖွင့်လှစ်လိုက်ပါ ခင်ဗျာ။

**၅၅ ဖြစ်က -**

ကျောက်ကောင်းတစ်ပွင့် ပိုင်ဆိုင်သလိုပါပဲ။ မိမိကိုယ်ကျင့်တရား ပေါ် မူတည်၍ ဘဝမှာ အဖိုးတန် အခြေ အနေဖြစ်ထွန်းမည်၊ ပေါ်ထွန်းမည်။ ဖုန်း ပိုင်ရှင်က အမျိုးသမီးဖြစ်က မိမိအပြော



www.burmeseclassic.com

www.burmeseclassic.com

အဆို ထိန်းသိမ်းပါ။ တစ်ဖက်လူရဲ့ အခြေအနေ အနိမ့်အမြင့်ပေါ်လိုက်၍ လေသံနိမ့်မြင့် ပြောင်းလဲပြောဆိုခြင်းကို သတိထားပါ။ မိမိစကားတစ်ခွန်းကြောင့် မိမိဘဝကို အဆိုးအကောင်းဖြစ်စေကြောင်း သတိမူပါ။ စာသင်ဆရာမများ၊ သင်တန်းပြဆရာမများ၊ ကာယသင်တန်းနည်းများ၊ အလှဖန်တီးရှင်များ၊ ရောင်းအားမြှင့်ဝန်ထမ်းများ၊ Miss ပြိုင်ပွဲဝင်များ၊ အားလုံးသမားများနှင့် ဝါသနာရှင်များ၊ ရေလုပ်ငန်းရှင်များအတွက် သင့်လျော်ပါသည်။ နံနက်တိုင်း ဖုန်းကိုကိုင်၍ နှုတ်မှ ပဌာန်းကို ၂၇ ခေါက်ရွတ်ဆိုပြီးမှ လုပ်ငန်းစပါ။

**၅၆ ဖြစ်သော် -**

ဉာဏ်ပွင့်စေသည်။ အမြင်ထက်စေသည်။ လူကြား ယင်ရှားစေသည်။ ကူညီလိုစိတ်ရှိမယ်။ စိတ်ပူတတ်မယ်။ အလှအပကြိုက်မယ်။ ခရီးသွားလာရတတ်တယ်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းမယ်။ မိမိစကား မမောက်မာသမျှ ရန်သူမရှိ၊ ချစ်သူသာရှိနေမည်။ အပြိုင်အဆိုင်ရှိလေ တိုးတက်လေ ဟု သဘောပိုက်ပြီး အားလျှော့စိတ်ပျက်ကာ မနေပါနှင့်။ မိမိမှ "၅၆" အတွဲရှိသည့် အဖော်မွန်ကောင်း၊ ရဲဘော်ကောင်း ရှိနှင့်ပြီးဖြစ်၏။ လူကြီးမင်းနှင့် ဤဖုန်းနှင့်အတူ ဆေးခန်းပြခြင်း၊ ဆံပင်ညှပ်ခြင်း၊ လူနာမေးခြင်း မသင့်ပါ။ အကယ်၍ မဖြစ်မနေ သွားလာရပါက မိမိဖုန်းကို "Clear" ဟု ကိုးခါရွတ်ပေးပါ။ သို့မဟုတ်က နံနက်ချိန် ဖုန်းကိုကိုင်ရင်း မိမိရဲ့ မွေးနံကောင့်အရပ်ကို မျက်နှာမူပြီး သုနက္ခတ္တံ၊ သုမင်္ဂလာ၊ သုပ္ပဘာတံ သုဟုတ္ထိတံ" ကို ၉ ခေါက် ရွတ်ဆိုအမှုကို နိစ္စမပြတ် ပြုကျင့်ပါလေ။



**၅၇ အတွဲဖြစ်ရင် -**

အခက်ခဲကျော်လွှားမယ်။ အစားကောင်း စားရတတ်သည်။ အိမ်တွင်းရေးသာယာမည်။ ကျေးဇူးဆပ်ခွင့်ကြုံမည့် အခြေအနေပေးမည်။ မိဘဆရာသမားတို့ရဲ့ အေးမြသော မေတ္တာကို ရတတ်သည်။ လောကကြီးရဲ့ သဘော



www.burmeseclassic.com

www.burmeseclassic.com

သဘာဝကို နားလည်တဲ့ လူကြီးမင်းသည် စိတ်ချမ်းသာစွာ မိမိကိုယ်ကို တည်ဆောက်ရမည်။ ဦးစီး ဦးဆောင်ရတတ်သည်။ ဒေါသဖြစ်လွယ်တာ လျှော့လိုက်ရင် လူကြီးမင်းသည် ချစ်စရာကောင်းသည်။ မိဘတစ်ဦးဖြင့်လည်းကောင်း၊ ခေါင်းဆောင်ကောင်းတစ်ဦးဖြင့်လည်းကောင်း၊ ချစ်ခင်ရိုသေမှုကိုရမည်။ ဘာသာရေးကို ဆောင်ရွက်ရတတ်သည်။ မိမိဖုန်း Cover ကို အဝါဖြင့်သုံးပါ။ နံနက်တိုင်း ဖုန်းကို မိမိရဲ့ သီရိအရပ်သို့လှည့်ပြီး "နမောတေ" ဂါထာတော်ကို ၁၆ ခေါက် ရွတ်ဆိုပါ။

**၅၈ အတွဲသည်**

မိတ်ကောင်းတွေ့မည်။ လူငယ်များ ပွဲလမ်းသဘင်များတွင် ဖူးစာဆုံတတ်၍ "၅၈"သည် ဖူးစာရေးနတ်ရဲ့ သင်္ကေတဆိုပါက မှားအံ့မထင်။ ပျော်ပျော်နေတတ်သည်။ လောကကြီးကို အကောင်းမြင်တတ်သည့် အလေ့ကြောင့် အောင်မြင်သူဖြစ်နေမယ်။ သူများကို ကူညီသလို မိမိအလှည့်မှာ အကူအညီမဲ့နေမည်။ ဒါပေမဲ့ မိမိကောင်းသော စိတ်ထား။ သဘောထားကို ယိမ်းယိုင်စေမည် မဟုတ်ပါ။ ဤဖုန်းကို ကိုင်ဆောင်မည့် လူကြီးမင်းမှာ အချိန်ကို လေးစားဖို့ လိုပါသည်။ သို့မဟုတ်က နှောင်တရစရာ၊ အခွင့်အရေးများ လွဲချော်ကုန်ရော့မည်။ ပုတီးစိပ်တိုင်း၊ အဓိဋ္ဌာန်ဝင်တိုင်း ဖုန်းကို ဖွင့်ထားပါ။ စက်မပိတ်မိပါစေနဲ့။ ဖုန်းကို ညအချိန်တွင် လက်ကိုင်ပုဝါ အဖြူသန့်သန့်တွင် တင်ပါ။ ပွဲစားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသော ပုဂ္ဂိုလ်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဘုရားဖူးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် သင့်တော်ပါသည်။ နံနက်ချိန် ဖုန်းကို ညာလက်ပေါ်တင်ရင်း "စိန္တာမဏိ ဂါထာတော်" ကို ကိုးခေါက်ရွတ်ဆိုပြီးမှ ပြောစရာ၊ ဆိုစရာများ စတင်ရွက်ဆောင်ပါလေ။

**၅၉ နောက်ဆုံး ၂ လုံးတွဲဖြစ်ပါက**

ထင်ပေါ်မယ်။ စာပေထူးချွန်မယ်။ အပြောအဆိုကောင်းမည်။ အပူအပင်များကို ကျော်ဖြတ်နိုင်မယ်။ ပိတ်ဆို့မှုများကို ကျော်လွှားနိုင်မည်။ ဆွေမျိုး မိဘများ၏ ချီးကျူးရမည့် အောင်မြင် သည့် နေရာဌာနရောက်မည်။ နတ်ကောင်း စောင့်ရှောက်မယ်။ ငွေကြေးကိစ္စ ပြောဆိုရပါက ငါးနံ့ပါတ်ကို ၉ ခါရိုက်ပြီး

**"ငါ ပြောရင် အ**

**ငါ ပြောရင် ရ**

**ငါ ပြောရင် ဟံ (အရယ်)**

ကိုးကြိမ်ရွတ်ဆိုပြီးမှ ...

တစ်ဖက်လူရဲ့ ဖုန်းနံပါတ် ပြန်နှိပ်ပြီးမှ စကားစတင်ပြောပါ။

နံနက်တိုင်း ဖုန်းကိုကိုင် "အဓိဋ္ဌာယလေးပါး" ဂါထာတော်ဖြတ် ၉ ကြိမ်ရွတ်ပြီးမှ လုပ်ငန်းဆောင်တာ စတင်ဆောင်ရွက်သင့်ကြောင်း စေတ ကောင်းဖြင့် ထပ်လောင်းတင်ပြအပ် သည်။

**နတ်မျက်စိဆရာအောင်**



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးအတွက်

# ကလေးချောင်းဆိုးလျှင်

ဒေါက်တာလွင်သန့်(ဆေး-၂)



www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်များ အကြောင်း အမျိုးမျိုးကြောင့် ချောင်းဆိုးတတ်ကြတယ်။ အများအားဖြင့် ရောဂါကြောင့်ဖြစ်တယ်။ အချို့ကလည်း မိဘတွေကိုယ်တိုင် ရင်ကျပ်ချောင်းဆိုးရှိလို့ မျိုးရိုးကြောင့်ဖြစ်တယ်။ ရောဂါကြောင့်ဖြစ်ရင်

**(၁) တုပ်ကွေးရောဂါ။** တုပ်ကွေးရောဂါကိုယ်၌က ဖြန်းကနဲဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ အရိုးအဆစ်ကိုက်ခြင်း၊ နှာရည်ယိုခြင်းတို့ရှိနိုင်တယ်။

**ကူးစက်ခြင်း။** လေကြောင့် ထွက်သက်ဝင်သက်ထိတွေ့ရာမှ ရောဂါရှိသူရဲ့အခန်း၊ အသုံးအဆောင်ပစ္စည်း၊ ပန်းကန်ခွက်ယောက်များ၊ အိပ်ရာခင်း၊ ခြင်ထောင်၊ အဝတ်အစားများ၊ ရောဂါဖြစ်သူရဲ့ကျန်တဲ့အစားအစာများမှ ကူးစက်တယ်။ တုပ်ကွေးအတွက် ကိုယ်ပူလာရင် ကိုယ်ပူကျဆေး ပါရာစီတမော (Paracetomal) အမောက်ဆလင် (Amoxil 250 mg) (၁) လုံး (၄) ကြိမ်စီနဲ့ (၅-၇)ရက်အထိ ပေးနိုင်တယ်။ ချောင်းဆိုးပျောက်ဆေးရည် (cough syrupo) ပေးနိုင်တယ်။

**ကာကွယ်ဆေး။** တုပ်ကွေး ကာကွယ်ဆေးပေါ်ပြီဖြစ်လို့ နှစ်စဉ် တစ်ကြိမ်ထိုးထားသင့်တယ်။

**(၂) အအေးမိနှာစေး။** အအေးမိ နှာစေး၍ ချောင်းဆိုးတာဖြစ်နိုင်တယ်။ အအေးမိခြင်းလက္ခဏာတွေက ခေါင်းမူးဝေခြင်း၊ အားအင်ကုန်ခမ်းခြင်း၊ နှာရည်ယိုခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးခြင်းတို့ကို တွေ့ရတယ်။ အအေးမိဖျားတာကနေ ဒုတိယဘက်တီးရီးယား ကူးစက်ရောဂါ ဝင်နိုင်လို့

သေချာ ဆေးသောက်ကုသသင့်တယ်။ အမောက်ဆလင် (၂၅၀) မီလီဂရမ် တစ်နေ့တစ်လုံး (၄) ကြိမ်နဲ့ ဘိုက်ဆိုဖင် (၁) ဗင်တိုလင် (၁ ) လုံး (၃) ကြိမ် (၄-၇) ရက်ပေးရမယ်။ ချောင်းဆိုးပျောက်ဆေးရည် (cough syrupo) ပေးရမယ်။

**(၃) ကြက်ညှာချောင်းဆိုး။** (Pteriss) ကြောင်းပြရင် ကိုယ်အနည်းငယ်ပူ၍ဖျားခြင်း၊ နှာရည်များစွာယိုခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးခြင်း၊ ချောင်းခြောက်ဆိုး





www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ တဖြည်းဖြည်း ပြင်းထန်လာကာ ည ဘက်ပိုဆိုးခြင်း၊ တစ်ပတ်ကြာရင် မရပ် မနား ချောင်းဆိုးခြင်း၊ ချောင်းက သလိပ် ကပ်၍ သလိပ်မရှိခြင်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ နားကပင်သွေးထွက်အောင် ဆိုးခြင်း၊ အခြားသူများ ကူးစက်နိုင်ခြင်း တို့ဖြစ်သည်။

မွေးစကာလ (ဆ-က-မ ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ ကာကွယ်ဆေး (သို့) ဆေးငါးမျိုး ကာကွယ်သော ကြက်ညှာ၊ ချောင်းဆိုး၊ မေးခိုင်၊ အသည်းရောင်ဘီ၊ ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ် ဆေးကို ကလေး (၂)လ၊ (၄)လနဲ့ (၆) လသားတွေမှာ သုံးကြိမ်ဖြည့်ထိုးနံပေး သင့်တယ်။ မကူးစက်နိုင်အောင် လူနာ သီးခြားထားပေး ကုသသင့်တယ်။ နို့စို့ ကလေးနဲ့ (၁-၅) နှစ်ကြား ကလေးများ လူနာနဲ့ ထိတွေ့ချိန်မှစ၍ (၃) ပတ်ကြာ စောင့်ကြည့်ရမယ်။ ရောဂါဖြစ်စမှ ပျောက် ကင်း ခွင့်ယူရမယ်။ သေချာတိကျ ကုသမှု ခံယူရမယ်။

(၆) ဆုံဆို့နာ ကြောင့် ပြောင်းဆိုနိုင်တယ်။ အခြားလက္ခဏာတွေက အနည်းငယ် ဖျားခြင်း၊ လည်ပင်းနာခြင်း၊ ခေါင်းကိုက် ခြင်း၊ ထိုင်းမှိုင်းခြင်း၊ လည်ချောင်းတွင် အမွေးဖြူများပိတ်ဆိုးခြင်း၊ အသက်ရှူ ကျပ်ကာ သေဆုံးခြင်းဖြစ်နိုင်သည်။

ကူးစက်ခြင်း။ လူနာနဲ့ တိုက် ရိုက်ထိတွေ့ခြင်း၊ ရောဂါသယ်ဆောင်သူနဲ့ တွေ့ထိကူးစက်ခြင်း၊ လူနာရဲ့ အစား၊ အသုံးအအဆောင်၊ ပန်းကန်ခွက်ယောက်၊ အဝတ်အစား၊ နှာနှံ့က တစ်ဆင့် ကူးစက်စေတယ်။ အစာ၊ ရေ၊ အသုံး အဆောင် သီးခြားထားသင့်တယ်။ ကြက်ညှာချောင်းဆိုးကဲ့သို့ ကလေးဘဝ ကာကွယ်ဆေး အပြည့်ထိုးထားရမည်။

ရောဂါဖြစ်သူကို ဆေးရုံပို့ပြီး နှစ်ပတ်ကြာ သီးခြားကုသမှုယူရမယ်။ အိမ်သားများဖြစ်ခဲ့ရင် အိမ်ရှိကလေးများ (၁၀) ရက်ကျော်တိတိ ရောဂါပျောက် ကင်းပြီး လည်ချောင်း၌ ပိုးရှိမရှိစမ်းပြီးမှ လာရမယ်။ ရောဂါဖြစ်တဲ့နေ့မှ နှစ်ပတ်ထိ ခွင့်ယူရမယ်။ (သို့) ဆရာဝန်က ညွှန်ကြား ရင် ကျောင်းပိတ်ရမယ်။

ကာကွယ်ခြင်း။ ရောဂါ မကူးစက်နိုင် အောင် သီးသန့်ထားရမယ်။ လည်ချောင်း တွင်း ပိုးရှိမရှိ စမ်းသပ်ရမယ်။ လုံလောက် တဲ့ ကုသချက် လူမောက်ဆလင်၊ ပါရာ စီတမောဖင်တိုလင် (၁) မျိုးစီ (၃) မျိုး တစ်နေ့လေးကြိမ် (၅-၁၀) ရက် တိုက် ကျွေးရမယ်။ ပုံမှန်သွားလာနေသင့်တယ်။ ဆရာဝန်ရဲ့ တိကျသေချာတဲ့ ကုသမှု ရယူရမယ်။


**(၅) ရင်ကျပ်။** မွေးရာပါ ရင်ကျပ်ကလေး ငယ်များမှာ ရာသီဥတု ကူးပြောင်းရင်၊ ပတ်ဝန်းကျင် ဓာတ်မတည့်ခြင်းဖြစ်ပြီး ချောင်းဆိုး၍ ခွဲကျပ်လာတယ်။ "တာဗျူ တမောရှုဆေး" သုံးရတယ်။ အမောက် ဆလင်၊ အမိုင်နီ၊ ဘိုင်ဘိုဇင် (Amoxil, Amio, Bisolum) (၃) မျိုး (၃) ကြိမ် (၅-၁၀) ရက်ပေးရမယ်။ နွေးနွေးထွေး ထွေး ထားပါ။

**ဒေါက်တာလွင်သန့်(ဆေး-၂)**



www.burmeseclassic.com

www.burmeseclassic.com



ကတာဖော့ထဲက

# အိုင်းစတိုင်း၏ဘဝကံဇာတာ

အောင်ဖုန်းမြင့်(ကချင်မြေ)

TAKM.2014



www.burmeseclassic.com

www.burmeseclassic.com

**အိုင်းစတိုင်း**

ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းသည် ခရစ်သက္ကရာဇ် ၁၄-၃-၁၈၇၉ ခုနှစ် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၀ မိနစ်တွင် မြောက်လတ္တီတွဒ် ၄၈ ဒီဂရီ အရှေ့လောင်ဂျီတွဒ် ၁၀ ဒီဂရီ၌ ဂျာမနီနိုင်ငံ၏ ရှေးဟောင်းအုမ်းမြို့ကလေးတွင် မွေးဖွားသန့်စင်ခဲ့သော ဂျူးဂျာမန်လူမျိုးဖြစ်သည်။ ဝါယောဓာတ် စိုးမိုးသော မေထုန်လေရာသီလဂ်တွင် ...မြင်ရှေ့သူဖြစ်သောကြောင့် အရာရာ၌ သိလွယ်တတ်လွယ် နားလည်သဘောပေါက်လွယ်သူဖြစ်သည့်အပြင် လေ့လာသင်ယူတတ်မြောက်လွယ်သူလည်း ဖြစ်သည်။ ပညာရပ်တိုင်း၌ မနားမနေ ကြိုးစားအားထုတ်သော သဘာဝကြောင့် ပညာထူးချွန်ပြောင်မြောက်သူဖြစ်လာခဲ့ခြင်းဖြစ်လေ၏။ မေထုန်ရာသီသည် ...ကျ၍၊ မိန်းမ လက်ချင်းယှက်၍ ...ခင်းလမ်း လျှောက်လှမ်းနေပုံဆောင်သော ဒွိဟအပူးရာသီအိမ်ဖြစ်သောကြောင့် နှစ်မျိုးနှစ်ခွ ဒွန်တွဲ၍ ဖြစ်ပေါ်စေတတ်ပါသည်။ ထို့ကြောင့် ဇာတာရှင်၏ ဘဝတစ်လျှောက်လုံးတွင် ဘာပဲလုပ်ရလုပ်ရ တစ်ကြိမ်တစ်ခါတည်းနှင့် အောင်မြင်ပြီးမြောက်နိုင်ခြင်းမရှိတတ်ဘဲ အနည်းဆုံးနှစ်ကြိမ် (သို့) သုံးကြိမ်ထက်မနည်း ကြိုးစားအားထုတ်ပြီးမှသာ အောင်မြင်မှု ဆွတ်ခူးရရှိတတ်သူဖြစ်သည်။ ပူးခြင်း၊ ခွခြင်း၊ ဒွန်တွဲ၍ဖြစ်တတ်ခြင်းတို့ကြောင့် ဇာတာရှင် အိုင်းစတိုင်းသည် နိုင်ငံ မကြာခဏ ပြောင်းရွှေ့နေထိုင်ခဲ့ရခြင်း၊ ရာထူးဌာနန္တရ မကြာမကြာ အပြောင်းအလဲနှင့် ကြုံရခြင်း၊ အတတ်တစ်မျိုးထက်မက အတတ်ပညာမျိုးစုံ သင်ယူတတ်မြောက်နိုင်ခဲ့ခြင်း စသည်တို့၌ ကျင်လည်ခဲ့ခြင်းဖြစ်၏။



ထို့ပြင် ဘဝအမျိုးမျိုး ပြောင်းလဲခဲ့ရသူလည်းဖြစ်သည်။

**နှစ်တန့်သခင်**

အိုင်းစတိုင်း၏ ဘာဝဇေက် ဇာတာတွင် လဂ်မှ ၂ တန့် စီးပွားချမ်းသာ အိမ်၏ဘာဝသခင် တနင်္လာ ဂြိုဟ်သည် လဂ်မှ ၆ တန့် အာရီခေါ်ရန် အိမ်တွင် မကောင်းသော အဖျက်သမားဖြစ်သည့် နိစ်ဂြိုဟ်အဖြစ် ထင်ထင်ရှားရှား တည်ရှိစံနေခြင်းသည် အလွန်မကောင်းပါ။ သို့ဖြစ်၍ ဇာတာရှင်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝ အလွန်ကြမ်းတမ်းသော အတားအဆီး အခက်အခဲပေါင်း မြောက်မြားစွာကို ရင်ဆိုင်ရန်းကန်ကျော်လွှားခဲ့ရပြီးမှ ဘဝမှန်ကို တည်ဆောက်နိုင်ခဲ့သူဖြစ်သည်။ အဆိုးဒသသနှ၏ ထိပ်ဆုံးနှစ်ဖြစ်သော ၁၉၃၀ ခုနှစ်ထဲတွင် မမျှော်လင့်ထားသော ဝရမ်းပြေးဘဝမျိုးထိ ဆိုးဝါးနိမ့်ကျခဲ့ခြင်းသည် ထိုမကောင်းသော တနင်္လာနိစ်ဂြိုဟ်၏ ပိုင်ပိုင်နိုင်နိုင် စိုးမိုးချယ်လှယ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ နက္ခတ္တဇာတာတွင် နိစ်ဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com

သည် မကောင်းသော ဆိုးကျိုးပေးတတ်ပါသည်။

**ကောင်းသောသုဘအိမ်**

ဘာဝဇာတာ၏ ၅ တန့် သခင် သောကြာဂြိုလ်သည် အလွန်ကောင်းသော ကျက်သရေအောင်မြင်မှုကို ရရှိစေတတ်သော ၁၀-တန့် ကမ္မအိမ်နှင့် လဂ်မှ ၇-တန့်သခင် ကြာသပတေးဂြိုဟ်သည် သုခချမ်းသာ ဂုဏ်သိက္ခာအိမ်ဖြစ်သော သုဘအိမ်တွင် အသီးသီးအားကောင်းစွာ တည်ရှိနေကြသဖြင့် အလွန်ကောင်းသော ယုဂ်ကို ရရှိလေ၏။ ထို့ကြောင့် ဇာတာရှင်သည် ၁၉၀၁ ခုနှစ်ထဲတွင် သင်္ချာပညာရှင် မာလီဘာမာဘယ်နှင့် အိမ်ထောင်ပြုနိုင်ခဲ့ခြင်းဖြစ်လေသည်။ သင်္ချာပညာရှင် မာလီဘာမာဘယ်သည် သင်္ချာဘာသာရပ်၌ အလွန်ထူးချွန်ထက်မြက်သူဖြစ်သောကြောင့် အိုင်းစတိုင်းကို ရူပဗေဒပညာရှင်ကြီးဖြစ်လာနိုင်စေရန် ကြီးမားသော အထောက်အကူကောင်းပေးနိုင်ခဲ့သူဖြစ်သည်။ အိုင်းစတိုင်းသည် သောကြာသားဖြစ်ပြီး ဇနီး မာလီဘာမာဘယ်သည် တနင်္ဂနွေသမီးဖြစ်သောကြောင့် ဦးသာစိန်ပန်းဇာတ်ကို ရရှိထားလေသည်။

**နိစ္စဘင်္ဂဂြိုဟ်**

ဘာဝစက်တွင် အလွန်အရေးကြီးသော လဂ်သခင် ဗုဒ္ဓဟူးဂြိုဟ်သည် မကောင်းသော နိစ်အိမ်ထဲရောက်ရှိစံနေသော်လည်း ကောင်းသော သောကြာဥစ်ဂြိုဟ်၏ ဖေးမကူညီပေးမှုကြောင့် "နိစ္စဘင်္ဂ" မကောင်းသော ဂြိုဟ်ဆိုးဘဝမှ "နိစ္စဘင်္ဂရာဇ" ကောင်းသော ဂြိုဟ်ကောင်းသို့ ဘိသိတ်ဆက်တင်မြှောက်ခံရသဖြင့် ၁၉၁၄ ခုနှစ်တွင် မဟာသိပ္ပံသုတေသနအဖွဲ့ကြီး၏ ညွှန်ကြားခြင်းကို



ပေးတတ်သော တနင်္ဂနွေ၊ အသိပညာအတတ်ပညာကို ထောက်ပံ့ပေးတတ်သော ဗုဒ္ဓဟူး စည်းစိမ်ချမ်းသာကို ယူဆောင်ပေးတတ်သော သောကြာဂြိုဟ်များနှင့် အခက်အခဲအတိဒုက္ခများကို ရုန်းကန်ကျော်ဖြတ်နိုင်ပြီးမှ အောင်မြင်မှုသရဖူဆောင်းခွင့်ပြုတတ်သော စနေဂြိုဟ်ပူး၍ တည်ရှိနေခြင်းသည် အလွန်ကောင်းပါသည်။

ထို့ကြောင့် အိုင်းစတိုင်းသည် လူသေသော်လည်း နာမည် မသေဘဲ ထင်ရှားကျော်ကြားသော ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီးဘဝကို ရရှိခဲ့ခြင်းဖြစ်သည်။ နိစ္စဘင်္ဂမကောင်းသောဂြိုဟ်သည် နိစ္စဘင်္ဂရာဇရလျှင် အလွန်ကောင်းသော ဂြိုဟ်ကောင်းအဖြစ် ပြောင်းလဲသွားပါသည်။

**ပရိဝတ္တနယောဂ**

လဂ်အိမ်မှကောင်းသော သုဘ ၉-တန့် သခင်စနေဂြိုဟ်နှင့် ကောင်းကျိုးဖြစ်စေတတ်သော ကမ္မ ၁၀-တန့် သခင် ကြာသပတေးဂြိုဟ်သည် ပရိဝတ္တ



www.burmeseclassic.com

www.burmeseclassic.com

ယောဂခေါ် ရာသီအိမ်ခြင်းလဲလှယ် ဖလှယ်၍ အလွန်ကောင်းသောယုဂ်ကို ဖြစ်စေသဖြင့် သိပ္ပံပညာရပ် သူမတူ အောင် ဆန်းသစ်တီထွင်နိုင်ပြီး ဂန္ဓာရီ ပညာ၊ ဂမ္ဘီရပညာ၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာ ရပ်များတွင် သိမြင်နိုင်စွမ်းရှိခြင်းဖြစ်သည်။ အန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်လာ နိုင်ခဲ့ခြင်းသည် လဂ်မှ ဂ-တန့် မရဏ အိမ်တွင် ဥစ်အင်္ဂါဂြိုဟ်ကို ရာဟုဂြိုဟ်က ချုပ်ကပ်ထားသောကြောင့် ဖြစ်လေ၏။ အင်္ဂါသည် ကောင်းသောဥစ်ဂြိုဟ်ဖြစ်သော် လည်း မေထုန်လဂ်အတွက် အကောင်း အဆိုး နှစ်မျိုးဒွန်တွဲနေပြီး ရာဟုသည် ...ဂြိုဟ်ပေမယ့် စနေမိတ်ကောင်းအိမ် ...င် စံနေသဖြင့် ကယ်တင်ရှင်ဂြိုဟ် ကောင်းဖြစ်သွားရခြင်းဖြစ်သည်။ မေထုန် လဂ်အတွက် ရာဟုသည် ကယ်တင်ရှင် ...ပြီး စနေ၊ ကြာသပတေး ပရိဝတ္တန ...ခြင်းသည် ဇာတာရှင်ကို အကျိုးပြုခဲ့ သည်။

**ဇာတာရှင်၏ဘဝနိဂုံး**

အိုင်းစတိုင်းသည် သောကြာ ဥစ်ဂြိုဟ်၏ အန္တရဒသာနှစ်တွင် တစ် ကမ္ဘာလုံးက အသိအမှတ်ပြုခံရပြီး နိုဗယ် ဆုကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။ ဥပစာနိစ် တနင်္လာ၏ ထူလဒသာ အပိုင်းအခြား အတွင်း၌ ၁၉၃၀ နှစ်တွင် ဂျာမနီနိုင်ငံမှ နှင်ထုတ်ခံရသဖြင့် ဝရမ်းပြေးဘဝမျိုးနှင့် ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။ အန္တရ ဒသာနှစ်တို့မည်မျှ အားကောင်းနေစေကာ မူ ထူလနှစ်ရှည်ဒသာ၏ စိုးမိုးခြင်းခံရပုံ ဖြစ်သည်။ နက္ခတ်ပညာတွင် "ဥစ်" ဂြိုဟ် သည် ကောင်းကျိုးပေးပြီး "နိစ်" ဂြိုဟ် သည် မကောင်းကျိုးကိုပေးတတ်ပါသည်။ ဤဇာတာတွင် သောကြာသည် ဥစ်ဂြိုဟ် ကောင်းဖြစ်၍ တနင်္လာသည် နိစ်ဂြိုဟ် ဆိုး ဖြစ်လေသည်။ အလုပ်အကိုင်ကို အောင်မြင်ကျော်ဇောမှုဖြစ်စေသော ကမ္မ ဘာဝတွင်တည်ရှိနေသည့် တနင်္ဂနွေဂြိုဟ် ၏ အန္တရဒသာနှစ်တိုကာလတွင် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ နေထိုင်ရပြီး ထိုမှတစ်ဆင့် ၁၉၃၇ မှ ၁၉၅၅ ခုနှစ်အထိ အလွန်အောင်မြင် ကျော်ကြားသော သိပ္ပံပညာရှင်ကြီး ဖြစ် လာခဲ့ခြင်းသည် အလုပ်နှင့်ပတ်သက် သော ၁၀-တန့် ကမ္မဘာဝ အောင်မြင် ကျော်ကြားမှုနှင့် ဂုဏ်သိက္ခာမြင့်မားစေ တတ်သော ၉-တန့် သုသဘာဝ၊ ဂ-တန့် မရဏအဆိုးအိမ်များ အလွန်ကောင်းနေ သောကြောင့်ဖြစ်သည်။ အိုင်းစတိုင်းသည် မရဏအိမ်တွင် တည်ရှိနေသော အင်္ဂါ ဂြိုဟ်၏ အန္တရဒသာနှင့် ရာဟုဂြိုဟ်၏ ထူလဒသာဖြစ်သော အန္တရနှင့် ထူလရန် ဂြိုဟ်ချင်းဆုံသည့်နှစ်တွင် ကွယ်လွန် အနိစ္စရောက်သွားခြင်းသည် နက္ခတ် ဗေဒင်ပညာအယူအဆနှင့် ကိုက်ညီနေ သည်ကို တင်ပြရပါသည်။ ဇာတာရှင် သည် တနင်္လာ၊ ဗုဒ္ဓဟူးနိစ် အင်္ဂါ သောကြာ ဂြိုဟ်ဥစ်တွင် မွေးဖွားသော် လည်း လဂ်သခင် ဗုဒ္ဓဟူးပညာဂြိုဟ်သည် နိစ္စဘင်္ဂရာဇရထား သူဖြစ်ပါသည်။

ပန်းလိုစမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

**အောင်ဘုန်းမြင့်**

**(ကချင်မြေ)**



www.burmeseclassic.com

www.burmeseclassic.com




# မူးယစ်ဆေးဆို ဝေးဝေးရှောင်စို့

မေချို(ပျဉ်းမနား)



www.burmeseclassic.com

www.burmeseclassic.com

ဘိန်းဖြူ ဘိန်းစိမ်း WY စာလုံးပါသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အခြားမူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံ ဒေသအသီးသီးတွင် ဖမ်းဆီးမိကြောင်းကို နေ့စဉ်သတင်းစာများ၌ နေ့စဉ်မပြတ် ဖတ်ရှုနေရပေသည်။ ဤ အခြေအနေများကို သိရှိရခြင်းဖြင့် ဘိန်း အစရှိသော စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသည် တိုင်းပြည်နှင့် လူမျိုးအတွက် အလွန်ကြီးမားဆိုးဝါးသော အန္တရာယ်ကြီး တစ်ရပ်ဖြစ်နေသည်ကို လူတိုင်းသိရှိထားရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲသူ နှစ်သိန်းကျော်ရှိသည့်အနက် အသက် ၁၅ နှစ်မှ ၃၀ နှစ်အထိ လူငယ်လူရွယ်နှင့် လူလတ်ပိုင်းများ အများဆုံးသုံးစွဲသည်ဟု လေ့လာသိရှိရသည်။

လူငယ်တို့ အများဆုံးသုံးစွဲကြခြင်းမှာ အတွေ့အကြုံသစ် အသစ်အဆန်းများကို စိတ်ဝင်စားခြင်း၊ စူးစမ်း စမ်းသပ်ခြင်း၊ သူငယ်ချင်းအပေါင်းအသင်းကို ခင်တွယ်တာခြင်းဖြင့် (မူးယစ်ဆေးဝါးလောင်းကစား စသည့် ရှောင်ရှားရမည့်ကိစ္စများတွင်) သူငယ်ချင်းများနှင့် လိုက်ပါစမ်းသပ်ရင်းက စွဲလန်းသွားခြင်း၊ တန်ဖိုးကြီးစွာပေးရသော မူးယစ်ဆေးဝါးကို ဝယ်ယူသုံးစွဲရန် ငွေကြေးရှိခြင်း၊ မူးယစ်ဆေးဝါးများကို လက်တစ်ကမ်းတွင် ဝယ်ယူ၍ရနိုင်ခြင်း၊ ငွေကြေးမတတ်နိုင်သော်လည်း ဝိသမလောဘသားတို့၏ ခိုင်းစေ အသုံးချရန် လုပ်အားခေါင်းပုံဖြတ် အသုံးချခြင်း၊ ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းသူများဖြစ်ခြင်းကြောင့် မူးယစ်ဆေးသုံးစွဲသူများ ဖြစ်သွားကြသည်။

မူးယစ်ဆေးသည် လူသားတို့အား တွေဝေမိန်းမော ထုံထိုင်းစေသည်။ အချို့ဆေးများသည် လူကို ရက်အတန်ကြာ မအိပ်စက်ဘဲ လန်းဆန်းတက်ကြွစေသည်ဟုလည်း သိရှိရသည်။ ငွေကြေးမတတ်နိုင်ကြသဖြင့် ကော်များကိုမီးရှို့ပြီး ရှူရှိုက်ကာ မူးယစ်ဆေးအဖြစ် အသုံးပြုကြသည်ဟုလည်း သိရှိရပါသည်။ စာရေးသူတို့ လိုက်မမီသော အခြား မူးယစ်ဆေးများလည်း ရှိမည်ဖြစ်သည်။ အဆိုပါဆေးများသည် လူတို့၏ ကာယဉာဏစိတ်ဓာတ်စွမ်းအားများကို ချို့ယွင်း ပျော့ညံ့ပျက်ပြားစေသည်။ ငွေကြေးပစ္စည်းဥစ္စာ ဆုံးရှုံးခြင်း၊ ကိုယ်ကျင့်သိက္ခာ စာရိတ္တများ ဆုံးပါးပျက်စီးစေသည်။ ယင်းတို့ဖြစ်နိုင်သည်ကို စာရေးသူတို့ ပတ်ဝန်းကျင်များမှ တွေ့ကြုံသိရှိခဲ့ရသည်။ ငယ်စဉ်ကပင် ဘိန်းစား၊ အရက်သမားများကို တွေ့ခဲ့ဖူးပါသည်။ မူးယစ်ဆေး မသုံးစွဲမီက အလုပ်လုပ်ရာတွင် လုံ့လ ဝီရိယရှိသူများ၊ သိက္ခာရှိ တည်ကြည်သူများပင် ဘိန်းစား၊ အရက်သမားဖြစ်သွားကြသည်။ ဘိန်းစွဲစတွင် အရက်အကြောက်တရားကြောင့် ပုန်းလျှိုးကွယ်လျှိုး ဘိန်းပုန်းစားဘဝဖြစ်သော်လည်း နောက်ပိုင်းတွင် အစွဲကြီးစွဲကာ ဘိန်းစားဘဝသို့ ကူးပြောင်းသွားခဲ့သည်။

ဘိန်းစားဘဝသို့ရောက်သော ဘိန်းစားရဲ့ဗီဇသာ အဓိကဖြစ်သည်။ စီးပွားရေး လူမှုရေး၊ အိမ်ထောင့်တာဝန်၊ သားသမီး ဇနီးမယားတို့အရေး မတွေးတော့ပါ။ ဘိန်းရှူရန် ငွေကြေးတောင်းယူသည်။ ငွေမရ



www.burmeseclassic.com

လျှင် အိမ်ရှိတန်ဖိုးရှိ ပစ္စည်းများ ရောင်းချပေါင်နှံသည်။ ပေါင်နှံထားသည့် ပစ္စည်းများ မရွေးယူနိုင်တော့ "လယ်၊ ခြံ" များကို ရောင်းချ၊ ပေါင်နှံ ဆုံးရှုံးသွားကြသည်။ မိမိတို့နေသော အိမ်ခြံများပါ ရောင်းချပေါင်နှံပြီး ဘိန်းစားကြသည်။ နောက်ဆုံးတွင် မိမိအိမ်ခြံမြေမှဖယ်ကာ မြို့ပြင်၊ ရွာပြင်ထွက် တဲထိုးကာနေတော့သည်။ သားသမီးများ ပညာမသင်နိုင်၊ ကြုံရာကျပန်းလုပ်ရ၊ လယ်ကူလီ အလုပ်ကြမ်းဘဝဖြင့် ဘဝကို ရင်ဆိုင်ရတော့သည်။ အချို့ဘိန်းစားများသည် ရပ်ကွက်အတွင်းရှိ အိမ်ဝင်းအတွင်း လျှော်ဖွတ်လှမ်းထားသော တန်ဖိုးရှိ အဝတ်အစားများပင် ခိုးယူရောင်းချကာ ဘိန်းရှူခဲ့သည်ကို တွေ့ခဲ့ဖူးသည်။ ရပ်ရေးရွာရေးတွင် အခဆင့်မရှိ အောက်တန်းကျသောဘဝ၊ သေးသိမ်နံချာသောဘဝဖြင့် ဘဝနိဂုံးချုပ်သွားခဲ့ကြသည်။ ဤသည်မှာ စာရေးသူ တွေ့ဖူးခဲ့သော ဘိန်းမည်းခေတ် ဘဝသရုပ်အမှန်ဖြစ်ပေသည်။

ဘိန်းဖြူများ ပေါ်လာသောအခါ ဘိန်းမည်းထက် ငွေကြေးပိုမိုပေး၍ သုံးစွဲရသည်။ ထို့ကြောင့် ချမ်းသာသောသူများ၏ သားသမီးများ၊ တက္ကသိုလ်ရောက်သောအခါ မိဘထံ ခေါင်းစဉ်အမျိုးမျိုးပြကာ လိုသည်ထက်ပိုတောင်းကာ ရသောငွေဖြင့် ဘိန်းဖြူကို သုံးစွဲကြသည်။ ထို့ကြောင့် ပညာတတ် လူငယ်များ၊ ပညာသင် ကျောင်းသားလူငယ်များ ဘိန်းဖြူစွဲကာ သွေးကြောထဲဆေးသွင်း၍ငင်း သေဆုံးခြင်း၊ AIDS ရောဂါရကာ သေဆုံးသွားကြသည်။ များစွာသော ဗုဒ္ဓနဆိုင်ရာ အရာရှိလောင်းများ၊ တက္ကသိုလ်ပညာ ဆည်းပူးရင်း လမ်းမှားလိုက်၍ ဘဝများစွာ




အနာဂတ်ကြွယ်ပွင့်များ နိဂုံးချုပ်သွားခဲ့ကြသည်။ ပညာတတ်ဝန်ထမ်းများပင် ဘိန်းမှုထုတ်လုပ်သည့် မော်ဖီယာ ပက်သီဒင်း ကော်မီသာဇင်ဆေးများ သုံးစွဲသူများ ရှိဖူးသည်။

စာရေးသူ၏ ဇာတိမြို့အနီး အချို့ကျေးရွာများတွင် ယောက်ျားများ ဘိန်းဖြူစွဲကာ ရောဂါရ သေဆုံးသွားကြသဖြင့် မုဆိုးမရွာအဖြစ် ဖြစ်ခဲ့ရကြောင်းကို သိရှိခဲ့ရပါသည်။ ဝေးလံသီခေါင်သည့် အရပ်များတွင် စာပေမတတ်၊ အတတ် ပညာ ဗဟုသုတမရှိ အလွန်ဆင်းရဲသော တောင်ယာအခင်းလုပ် တောလိုက်မုဆိုး ဘဝဖြင့် နေထိုင် အသက်မွေးကြသည်။ အချို့မှာ ဘိန်းထုတ်လုပ်သူများ၏ အလုပ် သမားများအဖြစ် လုပ်ကိုင်ကြသည်။ တောင်ယာလုပ်ကိုင်စားသူများ ဘိန်း လာကြသည်။ မိန်းမများပါ အလုပ်လုပ် ရသည်။ ဆေးတတ်၊ ပူဆာတတ်သည့် သားသမီးကလေးငယ်များရှိလျှင် အလုပ် တွင်စေရန် ဖခင်စားသော ဘိန်းမည်း အနည်းငယ်ကို ကလေးအားခွံ၍ သိပ်

www.burmeseclassic.com

ကာ အလုပ်လုပ်ကြသည်ဟု စာရေးသူ ကြားရသောအခါ ရင်ထဲတွင် စူးစူးနစ်နစ် မချမ်းမြေ့သော ဝေဒနာကို ခံစားမိပါသည်။

မြန်မာနိုင်ငံသည် သယံဇာတ ပေါကြွယ်လှသည်။ ဖားကန့်ကျောက်စိမ်းတွင်းနယ်မြေ၊ မိုးကုတ် ပတ္တမြားနယ်မြေ၊ မိုင်းရှူးရတနာနယ်မြေ စသည့် အဖိုးတန်ရတနာကျောက်များထွက်ရာမြေနှင့် ရွှေများ အများအပြားထွက်ရာ (မြန်မာပြည်နေရာတိုင်း ရွှေထွက်ပါသည်) ကောလင်းနယ်မြေ၊ ဗန်းမောက်ရွှေတော်နယ်မြေ၊ ဥပဒေသင်း မိုးထိမိုးမိနယ်မြေတွင်လည်း မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချခြင်း၊ မူးယစ်ဆေးဖြင့် လုပ်အားခေါင်းပုံဖြတ်ခြင်းများရှိသည်ဟု ရတနာမြေမှ အလုပ်လုပ်၍ ပြန်လာသောသူများထံမှ သိရသည်။

မှုခင်းသတင်းတစ်ခုတွင်လည်း မှုထမ်းဝန်ထမ်းတစ်ဦးသည် ချစ်သူမိန်းကလေး မ···· အား ချိန်းဆိုရာသို့ ပေါ်လာသဖြင့် လူအများကြားထဲမှ ဆွဲပြီးကြိမ်းမောင်းကာ သူငှားနေသည့်အိမ်သို့ ကြိမ်မောင်း၍ ခေါ်ဆောင်သွားခဲ့သည်။ ၎င်းသည် မ···· အား အဝတ်အစားများ အဓမ္မချွတ်ကာ အလိုမတူဘဲ သားမယား ပြုကျင့်သည်။ မ···· ၏ အဝတ်အစားမဲ့ ကိုယ်ကို ကြိုးနှင့်တုတ်ကာ သူ၏ ဟင်းဖုန်းနှင့် ဓာတ်ပုံရိုက်ယူပြီး နောက်တစ်ခါ ချိန်းတာမလာရင်၊ အဆက်ဖြတ်မယ်ပြောရင် ဒီပုံတွေကို အင်တာနက်တင်မယ်ဟု ခြိမ်းခြောက်ခဲ့သည်။ မ···· သည် ရှက်ခြင်း၊ ကြောက်ခြင်းများကြောင့် မည်သူ့မျှ မပြောဘဲနေခဲ့သည်။ နောက်သုံးရက် အကြာတွင် ကျူးလွန်သူက မ···· ၏ ညီမထံ အဝတ်မဲ့ပုံများကို ပို့လိုက်သဖြင့် အမှုဖြစ်စဉ်များကို တရားစွဲဆိုသော ဖြစ်ရပ်ဖြစ်သည်။

အရွယ်မရောက်သူကလေးများ ၃ နှစ် ၅ နှစ်မှ ၁၃ နှစ် ၁၄ နှစ် အရွယ်များကိုလည်း အဓမ္မ (rape case) ပြုကျင့်မှုများကို သတင်းစာများတွင် ဖတ်ရှုရသည်။ ဤကဲ့သို့သော ဖြစ်ရပ်များသည် မြန်မာလူမျိုးဘို့၏ အတိတ်ဖြစ်စဉ်များ၌ မကြားအပ် မသိထိုက်သော အဖြစ်များဟု စက်ဆုပ်ရွံမုန်းကြသည်။ ဤဖြစ်စဉ်မျိုး မရှိခဲ့ဖူးပါ။ မျက်စိရှက်၊ နားရှက်သော ကိစ္စရပ်များဖြစ်သည်။ ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းသော လူသားဆန် ယောက်ျားပီသသော၊ စာရိတ္တမြင့်မြတ်မှုကို တန်ဖိုးထားသော၊ ကိုယ်ကျင့်သိက္ခာမဲ့အစွန်းမခံသော ယောက်ျားမြတ်တို့ မလုပ်ဆောင်ကြပါ။ မြန်မာလူမျိုးတို့၏ စာရိတ္တမဏ္ဍိုင်များ၊ ကိုယ်ကျင့်တရား သိက္ခာများကို မူးယစ်ဆေးသုံးခြင်းကြောင့် ယိုကျား ပေါက်ကျလျက်ရှိနေသည်ကို ရင်နင့်စွာ ခံစားရပါသည်။

မြန်မာနိုင်ငံသည် ယခင်က ဘိန်းများမရှိခဲ့ပါ။ ကုန်းဘောင်ခေတ် နိုင်ငံတကာနှင့် ဆက်ဆံသောအခါမှ မြန်မာတို့ ဘိန်းကို အသုံးပြုလာကြသည်။ နိုင်ငံခြားသားများ စီးပွားရေးနယ်ချဲ့၊ နိုင်ငံရေးနယ်ချဲ့ရာတွင် ဘိန်းကို သယ်ဆောင်လာကာ ကြားခံပစ္စည်းအပြစ် အသုံးချခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ကုန်းဘောင်ခေတ်တွင် ဘိုးတော်မင်းတရားလက်ထက်မှ စ၍ ဘိန်းအစရှိသည့် မူးယစ်ဆေးဝါး

www.burmeseclassic.com

ဥပဒေကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်ဟု သော့လာတွေ့ရှိရသည်။

မူးယစ်ဆေးဝါးသုံးစွဲလျှင် ဆင်းရဲတွင်းနက်ရုံမက အသိဉာဏ်ဆင်ခြင်တုံတရား ကင်းမဲ့စေသည်။ တောရွာများတွင် ပွဲစားများက ဆင်းရဲသောသူများထံ ချဉ်းကပ်၍ သားသမီးငယ်များကို အလုပ်ကောင်းကောင်းရမည်။ လစာကောင်းကောင်းရမည်ဟု မက်လုံးပေးကာ အလုပ်လုပ်ရစေမည်ဟု အကြောင်းပြခေါ်ဆောင်သွားသည်။ မိဘများသည် ဘိန်းစားရလိုခြင်း၊ ဆင်းရဲခြင်းကြောင့် သားသမီးများကို နယ်စပ်သို့ ယုံကြည်စွာ ထည့်လိုက်ကြသည်။ သားသမီးများကို ခေါ်သွားစဉ် ပေးခဲ့သည့် ငွေအနည်းငယ်မှလွဲ၍ နောက်ထပ် ငွေလည်းမရောက် လူပါပျောက်သွားခဲ့သော အကြမ်းဖက်လူမှောင်ခိုဇာတ်လမ်းများ များစွာရှိခဲ့သည်။ စာရေးသူတို့ မြန်မာများ မျက်စိဖွင့် နားစွင့်ကြပါဟု ပြောချင်ပါသည်။ တစ်ပါးသူတို့ပြောသမျှ မယုံကြစေလိုပါ။ ဗဟုသုတ အကြားအမြင်ရှိဖို့ လိုအပ်ပါသည်။

စာရေးသူငယ်စဉ်ကပင် ဘိန်းစားသူများ တွေ့ဖူးပါသည်။ ဘိန်းမည်းစားသူများ ဖခင်ဘိန်းစား၊ သားဘိန်းစား၊ မြေးဘိန်းစားအထိရှိသည်ကို ဝမ်းနည်းစွာ တွေ့မြင်ရသည်။ လူ့ဘဝဖြစ်စဉ်၌ မိဘမဲ့ဘဝတွင် ဆင်းရဲသော်လည်း သားသမီးများကို ပညာသင်စေသည်။ သားသမီးသည် မိဘထက် ပညာတတ်ဖြစ်လာပြီဖြစ်၍ မိဘထက်လည်း စီးပွားရေးသာအောင် ကြိုးစားရပါမည်။ သားသမီးမှ မွေးသော မျိုးဆက်များသည်လည်း အဘိုး၊ အဘွားထက် အဖေ၊ အမေထက် ပညာတတ်သော စီးပွားသာသော စာရိတ္တကိုယ်ကျင့်သိက္ခာ ပိုမိုကောင်းမွန်သော ဘာသာ၊ သာသနာကို ရိုသေလေးစား သီလစောင့်သော ကိုယ့်လူမျိုးဂုဏ်ကို ချစ်မြတ်နိုးထိန်းသိမ်းသောလူများဖြစ်အောင် ကြိုးစားရပါမည်။ ဘိန်းဖြူသုံးသူများက မျိုးဆက်ပါ ပျက်သုန်းသွားစေခဲ့သည်။ ဤမှာ ကောင်းကျိုးမပေး ဆိုးကျိုးပေးကာ လောကကို အကျည်းတန် အရုပ်ဆိုးစေသည်ကို တွေ့မြင်ကြားသိနေကြပါသော်လည်း မြန်မာလူငယ်တို့စိတ်အလိုလိုက်မှုဖြင့် ပိုးဖလံမျိုးများဖြစ်နေကြသည်။

မူးယစ်ဆေးဝါးအန္တရာယ်များကို လူငယ်များအသိ အသိဉာဏ်ထဲ ထိုးဖောက်ဝင်ရောက်သိရှိပြီး ရှောင်ကြဉ်စေချင်ပါသည်။ မိဘများသည်လည်း မိမိရင်သွေးရတနာများကို မူးယစ်ဆေးဝါးသုံးစွဲသူများအဖြစ် မတွေ့မြင်လိုကြပါ။ မူးယစ်ဆေးဝါးကို လူတိုင်း ရွံမုန်းစေချင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ စည်းကားသောမြို့နယ်အတွင်း ညဥ့်အခါ သွားလာသော ယာဉ်များကို ဖြိုင်ကားများက ကျော်တက်ဝိတ်ရပ်ကာ ယာဉ်မောင်းနှင့် ကားပေါ်ပါ ခရီးသည်များကို ရိုက်နှက်ထိုးကြိတ်ခြင်း ကားကို ဖျက်ဆီးခြင်းများ မကြာခဏ ဖြစ်ပေါ်သည်ကို ကြားသိရသည်။ ဖြိုင်ကားမောင်းသော လူငယ်များသည် စိတ်ကြွရူးသွပ်ဆေးများကို သုံးစွဲ၍သော ဤမှုခိုးဝါးသော အမှုများ ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com

ကြခြင်းဖြစ်သည်။ စာရေးသူ တင်ပြသော အကြောင်းအရာများသည် မူးယစ်ဆေးဝါး ကြောင့် ဖြစ်ပျက်ခဲ့သော ကိစ္စရပ်အမှန် များဖြစ်သည်။

မူးယစ်ဆေးဝါးကို လူတိုင်း ပါဝင်တိုက်ဖျက်ရန် လိုအပ်ပါသည်။ နိုင်ငံတော်မှလည်း မြန်မာနိုင်ငံအတွင်း ဘိန်း စိုက်ပျိုးထုတ်လုပ်မှု ကာကွယ်တားဆီးရန် အတွက် မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်း စစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး စသည်ဖြင့် စစ်ဆင်ရေးများပြုလုပ်၍ စိုက်ခင်းများ ထုတ်လုပ်မှုဌာနများကို မီးရှို့ ဖျက်ဆီးပြီး ဘိန်းအစားထိုးသီးနှံ (ပန်း၊ ဂျုံ နှင်းသီး၊ လိုင်ချီး၊ ကျွန်းပင်) များကို စိုက်ပျိုးစေခဲ့သည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး အန္တရာယ်ကို အမျိုးသားရေးတာဝန် အဖြစ် တားဆီးကာကွယ်ရန် ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ သည်။ ရပ်ကွက်ကျေးရွာမြို့နယ်များတွင် လည်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေသော ဆေးဝါးအန္တရာယ်များကို စာသင်ကျောင်းများ၊ လူထုကြားတွင် ဟောပြောခဲ့ကြသည်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဝတ္ထုတို၊ ဆောင်းပါး ကဗျာ၊ ပန်းချီ စသည်ဖြင့် ပြိုင်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်ခဲ့ ပါသည်။ စာရေးသူလည်း စာရေးသူ ပါဝင် ရသော သင်တန်းများတွင် မူးယစ် အန္တရာယ်များကို ပြောခဲ့ပါသည်။ ယခု လည်း သိသမျှ မြင်သည်များကို စာရေး သူ နားလည်သလို ရေးပြလိုက်ပါသည်။

ကမ္ဘာပေါ်တွင်လည်း အပြည် ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှု နှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက် ရေးနေ့ကို ဇွန်လ ၂၆ ရက်နေ့ကို သတ် မှတ်ထားပါသည်။ မြန်မာနိုင်ငံ ဒေသ အသီးသီးတွင် နှစ်စဉ် ဇွန်လ (၂၆) ရက် နေ့၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ် ကျင်းပခဲ့သည်။ ဖမ်းဆီး ရမိသော မူးယစ်ဆေးဝါးများကိုလည်း ဖျက်စီးခဲ့သည်ကို မြန်မာ့ရုပ်မြင်သံကြား မှ ထုတ်လွှင့်ပြသခဲ့သည်။

လူငယ်၊ လူရွယ်၊ လူကြီးများ မူးယစ်ဆေးကို ရှောင်ကြဉ်စေလိုပါသည်။ စာရေးသူသည် ဝန်ထမ်းဖြစ်၍ ဇာတိမြေ သို့ ရံဖန်ရံခါမှသာ ရောက်ပါသည်။ ရောက်ရှိသောအခါတိုင်း သူငယ်ချင်းများ မိတ်ဆွေများနှင့် ဆွေမျိုးများ ဘိန်းဖြူ ဘိန်းမည်း၊ အရက်များကြောင့် ယုတ် လျော့သွားသည်သာ ကြုံခဲ့ရသည်။ အသက်အရွယ် ငယ်စဉ်ကပင် သေဆုံး သွား၍ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး ဘိန်းဖြူ ဘိန်းမည်း မူးယစ်ဆေးမှ လုံးဝ လုံးဝ ကင်းဝေးစေချင်ပါသည်။ ကင်းဝေး စေရန် ရှောင်ရှားစွာ နေရပါမည်။ တွေ့ ကြုံလာလျှင်လည်း မကျူးလွန်ရအောင် အသိဉာဏ်ပညာဖြင့် သတိထားပြီး အထူး ဂရုစိုက် ရှောင်ကြဉ်လိုက်နာရ မည်ဖြစ်သည်။

မြန်မာပြည်သူပြည်သားတို့ မူးယစ်ဆေးကို ဝေးဝေးရှောင်နိုင်ကြပါစေ ဟု ဆန္ဒပြုပါသည်။

**လေးစားလျက်**


**မေချို(ပျဉ်းမနား)**



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတည်ပြီးလျှင်




# ငြိမ်း

မောင်မိုး



www.burmeseclassic.com

www.burmeseclassic.com

ထွန်းသောင်နှင့် လှည့္ဂန်မေတို့သည် ရန်ကုန်မြို့နှင့်မနီးမဝေးရှိ ကျေးရွာတစ်ရွာမှ သူငယ်ချင်းဖြစ်ကြသည်။ သူငယ်တန်းမှစပြီး အငှမတန်းအထိ အတူတူ ကျောင်းတက်ခဲ့ကြပြီး နှစ်စဉ် တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့ကြသည်။ လှည့္ဂန်မေ၏ အနွံတာကို ထွန်းသောင် ခံရသော်လည်း အဲဒီအနွံတာကို ထွန်းသောင်က ပြုံးပြုံးကြီး ကျေကျေနပ်နပ် ခံယူတတ်သည်။ လှည့္ဂန်မေက တစ်ခါတစ်ခါ စိတ်ကောက်ပြီး မခေါ်မပြောလုပ်နေလျှင် ထွန်းသောင်မှာ နေတတ်၊ မထိုင်တတ်။ ပထမတန်းကျောက်တုန်းက လှည့္ဂန်မေက ခဲတံချွန်းတာကို ချက်ချင်းမချွန်ပေးလို့ နှစ်ရက်လောက် စိတ်ကောက်ပစ်သည်။ ထိုအခါမျိုးတွင် ထွန်းသောင် ထိုင်မသာ ဖြစ်နေတာကို လှည့္ဂန်မေကကြည့်ပြီး အကျေနပ်ကြီး ကျေနပ်နေတတ်သည်။ ပြီးတော့လည်း နှစ်ယောက် တစ်ပူးတွဲတွဲ။ တစ်ခါတည်း ထမင်းအတူတူစားကြတော့ ထွန်းသောင်က ငရုတ်သီးအစပ်မစား။ လှည့္ဂန်မေအိမ်ကချက်ပေးလိုက်တာက ငရုတ်သီးစပ်စပ်ဟင်း။ ဒါကို ထွန်းသောင်က မစားတော့…

"ဘာလဲ နင်က ငါ့ကိုရွံလို့လား"

လို့ တစ်ခွန်းပဲပြောလိုက်တယ်။ ထွန်းသောင် ငရုပ်သီးစပ်စပ်ဟင်းကို ပယ်ပယ်နယ်နယ်ကြီး စားပါတော့သည်။ ပြီးလည်းပြီးရော ရေအိုးစင်ရှိရာသို့ ပြေးသွားပြီး ရေတွေခပ်သောက်လိုက် ပါးစပ်ကို ယပ်ခတ်လိုက်နဲ့ မနေနိုင် မထိုင်နိုင် ဖြစ်နေတဲ့ ထွန်းသောင်ကိုကြည့်ပြီး ခိုးခိုးခွက်ခွက်ရယ်ရင်း လှည့္ဂန်မေ သဘောတွေကျနေသည်။ တစ်ခါကလည်း ထွန်းသောင်တို့ သူငယ်ချင်းတွေ ဘောလုံးကန်ဖို့လုပ်ကြတော့ ထွန်းသောင်က လှည့္ဂန်မေကို ကျောင်းလွယ်အိတ်ပေးပြီး အိမ်ပြန်ခိုင်းရာ…

"ခါတိုင်း အတူတူ ပြန်နေကြ။ နင်မပါရင် ငါလည်းမပြန်"

ဆို၍ ထွန်းသောင် သူငယ်ချင်းများကို တောင်းပန်ပြီး ပြန်လိုက်ခဲ့ရသည်။

အဲသလိုမျိုးဆိုရင် လှည့္ဂန်မေ ပျော်နေပုံကိုကြည့်ပြီး ထွန်းသောင်ကလည်း ကျေနပ်နေတတ်သည်။ သူတို့ နှစ်ယောက်စလုံး ပညာရေးတွင် တော်ကြသော်လည်း ရှစ်တန်းနှစ်တွင် မြင်းလှည်းမောင်းသော ထွန်းသောင်အဖေ ဆုံးသွားသဖြင့် မိဘ လက်ငုတ်လက်ရင်း ဖြစ်သော မြင်းလှည်းမောင်းသည့်အလုပ်ကို ထွန်းသောင်ယူလိုက်ရသဖြင့် ကျောင်းနှင့်ဝေးခဲ့ရသလို လှည့္ဂန်မေနဲ့လည်း ဝေးခဲ့ရပါတော့သည်။ လှည့္ဂန်မေ ဆယ်တန်းအောင်တော့ ရန်ကုန်က သူ့အမျိုးတွေအိမ်မှာနေပြီး တက္ကသိုလ်ဆက်တက်သည်။ ကျောင်းပိတ်တိုင်း ပြန်လာတတ်သည့် လှည့္ဂန်မေကို ထွန်းသောင် မြင်းလှည်းဖြင့် ကြို၊ ပို့လုပ်ရသည်။ ဒီနှစ်ထဲမှာ လှည့္ဂန်မေ ဘွဲ့ရပေတော့မည်။ ထွန်းသောင်တို့ရွာက ရန်ကုန်သွား ကားလမ်းမကြီးနဲ့ (၃) မိုင်လောက်ဝေးသည့် ရန်ကုန်ကားဂိတ်တွင် ထွန်းသောင်တို့ မြင်းလှည်းဂိတ်ထိုး၍ ခရီးသည် ကြို၊ ပို့ လုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဒီနေ့လည်း လှညွှန့်မေ ပြန်လာမည်ဖြစ်၍ ထွန်းသောင် တမျှော်မျှော်နှင့် မြင်းလှည်း သူ့အလှည့်ရောက်သော်လည်း နောက်လှည်းတွေကို ကျော်ပေးနေသည်။ ဂိတ်မှူးက အလိုက်တသိဖြင့်...

"ထွန်းသောင်က အော်ဒါမှာထားလို့ပါကွာ"

ဟု အတည်ပေါက်နဲ့နောက်သည်။ ဘယ်သူတွေ ဘာပဲပြောပြော ထွန်းသောင်ကတော့ ကားပေါ်မှဆင်းလာမည့် လှညွှန့်မေကိုပဲ မျှော်ကြည့်နေသည်။

"ဟဲ့... ဘာတွေငေးကြည့်နေတာလဲ။ ဒီမှာ လာကူသယ်ဦး"

လှညွှန့်မေ ကားပေါ်မှဆင်းလာပြီး ထွန်းသောင်ကို ပြောလိုက်သည်။ လာကူသယ်ဦးဆိုသော ပစ္စည်းမှာ လှညွှန့်မေ ကိုင်လာသော လက်ဆွဲခြင်းလေးဖြစ်သည်။ ဤမဟာကြီးမားသော လက်ဆွဲခြင်းကိုပင် ထွန်းသောင် အပြေးအလွှားသွားသယ်ရသည်။

"နင်ကလည်း ငါစောင့်နေတာကြာလှပြီဟ"

ထွန်းသောင်က လက်ဆွဲခြင်းကိုယူ၍ မြင်းလှည်းဆီသွားကြသည်။ ထွန်းသောင် အူမြူးနေသည်။

"ဗျို့... ဂိတ်မှူးကြီး ကျုပ်အော်ဒါရပြီဗျို့"

"အေးပါ... အေးပါ။ မင်းကတော့ စောစောကတော့ လဒမ္ဗိုင် မှိုင်နေပြီး ခုတော့လည်း မှိုရတဲ့မျက်နှာပါလားကွာ ဟေ"

"သူတို့ ဘာတွေပြောနေကြတာလဲ ဟင်"

လှညွှန့်မေက မေးသည်။

"ဘာမှ မဟုတ်ပါဘူးဟာ"


"အံမယ်... ဘာမှမဟုတ်ရမှာလဲ။ သူတို့ပြောတဲ့အထဲမှာ မှိုဆိုလား ဘာဆိုလားပါတယ်လေဟာ"

"ဟုတ်တယ်လေဟာ။ စောစောက ငါ ဟိုဘက်သွားရင်း မှိုရလာလို့ ပြောနေကြတာ"

"ဘယ်မှာလဲ အဲဒီမှို"

"ဒီမှာလေ"

ထွန်းသောင်က လှညွှန့်မေကို



စေ့စေ့ကြည့်၍ ပြောလိုက်သည်။

"ဟယ်... ကောင်စုတ
ကြည့်စမ်း ငါက ဘာများလဲလို့။ န
တော်တော်တတ်နေနော်"

သူတို့နှစ်ယောက် စကား
တပြောပြောနဲ့ ရွှင်မြူးနေကြသည့်အ
သည် မြင်း၏ ခွာသံလေးများနှင့် ရော
သွားတော့သည်။ မြင်းလှည်းလေးသ
လှုပ်လီလှုပ်လဲ့ဖြင့် သွက်လက်စွာ သွ
နေသည်။ ဟိုယိမ်း သည်ယိမ်းဖြစ်
သော မြင်းလှည်းပေါ်မှ လူငယ်နှစ်ဦး
လည်း ဟိုယိမ်း သည်ယိမ်း ယိမ်းနေ
တော့သည်။ လမ်းဘေး လယ်ကွင်း
ထဲမှာတော့ ဖျိုင်းတို့သည် ရေစပ်
ငြိမ်သက်စွာရပ်၍ သူတို့ရဲ့အစာ
စောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွာနားနီးလာတော့ ဘုန်းကြီးကျောင်းမှ အသံချဲ့စက်သံကို ပီပီပြင်ပြင်ကြားရပြီ။ တွံတေးသိန်းတန်ရဲ့ အသီးအစ်ရာ အညာတစ်ခု။ ထွန်းသောင်က အဓိပ္ပာယ်ရှိရှိဖြင့် လှည္ဖွန့်မေကို ကြည့်လိုက်သော်လည်း လှည္ဖွန့်မေရဲ့မျက်နှာမှာတော့ ဘာမှထူးခြားတဲ့ အရိပ်အယောင်ပင် မမြင်ရချေ။

"ဟဲ့...ဘုန်းကြီးကျောင်းက ဘာလို့ အသံချဲ့စက်ဖွင့်နေတာလဲ"

"ဘုရားပွဲ နီးနေပြီလေဟာ။ စေတီ ရွှေသင်္ကန်းကပ်နေတာဟ။ ကာလသားတွေ ဟိုနေ့က ငြမ်းရသေးတယ်"

"ဘုရားပွဲက ဘယ်နေ့လဲ"

"အခု လပြည့်နေ့လေဟာ။ ည်း မေ့နေပြီလား"

"ပျော်စရာကြီးနော်။ ငါ အဲဒီခင် ပြန်လာမယ်သိလား"

"တကယ်ပြောတာနော်"

"အေးပါဟ...နင်ကလည်း"

ထွန်းသောင်စိတ်ထဲ ကြိတ်၍ ပျော်သွားသည်။ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ယတိပြတ်ချလိုက်သည်။ လှည္ဖွန့်မေ ပြန်လာမည်ဆိုသောနေ့တွင်မတော့ ထွန်းသောင် စိတ်လှုပ်ရှားနေသည်။ ခါတိုင်းထက် သူ့မြင်းလှည်းကိုလည်း သန့်သန့်ပြန့်ပြန့်ဖြစ်အောင် ပြုလုပ်ထားသည်။ ဂိတ်မှူးကြီးက...

"ဟိတ်ကောင်...မင်း မြင်းလှည်း ရေမွှေးတွေ ဘာတွေများ ဖြန်းထားဦးမှာလားကွ"

ဟု နောက်သည်။

"ဟာ...မဟုတ်ပါဘူးဗျာ ဟဲဟဲ..."

ထွန်းသောင် ရှက်ရယ် ရယ်သည်။ ပြောမဲ့သာ ပြောရသည်။ ဂိတ်မှူးပြောသလို ရေမွှေးတင်မဟုတ် ပန်းကုံးများပင် ဆွဲထားလိုက်ချင်သေးသည်။

ထိုနေ့က လာချိန်တန်သည်အထိ စောင့်သော်လည်း လှည္ဖွန့်မေတစ်ယောက် ပေါ်မလာခဲ့ပါချေ။ ထွန်းသောင် ခေါင်းငိုက်စိုက်ချ၍ ပြန်ခဲ့ရသည်။

နောက်တစ်နေ့တွင် ထွန်းသောင် နားထဲသံရည်ပူတွေ လောင်းထည့်ခံရသည့်အလား သတင်းစကားကြားရတော့သည်။ ရန်ကုန်တွင် လှည္ဖွန့်မေတို့ကျောင်းမှ ကျောင်းသားတစ်ယောက်နှင့် လက်ထပ်လိုက်ပြီဆိုသည့်သတင်းပင် ဖြစ်တော့သည်။

"ဩော်...ဒါကြောင့် သူ ပေါ်မလာတာကို"

နောက်တစ်နေ့ ထွန်းသောင် မြင်းလှည်းမထွက်ဖြစ် ရွာဦးကျောင်းဆရာတော်ခေါ်၍ သွားရသည်။

"ထွန်းသောင်ရေ။ ဘုရားကြီး ရွှေသင်္ကန်းကပ်ပြီးပြီဆိုတော့ မင်းတို့ ကာလသားတွေ ငြမ်းတွေဖျက်ကြတော့ကွာ"

ဟု မိန့်မှာသည်။


"ဩော်...ဟုတ်ပေသားပဲ။ ရွှေချပြီးမှတော့ ငြမ်းကြီးနဲ့ ဘယ်တင့်တယ်ပါ့မလဲ။ ငြမ်းတွေ ဖျက်ကြရတော့မှာပေါ့"

**မောင်မိုး**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ရွှေထီးတင်၍၊ ရွှေစင်ရောင်လျှံ
ရွှေပြားမံလျက်၊ ထက်ထံတိမ်ခွင်
ထောင်းထင်ဝင်းဝင်း၊
မိုးလုံးလင်းချ
နေမင်းစကြာ၊ လူရိပ်ထာလျှပ်
ထွန်းဝါပြောင်ပြောင်၊
ခြည်တစ်ထောင်နှင့်
တိမ်မှောင်လင်းပျောက်၊
ဖြန်လာရောက်သို့
ပျော်ချောက်နတ်ရွာ၊ ဗြဟ္မာထာစ
ထိုမှအရှား၊ ထုံးထုံထားတို့
ခုနစ်ဝါးရတနာ၊ တိုယ်စီပါလျက်
များစွာပျော်ပျော်၊ ပူဇော်ကြလျှာ
ဆိုရာလူလျှိုင်း၊ ဆုကြီးခိုင်းထ
တောင်းတိုင်းပြည့်စုံ၊
တန်ခိုးဖုံထည်
ဘိုဂုံစေတီလှ၏တည်း။

ရွှေတိဂုံဗျိုး(ပေမူ)

စာဆိုတို့ကလောင်သည် ...၏။ အာသိပါ၏။ သတိလာ၏။ ... ဘဝိုရင်း...င်း ဖြတ်သန်းစီးဆင်းလာသော အလင်္ကာပန်းတို့သည် ထာဝရ အစဥ် မွှေး၏။ အေး၏။ စာဆိုအလင်္ကာပန်းကုံးသည် လှလည်းလှပါသည်။ မွှေးလည်းမွှေးပါသည်။ အေးလည်း အေးပါသည်။ ရွှေတိဂုံပျို့ပေမူလာ အလင်္ကာသည် တိုတိုရှင်းရှင်း ဆိုလိုရင်းကို ထိမိပါပေသည်။ ရွှေတိဂုံ ခြေရင်းမှ ထီးတော်အထိ မိုးလုံကောင်းကင်တစ်ခို ဝင့်ဝင့်ကြွားကြွား တလူလူရှိနေသည်။ နေမင်းစကြာ အသူရရောင်ခြည်တစ်ထောင်ကြောင့် ရွှေမျှစ်စို့အလား နုနုထွားထွား တိမ်မှောင်ကင်းကာ ထိန်လင်းဝင်းဝါလျက်ရှိနေသည်။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံအထိတိုင် ရတနာ (၇) ပါး စီချယ်ထားသလို အသွင်တင့် အနေမြင့်လျက်ရှိပါသည်။ ဤသို့သော ရွှေတိဂုံစေတီအလှတွင် တန်ခိုးထက်မြက်ကာ ဆုတောင်းတိုင်းသာ ပြည့်ဝလှပနေပါတော့မည်ဟူသော စာဆိုစကားကို ကြားယောင်မြင်သိလာအောင် ရေးဖွဲ့ထားပါသည်။

စာဆိုတို့အမြင်နှင့် စာဖွဲ့နွဲ့တတ်သော စာဆိုတို့သည် ရွှေတိဂုံစေတီတော်ကို အဝေးမှလည်းကောင်း၊ အနီးမှလည်းကောင်း ကြည်ညိုဦးခိုက်ကြပါသည်။ စာသ အလင်္ကာ အဆင်တန်ဆာနှင့် အားမရ အခွင့်ရတိုင်း စာဖွဲ့၍ နွဲ့ခဲ့သွဲ့ခဲ့ကြလေသည်။ ဖွဲ့ကြသော စာများတွင် ဂါထာစီ၍ထားသော ဘုရားရှိခိုးမှအစ စေတီတော်ဘွဲ့၊ ပိုဒ်စုံရတု၊ လေးချိုး၊ ပေါးထပ်များနှင့် မယ်ဘွဲ့၊ မောင်ဘွဲ့၊ ဘုရားတိုင်ရတုများအထိ ပါဝင်လေသည်။ အရပ်ထဲမှ ပွဲလမ်းသဘင်များတွင် သီဆိုသည့် သီချင်းကဗျာများလည်း ပါဝင်သေးသည်။ စာဖွဲ့သူ စာဆို ပုဂ္ဂိုလ် အကျော်အမော်တို့မှ ထင်ရှားသူတို့၏ လက်ရာအချို့ကိုပြရလျှင် မောင်းထောင်သာသနာပိုင် ဆရာတော်၏ အဖွဲ့ဂါထာများ၊ နဝဒေးကြီး၊ ဝန်ကြီးပဒေသရာဇာ၊ ကျည်းကန်ရှင်ကြီး၊ စာဆိုတော် ဦးမင်း၊ ကင်းဝန်မင်းကြီး၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး စသူတို့၏ အဖွဲ့ကဗျာများဖြစ်သည်။

သက္ကရာဇ် ၁၁၅၅ ခုနှစ်တွင် မောင်းထောင် ဆရာတော်သည် အမရပူရမှ နောက်ပါရဟန်းရှင်လူ တစ်ထောင်

www.burmeseclassic.com

ကျော် ခြံရုံလျက် ရွှေတိဂုံစေတီတော်သို့ အဖူးအမြော်တက်ရောက်ခဲ့ရာတွင် ဘုရားကြီးအား ကြည်ညိုသောစိတ်ဖြင့်···

**"ယော ဒီ ပက်ရ မ္မုလမိ၊**
**ပဒ် ဟတ္တ ဂတ် စဗီ။**
**သမ္မာ သမ္မောဓိ မာကာဒ်၊**
**ဝန္ဒေ တဿ သိရောရုဟံ။"**

အစရှိသော ပါဠိဘာသာ ထောမနာ ၁၂ ဂါထာကို ရေးဖွဲ့ခဲ့သည်။ အဓိပ္ပာယ်မှာ···

ဒီပင်္ကရာ ဘုရားရှင် ခြေတော်ရင်း၌ သမ္ဗုဒ္ဓဘုရားဆုကို အလိုရှိတော်မူသည်ဖြစ်၍ လက်တော်သို့ ရောက်လုဆဲသော နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို အကျွန်ုပ် ရှိခိုးပါ၏ ဟူ၍ဖြစ်သည်။

ဒုင်း = လည်းကောင်း

ခရစ်နှစ် ၁၅၆၀ ပြည့်နှစ်တွင် ထင်ရှားခဲ့သော တောင်ငူခေတ်စာဆို နဝဒေးကြီးကမူ သူရေးဖွဲ့သော "ဒဂုံမွေ့ရှင်" ချီ ဘုရားတိုင်ရတု၌

"ဒဂုံမွေ့ရှင်၊ သိင်္ဂုတ်တွင်၌၊ ရှင်ပင်သစ္စာ၊ ပွင့်သောခါဝယ်၊ မြောက်ဗ္ဗာနလွန်၊ တဖန်ရက်စေ့၊ ပြည့်သည်နေ့၌၊ ကြုံတွေ့လျှင်းအောင်၊ မြတ်ညီနောင်လျှင်၊ ရည်စောင်ကြည်ဖြူ၊ ပျားဆုပ်လှူ၍၊ မဠူဆံမွေ၊ ကိုးကွယ်စေကာ ထိပ်ဗွေ ဆောင်ရွက်၊ သည်တောင်ထက်ဝယ်၊ ကျိုက်ပွက်ကြေညာ၊ ကျော်မှန်ဝါသား၊ ဗ္ဗာပနာတွေ၊ တည်ခဲ့ပေသည့်၊ ဆံပွေရုံးစု၊ သဗ္ဗညုကို"

အစရှိသဖြင့် သိင်္ဂုတ္တရကုန်းတွင် တဖုဿ၊ ဘလ္လိကညီနောင်တို့ ဘုရားထံမှ ယူဆောင်လာသော ဆံတော်များကို တည်ထားကိုးကွယ်ပုံကို ဖွဲ့ဆိုထားပြီးလျှင် ဒုတိယပိုဒ်၌

"မစုံပေချင်၊ ချက်တွေမြင်က၊ ရွှေစင်စတေ မြေကဖြိုးမောက်၊ ပေါက်တို့သလော၊ တွေးတောမူးမော်၊ အောက်မေ့သော်မူ ရှုမြော်မရဲ၊ တလဲလဲလျှင်၊ မစဲမည်၊ ရွှေတိလျှံမှူ···"

ဟူ၍ စေတီတော်ကြီးအား ရွှေတောင်ကြီး မြေကပေါက်လာဘိ သကဲ့သို့ ရှုမြော်မှုမြင်မဝနိုင်ပုံကို ရေးသားထားခဲ့သည်။ နဝဒေးမင်းကြီးသည် အခြ[illegible] ဘုရားတိုင် ရတုများတွင်လည်း ဒဂုံ[illegible] တော်ရှင်အကြောင်းကို စာဖွဲ့၍ ကြည်ညို[illegible] ခဲ့လေသည်။

ဝန်ကြီး ပဒေသရာဇာကမူ···

"သိင်္ဂုတ္တရ၊ ကုန်းလုမြတ်မှာ[illegible] အမည်မှာမူ၊ သတ္တာဘုမ္မိ၊ ဘူရိဒတ္တ[illegible] ပေါက္ခရဝတီ၊ သီဟရာဇာ၊ တမ္ဗာ ဂုဏ္ဍ[illegible] တိဂုမ္ဘဟု သတ္တနာမံ၊ ကမ္ဘည်းခံ[illegible] ကုန်းရုံကိုးဆယ်၊ ကုန်းကိုးသွယ်ရှင့်"

ဟူ၍ သိင်္ဂုတ္တရကုန်း၏ အမည်[illegible] ခုနစ်ပါးဖြင့် အစချီလျက် ရွှေတိဂုံသမိုင်း[illegible] လင်္ကာကို ခရစ်နှစ် ၁၇၅၁ ခုနှစ်တွ[illegible] ရေးဖွဲ့ခဲ့သည်။

ကျည်ကန်ရှင်ကြီး ရှင်နန္ဒ[illegible] ကလည်း ···

"(ဝါ) အမြိုင်အမြိုင်ဆံတော်[illegible] ရင်းမှာ အပြိုင်ပြိုင် လှူဖွယ်ခင်း[illegible] အလှိုင်အလှိုင် ပုသ်သီတင်းနှင့် ဝါတွင်း[illegible] ဝါပ ကုသိုလ်ယူ၊ နတ်ရွာနိဗ္ဗူ ဘယ်မှ[illegible] ပုန်းမလဲ။ တိဟိတ်ကုသိုလ် စဉ်လာ[illegible] နှင့် ရဟန်းရှင်လူ ယူကာကျူး[illegible]



www.burmeseclassic.com

www.burmeseclassic.com

လုပ်တုတ်သံ ပြုတ်ပြုတ်ဖြုန်းနှင့်၊ ိုင်းသံစည်သံ ညံညံအုန်းစ၊ ပရိသတ် ဖွေ ခြိမ့်ခြိမ့်အုန်းနှင့် ကြီးကြီးငယ်ငယ် တစ်မြို့လုံးပင်၊ နိဗ္ဗာန်ယူမည် ယုံကြည် န်းမို့၊ နလုံးမွေ့လျော် ပျော်ဘွယ်ရှိ သော၊ စသည်ဖြင့် ရန်ကုန်တစ်ဝိုက် လူများ၏ ရွှေတိဂုံတွင် ကုသိုလ်သီလ ကာ ကြည်ညိုဆောက်တည်ကြပုံကို ပွဲခဲ့သည်။ ထိုကဗျာမှာ သိင်္ဂုတ္တရေ ရမ္မေ စသည်ဖြင့် ကျည်းကန်ရှင်ကြီး ပွဲခဲ့သော ပဏာမ ပဋ္ဌနာပါဠိဂါထာ "ရမ္မေ" ပုဒ်၏ အနက် မြန်မာပြန် စ်စိတ်တစ်ဒေသဖြစ်လေသည်။

ထို့ပြင် မင်းကွန်းတောရ ရာတော်အရှင် ပဏ္ဍာဝံသနှင့် မန်လည် မင်းကျောင်းတိုက်နေ ဘဒ္ဒန္တဇဝန ထေရ် (မန်လည်ဆရာတော်) တို့ ပြန်အလှန် အမေးပုစ္ဆာထုတ်၍ ိုထားသော သတာပဒီကပုစ္ဆာဝိ သဋ္ဌ မ်းတွင် ရွှေတိဂုံစေတီတော်ကြီး၏ င်း အပန်း၊ စေတီရပ်၊ သီးရပ်၊ ထီး၀၊ စ်း စသော အတိုင်းအထွာများကို လည်း တွေ့ရှုပြန်သည်။

ကုန်းဘောင်ခေတ်တွင် ကျည် ကန်ရှင်ကြီးမေး၍ ကျီးသဲလေးတပ် ဆရာတော် ဖြေဆိုသော စွယ်စုံကျမ်းတွင် လည်း ရွှေတိဂုံစေတီတော်နှင့် စပ်လျဉ်း သော သိမှတ်ဖွယ်အကြောင်းတို့ကို တွေ့ရသေးသည်။ ထိုအမေး အဖြေများ မျာ ရွှေတိဂုံသမိုင်းနှင့် အကျုံးဝင်လေ သည်။ နမူနာပြရသော ···

"သပိတ်လေးလုံး၊ လက်နှိပ်ဖုံး၊ တလုံးတည်းဖြစ် ဘယ်နေ့နည်း။

နတ်လေးယောက်လုံး၊ လူ စည်းရုံး၊ မြင့်ဆုံးဘယ်နတ် သပိတ်နည်း။

ပျားမုံ့ဆုပ်ဆွမ်း၊ ပေးလှူကမ်း၊ ဝန်ထမ်းကုန်သည် ဖြစ်လိမ့်နည်း။

ရွှေဆံတော်တည်၊ ညီနောင် သည်၊ အတည်ခြား၍ တည်လိမ့်နည်း။"

စသည်တို့ဖြစ်လေသည်။ ဤ သည်မှာ စေတီတော်နှင့် စပ်လျဉ်းသော အကြောင်းများသည် ရသစာပေများ၌ သာမက သုတစာပေကျမ်းများ၌လည်း ပါဝင်ခဲ့ကြောင်း သာဓကဖြစ်ပေသည်။

ကုန်းဘောင်ခေတ်စာဆို ဦးမင်းကာမူ သူ၏လေးချိုး၌ ရွှေတိဂုံ တည်ရာ ကုန်းတော်ကိုဖွဲ့ရာတွင် ···

"မောက်လို့သာကဲတော့တယ်၊ တောက်ဆဲသူရှိန်လို့၊ ဘူမိန္ဒာမြေရိုက်တွင် မှ ရွှေသိုက်စောင်ပေါ်ထွန်းလို့၊ မော်ကွန်း အောင်သံကွန့်ပါဘိ၊ တောင်ညွှန့်ရင်"

ဟူ၍လည်းကောင်း။ ဘုရားရှင် ကိုယ်တော်နှင့်တင်စား၍ ဖွဲ့ဆိုရာတွင်··

"ဘုန်းမကိုင်ငြပေမို့၊ သုံးတိုက် စက်ခွင်ကို မဂ္ဂင်ပျံ့ ဖောင်မွှန်နှင့် ဆောင် ညွှန်ဆန်ကူးမယ်လို့၊ ဉာဏ်ထူးဗျာဆင်တဲ့၊ မာရင့်မုံ"

ဟူ၍လည်းကောင်း ကြည်ညို ဖွယ်ဖြစ်အောင် ရေးသားဖွဲ့ဆိုခဲ့လေသည်။

ကင်းဝန်မင်းကြီးသည် ခရစ်နှစ် ၁၈၇၄ ခုနှစ် မတ်လတွင် ပြင်သစ်ပြည် ပါရီမြို့ တော်သို့ သံတော်အဖြစ်အသွား၌ ရန်ကုန် မြို့ရှိ ရွှေတိဂုံစေတီကို ဝင်ရောက်ဖူးမြော် ရင်း ဆွမ်းကပ်လှူသည်။ ထို့နောက် ရန်ကုန်ဆိပ်ကမ်းမှ မီးသင်္ဘောဖြင့် ပင်လယ်သို့အထွက်တွင် အဝေးမှ လှမ်း၍

www.burmeseclassic.com

ဖူးမြော်ရသော ဒဂုန်ဆံတော်ရှင်အား ··

"သက်တံ့တဲ့ သက်တံ့၊ ပွား
အကွန့်၊ ဖျားညွန့်သက်စုံခတယ် လေးပါး
ဓာတ်ပုံ"

ဟူ၍ ကြည်ညိုသောစိတ်ဖြင့် စာဖွဲ့ကာ ဦးခိုက်ခဲ့လေသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး ကမူ···

"ယမိုက်မှောင်ချွေ၊ တဝေဝေ
တည့်၊ မီးရေစုံသား၊ ဂုဏ်တော်အားဖြင့်၊
မြတ်ဖျားဧယျ၊ တိဂုံဘ၏ ကေသ
ဆံတော်၊ ကိန်းဝပ်ပျော်သည်။ အကျော်
ထင်ရှား၊ နောင်တော်များပဲ၊ ဘုရားဘုန်း
လူ၊ မြတ်သုံးဆူတို့ နှုန်းယှဉ်ဘက်ကင်း၊
ဓာတ်မွေမင်းတို့ သီတင်းသုံးရာ၊ မှန်လှစွာ
တည့်၊ ကမ္ဘာမကိုဋ်၊ ဘုံသုံးတိုက်မှ၊ ဦးခိုက်
ခိုလှူ၊ ရွှေတိဂုံဟူ၊ သံ-ဂုံ-ပ-မ၊ လေးဘွဲ့
ရသည်၊ ထူပအကျော်၊ စေတီတော်ကို"

စသည်ဖြင့် မဟာဝဇီရ၊ မကုဋ မင်္ဂလာ စိန်ဖူးတင် ဩဘာရတုပိုဒ်စုံကို ခရစ်နှစ် ၁၉၃၁ ခုနှစ်တွင် ရေးဖွဲ့ခဲ့သည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးသည် မြန်မာတို့၏ အမျိုးသား ယဉ်ကျေးမှုအမွေအနှစ် ဖြစ်ပါသည်။ ပြည်ပခရီးသည်များနှင့် ပြည်တွင်းနေ တိုင်းရင်းသားများက အဆန်းတကြယ် အထူးအမြတ်ပြုရသော စေတီတော်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ဦးထိပ်ထားရာ သာမက မြန်မာနိုင်ငံတော်၏ ပန်းပဲ၊ ပန်းရွှေ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတမော့၊ ပန်းရန်၊ ပန်းပု စသည့် အနုပညာ ယဉ်ကျေးမှုအပေါင်းတို့၏ ခညောင်းရာ ဘဏ္ဍာတိုက်ကြီးဖြစ်သည်။

စေတီတော်မြတ်ကြီး၏ ငှက်မြတ်နား၊ စိန်ဖူး၊ ထီးတော် အစရှိသည်တို့တွင် တင်လှူထားသော စိန်၊ ရွှေ၊ မြ ပတ္တမြား စသော ကျောက်မျက် နဝရတ် ရတနာများ၏တန်ဖိုး ခေတ်ကာလတန်ဖိုးကိုလိုက်၍ ခန့်မှန်းရန်ပင် ခက်ခဲပါသည်။ ခရစ်နှစ် ၁၉၇၀ ပြည့် စက်တင်ဘာလတွင် လျှပ်ဒဏ်ကြောင့် အတန်ငယ် စောင်းသွားသော ပိန္နဲတိုင်ကို မတည့်မတ်မီ အချိန်အထိ ငှက်ပျောဖူးမှအစ ထီးတော်၊ စိန်ဖူးတော်တို့ရှိ ရတနာတို့၏ တန်ဖိုးမှာ သိန်း ၄၀ ကျော်မျှဖြစ်သည်ဟု ဆိုသည်။ စေတီတော်ကြီးရှိရာ ရတနာ အစုစုကို တန်ဖိုးသင့်သော် ကုဋေနှင့်ချီ ရှိပေလိမ့်မည်။

စေတီတော်ကို လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်ဖြစ်သော မဟာ သက္ကရာဇ် ၁၀၃ ခုနှစ်တွင် တည်စဉ်က စေတီတော်အမြင့် ၆၆ (၄၄) တောင်မြင့် သည်။ ယခုအခါ ဒါယကာ အဆက်ဆက် တို့၏ ပြုပြင်လှူဒါန်းကြသော ကောင်း ကြောင့် ဖိနပ်တော်မှ စိန်ဖူးတော်အထိ ဉာဏ်တော် ၃၂၆ ပေ အမြင့်ရှိသည် ပင်လယ်ပြင်မှ အထက် ၁၉၀ ပေ မြင့် သော သိင်္ဂုတ္တရကုန်းတော်ထိပ်တွင် တည် ထားသော စေတီဖြစ်သည်။ ဖိနပ်တော် ပတ်လည်သည် ၁၄၂၀ ပေရှိပါသည် စေတီရံ ၆၄ ဆူနှင့် မုခ်လေးဝရှိ မုခ်ဦး စေတီကြီးလေးဆူဖြင့် ဝန်းရံထားပါသည် ဖိနပ်တော်မှ စိန်ဖူးတော်အထိ ရွှေပြားခ ၍ ဆက်ကပ်လှူထားသည်။

ရွှေတိဂုံစေတီတော်ရှိ ကောင်း အစုစု အဖိုးတန်လက်ရာ ရတနာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခေတ်တစ်ချိန်တွင် ပေါ်ပေါက်ခဲ့သော လူများ၏ ကောင်းမှုမဟုတ်ပေ။ မြန်မာ့သမိုင်းတွင် ခေတ်အဆက်ဆက်က မင်းနှင့်ပြည်သူ ပြည်သားတို့ ပြုခဲ့ကြသော ကုသိုလ်ဒါန အဆောက်အအုံကြီးပင် ဖြစ်လေသည်။ မြန်မာနိုင်ငံကို "စေတီပုထိုးနိုင်ငံ" ဟူ၍ တင်စားပြီး ခေါ်ဝေါ်ရေးသားခဲ့ကြသည်။ စေတီပုထိုး အမျိုးမျိုးတို့ကို ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်၍ ဗုဒ္ဓဘာသာ အခုံးအမှအရ ဒါနကုသိုလ်၏ အကျိုးဆက် အကျိုးထူးများဖြစ်သည်။ စေတနာ သဒ္ဓါတရားပေါက်သူတို့က လူအား ငွေအား ပစ္စည်းအားဖြင့် စုပေါင်းတည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

စေတနာနှင့် အင်အားကို ထိုက်၍ သဲစေတီ၊ ထုံးသင်္ကန်းဖွေးဖွေးနှင့် အုတ်စေတီမှသည် ရွှေရောင်ဝင်းပြောင်သော ရွှေသင်္ကန်းနှင့် စေတီအမျိုးမျိုး ဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့တကာ ရွာတကာတွင် ဒေသသမိုင်းနောက်ခံများအရ အထူးပြု ကိုးကွယ်စောင့်ရှောက်ကြသော တန်ခိုးကြီးဘုရားများ ရှိတတ်ကြစမြဲဖြစ်သည်။ ရွှေတိဂုံစေတီတော်မှာမူကား တစ်တိုင်းပြည်လုံးရှိ တန်ခိုးကြီး စေတီ အဆူဆူတို့တွင် အကျော်အမော် တစ်ပါးဖြစ်သည်။

ရွှေတိဂုံစေတီသည် ခင်ကြီးဖျော် ဆရာတော်မှတ်သားထားသည့် တန်ခိုးကြီးဘုရား ၂၈ ဆူတွင် ဗောဓိစိန္တောဘွဲ့ရ စေတီတော်ကြီးလည်းဖြစ်ပါသည်။ ရွှေတိဂုံဘုရားပွဲတော် ရာသီဖြစ်သော တပေါင်းလပြည့်အခါများ၌ ရှေးမြန်မာမင်းများလက်ထက်ကပင် စည်ကားမြဲ ဖြစ်သည်။ ခေတ်ကာလအလျောက် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သည်။ ဘုရားပွဲတော်ကြီးကို တကူးတက လာရောက်၍ ဘုရားဖူးတို့သည် နိုင်ငံတွင်းမျှသာ မဟုတ်ဘဲ၊ နိုင်ငံခြားပြည်ပဖြစ်သော ဗုဒ္ဓဘာသာဝင် တိုင်းပြည်များမှ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များစွာပါဝင်ကြပါသည်။ ထိုတိုင်းပြည်များမှာ အိန္ဒိယ၊ သီဟိုဠ်၊ (ထိုင်း)ယိုးဒယား၊ လော (လာအို)၊ ကိုရီးယား စသည့် အရှေ့တောင် အာရှတခွင်မှ တိုင်းပြည်များ ပါဝင်သည်။

ရတနာပုံခေတ် မင်းတုန်းမင်းကြီး၏ ထီးတော်ကို တပ်မတော် အစိုးရလက်ထပ်တွင် "အောင်စစ်သည်တော်ထီးပူဇော်" နိုင်ခဲ့သည်။ မြန်မာ့သမိုင်းသစ်တွင် မော်ကွန်း ကမ္ပည်း အောင်စည်အောင်မောင်းတီးနိုင်ခဲ့သည်။ ကမ္ဘာအလယ်တွင် မြန်မာတို့၏ အမျိုးဘာသာသာသနာရေး လုပ်ဆောင်မှုကြီးသည် စည်ပင်သာယာဝပြောလျက်ရှိပါသည်။ ရွှေတိဂုံစေတီတော် နှစ် ၁၆၀၀ ပြည့်နှစ်တွင်လည်း မင်းနှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲ၍ အကောင်းတကာ့ထိပ်ခေါင် အယဉ်အလှဆင့်မြှင့်တင်နိုင်ခဲ့ပါသည်။ ယခုကောင်းသလို နောင်တစ်ခေတ်တွင် ကောင်းအောင် ပြည်သူလူထုများ၏ နှလုံးသား အလှဆင်လျက်ရှိပါတော့သတည်း။

**နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။**

**ယောနကဘိုးထောင်**



www.burmeseclassic.com

www.burmeseclassic.com

ပြည်တွင်းမှုခင်း




# တန်ရာတန်ကြေး

ကျော်ဝဏ္ဏကျော်



www.burmeseclassic.com

www.burmeseclassic.com

"မာမီ"

ညှော်ခန်းနံရံတွင် ချိတ်ထားသော ကွယ်လွန်သူ ခင်ပွန်းကိုအောင်လွင်ဦး၏ ဓာတ်ပုံကို တသလွမ်းဆွတ်သောစိတ်နှင့် ေးမောကြည့်နေမိသော ဒေါ်ကြည်သာ မြိုင်တစ်ယောက် အငယ်ဆုံးသား စိုးဌေး ဦး၏ခေါ်သံကြောင့် နောက်ပြန်လှည့် ကြည့်ရင်း ...

"ရက်(စ)မိုင်ဆန်း။ ဘာပြော ေလို့လဲ"

ဟု ပြန်မေးလိုက်သည်။ အပြင် ပြန်လာသော စိုးဌေးဦးက မိခင်ဖြစ်သူ ဒေါ်ကြည်သာမြိုင်ကို ပြေးဖက်ရင်း နှစ် ယောက်ထိုင် ဆိုဖာခုံရှိရာသို့ ဆွဲခေါ်သွား ပြီး နှစ်ယောက်သား ထိုင်ချလိုက်သည်။ ဒေါ်ကြည်သာမြိုင်က သားငယ် စိုးဌေးဦး ကို ပြန်ဖက်လိုက်သည်။

"မာမီကို သား ပြောစရာရှိလို့။ သားလုပ်တာ မှန်သလား။ မှားသလား ဆုံးဖြတ်ပေးပါ မာမီ"

"ပြောစရာရှိတာသာ ပြောပါ သားရယ်။ သားတို့ သမီးတို့ ဘာလုပ်လုပ် မှန်တယ်လို့ မာမီအမြဲပြောနေတာ၊ သားလေး မေ့သွားပြီလား"

ဒေါ်ကြည်သာမြိုင်တွင် သား နှစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။ သမီး မြကြာဖြူက အကြီးဆုံး။ ဘွဲ့ရ ပညာတတ်၊ ကုမ္ပဏီတစ်ခုမှာ လုပ်နေသူ။ သားလတ် ကြည်ဇော်ဦးကလည်း ဘွဲ့ရ၊ ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ထူထောင် လုပ်ကိုင်နေသူ။ အငယ်ဆုံးသား စိုးဌေး ဦးတစ်ယောက်သာ ဆယ်တန်းမအောင်၊ အလုပ်အကိုင်မရှိ။ ဆယ်တန်း နှစ်ခါကျ ကျောင်းမနေတော့ဘဲ မိခင်ဖြစ်သူထံမှ လက်ဝါးဖြန့်တောင်းပြီး ပွေပွေရှုပ်ရှုပ်နေသူ။ စိုးဌေးဦး ပွေရှုပ်သမျှကို ဒိုင်ခံဖြေရှင်းပေး သူက ဒေါ်ကြည်သာမြိုင်။ မိခင်ဖြစ်သူ ကိုယ်တိုင်က သားသမီးများကို မျက်ကန်း ချစ် ချစ်နေသူ။ သားသမီးသုံးယောက်လုံး ကလည်း လူပျို၊ လူလွတ်တွေ၊ မိခင်ကြီး နှင့်အတူနေထိုင်ကြလေသည်။ သမီးကြီး မြကြာဖြူရသောလစာကိုလည်း စိတ် ကြိုက်သုံးစွဲခွင့်ပေးထားသလို သားလတ် ကြည်ဇော်ဦးဆီကလည်း တစ်ပြားတစ်ချပ် မှ မတောင်း။ ဒေါ်ကြည်သာမြိုင်ကိုယ်တိုင် ကလည်း စိန်ပွဲစား၊ အိမ်ပွဲစား၊ ပြီးတော့ ကွယ်လွန်သွားရှာပြီဖြစ်သော ခင်ပွန်း ကိုအောင်လွင်ဦးကလည်း အစိုးရဌာန တစ်ခုမှာ အရာရှိတစ်ဦး။ မကွယ်လွန်မီ ဝန်ထမ်းဘဝက မတောင့်မတနေနိုင် အောင် ရှာဖွေထားခဲ့သည်။ ကိုအောင် လွင်ဦး သက်ရှိထင်ရှားရှိစဉ်ကပင် ဘို ဆန်ဆန် နေထိုင်ခဲ့ကြသည်။ မြန်မာ့ဓလေ့ ထုံးစံကို အထင်မကြီးဘဲ အနောက်တိုင်း ဓလေ့ထုံးစံများကို သင်ကြားခဲ့သည်။ သည်တော့ တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်း လင်း ပြောဆိုကြသည်။ အမေနဲ့သား၊ အဖေနဲ့သမီး စည်းခြားမထားတော့။ သူငယ်ချင်းများလို ပွင့်လင်းစွာပြောဆို ကြသော မိသားစုတစ်စုဖြစ်လာသည်။

ဒေါ်ကြည်သာမြိုင်ကိုယ်တိုင် ကလည်း ခေတ်ရေ့ပြေးနေသူမို့ သား သမီးများကို သူငယ်ချင်းပေါင်း ပေါင်း သည်။ ကိုအောင်လွင်ဦး ကွယ်လွန်သွား သောအခါ အဖမဲ့သားသမီးများအဖြစ် အကြင်နာပိုကာ ပို၍ပင် အလိုလိုက်ထား

www.burmeseclassic.com

ခဲ့သည်။ တကယ်တော့ ဒေါ်ကြည်သာ မြိုင်တို့ မိသားစုသည် အနောက်တိုင်း ယဉ်ကျေးမှုကို လွန်စွာ အထင်ကြီးသော ဘိုရူး ရူးနေသော မိသားစုပင်ဖြစ်ပါလေ၏။ စိုးငွေဦးကိုယ်တိုင်ကလည်း အစ်မနှင့် အစ်ကိုကို အစ်မကြီး အမိရာ၊ အစ်ကိုကြီး အဖရာမထားတော့ နင်နင့်ငါနင့်သာ ပြောဆိုလေသည်။ သည်ကြားထဲ အငယ်ဆုံးဆိုပြီး အလိုလိုက်ထားပြန်တော့ အရိုင်းဆုံးနှင့် ဘဝင်အမြင့်ဆုံး ဖြစ်နေတော့သည်။

"မာမီ ဒီနေ့ သားလေ သားရဲ့ ကောင်မလေးနဲ့လျှောက်လည်ကြတယ်"

"ဘယ်ကောင်မလေးကို ပြောတာလဲ သားရဲ့။ သားမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာလေ။ သူနဲ့သွားတယ်ဆိုတာ သားကပြောပြမှ မာမီက သိမှာပေါ့ကွာ"

ဒေါ်ကြည်သာမြိုင်က သားဖြစ်သူ၏ ပခုံးကိုဖက်ရင်း ပြန်မေးလိုက်သည်။ စိုးငွေဦးက မိခင်ဖြစ်သူ၏ ပြန်မေးလိုက်သော မေးခွန်းကို သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်ပြီး-

"ဟိုဘက်ရင် ကွက်က စံပယ်ဖြူပါ မာမီရယ်"

ဟု ပြောချလိုက်သည်။

"ဒါများ အဆန်းတကြ ်လုပ်လို့ သားရယ်။ ခါတိုင်းလည်း သွားနေကြပဲ ဥစ္စာ"

"မာမီကလည်းဗျာ။ သား ပြောတာကို ဆုံးအောင်နားထောင်ပါဦး။ ဒီနေ့ စံပယ်ဖြူနဲ့လျှောက်လည်ကြတာ OCEAN ကို ရောက်သွားကြတယ်။ အဲဒီမှာ စံပယ်ပွင့်ဖြူက ပူဆာတော့တာပဲ"

"ဘာပူဆာတာလဲ သားရဲ့"

"သူ့ကိုချစ်ရင် ကိုရီးယားက လာတဲ့ငါးသောင်းကျော်တန် ရယ်ဒီမိတ် အင်္ကျီနဲ့ ဘောင်းဘီကိုဝယ်ပေးဖို့ ပူဆာတာ မာမီရေ့"

စိုးငွေဦးက ဟန်ပါပါ ပခုံးနှ ဖက်ကို တွန့်ရင်း ပြောလိုက်သည်။

"သားက ဝယ်မပေးလိုက်ဘူး လား"

"မာမီသားပဲ မာမီရယ်။ ဘယ် အထင်သေးခံပါ့မလဲ။ သူလိုချင်တာ ဝယ်ပေးလိုက်ပြီးတော့ အပဲ"





www.burmeseclassic.com

www.burmeseclassic.com

"ဘာရှိ(ရယ်)တာလဲ သားရဲ့"

"သားလေ စံပယ်ပွင့်ဖြူကို ဝယ်ပေးလိုက်တာနဲ့တန်အောင် တည်းခိုခန်းကိုခေါ်သွားလိုက်တာပေါ့ မာမီရယ်"

စိုးငွေဦးက နှမချင်းမစာနာဟန် နှင့် ဂုဏ်ယူဝံ့ကြွားစွာပြောလိုက်၏။ သားနှင့်အမိ ပြောသင့်သောစကားလား မပြောသင့်သောစကားလား၊ ဘာမှ မစဉ်းစားတော့။ သူငယ်ချင်းချင်းပြော သလို ပြောချလိုက်သည်။ ဒေါ်ကြည်သာ မြိုင်ကလည်း သမီးမရှိသော မိခင်တစ် ယောက်အလား မြှောက်ထိုးပင့်ကော် ပြောလိုက်သည့်စကားကတော့···

"အို···ဒါ သားမှန်တာပေါ့။ စာတင်းစာထဲက ဆောင်းပါးတစ်ပုဒ် ဖတ်ဖူးတယ် သားရဲ့။ ဆောင်းပါးထဲမှာ ဒေါ်လီယံပဟီး(လ်)က ဆိုထားပါတယ်တဲ့။ မိန်းမများတို့လိုချင်တာ အကုန်ဖြစ်စေရ မယ်။ ခင်ပွန်းများတို့က ထိုက်သင့်တဲ့ တန်ရာ တန်ကြေးတော့ ပေးရမယ်လေတဲ့။ အဲဒီ လိုပေါ့ သားရယ်။ သားက သူလိုချင်တာ ကို ဝယ်ပေးလိုက်သလို သားလိုချင်တာ ကို သားက ပြန်ယူလိုက်တာပဲကွယ်။ တန်ရာတန်ကြေးပြန်ယူလိုက်တာပဲပေါ့"

သားဖြစ်သူက နှမချင်းမစာ မနာသလို အမေဖြစ်သူကလည်း သမီး ချင်း စာနာမှုမထား။ တင်စီးမခံ၊ အကြော မခံ၊ အသာယူချင်သော လေသံဖြင့် သား ဖြစ်သူ စိုးငွေဦးကို ဆုံးမတဲ့အပြင် မြှောက်ပင့်၍ပင် ပြောလိုက်လေတော့ သည်။

×××

မြကြာဖြူ၏ အိပ်ခန်းတံခါးကို ဒေါသတကြီးဆောင့်ပိတ်လိုက်သူက ဒေါ်ကြည်သာမြိုင်။ တံခါးပိတ်လိုက်သံက အခန်းထဲမှ မြကြာဖြူ၏ ငိုရှိုက်သံကို ဖုံးလွှမ်းသွားသည်။ တံခါးပိတ်သံထက် ပို ကျယ်တာက ဒေါ်ကြည်သာမြိုင်၏ တက်ခေါက်သံ။ ပိုးထိသော မြွေပွေးဟဝ ရောက်ရသည်မို့ မခံချိ မခံသာ။ သူများ မျက်ခုံးမွေးပေါ် စကြီလျှောက်လာခဲ့သမျှ သမီးဖြစ်သူ မြကြာဖြူနဲ့မှ ကိုယ့်မျက်ခုံး မွေးကို သူများက ရိတ်သွားတာကို ခံလိုက်ရတော့သည်။

ဒေါ်ကြည်သာမြိုင်သည် သူ၏ သားသမီးများကို ဂျင်ပေါ်ကထုံးဖြစ်အောင် လူပေါ်လူဇော်လုပ်တတ်အောင် ငယ်စဉ် ကပင် သွန်သင်ခဲ့သည်။ ပုံစံသွင်းခဲ့သည်။ ကတုံးပေါ်ထိပ်ကွက်၊ အနာမခံတဲ့ အသာ စံတတ်အောင် ညွှန်ပြခဲ့သည်။ အတ္တမာန ထားတတ်အောင်လုပ်ခဲ့သည်။ ဒီလောက် ကြပ်မတ်ခဲ့သည့်ကြားက မြကြာဖြူတစ် ယောက် ခံလာရသည်ဆိုတော့ ဒေါ်ကြည် သာမြိုင်တစ်ယောက် ဒေါသမထွက်ဘဲ ခံနိုင်ရိုးလား။ မိဘနှင့်သားသမီးဆက်ဆံ ရေး မဟုတ်ဘဲ သူငယ်ချင်းလို ပွင့်ပွင့် လင်းလင်း ဆက်ဆံခွင့်ပေးထားခြင်းမှာ လည်း တစ်ဦးနှစ်တစ်ဦး ရဲရဲတင်းတင်း ပွင့်လင်းစွာ ပြောဆိုရရန်အတွက် ဖြစ်လေ သည်။ မြကြာဖြူအကြောင်းတွေးလေ တွေးလေ ဒေါသထွက်လေမို့ ဒေါသဖြစ် ဖြစ်ဖြင့် နှစ်ယောက်ထိုင် ဆိုဖာပေါ်သို့ ဆောင့်ထိုင်ချလိုက်သည်။ ထိုစဉ်မှာပင် အပြင်မှပြန်လာသော စိုးငွေဦးတစ် ယောက် လေချွန်သံပေးရင်း ဧည့်ခန်းထဲ ဝင်လာသည်။ ဒေါ်ကြည်သာမြိုင်က



www.burmeseclassic.com

www.burmeseclassic.com

သားငယ်ကို လှမ်းခေါ်လိုက်သည်။

"သား မာမီတို့တော့ ခံလိုက်ရပြီကွဲ့"

မျက်နှာချင်းဆိုင် ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သော စိုးငွေဦးကိုပြောလိုက်သည်။

"ဘယ်လိုခံရတာလဲ မာမီ။ သားကိုပြောစမ်းပါ"

"မင်း မမလေ၊ မင်း မမ၊ အခု ဒုက္ခရောက်နေပြီ"

ဒေါ်သကြောင့် အသံကတုန်နေသည်။

"မင်း မမနဲ့ ဟိုအကောင် အောင်မင်းထိုက်တို့ လွှန်လွှန်ကျူးကျူး ဖြစ်ပြီးမှ အတွေ့မခံဘဲ ရှောင်နေလို့တဲ့။ အဲဒါ ဘာလုပ်ရမှန်း မာမီတော့ မသိတော့ဘူး"

"ဒါလေးများ လွယ်လွယ်လေးပါ မာမီရယ်။ မမကြီး ဘာမှမဖြစ်သေးဘူး မဟုတ်လား။ မမကြီးကို ပြောလိုက် ONE GO, TWO COME လို့။ ဒေါ်ကြည်သာမြိုင်သမီး မဟုတ်သလိုဘဲ။ အောင်မင်းထိုက်ထက်သာတဲ့ကောင်တွေ တစ်ပုံကြီး။ ထပ်ရှာလိုက်ပေါ့။ ဒါပေမဲ့ မမကြီးရဲ့ အကောင်ကိုတော့ ဒီအတိုင်းလွှတ်ထားလို့ မဖြစ်ဘူး။ ဒီလိုလုပ်ရင် ဒီလိုခံရမယ်ဆိုတာ သိသွားအောင်လုပ်ပေးရမယ်။ ဒါမှ ဒေါ်ကြည်သာမြိုင် မိသားစုက တန်ရာ တန်ကြေး ပြန်ယူတတ်တယ်ဆိုတာ သိသွားအောင်လုပ်ရမယ် မာမီ"

ကိုယ်ကိုယ်တိုင်က သူများ သားသမီးကို အညွန့်ခူးလာခဲ့သော စိုးငွေဦးတစ်ယောက် ဝဋ်ပြန်လည်တာကို မတွေးမိလိုက်။ တူဖြစ်တုန်းက မညှာမတာ သာယာခဲ့ပေမဲ့ ပေဖြစ်တော့ နာလေပြီတကား။ စံပယ်ပွင့်ဖြူကို တည်းခိုခန်းခေါ်သွားပြီး တန်ရာတန်ကြေး ပြန်ယူခဲ့သော သားဖြစ်သူကို မဆုံးမခဲ့ဘဲ အားပေးအားမြှောက် လုပ်ခဲ့သော ဒေါ်ကြည်သာမြိုင်တစ်ယောက် ဝဋ်ပြန်လည်လာပြီဆိုတာ တွေးမှတွေးမိပါလေစ။

"ဟုတ်တယ်သား။ မာမီတို့ မိသားစုကို ဒီလိုလုပ်ရင် ဒီလိုခံရမယ်ဆိုတာ သိသွားအောင် လုပ်ကိုလုပ်ရမယ်။ မင်း မမဆီကယူသွားတာနဲ့တ... အောင် လုပ်တော့ပြန်လုပ်ခဲ့။ ဖြစ်လာတဲ့ ပြဿနာကို မာမီရှင်းမယ်"

ဒေါ်ကြည်သာမြိုင်၏ စကားမ... မဆုံးသေး။ စိုးငွေဦးက ထွက်သွားလေပြီ... ကိုယ့်ကိုထိတော့ မချိအောင်နာလေ... သော သားအမိ၊ ဒေါသကို ရှေ့တန်... တင်လိုက်ကြလေပြီ။

×××

ညဆယ်နာရီထိုးတော့မည်။ စိုးငွေဦးတစ်ယောက် ပြန်... မရောက်သေး။

ဒေါ်ကြည်သာမြိုင် တစ်... ယောက် မျှော်တော်ဇောနှင့် မောနေပြီ... သမီး မြကြာဖြူကို ကြောရရုံ ကြံသွာ... သော အောင်မင်းထိုက်ကို မတွေ့တွေ့... အောင်ရှာပြီး ဆုံးမပြီးနေလောက်ပြီ... တွေးနေမိသည်။ သားငယ် စိုးငွေဦး... ငယ်ငယ်ကတည်းက အလိုလိုက်ထား... သဖြင့် ခပ်ဆိုးဆိုး၊ ခပ်ပေပေ။ အ... အားကိုးဖြင့် ထင်တိုင်းကြဲကာ ထစ်က...



www.burmeseclassic.com

www.burmeseclassic.com

လျှင် လက်ပါလာတော့သည်။ ဒေါ်ကြည်သာမြိုင်ကိုယ်တိုင်က…

“မာမီရှိတယ်သား။ သားလုပ်ချင်တာလုပ်ခဲ့ မာမီရှင်းမယ်”

ဟု ပြောလေ့ရှိသည်။ သည်တော့ စိုးဌေးဦးတစ်ယောက် ချိုတပ်ပေးအားသော မြင်းတစ်ကောင်လို ဖြစ်လာသည်။ ဒေါ်ကြည်သာမြိုင်ကိုယ်တိုင် ငွေသုံးပိုက်၍ လိုက်ရှင်းရသော ပြဿနာကအနေ့ဒေး ဖြစ်လာသည်။ အခုလည်း စိုးဌေးဦးတစ်ယောက် မတော်လိုက်ရတဲ့ ယောက်ဖလောင်း အောင်မင်းထိုက်နှင့် ပြဿနာတက်ပြီး ရဲစခန်းရောက်ဖို့ တောင်းနေရလေပြီ။

“တင်တောင်…”

တံခါးဝမှ ဘဲလ်တီးသံကြောင့် ဒေါ်ကြည်သာမြိုင်တစ်ယောက် ဝမ်းသာအားရ …

“လာပြီ…သားရေ”

ဟု အသံပေးရင်း တံခါးဖွင့်လိုက်သည်။

“ဟင်”

သူထင်ထားသလို သားငယ်စိုးဌေးဦးမဟုတ် လမ်းလျှောကြီး ဦးရဲဝင်းနှင့်အတူ တံခါးဝတွင် ရပ်နေသည်က ရဲအရာရှိတစ်ဦး။

သေချာပါပြီ။ သားလေး စိုးဌေးဦးတစ်ယောက် လူရိုက်မှုဖြင့် ရဲစခန်းရောက်နေပြီဟု တွေးလိုက်သည်။

“ကျွန်တော်က ရဲစခန်းက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဝီလီသိန်းပါခင်ဗျာ။ အန်တီက မောင်စိုးဌေးဦးရဲ့ အမေပါနော်”

ရဲအရာရှိက ရည်ရည်မွန်မွန် မေးလာသည်။

“ဟုတ်ပါတယ်ကွယ်။ သားလေးကို ချုပ်ထားလိုက်ပြီလားကွယ်။ သားလေးက ဒီလိုပဲ စိတ်လိုက်မာန်ပါလုပ်တတ်တယ်ကွဲ့။ အခုလည်း အန်တီက တားပါသေးတယ်။ ပြီးတာတွေ ပြီးပါစေတော့ သားရယ်။ မာမီတို့ ဝင့်ရှိလို့ခံရတာလို့ပဲ မှတ်ပါလို့ပြောတာ မရဘူးလေ။ ဒီကောင်ကို သွားဆုံးမမယ်ဆိုပြီး တားနေတဲ့ကြား ထွက်သွားတာပါပဲကွယ်။ အခုတော့ သားလေး အဖမ်းခံနေရပြီလားဟင်။ ရုံးရောက်၊ ဂတ်ရောက်နဲ့ ပြဿနာရှင်းရတော့မယ်။ ဩော်… သားဇောနဲ့ မေ့နေလိုက်တာ အထဲဝင်ထိုင်ကြပါကွယ်”

ဒေါ်ကြည်သာမြိုင်က မှသားတစ်ဝက် အမှန်စွက်ပြီး ဒုရဲအုပ် ဝီလီသိန်းကို ရှင်းပြရင်း ဧည့်ခန်းထဲသို့ ဖိတ်ခေါ်လိုက်သည်။

“ခဏနေပါဦး အန်တီ။ ကျွန်တော်ပြောတာကို အရင်ဆုံးနားထောင်ပေးပါ။ ပြီးတော့မှ အန်တီပြောချင်တာ ပြောပါနော်”

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝီလီသိန်းက ပြောလိုက်သည်။

“အန်တီက အမှန်တွေပြောနေတာပါ။ အန်တီတို့က အစော်ကားခံရတဲ့ သူတွေပါ။ အန်တီ သမီးကို ဒီအောင်မင်းထိုက်ဆိုတဲ့ကောင်က ကြောရရုံကြံသွားတာလေ။ အဲဒီလို အစ်မန့်ပတ်သက်ပြီး အစော်ကားခံရတာကို မကျေနပ်လို့ သားလေးက သွားဆုံးမတာပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ကြည်သာမြိုင်က သူပြောချင်တာကို ဖွင့်ပြောလိုက်သည်။

"တဆိတ် ကျွန်တော်ပြောတာကို စိတ်အေးအေးထားပြီး အရင်ဆုံးနားထောင်ပေးပါနော်။ ကျွန်တော်လာတာက အန်တီပြောသလို အန်တီ့သားက ဆုံးမဖို့လာတာမဟုတ်ဘူး။ အခုဟာက အန်တီသား မောင်စိုးငွေဦးက အဆုံးမခံလိုက်ရလို့ လာအကြောင်းကြားတာပါခင်ဗျ"

ရဲအရာရှိ၏ စကားပင်မဆုံးသေး ...

"ဘာ အန်တီသားက အဆုံးမခံလိုက်ရတယ် ဟုတ်လား။ ဘယ်ကလေကဝတွေက အန်တီ့သားကို ဆုံးမရတာလဲ။ ဒီကောင်တွေကို ထောင်ချပစ်မယ်။ သားလေးက အခု ဘယ်မှာ ဲ ရဲစခန်းမှာလား ဆေးရုံမှလား"

ဒေါ်ကြည်သာမြိုင်၏ အော်ဟစ်လိုက်သောအသံကြောင့် အိပ်ခန်းထဲမှ သမီးကြီး မြကြာဖြူ ပြေးထွက်လာပြီး..

"ဘာဖြစ်တာလဲ မာမီ"

ဟု မေးလိုက်သည်။

"သမီးရဲ့မောင်လေး အရိုက်ခံရလို့တဲ့"

သမီးဖြစ်သူကို ငိုပြီး ပြောလိုက်သူက ဒေါ်ကြည်သာမြိုင်။

"မောင်လေးကို ဘယ်သူ ရိုက်သွားတာလဲဟင်။ အခု မောင်လေးက ဘယ်မှာလဲ"

"ဒီလိုပါခင်ဗျ။ စိုးငွေဦးကို ရိုက်တဲ့သူတွေက အောင်ထူးဝေနဲ့ သန်းလှိုင်မိုးတို့ညီအစ်ကိုနှစ်ယောက်ပါ။ စပယ်ပွင့်ဖြူဆိုတာ စိုးငွေဦးရဲ့ချစ်သူလို့ ပြောပါတယ်။ စိုးငွေဦးက သူတို့ရဲ့ညီမလေး စပယ်ပွင့်ဖြူကို အပျော်ကြံလို့ ဝိုင်းရိုက်လိုက်ပါတယ်လို့ ဝန်ခံထွက်ဆိုထားပါတယ်။ အစက အဲဒီလိုရိုက်ဖို့ အစီအစဉ်မရှိပါဘူးတဲ့။ သူတို့ညီမလေးကို ပြစ်ပြစ်ခါခါမလုပ်ဖို့ ပြေလည်ရာ ပြေလည်ကြောင်းပြောရာမှာ စိုးငွေဦးက ခါးခါးသီးသီး ငြင်းတဲ့အပြင် သူကစပြီး ရန်လုပ်လို့ အခုလိုဖြစ်သွားတာပါလို့ အောင်ထူးဝေက အစစ်ခံထားပါတယ်။ အန်တီ့သား စိုးငွေဦးကိုလည်း ဆေးရုံပို့ထားတဲ့အကြောင်း လာပြောတာပါခင်ဗျာ"

ဒုရဲအုပ် ဝီလီသိန်းက ဖြစ်စဉ်ကို ရှင်းပြလိုက်သည်။

"အန်တီ့သားလေး အရိုက်ခံရတယ် ဟုတ်လား။ မဖြစ်နိုင်ဘူး။ သားကမှ သူများကိုရိုက်မှာ"

အရူးမကြီးတစ်ယောက်လို အော်ဟစ်ပြောလိုက်သူကတော့ ဘဝင်လေဟပ်၊ မာနခေါင်ခိုက်၊ သားမိုက်ကို အလိုလိုက်ခဲ့သော ဒေါ်ကြည်သာမြိုင်တစ်ယောက်သာ ဖြစ်ပါတော့သည်။

သမီး မြကြာဖြူအတွက် တန်ရာတန်ကြေး ပြန်ယူရန် သားမိုက် စိုးငွေဦးကို မြှောက်ထိုးပင့်ကော်လုပ်ပြီး လွှတ်လိုက်သော်လည်း တန်ရာတန်ကြေး မရခဲ့ပဲ တန်ရာတန်ကြေး ပြန်ပေးခဲ့ရပြီဆိုတာကိုတော့ ဒေါ်ကြည်သာမြိုင် တစ်ယောက် သိမှသိပါလေစ။

**ကျော်ဝဏ္ဏကျော်**



www.burmeseclassic.com

www.burmeseclassic.com




# မြွေခွေးလေး ရဲ့ ပန်းကမ္ဘာ

ဝနေတော



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . .တယ် သာယာတဲ့ နေ့ကလေးပါလား"

မြေခွေးပေါက်စလေး ဖိုးရှပ်ဟာ အဲဒီလို ရေရွတ်လိုက်ပြီး အမြီးကလေးကို ယမ်းကာ ယမ်းကာနဲ့ စတိုင်ကျကျ လမ်းလျှောက်ထွက်လာခဲ့သပဟဲ့။

"အလို. . .တယ် မွှေးတဲ့ အနံ့ပါလား။ ဘယ်က လာတဲ့အနံ့ပါလိမ့်"

တစ်နေရာကိုရောက်တော့ မွှေးကြိုင်တဲ့ ရနံ့ကိုရလို့ သူဟာ နှာခေါင်းတရှုံ့ရှုံ့လုပ်ပြီး အနံ့ခံရင်း လျှောက်လာလိုက်တာ အနံ့လာတဲ့အိမ်ကို တွေ့ပါလေရောတဲ့။

"ဒါ . . .ဝက်ဝံကြီး ဖိုးတိုးရဲ့အိမ်ပဲ။ သူ့အိမ်ထဲကလာတဲ့ အနံ့ပဲ။ သေချာတယ်။ ဖိုးရှပ်ဟာဘာမှ စဉ်းစားမနေတော့ဘဲ ဝက်ဝံကြီး ဖိုးတိုးရဲ့ ပြတင်းပေါက် ဘောင်ကလေးအပေါ် လက်ကလေးကို အသာတင်လို့ အတွင်းဘက်ကို လှမ်းကြည့်ရင်း အော်ဟစ်ပြီး ခေါ်လိုက်တယ်။

"ဟာ. . .ကိုဖိုးတိုး မုန့်ဆီကြော်တွေ ကြော်နေပါလား။ မွှေးလိုက်တာဗျာ။ ချက်ချင်း ဗိုက်ကိုဆာလာရောပဲ။ တစ်ခုလောက် မျှပါလားဗျာ. . .ရှလွတ်"

မြေခွေးဖိုးရှပ်မှန်းသိတော့ ကိုဖိုးတိုးက ခပ်မာမာပြန်ပြောတယ်။

"ဘာကို ပေးရမှာလဲကွ။ ရာရာစစ ပေးဘူးကွာ"

"လုပ်ပါဗျာ။ တစ်ခုလုံးမပေးရင်တောင် တစ်ဝက်လောက်တော့ ဖဲ့ပေးပါဗျာ"

"ဟေ့ကောင်. . .ရှပ် မင်းဟာ နာမည်နဲ့လိုက်အောင် တော်တော်ရှပ်တဲ့ကောင်ပါလား။ မကျွေးချင်လို့ မပေးဘူးလို့ ပြောနေတာကို စွတ်တောင်းနေတယ် သွား သွား"

ဝက်ဝံကြီး ကိုဖိုးတိုးက ဖိုးရှပ်ကို အဲဒီလို သူတောင်းစား နှင်ထုတ်သလိုမျိုး မောင်းထုတ်လိုက်တဲ့အတွက် သူ့ခမျာ ငိုမဲ့မဲ့နဲ့ သနားစရာ၊ အပြင်ကို ထွက်သွားခဲ့ရပါသတဲ့။

"တော်တော်စေးနဲ့တဲ့ ဝက်ဝံစုတ်၊ ဝက်ဝံနှာ မြိန်မြိန် မာလကာပါစေဗျာ"

ဖိုးရှပ်ဟာ မုန့်ဆီကြော် စားချ တဲ့စိတ်နဲ့ ဆာနေတဲ့ဗိုက်ကို အသာ အပြင်ကိုထွက်လာခဲ့တာ တောအုပ်အစွ ရေကန်တစ်ခုအနားရောက်တော့ ရေ က ဆူသံပွက်သံတွေ ကြားလိုက်ရပြ ရော။

"ရော် . . .ဘာသံတွေပါလိမ့် ကော့တော့ တစ်ကောင်ကောင် ရေနစ် နေပုံရတယ်"

ကူညီချင်တဲ့ ဖိုးရှပ်ဟာ က ကတမ်းနဲ့ ရေကန်နား ပြေးသွားပြီး နေတဲ့သူကို ကယ်တဲ့သဘောနဲ့ သူ့လ ကို ကမ်းပေးလိုက်တော့ ရေနစ်တဲ့သူ အပေါ်ကိုပါလာတော့တာပေါ့။ အပေါ် ရောက်လို့ ကြည့်လိုက်တော့ ဖိုးရှ ကယ်တဲ့သူဟာ တိရစ္ဆာန်မဟုတ် အရုပ်ပုပုနဲ့ အဘိုးအိုဖြစ်နေတာကို တအ တသြ တွေ့လိုက်ရတယ်။ လူပုအဘိုး က အသက်ကို မနည်းရှုရင်း ဖိုးရှပ် မတွေ့ဘဲ ဖိုးရှပ်ရဲ့ လှုပ်ယမ်းနေတဲ့အမြီး ကို ကယ်တင်ရှင်ထင်ပြီး ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com

စကား ပြောနေတယ်။

"ကျေးဇူးတင်ပါတယ် အမြီးလေးရေ၊ မင်းကယ်တဲ့အသက်ပဲရှိပါတယ်။ အဲဒီတော့ ငါက ဒီအသက်သခင် အမြီးလေးကို ကျေးဇူးပြန်ဆပ်တဲ့အနေနဲ့ ဆုပြန်ပေးရမယ်။ ဒီနေ့ကစပြီး အမြီးလောကမှာ ပန်းတွေ ဝေဝေဆာဆာပွင့်စေဗျာ…လာ လေရော"

ဒါကိုကြားတော့ ဖိုးရှုပ်က အံ့ဩနေတာပေါ့။ မျက်စိမှန်တဲ့ လူပုအဘိုးအိုက သူ့ကိုမတွေ့ဘဲ သူ့အမြီးကို ကျေးဇူးတင် ဆုချနေတော့ အောင့်သက်သက်ဖြစ်နေတာပေါ့။ စိတ်ထဲက မကျေနပ်ဖြစ်နေတယ်။

"ကော်တော်ရှူးတဲ့ ဂျပုဘာဘပဲ။ ဘယ့်နှယ့်ကြောင့် ငါ့အမြီးကို ဆုချနေရတာလဲ"

ဖိုးရှုပ်ဟာ ပြောပြောဆိုဆိုနဲ့ ရွှံ့တွေရေတွေ ပေကျံ စိုစွတ်နေတဲ့က သူ့အမြီးကိုမပြီး ထွက်လာတယ်။ ဒီတော့မှ လူပုအဘိုးအိုက ရယ်မောပြီး လှမ်းပြောလိုက်သတဲ့။

"မနက်ဖြန် မင်းရဲ့အမြီးမှာ ပန်းတွေပွင့်လာတော့မယ်ကွ ဟား… ဟား"

နောက်တစ်နေ့ မနက်ရောက်တော့ သာယာတဲ့ ရာသီဥတုကိုကြည့်ရင်း ဖိုးရှုပ်ဟာ ကိုယ်လက်သန့်စင်နေရင်းက လမ်းလျှောက်ထွက်ဖို့ စိတ်ကူးရလာပြန်သတဲ့။ သူ လမ်းလျှောက်တာကိုမြင်တော့ ရှဉ့်ကလေးတွေက အလန့်တကြား ထွက်ပြေးကြလို့ အံ့ဩသွားပြီး သူ့ အမြီးကို ကြည့်လိုက်တော့ လှပတဲ့ပန်းတွေ အမြီးမှာ ပွင့်နေကြတာကို တွေ့လိုက်ရတာပေါ့ကွယ်။ သူက လန့်ဖျပ်ပြီး အမြီးကို လှုပ်ယမ်းလေ အမြီးထဲက ပန်းတွေ တစ်ပွင့်ပြီးတစ်ပွင့် ခုန်ပြန်ကျလာလေပေါ့ကွယ်။ ဖိုးရှုပ်က အံ့ဩစရာကောင်းလှတဲ့ သူ့အမြီးကိုကြည့်ပြီး လူပုဘိုးအိုရဲ့စကားကို ကြားယောင်ရင်း ဝမ်းသာအားရနဲ့ ရယ်နေမိတယ်။

သူ့အမြီးနားမှာ ပန်းပွင့်တွေက ပုံနေတော့တာပဲ။ လှုပ်လေ ပန်းတွေက ဝေပြီး ကြွေနေတာဆိုတော့ အထူးအဆန်းဖြစ်တဲ့ သူ့အမြီးကို တိရစ္ဆာန်အပေါင်းက တအံ့တဩနဲ့ လာကြည့်ကြတာပေါ့။ ပန်းတွေကို ခူးကြ၊ ပန်းတွေကိုပန်ကြ၊ ပန်းကုံးတွေလုပ်ကြနဲ့ သာယာတဲ့ မြက်ခင်းဟာ ဖိုးရှုပ်ရဲ့အမြီးကြောင့် ပိုပြီးပျော်စရာကောင်းသွားခဲ့ရတာပေါ့ကွယ်။



www.burmeseclassic.com

မြေခွေးလေး ဖိုးရှုပ်ဟာ ပျော်လွန်းလို့ သူ့အမြီးကို တခါတည်း ခါယမ်းနေလိုက်တာ အမြီးထဲက ကျလာတဲ့ ပန်းပွင့်တွေကို အကောင်ငယ်လေးတွေက ပျော်ရွှင်စွာနဲ့ လိုက်ကောက်ကြတယ်။

"ဟေး ··· ဦးတိုးရဲ့ မွေးနေ့အတွက် ပန်းစည်းလက်ဆောင်တွေလုပ်ပြီး ယူသွားလို့ရပြီကွ"

လို့ မျောက်ကလေး ညှိုက ပြောတယ်။

"ဟုတ်တယ် ဟုတ်တယ်။ ဖိုးရှုပ်ကြောင့် ငါတို့ အဆင်ပြေသွားပြီ"

ယုန်ကလေး ဖိုးစီကပါ ထောက်ခံတယ်။ ဒါကိုကြားတော့ ဖိုးရှုပ်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်တယ်။

"ဘာကွ···ဝက်ဝံကြီးကိုဖိုးတိုးရဲ့မွေးနေ့လက်ဆောင် ဟုတ်လား"

"ဟုတ်တယ်လေ။ သူ့မွေးနေ့ပွဲကို ဒီနေ့ နေ့ခင်းလုပ်မယ်လို့ တစ်တောလုံးကို လိုက်ပြီး ဖိတ်ထားတာလေ"

"ဘာ···သူက မင်းတို့အားလုံးကို ဖိတ်ထားတာ ဟုတ်လား။ ဒါဆိုရင် ငါ့အမြီးက ပွင့်လာတဲ့ပန်းတွေ ပြန်ပေးတော့ မင်းတို့ကို ငါ မပေးတော့ဘူး"

ဖိုးရှုပ်ရဲ့ လေသံမာမာနဲ့ ပြောလိုက်တဲ့စကားကြောင့် အားလုံးဟာ အံ့သြသွားကြတာပေါ့။ ဖိုးရှုပ်က···

"အလကား ကပ်စေးနည်း ကော်တရာ ကောင်ကြီး ငါ့ကို မုန့်ဆီကြော် တစ်ဖဲ့ကျွေးပါဆိုတာတောင် မကျွေးဘဲ သူတောင်းစားလို မောင်းထုတ်ခဲ့တာ ငါမကျေနပ်ဘူး"

"မင်း အထင်မှားနေတာပါ ဖိုးရှုပ်ရာ။ ကိုဖိုးတိုးကြီးက စိတ်သဘောကောင်းပါတယ်ကွာ။ သူက ငါတို့ အံ့သြသွားအောင်လုပ်ဖို့ အကြံအစည်ရှိတယ်ကွ။ မင်းကိုလည်း ဘာရယ်မဟုတ်ဘူး။ အလုပ်ရှုပ်နေလို့ အော်မိတာပါကွ။ အထင်မမှားပါနဲ့"

"ဟုတ်ပါတယ်ကွာ ငါ့ကို တောင် သူကမေးတယ်။ ဖိုးရှုပ်ကို တွေ့သလားတဲ့။ သူ ငါ့အပေါ် စိတ်ဆိုးသွားတယ်တဲ့။ သူ့ကိုတွေ့ရင် ငါ မွေးနေ့မှာ မုန့်ဆီကြော် တဝကြီးလာစား ဖိတ်လိုက်ပါလို့တောင် ငါ့ကို သေ ချာချာ မှာသွားသေးတယ်"

ရှဉ့်ညိုလေး ငပြူးရဲ့ စကား ကြားတော့ ဖိုးရှုပ် တွေခနဲဖြစ်သွား တယ်။

"လာပါ ဖိုးရှုပ်ရာ တစ်ကော နဲ့တစ်ကောင် တစ်တောတည်း တစ်ရေတည်းသောက်တွေပဲ စိတ် လည်း ခဏပေါ့။ သူ မင်းကိုချစ် ဖိတ်တာ သွားရမှာပေါ့။ လာပါကွ ငါတို့အားလုံး ပျော်ပျော်ပါးပါး ပန်း တွေ ပန်းကုံးတွေယူပြီး သူ့ဆီသွား ရအောင်"

"ဟုတ်တယ်ဟေ့···လာ အချိန်မီ သွားရအောင် ကိုဖိုးတိုး မျှော်နေရော့မယ်"

သူတို့တတွေ အားလုံး တွေဝနေတဲ့မြေခွေးလေး ဖိုးရှုပ် အတင်း မရမကဆွဲခေါ်ပြီး တပျော်တ နဲ့ သီချင်းတွေဆိုပြီး ဝက်ဝံကြီး ဖိုး ရှိရာ ဂေဟာကို ချီတက်သွားကြပါ



www.burmeseclassic.com

www.burmeseclassic.com

ရာတဲ့။

"ဟေး ··· မုန့်ဆီကြော်ကြီး
ဘယ်လိုတီးမယ် ··· ဘောလေဆပ်
ဘာလေဆပ်"

"မုန့်ဆီကြော်ရယ် နှုတ်ခမ်းနာ
တည့်ပါ့မလား ··· ဟော့လာ မောင်ရို့

"ဟက်ပီးဘတ်ဒေးတူယူ···
ဘတ်ပီဘတ်ဒေးတူယူ"

"မော်အမြိုးပိုင်ရှင် ဖိုးရှုပ်ကလေး
ပျော်လွန်းလို့ အမြီးကို လှုပ်ခါလေ
တွေက ကျလာလေနဲ့ ဝက်ဝံကြီး
တို့ရဲ့ အိမ်ဂေဟာကြီးဟာ ပန်းတွေနဲ့
အိမ်လုံး ပြည့်သွားတော့တာပဲတဲ့
ယ်"

အဲဒီနေ့ကစပြီး မြေခွေးလေး
နေတဲ့ တောအရပ်ကို ပန်းတွေနဲ့
နေတာမို့ ပန်းတောလို့ နာမည်တွင်ခဲ့
ဒီနေ့ထက်ထိပါပဲကွယ်။

**ဝနေဇော**


မဂ္ဂဇင်း မန္တလေးဖြန့်ချိရေး

**နဂါး** စာပေ

မဂ္ဂဇင်း ရန်ကုန်ဖြန့်ချိရေး

**ငြိမ်း** စာပေ
တိုက်(၉)၊ ၃၀၁၊ ပိတောက်လမ်း၊ ယုဇနပလာဇာ။


**ကျော်သိန်း** စာပေ
၃၂-လမ်း၊ ရန်ကုန်မြို့။

**စောဦး** စာပေ
၃၁-လမ်း၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ညိုလုံးသည် ဦးဝင်းမင်း ဖဲရိုက်သွားရာသို့ လိုက်ခဲ့သည်။ ဦးဝင်းမင်းက နောက်ပြောင်ကာ မိမိနှင့်အနေရင်းသော ခွေးညိုလုံးကို ရွာထဲလိုက်ရန် ခေါ်ခဲ့ခြင်းဖြစ်သည်။ လိုက်လိမ့်မည်ဟုလည်း ထင်မထားပေ။ ညိုလုံး၏သခင် ဆရာမှူးက ညိုလုံးကို မည်သည့်အရပ်မှ မသွားရန် ပိတ်ပင်ထားခြင်းကို ဦးဝင်းမင်း အသိပင်။ သခင်ကိုကြောက်သော ညိုလုံးမှာ သခင်စကားကို ဘယ်သောအခါမှ ပယ်ရှားရိုး ထုံးစံမရှိသဖြင့် စနောက်၍ ခေါ်မိခြင်း ဖြစ်သည်။

ဦးဝင်းမင်း ရွာအဝင်သို့ရောက်လျှင် နောက်မှ အင်္ကျီကို ဆွဲခံလိုက်ရသဖြင့် ခြေလှမ်းတန့်သွားခဲ့သည်။ နောက်လှည့်ကြည့်ရာ ညိုလုံးကိုတွေ့သဖြင့် များစွာ အံ့ဩမိသည်။ ညိုလုံး ဘယ်လိုစိတ်ကူးကြောင့် မိမိနောက် လိုက်လာမှန်း မသိသဖြင့် မခေါ်ရဘဲ ရွာထဲဝင်ရန် ကြိုးစားရာ မအောင်မြင်ပေ။ ထို့ကြောင့် [illegible] ထံ တောင်းပန်ပြီး ညိုလုံးကို ရွာထဲသို့ ခေါ်ခဲ့လေသည်။

ညိုလုံးကိုမြင်လျှင် ခွေးများ ကြောက်လန့်တကြား ပြောင်ကြသဖြင့် ဦးဝင်းမင်းမှာ လန့်သွားသည်။ ညိုလုံးကို ခေါ်လာမိတာ မှားပြီလားဟု အတွေးဝင်မိသည်။ ဟိုကြည့် သည်ကြည့် ကြည့်နေရင်း ခွေးပြောင်သံ စဲသွားသဖြင့် ရွာထဲသို့ ဆက်ဝင်ခဲ့သည်။ ဖဲဝိုင်းရှိသော အိမ်သို့ရောက်လျှင် အိမ်ဝိုင်းထဲသို့ ဦးဝင်းမင်း ခြေချရန်ပြင်လိုက်စဉ်မှာ နောက်မှ ဆွဲခံလိုက်ရသဖြင့် ညိုလုံးကိုသတိရကာ ခြံဝိုင်းစောင့်နတ်ကို တောင်းပန်ပြီး ညိုလုံးကို ခေါ်ခဲ့ပြန်သည်။ ဖဲဝိုင်းအိမ်ရှင်ပိုင်သော နွားများမှာ ညိုလုံးကိုမြင်သဖြင့် လဲနေရာမှ ထကာ နှာမှုတ်ကြ၊ ကြိုးရုန်းကြနှင့် ဂနာမငြိမ်ဖြစ်နေလေသည်။

ဦးဝင်းမင်းကိုမြင်သော အိမ်ရှင်က…

"ဒီည နောက်ကျတယ်နော့။ မလာတော့ဘူးမှတ်နေတာ"

ဟု နှုတ်ဆက်ပြီး ရှုးရှုးရှားရှား ဖြစ်နေသော နွားများကို လှည့်ပတ်စစ်ဆေးနေသည်။ ဦးဝင်းမင်းမှာ စကားပြန်မပြောတော့ဘဲ ဖဲဝိုင်းရှိရာသို့ တန်းဝင်လာခဲ့သည်။ အိမ်စောင့်နတ်ကိုလည်း ညိုလုံး ဝင်ခွင့်ရရန် တောင်းပန်ခဲ့သည်။ ဖဲကစားနေသူများမှာ ညိုလုံးပါလာသည်ကို မည်သူမျှ မသိကြ။ ဦးဝင်းမင်းလည်း တစ်အိမ်လိုသော မိမိကစားနေကျဝိုင်းသို့ ဝင်၍ ဖဲကစားလေသည်။ ဦးဝင်းမင်း စထိုင်သည့်အချိန်မှစ၍ ခုနစ်ခွင်တိုင်တိုင် ဆက်တိုက်နိုင်သဖြင့် အိမ်ပြောင်း၍ ကစားကြသည်။ အိမ် (နေရာ) ပြောင်းကစားသော်လည်း ဦးဝင်းမင်းသာ အနိုင်ရရှိနေခဲ့သည်။ မိုးသာလင်းခဲ့သည် ဦးဝင်းမင်း မရှုံးခဲ့။ ထို့ကြောင့် ကစားသမားတစ်ဦးက…

"ဦးဝင်းမင်း ဒီနေ့ ခင်ဗျား တော်တော်မိုက်နေတာပဲ စန်းတက်လာတာထင်တယ်"

ဟု ဆိုကာ ဝိုင်းသိမ်းခဲ့ကြသည်။

ဒုတိယညတွင်လည်း ဆရာမှူးနယ်မှ ခရီးပြန်မရောက်သေးသဖြင့် ဦးဝင်းမင်းနောက်သို့ ညိုလုံးလိုက်ခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဝင်းမင်း ခေါင်းထိုက်လာခဲ့ခြင်းဖြစ်သည်။ မိမိနောက်မှ လိုက်လာသော ညီလုံးကို နှင်မထုတ်ရက်သဖြင့် ရွာစောင့်နတ်၊ ဝိုင်းစောင့်နတ်၊ အိမ်စောင့်နတ်များထံ တောင်းပန်ပေးခဲ့သည်။ ဒုတိယညတွင်လည်း ဦးဝင်းမင်း နိုင်သဖြင့် တစ်ဝိုင်းလုံး အံ့သြနေကြသည်။ ဝိုင်းကို ဒိုင်ခံသူက··

"ဟေ့ကောင် ··· ဝင်းမင်း တကယ်လို့ မင်းသာ တခြားရွာက တို့မသိတဲ့ ဖဲသမားဆိုရင် ဖဲလိမ်ရိုက်တယ်ဆိုပြီး ပွဲကြမ်းမိမှာ အမှန်ကွ။ အခုတောင် သံသယနည်းနည်းဖြစ်တဲ့သူ ရှိနေလောက်ပြီနော့"

ဟု တောပြန်ကာနီးတွင် သတိပေးစကားပြောလိုက်သည်။

မိမိလည်း ညီလုံးက ကူပြီး ဖဲရိုက်ပေးနေတာလားဟု စဉ်းစားနေမိသည်။ သို့ရာတွင် ညီလုံးမှာ ဖဲဝိုင်းအိမ်ရောက်၍ စထိုင်သည့်နေရာမှ မည်သည့်နေရာသို့ ကူးပြောင်းခြင်းမရှိခဲ့။ ဝိုင်းရောက်ပြီဆိုလျှင်ထိုင် ပြန်ချိန်ကြပြီဆိုထပြန်သည့် လှုပ်ရှားမှုထက် မပိုခဲ့ပေ။

ဦးဝင်းမင်းလည်း တောင်၊ မြောက် လျှောက်စဉ်းစားရင်း ခေါင်းရှုပ်သဖြင့် မစဉ်းစားတော့ပေ။ အိမ်ရောက်လျှင် ရောက်ခြင်း အိပ်ရာဝင်ခဲ့သည်။

နောက်ညများတွင် ဆရာမှုံ ပြန်ရောက်လာသဖြင့် ညီလုံးမှာ အပြင်ထွက်ခွင့် မရတော့ပေ။ ဆရာမှုံ၏ နိုင်းစေချက်များကို လုပ်ဆောင်နေရသည်

ထိုသို့သော ညများတွင် ဖဲဝိုင်းသို့ ဦး မင်းတစ်ယောက်တည်း သွားရသ နိုင်တစ်လှည့်၊ ရှုံးတစ်လှည့်ဖြင့် ကစ သည်။ ရှုံးသည့်ညတွေက ပိုများလ လေသည်။ ထိုအခါမှ ဦးဝင်းမင်းမှာ တစ်ညလုံးကစားမှနိုင်အောင် ညီ





www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ပေးသည်ဟု ခံယူမိလေသည်။ ထို့ကြောင့် မိမိ၏ ကျေးဇူးရှင် ဆရာမှုံ မရှိသော ညများတွင် ညီလုံးကို ဖဲဝိုင်းသို့ အမြဲခေါ်မည်ဟု စဉ်းစားနေလေသည်။

ဆရာမှုံက ဦးဝင်းမင်းကို မိမိ တစ်လနီးပါးလောက် ခရီးထွက်စရာရှိသဖြင့် ညီလုံးနှင့် မိမိပိုင်သောထန်းတောကို ဂရုစိုက်ရန် မှာကြားနေလေသည်။ ဆရာမှုံ ခရီးထွက်သွားသဖြင့် ညီလုံးကို တစ်နေ့ အမဲသည်း တစ်ပိဿာကျွေးရသည်။ ထို့ကြောင့် ညီလုံးနှင့် ပို၍ ရင်းနှီးခဲ့သည်။ ညီလုံး တောထဲတွင်ရှိနေသည်ကို မိမိ၏ သားသမီးများ မသိရှိကြပေ။ ဆရာမှုံကလည်း သိခွင့်မပေးခဲ့သလို မိမိကိုယ်တိုင်ကလည်း ညတွင် ဖဲရိုက်မသွားမှာစိုးသဖြင့် ပြောမပြခဲ့ပါ။ ယခုလည်း ဆရာမှုံ မရှိသဖြင့် ညီလုံးကိုခေါ်၍ ဖဲရိုက်ထွက်လေသည်။ ညတိုင်းနီးပါး ခေါ်ခဲ့သည်။ ညီလုံးမှာလည်း ရွာထဲကို လိုက်ချင်နေပုံရသည်။ ရွာထဲတွင် မည်သူ့ကိုမျှ အားမပေးသဖြင့် ဦးဝင်းမင်း စိတ်အေးရသည်။ ညစဉ်ညတိုင်း ညီလုံးလိုက်၍ ဖဲရိုက်ရာ တစ်လနီးပါးကြာလေလျှင် ဖဲသမားများအားလုံးက ဦးဝင်းမင်းကို မယုံသင်္ကာဖြစ်လာကြသည်။ အမျိုးမျိုး ရန်မူလာကြသည်။ ထို့ကြောင့် ဦးဝင်းမင်းမှာ နောက်ညများတွင် ညီလုံးကို မခေါ်ဘဲ မိမိတစ်ယောက်တည်းသာ ဖဲကစားသွားတော့မည်ဟု စိတ်ကူးလိုက်လေသည်။

ဦးဝင်းမင်းသည် ညီလုံးကို အမဲသည်းကျွေးပြီး နေဝင်စအချိန်ကတည်းက ရွာထဲသို့လာခဲ့သည်။ အချိန်ကျခါနီးမှ ဖဲဝိုင်းသို့သွား၍ ကစားလေသည်။ ခါတိုင်း ထွက်နေကျအချိန်မှတောက ရွာထဲသို့လာလျှင် ညီလုံးလိုက်လာမည်စိုးသောကြောင့် ဖြစ်သည်။ ဝိုင်းတွင်ညီလုံးကလည်းမပါ တခြားသူများကလည်း အရင်ညတွေ မကျေနပ်ချက်ဖြင့် ဖဲကစားမှုကြောင့် ဦးဝင်းမင်း ရှုံးနေခဲ့သည်။ အရင်ညများ နိုင်ထားသဖြင့်သာ ဣန္ဒြေမပျက် ကစားနိုင်ခြင်းဖြစ်သည်။ ညနက်လာသော် လေးဘက်လေးတန် ရွာအဝင်လမ်းများဆီမှ ခွေးဟောင်သံကို တစ်လှည့်စီကြားရသည်။ ခွေးဟောင်သံ အချိန်ကြာသဖြင့် ဖဲကစားနေသူများထဲမှ တစ်ဦးက•••

"သူခိုးဆိုလျှင်လည်း ဝင်လာပြီး ခိုးပြီးလောက်ပြီ။ ဓားပြဆိုလျှင်လည်း ရွာထဲကိုရောက်ပြီး ပြန်ချိန်တိုင်နေပြီ သူခိုးလည်းမဟုတ်၊ ဓားပြလည်းမဟုတ် ဆိုရင် ဘာဖြစ်မလဲကွာ။ ဘာကြောင့် ဒီလောက်အကြာကြီး ခွေးတွေက ဟောင်နေရတာလဲ"

ဟု ပြောလျှင် တခြားတစ်ယောက်က•••

"ခွေးဟောင်သံက ကြောက်အား လန့်အားနဲ့ ဟောင်တဲ့အသံ နည်းနည်းတော့ ထူးဆန်းနေတယ်။ ကျောချမ်းစရာကြီး"

ဟု ပြောပြန်သည်။

ထိုအခါမှ ဦးဝင်းမင်း သတိရလိုက်သည်မှာ ညီလုံးဖြစ်သည်။ ညီလုံးမှာ မိမိနောက်လိုက်လာပြီး ရွာထဲဝင်ခွင့်မရတာကြောင့်လားဟု ဖဲဝိုင်းအတွင်း စိတ်ရောက်သွားသဖြင့် ညီလုံးကို မေ့သွား



www.burmeseclassic.com

www.burmeseclassic.com

သွားပြန်သည်။ မိမိတို့ကစားနေသော အိမ်အပြင်ဘက်မှ ဆူဆူညံညံအသံကို ကြားရသဖြင့် ဝိုင်းအတွင်းမှလူများ ဝိုင်းဖျက်ကာ အပြင်သို့ ထွက်သွားကြသည်။ အားလုံး အပြင်ရောက်သွားသဖြင့် ဦးဝင်းမင်းလည်း အိမ်အပြင်သို့ထွက်ခဲ့သည်။ အိမ်အပြင်ရောက်လျှင် အံ့ဩသွားမိသည်။

ညိုလုံးမှာ အိမ်ဝိုင်းအလယ် ချွတ်ထားသော နွားလှည်းကို ဖျက်ဆီးနေသည်။ ဦးဝင်းမင်းသာ ညိုလုံးကိုမြင်ရပြီး ကျန်လူများမှာ မြင်ပုံမရပေ။

"ဟာ...ဘာကောင်မှလည်း မရှိဘဲ လှည်းက တံပိုးတုံးကြီး ကျွတ်ထွက်လာပြီ။ ဘာလုပ်မှာလဲ မသိ"

ဟု ပြောနေချိန်တွင် တံပိုးတုံးကြီးမှာ ထက်ပိုင်းကျိုးသွားခဲ့သည်။

လှည်းရုံတိုင်များကို ဆွဲချိုး၊ လှည်းကိုလည်း တစ်စစီ ရိုက်ချိုးပစ်လေသည်။ ကြည့်နေသူအားလုံးမှာ...

"ဟာ...ဟင်..."

စသဖြင့် ပါးစပ်အဟောင်းသားဖြင့် ငေးနေကြသည်။

ခါတိုင်းအချိန်များတွင် ဦးဝင်းမင်းမှာ မိမိနှင့်တွေ့နေကြဖြစ်သော တစ္ဆေညိုလုံးကို သေချာမကြည့်မိ။ ယခုမှ ညိုလုံးပုံစံကိုကြည့်ပြီး ကြောက်သလိုလို ခံစားမိသည်။ ညိုလုံး ခန္ဓာကိုယ်က အပေါ်ပိုင်းကြီးကြီး အောက်ပိုင်းသေးသွားသည်။ ခန္ဓာကိုယ်မှာ အမွေးအမျှင်များ ဖုံးနေသည်။ နားရွက်မှာလည်း မြေကြီးနားထိရောက်အောင် ရှည်လျားကြီးမားသည်။ မဲမှောင်နေသော ခန္ဓာကိုယ်နှင့် မျက်တွင်းဟောက်ပက်၊ ရှည်လျားသော လျှာ၊ ထွက်နေသော အစွယ်များကို ကြည့်ပြီး ခွေးများလန့်မည်ဆို လန့်ချင်စရာဖြစ်သည်။ ထိုအချိန်တွင် လူအုပ်ကြား



ထဲ၌ ဆရာမှုံကိုတွေ့လိုက်ရသဖြင့် ဦးဝ[illegible] မင်း ဝမ်းသာသွားသည်။ ဆရာမှုံ ရော[illegible] မလာခဲ့လျှင် ညိုလုံးသည် လှည်းတစ်စီ[illegible] သာမကဘဲ မည်မျှ ဖျက်စီးနေမည်မသိ[illegible] ယခုအခါ ညိုလုံးမှာ မီးကိုရေနှင့်ဖျ[illegible] လိုက်သကဲ့သို့ အေးဆေးစွာ လာ[illegible] လမ်းသို့ ပြန်သွားခဲ့သည်။

လူအုပ်ကြီးလည်း ဖျက်စီး[illegible] မရှိဘဲ ပျက်စီးသွားသော လှည်း။ ဝင်းထ[illegible] များကိုကြည့်ကာ ထင်ကြေးဖြင့် အမျိုး[illegible] ပြောဆို၍ မိမိအိမ်သို့ ပြန်ကြလေသ[illegible] ဦးဝင်းမင်းလည်း မိမိနေထိုင်ရာ ရွာ[illegible] ထန်းတောထဲသို့ ပြန်လာခဲ့သည်။ လရောင် အောက်တွင် မိမိရှေ့မှ သွားနေ[illegible] ဆရာမှုံဖြစ်မှန်း သိသဖြင့် မီအောင် သုတ်ခြေတင်ခဲ့သည်။ ဆရာမှုံကိုမိလျှင် ညိုလုံးမည်သို့ဖြစ်သည်ကို မေးမိသည်။

"ညိုလုံးကို ငါမရှိတုန်း ရှာ[illegible] ခေါ်သွားတာ မဟုတ်လား"

"ဟုတ်ပါတယ် ပထမတော့ စနောက်ပြီး ခေါ်မိရာက"

"အေး ... မင်းက ညိုလုံးပါ[illegible]



www.burmeseclassic.com

www.burmeseclassic.com

နိုင်တယ်ဆိုပြီး ခေါ်သွား၊ ညတိုင်း ဖဲနိုင်နေတော့ ကျန်တဲ့သူတွေက မကျေနပ်တော့ဘူး။ အဲဒီတော့ ညိုလုံးကို ပစ်ထားခဲ့တာ မဟုတ်လား"

ဟု မေးလျှင် ဖြေစရာ စကားပျောက်နေလေသည်။

"မင်း သွားနေကျကိုသိတဲ့ ညိုလုံးဟာ မင်းနောက်ကိုလိုက်ချင်တဲ့ စိတ်နဲ့လိုက်လာ၊ ရွာစောင့်နတ်က အဝင်မခံတော့ စိတ်ဆိုးသွားတာပေါ့ကွာ။ ရွာစောင့်နတ်အလစ်ဝင်လာတော့ ဝိုင်းစောင့်နေကြနဲ့တွေ"

အဲဒီမှာ ဒေါသမထိန်းနိုင်တော့ ကြက်တွေရိုက်ချိုးတော့တာပေါ့။ ဒါတောင် မင်းတို့ကို ဒုက္ခပေးနေကြကောင် မဟုတ်လို့၊ သူတွေကို ဒုက္ခပေးရင် မလွယ်ဘူး


ဟုပြောမှ ကြောက်စိတ်ဝင်ခဲ့

"ဆရာက ဘယ်အချိန်က ပြန်ရောက်ပြီး ကျွန်တော်တို့ဆီ ဘာဖြစ်လို့ လိုက်လာတာလဲ"

ခါတိုင်း ငါ ဘယ်ကပြန်လာ ပြန်လာ ဘယ်လောက်ပဲ အချိန်နောက်ကျပါစေ ညိုလုံးက ထွက်ကြိုမြဲပဲ။ ဒီနေ့ ငါ ပြန်ရောက်ချိန်မှာ ညိုလုံးက ကြိုဆိုဘူးဆိုတော့ နည်းနည်းထူးဆန်းသွားတာပေါ့။ တဲရောက်တော့ ညိုလုံးကို ရောက်နေတဲ့ နေရာက ပြန်လာဆိုပြီး ငါခေါ်လိုက်တာ။ အဲဒီကောင် ပြန်မလာဘူးလေ။ ဒါကြောင့် ဒီကောင် ဒေါသထွက်နေတာလို့ ငါ သိခဲ့တယ်။ နောက်ပြီး ဆက်စပ်တွေးကြည့်တော့ ဒီကောင်နဲ့ အနေရင်းတာဆိုလို့ ငါပြီးရင် မင်းပဲရှိတာလေ။ ဒါကြောင့် မင်းနောက်လိုက်လာခဲ့တာပေါ့။ ထင်ထားတဲ့အတိုင်းပဲ ညိုလုံး သောင်းကျန်းနေတာကို တွေ့ရတာလေ"

တဲအပြန် လမ်းတစ်လျှောက်တွင် ဦးဝင်းမင်းမှာ တစ္ဆေညိုလုံး ဒေါသထွက်နေသောပုံ၊ ဆရာမှုံကို စိတ်ဆိုးပြီး မိမိတဲတွင် သားသမီးများ မွေးမြူထားသော ကြက်၊ ဝက်များကို အတွင်းကလီစာများ ဖောက်စားထားပုံကို သတိရပြီး ညိုလုံးအကြောင်း ဘာမှမသိရှာသော ဇနီးနှင့် သားသမီးများအတွက် စိတ်ပူမိသည်။ ညိုလုံးသည် ဆရာမှုံရှိနေလျှင်တောင်မှ ဒေါသထွက်လျှင် ထင်ရာလုပ်တတ်သည်။ တကယ်လို့ ညိုလုံးသာ စိတ်ဆိုးပြီး မိမိနှင့် မိသားစုကို ဒုက္ခပေးလျှင် မလွယ်ပါလားဟု တွေးမိသည်။ ဘုရားလွတ်၊ တရားလွတ်နေသော တောထဲတွင် မိမိတို့က အရှုံးဘက်က ဖြစ်နေသည်။ ထို့ကြောင့် ဦးဝင်းမင်းမှာ စည်းလွတ်၊ ဝါးလွတ်၊ ဘုရားတရား မရှိသောတောမှ လုံခြုံသော ရွာသို့ ပြောင်းရန် စိတ်ကူးမိလေသည်။ စိတ်ကူးတဲ့အတိုင်းလည်း ရွာသို့ပြောင်းရွှေ့နေထိုင်မှုဖြင့် အေးချမ်းခဲ့လေပြီ။

ဝေဝေသွယ်(နည်းပညာ)



www.burmeseclassic.com

နှယ်မြက်သစ်ပန် ဆေးဖက်ဝင်၏



# အစွမ်းထက် ဆင်တူနှုန်းမနှယ်

အောင်ဆန်းလင်း(ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော (၁၅) နှစ်ခန့်က ျွန်တော်သည် မိသားစု၁၀ ရပ်တည် ရေးအတွက် ဗီဒီယိုရုံဖွင့်ပြီး ဝင်ငွေရှာခဲ့ သည်။ တစ်နေ့တွင် ကျွန်တော်၏ ဗီဒီယို ကုလားကားပြသပါသည်။ ကုလား အလွန်ကြိုက်သော မနော်ခဲသည် ည်း ပွဲမစမီကတည်းက ရောက်ရှိနေပြီ သည်။

သူသည် ဗီဒီယိုရုံထဲမှာ ကျွန်တော်၏ အိမ်ပေါ်မှာထိုင်ပြီး ကြည့်သည်။ ရင်ဘတ်တွင်လည်း က်တစ်ထည်ဖြင့် စည်းထားလျက် ။ ထူးခြားသောသူ၏အသွင်ကြောင့် တော်က မေးလိုက်သည်။

"ဘယ်လိုဖြစ်နေသလဲ မနော်ခဲ"

"နေမကောင်းဘူး အစ်ကို။ ကြောတွေ အရမ်းဘက်တယ်။ ည း တစ်မှေးမှ မအိပ်ရပါဘူး။ ည်း ဆေးရုံကိုသွားပြမလို့ အိမ်က တာ။ အစ်ကိုတို့ရုံမှာ ကုလား ဆိုတော့လည်း မကြည့်ဘဲ ဘူးလ ဟဲ ဟဲ" ဝေဒနာ ကြားက မနော်ခဲသည် ရယ်လိုက်သေးသည်။

ကျွန်တော်လည်း ရေနွေးကြမ်းပန်းကန်တွင် အသင့်ရှိနေသော ဆေးရည်ကို မနော်ခဲအား ပေးလိုက်သည်။

"ရော့ . . . မနော်ခဲ ဒါလေး သောက်ကြည့်လိုက်ပါလား"

ကျွန်တော် ကမ်းပေးလိုက်သော ဆေးရည်နှင့် ပန်းကန်ကို လက်နှစ်ဖက်ဖြင့် ကိုင်ထားရင်း သူက ပြန်မေးသည်။

"ဖြစ်ပါ့မလား အစ်ကို"

ဆေးဆရာတစ်ယောက် မဟုတ်သော ကျွန်တော်၏ဆေးကို ယုံကြည်ရဲဟန်မတူပေ။

"ကျွန်တော် သောက်နေတဲ့ ဆေးပဲလေ။ ဘေးဥပါဒ်တော့ မဖြစ်နိုင်ပါဘူး။ ရောဂါပျောက်တာ၊ မပျောက်တာကတော့ မနော်ခဲရဲ့ကံပေါ့လေ။ ကံနာ ဝဋ်နာဆိုရင်တော့ ဆေးမတိုးတတ်ဘူးလို့ ဆိုတာကိုး"

မနော်ခဲသည် ဘာမျှမပြောတော့ဘဲ ဆေးခွက်ကို ပါးစပ်တွင်တေ့ကာ မော့ချလိုက်လေသည်။ နောက်တစ်နေ့တွင် သူမသည် ကျွန်တော်တိုက်လိုက်သော ဆေးမြီးတိုတစ်ခွက်ကြောင့် ရောဂါလုံး၀ ပျောက်ကင်းသွားပြီဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာ လာပြောလေသည်။

**ဆေးနည်းမှာ**

ဆင်တုံးမနွယ် (အစို) တစ်လက်မခန့်ကို ဖြတ်ယူလိုက်ပါ။ ပြားသွားအောင် ထုပါ။ ထို့နောက် ရေနွေးကြမ်းပန်းကန်တွင်ထည့်ပါ။ ဆားအနည်းငယ်ထည့်ပါ။ ပန်းကန်ထဲကို ကျိုက်ကျိုက်ဆူနေသော ရေနွေးကို လောင်းထည့်ပါ။ သောက်၍ရနိုင်လောက်အောင် စောင့်ဆိုင်းပြီး နံနက်၊ ည တစ်ကြိမ်စီသောက်ပေးပါ။ ဆင်တုံးမနွယ် တစ်လက်မကို ရေနွေးသုံးကြိမ်စိမ်နိုင်သည်။ ရောဂါသက်သာလျှင် ဆေးသောက်ရပ်လိုက်ပါ။

(အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားသည်မှာ ကြာပြီဖြစ်သော မနော်ခဲသို့ အမှတ်တရ)

**အောင်ဆန်းလင်း(ဘီ-အေ)**



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာဆိုသည်မှာ

# ရန်သူမိတ်ဆွေ



မောင်ရိုးကောင်း

၉၇

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါသော် ကောသလမင်းကြီးသည် ကျေးဇူးရှိသော အမတ်တစ်ယောက်ကို လေ့လာအကဲခတ်၏။ ထိုအမတ်မှာ ကောသလမင်းကြီးပေါ်တွင် ကျေးဇူးပြုခဲ့သည်မှာမှန်၏။ သို့သော် ကောသလမင်းကြီးက ချစ်ခင်မြတ်နိုး၍ မြှောက်စားသောအမတ်ကို အခြားအမတ်များက...

"မင်းကြီး ထိုအမတ်သည် မင်းကြီး၏ ပျက်စီးခြင်းကိုပြု၏"

ဟု ပြောဆိုကြလေသည်။

အမတ်တို့ တင်လျှောက်သောကြောင့် ကောသလမင်းသည် ချစ်မြတ်နိုးသောအမတ်ကို လေ့လာကြည့်သောအခါ သူ၏အကျိုးမဲ့ကိုပြုသည်ဟု တစ်ခုမျှ မမြင်ပေ။

"အင်း ... အများပြောသလို ကြည့်တော့လည်း ဒီအမတ်ဟာ ငါ့အကျိုးမဲ့ကိုပြုတာမမြင်၊ ဒီအမတ်ဟာ ငါ့ရဲ့ ရန်သူလား မိတ်ဆွေလားဆိုတာ ငါမသိ။ ငါ ခွဲခြားနိုင်တာကတော့ လူသုံးပါးတို့ ထွတ်မြားသင်းကျစ်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားသာ သိမှာပဲ။ မြတ်စွာဘုရား ကျောင်းတော် သွားလျှောက်ရင် ကောင်းမယ်"

ကောသလမင်းကြီးမှာ သူချစ်မြတ်နိုးသောအမတ်ကို "ရန်သူလား" "မိတ်ဆွေလား" ဟု သိလို၍ မြတ်စွာဘုရားကျောင်းတော်သို့ သွား၍လျှောက်ထားလေသည်။

"အရှင်ဘုရား တပည့်တော်သည် လူတစ်ဦးကို ရန်သူဟုလည်းကောင်း၊ မိတ်ဆွေဟုလည်းကောင်း ခွဲခြား၍ သိနိုင်စရာ မမြင်ပါ။ ထို့ကြောင့် ရန်သူဆိုသည်မှာ မည်သည့် လက္ခဏာရှိ၍ မိတ်ဆွေဆိုသည်မှာ မည်သည့်လက္ခဏာဖြစ်သည်ကို ခွဲခြားဟောပြတော်မူပါ ဘုရား"

ဟု လျှောက်ထားလေ၏။

ထိုအခါ လူသုံးပါးတို့၏ ပထ္ထမြားသင်းကျစ်ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည်...

"ဒကာတော်မင်းကြီး ရှေးအခါကလည်း ဤပြဿနာကို ပညာရှိတို့အား မေးမြန်း၍ ပညာရှိတို့သည် ဖြေဆိုကြသောကြောင့် ရန်သူကို ရှောင်ကြဉ်၍ မိတ်ဆွေတို့နှင့် ပေါင်းဖော်နေထိုင်ခဲ့ကြရဖူးပြီ"

ဟု ဆိုကာ အတိတ်ဇာတ်ကို ဟောတော်မူလေသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် ဗာရာဏသီမင်း၏ ပညာရှိအမတ်ဖြစ်လေသည်။

မင်းကြီး၌ အကျိုးစီးပွားများကို ဆောင်သောအမတ်တစ်ဦးရှိ၏။ ထိုအမတ်ကို ဗာရာဏသီမင်းကြီးက ချီးမြှောက်သောအခါ အခြားအမတ်များက မင်း၏အကျိုးစီးပွားကို ဆောင်သောအမတ်ကို မနာလိုသောကြောင့် မင်းကြီးအား အကျိုးမဲ့ စီးပွားမဲ့ကို ထိုအမတ်ပြုနေသည်ဟု ချောက်တွန်းသော ကုန်းစကားကို ပြောကြားကြ၏။

ထိုအခါ ဗာရာဏသီမင်းကြီးသည် ရန်သူ၏ လက္ခဏာနှင့် မိတ်ဆွေ၏ လက္ခဏာကိုသိစေရန် ဘုရားလောင်း

www.burmeseclassic.com

ပညာရှိအမတ်ကို မေးမြန်းလေသည်။

ဘုရားလောင်း ပညာရှိအမတ်က…

"မင်းကြီး လူတစ်ယောက်မှာ ဝိသေသလက္ခဏာဆိုတာ ရှိပါတယ် ဘုရား။ ဥပမာ - ရန်သူဆိုပါတော့ ရန်သူဟာ မိမိရန်ဘက်ကို မြင်တဲ့အခါ မပြုံးတတ်၊ မရယ်တတ်ပါ။ ရန်ဘက်ရဲ့မျက်နှာကို မကြည့်ချင်လို့ မျက်နှာလွှဲနေတတ်ပြီးတော့ မနှစ်သက်၊ ဆန့်ကျင်ဘက်ကိုလည်း ကျင့်ကြံတတ်ပါတယ်။

မင်းကြီး "ရန်သူ"ဟာ မိမိရန်ဘက်ရဲ့ ရန်သူကို ပေါင်းသင်းမိတ်ဖွဲ့နေတတ်တယ်။ ရန်ဘက်လူရဲ့ အဆွေခင်ပွန်း မိတ်ဆွေ ရင်းနှီးသူတို့ကို မပေါင်းသင်း။ ရန်ဘက်ဖြစ်တဲ့သူကို ချီးမွမ်းတဲ့လူတွေကို တားမြစ်တယ်၊ မကောင်းပြောတဲ့ ဆဲရေးတဲ့သူတွေကိုတော့ ချီးကျူးတယ်။

မင်းကြီး ရန်သူဟာ သူ့ရန်ဘက်ကို ဘယ်တော့မှ လျှို့ဝှက်တဲ့စကားကို မပြောကြားတတ်။ ရန်ဘက်ဖြစ်သူ လုပ်သမျှ မချီးကျူး။ ရန်ဘက်ရဲ့ပညာကိုလည်း မချီးမွမ်း ဂုဏ်မပြုတတ်ပါ။

မိမိရန်ဘက်ဖြစ်တဲ့သူရဲ့ စီးပွားချမ်းသာ ပျက်စီးခြင်းကို နှစ်သက်သဘောကျတယ်။ ရန်ဘက်ရဲ့ စီးပွားတိုးတက်မှုကို မနှစ်သက်။ ကောင်းမြတ်တဲ့ စားစရာရရန် ရန်ဘက်ကို ဘယ်တော့မှ ပေးလိုစိတ်မရှိ။ ရန်ဘက်က ကောင်းမြတ်တဲ့ စားစရာရတယ်ဆိုရင် စိတ်မချမ်းမသာဖြစ်တတ်တယ်။ မရွှင်မပျဖြစ်ပြီး ဆင်းရဲနေတတ်တယ်။ ဒီအကြောင်းတွေနဲ့ ရန်ဘက်ဖြစ်သူကို ဘယ်တော့မှ မစောင့်ရှောက်။

မြတ်သောမင်းကြီး အဲဒါဟာ ရန်သူရဲ့ လက္ခဏာ၊ ရန်သူရဲ့ သဘောပဲဖြစ်တယ်။

ဒကာတော်မင်းကြီး မိတ်ဆွေကောင်းတို့ရဲ့ လက္ခဏာမှာတော့ အောက်ပါအတိုင်းဖြစ်ပေတယ်။

မိတ်ဆွေသည် မိမိရဲ့ အဆွေခင်ပွန်းနဲ့ ခွဲခွာရတဲ့အခါ အောက်မေ့တတ်တယ်။ အဆွေခင်ပွန်းရောက်လာ



တာ မြင်ရရင် အလွန်နှစ်သက်တယ် အဆွေခင်ပွန်းကို ရှင်လန်းပြီး ကြို တတ်၊ အလိုရှိတတ်တယ်။ အဆွေခင်ပွန်း က ပြောသမျှ စကားတွေကိုလည်း သဘောကျ နှစ်သက်တတ်တယ်။

မိမိမိတ်ဆွေနဲ့ ရင်းနှီး မိတ်ဆွေတွေကိုသာ ပေါင်းသင်းဆက် တတ်တယ်။ မိမိ အဆွေခင်ပွန်းရဲ့ ရန် တွေကို မပေါင်းသင်း။ အဆွေခင်ပွန်း ဆဲရေးတဲ့သူတွေကို တားမြစ်တတ်တယ် အဆွေခင်ပွန်းရဲ့ကျေးဇူးကိုသိတဲ့သူ ကို ချီးမွမ်းတတ်တယ်။



www.burmeseclassic.com


www.burmeseclassic.com

ကိုယ့် အဆွေခင်ပွန်းကို လျှို့ဝှက်တဲ့စကားကို ပြောကြားတတ်တယ်။ အဆွေခင်ပွန်းကပြောတဲ့ လျှို့ဝှက်စကားကိုလည်း စောင့်စည်း ထိန်းသိမ်းထားတတ်တယ်။ ကိုယ့်အဆွေခင်ပွန်းပြုသမျှကို ချီးကျူးတတ်တယ်။ အဆွေခင်ပွန်းရဲ့ ဉာဏ်ပညာကိုလည်း ချီးကျူးတတ်တယ်။

မိမိအဆွေခင်ပွန်းရဲ့ စီးပွားဥစ္စာတိုးတက်တာကို နှစ်သက်တယ်။ အဆွေခင်ပွန်းရဲ့ စီးပွားပျက်တာကို မနှစ်သက်၊ မလိုလား။ အစားကောင်း အသောက်ကောင်းကိုရတဲ့အခါ ကိုယ့်မိတ်ဆွေကို ...ရှိ သတိရတယ်။ ငါ့မိတ်ဆွေကို အစားကောင်းပေးရပြီဆိုတဲ့ အကြောင်း...လည်း ပျော်ရွှင်တတ်တယ်။ ကိုယ့်မိတ်ဆွေ စားကောင်းသောက်ကောင်း ...ဆိုင်ကောင်းအောင်လည်း စောင့်...ရှောက်တတ်တယ်။

မင်းကြီး ဒီဖော်ပြတဲ့ ၁၆ ပါး ... အကြောင်းတွေဟာ မိတ်ဆွေ...ကောင်းတွေရဲ့ သဘောပဲ။ ပညာရှိတွေဟာ ဒီ ၁၆ ပါးသော အကြောင်းတွေနဲ့ ရန်သူကိုလည်း သိတယ်။ မိတ်ဆွေကိုလည်း သိနိုင်ပေတယ်”

ဗာရာဏသီမင်းကြီးသည် ဘုရားလောင်း၏ စကားကြောင့် ရွှင်လန်းနှစ်သက်မှု ဖြစ်ရလေသည်။



မြတ်စွာဘုရားသည် ကောသလမင်းကြီးကို ထို အတိတ်ဇာတ်ကို ဟောပြီးသောအခါ ထိုအခါက အာနန္ဒာသည် ဗာရာဏသီမင်းဖြစ်ဖူးပြီ။ ပညာရှိအမတ်သည် ငါ ဘုရားဖြစ်ပြီဟု ဇာတ်တော်ကို ပေါင်းတော်မူလေသည်။

မှန်သည်။ လောကတွင် ရန်သူနှင့် မိတ်ဆွေသည် ရောထွေး၍နေတတ်သည်။ ရန်သူကလည်း မိတ်ဆွေအသွင်ဖြင့်လည်းကောင်း၊ မိတ်ဆွေကလည်း ရန်သူအသွင်ဖြင့်လည်းကောင်း ရှိ၍နေတတ်၏။

ရန်သူ၊ မိတ်ဆွေ မခွဲခြားတတ်ပါက ကိုယ့်အကျိုးမဲ့ကို ပြုသူကိုလည်း အဟုတ်မှတ်၍ ယုံကြည်နေမိတတ်သည်။

အကယ်၍ “ရန်သူကို မိတ်ဆွေ” ထင်မိလျှင် စီးပွားဥစ္စာ ပျက်သုန်း၍ လောကဠ ဆင်းရဲဒုက္ခရောက်ရတတ်ပေသည်။

ရန်သူကိုလည်းကောင်း၊ မိတ်ဆွေကိုလည်းကောင်း၊ ခွဲခြားသိမြင်ကာ ပညာဉာဏ်ဖြင့် ဆင်ခြင်၍ လောကဠ နေတတ်ထိုင်တတ်ရန် ထို ငါးရာ့ငါးဆယ် အသိပေး ညွှန်ပြနေလေသည်။

**ငါးရာ့ငါးဆယ် ဒွာဒသက နိပါတ် မိတ္တာမိတ္တဇာတ်ကို ရေးဖွဲ့ပါသည်။**

**မောင်ရိုးကေအင်း**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေ အလုပ်နားရက်တွင် ဦးမြင့်ဟန်ကိုအိမ်တွင် တိတ်ဆိတ်ငြိမ်သက်၍နေသည်။ ဦးမြင့်ဟန်နှင့်သူ၏ မြေးမလေး ဥမ္မာကျော်တို့သာ အိမ်စောင့်အနေဖြင့် ရှိနေသည်။

ကျန် အိမ်သားများအနက် အချို့က ဘုရားဖူးသွားကြသည်။ အချို့က ဆွေမျိုးသားချင်းများအိမ်သို့ သွားကြသည်။ တစ်ပတ်လုံး အိမ်နှင့်အလုပ်၊ အလုပ်နှင့် အိမ်သည် နစ်ဗွာနသည်သာ သွားလိုက်ပြန်လိုက် လုပ်နေရသည် မဟုတ်ပါလား။

အမှန်တော့ ဥမ္မာကျော်လည်း သူ့အသွားနှင့်အတူ ဘုရားဖူးသွားမည့် အစီအစဉ်ရှိသည်။ သို့သော် ဥမ္မာကျော်သည် ယခုနှစ် စန္ဒယားအတီးပြိုင်ပွဲဝင်ရန် အစီအစဉ်ကို အကောင်အထည်ဖော်နေသည်။

အချိန်ရလျှင် ရနိုင်သည့် အချိန်အတောအတွင်း စန္ဒယားလက်ကျနှင့် တီးညီးဒါး မှန်ကန်စေရန်အလို့ငှာ အချိန်တိုင်း စန္ဒယားအတီးနှင့် အဆို မပိုင်ပိုင်အောင် အဘိုး၏ စန္ဒယားတွင် ဥမ္မာကျော်သည် နားနေသည်ပင် လုံးဝမရှိ။ အချိန်ပြည့်လိုလို လေ့ကျင့်နေလေ၏။

ပြိုင်ပွဲနှင့်ပတ်သက်သော ခံယူထားရမည့် ပညာ၏ လျှို့ဝှက်ချက် တစ်ချက်ကို အဘိုးဦးမြင့်ဟန်က သူ့မြေး ဥမ္မာကျော်အား ပြောပြထားပြီးဖြစ်သည်။

"ပြိုင်ပွဲဝင်တော့မယ်ဆိုရင် အကြိမ် ၁၀၀ လေ့ကျင့်ရုံနဲ့ မိမိပြိုင်ဘက်ကို အနိုင်ရမယ်မှန်းသိထားလို့ လုံလောက်တယ်ဆိုပေမယ့် အဲ့ဒါ အာမခံချက်ရှိလုတာ မဟုတ်ဘူး။ တကယ် အာမခံချက်ရှိဖို့ဆိုတာ အဲဒီအကြိမ် ၁၀၀ လေ့ကျင့်ရမယ်အစား အကြိမ် ၁၀၀၀ လေ့ကျင့်ဖို့လိုတယ်။ အဲ့ဒါမှ ဒီပွဲမှာ ဘယ်လောက်ကြီးပဲ တော်တော် တတ်တတ်၊ ကိုယ့်ကိုယှဉ်နိုင်ဖို့ဆိုတာ လုံးဝ မလွယ်တော့ဘူး။ ဒါဟာ ပြိုင်ပွဲသီဝရီပဲ"

ဟူသောစကားဖြစ်သည်။

ဥမ္မာကျော်သည် လက်အစုံက စန္ဒယားခလုတ်တွေပေါ် ပြေးလွှားနေပြီး ပါးစပ်က သီချင်းတစ်ပုဒ်ကို အသံထိန်း၍ ဆိုနေသည်။ သူ သီဆိုနေသော သီချင်းမှာကား ရှင်သီဝလိသီချင်းပါပေ။

သည်သီချင်းကို စစ်ကိုင်းဆရာကြည်က တေးပြုခဲ့ပြီး၊ အဆိုတော်ကြီး ပြည်လှဖေက သီဆိုခဲ့လေသည်။

သီဝလိစ၊ မဟာထေရ်၊ တံတာဿ တေဇေန ဂစ္ဆန္တိ သဗ္ဗဒော၊ ဂေါတမမြတ် ပရမေတ္တာဒဂ်တော်ဝင်၊ ထေရ်ရှင်သီဝလိ ကောလိယပီတာ၊ သာကီဆွေ၊ သုပ္ပဝါသာ မယ်တော်ပေ။ အောဝမ်းရွှေကျမ်းထုတ်လို့ဝေ။ ကုန္ဒီကမြို့ အခြေကုန္ဒနံဝနေ ဂေါတမစိန္တေဝါတော်ဆိုရာမြေ အောဝမ်းရွှေကျမ်းထုတ်လို့ဝေ ရှင်သီဝလိ ဂါထာ ကမ္ဘာကုန်ဆောင်ပါစေ။ တိုးတက်မည် ရွှေငွေ မြန်မာနိုင်ငံကောလိဓာတ်က နိုးဆော်၊ သောင်း ဖမ္ဗူ့ပေါ် အလှူတော် ပေးနိုင်ကြပါစေ။

×××

ဥမ္မာကျော်၏ စန္ဒယားလက်သံမှာ လေ့ကျင့်မှုများလာသည့်အလျောက် လက်ကျနရီစည်းဝါးမှန်ကာ နားသောတဆင်သူတို့ကို ပို၍ သာယာငြိမ်းအေးစေသည်။

www.burmeseclassic.com

ဦးမြင့်ဟန်သည် မြေးဖြစ်သူ ဥမ္မာကျော်၏ တိုးတက်မှုကို တွေမြင်ခံစားနေရသဖြင့် အလွန်ပီတိဖြစ်၍နေသည်။ သူက သားသမီးများ အရွယ်ရောက်စအချိန်ကလည်း ဥယျာဉ်မှူးကောင်းတစ်ယောက် သူ၏ ပျိုးပင်ကလေးများ ရှင်သန်ကြီးထွားကာ အကောင်းဆုံးသီးပွင့်ဝေဆာသကဲ့သို့ ထို သားသမီးများကို ကောင်းရာညွှန်၍ အတတ်သင်စေခဲ့ပြီး ဖြစ်သည်။

မကောင်းတာ မမှန်တာ မှန်သမျှ မလုပ်မရှုပ်ရန်လည်း တားမြစ်ခဲ့သည်မှာ ယခုထိပင်။ အရင်းအနှီးဆိုတာလည်း တစ်နိုင်တစ်ပိုင်ပေးခဲ့ပြီးပြီ။ ထိမ်းမြားခြင်းတွေလည်း သူတို့စိတ်သဘောနှင့်အညီ ခေတ်ကာလနှင့်ယှဉ်၍ ဖန်တီးပေးခဲ့ပြီးပြီ။

ဦးမြင့်ဟန်ကား မိမိတို့ မိဘများဘက်က တာဝန်ကျေသည်ဟု ယူဆထား၏။ ယခု ဥမ္မာကျော်ကလေးအား ကျောင်းပညာသင်ပေးရုံမက အနုပညာကိုပါ သင်စေခဲ့သည်မှာကား အဘိုးအဘွားတို့၏ နောက်ဆက်ပွဲ စေတနာမေတ္တာဟုပင် ဆိုရမည်ဖြစ်သည်။

ဒါကလည်း သားဖြစ်သူက‥

"အဖေ့မြေး ကျောင်းပြီးသွားပေမဲ့ အလုပ်ခွင်ကို ရောက်သေးတာမဟုတ်ဘူး။ ဒီလိုအချိန်မှာ စိတ်မပျံ့လွင့်စေချင်ဘူး အဖေ။ အဲဒါကြောင့် ဥမ္မာကျော့်ကို စန္ဒယားတီးသင်တန်း ဘက်ခိုင်းမယ်လို့ ကျွန်တော် စိတ်ကူးထားတယ်"

ဆိုသော သားဖြစ်သူ၏ စိတ်ကူးကို ဦးမြင့်ဟန်က ထောက်ခံအားပေး[illegible]ခြင်းဖြစ်သည်။ လူငယ်ဆိုသည်မှာ[illegible] အတန်းပညာတတ်ရုံနှင့် ဘဝလမ်း[illegible] ဖြောင့်ဖြောင့် လျှောက်နိုင်စွမ်းသည်[illegible] မဟုတ်သေးပေ။

သည်တော့ ဘေးက ရောဂါ[illegible]တွေ မဝင်ရလေအောင် ကိုယ်ခံအား[illegible]ကောင်းစေရန် ကြိုတင်ဖန်တီးပေးရမည်[illegible]ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ရှင်သီဝလိတန်ခိုးတော်
ရောင်ပေ၊ တို့ပြည်တို့နန်း ဦးကင်း
တော်ဝေ၊ စိန်ရောင်လျှမ်းလို့ ဝမ်း
မြောက်ဝမ်းသာ ချမ်းသာစရာတွေ၊
နေ့စဉ်တိုးမည် ပေါ်လာဘဲ နေ့စဉ်
တက်မည့် ပေါ်နေ ပုဂံမြို့အခြေ၊
ရားတန်ဆောင်းကျောင်းဇရပ်
ချောက်ကြီးတွေ ရှေးမျှော ဇမ္ဗူကျွန်း
သိမ်းကျုံးပေါင်းရုံး လယ်ယာ
မြေအဝေမ်းမေတ္တာ ရှင်သီဝလိထံ
ပန်တောင်းလို့ သောင်းဇမ္ဗူပေါ်
လှူတော်ပေးနိုင်ကြပါစေ"

ဥမ္မာကျော်သည် ဆိုတီး တွင် ထူးချွန်သူကလေးဖြစ်သည်။ ပညာရှင်များက အဆိုသာရသည်။ အတီးမရ၊ အချို့ပညာရှင်က အတီး သည် အတီးအဆိုမရ။

အဆို အတီး ကျွမ်းကျင်ရန်မှာ မလေ့ကျင့်ဘဲ မရ။ လေ့ကျင့်မှုက လေ့ကျင့်မှုမျိုးမရ။ ပြင်းပြင်းထန် ကျင့်ရလေသည်။

တွေးခေါ်ပညာရှင်ကြီးများက လောကတွင် မည်သည့်အရာကိုမျှ အလကားမရဟု ဆိုလေသည်။ လေ့ကျင့်မှုများသည် မိမိတို့ဘက်က ပေးရသည်ပဲ မဟုတ်ပါလား။

"အောင်စည်ဟိန်းလို့
ငြိမ်းချမ်း အောင်သပြေအောင်စေ၊
မြရောင်ထိန်းတ လယ်ယာကျွန်းမြေ
စိန်ရွှေငွေ လယ်ယာဥစ္စာ စည်းစိမ်
ဂုဏ်ရောင်ရှိန်တိုးစေပေါ်ပြည့်ဝစေ
ဇောတိကပမာခြေ လောကပါလ
သာသနာစောင့်နတ်တွေ စောင့်ရှောက်
တဲ့ မြန်မာပြည် နေ့စဉ်ဒါန သီလ
ပုညဘာဝေ သိကြားနတ်လူတို့ အမျှ
သဒ္ဒါဝေ ရကြပါစေ လယ်ယာရွှေမြေ
အေဝမ်းမေတ္တာရှင်သီဝလိထံ ဆုပန်
တောင်းလို့ သောင်းဇမ္ဗူပေါ် အလှူ
တော်ပေးနိုင်ကြပါစေ"

ဥမ္မာကျော်က သူ့သီချင်းကို သူ၏ စန္ဒယားလက်သံ အဖိအဖော့ တီးလုံးကွက်ကလေးများနှင့်အတူ ပြေပြေငြိမ်ငြိမ် အဆုံးသတ်ပေးလိုက်လေသည်။

"ငါ့မြေးရဲ့ အဆိုရော အတီးမှာပါ အတော့်ကို အသားကျနေပြီပဲ။ လေ့ကျင့်မှုကကောင်းတော့ တကယ့်စန္ဒယားဆရာကြီးများရဲ့ အဆိုအတီးအတိုင်းပါပဲ"

ဦးမြင့်ဟန်က သူ့မြေးကို အားပေးလိုက်လေရာ ဥမ္မာကျော်က…

"အဘိုးမြေးဖြစ်နေလို့ မြှောက်ပေးနေတာလား အဘိုးရယ်"

ဟု မေးလိုက်လေသည်။

"မဟုတ်ရပါဘူး ငါ့မြေးရယ်။ အဘိုးက အမှန်အတိုင်းပြောတာပါ"

ဥမ္မာကျော်သည် စန္ဒယားမှ ထလာပြီး ဦးမြင့်ဟန်ရှေ့ ဆက်တီထိုင်ခုံတစ်လုံးတွင်ဝင်၍ ထိုင်လိုက်လေသည်။

"ငါ့မြေးမဟုတ်လည်း ဒီလို တေးဂီတမျိုး ဖန်တီးတဲ့လူကို အဘိုးက ဒီလိုပဲ ပြောရမှာပါ"

ထိုအခါ ဥမ္မာကျော်မှာ ပီတိဖြစ်၍နေ၏။

ဦးမြင့်ဟန်က…

"အခု ငါ့မြေးဆိုလိုက်တဲ့ ရှင်သီဝလိသီချင်းကလည်း ရှင်သီဝလိဂါထာ


www.burmeseclassic.com

www.burmeseclassic.com

ကို ရွတ်လိုက်တဲ့အကျိုးသက်ရောက်မှု မို့ပါပဲ။ အင်မကာန် အကျိုးကြီးမားပါတယ်။ မသိသူကျော်သွား သိသူဖော်စား ဆိုတာ ဒါမျိုးပဲပေါ့"

ဟု ပြောလိုက်လေသည်။

ဥမ္မာကျော်သည် သူ့အဘိုး ပြောနေသည့်စကားကို တစ်လုံးမကျန် နားစိုက်ထောင်လျက်ရှိ၏။

"ရှင်သီဝလိဂါထာကို ငါ့မြေး ရထားသင့်တယ်။ တစ်သက်တာလုံး အတွက် ဖြစ်သွားတာပေါ့"

"ဟုတ်ကဲ့ ကျွန်မက ကျက်ထားပါတယ်။ သီဝလိစ မဟာနာမံ သဗ္ဗလာဘံ အဓိဂစ္ဆတိ ထေရဿ အာနုဘာဝေန သဗ္ဗေပဟောန္တု ဝိယံမ အစရှိတဲ့ ဂါထာမဟုတ်လား အဘိုး"

"အေး ··· ဟုတ်တယ်။ ဒီဂါထာပဲ၊ ငါ့မြေးက အလွန်တော်တာပဲ။ လူငယ်တွေဆိုတာ ဒီလို အမြင်ကျယ်နေမှ လူငယ်ပီသတာ"

"အဘိုး"

"ဘာလဲ ငါ့မြေး။ ဘာသိချင်လို့လဲ"

ဦးမြင့်ဟန်သည် သူ့၏မြေးကလေးတွေအကြောင်း သိထားသည်။ သူတို့လေးတွေ ဘယ်လိုစကား ဘာကြောင့်ပြောလာသည့်အကြောင်း သိထားပြီးဖြစ်သည်။

"အဓိပ္ပာယ်သိချင်လို့ပါ"

"ပြောပြရတာပေါ့ ငါ့မြေးရယ်။ ကဲ···နားထောင်၊ ဒီ ရှင်သီဝလိ သီချင်းရော၊ ဂါထာမှာပါ လျို့ဝှက်ချက်တွေပါနေတယ်။ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ အကျိုးသက်ရောက်စေတယ်ဆိုပေမဲ့ သိထားရင် ပိုပြီး အကျိုးသက်ရောက်စေတာပေါ့။

"ဂါထာဆိုတာ အသံထွက်ပြီး ရွတ်ရတယ်။ ရွတ်နိုင်လေလေ အကျိုး



သက်ရောက်လေလေပဲ။ ရှင်သီဝလိ ဂါ··· ဟာ တစ်ဂါထာတည်းမဟုတ်ဘူး။ ငါ့··· ခုန ရွတ်ပြတာ တစ်ဂါထာပဲ။ နောက်··· ၉ ဂါထာရှိသေးတယ်။ ဒီဆယ်ဂါထာ··· နေ့တိုင်းရွတ်ရင် ရွတ်တဲ့ သူဟာ ဘော··· ခပ်သိမ်း ကင်းငြိမ်းမှုရနိုင်တယ်။ နော··· သူ ခပ်သိမ်းတို့ရဲ့ ပူဇော်သက္ကာရကို ··· တယ်။ အထူးသဖြင့် လာဘ်လာဘ··· ရောက်လာတယ်။ သူခပ်သိမ်းက ကိုယ့်··· မြင်တာနဲ့ ချစ်ခင်မြတ်နိုးစုံမက်··· တယ်။ ကိုယ် ဘာပြောပြော အသိအ··· ပြုခံရတယ်။ မကောင်းတဲ့ အိပ်မက်··· ပယ်တယ်။ ကောင်းတဲ့အိပ်မက်··· မက်စေတယ်"

"အလွန် အကျိုးအာနိသ··· တာပဲနော်"

"ဒါပေါ့···ငါ့မြေးရယ်"

အဘိုးဦးမြင့်ဟန်သည် သူ··· သိချင်တာ ပြောပြလိုက်ရ၍ အလွ··· ဖြစ်၍ သွားပါလေတော့၏။

ဝင်း···



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## ယခင်လမှအဆက်

လောင်းတော်ဦးစေတီတော် အကြောင်းများကို ပြောကြသော်လည်း တိုက်ဆိုင်သော အကြောင်းအရာများ ရှိ...ဖြင့် ဆက်လက်ရေးသားရပါသည်။ အနော်ရထာမင်းကြီးသည် ယခုပွဲစမြိတ်ရွာမှ နားနေတော်မူပြီး တိုင်းရင်းသားလူမျိုးစု ချစ်ကြည်ရေး မိတ်ဆုံပွဲတော်ကြီး ဆင်နွှဲရန်အတွက် နိုင်ငံတော်အတွင်းရှိ ...မျိုးစုများကို ဖိတ်ခေါ်ခဲ့သည်သာမက မြန်...နိုင်ငံတော် အရပ်ရပ်၌ နေထိုင်ကြကုန်...သော ဒေသနတ်များ။ ဘီလူးများကိုလည်း ချစ်ကြည်ရေးပွဲတော်သို့ လာရောက်ရန် ဖိတ်ခေါ်အမိန့်ထုတ်ခဲ့၍ ပင်လယ်ကမ်းနား၌ နေထိုင်သော ဘီလူး (ငကြောင်) သည် မင်းကြီး၏ အာဏာတော်ကို မလွန်ဆန်ဝံ့သောကြောင့် မယား မယ်ဂလိန်၊ သားငထွေးတို့နှင့်အတူ များစွာသော ဘီလူးအပေါင်းတို့သည် လောင်းလှေကြီးစီး၍ မိတ်ဆုံကျင်းပရာ ဌာနသို့ လာခဲ့ကြသည်။

မိတ်ဆုံပွဲကျင်းပရာ ယခုပွဲစမြိတ်ရွာ၌ လူပရိသတ်၊ နတ်ပရိသတ်၊ ဘီလူးပရိသတ်များ အလွန်များပြားလှသော ဘီလူးငကြောင်ဦးစီး၍ ဘီလူးများစီးခဲ့သော လောင်းလှေကြီးသည်အလွန်ကျက်သရေရှိလှသဖြင့် အနော်ရထာမင်းကြီးသည် ဤသို့ အကြံဖြစ်တော်မူ၍ ဤအရပ်ဒေသ၌ ဗုဒ္ဓမြတ်စွာသာသနာကြီးသည် အရှည်တည်တံ့မည်ဖြစ်ပါကမူ ဤလောင်းလှေကြီးသည် စေတီတော်တည်ရာ ကုန်းမြေဖြစ်ပါစေသတည်းဟု အဓိဋ္ဌာန်ပြုတော်မူခဲ့ရာ ဘီလူးများ စီးနင်းလာခဲ့သော လောင်းလှေကြီးသည် ကုန်းအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ဘီလူးငကြောင်၏ မယား မယ်ဂလိန်သည် အလွန်စည်ကားသော ပွဲတော်တွင် လှည့်လည်ပျော်ပါးရင်း သားငယ်ငထွေး ပျောက်ဆုံးခဲ့လေသည်။ အပျော်လွန်၍ သားပျောက်နေသည်ကို မသိခဲ့ချေ။ ပွဲတော်ကြီးပြီး၍ မိမိနေရာသို့ အပြန်ခရီးရောက်မှ သားပျောက်မှန်းသိ၍ ထိုသားပျောက်သိသော နေရာကို ယခု


အခါ သားပျောက်ရွာဟု ခေါ်ကြသည်
သားငထွေး တင်ကျန်ခဲ့သောကျွန်းကို
(သားသောင်တင်ကျွန်း) ဟုလည်းကောင်
သားအလောင်းတွေ့၍ ဘီလူးမ မယ်ဂလိ
မျက်လုံးနှစ်ခု မျက်ရည်ကျသော နေရာ
(ဘီလူးမျက်ကွင်း) ဟုလည်းကောင်
ငိုသောနေရာကို (မယ်ငိုရွာ) ဟူ၍ လည်
ကောင်း။ အလောင်းကို တုတ်ခင်း၍
တင်ယူသောနေရာကို (တုတ်ခင်းရွာ)
ခေါ်ဝေါ်ကြသည်။ ယခုအခါ လယ်
လုပ်ကိုင်နေသော တဲများသာ ရှိ
သည်။ သားငယ်အလောင်းကို ပျဉ်ခေါ
၌ထည့်ရန် ပျဉ်ကြီးခုတ်ခင်းသော နေရာ
ပျဉ်တောင်ကြီး၊ ပျဉ်ငယ်တောင်းသ
နေရာကို ပျဉ်ခုတ်တောင်လေး ဟုခေါ
ခေါင်းစပ်ရန် သံတောင်းသည့်နေရာ
သံတောင်ရွာဟု ခေါ်ခဲ့ကြသည်။

ဘီလူးမမယ်ဂလိန်သည်
သားငယ်အလောင်းကို သင်္ဂြိုဟ်ပြီးနော
မိမိနေရာအရပ်သို့ ပြန်ရာလမ်းခရီးမှ
ရင်ကွဲနာကျ၍ သေဆုံးသောနေရာ
(စီဖွား) ရွာဟု ယနေ့တိုင် ခေါ်ဝေါ



www.burmeseclassic.com

www.burmeseclassic.com



ရွှေလီမြစ်မှ ဘိုးလှုတင်ဘုရား



ရွှေလီမြစ်ပေါ်ရှိ ငါးအိုးတံတား

ရှိပါသည်။ ဘီလူးကျောင်ခေါင်းဆောင်၍ စီးနင်းလာသော လောင်းလှေကြီးသည် အနော်ရထာမင်းကြီး၏ အမိဋ္ဌာန်ကြောင့် လောင်းလှေသဏ္ဍာန်ကုန်းတော်ကြီးဖြစ်လာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ချစ်ကြည်ရေးနယ်ခြားစေတီအဖြစ် တည်ထားခဲ့ပြီး လောင်းတော်ဦးစေတီတော်ကြီး အဖြစ် တည်ထားခဲ့သည်။ သက္ကရာဇ် (၉၃၇) ခုနှစ်တွင် ဟောင်းနွမ်းပျက်စီးလျက် ရှိသော လောင်းတော်ဦးစေတီကို ဟောနန်းတက်သော မိုးမိတ်စော်ဘွားကြီး (ဆေစောဖ) က ပြန်လည်ပြုပြင်ခဲ့ပြီး (၉၄၁) ခု ကဆုန်လ (၁) ရက်နေ့တွင် (သိုဝ်စော်ဘွား) က အသစ်မွမ်းမံပြုပြင်ခဲ့ပြန်သည်။ ပထမစေတီ ဉာဏ်တော် (၉) တောင်၊ ဘီနပ်တော် (၇) တောင်ရှိခဲ့ရာမှ ထပ်မံ၍ ဘီနပ်တော် (၁၀) တောင်၊ အမြင့်ဉာဏ်တော် (၁၅) တောင်ကို တိုးမြှင့်ပြုပြင်ခဲ့ကြသည်။ လောင်းတော်ဦး စေတီတော်ပွဲပိုင်းတွင် အင်းတော်ကြီး ဆရာတော်မှ (၉) တောင်ပြည့်စေတီ တော်တစ်ဆူနှင့် ကသာမြို့ ယူစင်ရွှေဆိုင်



www.burmeseclassic.com

www.burmeseclassic.com


ဘုရားဒကာဦးကျော်အောင်မှ နဂါးရုပ်ပွား တော်တစ်ဆူ တည်ခဲ့သည်။

လောင်းတော်ဦးစေတီတော် မြတ်ကြီးတည်ရှိရာ ဗှာနနယ်မြေသည် ရှေးမြန်မာမင်းများ လက်ထက်က မြတောင်မြို့နယ်ဖြစ်ပြီး ယခုအခါ ကသာ မြို့နယ်အပိုင်ဖြစ်ပြီး ရှမ်းပြည်နယ်၊ မဘိမ်း မြို့နယ်နှင့် ဆက်စပ်လျက်ရှိသည်။ ကသာ မြို့နယ်မှ အင်းကြီးရွာ၊ လေ့တိုရွာများသည် စေတီတော်နှင့် အနီးဆုံးရွာများဖြစ်ကြ သည်။ (၉၄၁) ခုနှစ် သိုဝ်စော်ဘွားပြုပြင် ပြီးနောက် အင်္ဂလိပ်အုပ်စိုး၍ လွတ်လပ် ရေးရသည့်တိုင်အောင် ပြုပြင်မည့်သူ ဒါယကာ မပေါ်ပေါက်၍ တောခြုံနွယ်များ ဖုံးလွှမ်းပြီး စေတီတော်ရှိမှန်းမသိနိုင်အောင် ပင် ပျက်စီးပြီး အုတ်ပုံသာ ကျန်ရှိနေတော့ သည်ဟု သိရှိခဲ့ရသည်။

ကောဇာသက္ကရာဇ် (၁၂၇၉) ခုနှစ် ပွဲစမြိတ်ကျေးရွာမှ ကြက်ထောင်နေ သော တောမုဆိုး "ငအုပ်" ဆိုသူသည် စေတီတော်တည်ရှိရာ မြစ်၏ အရှေ့ဘက် ကမ်း တောကြက်ထောင်နေရာမှ လောင်း



လောင်းတော်ဦးစေတီ ပုံပိုင်း



ဆရာတော်အရှင်ပညာဇောတ

ခမည်းတော်နှင့် မယ်တော်



www.burmeseclassic.com

www.burmeseclassic.com

တော်ဦးဘုရားတည်ရှိရာ ကုန်းတော်ပေါ်မှ ရောင်ခြည်တော် ကွန့်မြူးနေသည်ကို မြင်ရသည့်အတွက် စေတီတော်တည်ရှိရာ ကုန်းတော်သို့ကူးလာပြီး တောခြုံနွယ်ပိတ်ပေါင်းများကို ရှင်းကြည့်ရာ အုတ်ပုံနေရာမှ ရောင်ခြည်တော်လွှတ်ကြောင်း သိလာသော် ဓားဖြင့်ခြုံနွယ်များကို ခုတ်ထွင်ရှင်းလင်းပြီး ဘုရားပြုပြင်ရန် စိတ်ထက်သန်၍ သဒ္ဓါအားကောင်းနေသဖြင့် ဘုရားပြုပြင်လို့ မပြီးမချင်း အင်္ကျီမဝတ်ဟု အဓိဋ္ဌာန်ဖြင့် အင်္ကျီမဝတ်ဘဲ ဘုရားပြုပြင်ရန် အားထုတ်ပါတော့သည်။ ဒကာ (...အုပ်) သည် ဘုရားကုန်း တောင်ပေါ်ရှိ ...များ ခုတ်ထွင်ရှင်းလင်းပြီး လောင်း...တော်ဦးစေတီတည်ရှိရာ နယ်မြေသည် ...ခေတ်ကာလ မြတောင်အပိုင်ဖြစ်၍ ...တောင်မြို့ တောင်ပေါ်ကျောင်း ...ကျောင်းတော်ဦးဆရာတော် (ဦးဇာဂရ) ထံ ...ရောက်လျှောက်ထားရာ ဆရာတော် ...မ်းမြောက်စွာဖြင့် ကြွရောက်တော် ... ပြိုပျက်နေသော စေတီတော်အား ...ကြည့်ရှုပြီး ရွှေလီမြစ်ရိုးရှိ ချောင်းဝကျောင်း ကျောင်းဆရာတော် ဦးသုဝဏ္ဏအား အကြီးအမှူးထား၍ လေ့ဘိုဆရာတော်၊ ကွန်းချောင်းဆရာတော်၊ မယ်ညိုဆရာတော်နှင့် ညှိနှိုင်း၍ (၁၂၇၉) ခု၊ ကဆုန်လဆန်း (၃) ရက်နေ့တွင် အုတ်မြစ်တော်ချခဲ့သည်။

မြို့ပျက်နေသော စေတီတော်ကို အုတ်မြစ်ချရာ၌ ပြိုပျက်နေသော အုတ်ချပ်များ ထုတ်လိုက်သောအခါ (သုံးတောင်ခန့်) မြေကမ္ဘူလေး ပေါ်လာပြီး ၎င်းမြေကမ္ဘူလေးကို ပေါက်ပြားများဖြင့် ဖြိုရာ ဖြိုလို့မရဘဲ အသံတွေမြည်ဟီးပြီး တောင်တစ်ခုလုံး တုန်ခါနေခဲ့ကြောင်း သိခဲ့ရသည်။ မြတောင် ဆရာတော်ကြီးမှ တောင်းပန်၍ ဆက်ပြီးမတူးတော့ဘဲ တားမြစ်တော်မူခဲ့သည်။ ၎င်းကမ္ဘူလေးကို သံကွန်ခြာအုပ်ဆောင်း၍ ငုံပြီး တည်သွားခဲ့ကြသည်။

(၁၂၇၉) ခုနှစ်မှာပင် မြတောင်ဆရာတော်မှ ရွှေလီနယ်မှ သံဃာတော်များနှင့် ဒကာ ဒကာမများ စုပေါင်းပြီး လောင်းတော်ဦးစေတီတော်ကို အုတ်မြစ်ချ၍ ပြုပြင်ခဲ့ရာ (၁၂၈၀) ခု၊ ကဆုတ်လပြည့်ကျော် (၄) ရက်နေ့တွင် ပြီးစီးအောင်မြင်၍ တပေါင်းလပြည့်နေ့တွင် ထီးတော်တင်ပူဇော်ပွဲ ကျင်းပနိုင်ခဲ့သည်။ မြတောင်ဆရာတော်၊ ချောင်းဝဆရာတော်ကြီးများ (၁၂၇၉) မှ (၁၂၉၇) အထိ နှစ်ပေါင်း (၁၈) နှစ်တိုင်တိုင် တပေါင်းလပြည့်နေ့ရောက်တိုင်း ဘုရားပွဲတော်ကို ကျင်းပနိုင်ခဲ့သည်။ မြတောင်ဆရာတော် ဦးဇာဂရ မဟာထေရ်မြတ်သည် လောင်းတော်ဦးစေတီတော်မြတ်ကို ဒုတိယအကြိမ် ပြုပြင်ခဲ့သော ဆရာတစ်ပါးဖြစ်သည်။

၁၂၉၇ ခုနှစ်၊ နွေရာသီတွင် မြေငလျင် ပြင်းထန်စွာ လှုပ်ခါမှုကြောင့် လောင်းတော်ဦးဘုရားစေတီတော် ပြိုကျမြေခ ပျက်စီးခဲ့ရပြန်သည်။ ၎င်းနှစ်မှာပင် မြတောင်ဆရာတော်ကြီး ဇရာဖိစီးမှုကြောင့် မကျန်းမမာသည့်အတွက် ချောင်းဝဆရာတော် ဦးသုဝဏ္ဏအား လောင်းတော်ဦးဘုရားအား ထပ်မံပြုပြင်ရန် တာဝန်ပေးတော်မူ၍ ချောင်းဝဆရာတော်ကြီးမှာ

www.burmeseclassic.com

သာသနာ့တာဝန်ကို မငြင်းဆိုဘဲ ထမ်းမ ပြုပြင်ဆောင်ရွက်တော်မူခဲ့သည်။ (၁၂၉၇) ခုနှစ်မှစ၍ (၁၂၉၉) ခုနှစ် ကဆုန်လပြည့်နေ့တွင် ထီးတော်သစ် တင်လှူခဲ့ပြန်သည်။ (၁၂၉၉) ခုနှစ်မှ (၁၃၄၀) ခုနှစ်ထိ (၄၁) နှစ်တိုင်တိုင် မြတောင်ဆရာတော်၏ ဩဝါဒအတိုင်း တပေါင်းလပြည့်နေ့ရောက်တိုင်း ဘုရားပွဲတော်ပြုလုပ်ရာ ပျံလွန်တော်မူသည့်အချိန်ထိ သာသနာ့တာဝန်ကို ထမ်းဆောင်သွားခဲ့သည်။ ချောင်းဝဆရာတော်ကြီး ပျံလွန်ပြီး (၁၃၄၀) ပြည့်နှစ် ပြာသိုလမှစ၍ အင်းကြီးဆရာတော် ဦးဣန္ဒာစရိယသည် ကိုရင်သာမဏေကျောင်းသားများနှင့် တောများကို ခုတ်ထွင်ရှင်းလင်း၍ နယ်တကာအနှံ့အလှူခံပြုပြင်ခဲ့ရာ (၁၃၅၇) ခုနှစ်အထိဖြစ်သည်။ အင်းကြီးဆရာတော်သည်လည်း ကျန်းမာရေးမကောင်းမှုကြောင့် ဆက်လက်မပြုပြင်နိုင်ဘဲ အနားယူခဲ့သည်။

ရှေးဟောင်းသမိုင်းဝင် လောင်းတော်ဦးဘုရားစေတီရှိရာနေရာသည် ရှာမနိုး၊ လူသူမနီး တောကြီးမျက်မည်းဖြစ်သောကြောင့် ထာဝရသီတင်းသုံးနေထိုင်သူ ပုဂ္ဂိုလ်မရှိ၊ သာသနိက အဆောက်အဦးများလည်း မရှိ၊ စောင့်ရှောက်မည့်သူများမရှိ၍ (၁၃၅၀) ပြည့် ပြာသိုလဆန်း (၂) ရက်နေ့တွင် ဌာပနာ ဖောက်ထွင်းခြင်းခံခဲ့ရသည်။ ဌာပနာပစ္စည်းများ မပါသွားပါ။ အန္တရာယ်တစ်ခုခုကြောင့် ထွက်ပြေးရသည်ဟု ထင်ရသည်။ စေတီတော်၏ ထူးခြားခြင်းပင်ဖြစ်သည်။ နတ်နဂါးများ မကြာခဏ လာဖူးသည်ကို ဒိဋ္ဌမျက်မြင်တွေ့ဖူးသူများရှိခဲ့သည်။ (၁၃၅၇) ခုနှစ် တန်ခူးလပြည့်ကျော် (၁၁) ရက် အင်္ဂါနေ့ နေ့လယ် (၁၁) နာရီအချိန်တွင် လောင်းတော်ဦးစေတီတော်၏ အရှေ့မြစ်ထဲ ငါးဖမ်းပိုက်မျှောနေသော ရေလုပ်သား မောင်ဦးနှင့် ဇနီးမခမ်းအေးတို့ လှေအနီး နဂါးတစ်ကောင်ပေါ်လာပြီး ဘုရားဖူးသည်ကို ကုန်းတော်ပေါ်မှ ဦးပဉ္စင်းကြီးများနှင့် ဒကာကြီးများအားလုံး မြင်တွေ့ကြရသည်။

လောင်းတော်ဦးဘုရားကြီး၏ ထူးခြားချက်များရှိပါသေးသည်။ ကသာမြို့နယ်၊ အင်းရွာမှ ဆေးဆရာကြီ ဦးခင်မောင် တရားအားထုတ်ရန် လောင် တော်ဦးဘုရားသို့ရောက်ခဲ့ရာ နီးစပ်ရွာမှ မှ ကမ္မဋ္ဌာန်းကျောင်း ဆောက်ပေးခဲ့သော လည်း ကျောင်းပတ်လည် သစ်ပင်မျာ အား ဓားထစ်၍ နယ်မြေသက်မှတ်သည အတွက် ညအချိန်ရောက်သော တော စောင့်နတ်ဘီလူးမှာ ကိုယ်ထင်ပြ ခြောက်လှန့်မောင်းထုတ်သည့်အတွ တရားအားမထုတ်နိုင်ဘဲ အင်းရွာသို့ ပြန်ခဲ့ရသည်။ ကသာရွှေလီလိုင်း မြေ နေသော ကျော်ဆန်းဝင်းမော်တော်ယာ မှ စက်လှေမောင်းတစ်ဦးသည် လော တော်ဦးကုန်းပေါ်မှ သရက်သီးများ ခူး ရာ အိပ်မက်ပေးသဖြင့် ကြောက်လန့် အမြန်ဆုံး ပြန်ပို့ပေးသည်မှာ ထူး ဖွယ်ရာဖြစ်တော့သည်။

ပဉ္စမအကြိမ် ဘုရားကြီးအား ပြုပြင်သူမှာ ယခုလောင်းတော်ဦး သီတင်းသုံးနေထိုင်တော်မူသော ဆ တော် ဘဒ္ဒန္တပညာဇောတ ပင်ဖြစ်သ ဆရာတော်မှာ သက်တော် (၆၅)



www.burmeseclassic.com

www.burmeseclassic.com

(၄၀) ဖြစ်သည်။ ခမည်းတော် - မယ်တော် ဒေါ်လှခင်ဖြစ်ပြီး င်းမှ (၆) ယောက်ရှိသည့်အနက် ယမြောက်သားရတနာတစ်ပါးဖြစ်ပြီး ည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ်၊ င်ရွာတွင် ဖွားမြင်ပြီး ရှမ်းဗမာလူမျိုး ည်။ မဘိမ်းမြို့တွင် (၅) နှစ် နေထိုင် ခဲ့ပြီး တရားဖက်လိုက်၍ ဝန်းသို ည် ခန္တီဆရာတော်၊ မုံလယ်တောရ နတ်ရေကန်တောရဦးဩဘာသ ဆရာတော်များထံ နေထိုင်ပြီး တရား ကျင့်ကြံ အားထုတ်တော်မူခဲ့သည်။ တောရ ကျောင်းများတွင် (၃) နှစ်နေထိုင်ပြီး ဝန်းသို၊ ခန္တီ၊ ကောလင်း၊ ဗဗွေးကုန်း၊ ဆင်ဂေါင်းတောင်တို့တွင် (၃) နှစ်နေထိုင် ခဲ့သည်။ လက်ပံချင်း၊ ဒီးတုတ်ကုန်း တောင်ကြားများတွင်လည်း တရားကျင့်ကြံ အားထုတ်ခဲ့သည်။ သို့သော်လည်း တရား အားထုတ်၊ တရားထိုင်တိုင်း အာရုံထဲတွင် လောင်းတော်ဦးဘုရားကြီးအား ပြုပြင်ရန် ကို မြင်ယောင်ခဲ့သည်။ တရားထိုင်၍ မရ အောင်ဖြစ်ခဲ့၍ ဘုရားကြီးကိုပဲ မျက်စေ့ထဲ မြင်ယောင်နေခဲ့သည်။ ဘိုင်ပင်တွင် (၃) နှစ်နေခဲ့စဉ် ကျောင်းထိုင်ဆရာတော် လူထွက်၍ ကျောင်းထိုင်လုပ်ရန် ဆရာ တော်အား တိုက်တွန်းခဲ့ကြသော်လည်း အရှင်ပညာဇောတမှာ ကျောင်းမထိုင်ခဲ့ပေ။ ကသာမြို့ လေးထပ်ကျောင်းဆရာတော် ဦးဇင်းကုလားဟုခေါ်သော ဦးပဥ္စင်းမှ လမ်းညွှန်သဖြင့် ရွှေလီဒကာ ဒကာမများ



**သီလရှင်ဆရာလေးများကျောင်း**



www.burmeseclassic.com

www.burmeseclassic.com

က လောင်းတော်ဦးစေတီတော်ကြီးတွင် သီကင်းသုံးရန် ပင့်ဆောင်လာကြသည်။

ဆရာတော်ဦးပညာဇောတ အရှင်မြတ်သည် လောင်းတော်ဦးစေတီရှိရာ ကုန်းတော်သို့ ကြွရောက်လာခဲ့သည်။ အင်းကြီးဆရာတော် ကျန်းမာရေးမကောင်းသဖြင့် ဆက်လက်မပြုပြင်နိုင်ဘဲ အနားယူခဲ့သည့် အချိန်မှစ၍ လောင်းတော်ဦးစေတီတော်မှာ မိုးဒဏ်၊ လေဒဏ်၊ နေပူဒဏ်များကြောင့် ပျက်စီးယိုယွင်းပြီး တော်ခြုံနွယ်များ ပိတ်ဖုံး၍ ဖူးမြင်သူတိုင်း စိတ်မချမ်းမြေ့စရာ ဖြစ်ရတော့သည်။ ဆရာတော်ကြီး၏ စိတ်ထဲတွင် ရှေးဟောင်းသမိုင်းဝင် ရတနာကြီးဖြစ်သော ထေရဝါဒဗုဒ္ဓသာသနာ မှတ်တိုင်ကြီး မကွယ်ပျောက်အောင်ဆက်လက်ပြီး သာသနာပြုမည်ဟု ဆုံးဖြတ်ချက်ချပြီး သစ္စာဆိုပြီး အဓိဋ္ဌာန်ပြုခဲ့သည်။ ငါသည် ဤသို့ ပြိုကျလုနီးပါးဖြစ်သော စေတီတော်ကြီးကို ထပ်မံပြုပြင်ပါမည်။ သာသနာအပေါ် ထားရှိသော ငါ့ရဲ့ မေတ္တာစေတနာ မှန်ကန်ပါက ပစ္စည်းလေးပါးလှူဒါန်းသူများ ပေါ်ပေါက်ပါစေသတည်း။ ပဋ္ဌာန်းဆက်ရှိသူများအားလုံး ဝိုင်းဝန်းကူညီရန် လာရောက်ပါစေဟု သစ္စာဆို၍ အဓိဋ္ဌာန်ပြုခဲ့သည်။

စေတီကြီးပြိုကျတော့မည်ကို ဆရာတော်နှင့် ရွှေလီနယ်သားအားလုံး စိုးရိမ်သောကဖြစ်နေကြသည်။ ဘုရားကြီးပြုပြင်ရန် ရွှေလီနယ်သားများက ဆရာတော်အား လျှောက်ထားကြရာ အချိန်အခါ လိုပါသေးသည်ဟုသာ နှစ်သိမ့်စကားပြော၍ ဖြေသိမ့်ပေးခဲ့သည်။ (၁၃၅၈) ခု၊ ကဆုန်လ အင်းကြီးရွာ ရှင်ပြုအလှူတွင် အင်းကြီးဆရာတော်ဦးဣန္ဒာစရိယမှ ဦးပညာဇောတအား လောင်းတော်ဦးစေတီတော်ကြီးအား ပြုပြင်ရန် ဒကာကြီးဦးစ၊ ဦးစံတင်နှစ်ယောက်နှင့် အလှူခံထွက်ပေးပါဟု ခိုင်းစေခဲ့သည်။ ဆရာတော်ဦးပညာဇောတမှာ အလှူခံရမည်ကို အလွန်ဝန်လေးရှက်ကြောက်မိသည့်အတွက် စိတ်မှ အမှတ်မထင်ပေါ်လာသော အာရုံကို ရုတ်တရက်နှုတ်ဝစီမှ ဆရာတော်ဘုရား စိတ်သောက မရောက်ပါနဲ့ဘုရား၊ မကြာခင်မှာ ဘုရားဒကာရောက်လာတော့မှာပါ အလှူခံစရာမ[…] ပါဘူးဟု လျှောက်ထားမိခဲ့သည်။

ဦးပညာဇောတလည်း လောင်[…]တော်ဦးသာသနာ စည်ပင်ရန်အတွ[…] ဒကာ ဒကာမများကို မေတ္တာရပ်ဖိတ်[…]၍ ကုန်းတော်ပေါ်ရှိ ခြုံနွယ်ပိတ်ပေါင်း[…]ကို ခုတ်ထွင်ရှင်းလင်းပြီး (၁၃၅၆) […]စ၍ မဟာပဋ္ဌာန်းတရားတော်ကြီးကို နိ[…]ရာ သံဃာတော်များနှင့် ရွတ်ဖတ်ပူဇေ[…]သည်။ လှူဒါန်းသူ ဒကာ ဒကာမ[…] လည်း ရောက်လာကြပါသည်။ စေ[…]တော်ကြီးအတွက် အတိတ်နိမိတ်ကော[…] ဖြစ်သည်ဟု ထင်မြင်ခဲ့သည်။

(၁၃၅၆) ခုနှစ်၊ တန်ဆောင်[…] လဆန်း (၁၄) ရက်နေ့ အင်းကြီး[…] အလှူကထိန်ပွဲသို့ အရှင်ပညာဇော[…] သွားရောက်ခဲ့ရာ အင်းကြီးဆရာတော်[…] တွေ့တွေ့ချင်း ဘုရားဒကာဘယ်မှာ[…] ဘယ်တော့လာမှာလဲဟု အားမလို[…] မရဖြင့် မေးမြန်းခဲ့သည်။ ဘုရား[…] ရောက်လာတော့မှာပါဘုရား၊ ယ[…] ရောက်လာမလား မသိပါဘု[…]



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ထားလိုက်သည်။ ကျောင်းတော် ဦး စေတီတော်မြတ်ကြီး၏ တန်ခိုးတော် ကြောင့်လည်းကောင်း ၁၃၅၆ ခု၊ တန်ဆောင်မုန်းလဆန်း (၁၄) ရက်နေ့ ည ) နာရီအတွင်း မိုးလုံးရွာကျောင်းဒကာ ဦးဘတုတ်နှင့် ရန်ကုန်မြို့မှ ဒကာကြီး ဦးဝင်းထိန်တို့ရောက်လာပြီး ဆရာတော် အား ပင့်လျှောက်ပြီး ကျောင်းတော်ဦး ဘုရား စေတီပြုပြင်မွမ်းမံရန် နဝကမ္မ အလှူငွေကို ညတွင်းချင်း ရေစက်ချ ချခဲ့ပြီး ပြန်သွားပါသည်။ ဦးဝင်းထိန် ဆရာတော်ဦးပညာဇောတအား အရှင်ဘုရား ဦးဆောင်ပေးတော်မူပါဘုရား မပြီးမချင်း တပည့်တော် ဆက်လက် လှူဒါန်းပေးပါမည်ဟုလည်း လျှောက်ထား ခဲ့သည်။ ရွှေလီနယ်ရှိ ရဟန်းသံဃာတော် များနှင့် ဒါယိကာ ဒါယိကာမများအားလုံး ဝမ်းမြောက်ပီတိဖြစ်၍ သာဓုအကြိမ်ကြိမ် ခေါ်ကြရတော့သည်။

(၁၃၅၉) ခုနှစ်တွင် ကျောင်းတော်ဦးဘုရားစေတီတော် ဘက်စုံပြုပြင် မွမ်းမံရန်အတွက် လိုအပ်သောပစ္စည်းများ စုဆောင်းပြည့်စုံပြီးမှ (၁၃၆၀) ခု၊ တော်သလင်းလဆုတ် (၂) ရက်၊ (၁၉၉၈) ခုနှစ်၊ စက်တင်ဘာလ (၇) ရက် တနင်္လာနေ့တွင် ရန်ကုန်မြို့မှ ဘုရားဒကာဦးဝင်းထိန်နှင့် အဖွဲ့ဝင် (၉) ဦး ရောက်ရှိလာပြီး (၁၃၆၀) ခုနှစ်၊ တော်သလင်းလဆုတ် (၆) ရက် သောကြာနေ့တွင် စေတီတော်ကို စတင်ပြုပြင်ခဲ့ကြသည်။ ကုန်းတော် ရင်ပြင်ချဲ့ခြင်း။ ရင်ပြင်တော် ထာဝရ တည်တံ့ခိုင်မြဲရန် သံပင်၊ သံချောင်းနှင့် ဆွဲချုပ်၍ အာစီလောင်းခြင်း။ စေတီ ကွဲအက်သည့် နေရာများပြုပြင်ခြင်း။ စေတီ ဟောင်းကို ပတ်ငုံ၍ ပြုပြင်မွမ်းမံခြင်း။ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ကိုယ်လုံးပတ် တော်အောက်ခြေတွင် (၄၅) တောင်၊ ဉာဏ်တော်မှာ (၂၉) တောင် (၁) မိုက် ရှိခဲ့သည်။ အရံစေတီငယ် (၄) ဆူ၊ ရုပ်ပွားတော် (၅) ဆူနှင့် ပလ္လင်တော်များ အုတ်လှေကားစောင်းတန်းများ ပြီးစီး အောင်မြင်ခဲ့သည်။ (၁၃၆၀) ခု၊ သီတင်းကျွတ် လပြည့်ကျော် (၂) ရက်နေ့တွင် ထီးတော်တင်မင်္ဂလာ ကျင်းပပူဇော်နိုင်ပြီး (၃) ရက်နေ့နံနက်တွင် ကထိန်သင်္ကန်း



(ဘီလူးမမျက်ကွင်း)



www.burmeseclassic.com

www.burmeseclassic.com

ကပ်ကြသည်။ ရန်ကုန်မြို့ ဘုရားဒကာ ဦးဝင်းထိန်+ဘုရားဒကာမ ဒေါ်အေးအေးယု မိသားစုနှင့် ရွှေလီမဘိမ်းမြို့နယ်၊ ကသာမြို့နယ်နှင့် ပါရမီရှင်များအားလုံး စုပေါင်းပါဝင်ခဲ့ကြသည်။

ယခုအခါ ဆရာတော်အရှင်ပညာဇောတမှာ ဘိုင်ပင်ကျေးရွာ အောင်မင်္ဂလာကျောင်း၌ သီတင်းသုံးနေခဲ့ရာမှ ယခုလောင်းတော်ဦးတွင် (၁၉) နှစ်မျှကြာခဲ့ပြီး သာသနာပြုလျက်ရှိသည်။ သာသနာတော်နှင့် လောင်းတော်ဦးစေတီတော် အရှည်တည်တံ့ခိုင်မြဲစေရန်ဟူသော အကြောင်းများအတွက်သာမက သာမဏေ ရဟန်းများကို စာပေပို့ချခြင်း။ တရားစခန်းများ ဖွင့်လှစ်နေခြင်း။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာနှစ်ရပ်ကို သင်ကြားပို့ချခြင်း။ စာသင်သားများအား မွေးထုတ်၍ ရန်ကုန်၊ မန္တလေး စာသင်တိုက်များသို့ ပို့ဆောင်၍ ပညာသင်ကြားစေခဲ့သည်။ ဓမ္မာစရိယ (၁) ပါး၊ အကြိုးတန်း (၁) ပါး၊ ဆရာလေး (၁၁) ပါးတွင် ဓမ္မာစရိယ (၁) ပါးနှင့် ဘီအေဘွဲ့ရဆရာလေး (၁) ပါးရှိသည်။ ဆရာလေးများမှာလည်း တစ်ဦးနှင့်တစ်ဦး မတွေ့ဖူးမမြင်ဖူးဘဲ လောင်းတော်ဦးစေတီတွင် လာရောက်ကြပြီး ပဋ္ဌာန်းရေစက်များကြောင့် တစ်ဦးနှင့်တစ်ဦး တွေ့တွေ့ချင်း ဖက်ပြီးငိုကြသည်မှာလည်း လောင်းတော်ဦးဘုရား၌ ဘဝအဆက်ဆက် တွေ့ခဲ့ခဲ့ပြီး ပြန်လည်တွေ့ကြရ၍ ဝမ်းနည်းကြခြင်းဖြစ်မည်ဟု ထင်ပါသည်။

တရားစခန်းဖြစ်မြောက်ရန်အတွက် မိုးလုံးရွာမှ ဒကာကြီးဦးတုတ်၊ ဒေါ်ခင်ညို၊ ဦးပွကြီး၊ ဦးချစ်မောင်၊ ဦးစ၊ ဦးစံတင်တို့ ရောက်ရှိလာပြီး တရားပွဲလုပ်ရန်နှင့် တရားစခန်း ဖွင့်လှစ်ရန် လာရောက်လျှောက်တင်၍ တရားစခန်းများ ဖွင့်လှစ်ခဲ့သည်။ မိုးကုတ်နည်းဖြင့် တရားစခန်းဖွင့်ခဲ့ရသည်။ ယောဂီ (၁၀၀) ကျော်အထိ ရောက်ရှိခဲ့သည်။ ဓမ္မာရုံများ၊ ကျောင်းများ မလုံလောက်၍ နောက်ပိုင်းတွင် ရန်ကုန်မှ ဦးဝင်းထိန်၊ အင်းရွာမှ ဦးအုန်းဖေ၊ မန္တလေးမှ ဦးလှမျိုး၊ မန္တလေးမှ ဟိန္ဒူလူမျိုး ဦးမွတ်နားနှင့် ရွှေလီနယ်သား၊ ကသာမန္တလေးများမှ ဒကာ
ဆောက်လုပ်လှူဒါန်း၍ အဆောက်အဦ
များဖြစ်လာပြီး ဘုရားကုန်းတစ်ခု
တိုးတက်လာခဲ့သည်။ ယခုအခါ လောင်း
တော်ဦးစေတီပဲ့ပိုင်းမှ တောင်ပေါ်သို့တ
လျှင် ကြီးမားသော ဗိမ္မာန်ကြီးတည်
ဆောက်ထားပြီး အလှူရှင်မှာ ရန်ကုန်
ဦးထိန်ဝင်းဖြစ်ပြီး ပဋ္ဌာန်းပွဲဖြင့် ဖွင့်လှစ်
သည်ကို တွေ့ခဲ့ရသည်။ ပဋ္ဌာန်းပွဲ
လောင်းတော်ဦးစေတီတော်အတွ
အကြိမ်ပေါင်း (၃၆) ကြိမ်ရှိပြီး တရား
ပဋ္ဌာန်းပွဲသို့ ပွဲစမြိတ်ရွာ၊ အလယ်ရွာ
မအူကုန်း၊ ဘိုင်ပင်၊ အင်းကြီးရွာ၊ မိုး
လေ့ဘို၊ နိတ၊ ဝိုင်လုံ၊ ကွန်းချော
သဲချောင်း။ မယ်ငိုရွာ၊ ပြည့်ဝရွာများ
ဆရာတော်ကြီးများ ကြွရောက်ပြီး ရွာ
ရွာသား၊ ရွှေလီနယ်သားများ လာရော
လာကြသည်။ တရားပွဲများပြီးဆုံး၍
ပေးဝေလျှင် ယခင်က တောင်ချိုင့်
အောက်များမှ အသံနက်ကြီးဖြင့်
ခေါ်သည်ကို တရားနာပရိသတ်များ
ကြရသည်။ တရားပွဲလုပ်စဉ်တွင်



www.burmeseclassic.com

www.burmeseclassic.com

...ဦးဘုရားဝင်းအတွင်း စိုက်ထားသော ...ပန်းများပွင့်ကြပြီး ဘုရားပန်းအိုးမှ ...ကစိမ်းဂမုန်းများ ထူးထူးခြားခြား ...သည်ကိုလည်း သိခဲ့ရသည်။

ဘုရားသမိုင်းနှင့် အကြောင်း ...များကို လောင်းတော်ဦးစေတီတွင် ...င်းသုံးသာသနာပြုနေသော ဆရာ ...အရှင်ဦးပညာဇောတမှ တစ်ဆင့် ...ပါသည်။ ဆရာတော်ကြီးသည် ဝေး ...သောနေရာ၌ သာသနာပြုလုပ်ငန်း ... ဆောင်ရွက်ခြင်း၊ ပဋ္ဌာန်းဆက် ... ဒကာမများနှင့် လောင်းတော်ဦး ...တော်ကြီးအား ပြုပြင်စောင့်ရှောက် ...ကို ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ...င်းများစွာမှ တံခွန်တိုင်ကြီးမှာ ...ဖွယ်တွေ့ရသည်။ ခြင်္သေ့ (၄) ရုပ် ... သိမ်ငုတ်သဖွယ် အငုတ် (၄) ခု၊ ...ဝိုင်အတွင်း ဘုရားရုပ်တုနှင့် နတ် ...များ တွေ့ရသည်။ ကျောင်းပတ်ဝန်း ...တွင် ပန်းပေါင်းစုံနှင့် သစ်ပင်ကြီးများ ...ထား၍ သာယာကြည်နူးဖွယ် ...လှသည်။ ဘုန်းကြီးကျောင်းနှင့် ဆရာလေးများ သီတင်းသုံးသည့် ကျောင်းဆောင်ကြီးများ၊ ဆွမ်းစားကျောင်း၊ ဇရပ်၊ သိမ်များ အဆောက်အဦသစ်များရှိသည်။ လှေကားထစ်များဖြင့်တက်၍ လောင်းတော်ဦးစေတီတော်အား ဖူးမြော်ရာစေတီရှေ့တွင် ပုရားငါးဆူခေါင်းလောင်းကြီးတို့ကို တွေ့ရသည်။ စေတီတော်အနောက်ဘက်သို့သွားလျှင် ခြင်္သေ့တစ်ကောင်မှာ မြစ်ဖက်သို့မျက်နှာမူပြီး စေတီ၏ဦးပိုင်းဖြစ်၍ သဘော်ကြီးသွားနေသလို ခံစားရသည်။ ရွှေလီမြစ်ရေများ ဘုရားကြီးအား ဦးတိုက်၍ စီးဆင်းသွားကြသည်။ စေတီတော်ပေါ်မှကြည့်လျှင် ပွဲစမြိတ်ရွာနှင့် သောင်ထွန်းနေသော ကျွန်းမော်များ၊ ရွှေလီမြစ်ရေမှာ စီးဆင်းနေပြီး တစ်ဖက်တွင် ချိုင့်ကြီးများရှိ၍ အုတ်ဖုတ်သော နေရာများ တွေ့ရသည်။ စေတီတော်ရင်ပြင်တွင် အမွေးတက်များရှိ၍ လောင်းတော်ဦးစေတီအောက်တွင် နဂါးလိုဏ်ဂူရှိ၍ နဂါးတွင်းလည်းရှိသည်ဟု ပြောကြသည်။

လောင်းတော်ဦးစေတီကြီးအား ဖူးမြော်ပြီး ဆရာတော်ကြီးဦးပညာဇောတနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးတို့အား ကန်တော့ပြီး နံနက် (၁၀) နာရီတွင် လောင်းတော်ဦးစေတီမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ဆရာတော်ကြီး ကျန်းမာစွာဖြင့် သက်တော်ရာကျော်ရှည်ပြီး သာသနာ့အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု မေတ္တာပို့ ဆုတောင်းခဲ့ပါသည်။


လောင်းတော်ဦးဆရာတော်ကြီး ဦးပညာဇောတနှင့် သီလရှင်များ၊ လောင်းတော်ဦးဘုရားသို့ ပို့ဆောင်ပေးကြသော ကသာမြို့နယ်ရုံးမှ ဒုတာကမင်းဇော်ဦးနှင့် ဇနီးမဒါလီခိုင်ဦး၊ ကသာရဲစခန်းမှ တပ်ကြပ်ကြီး ဦးနေဝင်းနှင့် ဇနီးဒေါ်သီသီခိုင်၊ အင်းရွာမှ ဒေါ်ခိုင်နွယ်သိန်း၊ အင်းရွာရဲစခန်းမှ တပ်ကြပ်ကြီး မျိုးတင့်နှင့် ဇနီး မသန်းသန်းစီစဉ်ပေးသော ကသာရဲစခန်းမှ ဒုရဲအုပ် ဇော်ဝမ်း၊ အင်းရွာရဲစခန်းမှူး ရဲအုပ် စိုးလှိုင်နှင့် အင်းရွာရဲစခန်းမိသားစုအားလုံး ကျေးဇူးအထူးတင်ပါသည်။

**ခင်ခင်လှ (အင်းစိန်)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် ငယ်စဉ်ကပင် ာန်ကျောင်းတွင် နေခဲ့သဖြင့် တရား င် အလုပ်ဝေးခဲ့ပြီး သိပ္ပံပညာကိုသာ ထား လေ့လာဖတ်ရှုခဲ့သူဖြစ်သည်။ င်ပညာ နက္ခတ္တပညာတို့နှင့်လည်း င် အလုပ်ဝေးခဲ့ပါသည်။ ထို့ကြောင့် လက္ခဏာပညာ၊ နက္ခတ္တပညာ အသုံးအနှုန်းများနှင့်လည်း တွေ့ နည်းပါးလှပါသည်။ သို့သော် စာရေး စာစုံဖတ်သူဖြစ်၍ လျှို့ဝှက် ကြယ်မဂ္ဂဇင်းတွင် အိမ်မက်၊ ဗေဒင် ကိန်း၊ နက္ခတ္တပညာနှင့်ပတ်သက် တို့ကို ရေးသားနေခြင်းမှာ မြန်မာမှု ကီပညာနယ်၏ အတွေ့အကြုံများမှ ရေးသားခြင်း မဟုတ်ဘဲ အနောက် စာပေများမှ ထုတ်နှုတ်ရေးသားခြင်း ဖြစ်ပါသည်။ သူတို့ စာပေကို ဖတ်ရှု လည်း လောကီပညာရပ်များကို ာလိုက်စား၊ ယုံကြည်လက်ခံကြ င်း သိရှိရပါသည်။ ယင်းသို့ သိရှိရ နှင့် တစ်ချိန်တည်းမှာပင် ယင်းတို့ ကိန်းများ၏ မှန်ကန်မှုကိုလည်း တအံ့တသြသိရှိခဲ့ပါသည်။

ယင်း အနောက်နိုင်ငံများနှင့် အခြားနိုင်ငံခြားတိုင်းပြည်များ၏ မှန်ကန်မှုကို ထုတ်ဖော်ရေးသားခြင်းသည် မြန်မာ့ လောကီပညာများကို ပြည်သူတို့ လေးစား ယုံကြည်မှုကို အထောက်အကူပြုသည်ဟု ရိုးသားစွာ ယုံကြည်ပါသည်။

ယခုရေးသားဖော်ပြမည့် ဗေဒင် ဟောကိန်းနှင့် မှန်ကန်မှုကို တွေ့ရှိရသည် မှာ ဟျူးဘရယ်ဗာ-ရိုဗာ (Hugh Trevor Roper) ရေးသားသည့် "ဟစ်တလာ၏ နောက်ဆုံးနေ့" စာအုပ်မှ ဖြစ်ပါသည်။ ထရယ်ဗာ-ရိုသည် နယ်နယ်ရရပုဂ္ဂိုလ် မဟုတ်ပါ။ ဗြိတိသျှလူမျိုး ပညာတတ် ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ သူသည် အောက် စဖို့ဒ် တက္ကသိုလ်ခရိုက်စ်ချပ်ချ်နှင့် ချာတာ ဟောက်စ်တွင် ပညာသင်ကြားခဲ့ပြီး ဟာရာဗင် ဟတ်ဖို့ဒ် စကောလားရှစ် ပညာသင်ဆု များ ရရှိခဲ့သည့် ပညာများ ထူးချွန်သူ ဖြစ်ပါသည်။ သူသည် အောက်စဖို့ဒ် မာတင်ကောလိပ် သုတေသနပညာရှင် အဖွဲ့ဝင်လည်း ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်အပြီးခေတ် တွင် ခရိုက်စ်ချပ်ချ်တက္ကသိုလ် သမိုင်းဌာန အကြီးအကဲဖြစ်ပါသည်။ စစ်အတွင်းက သူသည် ဂျာမနီတွင် ဗြိတိသျှစစ်ထောက် လှမ်းရေးအရာရှိကြီးတစ်ဦးအဖြစ် တာဝန် ထမ်းဆောင်ရင်း ၁၉၄၅ ခုနှစ် စက်တင်ဘာလမှစ၍ "ဘာလင်ကျဆုံး ကာနီး ဟစ်တလာ တကယ်သေသလား၊ ရေငုပ်သင်္ဘော (သို့မဟုတ်) လေယာဉ် ဖြင့် ထွက်ပြေးလွတ်မြောက်သွားသလား" စသည့် ဟစ်တလာနောက်ဆုံးဘဝကို စုံစမ်းထောက်လှမ်းခဲ့ရသူဖြစ်ပါသည်။ သူ၏ "ဟစ်တလာ၏ နောက်ဆုံးနေ့" စာအုပ် သည် "စစ်ပြီးခေတ်တွင်" အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့၌ ရောင်း အကောင်းဆုံးစာအုပ်ဖြစ်ခဲ့ပါသည်။


ဗေဒင်ဆရာမှာ ဝုဖ် (Wult) ဖြစ်ပါသည်။ သူသည် အဆိပ်၊ သက္ကရိုက် ဘာသာရပ်များကို လေ့လာခဲ့သူဖြစ်ပါ သည်။ သူ့ကို ရှာဖွေတွေ့ရှိခဲ့သူက ဟစ် တလာ၏ ကိုယ်ရံတော်တပ်ဖွဲ့ (အက်စ် အက်စ်)နှင့် အာရ်အက်စ်အိပ်ချ်အေ

www.burmeseclassic.com

(RSHA) ခေါ် အမျိုးသားဗဟို လုံခြုံရေးရုံး၏ ဌာနကြီးမှူး ဗိုလ်ချုပ်တစ်ဦးဖြစ်သူ အက်စ်အစ်ဘရီဂိတ်ဒီယားဂျင်နရယ်ဝါလ်ကာ ရှဲလင်းဘတ်ဖြစ်သည်။ သူက ဟစ်တလာပြီးလျှင် နာဇီဂျာမနီတွင် ဒုတိယ တန်ခိုးအကြီးဆုံးဖြစ်သည့် ဟင်းမလား၏ လက်ထောက်ဖြစ်သည်။

RSHA တွင် အရေးပါသည့် ဗျူရို (၃) ခုမှာ ဗျူရို (၃) 3D ဂျာမနီပြည်တွင်းလုံခြုံရေး ဗျူရို၊ ဗျူရို (၄) ဂက်စတာပိုနိုင်ငံတော် လုံခြုံရေးရဲ ဗဟို (၅) မှုခင်းစုံစမ်းထောက်လှမ်းရေးရဲ ဗျူရို (၆) နိုင်ငံခြားလျှို့ဝှက် ထောက်လှမ်းရေးတို့ဖြစ်သည်။ RSHA ၏ အကြီးအကဲမှာ ရိမ်ဟတ်ဟေးဒရစ်ချ်ဖြစ်ပြီး ၁၉၄၁ ခုနှစ်တွင် ယင်း ချက်ကိုစလိုဗက်ကီးယား၌ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသော ဒေါက်တာ ဒန်းစ်ကော်လ်တင်ဘရူးနား ဖြစ်ပါသည်။

ဝုဖ်ကို ရှာဖွေတွေ့ရှိခဲ့သူ ရှဲလင်းဘတ်သည် ဟင်းမလား၏ လက်ထောက်ဖြစ်ပြီး RHSA ၏ အကြီးအကဲတစ်ဦးလည်းဖြစ်၍ ဂျာမနီတွင် တန်ခိုးသြဇာကြီးမားသူ ဖြစ်ပါသည်



သို့သော် သူက ဟစ်တလာ
ခေါင်းဆောင်မှုဖြင့် ဂျာမနီ လုံးဝပျက်
ဆုံးရှုံးခြင်းသို့ရောက်လိမ့်မည်ဟု ယုံကြ
သဘောပေါက်ထားသူဖြစ်သည်။ သူ
ဟင်းမလားကို ငြိမ်းချမ်းရေး ဆွေးနွေး
စောစောပိုင်းကတည်းက အကြံပြု
ဖြစ်သည်။ ဟင်းမလားကလည်း သူ အ
ပြုချက်အတိုင်း အမေရိကန် ဗြိတိ
နှင့် ငြိမ်းချမ်းရေးရယူပြီး ဆိုဗီယက်
ဦးတည်တိုက်ခိုက်ကြရန် ဆွစ်ဇာလ
တွင် ဆွီဒင်ကြက်ခြေနီဥက္ကဋ္ဌ
ဘနာဒုတ်နှင့် အမေရိကန် မဟာ
ထောက်လှမ်းရေး ကိုယ်စားလှယ် အ
လင်ဒါဒလက်စ်နှင့် ဆွေးနွေးခဲ့ဖူးပါ

ဘရယ်ဗာ-ရိုက ဂျာမန်
ဆရာဟောကိန်းကို အကျယ်မ
ပါ။ အရေးကြီးသည့်အချက်များ
ရေးသားဖော်ပြခဲ့ပါသည်။ လင်းဘ
ဝုဖ်ကို ဟမ်းဘတ်မြို့တွင် တွေ့
ဖြစ်သည်။

(၁) ဟစ်တလာသည်



www.burmeseclassic.com

www.burmeseclassic.com

ခုနှစ် ဇူလိုင်လ (၂၀) ရက်နေ့ အသက်လုပ်ကြံခံရမှုကြီးမှ လွတ်မြောက်လာမည်။

(၂) ဟစ်တလာသည် ၁၉၄၄ ...မ် နိုဝင်ဘာလတွင် မနာမကျန်းဖြစ် ...ည်။

(၃) ၁၉၄၅ ခုနှစ် မေလတွင် (..) ရက်နေ့မတိုင်မီ လျှို့ဝှက်ဆန်းကြယ် ... အခြေအနေတွင် သေဆုံးလိမ့်မည် ... ဟု ၎င်းက ဟောခဲ့သည်။

ယင်း၏ ဟောကိန်းသည် ...အကျမှန်ခဲ့သည်။ သို့သော် ယင်း ...ကိန်းများကို ဟစ်တလာအား ...ဖော်မပြောရဲကြ။ ဟောစာတမ်းကို ...ပြီး စာအိတ်ထဲ အလုံပိတ်ထားကြ ... နှုတ်မှ ဖွင့်ဟခြင်း မပြုဝံ့ကြ။ ...လားနှင့် စပ်ကျရ်သည် ဝုဖ်၏ ...စာတမ်းသည်လည်း မှန်ကန်သည်ဟု ...ဗာ-ဟာရိကပါ ဆိုပါသည်။ မှန်ကန်ကြောင်း မှတ်ချက်ပေးခဲ့သော်လည်း ...သို့မှန်ကန်ကြောင်း အကျယ်ထုတ် ...ပြောဆိုခြင်း မပြုခဲ့ပါ။

တကယ့်ဖြစ်ရပ်မှာ ၁၉၄၄ ခုနှစ် ဇူလိုင်လ (၂၀) ရက်နေ့တွင် ဟစ်တလာ၏ တဖောက်ကန်းမိုက်ရူးရဲလမ်းစဉ်ကို ဆက်လက် လိုက်နာကျင့်သုံးနေပါက ဂျာမနီနှင့် ဂျာမနီတစ်မျိုးသားလုံး အကျိုးပျက်ပြား နစ်နာဆုံးရှုံးတော့မည်ဟု ယုံကြည်သည့် ဂျာမနီကြည်းတပ်မှ အရာရှိကြီးအချို့က ချက်ကိုစလိုဗက်ကီးယား ဘီယာခန်းမဆောင်တွင် ဗုံးဖောက်ခွဲကာ လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သည်။ ဗုံးပေါက်ကွဲပြီး ဟစ်တလာ ဒဏ်ရာ အနည်းငယ်သာရကာ အသက်ဘေးမှ လွတ်မြောက်သွားခဲ့ပါသည်။ ဝုဖ်၏ဟောကိန်းအတိုင်း ကွက်တိမှန်ကန်ခဲ့ပါသည်။

လုပ်ကြံမှုတွင် ပါဝင်သည်ဟု ထင်ရသော လူပေါင်းများစွာကို ဖမ်းဆီးခဲ့သည်။ ထင်ရှားသော ပုဂ္ဂိုလ်များပါဝင်သည်။ ယင်းတို့အနက် ဂျာမနီစစ်ဦးစီးဌာနချုပ် စစ်ဦးစီးချုပ် ဂျယ်နရယ် ဖရန့်ဇ် ဟော်လ်ဒါ၊ ထောက်လှမ်းရေးဌာန အကြီးအကဲ အက်ဒ်မိုင်ရယ်ဝီလမ် ကနားရီစ်၊ သူ၏လက်ထောက် ဂျယ်နရယ် ဟင်းစ် အော်စတာ၊ ဂျက်စတာပို အကြီးအကဲ မေဂျာဂျင်နရယ် ဟိန်းရစ်ချ်မြူလား၊ သူ့လက်ထောက် မေဂျာဂျင်နရယ် အာဝင် လာဟိုဆင်၊ ဂျင်နရယ် သောမတ်စ် စသူများအား သေဒဏ်နှင့် ထောင်ဒဏ် ချမှတ်ခံခဲ့ကြရသည်။

ဒုတိယ ဟောကိန်းဖြစ်သည့် ၁၉၄၄ နိုဝင်ဘာလတွင် ဟစ်တလာ အကြီးအကျယ် မကျန်းမမာဖြစ်မည်ဟူသော အချက်သည်လည်း အလွန်ပင် တိကျမှန်ကန်ခဲ့ပါသည်။

ဟစ်တလာသည် သူ့အသက်ကို လုပ်ကြံသည့် ဗုံးပေါက်ကွဲမှုတွင် အနည်းအကျဉ်းသာ ဒဏ်ရာရရှိခဲ့သော်လည်း အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားခဲ့ပြီး မည်သူ့ကိုမှ မယုံကြည်တော့။ အားလုံးအပေါ် သူ့ကိုသစ္စာဖောက်ထင်တာ မယုံသင်္ကာဖြစ်မှုများ ကြီးထွားလာခဲ့သည်။ အပြင်သို့လည်း မထွက်တော့ဘဲ အဓိပတိရုံးမြေအောက် ဘန်ကာထဲမှာသာ နေထိုင်ခဲ့သည်။

သူ့ကို ဆေးကုပေးနေသည့် ဆရာဝန်များအနက် သူ့ အားအကိုးဆုံး



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်မှာ သမားတော်ပါမောက္ခ သီယိုဒိုမိုရဲဖြစ်သည်။ သူကုတုန်းက သိပ္ပံနည်းမကျ။ စိတ်ကူးဖြင့် သူ မှန်းဆပြီး ဗီတာမင်များ၊ ဟိုမုန်းများ၊ စိတ်ကြွဆေးများ၊ အားဆေးများနှင့် မော်ဖိန်းများကို ပေးခဲ့သည်။ ဟစ်တလာ၏ ကျန်းမာရေးမှာ ပို၍ဆိုးလာသည်။ သို့သော် ဟစ်တလာက အယုံကြီးယုံနေသဖြင့်၊ မိုးရဲအကြောင်း သူ့ကို မပြောရဲကြ။

ဟစ်တလာသည် မိုရဲ၏ဆေးများ အစမ်းသပ်ရာဖြစ်နေပြီး ကျန်းမာရေးဆိုးရွားကျဆင်းလာပါသည်။ မိုရဲ၏ အပြင်းကိုက်ခဲမှုပျောက်ဆေးများဖြစ်သည့် အဆိပ်ဆေးများ တဖြည်းဖြည်း ဟစ်တလာတွင် စုပုံများပြားလာနေသည်။ ယင်း အခြေအနေကို ရိပ်စားမိကြသော ဒေါက်တာကားလ်နှင့် ဒေါက်တာအားဝင်းဗီဆင်ကိုလည်း ဟစ်တလာက မိုရဲစကားနားဝင်ပြီး ဆေးဖော်ကြောဖက် မလုပ်တော့။ ဟစ်တလာလည်း တဖြည်းဖြည်းတော့ ပိန်ချုံးချိနဲ့လာသည်။ ပို၍ ခါးကိုင်းလာသည်။ ခြေထောက်နှင့်လက်များ တုန်လာပြီး ခြေထောက်တစ်ဖက်လည်း တရွတ်ဆွဲလာသည်။ အသံကွဲပြီး တုန်လာသည်။ ဒေါသပိုကြီးလာပြီး မယုံသင်္ကာဖြစ်မှု ပို၍ကြီးထွားလာသည်။ စစ်နိုင်ရမည်ဟူသော တစ်ဖက်သတ် အစွဲအလမ်းပိုကြီးကာ အသေခံ တိုက်ရမည်။ သွေးဖြင့်စတေးရမည်ဟုဆိုကာ ပို၍လည်း သွေးဆာလာသည်။

ယင်း အခြေအနေသည် သူ ဧပြီလ (၃၀) ရက်နေ့ သူ့ကိုယ်သူ စီရင်သွားသည့်အထိ ပြောင်းလဲခြင်းမရှိခဲ့။ ဂျာမန် ဗေဒင်ဆရာ ဝုဖ်၏ ဟောကိန်းမှန်ခဲ့ပါသည်။

နောက်ဆုံးဟောကိန်းဖြစ်သည့် ဟစ်တလာ ၁၉၄၅ ခုနှစ် မေ (၇) ရက်နေ့မတိုင်မီ လျို့ဝှက်ဆန်းကြယ်သော အခြေအနေတွင် သေဆုံးမည်ဆိုသော အချက်ကလည်း သွေးထွက်အောင် မှန်သည်ဟု ဆိုရပါမည်။

၁၉၄၅ ခုနှစ် ဧပြီလနှောင်းပိုင်းတွင် ဂျာမနီသည် နစ်ပိုင်းကွဲသွားသည်။ မဟာမိတ်တို့နှင့် ဆိုဗီယက်ပြည်တို့အကြားတွင် ကျဉ်းမြောင်းသော စကြ... ကုန်းလမ်းကလေးသာ ရှိနေသည်။ အမေရိကန်တပ်များက အဲ့ဘ်မြစ်သို့... ရောက်နေပြီး ဆိုဗီယက် အိုဒါနီဆေးမြစ်... ပေါ် ရောက်ရှိကာ ဒရစ်ဒင်နှင့်ဘာလင်... ခြိမ်းခြောက်နေသည်။ မြောက်ဘက်တွင်... ဗြိတိသျှတပ်များက ဟန်ဘာတ်နှင့် ... သင်း မြို့စွန်သို့ရောက်နေပြီး ပြင်သစ်... များက ဒင်ညူမြစ်အပေါ်ပိုင်း။ ဆိုဗီယ... တပ်များက ဗီယင်နာမြို့သို့ ရောက်ရှိနေ... ပြီ။ ဂျင်နယ်ပက်တန်၏ အမေရိကန်... များက နာဇီဝါဒ စတင်မွေးဖွားရာ ... ရီးယားသို့ ရောက်နေပြီဖြစ်သည်။

ဟစ်တလာက မဟာမိ... ကို ကြုံကြုံခံပြီး အနိုင်ပြန်တိုက်... ဝမရှိဘဲ ဝိလုပ်နေသည်။ ဘယ်စစ်များ... ကိုမှလည်း မသွား။ ဘာလင်နှင့် ... အနားသို့လည်း မထွက်ဘဲ ချန်ဘာ... ရှိ ဟစ်ပတ်ရုံး မြေအောက်ဘန်... က မထွက်ဘဲ အောင်းသာ တွင်တွင်... သည်။ ထိရောက်စွာ ခုခံတိုက်ခိုက်... တပ်များလည်း မရှိတော့။ သူ့အ...



www.burmeseclassic.com

www.burmeseclassic.com

…း လိုက်နာသူ မရှိသလောက်ဖြစ်နေ …သူ အားကိုးသည့် ဂျင်နရယ်ဝါလ် …ဂျင်နရယ်ဖဲလစ်စတိန်းနား၊ ဂျင် …ဟဲလ်မွတ်ဝပဒင်၊ ဂျင်နရယ် အဲ …ရှုလ် စသည့် ဗိုလ်ချုပ်မှာလည်း …နိုင်ချနေကြရပြီ။

ဧပြီလ ၂၇၊ ၂၈ ရက်နေ့များ … ဆိုဗီယက်တပ်မှ စစ်အမြောက် …သည် ချန်သယ်လာရီခေါ် အဓိပတိ …သို့ တဒုံးဒုံးကျရောက် ပေါက် …သည်။ မြေအောက်ဘန်ကာတွင် …နေသည်။ အမြောက်ဆံထိချက်များ … တိကျလွန်းလှသည်။ အဓိပတိရုံး …ယ်ဗဟိုတည့်တည့်သို့ ထိမှန်နေ …

မီးတောက်မီးလျှံများနှင့် …အစီးများသာ ဝိုင်းဝိုင်းလည်နေ … မြို့တော်နှင့် အမြောက်ဆံများက …အုံး ထိမှန်နေသော မြေအောက် …ကာအတွင်း ပိတ်မိနေသည့် ဟစ် …သ၌ ကိုယ်ကာယ ထိခိုက် …ပြနေသလို စိတ်လည်း မမှန်တော့။ သူ့အာဏာ ထိရောက်အောင်ပြုလုပ်နိုင်သည့်အင်အားလည်း မရှိတော့။ လူများကို ဆွဲဆောင်သိမ်းသွင်းနိုင်သည့် အကျိုးသင့်အကြောင်းသင့်လည်း တစ်စုံတစ်ရာ ပြောဆိုနိုင်ခြင်းမရှိတော့။ အကောင်အထည်ဖော်ရမည့် ယန္တရားများလည်း မရှိတော့။ ပြင်ပနှင့်သူ့ ဘာအဆက်အသွယ်မှုလည်း မရှိတော့။ ဘာဆို ဘာမှ မရှိတော့။

ဧပြီလ (၂၉) ရက်နေ့တွင် ဆိုဗီယက်တပ်များက ဘာလင်မြို့ ဘားလင်းစတရာဆေးလမ်း၊ ဗီလန်စဘာရဆေးလမ်းနှင့် လေကြောင်းဝန်ကြီးဌာနသို့ ရောက်လာနေကြပြီ။ ဟစ်တလာကလည်း သူ့နောက်ဆုံးနေ့အတွက် ပြင်ဆင်နေသည်။

နေ့လည်ပိုင်းတွင် သူ အနှစ်သက်ဆုံး အယ်လ်ဇေးရှင်းခွေးကြီး ဘလွန်ဒီကို သတ်ဖြတ်လိုက်သည်။ သူ့ အတွင်းရေးမှူး နာဂိုးကို အဆိပ်ဆေးတောင့်များ ပေးသည်။

“ဒါထက်ကောင်းတဲ့ . . . လက်ဆောင်မပေးနိုင်တာ ဝမ်းနည်းပါတယ်”

ဟု ဟစ်တလာက ပြောသည်။

သူ့ကိုယ်သူ အဆုံးစီရင်ရန် ပြင်ဆင်နေဆဲတွင် ဆိုဗီယက်တပ်များက ဖရက်ဒရစ်စထရာဆေးလမ်းကို သိမ်းပိုက်ထားပြီ။ အဓိပတိရုံးနှင့် ဆက်နေသည့် ဗော့စ်ဆားဆေးလမ်းကိုလည်း တစ်စိတ်တစ်ပိုင်း သိမ်းထားပြီဖြစ်သည်။ ထိုစဉ်အတွင်း ဟစ်တလာ အယ်ဗာဘရွန်တို့ အကျဉ်းရုံး၍ လက်ထပ်သည်။ ဟစ်တလာက သူ့အရိုက်အရာကို အက်ဒ်မိုင်ရယ် ဒိုနစ်စ်အား လွှဲအပ်သည်။ သူ့အပေါ် တစ်လျှောက်လုံးသစ္စာရှိသူ နာဇီပါတီခေါင်းဆောင် ဗာတင်ဘိုမင် ဆွေးသွားသည်။

နောက်နေ့နံနက်တွင် ဟစ်တလာနှင့်ဇနီးဖြစ်သူ အယ်ဗာဘရွန်တို့က လူရင်းများဖြစ်သည့် ဂိုးဘဲလ်၊ ဘောမင်၊ အက်ဒ်မိုတယ်၊ ဗော့စ်၊ ရက်တင်ဟူးဘား၊ ဟိုရယ်၊ ဂွန်ရေး စသူများကို နှုတ်ဆက်သည်။ နောက် ဟစ်တလာတို့ အခန်းအတွင်းသို့ဝင်သွားကြသည်။ နှုတ်ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

သူများအားလုံး ထွက်သွားကြသည်။ ဘုန်းတော်ကြီးတစ်ပါးသာ ဟစ်တလာတို့နှင့်အတူ ကျန်ရစ်ခဲ့သည်။ ဘုန်းတော်ကြီး ထွက်ခွာသွားပြီး ခဏအကြာတွင် သေနတ်သံတစ်ချက် ကြားလိုက်ရသည်။ အခန်းတွင်းဝင်ကြည့်တော့ ဟစ်တလာသည် ဆိုဖာပေါ်တွင် လဲကျနေသည်။ ဆိုဖာတွင် သွေးများအိုင်ထွန်းနေသည်။ ခြောက်လုံးပူးသေနတ်ကို ပါးစပ်မှတော့ ပစ်လိုက်ခြင်းဖြစ်သည်။ အယ်ဗာဘရွန်းလည်း ဆိုဖာပေါ် လဲကျသေဆုံးနေသည်။ သူမဘေးတွင် ခြောက်လုံးပူးသေနတ်တစ်လက်ရှိနေသည်။ သူမက သေနတ်ကို မသုံးဘဲ အဆိပ်ဆေးတောင့်ကို မြိုလိုက်သည်။ သူတို့ သေဆုံးနေသည်ကို တွေ့ရသောအချိန်က ဧပြီလ (၃၀) ရက်နေ့ နေ့လယ် (၃) နာရီခွဲတိတိဖြစ်သည်။

သူတို့အလောင်းများကို ပြာကျအောင် မီးရှို့ဖျက်ဆီးဖို့ ဟစ်တလာက မှာခဲ့သည်။ သူတို့အလောင်းများကို ဓာတ်ဆီဖျန်း မီးရှို့၍ မီးခိုးများ တလိပ်လိပ်တက်နေချိန်တွင် ယင်းတို့ဘန်ကာအနီးအနားတွင် တိုက်ပွဲများ အပြင်းအထန်ဖြစ်နေသည်။

သူတို့အလောင်းကို ဖျောက်ဖို့ စွန့်စားသော်လည်း တစ်ပိုင်းတစ်စ ပြာကျနေသော ဟစ်တလာ၏ အလောင်းနှင့် ဦးခေါင်းခွံကို ဆိုဗီယက် အမှတ် (၈) ပြည်တော်စောင့် ထောင်လုပ်ရေးတပ်ဖွဲ့ဝင်များက ရရှိသွားသည်ဟု သိရပါသည်။ ဆိုဗီယက်တို့က ယင်းအကြောင်းကို ဘာမှ မပြောဘဲ ရေငုံနှုတ်ပိတ်လုပ်နေလေသည်။

ထို့ကြောင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွား၍ နှစ်ပေါင်း (၃၀) ခန့်ကြာသည်အထိ ဟစ်တလာ သေ၊ မသေ အငြင်းပွားခဲ့ကြသည်။ ရေငုပ်သင်္ဘောဖြင့် ထွက်ပြေးသွားသလိုလို၊ လေယာဉ်ဖြင့် ထွက်ပြေးသွားသလို အမျိုးမျိုးပြောနေကြကာ အပြန်အလှန် အချီအချ အငြင်းပွားမှုများလည်း ရှိခဲ့သည်။

ဤသည်တို့က လျှို့ဝှက်ဆန်းကြယ်သော အခြေအနေတွင် ဟစ်တလာ သေဆုံးရမည်ဟု ဂျာမန်ဗေဒင်ဆရာ ဝုဖ် ဟောပြောချက် သွေးထွက်အောင်မှန်[...] သည် မဟုတ်ပါလား။

သိပ္ပံပညာမဟုတ်၍ဟုဆို[...] လောကီပညာကို အထင်သေး၍ မ[...] ကြောင်း စာရေးသူ ကောင်းကောင်[...] သဘောပေါက်၊ ပညာရသွားခဲ့ရကြောင်[...] ပါ။

(စကားချပ် - ဟစ်တလာ[...] ဦးခေါင်းခွံကိုရသွားခဲ့သည့် ဆိုဗီယ[...] ထောက်လှမ်းရေးတို့က ဟစ်တလာ[...] အံသွားကိုတွေ့ပြီး ဟစ်တလာ၏ သွ[...] ဆရာဝန်ကို အမိအရ လိုက်လံရှာဖွေ[...] ဟစ်တလာ၏ သွားဆေးကု မှတ်တမ်[...] ဓာတ်မှန်များဖြင့် တိုက်ဆိုင်စစ်ဆေး[...] ရာ ယင်းဦးခေါင်းသည် ဟစ်တလာ[...] ဦးခေါင်းအစစ်ဖြစ်ကြောင်း အမှန်အ[...] သက်သေထူနိုင်ခဲ့ကြောင်း ဖတ်ရှု[...] ပါသည်။ - စာရေးသူ)

**ကိုသန်း(ကြည့်မြင်တိုင်[...]**


ကျမ်းကိုး - The Last Day of H[...]

by Hush Tervor - Roper

PAN BOOKS Ltd.

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ကျွန်တော် ဘာသာရေးကို အသက် ၁၆ နှစ်အရွယ်ကပင် လိုက်စားခဲ့ပြီး ဂုဏ်တော်ပုတီးကို နေ့စဉ်လိုလို စိပ်ခဲ့ပါတယ်။ အသက် ၂၅ နှစ်လောက်ကစပြီး ညဉ့်တိုင်း ပုံမှန်ဘုရားရှိခိုး၊ ပုတီးစိပ်၊ ပရိတ်ရွတ်၊ မေတ္တာပို့ အမျှဝေတဲ့လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်လည်း အသက် ၂၆ နှစ်လောက်စပြီး ပရလောကမှ ဝိဇ္ဇာကြီးများရဲ့စောင့်ရှောက်မှုကို ရရှိခဲ့ပါတယ်။ အသက် ၅၀ လောက် ရောက်တဲ့အခါမှာ ကျွန်တော့်ဘဝမှာ ရှေ့ဖြစ်မည့် အိပ်မက်တွေ မြင်မက်ခြင်း၊ တစ်ခါတစ်ရံ ပုတီးစိပ်တဲ့အခါ တစ်ခါမျှ မမြင်ဘူးတဲ့ ဆရာတော်ကြီးများ ဖူးတွေ့ရခြင်း၊ ရသေ့များ၊ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်များ အာရုံမြင်ရခြင်း၊ ဘုရားရုပ်ပွားစေတီများ ဖူးမြင်ရခြင်း စတဲ့ ထူးခြားတဲ့အာရုံနိမိတ်တွေ ရလာပါတယ်။ တစ်ခါတစ်ရံ စကားပြောသံ မိမိနာမည်ခေါ်သံလိုလို ကြားရပါတယ်။ အသံကလည်း ဘယ်အရပ်က လာတယ်ဆိုတာ မဝေခွဲနိုင်ပါဘူး။ ဒီလိုနဲ့ ကျွန်တော် ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဂုဏ်တော်တွေ၊ မန္တန်တွေ ဝတ်မပျက် အားထုတ်လာခဲ့တာ ယခု ကျွန်တော် အသက် ၇၀ ကျော်အထိပါပဲ။ လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ်ဆန်းပိုင်းကစပြီး ပရလောကနဲ့ ကျယ်ကျယ်ပြန့်ပြန့် စတင်အဆက်အသွယ်တွေ ရခဲ့ပါတယ်။ ဝိဇ္ဇာကြီးများ၊ ဆာဒူးကြီးများနဲ့ ပထမ အဆက်အသွယ်တွေ ရလာပါတယ်။ နောက်တော့ နဂါးတွေ၊ ဘီလူးတွေ၊ သိုက်ကာပုဂ္ဂိုလ်တွေ၊ တစ္ဆေတွေ၊ နတ်တွေနဲ့ပါ ဆက်ဆံလာရပါတယ်။ နတ်တွေမှာလည်း လူ့ဘောင်နဲ့ ဆက်စပ်နေတဲ့ စတုမဟာရာဇ်နတ်ဘုံက နတ်တွေအပြင် နတ်ပြည်ခြောက်ထပ်၊ အကာသစိုးနတ်မင်းကြီး၊ ကမ္ဘာစောင့် နတ်မင်းကြီး၊ နေနတ်သား၊ လနတ်သား၊ ဂြိုဟ်စောင့်နတ်တွေနဲ့ပါ ဆက်သွယ်လို့ရလာပါတယ်။

ဒီလို အဆက်အသွယ်တွေရလာတဲ့အခါ သူတို့ခိုင်းတာတွေ ကျွန်တော်က ဆောင်ရွက်ပေးရသလို၊ ကျွန်တော်ကမေးတာ အကူအညီတောင်းတာတွေကိုလည်း သူတို့က ဆောင်ရွက်[...] တာ တွေ့ရပါတယ်။ ကျွန်တော့်မိတ်[...] တွေရဲ့ ကျန်းမာရေး စီးပွားရေး လူ[...] တွေနဲ့ပတ်သက်လို့ အထက်ပုဂ္ဂိုလ်[...] တွေ၊ နတ်မင်းကြီးတွေကို အကူအ[...] တောင်းပြီး ဖြေရှင်းတဲ့အခါ ပြေ[...] သွားတာ များပါတယ်။ ကျွန်တော်လ[...] အစကတော့ သုတေသနလုပ်တဲ့သ[...] နဲ့ စမ်းသပ်ဆောင်ရွက်ကြည့်တာ[...] ကိစ္စတော်တော်များများ မေးမြန်းတာ[...] တာရယ်၊ ဆောင်ရွက်တဲ့အခါ ပြေ[...] သွားတဲ့ အတွေ့အကြုံတွေကြောင့် [...] ပုဂ္ဂိုလ် ကျွန်တော်နဲ့ ပြောတာဆိုတာ[...] အမှန်အကန်တွေကြုံရတာပဲ။ မိမိအ[...] နဲ့ထင်တဲ့ အာရုံတွေ မဟုတ်ဘူ[...] ယုံကြည်လာပါတယ်။

ယခု ကျွန်တော် တင်ပြ[...] တာက ကွယ်လွန်သူအတွက် ရည်[...] ပြီးပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုတွေ[...] ကွယ်လွန်သူအတွက် တကယ်ရရဲ့[...] ဆိုတဲ့ အချက်ပါပဲ။

၂၀၀၆ ခုနှစ်၊ ဩဂုတ်[...]



www.burmeseclassic.com

www.burmeseclassic.com

တစ်ညမှာ ကျွန်တော် ၂ နာရီ
ကဲမှာ အိပ်ရာကနိုးပါတယ်။ ကျွန်
က အိပ်ခန်းပြတင်းတံခါးတချို့ကို
အိပ်လေ့ရှိပါတယ်။ အဲဒီအချိန်မှာ
တော် ခေါင်းလိမ်းဆီနံ့ ခပ်ရှိင်းရှိင်း
တယ်။ ဒီအချိန်ကြီးမှာ ဘယ်က
လိမ်းဆီနံ့က ရနေပါလိမ့်လို့လည်း
နေပါတယ်။ အဲဒီအချိန်မှာ ကျွန်
ညာဘက်လက် ထောင်ထားတော့
က သူ့အလိုအလျောက် လှုပ်လာ
တယ်။ ဒါ ထူးဆန်းတာပဲဆိုပြီး အခု
ကိုလှုပ်တဲ့ပုဂ္ဂိုလ်ဟာ ဝိဇ္ဇာလား၊

နတ်လား။ သိုက်ကလား။ တစ္ဆေလားလို့ မေးတော့ တစ္ဆေလို့ လက်လှုပ်ပြီး ဖြေပါတယ်။ ဘယ်ကတစ္ဆေလဲမေးတော့ မန္တလေးက ငယ်သူငယ်ချင်း စိန်အောင်ကြီး ဖြစ်နေပါတယ်။ အဲဒီအချိန်မှာ သူ့ရုပ်ရည်ကိုမြင်ရပါတယ်။ လူတုန်းက အတိုင်းပါပဲ။ သူက လွန်ခဲ့တဲ့ ၅ နှစ်လောက်က နလုံးရောဂါနဲ့ အသက် ၆၀ လောက်မှာ ကွယ်လွန်သွားတာပါ။ မင်း ဘယ်မှာရောက်သလဲလို့မေးတော့ သူ မန္တလေးနန်းတော်ကြီး မြောက်ဘက်က သုဓမ္မာဇရပ်မှာနေတယ်လို့ ပြောပါတယ်။



သူကွယ်လွန်သွားတော့ သူ့မှာ ဇနီးနဲ့သားသမီးတွေ ကျန်ရစ်ပါတယ်။ အဲဒီတော့ ငါက မင်းအတွက် ဘာလုပ်ပေးရမလဲလို့ မေးတော့ သူက မန္တလေးက သူ့အစ်မတွေ၊ နှမတွေဆီကို သူ့အတွက် မဟာမြတ်မုနိဘုရားကြီးမှာ သူ့မွေးနေ့ အင်္ဂါနေ့မှာ ဆွမ်းတော်ကပ်လှူဖို့ သီလ၊ သမာဓိနဲ့ပြည့်စုံတဲ့ ဘုန်းကြီးတစ်ပါးကိုလည်း သင်္ကန်းကပ်လှူ အမျှပေးဝေဖို့ ပြောပါတယ်။ နောက်တစ်နေ့မှာ ကျွန်တော် မန္တလေးကို ဖုန်းဆက်ပြီး သူ့မှာတာတွေကို သူ့အစ်မ၊ ညီမတွေကို ပြောလိုက်ပါတယ်။ သူတို့လည်း ခိုင်းတဲ့အတိုင်း ဆောင်ရွက်ပေးမယ့်အကြောင်း ပြောပါတယ်။ နောက်လေးငါးရက်နေတော့ သူ့အစ်မဆီက ဖုန်းလာပါတယ်။ သူ့မောင်အတွက် မဟာမြတ်မုနိဘုရားကြီးကို ဆွမ်းကပ်တဲ့အကြောင်း၊ မစိုးရိမ်တိုက်က ဆရာတော်တစ်ပါးကို သင်္ကန်းကပ်လှူတဲ့အကြောင်း၊ ဘုရားကြီး ဆွမ်းမကပ်ခင် သူရှိရာ သုဓမ္မဇရပ်ကို သွားခေါ်တဲ့အကြောင်း၊ ဆွမ်းတော်ကပ်နေစဉ် အစ်မ

www.burmeseclassic.com

ဖြစ်သူ ကြက်သီးတွေထတဲ့အကြောင်း ပြောပါတယ်။ ကျွန်တော့်ဆီကို သူမောင်က ဘာတွေများလာပြောသေးလဲ၊ အမျှဝေတာရရဲ့လားပေါ့။ ကျွန်တော်လည်း ဘာမျှ အဆက်အသွယ်မရသေးတဲ့အကြောင်း၊ ရလျှင်ပြောပါမယ်လို့ ပြောလိုက်ရပါတယ်။

နောက်နှစ်ရက်လောက်နေတော့ ည နာရီပြန် ၁ ချက်လောက် ကျွန်တော် တစ်ရေးနိုးနေစဉ်မှာပဲ ကျွန်တော့်သူငယ်ချင်း ရောက်လာပါတယ်။ သူက နတ်ဝတ်နတ်စားနဲ့ ဖြစ်နေပါတယ်။ မင်း ဘယ်ဘုံကိုရောက်နေတာလဲ မေးတော့ သူက တာဝတိံသာနတ်ပြည် ရောက်နေကြောင်း သူလာတဲ့ကိစ္စက ကျွန်တော်နဲ့ သူ့အစ်မတွေကို ကျေးဇူးတင်တဲ့အကြောင်းပြောချင်လို့ လာတာဖြစ်ကြောင်း ပြောပါတယ်။

ကျွန်တော်တို့တတွေဟာ ကွယ်လွန်သူကို ကောင်းရာသုဂတိလားဖို့အတွက် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်ဆီ လာရောက်ဆက်သွယ်တဲ့ ပရလောကမှာ အတွေ့အကြုံအရ သူတို့က အလှူခိုင်းတဲ့ ပစ္စည်း၊ အစားအသောက်ကို ဘုရားလှူခိုင်းလျှင် ဘုရား၊ ဘုန်းကြီးလှူခိုင်းလျှင် ဘုန်းကြီး၊ အများပြည်သူအတွက် လှူပါဆိုလျှင် အများပြည်သူကိုလှူမှ သူတို့ဘဝက ကျွတ်ပါတယ်။ ဒီက လှူတာက တစ်မျိုး၊ သူတို့လှူစေချင်တာက တခြားဖြစ်နေလျှင် နှစ်ပေါင်းများစွာ ကြာနေတတ်ပါတယ်။ တချို့ လှူမည့်သူမရှိ၍ နှစ်ပေါင်း ၅၀၀/၆၀၀ တစ္ဆေဘဝ၊ သိုက်ဘဝ၊ နတ်ဘဝတွေမှာ ကြာမြင့်နေတာ တွေ့ရှိရပါတယ်။ သူတို့ခိုင်းတာလှူလို့ အမျှဝေလို့ အမျှရလျှင် တချို့ ချက်ချင်းကျွတ်ပြီး အလွန်ဆုံး သုံးရက်နေလျှင် ဘဝပြောင်းသွားတာပါပဲ။

နောက် အဖြစ်အပျက်တစ်ခုကို တင်ပြချင်ပါတယ်။ ကျွန်တော့်ဇနီးသည်ဟာ လွန်ခဲ့တဲ့ အနှစ် ၃၀ လောက်က ကွယ်လွန်ခဲ့ပါတယ်။ ကျွန်တော်လည်း သူ့အတွက် တတ်နိုင်သလောက် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ သူသေဆုံးပြီး နှစ်
လောက်နေတော့ အညာဘက်က (
ခရိုင်မြို့က ဘုရားတစ်ဆူမှာ သိုက်
ဖြစ်နေတယ်လို့ အကြားအမြင်
အမျိုးသမီးတစ်ယောက်က ဟောပါတ
ကျွန်တော် သိပ်မယုံဘူး။ ဒါနဲ့ ၁-၈-၂
နေ့ညမှာ သူရောက်လာပါတယ်။ သူ
အထင်အရှားမြင်ရတာပါပဲ။ သူ ကျွန်
တို့မိသားစုနေတဲ့ ရန်ကုန်အိမ်
မရောက်ဖူးပါဘူး။ သူဘယ်လိုဖြစ်
တယ်။ ကျွန်တော် နေတဲ့အိမ်ထဲ
ဘယ်နှရက် ကြိုးစားရတယ်ဆိုတာ
တော့ပါဘူး။ သူက သိုက်က ကျွတ်ချ
အကြောင်းပြောပါတယ်။ မင်း သိုက်
ကျွတ်ဖို့အတွက် ဘာတွေဆောင်ရွ
ရမလဲလို့မေးတော့ ဆရာတော်တစ်ပါ
စာအုပ်နှစ်ဒါဇင် လှူပေးဖို့ ပြောပါ
ဒါနဲ့ နောက်လပြည့် ဥပုသ်နေ့ကို တို
က မမွာရုံလာဖို့၊ အဲဒီမှာ သီလ
ဆရာတော်ကို ကပ်လှူပေးမယ်လို့
လိုက်ပါတယ်။

လပြည့်နေ့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

န်တော်တို့ရပ်ကွက်ဓမ္မာရုံမှာ သီလပေး တဲ့ ဆရာတော်ကြီးကို သီလမယူခင် ာစာအုပ် ၂ ဒါဇင် လှူလိုက်ပါတယ်။ တော်က ဆွမ်းကပ်တာ၊ သီလယူ ဝတ္ထုငွေကပ်တာ၊ စာအုပ်လှူတာကို သပေးပြီးတဲ့အချိန်မှာ ရေစက်ချပါ ယ်။ ကျွန်တော်တို့ဓမ္မာရုံက ကျွန်တော် အဝင် လူကြီးလေးယောက်က က်ခွက်နဲ့ ရေစက်ချပါတယ်။ အဲဒီ မှာ ကျွန်တော့်ဇနီးဟာ ကျွန်တော့် ာ ရေစက်ခွက်နဲ့ ရေစက်ချနေတာ ရပါတယ်။ သူက ရေစက်ခွက်နဲ့ အိုးလေး ဘယ်ကဘယ်လိုရလာ မသိဘူး။ သူက ချိတ်ထဘီအဖြူခံ အနီရောင်ချိတ်နဲ့ အင်္ကျီက အဖြူ င်သက်ရှည်ဝတ်ထားတာ တွေ့ရပါ ယ်။ ရေစက်ချလှူပြီးလို့ အမျှသုံးကြိမ် ိုက်တော့ သူ့အသားအရေတွေ ပို၍ င်းဝါလာတယ်။ အဝတ်အစားတွေ ည်း ပိုးအင်္ကျီ ပိုးထဘီ၊ မူလ င်ဒ တိုင်းပါပဲ။ ပို၍ တောက်ပြောင် တွေ့ရပါတယ်။ သူ အမျှရလိုက်လို့ အဆင့်ထိုက်သလောက် မြင့်သွားတယ် ထင်တာပါပဲ။ ခဏနေတော့ သူ ပျောက်သွားပါတယ်။

တစ်ပတ်ခန့်နေတော့ မနက် ၅ နာရီလောက်မှာ သူရောက်လာပြန်တယ်။ ဒီတစ်ခါတော့ သူက တိုက်ပန်းကန်ပြား သုံးချပ်ကို ဘုန်းကြီးလှူပေးဖို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော်လည်း မနက် ၈ နာရီလောက် ဈေးသွားဝယ်ပြီး ဆွမ်းခံကိုယ်တော်သုံးပါးကို လှူဖို့ စီစဉ်တာပါ။ သူ့ကိုလည်း ဒီနေ့မနက် အိမ်မှာပဲနေဖို့ ပြောလိုက်ပါတယ်။ ဘုန်းကြီးတွေကြွမလာခင်မှာ သူက ဧည့်ခန်းမှာနေလိုက်၊ သူ့သမီးတွေနေတဲ့အခန်းထဲသွားလိုက် လုပ်နေပါတယ်။ မနက် ၈ နာရီလောက်မှာ တောင်ဥက္ကလာမှာနေတဲ့ သမီးလည်း ရောက်လာပါတယ်။ သမီးလတ်ကိုတွေ့တော့ သူက နမ်းတာတွေ့ရပါတယ်။ သူ့ရဲ့ အချစ်ဆုံးသမီးလည်းဖြစ်ပါတယ်။ ကျွန်တော်က သမီးနှစ်ယောက်ကို သမီးတို့အမေရောက်နေကြောင်း၊ သူ့အတွက် တိုက်ပန်းကန်ပြားသုံးချပ် အလှူခိုင်းတဲ့အတွက် ဦးပဥ္စင်းသုံးပါးကို လှူမည့်အကြောင်းပြောပါတယ်။ သူတို့လည်း မမြင်ရပေမဲ့ စိတ်မကောင်းကြပါဘူး။ ၉ နာရီကျော်ကျော်လောက်မှာ ဆွမ်းခံ ဦးပဥ္စင်းသုံးပါး ရှေ့ဆင့် နောက်ဆင့်ဆိုသလို ကြွလာပါတယ်။ ကျွန်တော့်ဇနီးကိုလည်း ကုလားထိုင်တစ်လုံးမှာ ထိုင်စေပါတယ်။ သူကိုယ်တိုင် ပန်းကန်ပြားလှူတာကို ကြည်ညိုစေပါတယ်။ သုံးပါးမြောက်လည်း ပန်းကန်ပြားလှူပြီးတော့ သူ့အဝတ်အစားတွေဟာ နတ်သမီးအဝတ်အစားတွေ ပြောင်းသွားတာ တွေ့ရပါတယ်။ သူက တာဝတိံသာနတ်ပြည်သွားရမည့်အကြောင်း ပြောပါတယ်။ ကွန်တော်က သမီးနှစ်ယောက်ကို သမီးတို့ အမေ၊ တာဝတိံသာနတ်ပြည် သွားတော့မည်။ နောက်ဆုံးအနေနဲ့ သမီးတို့ကန်တော့ကြလို့ သူ့အမေထိုင်တဲ့ ထိုင်ခုံဘက်ကို ကန်တော့ခိုင်းပါတယ်။ သမီးတွေလည်း စိတ်မထိန်းနိုင်ဘဲ ငိုကြပါတယ်။ သူတို့အမေလည်း မျက်ရည်တွေ ကျနေတာ မြင်ရပါတယ်။ သမီးတွေငို



www.burmeseclassic.com

www.burmeseclassic.com

တော့ ကျွန်တော်လည်း မျက်ရည်မထိန်းနိုင်~တော့ပါဘူး။ အခု ဒီစာကို ဘုရားခန်းမှာ ကျွန်တော်ရေးနေစဉ်မှာပဲ ကျွန်တော့်ဇနီး နတ်သမီး ရောက်လာပါတယ်။ သူ့အကြောင်းရေးနေတာသိလို့ လာတာထင်တယ်။ သူ နတ်ပြည်ရောက်ပြီးမှ တစ်ခါမှ မလာဖူးသေးဘူး။ ကျွန်တော်က "မင်းအကြောင်းရေးနေတာ၊ မင်း သဘောမတူဘူးလား"လို့ မေးတော့ "ရေးပါ သဘောတူပါတယ်" လို့ ပြောပါတယ်။ သူ့နောက်က နတ်သားတစ်ယောက်လည်း ပါလာတာမို့ အဲဒီနတ်သားက မင်းခင်ပွန်းလားလို့မေးတော့ သူက ဟုတ်တဲ့အကြောင်းလည်း ပြောပါတယ်။ သူ့ရဲ့ ရုပ်သဏ္ဌာန်က လူ့ဘဝကမျက်နှာမျိုးနဲ့ အသားအရေ ပိုပြီး ဝင်း၊ ပိုလှနေတာတွေ့ရပါတယ်။ ခဏနေတော့ ပျောက်သွားပါတယ်။

နောက်အဖြစ်အပျက်တစ်ခုကတော့ ကျွန်တော့်ယောက်ဖဖြစ်သူ ကိုအေးဖေဟာ လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်က ကသာခရိုင်က မြို့နယ်တစ်နယ်မှာ အသည်းရောဂါနဲ့ ကွယ်လွန်ခဲ့သူပါ။ ကျွန်တော့်အစ်မနဲ့ သူ့သမီးတွေက သူ့အတွက် ကုသိုလ်ကောင်းမှုကို နှစ်စဉ်လိုပဲ ပြုကြပါတယ်။

ဒါပေမဲ့ အဲဒီကုသိုလ်ကောင်းမှုအတွက် သူ့အဖေ ရပုံမပေါ်ပါဘူး။ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က ကျွန်တော့်ယောက်ဖ ကိုအေးဖေ တစ်ည ကျွန်တော့်ဆီ ရောက်လာပါတယ်။ သူက တစ္ဆေဘဝနဲ့ သူ့သမီးတွေနေတဲ့ ရေဝတီမြစ်ကမ်းနံဘေးက ရွာ၊ သစ်ပင်ကြီးတစ်ပင်မှာ နေရတဲ့အကြောင်း၊ သူ့အတွက် တစ္ဆေဘဝကကျွတ်ဖို့ ပြည်သူ့ဆေးရုံမှာ ဆေး ၂ သောင်းဖိုးလှူပေးဖို့ ပြောပါတယ်။ ဒါနဲ့ အစ်မနဲ့ တူမတွေဆီ အကျိုးအကြောင်းစာရေးပြီး မှာလိုက်ပါတယ်။ တစ်လခန့်နေတော့ ဆေးရုံကို ဆေးလှူလိုက်တော့ ကျွန်တော့်ယောက်ဖဖြစ်သူကိုအေးဖေဟာ ဝသဝတီနတ်ပြည်မှာ နတ်သားအဖြစ်ရောက်သွားပါတယ်။ သူ ကိုယ်တိုင် ကျွန်တော့်ဆီရောက်လာပြီ ပြောတာပါ။ အဲဒါပါပဲ။ ကွယ်လွန်သူ အတွက် ကျွတ်လွတ်စေဖို့ ကုသိုလ် ကောင်းမှုပြုတဲ့အခါ သူ ဆန္ဒနဲ့ကိုက်ညီ တဲ့အလှူကို လှူမှသာ တစ္ဆေဘ သိုက်စောင့်ဘဝ၊ နတ်ဘဝ (အောက်န တွေကို ဆိုလိုတာပါ) က ကျွတ်ပါတ အဲဒါ သူတို့ကျွတ်ဖို့အတွက် သူ ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်း ဖြစ်စေ၊ သို့မဟုတ် တစ်ခုသောဘ ဆွေမျိုးတော်စပ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ကဖြ သူတို့လှူစေချင်တာလှူပြီး အမျှပေ လျှင် လက်ရှိဘဝဟောင်းကနေ လွတ်သွားကြပါတယ်။



ကောင်းကျိုးသုခအဓဝရကြ
ဆရာဝင်း(သာကီ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

၁၉၇၅ ခုနှစ်ကာလ။

"ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်း"

ဟု ဆိုပါသည်။ ထူးခြားသော ဖြစ်ရပ်ဖြစ်ပေါ်တော့မည်ဆိုလျှင် အတိတ်၊ နိမိတ်ပြမြဲဖြစ်သည်။ လူတို့က အမှုမဲ့၊ အမှတ်မဲ့ဖြစ်၍ သတိမထားမိ၊ မသိရှိလိုက်ခြင်းသာဖြစ်လေသည်။ အချို့ကလည်း ဖြစ်ရပ်ကိစ္စလွန်ခဲ့ပြီးမှ ကြိုတင်ပြခဲ့သော အတိတ်နိမိတ်ကို သတိရတော့သည်။ "မိုးလွန်မှထွန်ချ" လို့ကတော့ အကျိုးမထူးနိုင်တော့ပြီ။

အတိတ်ဆိုး၊ နိမိတ်ဆိုးကို သတိထားမိက ဖြစ်ပေါ်လာမည့်အန္တရာယ်ဆိုးမှ ရှန်းထွက်ရန် တန်းဖို့ရှိလှပေသည်။ အနာကိုသိလျှင် ဆေးရှိသည်။ ပြဿနာရှိလျှင် အဖြေရှိစမြဲဖြစ်သည်။ ဖိုးအောင်သည် ရုံးသွားရန် မိမိနေအိမ်မှအထွက်တွင် အကျီလက်မောင်း (လက်တိုအကျီ) နှင့် သံဘာဂျာတံခါး၏ သော့ချိတ်ရန်ကွင်းနှင့် ငြိမိပြီး လူကို နောက်ဆွဲခံလိုက်ရသလို ဖြစ်သွားသည်။ ဤတွင် ဖိုးအောင်ကောင်းစွာ သတိထားမိသွားသည်။

အတိတ်နိမိတ်ဆိုးသည် ယနေ့ခရီးတွင် အန္တရာယ်ကြုံရနိုင်ကြောင်း အချက်ပြနေသည်။ ဤသို့ဖြစ်လျှင် ဖိုးအောင် ယနေ့ရုံးမတက်လျှင် အကောင်းဆုံးဖြစ်သည်။ ဖိုးအောင်ကို လာကြိုသော ရုံးကားသည် အိမ်ရှေ့မှာစောင့်နေတာ အတန်ကြာနေပြီ။ ရုံးမသွားလို့မဖြစ်သေးပါ။ အခြားတစ်နည်းကား ယခုဝတ်ထားသော အဝတ်အစားများကို ချွတ်၍ နောက်တစ်စုံလဲဝတ်ပါ။ ဤသို့လုပ်ရန်လည်း ခက်သည်။ ယနေ့သည် သောကြာနေ့ တစ်ပတ်လုံးဝတ်ထားသော အဝတ်အစားများကို နက်ဖြန် ရုံးပိတ်ရက် စနေနေ့မှသာ လျှော်ဖွပ်ရမည်။ လဲလှယ်စရာ နတ္ထိ။ ဤနည်း အဆင်မပြေသေးက ဖိုးအောင် ယခုချက်ချင်း ရေချိုးလိုက်ပါ။ ရေချိုးပြီးတာ တစ်နာရီပင်မရှိသေးပေ။ အချိန်မပေးနိုင်တော့ပေ။

အိမ်တံခါးပေါက်ဝတွင် ဆက်မလာဘဲ ငေါင်စင်းစင်းရပ်နေသော ဖိုးအောင်ကို ယာဉ်မောင်းသမားက နောက်ပြန်လှည့်ကြည့်နေလေသည်။ ဖိုးအောင်သည် အိမ်အောက်ကို ဖြည်း... လေးစွာ ဆင်းခဲ့ပြီး ကားပေါ်တက်၍ထိုင်... လိုက်စဉ် ယာဉ်မောင်းသည် ခပ်မြန်မြန်... မောင်းထွက်ခဲ့သည်။ ဖိုးအောင်သည်... စိတ်ထဲမှပင် ဤမော်တော်ကားပေါ်တွင်... လိုက်ပါလာသောမြင်အပ်၊ မမြင်အပ်... ပုဂ္ဂိုလ်များ မေတ္တာပို့၊ အမျှဝေပေး... မော်တော်ကား ဘေးအန္တရာယ်ကင်း... စွာ လိုရာခရီးသို့ရောက်ရှိအောင် ... စောင့်ရှောက်ကြပါရန် မေတ္တာရပ်ခံ... ပါသည်။

×××

ဖိုးအောင်သည် (×××) ...မှတစ်ဆင့် ရုံးချုပ်သို့ရောက်ရှိနေသည်... အချိန်ကာလ တစ်လခန့်သာ ရှိသေး... တွဲဘက်အဖြစ် နေထိုင်ရခြင်း... အချိန်အား များစွာရရှိလေသည်။ ... ကား အားလပ်အချိန်ကို အသုံး... 'အချိန်အခါကောင်းဖြစ်သည်။

ရုံးထဲသို့ ရောက်ရှိ... ငါးပါးသီလခံယူဆောက်တည်...



www.burmeseclassic.com

www.burmeseclassic.com

နောက် တစ်ထိုင်တည်းနှင့် မေတ္တာ တ်တော်ကို (၁၀၈) ခေါက်ရအောင် ်ဆိုပါမည်ဟု အဓိဋ္ဌာန်လိုက်ပြီး စတင် ်ကိုင်ပါသည်။

မေတ္တာသုတ် (၁၀၈) ခေါက် ်လျှင် မိမိပြုသမျှ ကုသိုလ်အဖို့ဘာဂ ဆနေယျသတ္တဝါအားလုံးရစေကြောင်း ္တာပို့ အမျှဝေခြင်းပြုပါသည်။ ညနေ ရုံးဆင်း၍အပြန်တွင် ဖိုးအောင်ကို ်တလာကြိုသောကား မဟုတ်တော့ အခြားကားတစ်စီးဖြင့် လာကြိုသည်။ ယာဉ်မောင်းသည်လည်း လူသစ်ဖြစ်ပြီး ဖိုးအောင်နှင့် ရင်းနှီးခင်မင်မှုမရှိ။ သူသည် ကားမောင်းကြမ်းသူဟု ဖိုးအောင်စိတ်ထဲမှ သတ်မှတ်ထားသည်။ ကားကလည်း ဖင်မလီယာ အမျိုးအစား ကားစုတ်၊ ခေါင်းတို၊ လူ (၈) ယောက်လောက်သာ ဆန့်သည်။ စက်ရုံသို့ ဖိုးအောင်ရောက်စက မြေစိုက်ကား (ပျက်နေ၍မပြင်ဆင်ဘဲ ရပ်ထားသောကား) ဖြစ်သည်။ ဖိုးအောင် သည် အထက်ဌာနသို့ ပြင်ဆင်ခွင့်တင်ပြီးမှ ပြင်ဆင်မောင်းနှင်ရလာသောကား ဖြစ်လာသည်။ အရောင်အဆင်းကလည်း မူလအရောင် ပျက်စီးမတက်ဖြစ်နေသော မီးခိုးပြာရောင်ဖြစ်လေသည်။

ရုံးဆင်းလာသော ဖိုးအောင်၏ အိမ်ပြန်ခရီးသည် ကမ္ဘာအေးစေတီလမ်းမှ ယာဘက်သို့ဆင်းခဲ့ပြီး တံတားလေးလမ်းဝကို ဖြတ်ကျော်ခဲ့ပြီး၊ မြို့ပါတ်ရထားလမ်း ဂုံးကျော်တံတားကို အရှိန်ယူပြီး ပြေးတက်သလို ဂုံးဆင်းတွင်လည်း အရှိန်မလျှော့ပေ။



အမောင်းကြမ်းသော ယာဉ်မောင်းကို ဖိုးအောင်က တစ်ချက်ကြည့်လိုက်သေးသည်။ သူမောင်းနေပုံကို သဘောမကျသော်လည်း တစ်စုံတစ်ရာ မပြောမိပေ။ ယာဉ်ကြောပေါ်တွင် ကား တစ်စီးရပ်ထားသဖြင့် ဖိုးအောင်တို့ကားက ဘေးမှပတ်ကျော်လိုက်သည်။ (အမှန်စင်စစ် လုပ်သင့်သည်မှာ ရှေ့မှ မိမိလမ်းကြောင်းတွင် ကားရှင်းမှ ဖြည်းဖြည်းကျော်ဖြတ်သင့်သည်) ထိုအချိန်တွင် ဖိုးအောင်တို့ကားသည် အရှိန်မသေးလှပေ။ ထိုသို့ ကျော်လိုက်စဉ် မျက်နှာချင်းဆိုင်မှ ပြေးသူ

www.burmeseclassic.com

ရဲမှ အချုပ်သားတင်သော အချုပ်ကားကြီး မောင်းလာနေသည်။ ဖိုးအောင်တို့ကား ရှေ့ဘက်ဘေးတွင် အမှတ် (၄၃) ယာဉ်လိုင်းခရီးသည်တင်ကားကြီးက ခရီးသည် တင်ချလုပ်နေသည်။

ဖိုးအောင်တို့ကားသည် လမ်းကြောင်းပိတ်နေ၍ အမြန်ရပ်လိုက်ရုံသာ ရှိသည်။ သို့သော် ဖိုးအောင်၏ ယာဉ်မောင်းသည် ဘရိတ်ဖမ်း၍မရသဖြင့် မျက်လုံးပြူး မျက်ဆန်ပြူးမျက်နှာဖြင့် ဖိုးအောင်ကိုကြည့်လေသည်။ ဖိုးအောင်ကလည်း တန်ခိုးရှင်မဟုတ်သဖြင့် ယာဉ်မောင်းကို မည်သို့ကူညီနိုင်မည်နည်း။ ဘရိတ်ပေါက်၍ ရပ်မရသောကားသည် တစ်စုံတစ်ခုကို ဝင်တိုက်ရန်သာရှိတော့သည်။

ဖိုးအောင်တို့ကားသည် ညာမောင်း (ညာဘက်တွင် ယာဉ်မောင်းရှိသည်) ဖြစ်၍ ဖိုးအောင်က ဘယ်ဘက်တွင် ထိုင်ရသည်။ မိမိကားကို ညာဘက်ဆွဲလိုက်လျှင် ခရီးသည်တင်ချလုပ်နေသော အမှတ် (၄၃) ဘတ်စ်ကား၏ နောက်ပိုင်းကိုဝင်တိုက်ရမည်။ ဘယ်ဘက်ကိုဆွဲလိုက်က မျက်နှာချင်းဆိုင်လာနေသော အချုပ်ကားကြီး၏ ဦးခေါင်းပိုင်းနှင့် တွေ့မည်။ ဖိုးအောင်၏ ယာဉ်မောင်း မည်သို့လုပ်မည်နည်း။ မိမိကားကို ဘယ်ဘက်ဆွဲပြီး အချုပ်ကားကြီးနှင့် ဝင်တိုက်ပစ်လိုက်တော့သည်။ အတိုက်ခံရသော ရဲဌာနပိုင် အချုပ်ကားကြီး၏ ဦးခေါင်းပိုင်းသည် ပိန်ချိုင့်ပျက်စီးသွားသည်။ ဖိုးအောင်တို့ရုံးကားလည်း ဦးခေါင်းပိုင်းမှာ တစ်တောင်ခန့် ပိန်ရှုံ့သွားသည်။ ရှေ့လေကာမှန်ကြီးသာမက ကားခေါင်းခန်း၏ နောက်ကျောဘက်မှမှန်ကြီးပါ ကွဲကြေမွသွားသည်။ ကားခေါင်းခန်းတံခါးပေါက်လည်း ပိန်ရှုံ့ပြီး ဖွင့်မရတော့ပေ။ မိမိကားက ကားငယ်လေးဖြစ်၍ ပိုမိုအထိနာလေသည်။

ဖိုးအောင် ထိုင်နေရာမှ တံခါးဖွင့်မရတော့၍ ရုတ်တရက်ထွက်မရပေ။ ကားအက်ဆီးဒင့်ကြောင့် ဝိုင်းအုံလာသော လူများ အကူအညီဖြင့် ပက်လက်လှန်ပြီး ကားနောက်ခန်းမှ ဖြည်းညင်းစွာ ထွက်ခဲ့

ရလေသည်။ ကားနောက်ခန်းတွင် ...
ကြုံလိုက်ပြီးစီးလာသော ဦးကျော်ဇံလ...
မျက်မှန်ဘေးကိုင်းကို မှန်ကွဲစထိ...
ကိုင်းကျိုးသွားလေသည်။ ဦးကျော်ဇံ...
အလွန်ကံကောင်းသွားသည်။ အကယ်...
မျက်မှန်သာတပ်မထားပါက ထိုမှန်...
သည် ဦးကျော်ဇံလှ၏ မျက်လုံး...
ဖောက်ဝင်မည်ဖြစ်သည်။ (နေ့စဉ်...
ကားအကြုံစီးသော ဦးကျော်ဇံလှ...
နေရာတွင် ဖိုးအောင်၏ကားကို ...
တော့မှ လိုက်မစီးတော့ပေ) ဖိုးအော...
ယာဉ်မောင်းသည်လည်း လည်ပင်း...
မှန်ကွဲစထိပြီး သွေးများထွက်နေသ...
သို့သော် ထိုဒဏ်ရာကို သူ ဂရုမ...
အားပေ။ အသားလွတ် ဝင်တိုက်ခံလို...
သော ရဲအချုပ်ကားပေါ်မှဆင်းလာ...



www.burmeseclassic.com

တပ်သားများ မကျေမနပ် ပြောဆိုခြင်း ခံကာကွယ်နေရ၍ ဖြစ်သည်။ မခင် မောင်းနှင်သူ မိမိယာဉ်မောင်းကို သဖြစ်သော်လည်း ယခု အခြေအနေ ကမှ ဖိုးအောင်က တစ်စုံတစ်ရာ ပြောတော့ဘဲ ခပ်ဝေးဝေးမှာ သွား လိုက်သည်။ ဖိုးအောင်၏ ယာဉ်မောင်း ည် လူလည်ဖြစ်ပါသည်။

ဖိုးအောင်သည် အရာရှိတစ် ကဲဖြစ်ကြောင်းပြောပြီး အကာ ယ်ယူပါသည်။ ထိုအခါမှ မကျေမနပ် နေသော ရဲတပ်သားများ လေသံ င်းသွားသည်။ ထိုရဲတပ်သားများက လေးဘီးအငှားယာဉ် တစ်စီးကို ထည့်ပေးလိုက်၍ ဖိုးအောင်သည် သို့ချောမောစွာ ရောက်ရှိသွားခဲ့သည်။

မကြာမီ စက်ရုံမှတာဝန်ရှိသူ င် ယာဉ်ထိန်းရဲများကား အက်ဆီးဒင့် နေရာသို့ ရောက်ရှိလာကြသည်။ ဉ်ထိန်းရဲများက ကားတိုက်ထားသော အနေကို အသေးစိတ်ကြည့်ရှု ပြီးနောက်…

"စက်ရုံပိုင်ကားလေးက ဒီ လောက် ကားခေါင်းပိန်ချိုင့်ပြီး လေကာ မှန်ကြီးလဲကွဲကြေသွားတာ ကားခေါင်း ထဲမှာပါတဲ့ဆရာက ဘာဒဏ်ရာမှမရရှိဘူး ဆိုတာ မဖြစ်နိုင်ပါဘူးဗျာ။ ယာဉ်တိုက်မှု တွေကို ကျွန်တော်တို့ တွေ့ခဲ့တာများပြီ။ ပြီးတော့ ကားလေးက ခေါင်းတို့ ပိန်ချိုင့် သွားလိုက်တာ တစ်တောင်လောက်ရှိမယ်။ ကားခေါင်းထဲကလူက မသေရင်တောင် ဒဏ်ရာအတော်ပြင်းပြင်းထန်ထန်ရမှာ သေချာတယ်။ အဲဒီဆရာအိမ် ဘယ်မှာလဲ သွားကြည့်ကြမယ်"

စက်ရုံတာဝန်ရှိသူများနှင့် ယာဉ်မောင်းက…

"အမှန်တကယ် ဘာဒဏ်ရာ မှ မရတာပါ။ ကျွန်တော်တို့ လိမ်ညာနေ လို့ အကျိုးမထူးပါဘူး။ အတိုက်ခံရတဲ့ ရဲအချုပ်ကားက ဆရာတွေ မျက်မြင် သက်သေရှိပါတယ်"

ရဲအချုပ်ကားမှ ရဲတပ်သားများ ကလည်း …

"ဟုတ်ပါတယ်။ ကျွန်တော်တို့ ပဲ အဲဒီဆရာကို လေးဘီးကားငှားပြီး တင်ပေးလိုက်တာပါ"

ဟု ပြောလေသည်။ ထိုအခါမှ ယာဉ်ထိန်းတပ်ဖွဲ့မှ ကျေနပ်လက်ခံသွား သည်။

ကားအက်ဆီးဒင့်ဖြစ်စဉ်တွင် မိမိကိုယ် မိမိဒဏ်ရာတစ်စုံတစ်ရာ မရရှိ ခဲ့ခြင်းကို အတွေ့အထူးသတိမထားမိသော် လည်း ယာဉ်ထိန်းရဲများ၏ ပြောစကား ကို ပြန်လည်ကြားသိရသောအခါမှသာ အန္တရာယ်ဆိုးမှ ခလုတ်မထိ ဆူးမငြိ လွတ်မြောက်လာမှုကို အံ့ဩဖွယ် သိရှိ လာတော့သည်။


လူသားအားလုံး ဘုရားတန်ခိုး၊ တရားတန်ခိုး၊ သံဃာတန်ခိုးကြောင့် ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော သုံးပါးသောကပ်၊ ငါးပါးသောရန်၊ ကိုးဆယ့်ခြောက်ဖြာသော အနာရောဂါတို့မှ ပိန်းကြာဖက်တွင် ရေ မတင်သကဲ့သို့ ကင်းစင်လွင့်ပျောက်ပါစေ ကုန်သောဝ်။

**အောင်ဆန်းထင်း(ဘီ-အေ)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်လို့ နွေတွင်သစ်ရွက်များ ကြွေရသလဲ။

နွေဦးပေါက်ကာလတွင် ကျွန်ုပ်[..]များ မိုးနှင့်ဆောင်း မျက်စိပသာဒဖြစ်[..]သော အစိမ်းရောင်သစ်ရွက်များ [..]ရောင်ပြောင်းကြရသည်။

နွေရင့်လာပြီဆိုလျှင်မူ အရောင်[..]လဲရကာ ပင်စည်၊ အကိုင်း၊ အခက် [..] ကြွေကြွေကာ ဤမြေမှာသက်ရ[..]တော့သည်။

ဤကဲ့သို့ အရောင်ပြောင်းခြင်း၊ သစ်ရွက်များ ကြွေကျရခြင်းတို့မှာသည်ပင် သေသွားသောကြောင့် မဟုတ်ပေ။

ဆောင်းအကုန် နွေဦးအစတွင် သစ်ပင်များအနားယူလို၍ဖြစ်သည်။ လက်ရှိလူသားပင်လျှင် ခေတ္တနားပြီးမှ ခဏကြာလျှင် ပို၍ အားအင်ပြန်ဖြည့်ကာ လန်းလန်းဆန်းဆန်းရှိလာပုံမျိုးဖြစ်၏။ သစ်ပင်များသည်လည်း ထိုသို့ပင်ဖြစ်လေသည်။

နွေဦးတွင် သစ်ရွက်ဟောင်းများကို ခြွေချပြီး ခေတ္တနားရာမှ နွေနှောင်းတွင် ရွက်သစ်နုများ ထွက်ပေါ်လာသည်ကို နွေနှောင်းတပေါင်းလအတွင်းမှာ အမြဲတမ်း တွေ့နိုင်ကြလေတော့မည်။

လူတို့ အဝတ်အစားအသစ် လဲလှယ်ဝတ်ဆင်ကြသလို သစ်ပင်များသည်လည်း သစ်ရွက်ဟူသော အဝတ်အစားအသစ်ကို လဲလှယ်ဝတ်ဆင်ကြသော သဘောပင်ဖြစ်တော့သည်။

**နိုးနိုး-သန်လျှင်**


သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"

ကွန်ပျူဗေဒသုခုမ မှာ



အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

သင့်ရင်သွေးအတွက် အကောင်းဆုံးနာမည်များ၊ ဟောစာတမ်းများ၊ ဇာတ်ကြ[..]တာများကို ကွန်ပျူတာဖြင့် ရွေးချယ်ပေးပြီး အိမ်အရောက် ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။ [..]ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်မိုလ်မိုလ်** (နာမက္ခရ ကျွမ်းကျင်ပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။


(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

၀၁-၂၂၈ ၆၆၅ ၊ ၀၉-၇၃၀ ၅၅ ၇၃၀ အမှတ်-၄၆၊အခန်း-၆၊

၀၉-၇၃၀ ၇၇ ၇၃၀ ၊ ၀၉-၅၁ ၇၄၂၂၆ နံ့သာလမ်း၊အလုံမြို့နယ်၊

web site : www.baydathukhuma.com ရန်ကုန်မြို့။

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ယနေ့သည် ကုမ္ပဏီ၏ လစာ ...တ်ရက်ဖြစ်၏။ ပိုက်ဆံထည့်ထားသော ...စိတ်ဖြူလေးကိုကိုင်ပြီး မလွှဲမသွေ ...ရမည့်စာရင်းကို "မေခ" တွေးနေမိ ...။ လစဉ်ပေးရမည့် အတိုး၊ သား ...တွက် မုန့်ဖိုး၊ မေမေအတွက်ရမည့် ...။ ဒါတွေနုတ်လိုက်ပါက ဘယ် ...ကျန်မလဲ။ တွေးရင်း "မေခ" ...လာသည်။ ဒီလကစပြီး ကျူရှင် ... တစ်အိမ်ထပ်တိုးရတော့မည်။ ...မှာကို "မေခ" မကြောက်ပါ။ ငွေ ...တဲ့ ကြောက်သည်။

ကံကောင်းထောက်မစွာဖြင့် ...စ်ခုရထားပြီး ကွန်ပျူတာသင်တန်း ... တက်ထားမိ၍ ဤကုမ္ပဏီမှာ နေရာ ...တစ်နေရာကို "မေခ" ရထားခြင်း ...ည်။ "မေခ" သည် အားလုံးကို ...မေ့ထားပြီး အလုပ်များပြီးပြတ် ...သုပ်လိုက်သည်။ ညနေ ရုံးဆင်းချိန် ... ကျူရှင်ပြရမည့်အိမ်သို့ တန်းပြီး ...သည်။ ကုမ္ပဏီမှ နှစ်မှတ်တိုင်သာ ...၍ "မေခ" လမ်းလျှောက်သွားလေ့ ရှိသည်။ ဆလင်းဘက်လေးလွယ် ကြိမ်ခြင်းလေးဆွဲပြီး တက်သုတ်ရိုက် လျှောက်နေသော "မေခ" ကို လူအများက ငေးကြည့်သွားကြသည်။ ငေးကြည့်ရလောက်အောင်လည်း "မေခ"က ချောသည်။ အရပ်မြင့်မြင့် ကိုယ်လုံးသွယ်သွယ်၊ အသားဖြူဖြူဝင်းဝင်း၊ နက်မှောင်ပြောင်လက်နေသော ဆံပင်အရှည်ကြီး၊ မျက်လုံး မျက်ခုံးလှလှ၊ နှုတ်ခမ်းထူထူ ဖူးဖူးလေးဖြင့်၊ ရှင်းသန့်ဝင်းဖန့်နေသည်။ ကလေးတစ်ယောက်မိခင်၊ အိမ်ထောင်သည် တစ်ဦးဟုထင်စရာမရှိ။ တက္ကသိုလ်တက်စဉ်ကလည်း မေဂျာ Queen လေး၊ ဒီလိုလှပ ချစ်စရာကောင်း၍ စိတ်မချနိုင်ပါဘူးဆိုပြီး ချစ်သူ "အောင်" က ငုတ်လက်ထပ်ခဲ့သည်။

"အောင်" ၏ဖေဖေကလည်း "မေခ" ကို ချွေးမ မတော်လိုက်ရမှာစိုးပြီး အားပေးအားမြှောက်ပြုခဲ့သည်။ "မေခ" ဖေဖေနှင့် အောင့် ဖေဖေမှာ သူငယ်ချင်းများဖြစ်၍ ပြဿနာမရှိခဲ့ပါ။ မေခနှင့်အောင် ဒုတိယနှစ်မှာ လက်ထပ်ပြီး မိဘများ၏ အကူအညီဖြင့် ကျောင်းဆက်တက်ခဲ့ကြသည်။ ဟိုဘက်မိဘမှာ လက်ဖြန့်၊ ဒီဘက်မိဘမှာ လက်ဖြန့်ဖြင့် လိုလေသေးမရှိ အေးချမ်းလိုက်သည့် ဘဝ။

"မေခ" တက္ကသိုလ်နောက်ဆုံးနှစ်တွင် ဘဝအတွက် အမှတ်တရဖြစ်စဉ်များ ဖြစ်ခဲ့၏။ "အောင့်" ဖေဖေဆုံးသည်။ "မေခ" ဖေဖေ လေဖြတ်ပြီး အိပ်ရာထဲလဲသည်။ "မေခ"သားလေးမွေးသည်။ နှစ်ဖက်မိဘမှ အထောက်အပံ့များ ရပ်ဆိုင်းသွားသည်။ ဒုက္ခတွေ အလုံးအရင်းဖြင့် ဝင်လာကြသည်။ ဖေဖေဆုံးပြီးကတည်းက တရှောင်ရှောင်ဖြစ်သွားသည့် "အောင့်" မေမေ၏အနားမှာ ပြုစုရင်း ဝင်ငွေမရှိတော့သည့်အတွက် ရှိတာတွေ ထုခွဲရောင်းချပြီး နေခဲ့ရသည်။ အခက်အခဲများကို ကျော်ဖြတ်ရင်း "မေခ" ကျောင်းအပြီးတက်ခဲ့သည်။ "အောင်" ကတော့ ကျောင်းကို ကျောခိုင်းပြီး အလုပ်ရှာရင်း ကုန်သည် ယောင်ယောင်၊ ပွဲစားယောင်ယောင်ဖြင့် နောက်ဆုံး တက္ကစီ မောင်း


www.burmeseclassic.com

သည်။

"အောင်" တို့ဖေဖေ ထားခဲ့သည့် တိုက်ခန်းပိုင်လေးရှိနေ၍ နေစရာအတွက် ခေါင်းမခဲရသော်လည်း "အောင့်" မေမေ၏ဆေးဖိုး၊ အိမ်စရိတ်တို့နှင့် "အောင်" ရှာဖွေသည့်ပိုက်ဆံတို့မှာ အချိုးမညီတော့ပါ။ နောက်ဆုံး "အောင်" မလေးရှားသို့ အလုပ်လုပ်ရန် ထွက်သွားခဲ့သည်။ မလေးရှားသွားရန် အတိုးဖြင့် ငွေချေးခဲ့ရသည်။ "အောင်" မသွားမီ ဖေဖေ၏ မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် "မေခ" ကုမ္ပဏီတစ်ခုတွင် အလုပ်ရခဲ့သည်။ "မေခ" ရသည့်လစာဖြင့် အတိုးပေးရန် အိမ်စရိတ်သုံးရန် မလောက်ငသည့်အတွက် အလယ်တန်း ကလေးများကို ဝိုင်းကျူရှင်သင်ခဲ့ရသည်။ ဘဝကြီးသည် ဤမျှ ခါးသီးကြမ်းတမ်းမှန်း သိရပြီးချိန်တွင် လူ့ဘဝကြီးကို "မေခ" အကြီးအကျယ် စိတ်ပျက်မိသည်။ "အောင်" ကလည်း ဟိုမှာ အဆင်မပြေ၍ ငွေတစ်ပြားတစ်ချပ်မှ မပို့နိုင်။ သူ့ကို ပြန်မပို့ရတာကိုပဲ ကျေးဇူးတင်သင့်သည်။

"မေခ"၏ရင်ထဲ အသည်းထဲ ခေါင်းထဲတွင် ငွေပဲရှိသည်။ ငွေရမည့် တရားဥပဒေနှင့်ကင်းသည့် အလုပ်ဆိုပါက အကုန်လုပ်ပစ်ချင်သည်။ "အောင့်" မေမေကို ဆေးခန်းပြရမည့်နေ့ဆိုလျှင် ပိုက်ဆံအိတ်ကလေးကို မရဲတရဲဖွင့်ရင်း ရင်တထိတ်ထိတ်ခုန်ခဲ့ရသည်။ အများနည်းတူ ဝတ်ချင်စားချင်ခဲ့သည်။ သားလေးကို မုန့်အကောင်းစားတွေ ကျွေးချင်သည်။ ဖေဖေနှင့် အောင့်မေမေကို ဆေးကုပေးချင်သည်။ "မေခ"အသက်ရှူထုတ်တိုင်း ငွေ၊ ငွေ ဟု မှတ်နေမိသည်။

"မေခ" နောက်ဆုံး ကျ... ရသည့်အိမ်မှာ ဆောက်လုပ်ရေး လု... ရှင်ကြီး ခရိုနီ ဦးဇော်မင်း၏ အိမ်... ဦးဇော်မင်း၏သမီးလေးကို စာသင်... သည်။ ဦးဇော်မင်းသည် အသက် ... ခန့်ရှိပြီး လူမျိုးခြား ××× ဘာသာ... ဖြစ်သော်လည်း ရုပ်ချောသော... "မေခ" အိမ်အပြန် ဦးဇော်မင်း ... ထွက်ချိန်နှင့်ကြုံပါက "မေခ" ... လိုက်ပို့ပေးလေ့ရှိသည်။ ဦးဇော်မင်း...



www.burmeseclassic.com

"မေခ" အိမ်ပြန်ချိန်နှင့် မကြုံကြုံအောင် ...တီးလာကြောင်း "မေခ" သိသော် ...ည်း မရှောင်ချင်တော့ပါ။ ရင်ခွင်တစ်ခု ... အားကိုးတကြီးမှီပစ်လိုက်ချင်သည်။ ...နှင့် နွံအိုင်ကြီးထဲသို့ မေခ ခုန်ဆင်း ...က်တော့သည်။ ကြောင်ခံတွင်းပျက်နှင့် ...က်တောင်ပံကျိုးတို့ တွေ့ကြလေပြီ။ "မေခ" နှောင်တမရပါ။ တစ်လ တစ်လ ...ကြောင့် စိတ်မညစ်ရတော့။ ကျူရှင် ...ည်း ပြစရာမလို။ ဦးဇော်မင်း၏ ...ဆောက်အပံ့ဖြင့် "မေခ" ပိုပြီးလှလာ ... "အောင့်" ထံမှ ငွေပို့နေသလိုဖြင့် ...နှင့် ယောက္ခမကို ဆေးကုပေး ...ည်။ သားလေးကို ကောင်းကောင်း ...ွေးပြုရသည်။ "အောင့်" အတွက် ...သော အကြွေးများကို အကျေဆပ် ...သည်။

ဦးဇော်မင်းက "မေခ" ကို ...ဝင် လက်ထပ်ချင်သည်ဟု ပြော ...တွင် "မေခ" အသိတရားဝင်လာ ...ည်။ မိမိတွင် တရားဝင်လက်ထပ်ထား ...တာမပိုင်ခင်ပွန်းရှိကြောင်း။ မလေး



ရှားတွင် အလုပ်သွားလုပ်ကြောင်း။ ၄ နှစ် အရွယ် သားလေးတစ်ယောက်ရှိကြောင်း မချွင်းမချန်ပြောပြလိုက်သည်။ ဦးဇော်မင်း သည် "မေခ" ကို ထွေးပွေ့ထားရင်း…

"ဒါတွေအားလုံး အစ်ကိုကြီး သိပြီးသား။ မေခလေးကို အစ်ကိုကြီး အမြဲပိုင်ချင်တယ်။ အမြဲတွေ့နေချင်တယ်။ ဒီလို အိမ်ပြန်လွှတ်နေရတာမျိုး မကြိုက် ဘူး။ "မေခ"ကသာ သဘောတူရင် အားလုံးကို အစ်ကိုကြီး ဖြေရှင်းသွား မယ်"

"မေခ" ဘာပြောရမလဲ။ ဒီဘဝ ကို "မေခ"နှစ်သက်သည်။ ငွေကို ကြိုက် သလိုသုံးရတာကိုဘဲ ကျေနပ်နေမိသည်။ သားလေးကို ခွဲနိုင်မလား။ "မေခ" စဉ်းစား ကြည့်သည်။ အတူတူနေရင်း ဆင်းရဲ နေတာထက် သူ့အဖွားထံမှာထားပြီး လိုလေသေးမရှိ ထောက်ပံ့မည်။ "အောင့်" နှင့်ပတ်သက်ပြီး ခံစားချက်မရှိတော့ပါ။ ငယ်ပေါင်းမို့ ချစ်ခဲ့တာ အမုန်ပါပဲ။ သို့သော် ချစ်တာတစ်ခုထဲနှင့် မပြီးပါ။ စားဝတ်နေရေးပြည့်စုံရန် လိုသေးသည်။ "အောင့်"အနေဖြင့် "မေခ"ကို ခွင့်လွှတ် နိုင်မည့်ပုံမပေါ်။ ခွင့်မလွှတ်နိုင်မည့် အတူတူ ဇာတ်လမ်းကို ရပ်တမ်းကရပ် လိုက်တော့မည်။ ထိုနေ့မှစ၍ "မေခ" အိမ် မပြန်တော့ပါ။

အခြေအနေ အရပ်ရပ်ကို ဦးဇော်မင်း၏ မန်နေဂျာနှင့် ရှေ့နေက "အောင့်" မေမေထံ သွားရောက် အကြောင်းကြားကြသည်။ "အောင့်" မေမေသည် တုန်လှုပ်ပေါက်ကွဲပြီး "မယားခိုးဖြင့် တရားစွဲမည်" ဟု ပြော လွှတ်သည်။ မလေးရှားတွင်ရှိသော "အောင့်" အား ကွာရှင်းပြတ်စဲစာချုပ် တွင် လက်မှတ်ထိုးရန် ချော့နည်း ခြောက်

www.burmeseclassic.com

နည်း၊ အနု၊ အကြမ်း နည်းမျိုးစုံကို ဦးဇော်မင်း အသုံးပြုခဲ့သည်။ ၁၀ ရက်ခန့် အကြာတွင် "အောင်" လက်မှတ်ထိုးထားသော ကွာရှင်းစာကို "မေခ" လက်ခံရရှိခဲ့သည်။

မေခသည် ဦးဇော်မင်းပိုင်ဆိုင်သော ရန်ကုန်မြို့လယ်ရှိ ကွန်ဒိုကြီးကို သိမ်းပိုက်လိုက်ပြီး ခရိုနီ ဦးဇော်မင်း၏ ဒုတိယဇနီးအဖြစ် ဘိသိက်သွန်းခံလိုက်တော့သည်။ မေခ၏ ဖြစ်ကြောင်းကုန်စင်ကို ကြားသိရသော ဖေဖေသည် နာတာရှည် လေဖြတ်နေရာမှ ချက်ချင်း အသက်ရှူရပ်သွားခဲ့သည်။ ဖေဖေ၏ အသုဘကို "မေခ" လာလျှင် ခုတ်သတ်ရန် ဓက်ကြီးတောင်ဓားကို မြည့်နေအောင် သွေးထားကြောင်း မောင်လေးက "မေခ" ထံ သတင်းမရောက်ရောက်အောင်ပို့လိုက်သည်။ ဖေဖေ့ကို သင်္ဂြိုလ်သည့်နေ့က ဦးဇော်မင်း၏ရင်ခွင်တွင် မျက်နှာအပ်ပြီး "မေခ" ရှိုက်ကြီးတငင်ငိုခဲ့သည်။

"ဖေဖေရေ . . . သမီးကို ခွင့်မလွှတ်ပါနဲ့"

ဟု အသံမထွက်ဘဲ ရင်ထဲမှာ တဖွဖွ အော်နေမိသည်။

"မေခ"သည် လောကကြီးကို ခါးစောင်းတင်ပြီး ဘဝသစ်ကိုစတော့သည်။ ခေါင်းမှခြေအဆုံး စိန်စီ၏။ အလှအပဆုံး ပြင်ဆင်၏။ နာမည်ကြီးမင်းသမီးများ၊ မော်ဒယ်လ်များပင် "မေခ" ကို မမီနိုင်။ ဦးဇော်မင်း၏ဇနီးလေး "မေခဇော်" ကို တွေ့ချင်၊ မြင်ချင်၊ စကားပြောချင်၍ ခရိုနီလောကမှာ ပါတီပွဲတွေ အမျိုးမျိုး ကျင်းပကြ၏။ အတိတ်ဇာတ်ကြောင်းကြောင့် မပြုံးမရီ ခပ်တည်တည်လေး ဖြစ်နေပုံကိုက "မေခဇော်" ၏



စတိုင်ဖြစ်နေ၏။ "မေခဇော်" များ ပြုံး
လိုက် ရယ်လိုက်လျှင် ယောက်ျား
အားလုံး ဝမ်းသာပျော်ရွှင်ကြ၏။ "မေ
ဇော်" ဝတ်ဆင်ပုံသည် အမျိုးသမီး
အတုယူစရာဖက်ရှင်ဖြစ်၏။ "မေ
သည် လူ့ကုံထံ အသိုင်းအဝိုင်း
ထင်ပေါ်မှုသရဖူကို ဆောင်းထား
သည်။

သားလေးအတွက် တ
လျှင် ကျပ် ၅ သိန်း "မေခ" ထော
၏။ ငွေသွားပို့သော မန်နေဂျာ
"အောင်" ၏ မေမေက ရန်တွေ့
လက်မခံခဲ့။ ၄ ကြိမ်မြောက်မှာ
ထောက်ပံ့ငွေ လက်မခံပါက သား
ကို တရားဥပဒေအရ "မေခ" က
မည်ဟု ပြောလိုက်မှ လက်ခံသွား
ဦးဇော်မင်း သွားလေရာ ပြည်တွင်း ပြ
ခရီးစဉ်တိုင်း "မေခ"ကို ခေါ်သွား
ဇနီးချော "မေခ"ကို အမြဲပွဲထုတ်
"မေခ" ကလည်း ပွဲလယ်တင့်ပေးယော

"မေခ"သည် ဘုရားရှိခိုး
လည်း မပြုတော့။ မေခမှာ



www.burmeseclassic.com

www.burmeseclassic.com

ငွေငါးပါး မရှိတော့ပြီ။ မေခသည် ဇော်မင်းသာ "မေခ" ၏ အားကိုးရာ အားထားရာဖြစ်၏။ ဦးဇော်မင်းကို ချစ်သလားဟုမေးလျှင် မချစ်ပါ။ သို့သော် ဇော်မင်း၏ ပိုင်ဆိုင်မှုတွေကိုတော့ ချစ်သည်ဟု "မေခ"ဖြေပေလိမ့်မည်။ "မေခ" သည် အကောင်းဆုံး၊ တန်ဖိုး အကြီးဆုံးပစ္စည်းကိုမှ သုံး၏။ ဝတ်၏၊ စား၏။ အကောင်းဆုံး၊ ဈေးအကြီးဆုံးကားကို စီး၏။ ငွေကိုကြိုက်သလိုသုံး၏။ သို့သော် "မေခ" မပျော်ပါ။ ဘဝမှာ တစ်ခုခု လို နေသလို အမြဲခံစားနေရ၏။

ယနေ့နံနက်ခင်းတွင် ဦးဇော်မင်းသည် နိုင်ငံခြားသားတစ်ဦးနှင့် တွေ့ဆုံ ရန် အင်းယားလိတ်ဟော်တယ်သို့ သွားရ သည်။ ထုံးစံအတိုင်း "မေခ" သည် အလှပဆုံး ပြင်ဆင်၍ အတူလိုက်လာခဲ့ သည်။ အင်းယားလိတ်တွင် နံနက်ခင်း စားရင်း လုပ်ငန်းကိစ္စဆွေးနွေးကြရာ နိုင်ငံခြားသားနှင့် ဦးဇော်မင်း သွားစရာ ကိစ္စတစ်ခုပေါ်လာသည်။ ဦးဇော်မင်းတို့ ကားတစ်စီးဖြင့် ထွက်သွားပြီး "မေခ" က ကားမောင်းပြီး အိမ်ပြန်ခဲ့သည်။

"မေခ" သည် ကမ္ဘာအေး ဘုရားလမ်းအတိုင်း ကားကို အေးအေး ဆေးဆေး မောင်းလာခဲ့ရာ ကမ္ဘာအေး ဘုရားရှေ့ လူကူးမျဉ်းကြားတွင် လမ်း ဖြတ်ကူးနေသူများရှိ၍ အရှိန်လျော့ပြီး ရပ်ကာ စောင့်နေလိုက်သည်။ အမှတ် မထင် လမ်းကူးနေသူများကိုကြည့်နေ မိရာ ထောင်ထောင်မောင်းမောင်း လည်ကတုံးအဖြူဝတ်ထားသူတစ်ဦး သည် ကိုရင်ငယ်လေးတစ်ပါးကို လက် ဆွဲပြီး ကားရှေ့မှဖြတ်သွား၏။ "မေခ" နလုံးသားသည် ဒိတ်ကနဲ ခုန်သွားပြီး

"ဟင်...အောင်...အောင် ပါလား။ ဟို...ကိုရင်လေးက သားလေး ပါလား"

ရင်တထိတ်ထိတ်ဖြင့် "အောင်" တို့သားအဖကို သဘိလက် လွှတ် ငေးကြည့်နေမိသည်။ နောက်က ကားများ ဟွန်းသံ တပွမ်ပွမ်ပေးကြမှ "မေခ" ကယောင်ကတမ်းဖြင့် ကားကို မောင်းထွက်လိုက်သည်။ မျက်စိကတော့ "အောင်" တို့သားအဖကို လှမ်းကြည့် နေဆဲ။

"မေခ" စိတ်နှင့်လူမကပ်တော့ ပါ။ "မေခ"၏ကားသည် လမ်းတစ်ဖက် သို့ ရောက်လုလုဖြစ်သွားစဉ် အရှိန်ဖြင့် ကားတစ်စီးကို ကျော်တက်လိုက်သော အဲယားကွန်းဘတ်စ်ကြီးနှင့် တည့်တည့် ဝင်တိုးပါတော့သည်။ "ဝုန်း"ကနဲ ကား နှစ်စီး အရှိန်ပြင်းစွာ တိုက်မိသွားပြီး "မေခ"၏ ကားကလေးမှာ ခေါင်းပိုင်း တစ်ခုလုံး အကော်ဒီယံတစ်လုံးလို တွန့်ဝင်သွား၏။ ကားတိုက်ပုံကို အစ အဆုံး မြင်လိုက်ရသော "အောင်" သည် သားကိုရင်လေးကိုဆွဲပြီး ဆက်မကြည့်ဘဲ ကျောင်းနိုင်းထွက်သွား၏။ ကားပေါ်မှာ ဘယ်သူပါမှန်း "အောင်" သိမသွားပါ။ နွံထဲမှ နှင်းဆီပွင့်လေး "မေခ" တစ် ယောက် မရှုမလှ ကြွေလွင့်သွားပါတော့ သည်။

**စိန့်စိန့်အေး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အဖေ နေမကောင်းတာ ကြာ ပြီ။ ဆေးမျိုးစုံနဲ့ကုနေတာလည်း က်သာဘဲ ကျွန်မ ဗေဒင်သွားမေးတာ ဒင်ဆရာက ရတနာ့ဒီပံ ဖယောင်းတိုင် မယ်ဆိုပြီး ငွေတစ်သောင်း ယူလိုက် ယ်။ ပြီးတော့ ယတြာချေဖို့ ဒန်းကြီး ညွှန့်၊ ကံ့ကော်ခုနစ်ညွှန့် ဗေဒါပင် ပင် ဘုရားမှာပူဇော်ရမယ်တဲ့။

"အညံ့ရှိတယ် ဒီဝါမဆိုခင် ရတယ်"

လို့ပြောတာနဲ့ ကျွန်မ အပြန် မှာ ဒန်းကြီးရွက်ရှာတာပေါ့။

အင်း • • •ဒန်းကြီးရွက်က တ်ရှာရတယ်။ ဒါနဲ့ အိမ်နဲ့ အတော် တော့ ခြံတစ်ခြံရဲ့ အရှေ့မှာ ဒန်းကြီး ကို သွားတွေ့တယ်။ ဒါဆို ခြံရှင်ကို င်းရမှာပေါ့။ ကျွန်မ ခြံထဲလှမ်းကြည့် အဘိုးကြီးတစ်ယောက် တံမြက် လှဲနေတာ တွေ့တယ်။ ကျွန်မက -

"အဘ ••• အဘ"

လို့ ဟစ်ခေါ်တော့ အဘိုးကြီး ထွက်လာတယ်။ ခြံပိုင်ရှင်တော့ ဟုတ်ဟန်မတူဘူး။

"ကျွန်မ ဒန်းကြီးရွက် ကလေး နည်းနည်းလိုချင်လို့ပါ။ ကျွန်မအဖေ မကျန်းမာလို့ ဗေဒင်သွားမေးတာ ယတြာချေရမယ်ဆိုလို့ပါ အဘရယ်"

ဆိုတော့ အဘိုးကြီးက ကျွန်မ ကို အကြာကြီးကြည့်နေပြီးမှ • • •

"ဒန်းကြီးပင်ကိုလည်း ကြည့် ပါဦး။ အဲဒါ ဗေဒင်ဟောလို့ ယတြာချေ ရမှာ ဒန်းကြီးရွက်ခုနစ်ညွှန့်ပေးပါ ပေးပါ နဲ့ လာတောင်းခူးကြတာ ခုဖြစ်နေတဲ့ ဒန်းကြီးပင်ရုပ်ကိုလည်း ကြည့်ပါဦး"

အဘိုးကြီးကပြောမှ ကျွန်မ သေသေချာချာကြည့်မိတာ ဟုတ်ပါရဲ့။ ဒန်းကြီးပင်က အညွှန့်လေးမှ ခုနစ်ညွှန့် လောက်ရှိတာ။ လက်သုံးသစ်လောက် ရှိတဲ့ အညွှန့်တက်ကလေးတွေရှိတာ။ ကျွန်မခူးလိုက်ရင် ကုန်မှာပဲ။ အဘိုးကြီးက ပြောပြီး လှည့်ထွက်သွားလို့ ကျွန်မက -

"အဘ• • •အဘ"

ဆိုတော့ အဘိုးကြီးက ပြန် လှည့်လာပါပြီ။

"လူတွေက ကိုယ့်အိမ်က လူမမာအတွက် ဗေဒင်ဆရာပြောလိုက် တဲ့အတွက်ကိုသာကြည့်ပြီး ဒန်းကြီးပင် ဘယ်သို့ဖြစ်နေသလဲဆိုတာတော့ မကြည့် ကြဘူး။ ဒီတော့ ကျုပ်လည်း ဗေဒင်ဆရာ ဆီသွားပြီး ဒန်းကြီးပင်အတွက် ယတြာ လုပ်ဦးမယ်။ ဒန်းကြီးပင်သေတော့မယ်"

"ဟုတ်ပါတယ်။ အဘပြော သလိုပဲ ဒီ ဒန်းကြီးပင်ကိုလည်း သနား ပါတယ်။ ဒါကြောင့် ကျွန်မ မခူးတော့ ပါဘူး"

လို့ပြောပြီး ထွက်ခဲ့တော့တယ်။

"အင်း • • • ကံ့ကော်ညွှန့် ကလည်း သူများခြံထဲမှာရှိတာ ငွေဖူး တယ်။ အမြင့်ကြီး ဒါကို မျက်နှာငယ်နဲ့ သွားတောင်းဦး လူတစ်ယောက်တက်ခူး ရမှာ။ လူလည်း ကျွန်မမှာမရှိဘူး။ ဒီတော့ ဟိုကြည့် ဒီကြည့်လုပ်နေတုန်း ကုက္ကိုပင် နိမ့်နိမ့် လမ်းဘေးမှာပေါက်နေတာ တွေ့ တယ်။ အဲ• • •ကုက္ကို• • •ကုက္ကို သူလည်း တနင်္လာနံပဲ။ ကံ့ကော်၊ ကုက္ကို ဟုတ်ပြီ ဒါ• • •ဒါဆို ဒန်းကြီးပင်က စနေနံ ဆိုတော့

www.burmeseclassic.com

ထန်း၊ ထန်းလည်း စနေနံပဲ။ ထန်းပင်ကတော့ ကျွန်မတို့ လူ့ဘာနီးဥပုသ်စောင့်နေတဲ့ ဘုန်းကြီးကျောင်းမှာ ထန်းပင်လေးတွေ လူတစ်ရပ်လောက် သုံးပင်ရှိတယ်။ အဲ···ဒါပဲ သွားတောင်းမယ်ဆိုလာခဲ့တာ ဦးပဥ္စင်းအသိတစ်ပါးနဲ့ တွေ့တော့-

"တပည့်တော်ကို ထန်းရွက်သုံးရွက်လောက်ပေးပါဘုရား"

ဆိုတော့ ဦးပဥ္စင်းက ကြိုက်သလောက်ယူ ဒကာမကြီးတဲ့ အဲဒီ ထန်းသုံးရွက်ယူခဲ့ပြီး ခုနစ်ညွန့်ဖြစ်အောင် ခွဲလိုက်မယ်။ ကုက္ကိုညွန့်လည်း ခုနစ်ညွန့် ခူးခဲ့တယ်။ အဲ···အဲ···နောက်တစ်ခုက ပေဒါ···ပေဒါ မြစ်နဲ့အဝေးကြီးနေတာ ပေဒါကို ဘယ်လိုရှာမလဲ။

"အင်း ··· ပေဒါ···ပေဒါ ကြာသပတေးနဲ့ စနေတွဲနေတာ၊ စဉ်းစားတော့ ပေဒါ ဗာန်ဒန်း၊ တချို့က ဘန်ဒါ။ ဒါလည်း ကြာသပတေးနဲ့ စနေပဲ။ ဗန်ဒါက အိမ်ရှေ့မှာရှိတယ်။ အဲဒီ ဗန်ဒါခုနစ်ညွန့် ခူးပြီး ထန်းရွက် ခုနစ်စိတ်လုပ်။ ကုက္ကိုညွန့်က ခုနစ်ညွန့်နဲ့၊ ရေမိုးချိုးပြီး အိုးတစ်လုံးမှာထည့်။ ဘုရားရှေ့မှာကပ်လှူပြီး အဖေ့ကျန်းမာရေးအတွက် ဆုတောင်းပြီးမှ အဖေ့ကိုပြောတာ ···

"အဖေ ကျွန်မ ဗေဒင်သွားမေးတာ ယတြာချေဖို့ အရွက်အညွန့်တွေ ဘုရားမှာကပ်ပြီးပြီ အဖေ ကျန်းမာတော့မယ်"



လို့ ပြောရတယ်။

"သမီးရယ် အဖေ ဘုရာ··· တစ်နေ့သုံးကြိမ်ရှိခိုးတယ်။ ဘုရားရှိ··· တရားထိုင်ပါတယ်။ အေး···[illegible] ကောင်းတာပေါ့"


လို့ပြောတယ်။ အဲဒီ ယ··· တွေလည်းလုပ်တယ်၊ ဆေးတွေ··· ဆရာဝန်ဆေးရော၊ တိုင်းရင်း··· ဓာတ်စာရောကုတာ အဖေအခု အ··· ရှစ်ဆယ်နီးနေပြီ။ ဥပုသ်စောင့်တုန်း··· ထိုင်တုန်း။ မနက်ဖက် လမ်း··· ထွက်ပြီး ရပ်ကွက်က နှစ်ဆန်း··· နေ့တိုင်း အဖေ့အတွက် သက်ကြီး··· လုပ်တဲ့ဆီက ငွေသုံးလေးထောင်··· အဖေကလည်း နှစ်တိုင်း ငွေ ··· သွားလှူတာ ခုနစ်ဆယ်ပြည့်တဲ့··· ပဲလေ။

တိုး···



www.burmeseclassic.com

www.burmeseclassic.com




၁၄၇

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

### တိုက်ပွဲသုံးသပ်ချက်နှင့် သင်ခန်းစာဖော်ထုတ်ချက်များ

### တညလတပ်ပေါင်းစုအပေါ် သုံးသပ်ချက်များ

မြဝတီမြို့နှင့် သဃ်န်းညီနောင် မဲပုလဲဒေသတိုက်ပွဲမှာ ၁၉၇၄ ခုနှစ် မတ်လ ၁၇ ရက်မှ မိမိတို့ စစ်ကူ စစ်ကြောင်းများ မြဝတီပတ်ဝန်းကျင် ၎ - က်ပြီး ရန်သူကို ကောက်သင်းကောက် ရှင်းလင်းနိုင်သည့် မတ်လ ၂၄ ရက်ထိ စုစုပေါင်း ၇ ရက်မျှ ကြာသွားသော တိုက်ပွဲစဉ်ကြီး ဖြစ်၏။

အပြင်းအထန် တိုက်သည်မှာ မတ် ၁၇ မှ မတ် ၂၁ ထိ ၅ ရက်မျှ ဖြစ်၏။

ထို ငါးရက် တာကာလ၌ KNU နှင့် တညလ တပ်ပေါင်းစုက ပထမသုံးရက်တွင် စခန်းများအား အပြင်းအထန် ထိုးစစ်ဆင်ခဲ့၏။ သို့ရာတွင် မည်သည့်စခန်းကိုမျှ မရခဲ့ချေ။ တတိယရက်မှစ၍ တပ်မတော်ဘက်မှ လေကြောင်းပစ်ကူများပါလာရာ လေကြောင်းပစ်ကူများမှ တိကျပြီး ပြင်းထန်လှ၏။ တညလတပ် ပေါင်းစုမှာ ၁၉၇၄ ခုနှစ်အထိ ကြီးကျယ်သော လေကြောင်းစစ်ဆင်ရေးအား မတွေ့ဘူး၊ မကြုံဘူးသဖြင့် Shock ရသွားပြီး ၎င်းတို့၏ တိုက်စစ်အဟုန်ကျဆင်းခဲ့ရလေသည်။ ၎င်းတို့တွင် ကောင်းမွန်သော လေယာဉ်ပစ်သေနတ်များလည်း ပါမလာခဲ့သဖြင့် မြန်မာ့တပ်မတော် (လေ)မှ လျှင်မြန်သည့် ဂျက်တိုက် လေယာဉ်များအား ပစ်ချနိုင်ခြင်း မရှိခဲ့ပါချေ။

မတ်လ ၂၂ ရက်တွင် မိမိ စစ်ကူစစ်ကြောင်းများ ဒေါနတောင်ကြီးကို ဖြတ်လာကြပြီဖြစ်၍ တညလ တပ်ပေါင်းစုသည် ကစဉ့်ကလျား ချာစစ်ဆင်ကာ တိုက်ပွဲကို အရှုံးနှင့် နိဂုံးချုပ်ခဲ့ရ၏။ တိုက်ပွဲစဉ် တစ်ခုလုံး လူ ၁၀၀ကျော် ကျဆုံး၍ ၁၅... ဒဏ်ရာရခဲ့လေသည်။ တပ်... အရာရှိတစ်ဦးအပါအဝင် ၅ ဦး ... ပြီး စစ်သည် ၄၂ ဦး ဒဏ်ရာ... အကျအဆုံးမှာ တညလ... တပ်မတော်ထက် အဆ ၂... ဖြစ်ခဲ့ရ၏။

မည်သည့်အတွက်... လူအကျအဆုံးများစွာ အ... သော်လည်း တိုက်ပွဲအောင်... မရဘဲပရမ်းပတာ ချာစစ်ဆင်ခဲ့... သုံးသပ်ရာ အောက်ပါအားနည်း... များ တညလတပ်ပေါင်းစုတွင် ... ကြောင်းတွေ့ရပါသည်။

**တပ်ပေါင်းစု၏ စုပေါင်းခေါင်း... ဟန်ချက်မညီခြင်း**

တညလတပ်ပေါင်း... အောက်ပါတပ်များ ပါဝင်၏။

**KNU**

**PDP**

ပအိုဝ်းခွန်ရဲနောင်အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

မွတ်စလင်တပ်ဦး
စုစုပေါင်း လေးမျိုးလေးစား
ဝင်၏။ တိုက်ပွဲအတွေ့အကြုံမှာ
ထဲ၌ KNU က အရှိဆုံးဖြစ်သည်။
မြဝတီမြို့သိမ်းတိုက်ပွဲ၌ မြို့ကို
ချဉ်းကပ်ရာတွင် ဦးသွင်၏ PDP
လယ်ပိုင်းတိုင်းမှ တပ်များက ရှေ့ဆုံး
နေရာယူ ချဉ်းကပ်ခဲ့ကြ၏။ သို့ရာတွင်
စစ်ရေးအတွေ့အကြုံ နည်းပါးခြင်း
ကြောင့် အကျအဆုံးများခဲ့ရသည်။
မြဝတီတိုက်ပွဲတွင် PDP နှင့် ပအို့
ရဲနောင်အဖွဲ့မှ ၄၂ ဦး ကျဆုံးခဲ့ရာ
KNU အကျအဆုံးထက် ၂ ဆ ခန့် ရှိသည်ကို တွေ့ရ၏။ ဦးသွင် ကိုယ်တိုင်လည်း တိုက်ပွဲကြီးများ အတွေ့အကြုံ မရှိခဲ့ပါ။ အလားတူပင် သူ၏ တပ်ရင်းမှူးများဖြစ်ကြသည့် ဗိုလ်မှူး စိန်မြင့်၊ ဗိုလ်မှူးမောင်ညိုတို့သည် လည်း စစ်ရေးအတွေ့အကြုံမရှိသူများ ဖြစ်ကြ၏။

သူတို့သည် စစ်ရေးအတွေ့အကြုံ ကောင်းကောင်းသာ မရှိသော်လည်း KNU များကို အထင်မကြီးနိုင်ကြ။ KNU များ ဆရာလုပ်သည်ကို မခံနိုင်။ အချင်းချင်းလည်း မတည့်ကြ။ ဤသို့ဖြင့် မြဝတီမြို့တွင်း သူဝင်မယ်၊ ငါဝင်မယ်လုပ်ရင်း လိမ္မာပါးနပ်သော KNU များက PDP များကို လွှတ်ပေးခဲ့ရာ PDP များ အကျအဆုံးများခဲ့ရခြင်း ဖြစ်၏။ ဤလိုဖြစ်စဉ်များမှာ မြဝတီ တိုက်ပွဲတွင်သာမက သဃ်န်းညီနောင် နှင့် မဲပုလဲတိုက်ပွဲတွင်လည်း တွေ့ရ၏။

ဤနေရာတွင် စာရေးသူ နည်းဗျူဟာမှူးဘဝက ဖြစ်စဉ်လေး တစ်ခုကို ထည့်သွင်းဖော်ပြလိုပါသည်။ ၁၉၉၂ ခုနှစ် ပထမအကြိမ် မာနေပလော ထိုးစစ်၌ စာရေးသူသည် ဘီနမှနေ၍ မာနေပလော တောင်ခြမ်းကို တိုက်ရ၏။ နည်းဗျူဟာတစ်ခုနှင့် ဖြစ်သည်။ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလမှ စတိုက်ရခြင်း ဖြစ်၏။ စခန်းတစ်ခု ၂ ခု ရရှိပြီးနောက် ဘီနကုန်းတန်းကြီးကို တိုက်ရ၏။ ဘီနခံစစ်ဟုလည်း ခေါ်ပါသည်။ ဘီနကို အကြိမ်ကြိမ် တိုက်စစ်ဆင် နေစဉ် နိုင်ငံတော် အစိုးရမှ စစ်ရပ်စဲ လိုက်သဖြင့် တိုက်ပွဲများရပ်သွား၏။ စာရေးသူကို တပ်ရင်း ၂ ရင်းနှင့် ချန်ခဲ့ပြီး တပ်မတစ်ခုလုံး ခွာစစ်ဆင်




www.burmeseclassic.com

www.burmeseclassic.com

သွားကြတော့၏။

စာရေးသူသည် ထိုးစစ်ဘဝမှ ခံစစ်ဘဝကျရောက်သွား၏။ ဟိုဘက်တွင်မူ **KNU** တပ်မဟာပေါင်းစုံ၊ **ABSDF** တပ်ရင်းများ၊ ဂဠုန်တပ်ဖွဲ့ခေါ် **NMSP** မှ မော်လန်တီယာများ၊ မွတ်စလင်တပ်ဦးမှ မော်လန်တီယာများ တပ်ပေါင်းစုံ ဖြစ်၏။ တပ်ပေါင်းစုံပါကြောင်း နေ့စဉ် သူတို့ပြောဆိုနေသည့် စက်အခေါ်များကြောင့် အားလုံးကြားသိနေရပါသည်။ စာရေးသူထံတွင် ကျွမ်းကျင်သော ကြားဖြတ်စက်သမားများ၊ ဘာသာစကားကျွမ်းကျင်သူများ၊ **Signaller** များ ပါနေရာ နေ့စဉ် **intercept** လုပ်ပြီး သူတို့အခြေအနေကို သိရှိနေရပါသည်။

စာရေးသူတို့က စစ်ကိုရပ်လိုက်သော်လည်း သူတို့က ဒေါသတကြီး တုံ့ပြန်လျက်ရှိကြ၏။ ဂမူးရှူးထိုးနှင့် အတင်းတက်လာနေကြ၏။

"ကဲ ... ဗိုလ်မှူး သူရခင်မောင်လတ်ရေ ... မရဘူးဟ။ မိုင်းသာထောင်တော့"

"ဗိုလ်မှူးကြီးရွှေမျိုးဘက်ကလည်း မိုင်းတွေစိနေအောင်ထောင်ဗျာ။ မရဘူး။ ဒီကောင်တွေ အတင်းတက်လာနေတယ်"

**KNU** နှင့် **ABSDF** များ အတင်းတက်လာနေကြသည်။ ကျွန်တော်က လူနှင်းမိုင်း ၁၀ သေတ္တာလောက် ထောင်ခိုင်းလိုက်၏။ တစ်သေတ္တာ အလုံး ၄၀ ခန့်ပါရာ မိုင်းအလုံး ၄၀၀ ခန့် ဖြစ်ပါသည်။

မိုင်းထောင်ပြီးနောက်နေ့တွင် ကျွန်တော်တို့ ရှေ့တန်းခံစစ်ကြောင်းသို့ သူတို့ ချဉ်းကပ်လာကြ၏။ **KNU** က **ABSDF** ကို အတင်းတက်ခိုင်းသည်။

"ဟေ့ကောင်တွေ တက်ကြကွ။ ဒါ ဗဟိုကအမိန့်"

ဗမာလိုပြောပြီး အမိန့်ပေးသည်။ ဒီအမိန့်ကို **ICOM** စက်ကလေးများက ကျွန်တော်ကြားတော့ မနေနိုင်ပါ။ ကျောင်းသားလူငယ်များ အလဟဿ သေကုန်လိမ့်မည်။ ထို့ကြောင့် ကျွန်တော့်ဗျူဟာက ဆက်သွယ်ရေ[illegible] အရာရှိကို ပြောခိုင်းလိုက်၏။ မိုင်းထေ[illegible] ရှိတယ် အရမ်း မတက်လာပါနဲ့ဟ[illegible]

"ကျောင်းသားရဲဘော်[illegible] မင်းတို့ရှေ့မှာ မိုင်းကွင်းတွေ အပြည့်[illegible] ထားတယ်။ တက်မလာကြနဲ့။ သေကု[illegible] မယ်"

"မယုံနဲ့။ မဟုတ်ဘူး။ ထ[illegible] တာ"

"ဒါဆိုရင်လည်း မင်း[illegible] သဘောပဲ။ တက်ချင်တက် လာခဲ့[illegible]"

ဤသို့ဖြင့် မိုးသီးဒွ[illegible] **ABSDF** တပ်ရင်းများ ကျွန်တေ[illegible] ခံစစ်ကြောင်း ဝင်တိုးကြရာ မိ[illegible] ဝင်တိုးသော ပိုးဖလံများကဲ့[illegible] တဖြုတ်ဖြုတ်နှင့် ကျဆုံးကု[illegible] တော့၏။ ထိုအခါကျမှ **ABSDF**မျာ[illegible] ...

"မင်းတို့အတင်းတက်ခိုင်[illegible] ဒို့လူတွေ မိုင်းထိပြီး ကျကုန်ပြီ။ မ[illegible] ကြောင့်။ ဟိုက မတက်လာပါ[illegible] လှမ်းပြောပါရဲ့သားနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ သူတို့ချင်း စကား ကြတော့၏။

ဤသို့ဖြင့် ၁၉၉၂ ခုနှစ် KNU ဗဟို မာနေပလော ထိုးစစ်တွင် KNU နှင့် ABSDF များ သဘောထား ကွဲ ကာ နောက်ဆုံး ၁၉၉၅ ခုနှစ်၌ နေပလောစခန်းကြီးပါ ကျဆုံး တော့၏။

အခုလည်း ဒီဥပမာအတိုင်း ပျာ။ သူလုပ် ငါလုပ် အချင်းများ ခေါင်းဆောင်မှု မညီမညွတ်ဖြစ် တညလတို့ မြဝတီတိုက်ပွဲစဉ်ကြီး အကျအဆုံးများနှင့် အောင်မြင် မှုမရဘဲ ခွာစစ်ဆင်သွားရပါသည် ခင်ဗျား။

**လက်နက်ကြီးပစ်စတ်မှုလိုအပ်ခြင်း**

တညလတပ်ပေါင်းစုသည် မြဝတီတိုက်ပွဲစဉ်ကြီး၌ လက်နက်ကြီး များအဖြစ် အောက်ပါလက်နက်များကို သယ်ဆောင်လာကြ၏။

၅၇ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်အသေးများ

၆၀ မီလီမီတာ စိန်ပြောင်းများ

၃. ၅ လောင်ချာကြီးများ

အမ် ၇၂ တစ်ချက်ပစ် လောင်ချာများ စသည်တို့ဖြစ်၏။

ပထမနေ့တိုက်ပွဲတွင် ၆၀ မီလီမီတာ စိန်ပြောင်းများကို စခန်းများသို့ ကြိုကြားကြိုကြားပစ်ပြီး ချဉ်းကပ်ကြသည်။ အနားရောက်တော့လည်း စခန်းခြံစည်းရိုးများကို ၅၇ မီလီမီတာ နောက်ပွင့်လေးများဖြင့် ဖြိုကြသည်။ ဤမှာတွင်လည်း တညလတပ်ပေါင်းစု၌ လက်နက်ကြီးပစ်ခတ်မှု မကျွမ်းကျင်ကြကြောင်း တွေ့ရ၏။ နည်းဗျူဟာများယွင်းမှု ရှိပါသည်။ တကယ်တော့ ဗကပတို့ လုပ်နည်းလုပ်ဟန် အတိုင်း လက်နက်ကြီးများကို အနည်းဆုံး တစ်နာရီ ၂ နာရီကြာအောင် မိမိစခန်းအတွင်း ပစ်သွင်းနေရမည်။ စိစိညက်ညက် ကျေလောက်မှ ချေမှုန်းရေးတပ်က လက်ပစ် ဗုံးပစ်၊ လုံ့စွပ်ထိုးရမည်။ ဤသို့ အသုတ်လိုက် တိုက်သွားရမည်။ ဒါဆို ဘယ်ခံနိုင်ပါ့မလဲဗျာ။ ဒီလိုမလုပ်တတ်ကြပါ။ မလုပ်ခဲ့ပါ။ လက်နက်ကြီးလည်း ကောင်းကောင်း ပစ်တတ်ပုံ မရပါ။ ၁၉၈၈ ခုနှစ် အရေးအခင်း





www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းမှ အနိုင်နိုင်ငံက ကြေးစားများရောက်လာပြီး သူတို့ကို လက်နက်ကြီးပစ်နည်းများ သင်ပေးသည့်အခါမှ သူတို့အထိုက်အလျောက် လက်နက်ကြီး သုံးတတ်လာကြပါသည်။ ဒါတောင် သူတို့သည် **Anti Aircraft** များကို ကျွမ်းကျင်ပိုင်နိုင်အောင် မပစ်တတ်ကြပါ။ **BCP** များကတော့ **China Aided** မို့ တညလထက် အများကြီးသာပါသည်။ လေယာဉ်များကိုပင် ပစ်ချနိုင်ခဲ့သည့် သာဓကများ ရှိခဲ့ပါသည်။

လက်နက်ကြီးနှင့် ချေမှုန်းခြင်း မလုပ်နိုင်ခဲ့သဖြင့် တိုက်ပွဲအစပိုင်း မကောင်းခဲ့သောကြောင့် တိုက်ပွဲချိန်ကြာသွားပြီး မြန်မာတပ်တော်လေ၏ လေကြောင်းမှ တိုက်ခိုက်မှုကို တိုက်ပွဲချိန်ကြာလာသည်နှင့်အမျှ တညလ တပ်ပေါင်းစု အလူးအလဲခံသွားရကြောင်း တွေ့ရပါသည် ခင်ဗျား။

**စစ်နည်းဗျူဟာများယွင်းခြင်း**

တညလတပ်ပေါင်းစုသည် လူအင်အား ၂၀၀၀ ခန့်ကို တစ်နေရာတည်းတွင် အင်အားစုစည်းပြီး မသုံးဘဲ အင်အားဖြန့်ခွဲပြီး စခန်းသုံးခုကို တိုက်ရာ ဘယ်စခန်းမှ မရဘဲဖြစ်ခဲ့၏။

တကယ်တော့ အဓိကတိုက်ရမည့်နေရာမှာ မြဝတီဖြစ်ရာ မြဝတီမြို့ကို အပိုင်းလိုက်ကန့်ပြီး လူ ၁၅၀၀ ခန့်နှင့် တိုက်ပါက ပထမတစ်ရက်၊



နှစ်ရက်အတွင်း ရနိုင်ပါသည်။ ကျွန်တော်သာ မြဝတီသိမ်းမည့် တပ်မှူးကြီးဆို ပါက အဓိကကျသော မြဝတီ တစ်ရက်၊ နှစ်ရက်အတွင်း အရတိုက် မည်။ ရေရှည်စိမ်တိုက်ပါက ယခု အင်အားကြီးမားသော တပ်မတော် စစ်ကူစစ်ကြောင်းများ၊ လေကြော တိုက်ခိုက်မှုများ ခံရပါမည်။ အဓိက သော မြဝတီကို ရအောင်မတိုက်နိုင် ဟိုစခန်းလည်း မရ၊ ဒီစခန်းလည်း မရနှင့် ဖြစ်ခဲ့ရ၏။ တကယ်တော့ မဲပုလဲနှင့် သဃ်န်းညီနောင်ကို ထိ သာထိန်းပြီး မြဝတီကို ရအောင် ရမည် ဖြစ်၏။ မိမိတို့ကိုယ် ယုံကြည်မှုလွန်ကဲကာ အင်အား တစ်စုတည်းမသုံးဘဲ သုံးလေး သည့် တိုက်စစ်နည်းဗျူဟာ ကြောင့် တညလတို့ အောင်မြင် လွဲခဲ့ရသည်ဟု သုံးသပ်ရပါ ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

**ချုပ်ထောက်ပံ့မှု မပြည့်စုံခြင်း**

တညလသည် သဘာဝ ားအခီး သောင်ရင်းမြစ်ကို ဖြတ် ပြီး Logistics ခေါ် အုပ်ချုပ် ာက်ပံ့မှုများ ဆောင်ရွက်ခဲ့ရာ က်အခဲများကို ရင်ဆိုင်ခဲ့ရ၏။

လူနာသယ်ပို့ကိစ္စများ

ရိက္ခာပို့ဆောင်ရေးကိစ္စများ

ခဲယမ်းမီးကျောက်ဖြည့်တင်း

ကိစ္စများ

အားလုံးမှာ အခက်အခဲများ ရင်ဆိုင်ခဲ့ကြသည်။ တိုက်ပွဲအပြီး၌ ာက်ဆေးရုံများတွင် တညလ များ ပြည့်နှက်သွားခဲ့၏။ တညလ င် ကိုယ်ပိုင်ဆေးရုံ ဆေးခန်းများ အားလုံး NGO များကိုသာ ရပါသည်။ ရိက္ခာထောက်ပံ့ရေး သည်း ပီပြင်သော ရိက္ခာထောက် မရှိခဲ့ပါ။ ထို့ကြောင့် စစ်ပွဲရှည် ာသည်နှင့်အမျှ အရှုံးနှင့် ငကြုံရတော့၏။ ကမ္ဘာ့စစ်သမိုင်း ပ်ချုပ်ထောက်ပံ့မှု မပြည့်စုံသော ကြောင့် ဂျပန်နှင့်ဂျာမန်တို့ စစ်ရှုံးခဲ့ရ၏။ အသေခံရဲတာ တစ်ခုတည်းနှင့် တိုက်ပွဲ မနိုင်နိုင်ကြောင်းကို ကောင်းကောင်း သဘောမပေါက်ခဲ့သည့် တညလတို့ ခါးသီးသော သင်ခန်းစာကို ရသွားခဲ့ပါသည် ခင်ဗျား။

**ပြည်သူလူထုကို မစည်းရုံးနိုင်ခြင်း**

ဤတိုက်ပွဲစဉ်၌ တညလ တပ်ပေါင်းစုသည် ပြည်သူပါအောင် မစည်းရုံးနိုင်ခဲ့ပါ။ မြဝတီမြို့သူ မြို့သားများက မြို့ကျမသွားအောင် တပ်မတော်နှင့် အစွမ်းကုန် ပူးပေါင်းခဲ့



၏။ ခုခံခဲ့၏။ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်း ကိစ္စများကြောင့် KNU နှင့် PDP တို့အား ဆက်ဆံခဲ့ရသော်လည်း မချစ်သော်လည်း အောင့်ကာနမ်းခဲ့သည့် သဘောသာဖြစ်၏။ တကယ့် ကြက်ရေ ငှက်ရေတွင် နိုင်ငံတော်အစိုးရဘက်ကသာ ရပ်တည်ပြီး တိုက်ပွဲဝင်သွားသည်ကို တွေ့ရပါသည်ခင်ဗျား။

အထက်ပါဖော်ပြချက်များမှာ မြဝတီတိုက်ပွဲစဉ်ကြီး တစ်ခုလုံးတွင် အဘယ်ကြောင့် တညလ တပ်ပေါင်းစု အောင်မြင်မှုမရခဲ့ဘဲ အကျအဆုံးများစွာနှင့် ခွာစစ်ဆင်သွားခြင်း အကြောင်းဖြစ်ပါသည်ခင်ဗျား။

**မြန်မာ့တပ်မတော်အပေါ် သုံးသပ်ချက်များ**

**ခေါင်းဆောင်မှုကောင်းမွန်ခြင်း**

မြန်မာ့တပ်မတော်မှ ထိုစဉ်က ခေါင်းဆောင်များမှာ အောက်ပါအတိုင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးချုပ်တင့်ဆွေ
ရတခတိုင်းမှူး

ဒုဗိုလ်မှူးကြီးဒါရှိုဂမ်
တပ်ရင်းမှူး ကချင် (၂)

ဗိုလ်ကြီးစိန်ထွန်းသန်း
စစ်ကြောင်းမှူး ခလရ (၉၇)

ဗိုလ်အောင်ကို
တပ်ခွဲမှူး ခလရ (၉၇)

ဗိုလ်သာနု
တပ်ခွဲမှူး ခလရ (၉၇)

တို့ဖြစ်၏။

တိုင်းမှူးဗိုလ်မှူးချုပ်တင့်ဆွေသည် စစ်ရေးအတွေ့အကြုံများစွာရှိသည့် တပ်မှူးကြီးဖြစ်ပြီး တပ်မ (၇၇) တပ်မမှူးဘဝက ပဲခူးရိုးမ၌ ဗကပဗဟိုကို ဝိုင်းပတ်ချေမှုန်းကာ ဗကပခေါင်းဆောင် ဗိုလ်ဇေယျနှင့် သခင်သန်းထွန်းတို့ကို ရမိအောင်စွမ်းဆောင်နိုင်သည့် တပ်မှူးကြီးဖြစ်၏။ ယခုတိုင်းမှူးဘဝ၌ အနာဂတ်အလားအလာကို ကြိုတင် သုံးသပ်၍ မြဝတီကို ခံစစ်ပြင်ထားရန် တိုက်ပွဲအတိုင်မီကာလက လူကိုယ်တိုင် လာရောက်စစ်ဆေးလမ်းညွှန်ခဲ့သူဖြစ်၏။ မြဝတီခံစစ်အတွက် တပ်အင်အားတိုးမြှင့်ချထားပေးခဲ့၏။ လက်နက်ခဲယမ်းများ ဖြည့်ဆည်းပေးခဲ့၏။ တိုက်ပွဲကာလ၌ လေကြောင်းပစ်ကူကို ထိရောက်စွာ စီစဉ်ပေးခဲ့၏။ ခြေလျင်စစ်ကြောင်းများ စေလွှတ်ပေးခဲ့၏။ ထို့ကြောင့် ကောင်းမွန်ထက်မြက်သော စစ်ခေါင်းဆောင်ဖြစ်ပါသည်။



အလားတူပင် ကချင် [illegible]
တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဒါရှိုဂမ်သည် [illegible]
လည်း ကော့ကရိတ်မှ မြဝတီကို စစ် [illegible]
လိုက်ရာ၌ ရန်သူပိတ်ဆို့ရေးအ [illegible]
များကို ရှောင်ကွင်းကာ မြဝတီ [illegible]
တပ်ရင်းတစ်ရင်းလုံး ရောက်ရှ [illegible]
အောင် စွမ်းဆောင်နိုင်ခဲ့၏။ လမ်း [illegible]
ဘဲ တောတိုးချီတက်သွားခဲ့ရာ [illegible]
တို့ မမျှော်လင့်သော လမ်းကြော [illegible]
ချီတက်ခဲ့သဖြင့် မြဝတီသို့ သတ် [illegible]
သည့်အချိန်တွင် ရောက်ခဲ့သည်။ [illegible]
ကျွမ်းသော တကယ့်တိုက်ပွဲဝင် စ [illegible]
ကြီးဖြစ်၏။ ရှေးယခင်ကတည် [illegible]
KNU တို့ လောက၌ ဝါးခို့ [illegible]
ခေါင်းဖြူကြီး ဒါရှိုဂမ်ကို အ [illegible]
အနက်ထားရသည့် သူဖြစ် [illegible]
စွမ်းရည်ရှိသော တပ်မှူးကြီး ဒုဗိုလ် [illegible]
ကြီးဒါရှိုဂမ်၏ ကြိုးစားမှုကြောင့် မြ [illegible]
သည် လွတ်မြောက်ခဲ့ရသည်ဟု [illegible]
ပါသည်။ KNU ဥက္ကဋ္ဌကြီးဗို [illegible]
ခေါင်းဖြူကြီး မြဝတီချီတက် [illegible]
ဆိုကတည်းက ...



www.burmeseclassic.com

www.burmeseclassic.com

''မင်းတို့ပြန်ခဲ့ကြတော့။ ...ဗျူကြီးနဲ့ သူ့လူတွေ မြဝတီ ...နေပြီ။ မင်းတို့ ဆက်တိုက်လို့ မရ- ...ဘူး'' ဟုဆိုကာ သူ့တပ်တွေကို ...ရုပ်သိမ်းခဲ့ရသည်။

ခလရ (၉၇) စစ်ကြောင်းမှူး ...ကြီးစိန်ထွန်းသန်းသည်လည်း ...ဆင်ရာတွင် အမိန့်ကို တိကျစွာ ...နာပြီး မြဝတီမြို့သူမြို့သားများ ...သူ့ရဲ့ ပြည်သူ့စစ်များနှင့် ပူးပေါင်း ... ခံစစ်ကို ပီပြင်အောင် ဆင်နိုင်ခဲ့ ... တပ်မှူးကောင်းတစ်ဦးဟု ဆိုရ ...ည်။ ဤတိုက်ပွဲတွင် သူ့ရဲကောင်း ...တမ်းဝင်ဖြစ်ခဲ့၏။

အလားတူပင် သဃ်န်း ...အောင်စခန်းမှူး ဗိုလ်အောင်ကိုနှင့် ...စခန်းမှူး ဗိုလ်သာနုတို့သည် ... ၅ ရက်တိုင်တိုင် ရန်သူဆယ်ဆ ...ကို ဖွဲနဘဲနှင့် ကြံ့ကြံ့ခံနိုင်ခဲ့၍ ...မှူးကောင်းများ ဖြစ်ကြ၏။ ...ကြောင့် ထိုက်သင့်သော စွမ်းရည် ...များ ပေးခဲ့ကြသည်။

ဤကဲ့သို့ စွမ်းရည်ရှိသော တပ်မှူးများက ဦးဆောင်ခဲ့သဖြင့် မြဝတီဒေသတစ်ခုလုံး တည၊လတပ် ပေါင်းစု လက်အောက်သို့ မကျရောက် ခဲ့ရခြင်းဖြစ်ကြောင်း သုံးသပ်ရပါ သည်။

**လေကြောင်းအကဲသာမှုရှိခြင်း**

တိုက်ပွဲ၏ တတိယရက် တိုက်ပွဲအပြင်းထန်ဆုံး ကာလမှာပင် မြန်မာ့တပ်မတော်လေမှ တိုက် လေယာဉ်အမျိုးစုံက မြဝတီဒေသမှ ရန်သူများအား အပြင်းအထန်



လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက် ခဲ့ရာ လေကြောင်းတိုက်ပွဲ မကြုံဘူး သေးသည့် တည၊လတပ်ပေါင်းစုသည် Shock ရသွားပြီး ၎င်းတို့၏ တိုက်စစ် အဟုန်ကျဆင်းခဲ့ရပါသည်။ ၎င်းတို့ တွင် ဒလယာဉ်ပစ်လက်နက်များ လည်း ပါမလာခဲ့သဖြင့် တပ်မတော် လေ၏ တိုက်ခိုက်မှုကို မခုခံနိုင်ကြပါ။ ၎င်းတို့၏ အကျအဆုံးတစ်ဝက် ကျော်ကျော်မှာ တပ်မတော်လေ၏ တိုက်ခိုက်မှုကြောင့်ဖြစ်ခဲ့ရာ ၎င်းတို့၏ အုပ်ချုပ်ထောက်ပံ့မှုများကအစ များစွာ အခက်အခဲဖြစ်ခဲ့ရပါသည်။ နေ့စဉ် ရက်ဆက် တိုက်ပွဲခွင်၌ လေကြောင်း ရန်ကို ကြောက်နေရသဖြင့် နောက်ဆုံး တွင် တပ်မတော်လေ၏ လေကြောင်း တိုက်ခိုက်မှုဒဏ်ကို မခံနိုင်တော့ဘဲ ခွာစစ်ဆင်ရသည့်အဆင့်သို့ ကျရောက် ခဲ့ရပါသည်။

မြဝတီဒေသမှ ခွာစစ်ဆင် သွားရခြင်း၏ အဓိက အကြောင်းရင်း ကြီးများထဲတွင် လေကြောင်းမှ အတိုက်

www.burmeseclassic.com

စံရခြင်းသည် အရေးကြီး အချက်ကြီး တစ်ချက်ဖြစ်ပါကြောင်း သုံးသပ်ဖော်ပြအပ်ပါသည်။

**အုပ်ချုပ်ထောက်ပံ့မှုကောင်းမွန်ခြင်း**

တညလတို့သည် မိမိတို့၏ အခြေခံဒေသ အခိုင်အမာခံစစ်စခန်းများကို လာတိုက်ရာ တပ်မတော်တက် ၌ အုပ်ချုပ်ထောက်ပံ့မှု ပြည့်စုံပါသည်။ ခဲယမ်း၊ ရိက္ခာ၊ ဆေးဝါး ပြည့်စုံ၏။ မြဝတီတွင် ဆေးရုံရှိသည်။ စားရေရိက္ခာများ ရှိသည်။ တိုင်းအရန်ခဲယမ်းများ ရှိသည်။ အားလုံး ပြည့်စုံ၏။ လိုရင် အလျင်အမြန်ဖြည့်၍ရ၏။ တိုက်ပွဲသုံးရက်မြောက်ပြီးနောက်တွင် လေကြောင်းမှ လိုအပ်သည်များ အလျင်အမြန် ဖြည့်တင်းနိုင်ခဲ့၏။ ရပ်ရွာလူထုကလည်း ဝိုင်းဝန်း ကူညီကြ၏။ ဤသို့အုပ်ချုပ်ထောက်ပံ့မှု ကောင်းမွန်သဖြင့် ရေရှည်တွင် အောင်မြင်မှုရခဲ့သည်ဟု သုံးသပ်ရပါသည်။

**ပြည်သူလူထုမှ ပူးပေါင်းပါဝင်ခြင်း**

တိုက်ပွဲစဖြစ်ကတည်းက မြဝတီမှ ပြည်သူ့စစ်ရဲနှင့် အဖွဲ့များ ပြည်သူလူထုများသည် တပ်မတော်နှင့်အတူ လက်တွဲ၍ မြို့မကျရေးအတွက် လက်နက်ဆွဲကိုင်ကာ ဝိုင်းတိုက်ခဲ့ကြ၏။ မီးတောက်သည်များကို ငြိမ်းသတ်ခဲ့ခြင်း၊ ညအခါ စိမ့်ဝင်လာသည့် ရန်သူများကို ညတိုက်ပွဲဆင်နွှဲကာ တပ်မတော်နှင့်အတူ လက်တွဲတိုက်ခဲ့၏။ တညလတို့သည် ညအချိန်များ၌ အကြိမ်ကြိမ်သွေးတိုးစမ်းကာ စိမ့်ဝင်လာခဲ့ကြသော်လည်း နယ်မြေကျွမ်းပြီးသား ပြည်သူ့စစ်၊ ပြည်သူ့ရဲနှင့် စစ်ပြန်စစ်မှုထမ်းဟောင်းများ၊ တပ်မတော်သားများ၏ ချေမှုန်းခြင်းကို ခံသွားကြရာ အကျအဆုံးများစွာနှင့် မိုးမလင်းမီမှာပင် ကျဆုံးဒဏ်ရာရသူများကို သယ်ဆောင်ကာ ဆုတ်ခွာသွားခဲ့ကြရလေသည်။ ဤသို့အားဖြင့် မြဝတီမြို့သူမြို့သားများသည် တပ်မတော်နှင့် လက်တွဲကာ တိုက်ပွဲဝင်ခဲ့ကြကြောင်း တွေ့ရ၏။ တညလ တပ်ပေါင်းစုက ဘယ်လိုပင် ဝါဒ ဖြန့်ဖြန့် လက်တွေ့ဘဝ၌ ပြည်သူ[...] ဒုက္ခပေးနေကြကြောင်း၊ မြဝတီ[...] ကော့ကရိတ်ကားလမ်း၌ ဆက်ကြေး[...] တောင်း၊ ခရီးသည်များအား ပစ်ခတ်[...] မိုင်းထောင်နေကြခြင်းအားဖြင့် သဘော[...] ပေါက်ခဲ့ကြပြီးဖြစ်၏။ ထို့ကြောင့်[...] တကယ့်အရေးအကြောင်းတွေ[...] တပ်မတော်နှင့် အစိုးရဘက်[...] ပါဝင်ပူးပေါင်းခဲ့ကြောင်း သုံးသ[...] တွေ့ရှိရပါသည်။

ဤသည်မှာ တပ်မတော်[...] ဘက်က အားသာချက်များဖြ[...] ထိုအားသာချက်များကြောင့် မြ[...] ဒေသ တိုက်ပွဲစဉ်ကြီးတွင် တပ်မ[...] က အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သုံး[...] ရပါသည်ခင်ဗျား။

**ရွှေထား[...]**

**သောင်း[...]**



www.burmeseclassic.com

www.burmeseclassic.com

# တဖတ်သူတွေပျော်စေဖို့






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## တနင်္ဂနွေသားသမီးများအတွက်

- လုပ်ငန်းများ အောင်မြင်ရန် အချိန်တန်ပါပြီ။
- သို့သော် အတိုက်အခံ အပြိုင်အဆိုင်ကလေးများ ရှိနေလိမ့်ဦးမည်။
- ထီပေါက်ကိန်းရှိပါသည်။ အကျိုးပေးဂဏန်း (၄၊ ၀)
- ငယ်ရွယ်သူများ အချစ်ဦးနှင့်လွဲနိုင်သည်။
- နေ့တိုင်း သက်သက်လွတ်စားပါ။
- ကျန်းမာရေးအတွက် ဆီးရောဂါကို ဂရုစိုက်ပါ။

## တနင်္လာသားသမီးများအတွက်


- နေရာတကာ တဇွတ်ထိုးလုပ်တတ်ခြင်းမျိုးရှောင်ပါ။
- တော်တာဆ ထိခိုက်ဒဏ်ရာ သတိပြုပါ။
- ခရီးသွားရေးကောင်းပါသည်။
- ဝမ်းရောဂါကို သတိပြုပါ။
- နေ့နံထောင့်ဘုရားတွင် သပြေပန်းလှူပေးပါ။

## အင်္ဂါသားသမီးများအတွက်

- အစစအရာရာ လှုပ်ရှားရုန်းကန်ရပေလိမ့်ဦးမည်။
- ကြီးကဲသူ၏ ဖိနှိပ်ချုပ်ချယ်မှုကို ခံရမည်။
- ထီဆုသေးပေါက်ကိန်းရှိပါသည်။ အကျိုးပေးဂဏန်း (၁၊ ၃)
- အနီးဆုံးရန်သူကို သတိထားပါ။
- ပျက်နေသောလမ်းများကို ပြုပြင်ပေးလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

- အချို့ကိစ္စများတွင် စိတ်တို ဒေါသကြီးတတ်ခြင်းမျိုးကို ဆင်ခြင်ရန်လိုသည်။
- ထီပေါက်ကိန်းရှိပါသည်။ အကျိုးပေးဂဏန်း (၂၊ ၆)
- ငယ်ရွယ်သူတို့ အချစ်ရေး အဆင်ပြေနိုင်သော်လည်း အိမ်ထောင်သည်တို့ ခလုတ်ကလေးများရှိမည်။
- ခန္ဓာကိုယ် ညာဖက်ခြမ်းရှိ ရောဂါဝေဒနာများကို ဂရုစိုက်ပါ။
- ဝစီပိတ် အဓိဋ္ဌာန် (၄) ရက်ဝင်ပေးပါ။



## ကြာသပတေးသားသမီးများအတွက်

- စိတ်နှစ်ခွဖြစ်နေတတ်သည်။
- ကျန်းမာရေးကို အထူးဂရုပြုသင့်သည်။
- ဘာသာရေးအားနည်းနေသဖြင့် မြှင့်တင်ပေးရန်လိုသည်။
- အိုးအိမ်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်သည်။
- ခရီးဝေးမထွက်သင့်ပါ။
- ရဟန်းတစ်ပါးကို ကုလားထိုင်တစ်လုံး လှူလိုက်ပါ။

## သောကြာသားသမီးများအတွက်

- ထီစပ်တူထိုးနိုင်သည်။ အကျိုးပေးဂဏန်း (၁၊ ၄)



www.burmeseclassic.com

www.burmeseclassic.com

- အိမ်ထောင်သည်များ ကြားပယောဂ ဝင်နိုင်သည်။
- အိုးအိမ်ပြုပြင်ပြောင်းလဲမှု မပြုလုပ်သင့်ပါ။
- လုပ်ငန်းများ မတိုးချဲ့သင့်သေးပါ။
- ကျန်းမာရေးသင့်ပါသည်။
- ဒညင်းသီးနှင့်ဝက်နံ့ရိုး ရောချက်၍ အလှူလုပ်လိုက်ပါ။

**စနေသားသမီးများအတွက်**

- ရပ်ဝေးမှ သတင်းကောင်းကြားရလိမ့်မည်။
- ချစ်သူနှစ်ဦးကြားမှာ မှားနေတတ်သည်။
- ထီပေါက်ကိန်းရှိပါသည်။ အကျိုးပေးဂဏန်း (၁၊ ၅)
- စက်ပစ္စည်းအသစ် အဝင်မတော်ပါ။
- လေတိုက်နေသော ထရံအမြင့်တွင် စကြာလေး တပ်ဆင်ပေးလိုက်ပါ။


**ဗုဒ္ဓသာသယမဟိန္ဒီစေ**
**ဗေဒသုတေသီဆရာမျိုး**

မဂ္ဂဇင်း မန္တလေးဖြန့်ချိရေး
နဂါး စာပေ

မဂ္ဂဇင်း ရန်ကုန်ဖြန့်ချိရေး
ငြိမ်း စာပေ
တိုက် (၉)၊ ၃၀၁၊ ပိတောက်လမ်း။ ယုဇနပလာဇာ။
ကျော်သိန်း စာပေ
၃၂-လမ်း။ ရန်ကုန်မြို့
စောဦး စာပေ
၃၁-လမ်း။ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ယူချင်စိတ်

# အတွေးတစ်ချက် အသက်တစ်လုံး

ဦးကိုကိုလေး(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com

အသိတစ်လုံးအချက်ဆုံးတဲ့။
လူ့လိုသိဖို့ရာ လွယ်တယ်မထင်နဲ့တဲ့။
ကျွန်တော်ဖတ်ခဲ့ရတဲ့ စာစုလေးတွေပါ။
တစ်ခါသောကာလက လူငယ်ပြုစုပျိုး
ထောင်ရေးတွင် ခေတ်နှင့်အတူ လူငယ်
လေ့ကျင့်ပြုစုပျိုးထောင်ရေးတွင် ပါဝင်
ခဲ့ဖူးပါသည်။ လူငယ်တွေကို တိုင်းပြည်
ချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် ခေါင်းဆောင်
မှု အင်္ဂါရပ်တွေနှင့် လူတော်တွေဖြစ်စေချင်
ပါသည်။ ယနေ့ကလေး-နောင်ဝယ်လူကြီး
ဖြစ်ပါမည်။ ယနေ့ကလေးတွေ စိတ်ဓာတ်
တွေကောင်းမှ၊ စည်းကမ်းတွေလိုက်နာမှ
နောင်လူကြီးဖြစ်လာတဲ့အခါ တိုင်းပြည်ကြီး
ကောင်းစားမှာပါ။

လူတွေကို လေ့လာကြည့်တဲ့ အခါမှာ အနိုင်ယူစိတ်၊ မိမိအား လူအများ အထင်ကြီးစိတ်ရယူချင်တာ အမှန်ပါ။ တိုင်းပြည်နဲ့ချိန်ကာ မပြောရဲပါ။ မြို့နယ်နဲ့လည်း ချိန်မပြောရဲပါ။ ပတ်ဝန်းကျင်နဲ့ပဲ ချိန်ပြောပြချင်ပါတယ်။

ထိုလူငယ်၊ မိ မနိုင်၊ ဖ မနိုင် အေးကျော်ဆို တဲ့ လူငယ်တစ်ဦး အကြောင်း တင်ပြလိုပါသည်။ ထိုလူငယ်သည် ရပ်အေး၊ ရွာအေးဖြစ်သည်။ စကားပြော ဆက်ဆံရမှာ ပတ်ဝန်းကျင် ရှုံ့ပါသည်။ မိုက်ဂုဏ်ဖြင့် မိုက်ကန်နေခြင်း ဖြစ်ပါသည်။ သူ မကျေနပ်သော လူတစ်ဦးကို သွေးထွက်သံယိုဖြစ်လိုပါက ဘုရားစေတီကိုသွားသည်။ ဤလမ်းက ဂျစ်တူးကို ခေါင်းကိုသွေးထွက်အောင်ရိုက်ပါမည်။ မရိုက်ဖြစ်ပါက ဘုရားဆူးပါစေ ဘုရား ကျိန်စာတိုက်သည်။ မိဘတို့သည်လည်း သူ့ပြဿနာကို ဖြေရှင်းရင်းဖြင့် မြို့ပေါ်မှ အိမ်ရောင်း၍ မြို့စွန်ရောက်ကုန်၏။

အရက်ကို အမူးသောက်သည်။ လမ်းထဲရောက်သည်နှင့် မြင်မြင်သမျှ နားမခံနိုင်အောင် ဆဲတော့သည်။ အိမ်ရောက်သည် အမျိုးမျိုး ပြဿနာလုပ်ကာ အိုးခွက်ပန်းကန် ရိုက်ခွဲ၍ ပတ်ဝန်းကျင် နားမခံနိုင်အောင် သောင်းကျန်းတော့သည်။ တစ်နေ့ ကျွန်တော့်ထံရောက်လာပါသည်။

"လေးလေး ငွေ ၁၀/ လောက် ပေးပါ။ ကျွန်တော် အလုပ်လုပ်ချင်

"အေးပါ ငါပေးမယ်။ မင်း
ငါ စကားပြောချင်တယ်။ မင်းက မိ
လည်း နှိပ်စက်လွန်းတယ်။ ရပ်ရွာ
လည်း စော်ကားလွန်းတယ်။ အ
ဆွေမျိုးမှ အဆုံးအမ မခံဘူး။ မိတ်
ကောင်းလည်း မရှိဘူး။ မင်းကို မ
လမ်းကြောင်း တွန်းပို့သူရယ်၊ မြှောက်
တဲ့သူရယ် ဒါပဲရှိတယ်။ ကိုယ့်
ဝေဖန်ပါကွာ။ လိမ္မာတဲ့ အသ
အခက်ဆုံးပဲ။ ကိုယ့်ကိုယ် ဘယ်အ
အခေါ်နဲ့ ဘဝကို အကောင်အထည်
နေလဲဆိုတာ မင်းတွေးမိလား။
စရိုက်ဆိုးတွေ တိုက်ထုတ်ပစ်ကွာ"

ပြော၍ ငွေ ၁၀/ ပေး
သည်။ (ထိုအချိန်က ၁/ ရှိလျှင်
အတွက် လုံလောက်၏) သူ၏
ကား လူစိတ်ပျောက်အောင်
သောက်ပြီး ပတ်ဝန်းကျင် နား
အောင် ဆဲဆိုခြင်း၊ မိခင်၊ ဖခင်
ကြမ်းချင်တိုင်းကြမ်း၊ စားဖြင့်
နေထိုင်မကောင်းသော မိခင်အ



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားကြီး မသေသေးဘူး

ဆိုပြီး ကိုင်လှုပ်ခြင်း၊ ပြဿနာ
ပြုလုပ်ပြီး မိဘများကို အမြဲ
အောင်ပြုလုပ်ခြင်းတို့ ဖြစ်ပါသည်။

သုံးလေးနှစ်ခန့် ပျောက်သွား၏။
ဝင်သလိုလို၊ သူများသတ်လို့ သေ
လို၊ သတင်းဆိုးတွေကြားနေရ၏။
ခင်၊ ဖခင်တို့အား သွားရောက်
မြန်းကြည့်၏။ သတင်းမကြားရ
ကြောင်း သိရ၏။

တစ်နေ့တော့ အေးကျော်
ကြောင်း ရပ်ကွက်ထဲတွင် သတင်း
ရ၏။ ရပ်ကွက်ထဲတွင် ဒေါ်ကုလားမ
ညှက်စိကို ပုဆိုးတစ်ထည်နှင့် ငွေ
/ ကန်တော့ကြောင်း ကြားနေရ၏။
သမ်။ တို့ရွာကို ဘယ်လို အနှောင့်
ယှက်တွေပေးဦးမှာလဲတွေးကာ ရင်
နေမိပါသည်။

"ဦးလေး နေကောင်းလား"

ဆိုကာ အိမ်ပေါ်တက်လာပါ
ည်။ သားသားနားနား ဝတ်စားထား
သည်ကို သတိပြုမိပါသည်။ ကျွန်တော့်
အား လာရောက်ကန်တော့ခြင်းဖြစ်
ကြောင်း သူပြော၏။

ကျွန်တော် မှတ်မိနေပါသည်။
ပုဆိုးတစ်ထည်ရယ်၊ ကျောက်ဖရုံယို
တစ်ထုပ်ရယ်။

"ဦးလေးကို ကန်တော့ပါ
သည်"

ဆို၍ ထိုင်၍ ကန်တော့ပါ
သည်။ ကျွန်ုပ်က သူ့အား ဆုပေးလိုက်ပါ
သည်။

"မိမိကိုယ်ကို တရားစေ့မှ အသိ
ဖြင့် စောင့်ရှောက်၍ အမှန်လမ်းကို
ရှာတွေ့နိုင်ပါစေ"

ဆုပေးလိုက်ပါသည်။
ကျွန်တော်က မောင်အေးကျော်အား
ကံ၏အကျိုးပေးသတ္တိ၊ ကောင်းကံ၊
မကောင်းကံအကြောင်း ကာယကံ၊ ဝစီကံ၊
မနောကံမှာ အထူး အရေးကြီးကြောင်း၊
မနောကံကောင်းအောင် နေသင့်ကြောင်း၊
တိုတိုတုတ်တုတ် ဆုံးမစကားပြောမိပါ
သည်။ သူ့မျက်နှာတွင် မျက်ရည်ဝဲနေ
သည်။

"ဦးလေး ကျွန်တော် ဦးလေး
ထံက ငွေ ၁၀/ တောင်းတဲ့နေ့ မှတ်မိ
လား။ အဲသည့်နေ့ကစပြီး ကျွန်တော်
ပြင်တာ။ ကျွန်တော့်ကို သံဝေဂပေးတာ
ညှက်စိ ဦးလေး"

ပြောပါဦးကွ။

ညှက်စိတွင် အမေမရှိတော့ပေ။
ဦးနှောက် ကျပ်မပြည့်ပေ။ စကားပြော
အထစ်၏။ သဘောကောင်း၏။ လူကောင်း
လို့ ပြောလို့ရ၏။ ရပ်ရွာက ညှက်စိကို
ရေထမ်းခိုင်းခြင်း၊ ထင်းပေါက်ခိုင်းခြင်း၊
လက်တိုလက်တောင်းခိုင်းပြီး ပေးတဲ့
မုန့်ဖိုးလေးနှင့် အမေပေးနေသူဖြစ်သည်။
အရပ်က သူ့ကိုချစ်ပါသည်။ ငွေပေးရုံမက
ထမင်းပါကျွေးသည်၊ အဝတ်အစား
ဟောင်းလေးများကို ပေးကမ်းပါသည်။
သူ့လုပ်အားနှင့် အရပ်ကို ကူညီနေသူ
ဖြစ်သည်။ အရပ်ကလည်း သူ့က ကူညီမှု
ကို မေတ္တာစေတနာနှင့် တုံ့ပြန်မှုကို ခံနေ
ရ၏။

သူ့အမေ ဒေါ်ကုလားမတော့

www.burmeseclassic.com

အကြော်စုံဘန်း ခေါင်းပေါ်တင်ကာ လမ်းတကာ အကြော်စုံရောင်း၍ မိသားစုစားဝတ်နေရေးအတွက် ဝမ်းကိုဖြည့်နေသူ ဖြစ်ပါသည်။

အေးကျော်မှ ကျွန်တော့်ကို စကားဆိုပြန်သည်။

"တစ်နေ့တော့ ကျွန်တော် ညွှက်စိထံက ပိုက်လုတာ သုံးကျပ်ရတယ်။ ငါ့အမေပေးဖို့ ငါ့ပိုက်ဆံပြန်ပေး။ ငိုပြီး ကျွန်တော့် ဦးချတောင်းပန်တာ။ ကျွန်တော်လည်း ပြန်မပေးဘဲ လုထွက်ပြေးပြီး အရက်ဆိုင်ထိုင်နေတာ။ ငါ့အမေပြန်ပေးဖို့၊ သူ့ပိုက်ဆံပြန်ပေးဖို့ ရှိုက်ကြီးတငင် ငိုနေတဲ့ပုံရိပ်ကို ခဏခဏ ပြန်မြင်တယ်၊ ကြားယောင်တယ်။ ကိုယ့်လုပ်ရပ်ကို ကိုယ်ရွံလာတယ်။ စိတ်မကောင်းလည်းဖြစ်တယ်။ ညွှက်စိက ဦးနှောက်ကျပ်မပြည့်တဲ့ကောင်၊ အမေကို မေတ္တာတရားနှင့်သိပြီး လုပ်ကျွေးတာ ကျွန်တော်က မိရိပ်၊ ဖရိပ်နိုပြီး ညွှက်စိလောက် အတွေးမရှိတာကို ရှက်သွားတယ်။ အဲသည်အချိန်ကစပြီး ကျွန်တော့်စိတ်ကိုပြင်တာပါ ဦးလေး။

ကျွန်တော် ဒီမှာနေရတာ ရှက်တာနဲ့ မနေချင်တော့လို့ ဦးလေးထံ ငွေ ၁၀/ တောင်းပြီး ရန်ကုန်ထွက်သွားတာ။ ရန်ကုန်ရောက်တော့ ဘယ်သွားရမှန်းမသိဘူး။ လျှောက်သွားရင်း ဟင်းရွက်ကားတင်ရင် ကူလီခေါင်းဖြစ်သွားတယ်။ ကျွန်တော်ပြောလည်ပါတယ်။

အခုပြောလည်လို့ အမေ၊ အဖေရယ်၊ ညွှက်စိရယ်၊ ဦးလေးရယ်ကို လာကန်တော့တာပါ။ ညွှက်စိသည် အေးကျော်အား ပြင်လိုက်လေပြီ။ ဘဝတစ်ခုရဲ့ အတွေးပုံရိပ်ကို အေးကျော်အတွေးက ပြင်လိုက်ခြင်းဖြစ်ပါသည်။ ယခုအခါ အေးကျော်သည် ကူလီခေါင်းလုပ်ကာ အေးဆေးစွာနေတော့သည်။

လူ့ဘဝတွင် လူသားတစ်ယောက်သည် အတွေးနယ်ကို အသိလွတ်ကာ ဝေဖန်ဆင်ခြင်တုံတရားအားနည်းပြီး ထင်တိုင်းလုပ်တတ်ကြသည်။ စိတ်ကြမ်း၊ လူကြမ်းနှင့် စရိုက်ကြမ်းနှင့် ပေါင်းစပ်သောအခါ ဆွေစုမျိုးစု၊ မိခင်၊ ဖခင်တို့သည် ခေါင်းငုံ့ခံကြ[illegible] ရ၏။ မျက်နှာညှိုးကြရ၏။ စိတ်ကိုပြင်၍ ဘဝကို အကောင်အထည်ဖော်သော[illegible] ပတ်ဝန်းကျင်သာယာ၏။ မိမိတဝ သာ[illegible] ၏။ မိဘဆွေမျိုးကိုလည်း စိတ်ချမ်း[illegible] ရ၏။ အကြောင်းအကျိုး၊ အကော[illegible] အဆိုးကို၊ အမှားအမှန်ကိုသိခြင်း[illegible] ပညာရှိခြင်းပင်။ စာရေးသူ အထက်[illegible] ကျောင်းသားဘဝက ကဗျာလေးတစ်[illegible] ကို သတိရမိပါသည်။ ထိုကဗျာလေး[illegible]

**ဤမှာ မြေပြင်၊ မြစိမ်းဆင်[illegible]**
**ကောင်းကင်မိုးဝယ်၊ နီလာချယ်[illegible]**
**ဒီဘယ်လူသား နှစ်ရောင်ကြား[illegible]**
**ခန့်ညားပေစွ၊ ခန့်ပေစွ။**

ကောင်းကင်နှင့် မြေပြင်[illegible] တွင် လူသား၏အလှကို ရေးဖွဲ့ထား[illegible] ပင် ဖြစ်ပါသည်။

အတွေးတစ်ချက် အသိ[illegible] လုံးနှင့် လောကကို အလှဆင်[illegible] လူသားများ ဖြစ်ကြစေလိုပါသည်။

**ဦးကိုကိုအေး(ကြို့ပင်ကော[illegible]**



www.burmeseclassic.com

www.burmeseclassic.com

မြည်တွင်းဆန်းကြယ်




ဦးညွန့်တင်

# နှင်းဂူ

www.burmeseclassic.com

နှင်းလူ (Snow Man) ဆိုသည်မှာ အလွန်မြင့်မားသော ရေခဲတောင်၊ ဆီးနှင်းတောင်ကြီးများပေါ်တွင် ပေါက်ဖွားကြီးပြင်း သွားလာလှုပ်ရှားနေထိုင်လျက် တောင်ခြေအနိမ့် မြေပြင်ပေါ်သို့ ဆင်းသက်လာခြင်းမရှိကြသည့် လူသားမျိုးနွယ် ဇီဝကမ္မနှင့် လူဝံမျိုးနွယ် ဇီဝကမ္မတို့၏အကြား ပေါက်ဖွားဖြစ်ပေါ်လာသော ကျောရိုးရှိ သွေးနွေး နို့တိုက်မွေးမြူသောသတ္တဝါတစ်မျိုးကို နှင်းလူဟုခေါ်သည်။

နှင်းလူအစစ်သည် ရေခဲတောင် ဆီးနှင်းတောင်များပေါ်တွင်သာနေ၏။ ဆီးနှင်း လုံးဝမရှိသော မြေနိမ့်မြေပြင်ပေါ်တွင် သွားနေထိုင်သော သတ္တဝါတို့သည် နှင်းလူမဟုတ်ပေ။ နှင်းလူသည် လူဝံမျိုးနွယ်ဇီဇထက် ပိုမို အဆင့်မြင့်မားပြီး လျှင် လူသားမျိုးနွယ်ထက် အဆင့်နိမ့်၏။ ကမ္ဘာပေါ်တွင် မျိုးပြုန်းလုနီးပါးဖြစ်နေသော အလွန်ရှားပါး သတ္တဝါတစ်မျိုးဖြစ်သည်။

နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် နှင်းလူမျိုးဆက်ပြတ်လုခမန်း နည်းပါးလာသည်ကို တွေ့ရ၏။ တောင်တက်သမားများအဖို့ နှင်းလူများကို မတွေ့ရမမြင်ရလောက်အောင် တိမ်မြုပ်ပျောက်ကွယ်လာကြသည်။ နှင်းလူသည် လူသားကဲ့သို့ပင် အမိဝမ်းတွင်း၌ တစ်နှစ်နီးပါးခန့် ကိုယ်ဝန်သန္ဓေတည်ဆောင်ပြီးမှ အကောင်လိုက် မွေးဖွားလာကြသည်။ မွေးလာသောသားငယ်ကို အမိ၏ရင်အုံမှ နို့ရည်ကို တိုက်ကျွေးကြ၏။

တစ်နှစ်ကျော်ကျော်နီးပါး သားငယ်ကို နို့တိုက်ရင်း အမြဲနွေးထွေး အအေးဒဏ် ခံနိုင်စေရန် ရင်ဘတ်၌ပွေ့ဖက် ၍ အောင်းလေ့ရှိကြသည်။ နှင်းလူတို့၏ မူလပထမအစ မျိုးရင်းတည်ရှိခဲ့ကြသော နေရာများမှာ ဟိမဝန္တာတောင်နှင့်ပေပေါင်း ၂၉,၀၀၀ ကျော်မြင့်သော ဧဝရက်တောင် (Mount Everest) တောင်ပေါ်တို့တွင် ဖြစ်ကြသည်။

ထိုနေရာများမှတစ်ဆင့် ပြန့်သွားကြ၏။ နှင်းလူကို အများဆုံးတွေ့နိုင်သော နေရာများမှာ ဟိမဝန္တာတောင်တန်း၊ ဘဲဗက်တောင်တန်း၊ ပေပေါင်း ၂၈,၀၀၀ ကျော်မြင့်မားသည့် ကန်ချင်ဂျုန်တောင် (Mount Kanchenjung… ပေပေါင်း ၂၈,၀၀၀ ကျော်မြင့်သော… ကေတူး ခေါ် ဂွတ်ဒွင်အော်စတင်တောင် (K-2 or Mount Godwin Austen)… ပေပေါင်း ၂၉,၀၀၀ ကျော်မြင့်မားသည့်… ဧဝရက်တောင် (Mount Everest… တောင်ပေါ်တို့တွင် အများဆုံးဖြစ်ကြသည်…

တစ်ခါတစ်ရံ နှင်းလူများ… တရုတ်ပြည်ဘက်ခြမ်းနှင့် တိဗက်တော… ကုန်း တောင်ဘက်ခြမ်း ရေခဲတောင်… ပေါ်တွင်လည်း တွေ့ရသည်။ ယခု… နီပေါနိုင်ငံ အရှေ့ဖျား ရေခဲတောင်… နှင့် မြန်မာနိုင်ငံမြောက်ဖျားစွန်း… ပြည်နယ်ရှိ ပေပေါင်း ၁၉,၀၀၀ … မြင့်သော ခါကာဘိုရာဇီ တောင်တန်း… တွင်လည်း တွေ့လာ၏။

နှင်းလူကို ရေခဲတောင် ဆီး… တောင်ပေါ်များတွင် တွေ့ကြရသော… အလွန်အေးသည့် မြောက်ဝင်ရိုး… အာတိတ်စက်ဝိုင်း ရေခဲပြင် ရေခဲ…



www.burmeseclassic.com

www.burmeseclassic.com

တောင်ဝင်ရိုးစွန်းဖျား အန္တာတိတ်
ဝိုင်း ရေခဲပြင်တို့တွင်မူ လုံးဝမတွေ့
သေးချေ။ ယနေ့ထက်တိုင် သိပ္ပံပညာရှင်
နှင်းလူကို တွေ့ရှိရကြောင်း လုံးဝ
တမ်းတင်ထားခြင်း မရှိကြသေးချေ။

နှင်းလူ၏ ကိုယ်ခန္ဓာ တည်
ထားပုံမှာ လူ၏ပုံသဏ္ဌာန်အသွင်
သော်လည်း လူထက် အရပ်ပိုမြင့်
သည်၊ ပိုမို တုတ်ခိုင်ကြီးမားသည်။
အမြင့် နည်းဆုံး (၈) ပေမှ (၉)
ကျော်အထိမြင့်၏။ ကိုယ်ခန္ဓာ အပေါ်
ထက် အောက်ပိုင်း ပေါင်လုံး၊ ခြေ
ထုံးတို့မှာ အလွန်ကြီးမားလွန်းကြ
သည်။ အရပ်အမောင်း ထောင်ထောင်
မောင်းနှင့် ရင်အုပ်၊ လက်မောင်း
ပြန့်ကား ကြီးမားကြသည်။ ကိုယ်
အလွန်ကြီးမားလှသော်လည်း
အောက်ပိုင်း ပေါင်လုံး၊ ပေါင်ရင်း၊ ခြေ
လုံးများ ထွားကျိုင်းလွန်းသောကြောင့်
အစားနှင့်မလိုက်အောင်ပင် လူသား
ထက် ပိုမို လျင်မြန်ဖျတ်လတ် သွက်
က် ပေါ့ပါးကြသည်။

ခြေဖဝါးပြင်ကြီးမှာ အလျား
တစ်ပေကျော်ကျော် တစ်ပေခွဲနီးပါး ရှည်
လျားသည့်အပြင် ဘေးအကျယ်မြက်
ခြောက်လက်မ၊ ခုနစ်လက်မ နီးပါးခန့်
ကျယ်၏။ ဟိမဝန္တာတောင်နှင့် ဝေရက်
တောင်မှ နှင်းလူ၏ ခြေဖဝါးတွင် ခြေ
ချောင်းငယ်ငါးချောင်း ဘေးသို့ပြန့်ကား
ပါရှိ၏။ အချို့တွင် ခြေချောင်းငယ် လေး
ချောင်းသာ ပါကြသည်။

နှင်းလူ၏ အောက်ခြေဖဝါးပြင်
သည် ထင်သည်ထက် ပိုမိုကြမ်းတမ်း
သည့်အပြင် သစ်ခေါက်စင်းများကဲ့သို့
ကန့်လန့်စင်းများ ပါရှိသည်။ နှင်းလူ၏
ခြေမနှင့် ခြေသန်းတို့မှ အလွန်တုတ်ခိုင်
ကြီးများသည့်အပြင် ဘေးသို့ အသီးသီး
ကားထွက်နေကြ၏။ ဤကဲ့သို့ ခြေဖဝါး
အနေအထားများကြောင့် သဘာဝနှင့်
အဆင်ပြေစွာ ရေခဲတောင်၊ ဆီးနှင်း
တောင်များပေါ်တွင် လွယ်လွယ်ကူကူ
ပြေးလွှားသွားလာနိုင်ကြခြင်းဖြစ်သည်။

ဦးခေါင်းပိုင်း၏ အရှေ့မျက်နှာ
ပြင် အနည်းငယ်မှအပ တစ်ကိုယ်လုံး
အမွေးကြမ်း အမွေးမျှင်ရှည်ကြီးများဖြင့်
ဖုံးလွှမ်းနေ၏။ အမွေးကြမ်း အမွေးမျှင်
ရှည်ကြီးများသည် မျောက်ဝံကြီးများ၊ လူဝံ
ကြီးများထက် ပိုမိုရှည်လျား ဖုံးအုပ်နေ၏။
အမွေးမျှင်များသည် အရှည် သုံးလက်မ
ခန့် ရှိကြသည့်အပြင် ရင်ဘတ် ဝမ်းဗိုက်
ပိုင်းနှင့် နောက်ကျောပြင်ပေါ်ရှိ အမွေးမျှင်
များမှာမူ အရှည်လေးလက်မကျော် ရှိကြ
သည်။

နှင်းလူတို့၏ အမွေးကြမ်းကြီး
များသည်…

၁။ ဆီးနှင်း၊ နှင်းရည်နှင့် ရေခဲများ တင်
နေသော်လည်း စိုကပ်လုံးထွေး ရသွား
ခြင်းမရှိ။ ရေမတင် မကပ်ခြင်း။
၂။ ကျောက်သား ကျောက်တောင်စွန်း
တို့ဖြင့် ပွတ်တိုက် ထိမိသော်လည်း
အသားအရေပြားအထိ မပွန်းပဲ့
မပြတ်တောက်သွားခြင်း။
၃။ အသားပြင်ပေါ်သို့ ကျရောက်လာ
သော သေနတ်ကျည်ဆန်မှတစ်ပါး
ဓားလှံ လေးမြား မစူးဝင်စေနိုင်ရန်
ကြားခံထားခြင်း။

www.burmeseclassic.com

တို့ကြောင့် နှင်းလူ၏ အမွေးကြမ်းများသည် ချပ်ဝတ်တန်ဆာအသွင် ကိုယ်ခန္ဓာကို အမြဲ ကာကွယ်ထားသည်။ အောက် အရေပြားသည် ဆင်သားရေ ကြွံသားရေများကဲ့သို့ ထူနေသောကြောင့် အအေးဒဏ်ရော၊ ထိပဲ့ရှနေခြင်းကိုပါ ကာကွယ်ထားသည်။

စားသောက်ရာတွင် အသီးအရွက်များ၊ သစ်ဥ သစ်ဖုများ၊ ပန်းပွင့်များ၊ မချစ်ဥများ၊ ကျောက်သွေး ကျောက်နှီးများ၊ ငှက်ဥများကို အများဆုံး ရှာဖွေစားသောက်ကြ၏။ မိမိကိုရန်မူသော လူသားကိုသာ ရွေးချယ်ထုသတ်ခဲ့ပြီး ဝေးရာသို့ ထွက်ပြေးလေ့ရှိကြသည်။ နှင်းလူကြောင့် အသက် သေဆုံးသွားခဲ့ရသောသူ၏ အလောင်းဘေးတွင် နှင်းလူ၏ ခြေရာမ ခြေရာကြီးများကို တွေ့ရသော်လည်း လူ၏ ရုပ်ကလာပ် အစိတ်အပိုင်းများ လုံးဝပျက်စီးနေခြင်း၊ စားသောက်ပစ်ခဲ့ခြင်းများ မရှိဘဲ ထားရစ်ခဲ့ကြ၏။

ဤသည့်အချက်ကြောင့် နှင်းလူသည် လူသားမစားကြောင်း သိပ္ပံပညာရှင်များ လက်ခံထားကြသည်။

ဟိမဝန္တာတောင်နှင့် ဇဝရက်တောင်ရှိ နှင်းလူများသည် မိမိတို့နေထိုင်သည့် ကျောက်လိုဏ်ဂူများက တစ်နေရာ၊ အစာရှာဖွေ စားသောက်ရသည်က တစ်နေရာစီ ဖြစ်ကြသည်။ မိမိတို့နေထိုင်ရာ အလွန်မြင့်မားသော ကျောက်လိုဏ်ဂူများရှိရာမှ တောင်ခုလတ်အောက် အနိမ့်ပိုင်းသို့ နေ့မွန်းတည့်ချိန်တွင် အစာရှာဖွေလေ့ရှိကြသည်။ အစာရှာဖွေကြရာတွင် နှင်းလူအမများထက် နှင်းလူ အဖိုအထီးများက အများဆုံး အစာရှာဖွေထွက်လေ့ရှိကြ၏။ ထို့ကြောင့် နှင်းလူ အမများထက် အဖိုများကိုသာ အများဆုံး တောင်တက်သမားတို့ တွေ့ရတတ်သည်။

နှင်းလူကို တစ်နှစ်ပတ်လုံး မတွေ့ရချေ။ အထူးသဖြင့် နွေဦးပေါက်ရာသီနှင့် နွေရာသီတို့တွင်သာ အများဆုံး တွေ့ရ၏။ အလွန်တွေ့ရခဲသောအချိန်မှာ ဆောင်းရာသီတွင်ဖြစ်သည်။ ဆောင်းဥတုဖြစ်သော နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလ သုံးလကျော်ကျော်သည် "နှင်းလူတို့၏ ဆောင်းအောင်းချိန် (ဂ... ဂူအောင်းချိန်" ဖြစ်ကြသည်။

"ဆောင်းအောင်းချိန် Hibe... nation) ဆိုသည်မှာ အလွန်အေးသော... ရာသီဥတု အပြောင်းအလဲ ဖြစ်ပေါ်သော... များကို တုံ့ပြန်ခြင်းပင်ဖြစ်သည်။ ဆောင်း... အောင်းခြင်းသည် အလွန်အေးမြသော... ဆောင်းရာသီတွင် အချိန်မှန်မှန် ကြ... စွာ လှုပ်ရှားမှုမပြုဘဲ ငြိမ်သက်... အိပ်စက်နားနေခြင်းပင်ဖြစ်သည်။

အလွန်အေးသော ဆောင်း... ရာသီရောက်ခါနီး၌ နှင်းလူများသ... မကြေညက်နိုင်သော သစ်မြစ်များ... ခေါက်နုများကို ဝမ်းပြည့်စွာ စားသော... ကြပြီးလျှင် ဆောင်းရာသီ ကာလပတ်... အပြင်သို့ လုံးဝမထွက်တော့ဘဲ ဂူအော... တွင်းအောင်း အိပ်စက်နားနေကြသော... သည်။ ဤအချိန်ကို "နှင်းလူ... ဆောင်းအောင်းချိန်" ဟုခေါ်သည်။

နှင်းလူသည် မြွေများ၊ ဖား... ကဲ့သို့ပင် ဆောင်းရာသီတွင် ဂူအော... လေ့၊ တွင်းအောင်းလေ့၊ ဆောင်းအော...



www.burmeseclassic.com

www.burmeseclassic.com

...ကြပြီး အိပ်စက်နားနေကြသည်။ ...သည်ဖြင့် နှင်းလူသည် အအေးဒဏ် ...ကာကွယ်ရန်အတွက် ပုံသေ ဆောင်း ...ခင်းနေကျနားခိုရန် အရပ်ဒေသသို့ ...င်းရွှေ့သွားလေ့ရှိကြသည်။ ဆောင်း ...သီ တစ်ကြိမ်အောင်းလျှင် အေးချမ်း ...သော ဆောင်းရာသီမှသည် နွေဦးပေါက် ...သီ ရောက်သည်အထိ ဆောင်းအောင်း ...ပ်နေလေ့ရှိကြသည်။

အရွယ်ရောက် နှင်းလူကြီးများ ...တ် အရွယ်မရောက်သေးသော နှင်းလူ ...က်ကလေးများက ပို၍ ဆောင်းအောင်း ...း စောတတ်ကြသည်။ ရာသီဥတု ...နွေးလာသောအခါရောက်မှသာလျှင် ...သင်းရောင်ရှိရာနှင့် အစာရေစာ ...ယ်ကူရာနေရာများသို့ ရွှေ့ပြောင်းသွား ...တ်ကြ၏။ နွေဦးပေါက်စရာသီသို့ ရောက် ...ည်နှင့်တစ်ပြိုင်နက် အပြင်သို့ထွက်၍ ...နှင့်အစာကို ရှာဖွေစားသောက်ကြ၏။ ...ဤအချိန်သည် နှင်းလူ၏ ကိုယ်ခန္ဓာ ...ကြီးလိုက်ကျဆင်း အားလျော့နွမ်းနယ် ဆာ ...ောင်နေကြသောအချိန်ဖြစ်သည်။

ဤအချိန်ကာလသည် နှင်းလူတို့ ဒေါသကြီး ရန်မူတတ်ကြသော အခိုးရှားဆုံး ရန်ပြုရင်း အစာရှာထွက်သော အချိန်ဖြစ်ကြ၏။ နှင်းလူသည် ဤနေရာ ဤကျောက်လိုဏ်ဂူအတွင်း တစ်ကြိမ် ဆောင်းအောင်းခဲ့ပါလျှင် ယင်းနေရာသို့ နောင်နှစ် ဆောင်းအောင်းချိန်တွင် နှစ်စဉ် ပုံမှန် ပြန်လာ၍ စုပေါင်းအတူ ဆောင်းအောင်းလေ့ရှိကြသည်။ နှင်းလူကို အဓိက နှစ်မျိုးနှစ်စား ခွဲခြားထားကြသည်။

ယင်းသို့မှာ -

၁။ ညိုဝါရောင် နှင်းလူမျိုးနှင့်

၂။ အဖြူရောင် ဆွတ်ဆွတ်ဖြူ နှင်းလူမျိုး တို့ ဖြစ်ကြသည်။

ညိုဝါရောင် နှင်းလူမျိုးကို ဟိမဝန္တာတောင်တန်း၊ တရုတ်ပြည်ဘက် တောင်တန်း၊ တိဗက်တောင်တန်းနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဖျား ကချင်ပြည်နယ်ရှိ တောင်တန်းများနှင့် ခါကာဘိုရာဇီတောင်တန်းပေါ်တို့တွင် အများဆုံး တွေ့ကြရ၏။ အချို့ ဧဝရက်တောင် အနိမ့်ပိုင်းများတွင်လည်း တွေ့ရသည်။

အဖြူရောင် ဆွတ်ဆွတ်ဖြူ နှင်းလူမျိုးကို ဧဝရက်တောင် အမြင့်ပိုင်း ကန်ချင်ဂျန်တောင်တန်းနှင့် ကေတူးခေါ် ဂွတ်ဒွင်အော်စတင် တောင်တန်းပေါ်တွင် အများဆုံးတွေ့ရသည်။

အဖြူရောင် နှင်းလူမျိုးသည် နှင်းလူထဲတွင် အရှားပါးဆုံးနှင့် အတွေ့ရခဲဆုံးသော ရှားပါးနှင်းလူမျိုးဖြစ်သည်။ ဤ နှင်းလူမျိုးသည် ညိုဝါရောင် နှင်းလူမျိုးထက်ပို၍ အရပ်အမောင်းမြင့်သည့်အပြင် ကိုယ်လုံးကိုယ်ထည်ကြီးထွားတုတ်ခိုင်ကြသည်။ အမွေးမျှင်ကြမ်း၊ ပိုမိုရှည်လျားသည်။ အလွန် အနံ့ခံကောင်းသည့်အပြင် မျက်စိရင် နားပါးကြသည်။

လူသားတို့သည် လာနေကြသည်ကို တစ်မိုင်ကျော် နှစ်မိုင်ဝေးသော နေရာများကပင် ကြိုတင်သိနှင့်နေကြ၏။ တောင်တက်သမားများ ပစ်ခတ်သတ်ဖြတ်ခဲ့မိကြသော နှင်းလူများထဲတွင် အဖြူရောင် နှင်းလူများ မပါရှိခဲ့ကြဖူးချေ။ မှတ်တမ်းတင် တွေ့ရှိ သတ်ဖြတ်ရရှိခဲ့သမျှ နှင်းလူ ရာဇဝင်တွင် ညိုဝါရောင်



www.burmeseclassic.com

www.burmeseclassic.com

နင်းလူအထီးနစ်ကောင်သာ ပစ်ခတ် ရရှိခဲ့ဖူးသည်။

၁၉၇၀ ခုနှစ်ခန့်တွင် ညိုပုဝါ ရောင် နင်းလူသားပေါက်တစ်ကောင်ကို တရုတ်ပြည်ဘက်မှ ရခဲ့ဖူးသည်။ သို့သော် သယ်ယူလာကြရင်း လမ်းတွင် သေဆုံး သွားကြသည်ဟုအဆိုရှိကြသည်။

နင်းလူသားပေါက်သည် လေဖိ အားနည်းရာ အလွန်အေးသည့် တောင်ပေါ် အမြင့်ပိုင်းမှနေ၍ လေဖိအားများရာ ပူလောင်သော တောင်ခြေသို့အရောက် အသက်ရှူကျပ်၍ သေဆုံးသွားခြင်းဖြစ် သည်။

သေနတ်သံကို နင်းလူများ အကြောက်ရွံ့ဆုံး အထိတ်လန့်ဆုံးဖြစ်ကြ သည်။ သေနတ်သံကိုကြားမိလျှင် နောက် တစ်ကြိမ် ထို သေနတ်သံကြားခဲ့မိသော နေရာသို့ လုံးဝ ခြေဦးမလှည့်ကြတော့ ချေ။ ထိုနေရာကို ရှောင်ကွင်း၍သာ အစာရှာဖွေ စားသောက်ကြသည်။ အကယ်၍ နင်းလူနေထိုင်ရာ ကျောက် လိုဏ်ဂူအနီး၌ အကြိမ်ကြိမ် သေနတ် ပစ်ဖောက်သံကို ကြားခဲ့သည်ရှိသော် နေထိုင်ခိုအောင်းရာ ကျောက်လိုဏ်ဂူ ကို စွန့်ပစ်ထားရစ်ခဲ့ပြီး သေနတ်သံနှင့်ဝေးရာ နေရာသစ်သို့ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့နေထိုင်သွားတော့သည်။

ကမ္ဘာပေါ်တွင် နင်းလူ အရေ အတွက် နည်းပါးလာရသည်မှာ သိပ္ပံ ပညာရှင်ကြီးများ၏ အယူအဆ တင်ပြ ချက်များသည်...

၁။ နင်းလူ ဦးနှောက်အောက်၌ ရှိသော ပီကျူထရီဂလင်း အဖုအကြိတ်လုံး မှာ လူသားတို့၏ အချိုးအစားနှင့် နှိုင်းစာလျှင် အလွန်သေးငယ်နေခြင်း။

၂။ ပင်ကိုယ်မျိုးပွားအင်္ဂါသည် လှုံ့ဆော် မှုပေါ်မှုန်း အားနည်းနေခြင်း။ ရာခိုင် နှုန်း မပြည့်မီခြင်း။

၃။ အအေးလွန်ကဲသည့်နေရာဖြစ်သည့် အပြင် ဆောင်းအောင်း သတ္တဝါလည်း ဖြစ်နေရသောကြောင့် လိင်၊ လိင် ဆဲလ်များ၊ ကာမရာဂစိတ်များ ပီပီ ပြင်ပြင် တက်တက်ကြွကြွ မရှိ ထိုင်း မှိုင်းနေကြခြင်း။

၄။ နင်းလူ အမနည်း၍ နင်းလူအ များပြားနေသောကြောင့် တစ် တစ်သား မပေါက်နိုင်ကြချေ နှစ်လျှင် တစ်သားကျရန်ပင် နိုင်ဖြစ်၍ ပေါက်ဖွားမှုနှုန်း ကျ သောကြောင့် နင်းလူ နည်းလာ ဖြစ်သည်။

ယခုအခါ ကမ္ဘာပေါ်တွင် လူမျိုးဆက် တုံးလုနီးပါးဖြစ်လာ ကမ္ဘာလုံးတွင် ယခုအခါ နင်းလူကော ၃၀ ကျော်မျှသာ ရှိတော့သည်ဟု ပညာရှင်များ ခန့်မှန်းထားကြသည်။

အာဖရိကတောနက်ထဲ ဆင်သင်္ချိုင်းများရှိသကဲ့သို့ အလွန် သော ရေခဲတောင်၊ ဆီးနှင်းတောင် ၌ "နင်းလူသင်္ချိုင်း" ရှိသည်ကို တွေ့ ၏။ နင်းလူသင်္ချိုင်းကို ပေပေါင်း ၂ ကျော် မြင့်မားလျက် လူသူတက် ရန် အလွန်ခက်ခဲသော မြောက်ဘက် ဂူပေါက်ဝလှည့်ထားသည့် အမြဲဝင်ရာမျိုး၌ ရှိတတ်သည်။ တစ်ရံ နင်းလူသင်္ချိုင်းဝကို တွေ့



www.burmeseclassic.com

www.burmeseclassic.com

...ကြ်ခဲကြီးများဖြင့် ပိတ်ဆို့ထားတတ် ...သည်။

၁၉၇၀ ပြည့်နှစ်တွင် ဗြိတိန် ...ားစတီဗင်ဆင်ဂျိမ်း(စ်) ဆိုသူသည် ...ဦးဆုံး နှင်းလူသင်္ချိုင်းကို စတင် တွေ့ ... ပေပေါင်း ၂၆,၀၀၀ ကျော်မြင့် ... ဧဝရက်တောင်ထိပ်သို့ တက်ရာ ... ကျောက်လိုဏ်ဂူကြီးအတွင်း တွေ့ ...သည်။

နှင်းလူသေများကို လှဲလျက် ... မထားဘဲ ကျောက်ဂူနံရံမှီလျက် ...အားဝင်ရာ မြောက်ဘက်ဝင်ပေါက် ...သို့ မျက်နှာမူ တင်ပျဉ်ခွေထိုင်လျက် ... တွေ့ရ၏။ နှင်းလူသင်္ချိုင်းအတွင်း ...အသေကောင် ခုနစ်လောင်း တွေ့ရှိ ...မ်းတင်ထားသည်။ နှင်းလူ အသေ ...င်တစ်လောင်းစီ၏ရှေ့တွင် ကျောက် ...လေးများ။ ကျောက်တုံး ကျောက် ...များကို ပုံထားလျက် ထူးဆန်းစွာ ... တစ်ပုံနှင့်တစ်ပုံ အရေအတွက် ... အရောင်အဆင်းပါ လုံးဝမတူကြဘဲ ...ခြားနားသည်ကို တွေ့ရသည်။ သေဆုံးသူ နှင်းလူအတွက် သင်္ကေတ အမှတ်အသားတစ်ခုခု ဖြစ်ဟန်တူသည် ဟု ခန့်မှန်းရသည်။

ပြင်သစ်ရုရှားနွယ်ဖွား အသက် (၇၂) နှစ်အရွယ်ရှိ အမျိုးသမီး ဒေါက်တာ ဆရာဝန် မာရီဂျင်းကော့ဖ်မင်းဆိုသူ သည် ပင်လယ်အနက်နှင့် ကက်စ်ပီယံ ပင်လယ်ကြားရှိ ဝေလံသီခေါင်မြင့်မား သော ကော့ကေးရှ တောင်တန်းပေါ်ရှိ နှင်းလူ (ခေါ်) စနီးမင်း (ခေါ်) အယ်မက်စ် တီ အကြောင်းကို နှစ်ပေါင်း နှစ်ဆယ် ကျော်မျှ ခြေရာခံကာ စူးစမ်းရှာဖွေ သုတေသနပြု လေ့လာနေခဲ့၏။

ဒေါက်တာ မာရီဂျင်းကော့ဖ မင်း သိထားသော နှင်းလူမှာ ညိုဝါရောင် နှင်းလူမျိုးဖြစ်သည်။ အရပ် ရှစ်ပေကျော်၊ ကိုးပေနီးပါး အလွန်ကြီးမားတုတ်ခိုင်၏။ အလွန်ကြမ်းတမ်းသော အမွေးအမျှင် ရှည်ကြီး တစ်ကိုယ်လုံးဖုံးနေသည့်အပြင် မျက်လုံးနှစ်လုံးသည်လည်း အလွန်နီရဲ နေသည်ဟုဆို၏။ သူမသည် နှင်းလူ၏ သင်္ချိုင်းကို အဓိကရှာဖွေ သုတေသနပြု နေသူတစ်ယောက်ဖြစ်သည်။ နှင်းလူ အကြောင်း သိကောင်းစရာအဖုံဖုံတို့ကို စုံလင်စွာ တင်ပြနိုင်ရန်အတွက် ရုပ်ရှင် ရိုက်ကူးသူ ဆဲလ်ဗင်းပေါလက်ခ်ဆိုသူနှင့် ပေါင်း၍ ကော့ကေးရှ တောင်တန်းပေါ် တွင် မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးနေ လေပြီ။ မကြာမီ တကယ့် နှင်းလူအစစ် ကို သဘာဝ ရေခဲတောင်ဆီးနှင်းဘောင် များပေါ်တွင် တိတိကျကျ ပီပီပြင်ပြင် ထင်ထင်ရှားရှား အနီးကပ် တွေ့မြင်ရပေ တော့မည်။

မြန်မာနိုင်ငံ မြောက်ဖျားပိုင်း ကချင်ပြည်နယ် တောင်တန်းပေါ်တွင် လည်း နှင်းလူရှိသည်ဟု ဆိုကြသည်။ သို့သော် မြန်မာနိုင်ငံတွင် နှင်းလူရှိ ကြောင်း ယုံချင်မှယုံကြပေမည်။

မူလပထမ အစရှိခဲ့ဖူးရာနေရာ များ ဖြစ်ကြသော ဧဝရက်တောင်တန်းနှင့် ဟိမဝန္တာတောင်တန်းတို့မှနေ၍ နီပေါနိုင်ငံ အရှေ့ဘက် တောင်တန်းနေရာများသို့ (၁) လူသူအရောက်အပေါက် များလာ သောကြောင့်လည်းကောင်း၊ (၂) အသက်


www.burmeseclassic.com

www.burmeseclassic.com

ရန်ရှာခြင်းပြုဖန်များလာသောကြောင့် လည်းကောင်း၊ (၃) သေနတ်ပစ်ဖောက်သံများကို အကြိမ်ကြိမ် အခါခါ ကြားလာရ၍ ကြောက်ရွံ့ထိတ်လန့်လာကြသောကြောင့် လည်းကောင်း၊ (၄) သဘာဝ အအေးဒဏ် ပိုမို ပြင်းထန်လာသောကြောင့် လည်းကောင်း၊ (၅) ဆောင်းအောင်းခြင်း နေရာအရပ်ဒေသ မလုံခြုံ ပျက်စီးသေကြေမှု များလာကြသောကြောင့် လည်းကောင်း၊ (၆) ရေကြည်ရာ မြက်နုရာ အစာရှာဖွေရင်း မချစ်ဦး၊ ကျောက်သွေး၊ ကျောက်နီ့ပေါ်များရာဘက်သို့ နယ်ကျွံဝင်လာကြခြင်းကြောင့် လည်းကောင်း တဖြည်းဖြည်း များလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ မြောက်ဖျားပိုင်းသို့ နှင်းလူ မိသားစုများ ဝင်ရောက်ပြောင်းရွှေ့နေထိုင်နေကြသည်ကို တရုတ် သိပ္ပံပညာရှင်များက အများဆုံး လက်ခံယုံကြည်ထားကြ၏။ ယင်းတို့ကဲ့သို့ပင် နီပေါနိုင်ငံသား တောင်တက်လမ်းပြကလည်း အရှေ့ဘက် မြန်မာနိုင်ငံသို့ ဦးတည်သွားလာနေကြသည်ကို အကြိမ်ကြိမ် တွေ့ဆုံခဲ့ကြဖူး၍ လက်ခံယုံကြည်ထားကြ၏။

မှောင်ခိုသမားများ၊ ဆေးဝါးကုန်သည်များ၊ သောင်းကျန်းသူများ၊ ကချင်လူမျိုး၊ နာဂလူမျိုး တောလိုက်မုဆိုးများနှင့် ငှက်ခတ်သမားတို့ အများဆုံးရင်ဆိုင် တွေ့မြင်ဖူးကြ၍ လက်ခံယုံကြည်ကြသည်။ အချို့ တောင်တက်သမားများတို့သည် အမျိုးအမည် မခွဲခြားနိုင်သော ရောမ ခြေရာကြီးများကို ခါကာဘိုရာဇီတောင်သို့ တက်ခဲ့ကြစဉ်က တွေ့မြင်ကြ၏။

ယင်းခြေရာကြီးများမှာ အလျားတစ်ပေခွဲခန့်ရှည်ပြီး ဘေးဖြက် အကျယ်ခြောက်လက်မခန့်ရှိသည့် ခြေရာကြီးများကို တွေ့ခဲ့ရသည်။ ခြေရာပြင်တွင် မထင်မရှား ကန့်လန့်စင်းများ ပါရှိနေသည့် အပြင် ခြေချောင်းကြီးများ အလွန် တုတ်ခိုင်ကြီးမား ပြန့်ကားနေသည်ကို တွေ့ရ၏။ ယင်း ခြေရာကြီးများသည် နှင်းလူ၏ ခြေရာများဖြစ်နိုင်သည်ဟု ခန့်မှန်းကြ၏။

ခါကာဘိုရာဇီ တောင်ပေါ်တွင် လူဝံကြီးများကဲ့သို့ အလွန်ထွားကျိုင်း တုတ်ခိုင် သန်မာသည့် သတ္တဝါ[...] ကြီးများကို တစ်နေရာမှ တစ်နေ[...] လျင်မြန်စွာ လွှားခနဲ လွှားခနဲ ခုန်[...] သွားလာနေကြသည်ကို တွေ့ရ၏။ [...] ခန္ဓာ ထွားကျိုင်းကြီးမား တုတ်ခိုင်[...] မလိုက်အောင်ပင် အလွန် လျင်မြန်[...] သွက်လက်ကြကုန်သည်။

ကချင်ပြည်နယ်ရှိ ပေ[...] ၁၉,၀၀၀ ကျော်မြင့်သော ခါကာဘို[...] တောင်ထိပ်တွင် အညိုရောင် နှင်း[...] ကို တွေ့ခဲ့ကြရသည်မှာ ယခုမှသာ[...] ပေ။ လွန်ခဲ့သော ဒုတိယကမ္ဘာစ[...] ပြီးစကတည်းကပင် နာဂလူမျိုး [...] လူမျိုးများနှင့် ဒေသခံ တောင်ပေါ်တို[...] သားများ တွေ့ခဲ့ဖူးကြ၍ အဆန်း[...] တော့ပေ။ ကချင်ပြည်နယ်ရှိ [...] ကျောက်သွေး၊ ကျောက်နီ လိုက်ထ[...] ကြသူများ အများဆုံး နှင်းလူကို [...] ကြ၏။

လူသားများကဲ့သို့ပင် [...] သည်လည်း မချစ်ပင်၊ မချစ်ဦး၊ [...] သွေး၊ ကျောက်နီများကို လိုက်ထ[...]



www.burmeseclassic.com

www.burmeseclassic.com

သောက်ကြသည်။ ကချင်ပြည်နယ် မြောက်ဖျားပိုင်း မချစ်ပင်၊ မချစ်ဥ ပေါက် ရေခဲတောင်များနှင့် ကျောက်သွေး ကျောက်နီ့ယိုစီးကျခဲ့သည့်ရာ ကျောက်သား တောင် ပတ်ဝန်းကျင်များတွင် နှင်းလူများ နေမှန်းတည့်ချိန်၌ အများဆုံး တွေ့ရ တတ်သည်။

မချစ်ပင်၊ မချစ်ဥ၊ ကျောက် သွေး ကျောက်နီ ရှိရာနေရာ ပတ်ဝန်းကျင် တွင် နှင်းလူများ ရှိတတ်ကြသည်။ နှင်း လူများကို တွေ့မြင်ရသော ရေခဲတောင် ဆီးနှင်းတောင်ပေါ်တွင် မချစ်ပင်၊ မချစ်ဥ၊ ကျောက်သွေး၊ ကျောက်နီ့ရှိသည်ကို သိလာကြသည်။ ထို့ကြောင့်ပင် ကချင် ပြည်နယ်တွင် မချစ်ဥ ရှာဖွေစုဆောင်း သူများသည် နှင်းလူရှိရာသို့ ခြေရာခံ ရှာဖွေရမည်ကို တဖြည်းဖြည်းနှင့် အတွေ့ အကြုံအရ သိလာကြသည်။

တရုတ်ဆေးသိပ္ပံပညာရှင်များ ဗြိတိသျှတော်ဝင် သိပ္ပံပညာရှင်များ၊ အိန္ဒိယနှင့် နီပေါသိပ္ပံပညာရှင်များနှင့် တောင်တက်လမ်းပြသမားကြီးများက မြန်မာနိုင်ငံ မြောက်ဖျားပိုင်းတွင် နှင်းလူ များက မြန်မာနိုင်ငံ မြောက်ဖျားပိုင်း ခါကာဘိုရာဇီတောင်တန်းပေါ်တွင် နှင်းလူ များ ရောက်ရှိနေပြီဖြစ်ကြောင်း ယုံကြည် လက်ခံထားကြသည်။

အဖြူရောင်ခွတ်ခွတ်ဖြူ နှင်း လူမျိုးထက် ညိုဝါရောင် နှင်းလူမျိုးများ ရောက်ရှိနေထိုင်ကြသည်ကို တညီ တညွတ်တည်း လက်ခံယုံကြည်ထားကြ သည်။ ကချင်တောင်တန်းပေါ်တွင် ညိုဝါ ရောင် နှင်းလူမျိုး အနည်းဆုံး (၁၀) ကောင်ထက်မနည်း ရှိကြမည်ဟု သိပ္ပံ ပညာရှင်များ ခန့်မှန်းကြ၏။

ကချင်ပြည်နယ် ဒေသခံ တိုင်းရင်းသား အတော်များများ နှင်းလူ



များကို တွေ့ဖူး မြင်ဖူးကြသူများ ရှိကြ သည်။ နှင်းလူသည် ကချင်ပြည်နယ် လူထုအတွက် မထူးဆန်းသော်လည်း ယနေ့ထက်တိုင် မရိုးနိုင်သေးသည့် သတင်းထူး သတင်းဆန်းတစ်ရပ်ဖြစ်၏။ သို့သော် မြေပြန့်သားများအတွက်မူ အလွန်ထူးဆန်းသော သတင်းထူးတစ်ရပ် ဖြစ်နေ၏။

ကချင်ပြည်နယ်ရှိ နှင်းလူများ အကြောင်းကိုလည်းကောင်း၊ ဘွမ်ဖာဘွမ် တောင်၊ မတ်ဆီခွာဘွမ်တောင်နှင့် ပေပေါင်း ၁၉,၀၀၀ ကျော် မြင့်မားသည့် ခါကာ ဘိုရာဇီ ရေခဲတောင် ဆီးနှင်းတောင်ပေါ် တွင် နေထိုင်ကြသော နှင်းလူများ အကြောင်းကိုလည်းကောင်း၊ မြေပြန့်သား များ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေကြသည်ကို အချို့ ယခုမှသိကြ၍ တအံ့တသြ အထူးအဆန်းဖြစ်နေကြမည် မှာ ကေန်မလွဲပင် ဖြစ်နေကြလေတော့ သတည်း။


**ပဋ္ဌဂုဏ် အဟံ ဝန္ဒာမိ သဗ္ဗဒါ**

**ဆရာဦးညွန့်တင်**



www.burmeseclassic.com

www.burmeseclassic.com




ကရုဏာ

# မြွေပေါက်ကို အံတုကြသူများ

ရဲရဲထွန်း(ဟင်္သာတ-အဂေါက်တောင်)



www.burmeseclassic.com

www.burmeseclassic.com

သံချောင်းတို့ သားအမိသည် တာမြို့ မြဝတီရပ်ကွက်အစွန်တွင် ပ်သာသာ အိမ်လေးဖြင့် နေကြ ဖြစ်ကြသည်။ ဆင်းရဲတွင်းနက်ကြ ဖြစ်သဖြင့် အမေက ဟင်းသီးဟင်း လည်ရောင်းရသည်။ သံချောင်းကို မြဝတီ အ•မ•က တွင် ကျောင်း ပေးသည်။ သံချောင်းမှာ တတိယ တွင် ကျောင်းတက်နေရသော်လည်း ာင်းပိတ်ရက်များတွင် အမေကို ပ်ကူညီလုပ်ကိုင်ပေးသည်။ ယခု မိုးတွင်းကာလတွင် လယ်ကွင်းထဲ ွန်လုံးနှိုက်၍ တစ်ဖက်တစ်လမ်းမှ ရှာပေးလေ့ရှိသည်။

ထိုနေ့က ကျောင်းပိတ်ရက်ဖြစ် ည့် အမေဖြစ်သူ ဒေါ်လုံးတင်က ဟင်း တောင်းရွက်၍ ဈေးလည်ရောင်းရန် သည်။

"အမေ••သား လယ်ကွင်းထဲ ွန်လုံးသွားနှိုက်ဦးမယ်"

သံချောင်းက အမေ့ကို အသိ သည်။

"အေး ••• အေး ••• ဂရု တစိုက်လုပ်နော်။ အဲဒီကွင်းက မြွေဆိုးပေါ တယ်။ စောစောပြန်လာခဲ့"

အမေက သား၏ချစ်ခြင်းဖြင့် မှာရှာသည်။

သံချောင်းသည် ပလိုင်းကို လွယ်၍ ရပ်ကွက်အနောက်ဘက် လယ် ကွင်းဆီသို့ ဦးတည်ထွက်လာခဲ့သည်။ ဒီ ကွင်းသည် သံချောင်းငယ်စဉ်ကတည်းက ကျင်လည်ခဲ့သောနေရာ ဖြစ်သည်။ ကြောက်ရွံ့စိတ်ကင်းစွာဖြင့် လယ် ကန်သင်းပေါ်ရှိ ပုစွန်လုံးကျင်းများကို နှိုက်သည်။ ရသည့်အခါလည်းရှိသည်။ မရသည့်အခါလည်း ရှိသည်။

ပုစွန်လုံးများ ပလိုင်းပြည့်လုနီး ပြီဖြစ်၍ သံချောင်း ပြန်ရန်ပြင်သည်။ ပြန်ရင်း ပုစွန်လုံးကျင်းတွေက နှိုက်သွား မည်ဟု စဉ်းစားလိုက်သည်။ ရေစွင် မိမိ နေသော ရပ်ကွက်အစွန်အနီးသို့ ရောက် ခါနီး ရေနောက်နေသော ပုစွန်လုံးကျင်း တစ်ကျင်းကို တွေ့လိုက်သည်။ ရေနောက် သောကျင်းများတွင် ပုစွန်လုံးရှိနေသည်ဲက များသည်။ သံချောင်းသည် ပလိုင်းကို အသာချ၍ ကျင်းထဲသို့ လက်ဖြင့်နှိုက်ချ လိုက်သည်။

"အား"

သံချောင်းလက်မှာ စစ်ကနဲ နာကျင်စွာ ခံစားလိုက်ရသဖြင့် လက်ကို အပေါ်သို့ ကမန်းကတန်းဆွဲတင်လိုက် သည်။ မြင်ကွင်းက အရုပ်ဆိုးလှသည်။ သံချောင်းမှာလည်း ထိတ်လန့်တုန်လှုပ် သွားတော့သည်။

မြွေဟောက်တစ်ကောင်သည် သံချောင်း၏လက်ခုံကိုခဲလျက် တွင်းအပြင် သို့ပါလာသည်ကို တွေ့လိုက်ရသော ကြောင့်ဖြစ်သည်။ သံချောင်းက လက်ကို ခါရမ်းလိုက်တော့မှ ကျပ်လုံးရှိသော မြွေ ဟောက်၏အစွယ်မှ လွတ်ထွက်သွားခဲ့ သည်။ သံချောင်းသည် သတိကြီးစွာဖြင့် ထိုမြွေကိုကြည့်လိုက်သည်။ ပါးပျဉ်ထောင် ၍ ဒေါသကြီးနေသော မြွေဟောက်တစ် ကောင်ဖြစ်ကြောင်း ပို၍ သေချာစွာ သိလိုက်ရတော့သည်။

×××



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လုံးတင် ဈေးရောင်းပြန်လာသည့်အထိ သံချောင်း အိမ်မရောက်သေးသဖြင့် အိမ်နီးနားချင်းများကို မေးကြည့်သည်။

"ကျွန်တော်လည်း မတွေ့မိဘူး အစ်မ။ အရင်ကဆို စောစောပြန်ရောက်နေတတ်တယ်။ ဒီနေ့ ဘာလို့ နောက်ကျနေသလဲမသိဘူး"

အိမ်နီးချင်း ဆိုက်ကားနင်းသူ မောင်ညိုက ပြောပြသည်။

"ငါလည်း စိတ်ပူတယ် မောင်ညိုရယ်။ ငါနဲ့ အဖော်လိုက်ခဲ့ပါနော်။ သံချောင်းကိုသွားရှာမှဖြစ်မယ်"

ဒေါ်လုံးတင်၏ အကူအညီတောင်းသဖြင့် နှစ်ဦးသား သံချောင်း သွားလေ့ရှိသော လယ်ကွင်းဘက်သို့ ထွက်လာခဲ့သည်။ ရှေ့လယ်ကန်သင်းရိုးပေါ်တွင် လဲကျနေသော သံချောင်းကိုတွေ့လိုက်ရသည်။ ဒေါ်လုံးတင်သည် ရှေ့သို့ပြေးထွက်သွားပြီး သံချောင်းကို ပွေ့ထူလိုက်သည်။ သံချောင်းမှာ မြွေဆိပ်တက်နေပြီဖြစ်သည်။

"သား ... ဘယ်လိုဖြစ်တာလဲကွယ်။ အမေ့ကို ပြောစမ်းပါဦး"

သံချောင်းမှာ သူ့အမေကိုကြည့်ပြီး စကားတစ်ခွန်းသာ ပြောနိုင်ပြီး သတိလစ်သွားတော့သည်။

မောင်ညိုသည် သံချောင်းကို ကျောပိုးလိုက်ပြီး ကရုဏာလုလင် အခမဲ့ဆေးခန်းသို့ပြေးသည်။ ဒေါ်လုံးတင်က သားဇောဖြင့် နောက်ကလိုက်ပါလာသည်။

ကရုဏာလုလင် အခမဲ့ဆေးခန်းရှိ တာဝန်ရှိသူများ လူနာ၏ အခြေအနေကို လေ့လာသုံးသပ်ပြီး ဟသ်ာတဆေးရုံကြီးသို့ တင်ပို့လိုက်ကြသည်။

"မြွေမရလိုက်ပေမဲ့ မြွေဟောက်ကိုက်တဲ့လက္ခဏာပေါ်ပါတယ်။ အခု ကျွန်တော်တို့ အဆိပ်ဖြေဆေး ထိုးပေးထားပါတယ်။ ဒါပေမဲ့ စိတ်မချသေးပါဘူး။ ဆေးရုံရောက်တာနောက် ကျတယ်။ လူနာရဲ့နှလုံးအထိ အဆိပ်





www.burmeseclassic.com

www.burmeseclassic.com

သွားတဲ့အတွက် နလုံးခုန်နှုန်းမရပ် အောင် လုပ်နေရတယ်။ ကျွန်တော်တို့ ကြည့်လို့မှ မထူးရင် ရန်ကုန် ဆေးရုံ ကြီးကိုပို့ရမယ်"

ဆရာဝန်မှ လူနာ၏ အခြေ အနေကို သေသေချာချာရှင်းပြသည်။

တစ်နာရီခန့် အကြာတွင် သံချောင်းကို ရန်ကုန်ဆေးရုံကြီးသို့ပို့မှ ရမည်ဖြစ်ကြောင်း ဆရာဝန်က ပြောပြ သည်။

သံချောင်းတို့ သားအမိမှာ ဆင်းရဲနွမ်းပါးကြသူများဖြစ်သဖြင့် ရန်ကုန် သို့ သွားနိုင်။ ဒီမှာတင် အသေခံရတော့ မည်ဖြစ်သည်။

ဆေးရုံပေါ်ရှိ လူနာများက သံချောင်းတို့သားအမိကို သနားသဖြင့် ငွေခန်းစုဆောင်းကူသိုလ်ယူကြရာ အတော်သောင်းခန့်ရခဲ့သည်။


"ကဲ . . . ဘယ်လိုလဲအခု ရန်ကုန်ဆေးရုံကြီးပို့ရင် အသက်ရှင်နိုင် မယ်တယ်လို့ ဆရာဝန်ကပြောတယ်"

ကရုဏာလုလင် အခမဲ့ နာရေး ကူညီမှုအဖွဲ့ဥက္ကဋ္ဌ ရဲအုပ်အောင်သန်း (ငြိမ်း) က ၎င်းအဖွဲ့ဝင်များကို ချက်ချင်း အစည်းအဝေးခေါ်၍ သံချောင်း၏ အခြေ အနေကိုချပြသည်။

"ဥက္ကဋ္ဌ သဘောတူရင် ကျွန်တော်တို့လည်း သဘောတူတယ်။ ဒါလုပ်သင့်တဲ့ ကူညီစောင့်ရှောက်မှုတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကယ်တင်ကြမယ်ဗျာ"

"ကဲ ... ဒါဆို ကျွန်တော်တို့ အခုကတည်းက စလုပ်ကြမယ်ဗျာ"

ဥက္ကဋ္ဌနှစ် စကားအဆုံး အဖွဲ့ ပိုင် လူနာတင်ယာဉ်ကို ချက်ချင်းပြင်ဆင် သည်။ ကရုဏာလုလင်အသင်းမှ နှစ်ဦး၊ ဆေးရုံမှာ ဆရာမနှစ်ဦးနှင့် ဒေါ်လုံးတင်တို့



လိုက်ပါလာကြမည်ဖြစ်သည်။

ကရုဏာလုလင် စာတမ်းပါ လူနာတင်ကားသည် ထိုအမှောင်ထုကို ခွင်းလျက် ဟသ်ာတမှ ရန်ကုန်ခရီးစဉ်ကို စတင်လိုက်တော့သည်။

လမ်းခရီးတစ်လျှောက် ဆရာမ နှစ်ဦးသည် သံချောင်း၏ နလုံးခုန်နှုန်း ရပ်မသွားစေရန် နလုံးနှိုးစက်ဖြင့် အဆက် မပြတ် ညှစ်ပေးနေရသည်။ ကရုဏာ လုလင် ဆေးအဖွဲ့မှလည်း ဆေးသွင်းပိုက် များ စနစ်တကျရှိရေးနှင့် လူနာအား အကဲ ခတ် ကြည့်ရှုလိုက်ပါလာခဲ့ကြရာ ရန်ကုန် သို့ လာသည်ကို သတိမပြုနိုင်ဘဲ ရှိနေခဲ့ သည်။

ရန်ကုန်ဆေးရုံကြီးအထိ သံချောင်းသည် အသက်ပါအောင် ယူဆောင်လာခဲ့ကြသော ကရုဏာလုလင် အဖွဲ့သားသည် ထိုအခါမှ စိတ်ကိုဒုန်းဒုန်း ချ၍ သက်ပြင်းကိုယ်စီရှိုက်လိုက်မိပါ သည်။

"ခင်ဗျားတို့ အချိန်မီရုံလေး ရောက်လာကြတာ ကံကောင်းတယ်။ ဒီ



www.burmeseclassic.com

www.burmeseclassic.com

လူနာရဲ့အသက်ကို ကျွန်တော်ကယ်တင်ပါ့မယ်။ ဘာမှ စိုးရိမ်မနေကြပါနဲ့"

ရန်ကုန်ဆေးရုံကြီးမှ ဆရာဝန်၏ စကားကြောင့် သံချောင်းကိုလိုက်ပို့ကြသူ အားလုံး ပင်ပန်းသမျှ ဝမ်းသာပီတိဖြစ်ခဲ့ရပါ၏။

"အခု သံချောင်းကို အထူးကြီးကြပ်ကုသမှုအဆောင်မှာထားတယ်။ နှလုံးခုန်စက်နှင့်အတူ တခြားရောဂါကု ကိရိယာတွေနဲ့ ကုသပေးနေပါတယ်။ ဘာမှ ငွေကြေးပေးစရာ မလိုပါဘူး။ သူ့အမေကိုထားခဲ့ပြီး ခင်ဗျားတို့ ပြန်နိုင်ကြပါပြီ"


ဆရာဝန်၏စကားကြောင့် ဟသ်ာတ လူနာပို့အဖွဲ့ အားရဝမ်းသာ ဖြစ်ခဲ့ရသည်။ ဟိုယခင်အချိန်များဆီက မကြားဖူးသော စကားများဖြစ်သည်။ ဩော်··ခေတ်စနစ်တွေ ဟကယ်ပြောင်းလဲခဲ့ပြီကိုးဟု ကရုဏာလုလင်အဖွဲ့သားများက ဝမ်းမြောက်ဝမ်းသာ ကျေနပ်စွာဖြင့် ဟသ်ာတသို့ ပြန်လာခဲ့ကြသည်။

"သား ··· ကန်တော့လိုက်။ အဲဒါ သားရဲ့ အသက်သခင် ကျေးဇူးရှင်တွေ"

တက္ကသိုလ်လမ်းသို့ရောက်ရှိလာပြီး သံချောင်းကို ကန်တော့စေသည်။

"အေးပါကွာ···သာဓု··· သာဓု···သာဓု ခေါ်ပါတယ်။ ဦးတို့ ကရုဏာလုလင်အဖွဲ့အနေနဲ့ အခုလို လူ့အသက်တစ်ချောင်းကို ကယ်တင်လိုက်နိုင်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒါ ဦးတို့အသင်းရဲ့ ရည်ရွယ်ချက်တွေ ဖြစ်ပါတယ်"

ကရုဏာလုလင် ဥက္ကဋ္ဌက သံချောင်းကိုကြည့်ပြီး ဝမ်းသာအားရ ဖြစ်စွာနှင့် ရင်ထဲက စကားသံများကို ရှင်းပြသည်။



"သားလည်း ကျောင်း တက်ပါ့မယ်။ စာကြိုးစားပါ့မယ် လို ကရုဏာရှင်တွေဖြစ်အောင် ရည်ရွယ်ချက်ထားရှိပါမယ်လို့ တယ်"

သံချောင်းတို့ သားအမိ ခွာသွားပြီးနောက် ဥက္ကဋ္ဌ ဦးအောင် တစ်ယောက် တွေးနေမိသည်။

"ဩော်···ငါတို့၏ တရားဖြင့် ဆောင်ရွက်ခဲ့သည့် အင်မတန်အဆိပ်ပြင်းတဲ့ မြွေဟော အံတုပြီး အနိုင်ယူခဲ့ရသည် မ လား"

ထိုအတွေးဖြင့် ကျေ အပြုံးဖြင့် ဟိုအဝေးဆီသို့ ငေး မိပါသတည်း။

မှတ်ချက်။ ဤဝတ္ထုဖြင့် ကရုဏာ နာရေးကူညီမှုအသင်းကို ကျေး ဂုဏ်ပြုအပ်ပါ၏။

ရဲရဲထွန်း(ဟ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

**လူသားအားလုံးသည် သာမန်လူချည်းသာဖြစ်၍ လူသာမန်ဖြစ်ကြောင်းကို သိသောသူသာလျှင် ထူးခြားသောလူဖြစ်ပေ၏။**

**(ချက်စတာတန်)**

ကျွန်ုပ်သည် ဝတ္ထုရေးဆရာမဟုတ်သဖြင့် စာရှုသူများ စိတ်ဝင်စားမည့် ဇာတ်လမ်း ဇာတ်ကွက်များကို ဖန်တီးရေးသားနိုင်စွမ်းမရှိပေ။ ကျွန်ုပ်က ပါးစပ်ဖြင့်ပြော၍ သားကြီး မောင်ပုံ့ချိုကို ရေးသားနိုင်းရသဖြင့် အရေးအသားများ ချို့ယွင်းကောင်း ချို့ယွင်းနေလိမ့်မည်ကိုလည်း ကျွန်ုပ်သိပါ၏။ သို့သော် ကျွန်ုပ်၏ဖြစ်စဉ်ဖြစ်ရပ်နှင့် ကျွန်ုပ်ကဲ့သို့ ပျော်ပျော်နေနည်းကို စာရှုသူများ သိစေခြင်းငှာ ဤစာကို ရေးသားစေခြင်းဖြစ်ပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဆရာကြီး ဦးပျော်ရွှင်ထံမှ မည်သို့သော အသိပညာများရခဲ့ပုံကို ဇာတ်လမ်း ဇာတ်ကွက်မဟုတ်သဖြင့် စာရှုသူများ ညည်းငွေ့နေမည်စိုးသောကြောင့် အပြည့်အစုံမပြောဘဲ အနည်းငယ်မျှသာ ပြောပြပါမည်။ သို့မှလည်း စာရှုသူများအနေဖြင့် ဆရာကြီး ဦးပျော်ရွှင်၏ အတွေးအခေါ်ခံယူချက်များကို သိကြသကဲ့သို့ ကျွန်ုပ်၏အကြောင်းကိုလည်း သိကြလိမ့်မည်ဖြစ်ပေ၏။

ကျွန်ုပ်သည် တစ်သက်နှင့်တစ်ကိုယ် ပထမဦးဆုံးအကြိမ်အဖြစ် ထိုညက ဆရာကြီး ဦးပျော်ရွှင်နှင့်အတူ သင်္ချိုင်းကြီးအလယ်ရှိ ဇရပ်အိုကြီးထဲတွင် အိပ်ရပုံအကြောင်းကို ဆက်လက်ပြောပြပါမည်။

ဆရာကြီး ဦးပျော်ရွှင်ထံမှ ပျော်ရွှင်မှုကိုလိုချင်လွန်းသဖြင့် တကောက်ကောက်လိုက်ပါခဲ့သော ကျွန်ုပ်သည် ထိုညက စိတ်ညစ်၊ စိတ်ပျက်ခြင်းဖြင့် ဦးစွာကြုံတွေ့ရပေတော့၏။

ကျွန်ုပ်သည် အခြေအနေမဲ့လူတစ်ယောက်ဖြစ်သော်လည်း အသန့်အပြန့်ကိုကြိုက်သူပီပီ အတတ်နိုင်ဆုံးသန့်သန့်ရှင်းရှင်း နေထိုင်စားသောက်တတ်သူလည်းဖြစ်ပေ၏။

ထိုညက သင်္ချိုင်းကြီး
အိပ်ရမည့်အတွက် ဦးစွာ စိတ်ည
ဖြစ်မိပေ၏။ သို့သော် ကျွန်ုပ်
ညည်းညူခြင်း မပြုခဲ့ပါပေ။ တ
နှစ်ရက်ခန့် ဦးပျော်ရွှင်နေသလို၊ ဦး
ရွှင်စားသလိုစားပြီး ၎င်းထံမှ ပျော်ရွှ
နည်းလမ်းကို ရ၊ မရ စောင့်ကြည့်
မရပါက ခွဲထွက်မည်ဟူသော ဆုံး
ချက်ကိုမူ ကျွန်ုပ် ယတိပြတ်ချထာ

ကျွန်ုပ်နှင့် ဦးပျော်
သင်္ချိုင်းဇရပ်အိုကြီးဆီ ရောက်
သောအခါ နေရောင်ပျောက်၍ အ
ဖုံးတော့မည်ဖြစ်၏။ အသုဘ
စားသောက်ပြီးသည့်နောက်ပိုင်းတွင်
မစားသောက်ရသေးသဖြင့် ဆာ
မွတ်သိပ်ခြင်းလည်းရှိနေပေပြီ။ ဦး
ကို မျက်ခြေမပြတ်ရန် 
တကောက်ကောက် လိုက်
ကြောင့် ဘာမှ ဝယ်မစားဖြစ်ခဲ့

ဦးပျော်ရွှင်သည် ဇ
ပေါ် ရောက်သည်နှင့် ဘေးပတ်
ကိုကြည့်ပြီး အသစ်စက်စက်



www.burmeseclassic.com

www.burmeseclassic.com

လုံးကို လက်ညှိုးထိုးပြကာ အောက်ပါ
တိုင်းပြောပေ၏။

"ဟိုအုတ်ဂူသစ်က သူဌေးကြီး
ပေါ်ကြွယ်ရဲ့ အုတ်ဂူပဲဖြစ်မယ်ကွ။
သယ်ကမရှိဘူး။ ဘယ်လောက်ချမ်းသာ
သူဌေးကြီးပဲဖြစ်ဖြစ် ဘယ်လောက်
သာနေတဲ့ သူတောင်းစားပဲဖြစ်ဖြစ် သေ
တော့လည်း မြေဩဇာဖြစ်ကြရတာပဲ။
ကြောင့် ရှိတိုင်းလည်း မမောက်မာနဲ့၊
တိုင်းလည်း အားမငယ်နဲ့။ ဘာမှမဖြဘူး။
လိုက်၊ ပျက်လိုက်နဲ့ သံသရာလည်နေ
။ မင်းလည်း အခုအခြေအနေမဲ့တဲ့
ဘဝမျိုး ရောက်နေပေမဲ့ တစ်နေ့မှာ
သူဌေးကြီးဖြစ်ချင်ဖြစ်လာမှာ။ အဲ . . .
ကံကောင်းဖို့တော့လိုတယ်။ ကံကောင်းဖို့
လိုတယ်ဆိုလို့ ငုတ်တုတ်ထိုင်နေပြီး ငွေ
ထုပ်ကြီးကျလာမှာ ထိုင်မျှော်နေလို့တော့
ဘယ်တော့မှ ရမှာဟုတ်ဘူး။ ကံဆိုတာက
အလုပ်၊ အလုပ်ကောင်းကောင်းလုပ်ဖို့
တော့ လိုတယ်။ ဉာဏ်နဲ့လည်း သုံးသပ်
နိုင်ရမယ်။ ဝီရိယလည်းထားရမယ်။
ဒါဆိုရင် သေချာပေါက် အကျိုးဖြစ်ထွန်း
လာမှာပဲ"

ဦးပျော်ရွှင်သည် ပြောလိုရာ
ပြောပြီးနောက် ဝသော ခန္ဓာကိုယ်ကြီး
ဖြင့် ကြမ်းပေါ်တွင် အိကနဲထိုင်လိုက်ပေ
တော့၏။ ကျွန်ုပ်လည်း ဦးပေါ်ကြွယ်၏
အုတ်ဂူကိုလည်းကောင်း၊ အခြား မြေပုံနှင့်
အုတ်ဂူများကိုလည်း စိတ်မသက်မသာ
ဖြင့် တစ်ချက်ကြည့်၍ ဦးပျော်ရွှင်နှင့်
မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်ပေ၏။



"ဟဲ . . . ဟဲ . . . ဟဲ . . .
ငါ့တောင် အတော်ဗိုက်ဆာနေပြီ။
မင်းလည်း ဆာနေမှာပဲ။ စားကြစို့"

ဟု ဦးပျော်ရွှင်ကပြောကာ
ယွန်းချိုင့်နှစ်ချိုင့်ကို ထုတ်လိုက်ပေ၏။
ထို့နောက် အသုဘအိမ်မှ တောင်းထား
သည့် ဝက်သားဟင်းနှင့် ချိုင့်ကို ကျွန်ုပ်
အား လှမ်းပေးကာ . . .

"ရော့ . . . ဒီချိုင့်ကို မင်းစား
ငါတော့ ညနေက တောင်းလို့ရလာတဲ့
ထမင်းကျန် ဟင်းကျန်တွေကိုပဲစားတော့
မယ်"

ဟုပြောလေ၏။

ကျွန်ုပ်သည် ဝက်သားဟင်း
ပါသော ထမင်းချိုင့်ကိုယူလိုက်သော်လည်း


www.burmeseclassic.com

www.burmeseclassic.com

ယွန်းချိုင့်မှာ ပုံ့ရွဲညစ်ပတ်နေသည်က တစ်ကြောင်း၊ လက်ဆေးရန် ရေမရှိသော ကြောင့်တစ်ကြောင်း ဗိုက်ဆာနေသော်လည်း စားရမှာ ရွံတွန့်တွန့်ဖြစ်နေမိပေ၏။ ကျွန်ုပ်သည် မွဲတေနေသော်လည်း အတတ်နိုင်ဆုံး သန့်သန့်ပြန့်ပြန့် ဘးသောက်တတ်သူဖြစ်လေရာ ယခုကဲ့သို့ ချိုင့်စုတ်နှင့် ဖြစ်ကတတ်ဆန်း စားရမှာ ခက်နေလေ၏။

ဦးပျော်ရွှင်ကမူ ညနေက တောင်း၍ရထားသော ထမင်းကျန် ဟင်းကျန်များကို ဒလပိုင်နယ်၍ ပလုပ်ပလောင်း မြိန်မြိန်ယှက်ယှက်ဖြင့် စားနေပေတော့၏။

ကျွန်ုပ်သည် ထမင်းကို လက်ဖြင့်ပင် မထိမိသေးဘဲ ဦးပျော်ရွှင်စားနေသည်ကိုကြည့်၍ အံ့ဩမိသလို၊ စိတ်မသက်မသာလည်း ဖြစ်နေမိပေ၏။ ဦးပျော်ရွှင်သည် တစ်ဝက်ကျိုးသည်အထိ ခေါင်းမဖော်ဘဲစားနေပြီးမှ ကျွန်ုပ်ကိုလည်းကောင်း၊ ကျွန်ုပ်လက်ထဲမှ ယွန်းချိုင့်ကိုလည်းကောင်းကြည့်၍ မျက်မှောင်ကြုတ်သွားကာ . . .

"ဟာ . . . မင်း မစားသေးဘူးလား။ ဘာဖြစ်လို့လဲ။ မဆာလို့လား။ အဲ . . . မင်းလည်း ငါ့နောက်တကောက်ကောက် လိုက်နေတာပဲ၊ ဆာနေမှာပါ။ ဆာနေတာများ စားလိုက်ပေါ့ကွာ။ ဘာဖြစ်လို့ မစားသေးတာလဲ။ ဩော် . . . သိပြီ သိပြီ လက်ဆေးဖို့ ရေမရှိလို့လား။ ငါ့ရဲ့ထမင်းချိုင့်က စုတ်ပဲ့နေလို့လား"

ဟု ပြောလေရာ ဟုတ်မှန်နေသဖြင့် ကျွန်ုပ်လည်း ဝန်ခံသည့်သဘောဖြင့် ဆိတ်ဆိတ်နေလိုက်မိပေ၏။

"ဟား ဟား ဟား ဟား"

ဦးပျော်ရွှင်က ဝသောခန္ဓာကိုယ်ကြီး သိမ့်သိမ့်တုန်အောင် ရယ်မောလိုက်ကာ ကျွန်ုပ်အား အောက်ပါအတိုင်း ပြောပေတော့၏။

"ပျော်ရွှင်ခြင်းကို လိုချင်ရင် ဒီလို ဇီဇာကြောင်လို့မရဘူးကွ။ ငါ ဗိုက်ဆာနေတယ်။ သူများပေးကမ်းတဲ့ ထမင်းကျန်ဟင်းကျန်ကိုစားတယ်။ ဆာနေတဲ့ အချိန်မှာ ကိုယ့်ဗိုက်ထဲ လိုအပ်တဲ့ အစာအာဟာရရောက်ဖို့ပဲ အရေးကြီး[illegible]တယ်။ ထမင်းကျန် ဟင်းကျန်လည်း အာဟာရကိုဖြစ်စေတာပဲကွ။ မင်းချိုင့်ထဲက ဝက်သားဟင်းနဲ့ ထမင်းက [illegible] ထမင်းကျန် ဟင်းကျန်ထက်တော့ [illegible] ပိုကောင်းလိမ့်မယ်။ သူဌေးကြီးရဲ့ ထ[illegible] ပွဲထက် ရှင်ဘုရင်ရဲ့ ထမင်းပွဲက ပို[illegible] လိမ့်မယ်။ ဒါပေမယ့် ဗိုက်ထဲရောက်[illegible] တော့လည်း အားလုံး အတူတူပါပဲ[illegible] ရွှေပန်းကန်နဲ့စားရမှ၊ ငွေပန်းကန်နဲ့စား[illegible] မဟုတ်ပါဘူး။ အုန်းမှုတ်ခွက်နဲ့ပဲစား[illegible] ဗိုက်ထဲကို ထမင်းရောက်ဖို့ပဲ အရေး[illegible] ပါတယ်။ အခု မင်းလည်း ဆေးဖို့[illegible]





www.burmeseclassic.com

www.burmeseclassic.com

ချိုင့်ကစုတ်ပဲ့နေလို့ စားရမှာ ရှက်ရွံ့နေတယ်။ ဘယ်လောက်များ စိတ်ဆင်းရဲစရာကောင်းသလဲ။ မင်း ဗိုက်ဆာနေတယ်။ ဒီမှာ ဝက်သားဟင်းနဲ့ ထမင်းကို စားနိုင်ဖို့ရှိနေတယ်။ ဒါပေမဲ့ မင်း နှိုက်စားရမှာ ရှက်နေတယ်။ ဒီအတွက် မင်း စိတ်ဆင်းရဲနေတယ်။ တကယ်တော့ စိတ်ဆင်းရဲမှုကို မင်း တမင်သက်သက် လုပ်ယူတာပဲ။ ဒါဆိုရင် ပျော်ရွှင်မှုကို မင်း ဘယ်လိုလုပ်ရတော့မှာလဲ။ လူတစ်ယောက်အတွက် စားဝတ်နေရေးဟာ အရေးကြီးဆုံးပဲ။ ဘယ်သူမဆို ကောင်းကောင်းစား။ ကောင်းကောင်းဝတ်၊ ကောင်းကောင်းနေချင်ကြတာချည်းပဲ။ ဒါပေမဲ့ သူတောင်းစားဟာ သူတောင်းစားလို နေတတ်၊ စားတတ်ဖို့ အရေးကြီးတယ်။ မစားတတ်၊ မနေတတ်ရင် စိတ်ဆင်းရဲမှာပဲ။ မင်းလည်း စိတ်ချမ်းသာချင်ရင် ပျော်ရွှင်အောင် စားတတ်အောင်စား။ နေတတ်အောင် နေရမယ်။ တောင့်တစိတ်၊ ကြောင့်ကြစိတ်ဟာ ကြံဖန်ပြီး စိတ်ညစ်အောင် ဖန်တီးတာနဲ့ အတူတူပဲ။ စားစမ်းပါကွ။ မင်း ဆာနေတဲ့အချိန်မှာ ဒီ ထမင်းနဲ့ မင်းဗိုက်ထဲရောက်သွားဖို့သာ အရေးကြီးပါတယ် စား ... စား"

ဦးပျော်ရွှင်ကလည်း ပြောဆိုဖျောင်းဖျ၍ အတင်းတိုက်တွန်းနေသည်ကတစ်ကြောင်း၊ ကျွန်ုပ်ကိုယ်တိုင်လည်း လွန်စွာ ဆာလောင်နေပြီဖြစ်၍တစ်ကြောင်း။ လက်ဆေးရန် ရေမရှိပါ သော်



လည်း စုတ်ပဲ့နေသောချိုင့်ထဲမှ ထမင်းကို ငုတ်မိုတ်၍ စားရလေတော့၏။

ဦးပျော်ရွှင်သည် ခေါင်းတညိတ်ညိတ် တပြုံးပြုံးဖြင့် ၎င်းချိုင့်ထဲမှ ထမင်းကျန် ဟင်းကျန်များကို ကုန်စင်အောင်စားနေပေတော့၏။ ထိုအခါ ကျွန်ုပ်ချိုင့်ထဲမှ ထမင်းနှင့်ဟင်းကို ကုန်စင်အောင်စားလိုက်ပေ၏။ ထိုအခါ ကျွန်ုပ်သည် ဆာလောင်မွတ်သိပ်ခြင်း ပျောက်သွားပြီး စိတ်ထဲတွင်လည်း ကြည်လင်လန်းဆန်း၍ လာပေ၏။

သို့သော် ထမင်းစားပြီး လက်ဆေးလိုသဖြင့် အနေရခက်နေလော ဦးပျော်ရွှင်က ကျွန်ုပ်ကို ပြုံး၍ကြည့်ပြီး

"ဘာလဲ လက်မဆေးရလို့ ရေကို တောင့်တစိတ်ဖြစ်နေပြန်ပြီလား။ မရှိတာကို မတောင့်တနဲ့လေကွာ။ ငါ့လိုပဲ အဝတ်တစ်ခုခုနဲ့သုတ်လိုက်စမ်းပါ။ ဒါဆို မင်းရဲ့ တောင့်တစိတ်ပျောက်သွားမယ်။ စိတ်ချမ်းသာသွားလိမ့်မယ်"

ဟု ပြောလေရာ ကျွန်ုပ်လည်း လွယ်အိတ်ထဲမှ ပုဆိုးစုတ်တစ်ထည်

www.burmeseclassic.com

ထုတ်၍လက်နှင့် ပါးစပ်ကို စင်ကြယ်သမျှ စင်ကြယ်သွားအောင်သုတ်လိုက်ရတော့၏။ ထိုအခါ ရေကိုတောင့်တနေသော ကျွန်ုပ်၏စိတ်လည်း အတော်ကြီး ပျောက်သွားလေတော့၏။

“ဟဲဟဲဟဲ··· ကဲ··· ဘယ်လောက်ဟန်ကျသလဲ။ ထမင်းမစားခင်က စိတ်ညစ်တာမျိုး ရှုံ့တွန့်တွန့်ဖြစ်တာမျိုး အခု မင်းဖြစ်သေးသလား။ ဘယ်ဖြစ်တော့မှာလဲကွာ မင်း ဝမ်းဗိုက်က လိုအပ်နေတဲ့အရာကို မင်းကဖြည့်ပေးလိုက်ပြီပဲ။ မင်းကသာ ခွက်ကိုရှုံ့လို့ လက်မဆေးရသေးလို့ မစားတော့ဘူးဆိုရင် ဗိုက်ဆာနေတဲ့အတွက် မင်းအများကြီး စိတ်ဆင်းရဲနေရဦးမယ်။ အခုတော့ မင်း ဗိုက်လည်းဝသွားပြီ။ မင်းလည်း စိတ်ချမ်းသာသွားပြီ။ စိတ်ချမ်းသာခြင်းဟာ ပျော်ရွှင်ခြင်းရဲ့ လှေကားထစ်ပဲကွ။ ပျော်ရွှင်ခြင်းကို လိုချင်ရင် နောင် ဒါမျိုးမဖြစ်စေနဲ့တော့”

ဟု ဦးပျော်ရွှင်ကရယ်၍ပြောလေ၏။

ထို့နောက် ဦးပျော်ရွှင်သည် ဝက်ကြီးတစ်ကောင် လှဲအိပ်လိုက်သကဲ့သို့ ဇရပ်ကြမ်းပြင်ပေါ် လှဲအိပ်လိုက်လေ၏။

×××

“မင်းလည်း အိပ်ချင်အိပ်ကွ။ ထိုင်ချင်လည်းထိုင်နေ။ အေး ··· ဦးပို တိတ်ဆိတ်တဲ့နေရာမျိုးမှာ တစ်ယောက်တည်း ထိုင်နေမယ်ဆိုရင် ဟိုစဉ်စား ဒီစဉ်းစားနဲ့ ဖြစ်တတ်တဲ့သဘာဝရှိတယ်။ အေး ··· မင်း ကောင်းကောင်းကြီး သတိထားရမှာက စဉ်းစားတဲ့အခါမှာ ကိုယ့်အကြောင်းကိုပဲ စဉ်းစားပေး။ သူများအကြောင်းကိုပဲ စဉ်းစားစဉ်းစား မကောင်းတာကို မစဉ်းစားနဲ့။ ကောင်းတာကိုပဲ စဉ်းစား။ ဒါမှ ပျော်ရွှင်ခြင်းကို မင်းရမှာ။ ငါတော့ ထမင်းဆိပ်တက်လာလို့ မှေးလိုက်ဦးမယ်”

ဟု ဦးပျော်ရွှင်က ပြောရင်း မျက်လုံးအစုံကို မှိတ်လိုက်လေ၏။ တခဏနှင့် ဦးပျော်ရွှင်သည် တခွီးခွီး တဝေါဝေါဟောက်လျက် အိပ်မောကျသွားပေတော့၏။

ကျွန်ုပ်သည် စကားခုံသည်
မကြာခင် နှစ်ခြိုက်စွာ အိပ်မောကျ
သော ဦးပျော်ရွှင်ကိုကြည့်လျက် လွန်
အံ့သြမိပေ၏။ အပူအပင် အကြော
အကျကင်းအောင် နေနိုင်စွမ်း
အမြဲတမ်း စိတ်ချမ်းသာအောင်နေ
သူဖြစ်ကြောင်း ပေါ်လွင်နေပေတော့

ဦးပျော်ရွှင်သည် အိပ်မော
သွားပြီး ကျွန်ုပ်တစ်ယောက်
ငုတ်တုတ်ကျန်နေသောအခါ စိတ်
တစ်မျိုးကြီးဖြစ်လာမိပေ၏။ အ
လာပြီဖြစ်၍ တိတ်ဆိတ်ငြိမ်သက်
နေသော သချိုင်းကြီးမှာလည်း
အတွက် ခြောက်ချားစရာဖြစ်နေ
ဘေးပတ်ဝန်းကျင်ကို ကြည့်
ခြောက်ချားဖွယ်ရာကောင်းသော
မြေပုံများကို မြင်မည်မှန်းသိ
ဘေးပတ်ဝန်းကျင်ကို မလုံမလဲ
ကြည့်မိပေ၏။

ကျွန်ုပ်သည် မြင်ဖူး
သော လူဆိုး လူမိုက်များကို



www.burmeseclassic.com

www.burmeseclassic.com

မှာမကြောက်ပါသော်လည်း၊ မမြင်ဘူး သော ပုံသဏ္ဌာန်မည်သို့ရှိလိမ့်မည်ဟု သိသော တစ္ဆေ၊ သရဲကိုမူ လွန်စွာ ကြောက်လန့်ပါ၏။ ဤသို့ ကြောက်လန့် ခြင်းမှာ ကျွန်ုပ်ငယ်စဉ်က နားထောင်ဖူး သော တစ္ဆေ၊ သရဲပုံပြင်များကြောင့်ဖြစ် ကြောင်း၊ နောင်အခါမှ ကျွန်ုပ်နားလည်မိ ၏။

ကောင်းကင်တွင် တိမ်ကင်းစင် ၍ ကြယ်ပွင့်ကလေးများ ဝင်းဝင်းလက် လက် တောက်ပနေလေရာ၊ ကြယ်များ၏ အရောင်ဖြင့် ကျွန်ုပ်သည် သချိုင်းမြေပုံ အုတ်ဂူများကိုလည်းကောင်း၊ လေ အတိုက်တွင် ယိမ်းထိုးလှုပ်ရှားသွားသော မည်းမည်း သစ်ပင်ကြီးများကိုလည်း ရေးရေး မြင်နေရလေ၏။ ထိုသို့မြင်ရ သော ကျွန်ုပ်၏စိတ်ကို ပို၍ ချောက်ချား စေပါ၏။ ကျွန်ုပ်၏စိတ် အာရုံထဲတွင် လည်း ကျွန်ုပ်မမြင်ဘူးသော်လည်း၊ ကျွန်ုပ် ကြားထားသည့် တစ္ဆေ သရဲ ပုံသဏ္ဌာန် အမျိုးမျိုးတို့ မြင်ယောင်လာမိပေ၏။

(ယခုအခါမှ ကျွန်ုပ်သည် ထို အဖြစ်ကိုတွေးပြီး ရယ်ချင်လာမိပေ၏။ မရှိသည်ကို အရှိထင်၍ မကြောက်သင့် သည်ကို မိမိဘာသာဖန်တီး၍ ကြောက် ခဲ့ခြင်းဖြစ်ကြောင်း ယခုအခါ ကျွန်ုပ် သိနေ လေပြီ။)

ကျွန်ုပ်၏ စိတ်အာရုံထဲတွင် ကျွန်ုပ်ကိုယ်တိုင် ဖန်တီးသော တစ္ဆေ၊ သရဲများကို မြင်ယောင်လာသောအခါ ပို၍ တုန်လှုပ်ချောက်ချားလာတော့၏။ နှစ်ခြိုက် စွာ အိပ်မောကျနေသော ဦးပျော်ရွှင်အား နှိုးလိုက်ကကောင်းလေမည်လားဟု တွေး



မိသေး၏။ သို့သော် ကျွန်ုပ် သူ့ရဲသော ကြောင်ကြောင်းကို ဦးပျော်ရွှင် မသိစေ လိုသဖြင့် မနှိုးရဲပါပေ။ တစ္ဆေ၊ သရဲ အကြောင်းကို တွေးနေသော ကျွန်ုပ်၏ စိတ်အာရုံကိုသာ အခြား အာရုံတစ်ခုခု ဆီသို့ပြောင်းရန် ကြိုးစားရပေတော့၏။ ဦးပျော်ရွှင် အိပ်ပျော်ခါနီး မှာကြားသွား သောစကားကို ကြားယောင်လိုက်မိသဖြင့် လည်း အခြားသူအကြောင်းကို ကျွန်ုပ် မတွေးချင်ပါပေ။ ကျွန်ုပ်အကြောင်းကိုပဲ ကျွန်ုပ်တွေးရပေလိမ့်မည်။

ဦးပျော်ရွှင်က မည်သူ့ အကြောင်းကိုပဲတွေးတွေး စိတ်ညစ်စရာ များကို မတွေးပါနှင့်ဟု မှာကြားထား သော်လည်း ကျွန်ုပ်အကြောင်းကို တွေး မည်ဆိုလျှင် စိတ်ပျော်စရာ၊ စိတ်ချမ်းသာ စရာများထက် စိတ်ညစ်စရာ၊ ခံပြင်းစရာ၊ ဒေါသဖြစ်စရာ၊ နာကျည်း ကြေကွဲဖွယ်ရာ များသာ ပို၍များပေလိမ့်မည်။

သို့သော် ကျွန်ုပ်သည် မိမိ အကြောင်းကိုပဲ တွေးလိုက်မိပေ၏။

**ရွှေလဆက်ရှင်**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

မိတ္ထီလာမြို့ရဲ့ ပူပြင်းတဲ့အညာ
ခုရဲ့မှတ်လမှာ ၁၀ တန်းဖြေဆိုခဲ့တဲ့
တင်နောင်တစ်ယောက် ၁၀ တန်း
ပွဲအောင်စာရင်းထွက်လာတဲ့ ဌလိုင်
မှာ အလွန်ပျော်ရွှင်နေခဲ့ပါတယ်။
လို့လဲဆိုတော့ ဂုဏ်ထူးတစ်ခုထွက်ပြီး
အောင်မြင်ခဲ့လို့ပါဘဲ။ (၅) နှစ်သားမှာ
ကွယ်လွန်ခဲ့ပြီး မိခင်ရဲ့အုပ်ထိန်းမှု
က်မှာ ကြီးပြင်းခဲ့ရသူဖြစ်တော့ မိခင်
ဆုံးမ သွန်သင်မှုနဲ့အတူ ကြိုးစားရင်း
၁၀ တန်းစာမေးပွဲကို အောင်မြင်ခဲ့ရပါ
။ မောင်တင်နောင် ၁၀ တန်းအောင်
တော့ ရှေ့ဆက်လျှောက်လှမ်းရမယ့်
ကို အိမ်ရှေ့ရှိခုံတန်းမှာ စဥ်းစားနေပါ
။ အဲဒီအချိန်မှာ သူ့ရဲ့သူငယ်ချင်း
ဖြစ်တဲ့ ကျော်စိုးမင်း၊ ရီရီမြင့်နဲ့ ခင်ခင်
တို့ဟာ သူ့ထံကိုရောက်ရှိလာကြ
။ သူငယ်ချင်း (၄) ဦးဟာ မိတ္ထီလာ
အ.ထ.က-၁ မှာ ၅ တန်းကနေ
တွဲနဲ့ အတူတူကျောင်းတက်ခဲ့ကြ
မောင်နှမများသဖွယ် ရင်းနှီးကြသူ
ဖြစ်ကြပါတယ်။ ပိုပြီးရင်းနှီးကြတဲ့
သူတွေကတော့ မောင်တင်နောင်နဲ့ ခင်ခင်
ထွေးတို့ပါပဲ။ ခင်ခင်ထွေးတို့ မိဘတွေနဲ့
မောင်တင်နောင်တို့ မိဘတွေဟာ တစ်
ရပ်ကွက်ထဲမှာ အတူတူနေထိုင်ကြပြီး
ငယ်သူငယ်ချင်းများပဲ ဖြစ်ကြပါတယ်။
ကျော်စိုးမင်းနဲ့ ရီရီမြင့်တို့ကတော့ တခြား
ရပ်ကွက်မှာနေကြတဲ့သူတွေဖြစ်ပေမဲ့
ကျောင်းတစ်ကျောင်းတည်း အတူတက်ကြ
ပြီး အတန်းအတူတူအောင်လာကြတာ
ယခု ၁၀ တန်းအောင်တဲ့အထိပဲဖြစ်ပါတယ်။

မောင်တင်နောင်ဟာ အိမ်
အရှေ့ဘက် ခုံတန်းရှည်ပေါ်မှာ ထိုင်နေ
တာကို မြင်ထဲဝင်လာတဲ့ သူငယ်ချင်း (၃)
ဦးထဲက ခင်ခင်ထွေးကစတင်ပြီး ...

"ကိုနောင် ဘာတွေစဥ်းစားနေ
တာလဲ။ ထွေးတို့ ဝင်လာကတည်းက
ကြည့်နေတာ။ ငြိမ်နေတာပဲ"

လို့ အသံပြုလိုက်တော့
မောင်တင်နောင်က ...

"၁၀ တန်းအောင်ပြီးတော့
ကျောင်းဆက်တက်ရမှာလား။ အလုပ်လုပ်
ရမှာလားလို့ စဥ်းစားနေတာပါ ထွေးရာ။
နင်တို့ကရော ဘာလုပ်ကြမှာလဲ"

ဟုပြန်ပြောလိုက်တော့ ကျော်
စိုးမင်းက ...

"ငါတို့တွေ တက္ကသိုလ်ဆက်
တက်မယ် ကိုနောင်။ အားလုံးလည်း
တိုင်ပင်ပြီးမှ မင်းဆီကိုလာကြတာ။
မင်းရော တက်မယ်မဟုတ်လား ဟင်"

မောင်တင်နောင်တစ်ယောက်
ကျော်စိုးမင်းရဲ့စကားသံနဲ့အတူ ခေတ္တ
ငြိမ်သက်သွားပါတယ်။ ပြီးမှ သူငယ်ချင်း
များကို ...

"မင်းတို့က တက္ကသိုလ် ဆက်
တက်ကြတာ အဆင်ပြေကြမှာပါ။ ငါ့မှာ
သာ အမေက အသက်အရွယ်ရလာတော့
မှ ကျန်းမာရေးက တစ်ခါတစ်ခါ ဖောက်
လာတယ်။ ဈေးရောင်းရတာလည်း သိတဲ့
အတိုင်းပဲ၊ အလုပ်လုပ်မှသာ အမေ့ကို
ပြန်စောင့်ရှောက်နိုင်မှာဖြစ်လို့ အဝေးသင်
ပဲ တက်တော့မလို့ ဆုံးဖြတ်ထားတယ်"

လို့ ပြောလိုက်ပါတယ်။

ခင်ခင်ထွေးက ...

"ကိုနောင်ကလည်း ...


www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်တက်တာ...ထူးပြီးကုန်တာမှ မဟုတ်တာ ကိုယ့်မြို့ကိုတက်ရတာပဲ။ အခု ထွေးတို့မြို့မှာ ဒေသကောလိပ် ဖွင့်ထားပြီးပြီပဲ။ ပြီးမှ တက္ကသိုလ်ကို ဆက်သွားရမှာလေ။ ကိုနောင့်အစ်မတွေလည်း ထောက်ပံ့ကြမှာပါ"

မောင်တင်နောင်က ...

"ထွေး မသိပါဘူးဟာ။ အစ်မတွေလည်း သူ့အိမ်ထောင်နဲ့သူ ဖြစ်နေတော့ ဒုက္ခမပေးပါရချင်ဘူး"

မောင်တင်နောင်မှာ မွေးချင်း အစ်မ (၂) ယောက်နဲ့ အစ်ကို (၁) ယောက်ရှိပါတယ်။ အစ်မ (၂) ဦးက အိမ်ထောင်ခွဲသွားသလို၊ အစ်ကိုဖြစ်သူကလည်း ရဟန်းပြုပြီး ဆက်သွယ်မရဘဲ ဖြစ်နေတာကို ပြောနေတာပဲဖြစ်ပါတယ်။

မောင်တင်နောင်က ...

"ငါလည်း နင်တို့ဒွေနဲ့အတူတူ တက္ကသိုလ်တက်ချင်တာပေါ့"

"ဒါပေမဲ့ နင်တို့လို မိဘ စုံစုံလင်လင်နဲ့ဆိုရင် ကိစ္စမရှိဘူး။ တက်နေရင်းမှ တစ်ဝက်တစ်ပျက်နဲ့ ဟိုလည်းမရောက်၊ ဒီလည်းမရောက်နဲ့ အမေပါ ဒုက္ခရောက်မှာစိုးလို့ပါ။ အဝေးသင်နဲ့ဘွဲ့ရပြီးလည်း ငါ ကြိုးစားမှာပါဟာ။ လူဆိုတာ ကြိုးစားရင် မဖြစ်နိုင်တာ မရှိပါဘူး"

လို့ ပြန်ပြောလိုက်ပါတယ်။

ကျော်စိုးမင်းတို့ သူငယ်ချင်း (၃) ဦးကလည်း မောင်တင်နောင်ကို ပြောမရတာနဲ့ နှုတ်ဆက်ပြီး ပြန်သွားကြပါတယ်။

တက္ကသိုလ်တွေဖွင့်ကြတော့ ရည်မှန်းထားတဲ့အတိုင်း မောင်တင်နောင်ရဲ့ သူငယ်ချင်း (၃) ဦးက ဒေသကောလိပ်ကို တက်ရောက်ပြီး မောင်တင်နောင်ကတော့ အဝေးသင်တက်ရင်းနဲ့ မိခင်



ဈေးရောင်းတဲ့အလုပ်ကို ဝင်လုပ်... အားတဲ့အချိန်မှာ အိမ်ပတ်ဝန်းကျင်... တဲ့ (ဂ) တန်းကျောင်းသူ၊ ကျောင်း... များကို စာသင်ပေးတဲ့အလုပ်ကို လုပ်... ပါတယ်။ မောင်တင်နောင် ဒုတိ... ဖြေပြီးတဲ့အချိန်မှာ သူ့မိခင်ကိုခွင့်... ပြီး တပ်မတော် (လေ) ထဲကို ဝင်... သွားပါတော့တယ်။ တပ်မတော် (... မှာ အခြေခံစစ်သင်တန်းဆင်းပြီး ... ခွင့်သင်တန်း (၁) နှစ်ခန့် ဆက်တ... တဲ့နောက်မှာ မိတ္ထီလာမြို့နယ်ထဲ... လေကြောင်းအတတ်သင် (လေ) ... တာဝန်ချထားခြင်း ခံရပါတယ်။ ... နောင်ဟာ တပ်ထဲကိုဝင်ပြီးတော့ ... နှစ်နဲ့ ပညာရေးကို ရပ်ထားရမှ... "အဝေးသင်" ကို တတိယနှစ်မှ ... တက်ရောက်ပါတယ်။ သူ့ သူငယ်... (၃) ဦးကလည်း သူ့ တတိယနှစ်... နေဆဲမှာပဲ အသီးသီး ဘွဲ့ရရှိသွား... သူ့နဲ့ ခင်ခင်ထွေးတို့ကလည်း ချစ်... ဖြစ်ခဲ့ကြပါတော့တယ်။

မောင်တင်နောင်ဟာ...



www.burmeseclassic.com

www.burmeseclassic.com

...စဥ်မှာ ခင်ခင်ထွေးကို စာဆက်သွယ်
... ချစ်ခွင့်ပန်ခဲ့ကာ ငယ်သူငယ်ချင်း
...ဟောဇဥ်နဲ့ ခင်ခင်ထွေးကလည်း
...ယ်ခြင်းမရှိဘဲ မိဘတွေကိုပါ အသိ
...ထားခဲ့လို့ မိဘများကလည်း သဘော
...တဲ့အထိ ရှိနေခဲ့တာမို့ အလွန်ပျော်
...ကောင်းတဲ့ ဘဝတစ်ခုပဲပေါ့။ မောင်
...နောင်ဟာ ချစ်သူနဲ့ အဆက်အသွယ်
...ကျ်ရှိနေပြီးတော့ ချစ်သက်တမ်း (၂)
...ပြည့်တဲ့အချိန်မှာ ဘွဲ့ရှိခဲ့ပါတယ်။
...ကို အရှုံးမပေးဘဲ တိုးတက်လိုတဲ့
...င်တင်နောင်ဟာ "ဘွဲ့ရ တပ်မတော်
...လောင်း" ခေါ်တဲ့အချိန်မှာ ဝင်ရောက်
...ဆိုအောင်မြင်ခဲ့ပြီး မော်ဘီမြို့မှာဖွင့်တဲ့
...သင်တန်းကျောင်းကို တက်ရောက်
...တယ်။ သူ့ချစ်သူ ခင်ခင်ထွေးကလည်း
...တို့မြို့မှာပဲ "အလယ်တန်းပြဆရာမ"
...ဖြစ်နဲ့ အလုပ်ဝင်ရောက်ခဲ့ပါတယ်။
...ချစ်သူနှစ်ဦးတော့ စာနဲ့သာ အဆက်
အသွယ်မပြတ် ဆက်သွယ်ရင်း ဘဝ
...ရေးကို အပြန်အလှန် ရေးသားလျက်
...ပါတယ်။ မောင်တင်နောင်ဟာ ဗိုလ်
သင်တန်းကို (၁၀) လတာမျှတက်ရောက်
သင်ကြားအောင်မြင်ပြီးတဲ့နောက်မှာတော့
ကရင်ပြည်နယ်ဖက်မှာရှိတဲ့ ခြေမြန်
တပ်ရင်းတစ်ရင်းကို တာဝန်ချထားခြင်း
ခံရပါတယ်။ မောင်တင်နောင်တို့ ကျောင်း
ဆင်းတဲ့ကာလမှာ စစ်ဆင်ရေးက အရေး
ကြီးနေတာမို့ ချစ်သူထံကိုသွားရောက်
နှုတ်ဆက်ချိန်တောင်မရဘဲ တပ်ရင်းရှိရာ
သထုံမြို့ကို အမြန်ဆုံးပဲ သွားရောက်ခဲ့ပါ
တယ်။

တပ်မတော်အရာရှိငယ်ဘဝနဲ့ တပ်ကိုရောက်ပြီး မကြာခင်မှာဘဲ စစ်ဆင်ရေးထွက်နေတဲ့ ရှေ့တန်းတပ်ရင်းရှိရာကို ဒုဗိုလ်တင်နောင် လိုက်ပါသွားရပါတယ်။



ရှေ့တန်းတပ်ရင်းရောက်တော့ တပ်ရင်းမှူးထံ သတင်းပို့ပြီးတဲ့အခါ တပ်ခွဲ (၁) မှာ တာဝန်ပေးထားခြင်းခံရပါတယ်။ တပ်ခွဲ (၁) မှာ ဒုဗိုလ်တင်နောင်ရဲ့ရှေ့က (၂) လလောက်စောပြီး ရောက်ရှိနေတဲ့ ဒုဗိုလ်မင်းကိုကိုနဲ့ ဒုဗိုလ်အေးလွင်တို့ကို တွေ့ဆုံခဲ့ရပါတယ်။ တပ်မတော်သား ညီအစ်ကိုတွေရဲ့ ချစ်ခင်ရင်းနှီးမှုဟာ မောင်နှမ၊ ချစ်သူတွေထက် အများကြီး သာပါတယ်။ ရှေ့တန်းမှာ အရာရှိ စစ်သည်အားလုံးဟာ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ရင်း တစ်ဦးနဲ့တစ်ဦး အသက်ပေးကာကွယ်ကြရပါတယ်။ ညီအစ်ကို မောင်နှမတွေကျတော့ ဒီလောက်အထိ လေးနက်မှုရှိချင်မှ ရှိနိုင်မှာ မဟုတ်ပါလား။ ဒုဗိုလ်တင်နောင်နဲ့ ဒုဗိုလ်မင်းကိုကို၊ ဒုဗိုလ်အေးလွင်တို့ဟာ ကျောင်းဆင်းတဲ့နှစ် တစ်နှစ်ထဲဖြစ်တာမို့ အခြားသူတွေထက် ပိုရင်းနှီးကြပါတယ်။ ရှေ့တန်းမှ ပြန်လာပြီး တပ်ရင်းရောက်တော့လည်း အခန်းတစ်ခန်းထဲမှာ (၃) ဦး စုပေါင်းနေထိုင်ကြပါတယ်။ ကျေး


www.burmeseclassic.com

www.burmeseclassic.com

ခင်းပြီး တစ်နှစ်ပြည့်တဲ့အခါ အဆင့်တိုးမြှင့်ခဲ့ကြပါတယ်။

ဗိုလ်တင်နောင်ဟာ သူချစ်သူ ခင်ခင်ထွေးကို အဆက်အသွယ်မပြတ် စာရေးသားရင်း ဗိုလ်ကြီးအဆင့် တိုးမြှင့်ပြီးရင် လက်ထပ်ဖို့ ပြောလိုက်ပါတယ်။ ဆရာမ ခင်ခင်ထွေးမိဘနဲ့ သူ့မိခင်ကလည်း သဘောတူကြောင်း ဆရာမ ခင်ခင်ထွေးဆီက စာပြန်လာတော့ သူ့မှာ ပျော်တပြုံးပြုံးနဲ့ပေါ့။ ဗိုလ်တင်နောင်ဟာ နောက်တန်းမှာ တစ်လပဲနားပြီး စစ်ဆင်ရေးတာဝန်ကို ကရင်ပြည်နယ် ရှေ့တန်းသို့ ဆက်လက်၍ တာဝန်ထမ်းဆောင်ရပါတယ်။ ရှေ့တန်းမှာ စစ်ဆင်ရေးတာဝန် ထမ်းဆောင်စဉ်မှာ ဗိုလ်တင်နောင်တို့ တပ်ဟာ "ကော့မူးရာ" ခေါ်တဲ့ ဝါးခသစ်စခန်းကို တိုက်ခိုက်ဖို့ တာဝန်ပေးအပ်ခံရပါတယ်။ တပ်မတော်သားများဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ပေးအပ်လာတဲ့ တာဝန်အား အသက်ကိုပဓာနမထားဘဲ ကျေပွန်စွာ ထမ်းဆောင်ကြသူများပီပီ "ကော့မူးရာ" စခန်းကို တိုက်ခိုက်ခဲ့ကြပါတယ်။ တိုက်ပွဲမှာ ဗိုလ်မင်းကိုကို၊ ဗိုလ်အေးလွင်နဲ့ ဗိုလ်တင်နောင်ပါ ဒဏ်ရာအသီးသီးရခဲ့ကြပါတယ်။ ဗိုလ်မင်းကိုကိုကတော့ ရင်ဘတ်ကိုထိထားပြီး စိုးရိမ်ဖွယ်ရာ ဒဏ်ရာနဲ့ဖြစ်ပါတယ်။ ရှေ့တန်းနဲ့ဘေးလွတ်ရာဆေးခန်းမှ (၃) ဦးသား ဒဏ်ရာနဲ့ဖြစ်နေတဲ့အချိန်မှာ ဗိုလ်မင်းကိုကိုကတော့ သတိရတစ်ချက်၊ မရတစ်ချက်နဲ့ ဖြစ်နေပြီးတော့မှ သတိကောင်းကောင်းရပြီး စကားအနည်းငယ် ပြောလာနိုင်ပါတယ်။ ဗိုလ်အေးလွင်က ဝမ်းဗိုက်မှာ ဒဏ်ရာရပြီးတော့ ဗိုလ်တင်နောင်က ဦးခေါင်းနဲ့ ဝမ်းဗိုက်ကိုရုပ်ထိထားတာမို့ အသက်အန္တရာယ် စိုးရိမ်စရာမရှိတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ လမ်းလျှောက်နိုင်သေးတဲ့ ဗိုလ်တင်နောင်က ဗိုလ်မင်းကိုကို ကို သွားရောက်ပြုစုပေးပါတယ်။ ဗိုလ်မင်းကိုကို ကောင်းကောင်းသတိရတော့ ဗိုလ်တင်နောင်ကို စကားပြောလာပါတယ်။ ဗိုလ်မင်းကိုကိုက...

"သူငယ်ချင်းရယ် ငါက အခုသတိရပေမဲ့ ဒဏ်ရာက သိပ်စိတ်မချရတာ မဟုတ်ဘူး။ အချိန်မရွေး သေ[illegible] နိုင်တယ်။ မသေခင် ပြောပြီး အ[illegible] အညီတောင်းချင်တယ်။ လုပ်ပေး[illegible] ကတိပေးပါ"

လို့ ပြောတော့ ဗိုလ်တင်[illegible] က...

"မင်းကိုကိုရာ မင်းက [illegible] ကောင်းလို့ပဲ စကားတောင်ပြောနေ[illegible] မကြာခင် ငါတို့တွေ နောက်တ[illegible] ပြန်ရောက်ရင် ဆေးရုံမှာကောင်း[illegible] မွန်မွန် ကုသနိုင်မှာပါကွ။ အား[illegible] ထားစမ်းပါ"

လို့ ပြောတော့ ဗိုလ်မ[illegible] ကိုက ...

"သူငယ်ချင်း ငါ့အခြေအ[illegible] ငါအသိဆုံးပါ။ ငါသေရမှာ မကြော[illegible] ဘူး။ စိတ်ပူတာက ကျန်ရစ်ခဲ့ရမယ့် အမေနဲ့ညီမလေးပဲ။ ညီမဆို [illegible] တက္ကသိုလ်တက်နေဆဲ။ အဖေ[illegible] ရှိသေးတာမဟုတ်ဘူး။ နှစ်ဦးစလုံး[illegible] ကို အားကိုးနေတာလေ။ ငါ[illegible] ဘယ်သူ့ကို သွားအားကိုးရမယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပူတာပါကွာ"

လို့ပြောတာကို ဗိုလ်တင်နောင်

...

"မင်းကလည်း မကြာခင်
ကောင်းသွားမှာပါ။ မင်းရဲ့အမေနဲ့
လေးက ငါတို့ရဲ့အမေနဲ့ ညီမလေးပဲ
ငါတို့တွေက အသက်ပေးထားတဲ့
ယ်ချင်းတွေလေ။ မင်းမေ့နေပြီလား"

ဗိုလ်မင်းကိုကိုဟာ ဗိုလ်တင်
င်ပြောတဲ့စကားကို နားထောင်ပြီး
နေပါတယ်။ ပြီးတော့မှ...

"မင်း ငါ့ကို ကတိတစ်ခုပေး
ား သူငယ်ချင်း။ ပေးနိုင်မှ ပေးနော်။
ဘဝနဲ့ပါဆိုင်တယ်"

လို့ပြောတော့ ဗိုလ်တင်နောင်
ဗိုလ်မင်းကိုကို ကို တွေတွေလေး
ကြည့်နေပါတယ်။ စိတ်ထဲမှာလည်း သူ
တွေပြောနေတာလဲပေါ့။ ပြီးမှ ...

"ပြောပါဦး မင်းကို ဘာကတိ
ရမှာလဲ"


ဆိုတော့ ဗိုလ်မင်းကိုကိုက..

"ငါများသေသွားခဲ့ရင် ငါ့အမေကို စောင့်ရှောက်ဖို့ ငါ့ညီမလေးကို လက်ထပ်ပါ့မယ် ဆိုတဲ့ကတိပါပဲ"

ဗိုလ်တင်နောင် တွေတွေလေး ဖြစ်သွားပါတယ်။ သူ့မှာ ရည်ရွယ်ထားသူ ရှိနေတာကို ပြောပြရင်ကောင်းမလား။ ကတိမပေးရင် ကောင်းမှာလား စဉ်းစားနေချိန်မှာပဲ ဗိုလ်မင်းကိုကိုက...

"မင်း ကတိမပေးနိုင်ဘူး မဟုတ်လား။ အဲဒါကြောင့် ငါပြောတာပေါ့။ မင်းဘဝနဲ့ပါဆိုင်တယ်လို့လေ"

ဗိုလ်တင်နောင်ဟာ သူငယ်ချင်း မျက်နှာကိုကြည့်ပြီး ဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။



"မင်းကိုကိုရာ မင်းတောင်းတဲ့ကတိကို ငါပေးပါတယ်။ ငါတို့ဟာ တပ်မတော်သား ညီအစ်ကိုတွေပဲ။ မင်းအမေနဲ့ညီမကို စောင့်ရှောက်ဖို့ ငါ့တာဝန်ထားပါကွာ။ မင်း နေကောင်းဖို့ကိုသာ ဂရုစိုက်ဟုတ်လား"

ပြောလိုက်ရော ဗိုလ်မင်းကိုကိုဟာ...

"ဝမ်းသာလိုက်တာ သူငယ်ချင်းရာ အဲဒါမှ ငါ နောက်ဆံမတင်းမှာ"

လို့ ဘာအဓိပ္ပာယ်နှင့် ပြောလိုက်သည်ကို ဗိုလ်တင်နောင်တစ်ယောက် မရိပ်စားမိဘဲ သူ့ ခုတင်ကို ပြန်သွားပြီး အိပ်ရာပေါ်မှာ ခွေတွေလှဲနေလိုက်တော့တယ်။

နောက်တစ်နေ့ မနက် (၆) နာရီချိန်လောက်မှာ ဆေးလိုက်ထည့်ပေးတဲ့ ဆေးမှူးရဲ့ခေါ်သံကြားတော့ ဗိုလ်တင်နောင်တို့တွေ ဗိုလ်မင်းကိုကို ခုတင်ကို ရောက်ရှိတဲ့အချိန်မှာ ဗိုလ်မင်းကိုကိုဟာ တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ပြီး ဖြစ်နေပါပြီ။ အမေနဲ့ညီမအတွက်

www.burmeseclassic.com

လည်း ဗိုလ်တင်နောင်ကို စိတ်ချလက်ချ အပ်နှံသွားခဲ့ပါတယ်။ ဗိုလ်တင်နောင်တို့ တပ်ရင်းနောက်တန်းကို ပြန်ရောက်တော့ တိုက်ပွဲမှာကျဆုံးခဲ့တဲ့ အရာရှိ စစ်သည်များနဲ့ သက်ဆိုင်တဲ့ မိသားစု၊ ဇနီးများက တပ်ကိုရောက်လာကြပါတယ်။ ဗိုလ်ကင်နောင်ဟာ ဗိုလ်မင်းကိုကိုရဲ့ မိခင်နဲ့ညီမကို တွေ့ဆုံအားပေးပါတယ်။ ပြီးတော့ ဗိုလ်မင်းကိုကို ကို ကတိပေးခဲ့တဲ့အတိုင်း သူစောင့်ရှောက်ပါ့မယ်ဆိုပြီး ပြောလိုက်ပါတယ်။ နာရေးကိစ္စပြီးတော့ ဗိုလ်မင်းကိုကိုရဲ့ အမေနဲ့ညီမတို့ ရန်ကုန်ကို ပြန်သွားကြပါတယ်။ ဗိုလ်တင်နောင်လည်း သူ့ရဲ့ ဖြစ်စဉ်ကို သူချစ်သူ ခင်ခင်ထွေးကို စာရေးရင်း ဖွင့်ပြောလိုက်ပါတယ်။ သူ့မှာ အပြစ်ရှိတဲ့အကြောင်းနဲ့ သူ့ကိုမေ့ထားလိုက်ဖို့အကြောင်းပေါ့။ နောက်တော့ စာအဆက်အသွယ် လုံးဝမရှိကြတော့ပါဘူး။ ဗိုလ်မင်းကိုကိုရဲ့ညီမ ဘွဲ့ရပြီးတဲ့အခါမှာတော့ ဗိုလ်ကြီးတင်နောင်နဲ့ လက်ထပ်လိုက်ကြပါတယ်။ ဆရာမ ဒေါ်ခင်ခင်ထွေးလည်း အချစ်ဒဏ်ရာကို ကုစားဖို့ စေယိုရာစေပို့ဖို့အတွက် သူ့ဌာနကို လျှောက်ထားလိုက်ပါတယ်။ သူ့ဌာနက သူ့ကို တနင်္သာရီတိုင်းဘက်ကို တာဝန်ချထားပေးလိုက်တဲ့အတွက် တနင်္သာရီတိုင်းမှာပဲ တာဝန်ကျရင်း ရာထူးတွေ အဆင့်ဆင့်တိုးပြီး မြိတ်မြို့ အ.ထ.က - (၂) ကို ကျောင်းအုပ်ရာထူးနဲ့ ရောက်ရှိခဲ့ပါတယ်။

နှစ်တွေတစ်နှစ်ပြီးတစ်နှစ် ပြောင်းလဲလာသလို ဗိုလ်တင်နောင်ဟာလည်း ဒုတပ်ရင်းမှူးရာထူးနဲ့ မြိတ်မြို့ ခမရ ( - ) ကို ရောက်ရှိလာပါတယ်။ မမျှော်လင့်ဘဲ တစ်နေ့မှာ မြိတ်မြို့ရဲ့ “ပုလဲကေရီ” ခန်းမမှာ လူကြီးများလာ



ရောက်တဲ့ခရီးစဉ်ကို လုံခြုံရေးတာဝ... ဗိုလ်မှူးတင်နောင် ရောက်ရှိနေ... အ.ထ.က (၂) ကျောင်းအုပ်ဆရာမ... ဒေါ်ခင်ခင်ထွေးနဲ့ ပြန်ဆုံကြပါတ... ယ်ရုပ်တွေမပျောက်ကြသေးတဲ့ ဗိုလ်... တင်နောင်က ဆရာမကြီးကို အရင်... သလို ဆရာမကြီးကလည်း တွေ့ပါ... အရွယ်တွေ ရောက်နေကြပြီ... အတွက် ဆရာမကြီးရဲ့ စိတ်အခြေ... ကိုသိရန်အတွက် ဗိုလ်မှူးမှ စတင်... ဆက်လိုက်ပါတယ်။

“ဆရာမကြီး နေကောင်း... လား။ ဒီကိုရောက်နေတာ ကြာပြီ... ပေါ့။ ခင်ခင်ထွေးဟာ ... တော့ အံ့ဩသွားသလိုပါပဲ။ နောက်...

“အင်း ... ဗိုလ်မှူး ... ကောင်းပါတယ်။ ဒီကိုရောက်တာ ... မကြာသေးပါဘူး။ ဗိုလ်မှူးတို့လက်... နှစ်ကာပဲ”

လို့ ပြောတော့ ဗိုလ်မှူး... နောင် မျက်နှာညှိုးသွားပါတယ်။ ပြီး... မှ...



www.burmeseclassic.com

www.burmeseclassic.com

"အစည်းအဝေးပြီးလို့ အချိန်ရင် ရှေ့ကဆိုင်မှာ တစ်ခုခုစားကြရင်း ဆရာမကြီးကို ကျွန်တော် တောင်းပန်ချင်ပါတယ်။ အချိန်ပေးနိုင်မလား ဟင်"

လို့ ပြောလိုက်တော့ ဆရာမကြီးက ...

"ရပါတယ်"

ဆိုပြီး စကားပြတ်သွားကြပါတယ်။ အစည်းအဝေးပြီးတော့ ခန်းမရဲ့ ဘက်မှာရှိတဲ့ စားသောက်ဆိုင်ကို ယောက်သား သွားကြပါတယ်။

စားသောက်ဆိုင်အတွင်းကို ာက်တော့ လူရှင်းတဲ့စားပွဲခုံတစ်ခုမှာ ပြီး ဗိုလ်မှူးတင်နောင်မှ ဆရာမကြီး ကို ...

"စားချင်တာမှာပါ။ အချိန်ပေး အတွက် ဝမ်းသာပါတယ်ဗျာ"

လို့လည်းပြောရော ဆရာမကြီး က...

"ကိုနောင် ထွေးကို ခင်ဗျာတွေ တွေ လုပ်မနေပါနဲ့။ ဆရာမကြီးလို့ လည်း မခေါ်နဲ့။ အရင်လို ငယ်ငယ်ကခေါ်တဲ့အတိုင်းဘဲခေါ်"

လို့ပြောတော့ ဗိုလ်မှူးတင်နောင်က ...

"ဝမ်းသာလိုက်တာ ထွေးရာ။ ထွေးကို နောင့်ကိုစိတ်ဆိုးနေတာသိလို့ ဆရာမကြီးလို့ ခေါ်လိုက်မိတာပါ။ ဒီလိုပြောတာကို နောင့်ကို တစ်မျိုးမထင်ပါနဲ့ဟာ"

ဒေါ်ခင်ခင်ထွေးက ...

"ထွေးတို့ နဖူးစာကံမှင်ရေကျဲလို့ လွဲခဲ့ရပေမဲ့ ကိုနောင့်လုပ်ရပ်က ထွေးအတွက် စိတ်ဆိုးပေမဲ့ တမင်လုပ်တာမှ မဟုတ်ဘဲ။ ကိုနောင့်အစ်မနဲ့တွေ့တော့မှ သေသေချာချာသိခဲ့ရတာ။ မသိခင်တုန်းကတော့ အရမ်းကိုစိတ်ဆိုးခဲ့တာပေါ့။ ကိုနောင်စာနဲ့ရှင်းပြပေမဲ့ လုပ်ရက်လေခြင်းလို့ ယူကြုံးမရဖြစ်ခဲ့ရတယ်။ နှစ်တွေကြာလာတာရယ်၊ တပ်မတော်သားတွေရဲ့ဘဝကို ဒီဘက်ရောက်ပြီး စာသင်ရင်းတွေ့ခဲ့ရတော့ ကိုနောင့်ကို ခွင့်လွှတ်တတ်လာခဲ့ပါတယ် ကိုနောင်ရယ်"

လို့ ဆွေးမြေ့သံနဲ့ပြောလိုက်တယ်။ ဗိုလ်မှူးတင်နောင်ကတော့ ဒေါ်ခင်ခင်ထွေးရဲ့ ပြောတဲ့စကားကို ကြားနေရတာ အံ့သြပြီး အိပ်မက်မက်နေသလိုပါပဲ။ သူမျှော်လင့်ထားတာကတော့ သူ့ကို အပြစ်တင်တဲ့လေသံနဲ့ ပြောလိုက်မယ်ပေါ့။ ပြောရင်လည်း ခံယူမယ်ဆိုတဲ့စိတ်နဲ့ ရင်ဆိုင်မယ်ဆိုပြီး တွေ့လိုက်ခြင်းပဲဖြစ်ပါတယ်။ စားသောက်ပြီးတော့ ဗိုလ်မှူးတင်နောင်လည်း တာဝန်ရှိသေးလို့ ဆရာမကြီး ဒေါ်ခင်ခင်ထွေးကို ခွင့်တောင်းပြီး စားသောက်ဆိုင်မှ ထွက်ခွာသွားတာကို ဒေါ်ခင်ခင်ထွေးက ဗိုလ်မှူးတင်နောင်ရဲ့ကျောပြင်ကိုကြည့်ရင်း ...

"ကိုနောင်ရယ် မတွေ့ရတာကြာခဲ့ပေမဲ့ မေ့မရနိုင်တာကိုတော့ ကိုနောင်တစ်ယောက် သိမှာမဟုတ်ပါဘူးလို့"

တွေးရင်း ဆိုင်အတွင်းမှာ ကျန်ရစ်ခဲ့ပါတော့တယ်။

(အဖြစ်မှန်ကို အနည်းငယ်ပြင်ဆင်ရေးဖွဲ့ထားပါသည်။)


**အောင်နေတင်(မုံ့)**



www.burmeseclassic.com

www.burmeseclassic.com

ဗဟုသုတရစေဖို့



# ဘီလူးများအကြောင်းသိကောင်းစရာ

ဆရာဝင်း(သာယာဂိန္ဓမော်)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာတို့ရဲ့ယဉ်ကျေးမှုတွင် ...သာကို အခြေခံသော ယဉ်ကျေးမှု ...အပြား ပါဝင်လျက်ရှိသည်။ ဘီလူး ...သော ဗုဒ္ဓဝင်နိပါတ်တော်များလည်း ...အပြားရှိသည်။ ဘီလူးသည် ပရ ...က နာမ်လောကမှ ပုဂ္ဂိုလ်ဖြစ်သည်။ ...ကို မြန်မာတို့က ကြောက်မက်ဖွယ် ... ပုဂ္ဂိုလ်ကြီးအဖြစ် နားလည်ကြပါ ...။ ကျွန်တော်သည် ဘီလူးဖမ်းစား ...ယုက်သူများကို ဝေဒနာမှ ပျောက် ...အောင် အကြိမ်ပေါင်းများစွာ ကုသ ...ပါသည်။ တစ်စုံတစ်ဦးကြောင့် ...တ်ဘဝက ဒုက္ခမျိုးစုံခံရ၍ ထို ... ထိုပုဂ္ဂိုလ်ကြီးက ဘီလူးဘဝ ...က်နေသောအခါ သူ့အား ဒုက္ခပေးခဲ့ ... ပုဂ္ဂိုလ်ကို တွေ့ရှိ၍ စီးပွားရေး ... ကျန်းမာရေး အသက်အန္တရာယ် ... ဒုက္ခပေးတတ်ပါသည်။ အတိတ် ... သူ့ကို ဒုက္ခပေးခဲ့ပုံအတိုင်း ပြန် ... လက်စားချေခြင်းမျိုးဖြစ်ပါသည်။ ...သောအာ၊းဖြင့် တောင်းပန်လျှင် ...ပ်ကြ သည်ကို တွေ့ရပါသည်။

အစားအသောက်နှင့် တောင်းပန်ရသည်။ ဘီလူးအမျိုးအစားအလိုက် စားသောစားသောက်ဖွယ်ရာများနှင့် တောင်းပန်ရပါသည်။ တချို့သော ဘီလူးက ပုတီးစိပ် ဝိပဿနာတရား ကျင့်ကြံအားထုတ်နေသူကို တရားအားမထုတ်နိုင်အောင် နှောင့်ယှက်သည့် ဘီလူးများလည်းရှိပါသည်။ ထိုကဲ့သို့ ဘီလူးများ တောင်းပန်သည်ကို လက်မခံဘဲ ဆက်လက် နှောင့်ယှက်နေလျှင် ဘီလူးများကို အုပ်ချုပ်သော ဂန္ဓဗ္ဗ နတ်မင်းကြီးကို အကူအညီတောင်းလျှင် ထိုနှောင့်ယှက်သောဘီလူးကို လိုက်လံသတ်ဖြတ်သည်အထိ အရေးယူမှုမျိုး တွေ့ရဖူးပါသည်။ ပရလောကတွင် ပုဂ္ဂိုလ်မျိုးစုံရှိနေပြီး ဗုဒ္ဓဘာသာမဟုတ်သော ပုဂ္ဂိုလ် သတ္တဝါ အများအပြားရှိရာ ဘီလူးများက ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများ ဖြစ်ပါသည်။

ဘီလူးများအကြောင်း စာဖတ်သူများ သိရှိနိုင်အောင် ၂၂-၆-၂၀၁၃ ရက်နေ့တွင် တစ်ကမ္ဘာလုံးရဲ့ ဘီလူး အကြီးအကဲဖြစ်သော မန္တလေး ရန်ကင်းတောင်ရှိ ဘီလူးကြီးကို ပင့်ဖိတ်၍ ဘီလူးများအကြောင်း မေးမြန်းပြီး တင်ပြပါသည်။

**ဘီလူးအမျိုးအစား**

ဘီလူးအမျိုးအစား ငါးမျိုးရှိသည်။ တန်ခိုးပါဝါကို အခြေပြု၍ ခွဲခြားသတ်မှတ်သည်။

အဆင့်(၁)။

အဆင့်အမြင့်ဆုံးဘီလူး အဝါရောင်ဝတ်သည်။ ခါးစည်းအဝတ် ငှက်ခါးရောင်။

အဆင့်(၂)။

ဒုတိယအဆင့်ဘီလူး အစိမ်းရောင်ဝတ်သည်။ ခါးစည်းဝတ် အနက်ရောင်။

အဆင့်(၃)။

တတိယအဆင့်ဘီလူး အစိမ်းရောင်ဝတ်သည်။ ခါးစည်းဝတ် ပန်းရောင်။

အဆင့်(၄)။

စတုတ္ထအဆင့်ဘီလူး အစိမ်းရောင်ဝတ်သည်။ ခါးစည်းဝတ် မီးခိုးရောင်။

အဆင့်(၅)။



www.burmeseclassic.com

www.burmeseclassic.com

ပဥ္စမအဆင့်ဘီလူး အစိမ်းရောင်ဝတ်သည်။ ခါးစည်းဝတ် အဖြူရောင်။

ဘီလူးများသည် ဇာတ်ပွဲများတွင် တွေ့ရသောပုံအတိုင်း ဝတ်စားဆင်ယင်ကြသည်။ ဘီလူးမများတွင် ခေါင်းတုံးနှင့် ဘီလူးမရှိသကဲ့သို့ ဆံပင်အရှည်ချထားသော ဘီလူးမများလည်း ရှိပါသည်။

ဘီလူးအမျိုးအစားအားလုံး၏ သက်တမ်းသည် နှစ် ၃၀၀၀ ဖြစ်သည်။ လူတွေရဲ့သက်တမ်း တစ်နှစ်ကို ဘီလူး၏သက်တမ်း တစ်လနှင့်ညီမျှသည်။ ဘီလူးသက်တမ်းတစ်နှစ်ကို လူသက်တမ်း လပေါင်း ၃၀ နှင့်ညီမျှသည်။ ထို့ကြောင့် ဘီလူးသက်တမ်းသည် လူ့သက်တမ်းနှင့် တွက်လျှင် နှစ်ပေါင်း ၇၅၀၀ ရှိသည်။ သက်တမ်းမစေ့မီ ဘဝပြောင်းသွားသော ဘီလူးများရှိသည်။

**ကျန်းမာရေး**

လူကဲ့သို့ ရောဂါမျိုးစုံ ခံစားရသည့် ဆေးကုသည့်ဘီလူးမရှိ။ သို့သော်လည်း ရောဂါဝေဒနာတစ်ခု ခံစားရလျှင် လူ့သက်တမ်းအားဖြင့် တစ်နှစ်ပြည့်လျှင် အလိုအလျောက် ပျောက်ကင်းသည်။

**အစားအသောက်**

နတ်သုဒ္ဓါကဲ့သို့ နူးညံ့သည့် အစားအစာ အဖြူရောင်၊ အဝါရောင်၊ အပြာရောင် သုံးမျိုးစားနိုင်သည်။ စားချင်စိတ် ရှိရုံမျှနှင့် အလိုလျောက် ရောက်လာသည်။ တစ်ရက်ကို လေးကြိမ်စားသည်။

လူတွေကပ်လှူသည့် ဒံပေါက်နှင့် အချိုရည်၊ ထမင်းဟင်း၊ သစ်သီးများကိုလည်းစားသည်။ အဆင့် ၂၊ ၃၊ ၄၊ ၅ ဘီလူးများက အားသည်။ အသားဟင်းတွင် ကြက်သားဟင်းနှင့် ငါးဟင်းလျာများသာ စားသည်။ အဆင့် (၁) ဘီလူးကြီးများက ပန်းစားသည်။ စက္ကူပန်းနှင့် တရုတ်စကားပန်း စားသည်။ စက္ကူပန်းသည် စက္ကူကို ပန်းပုံသဏ္ဍာန်ပြုလုပ်ထားသောပန်း မဟုတ်ပါ။

**နေထိုင်ပုံ**

ဘီလူးတွေက ဘုရား...
များတွင် နေထိုင်ကြသည်။ ဘုရား...
သည့် ဘီလူး၊ ရောက်နေစောင့်ရသည့် ...
များရှိသည်။ တာဝန်မရှိသည့်...
များက ဘုရားစေတီများတွင် နေ...
သည်။ ဘီလူးတွင် ကျား၊ မ ရှိ...
လူတွေကဲ့သို့ ကျားနှင့်မ ပေါင်း...
နေထိုင်ကြသည်။ သားသမီးမွေးဖွား...
တစ်ခါမွေး လျှင် ဘီလူးကလေး ...





www.burmeseclassic.com

www.burmeseclassic.com

...သည်။ ကိုယ်ဝန်ဆောင်ပြီး မွေးဖွားခြင်း ...။ ရက်တရက် ဘွားခနဲ ပေါ်ပေါက် ...ခြင်းဖြစ်သည်။ မွေးလာသော ဘီလူး ...လေးများသည် သုံးရက်ကြာသောအခါ ...တွင် အရွယ်ရောက်သော ဘီလူးများ ...ဖြစ်လာကြသည်။

**...ချုပ်ပုံ**

ဘီလူးများအားလုံးတွင် ဂန္ဓဗ္ဗ ...မင်းကြီးက အုပ်ချုပ်သည်။ ထို နတ်မင်းကြီးက ဘီလူးအဆောင်အယောင်များအတိုင်း ဝတ်ဆင်ပြီး အရွယ်အားဖြင့် သာမန်ဘီလူးထက် ၅ ဆကြီးသည်။ နတ်မင်းကြီး၏လက်အောက်တွင် အသက်အကြီးဆုံး ဘီလူးကြီးက အုပ်ချုပ်သည်။



**လိုက်နာမည့်စည်းကမ်းချက်များ**

၁။ ကျေးရွာများသို့ မသွားရ။

၂။ တိရစ္ဆာန်တွေရှိသည့်နေရာသို့ မသွားရ။ တိရစ္ဆာန်၏ခန္ဓာကိုယ်နှင့် ထိမိလျှင် မားရှသကဲ့သို့ ဝေဒနာခံစားရသည်။

၃။ လူများသည့် ပွဲလမ်းသဘင်နှင့် လူစည်ကားသည့်နေရာများသို့ မသွားရ။ လူများ၏ချွေးနံ့ထိလျှင် မူးဝေသည့် ဝေဒနာ ခံစားရသည်။

၄။ သံဃာတော်များ၏အရိပ်ကို မနင်းမိစေရ။ သံဃာတော်၏အရိပ်ကို နင်းမိလျှင် ဘီလူးအသက် တိုတတ်သည်။

၅။ ရွာစောင့်နတ်စင်၊ မြို့စောင့်နတ်စင်စသည့် နတ်စင်များသို့ မသွားရ။ သွားလျှင် နတ်တွေကြောက်လန့်ပြီး ထွက်ပြေးမည်စိုးသောကြောင့် ဖြစ်သည်။

၆။ ဘီလူးအကြီးအကဲက ခေါ်ဆိုသည့် အစည်းအဝေးများကို မတက်မနေရ။ ဤစည်းကမ်းချက်များကို မလိုက်နာလျှင် ဖမ်းဆီးချုပ်နှောင်ခြင်း ခံရသည်။

**တန်ခိုးပါဝါ**

ဘီလူးများ၏ တန်ခိုးပါဝါအဆင့်သည် စတုမဟာရာဇ်နတ်မင်းကြီး ၄ ပါးထက် နိမ့်ပါသည်။ ဝိဇ္ဇာအဆင့်နှင့် အတူတူရှိသည်။ ဘီလူးကြီးများက တောစောင့်တောင်စောင့်နတ်၊ ဘုရားစောင့်နတ်ကြီးများထက် အဆင့်နိမ့်သည်။ သာမန် စတုမဟာရာဇ်နတ်များထက် အဆင့်မြင့်ပါသည်။

**အစည်းအဝေး**

တစ်ကမ္ဘာလုံးရှိ ဘီလူးများအားလုံးပါဝင်သော အစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပသည်။ အစည်းအဝေးကို ဘီလူးအကြီးအကဲရှိရာ မြန်မာနိုင်ငံ မန္တလေးမြို့အရှေ့ဘက်

www.burmeseclassic.com

ရှိ ရန်ကင်းတောင်တွင် ကျင်းပသည်။ အစည်းအဝေးတွင် ဘီလူးများအား တာဝန်ထမ်းဆောင်မှု အခြေအနေများနှင့် တစ်ချိန်က ဗုဒ္ဓဘာသာဝင် နိုင်ငံများရှိ ဘုရားစေတီပေါင်းများ စောင့်ရှောက်မှု အခြေအနေများကို ဆွေးနွေးကြသည်။

**လူများကိုသတ်ဖြတ်ခြင်း**

ဘီလူးများက လူများကို အောက်ဖော်ပြပါ အကြောင်းများကြောင့် သတ်ဖြတ်သည်အထိ အရေးယူကြပါသည်။

(၁) အတိတ်တစ်ခုသောဘဝက မိမိအား သတ်ဖြတ်ခဲ့သူများကို တွေ့ရှိလျှင် ပြန်လည် ကလဲ့စားချေ သတ်ဖြတ်ခြင်း။ အနာတရပြုလုပ်ခဲ့သူကိုလည်း ထို အနာတရပြုလုပ်ခဲ့သည့် အတိုင်းအတာလိုက် ပြန်၍တိုက်ခိုက်ခြင်း။ ဥပမာ - လက်ကျိုးအောင်၊ ခြေကျိုးအောင်ပြုလုပ်ခဲ့သူများကို ထိုအတိုင်း ပြန်ခံစားစေရအောင် ဘီလူးထက်မြင့်သော ပုဂ္ဂိုလ်များက စောင့်ရှောက်နေပါလျှင် တိုက်ခိုက်နိုင်ခြင်း မရှိပါ။

(၂) တချို့သော ဘီလူးများသည် ဘုရားရုပ်ပွားစေတီများနှင့် ရေကန်များကို စောင့်ရှောက်ကြရပါသည်။ ထိုစေတီနှင့် ရုပ်ပွားတော်များ ရေကန်များကို ဖျက်ဆီးသူများအား သတ်ဖြတ်သည်အထိ အရေးယူကြပါသည်။

**ဘီလူးမည်မျှရှိ**

တစ်ကမ္ဘာလုံးတွင် ဘီလူးပေါင်း ၂၃၀၀ ခန့်ရှိကြောင်း မြန်မာနိုင်ငံတွင် ၁၂၀၀၊ သီရိလင်္ကာနိုင်ငံတွင် ၄၀၀၊ ထိုင်းနိုင်ငံတွင် ၃၀၀၊ အိန္ဒိယနိုင်ငံတွင် ၂၀၀၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁၂၀၊ လာအိုနိုင်ငံတွင် ၄၀။

**ဘီလူးအကြီးအကဲများ**

ဘီလူးအကြီးအကဲတာဝန်ကို အသက်အရွယ်အကြီးဆုံး ဘီလူးက တာဝန်ယူရပါသည်။ ၎င်း ပုဂ္ဂိုလ်ကွယ်လွန်သောအခါ ဒုတိယအသက်အကြီးဆုံး ပုဂ္ဂိုလ်က ဆက်လက် တာဝန်ယူရပါသည်။ ယခုလက်ရှိ ရန်ကင်းတောင်ရှိ ဘီလူးကြီးတာဝန်မယူမီက ဘီလူးအကြီးအကဲမှာ အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်းရှိ ဘုရားတစ်ဆူတွင် နေသော ဘီလူးကြီး
တာဝန်ယူပါသည်။ ၎င်း ဘီလူးကြီး မ
လွန်ခဲ့သော ၇ နှစ်ခန့်က ရွှေ
"နေရာဘန်" ဘုရားကိုစောင့်ရှောက်သော
ဘီလူးကြီးက အကြီးအမှူးတာဝန်
ပါသည်။ ယခု ရန်ကင်းတောင် ဘီလူးကြီး
အကြီးအကဲတာဝန်ယူသည်မှာ ၂ နှစ်
သာ ရှိကြောင်း သိရပါသည်။ ရွှေ
နေရာဘန် ဘုရားသည် ဘီလူးများ စော
ရှောက်ရသည့်ဘုရားဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

…ည်း ဘီလူးကြီးများပင် စောင့်ရှောက်…က်ရှိပါသည်။

**…လူးက လူယောင်ဆောင်ခြင်း**

ဘီလူးများက အကြောင်းကိစ္စ…ရှင် လူယောင်ဆောင်နိုင်ပါသည်။ ၂…အထိ လူယောင်ဆောင်နိုင်ပါသည်။ …သော် လူယောင်ဆောင်သော ဘီလူး… မျက်တောင်မခတ်၊ မျက်ထောက်နီ…ည်၊ ခြေဖနောင့်တိုသည်ဟု သိရပါ…ည်။ စကားကို လူကဲ့သို့ ပြောနိုင်ပါသည်။



**ဘီလူးများ စောင့်သည့်အင်း**

အင်းအိုင် လက်ဖွဲ့မန္တန်ကို ကျွမ်းကျင်သူများက စက္ကူ၊ ရွှေပြား၊ ငွေပြား သို့မဟုတ် ကြေးပြားပေါ်တွင် ဘီလူးစောင့်ရှောက်စေသည့်အင်းကို ရေးသွင်းနိုင်လျှင် ထိုအင်းကွက်ကို စောင့်ရှောက်ရသည်။ ထို အင်းကွက်သော ဆရာ၏ တာဝန်ပေးမှုကို ဆောင်ရွက်ကြရသည်။ ရွှေဘို နေရာာန်ဘုရားတွင် ဘုရားတည်စဉ်က ဝိဇ္ဇာပုဂ္ဂိုလ်တစ်ဦးက ဘီလူးစောင့်စေသည့် အင်းကို ဘုရားစေတီတွင် ဌာပနာခဲ့၍ ယခုတိုင် ဘီလူးများ စောင့်ရှောက်လျက်ရှိသည်။ ဓမ္မစေတီခေါင်းလောင်းကြီးတွင် ဘီလူးစောင့်စေသည့် အင်းကို ရေးသွင်းခဲ့သဖြင့် ယခုတိုင် ဘီလူးသုံးပါး စောင့်ရှောက်နေကြောင်း သိရပါသည်။

**လူအများ ကိုးကွယ်နေသည့် ဘီလူးများ**

ကျွန်ုပ်သည် ယနေ့လူအများ ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်နေသည့် ဘီလူးများ သက်ရှိထင်ရှား ရှိ မရှိ မေးရာ ရန်ကုန် ရွှေတိဂုံမြောက်ဘက်စောင်းတန်း အနီးရှိ ယက္ခမယ်တော်ကြီး မရှိတော့ကြောင်း၊ သားတော်နှစ်ပါးနှင့်အတူ ဘဝပြောင်းသွားပြီဖြစ်ကြောင်း၊ အလားတူ ရန်ကုန် ကျိုက္ကဆံဘုရားက ဘီလူးညီနောင်များလည်း ဘဝပြောင်းသွားပြီဖြစ်ကြောင်း၊ ပဲခူး ရွှေမော်ဓောဘုရားမှ ယက္ခမယ်တော်မှာ ရှိသေးကြောင်း မကွေးမြသလွန်ဘုရားက ယက္ခညီနောင်မှာ ဘုရားကိုစောင့်ရှောက်လျက် ရှိနေကြောင်း သိရပါသည်။

**ထူးခြားဖြစ်စဉ်**

လွန်ခဲ့သော ၉ နှစ်ခန့်က ရွှေဘို နေရာာန်ဘုရားတွင် ဘီလူးများ စုံညီစည်းဝေးကျင်းပနေစဉ် အလွန်ကြီးသည့် မြွေကြီးတစ်ကောင် အရှည် ပေ ၉၀ လုံးပတ် ၉ ပေလောက်ရှိသည့် မြွေကြီးရောက်လာ၍ ဘီလူးကြီးများ ထွက်ပြေးသွားကြရသည်။ မြွေကြီးက သုံးရက်ခန့်နေမှ ပြန်ထွက်သွားကြောင်း သိရသည်။

www.burmeseclassic.com

တစ်ခါတစ်ရံ တခြားစကြဝဠာတစ်ခုမှ တန်ခိုးကြီး နတ်ကြီးတစ်ပါး စုံညီအစည်းအဝေးကျင်းပနေစဉ် ကြွရောက်လာသည်။ ၎င်းနတ်ကြီးနှင့် တွေ့ဆုံသောအခါ ဘီလူးများအားလုံးရော နတ်ကြီးပါ ပျော်ရွှင်ကြကြောင်း သိရသည်။ ကျွန်ုပ်က အခြားကျန်ရှိသည့် ဘီလူးကြီးများအား အများပြည်သူများ အသိပေးရန်ရှိပါက ကြွရောက်ဖို့ ပင့်ဖိတ်ရာ ပဲခူး ရွှေမော်ဓောဘုရားမှ ယက္ခမယ်တော်ကြီး ၂၈-၆-၂၀၁၃ ရက်နေ့ မနက် ၁၀ နာရီတွင် နဂါးကောင်ရေ ၉၀ ဘုရား ဖူးရောက်နေကြောင်း ၃ လကြာမည်အကြောင်း ပြောကြားပါသည်။ မယ်တော်ကြီးကပင် ရွှေမော်ဓောဘုရား ဘုရားကြီးသို့ ဘုရားဖူးလာသည့်သူများ ဆွမ်း၊ ပန်း၊ ရေချမ်း ဝတ္ထုငွေကပ်လှူသည့် ကုသိုလ်ကောင်းမှုများကို ဘုရားကြီးတွင်ရှိသော သိုက်က ပုဂ္ဂိုလ်များက အမျှဝေရန် ပြောကြားပါသည်။ ဘုရားတွင် သိုက်ကပုဂ္ဂိုလ် ကျား/မ စုစုပေါင်း ၅၅ ယောက်ရှိကြောင်း သိရပါသည်။

၂၈-၆-၂၀၁၃ ရက်နေ့ နေ့လယ် ၁ နာရီတွင် မွန်ပြည်နယ်၊ သထုံမြို့အနီး နေမိန္ဒြတောင်မှ မနုဟာမင်း ဝင်စားသော ဘီလူးကြီး ကြွရောက်လာပြီး မိန့်ကြားသည်မှာ နေမိန္ဒြကုန်းတော်ပေါ်ရှိ စေတီတော်သို့ ဘုရားဖူးလာသော သူများ ရှောင်ကြဉ်ကြရန် အချက်သုံးချက် ပြောကြားသည်မှာ ...

က - အနက်ရောင်၊ ဒေနီမြောင်တွေ ဝတ်မလာပါနှင့်။

ခ - အမျိုးသမီးများ စကတ်တို၊ ဘောင်းဘီတိုများနှင့် ဘုရားဖူးမလာပါနှင့်။

ဂ - အမျိုးသားများ ကွမ်းတံတွေး ဘုရားကုန်းပေါ် ပရဝဏ်အတွင်း မထွေးပါနှင့် ဟု မိန့်ကြားပါသည်။

ကျွန်ုပ် မနုဟာမင်းကြီးအား မေးလျှောက်၍ ဖြေကြားသည်မှာ ...


ဘီလူးကြီးသည် မနုဟာမင်း ဝင်စားသော ဘီလူးကြီးဖြစ်ကြောင်း နေမိန္ဒြကုန်းတော်ပေါ် ဘုရားတည်ရာတွင် မြင်းခြံစွန်းလွန်းဆရာတော်ကြီး ဦးဆောင်တည်မှ စေတီတည်ခွင့်ပြုကြောင်း၊ ဆရာတော်ကြီးသည် မနုဟာမင်းဘ... ကိုးကွယ်သော ဆရာတော်ကြီးပင်ဖြ... ကြောင်း၊ သူ့နိုင်ငံ ကျဆုံးရခြင်းသည် ... ကိုးကွယ်သည့် အင်းအိုင်မန္တန်ကျွမ်း... သည့် ဆရာတော်ကြီးတစ်ပါးကို ယုံ... မိ၍ ကျဆုံးရခြင်းဖြစ်ကြောင်း၊ ဆရာ... က သူ၏အင်းအိုင်၊ ဓာတ်၊ ယ... အစီအရင်များသည် နိုင်ငံတော် ... အတွက် စိတ်ချရကြောင်း ... ဖြစ်ကြောင်း ဖြေကြားပါသည်။ ... မြန်မာများကို အရိုင်းအစိုင်းမျာ... ဘာသာနှင့်မတန်ဟု ထင်ခဲ့ကြော... သို့သော် နောက်ပိုင်းတွင် ရှင်အ... အနော်ရထာဘုရင်ကြီးတို့၏ ... ကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓ... ပြန့်ပွားသွားသည်ကို တွေ့မြင်၍ ... တင်ကြောင်း ပြောကြားပါသည်။

သ...

**ကျန်းမာချမ်းသာ...**

**ဆရာဝင်း(သ...**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခု၊ မေလ၊ ၁ ရက်နေ့ မြန်မာ့အလင်း သတင်းစာမှာပါတဲ့ ဆောင်းပါးရှင် ရှင်ဇာနန်း (ကျန်းမာရေး) ရေးတဲ့ "အိပ်ရာဝင်လည်း တစ်မျိုးလို" ဆိုတဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဆောင်းပါးထဲမှာ...

"နီကိုတင်းဓာတ်ကို သိပါသလား။ စွဲလန်းစေတတ်သောအရာများတွင် နီကိုတင်းဓာတ်လည်းပါသည်။ ဆေးလိပ်တွင်ပါရှိ၏။ ဆေးလိပ်မီးခိုးကို ရှိုက်ရာမှ လူ့ခန္ဓာကိုယ်ထဲရှိ အဆုပ်သို့ ရောက်၏။ ဆေးလိပ်သည် မူးယစ်စေတတ်သော၊ လူကို တတိတိဖြင့် တဖြည်းဖြည်း နှိပ်စက်ပြီး သေမင်းတမန်နှင့် ကောင်းစွာ မိတ်ဆက်ပေးနိုင်သောအရာ ဖြစ်၏"

ဟု ဆေးလိပ်၏အန္တရာယ်ကို ပြရေးသားထားသည်ကို ဖတ်လိုက်ရသောအခါ ကျွန်တော်ကိုယ်တိုင် အနှစ်ငါးဆယ်ကျော် သေမင်းကို ချစ်ခင်စွဲလန်းခဲ့သောအဖြစ်ကို သတိရမိလာပါတော့တယ်ခင်ဗျား။

×××

၁၉၅၉ ခု၊ ရှစ်တန်းကျောင်းသားဘဝမှာ ဆေးလိပ်စပြီး သောက်တတ်လာပါတယ်။ ဆေးလိပ်သောက်တတ်တဲ့ သူငယ်ချင်းတွေနဲ့ ပေါင်းမိသွားပြီး ဆေးသောက်တတ်သွားတာပါ။ ကျွန်တော့်မိဘတွေက ဆေးလိပ်သောက်တာ လုံးဝမကြိုက်တော့ ခိုးသောက်ရပါတယ်။ ကျွန်တော့်ဇာတိက ရေအနောက်မြို့တော်လို့ခေါ်တဲ့ ပခုက္ကူမြို့ပါ။ ကျွန်တော်တို့မြို့မှာ အဲဒီအချိန်တုန်းက ငါးကြင်းနှစ်ကောင်ဆေးလိပ်၊ ပိုလိုဆေးလိပ်၊ ပဥ္စရူပဆေးလိပ်တို့က နာမည်ကြီးတွေပါ။ အဲဒီလို သနပ်ဖက်ဆေးလိပ်တွေနဲ့အပြိုင် ဗွီစီးကရက်နဲ့ လန်ဒန်ရိုးဖလိပ်၊ BLACK EAT နဲ့ RED EAT စီးကရက်တွေကလည်း အပြိုင်အဆိုင်ရှိနေပါတယ်ခင်ဗျာ။

ကျွန်တော်က စီးကရက်ထက် ဆေးပေါ့လိပ်ကို ပိုကြိုက်ပါတယ်။ လူငယ်တွေ အကြိုက်များတာက ငါးကြင်းနှစ်ကောင်ဆေးလိပ်ပါ။ ဆေးလိပ်သောက်တဲ့သူ အချင်းချင်းတောင်...

"ဟေ့ကောင်တွေ...ငါတို့က မသောက်အရှင်။ သောက်ရင် ငါးကြင်းကွ"

လို့ ဂုဏ်ယူဝံ့ကြွားစွာနဲ့ ပြောခဲ့ကြတာပါ။ (ကြော်ငြာဝင်တာမဟုတ်ဘူးနော်) အဲဒီအချိန်တုန်းက ပခုက္ကူဈေးထဲက ဆေးလိပ်ဆိုင်တွေမှာ ပြောင်းဖူးဖက်ဆေးလိပ်၊ သနပ်ဖူးဆေးလိပ်တွေ ရောင်းကြပါတယ်။ သောက်လည်း သောက်ကြည့်ခဲ့ပါတယ်။ ဆေးပေါ့လိပ် (သနပ်ဖက်ဆေးလိပ်) လောက်မကြိုက်ဘူးခင်ဗျ။ ကျွန်တော်ဟာ ဆေးပေါ့လိပ်ကို ခုံမင်နှစ်သက်သလို တစ်ခါတစ်ရံ စီးကရက်ကို သောက်လေ့ရှိပါတယ်။ စီးကရက်ကို ဘယ်အချိန်မှာသောက်လဲဆိုရင် ကျုပ်တို့ငယ်ငယ်က ခေတ်စကားပြောရရင် နောက်ပိုးရောဂါထတဲ့အချိန်၊ လက်ထဲမှာ ဘူးလိုက်ကိုင်ပြီး သောက်မိတယ်ခင်ဗျ။

ပခုက္ကူမြို့က ဘုရားပွဲပေါ်တဲ့မြို့ပါ။ နာမည်ကြီး သီဟိုဠ်ရှင်ဘုရားပွဲဆိုရင် ရက်ရှည်ကျင်းပပြီး ရွှေမှန်းတင်ကောင်း၊


www.burmeseclassic.com

www.burmeseclassic.com

စိန်အောင်မင်း၊ စိန်မာဒင် အစရှိတဲ့ ဇာတ်ကြီးတွေဝင်တဲ့ပွဲပေါ့။ အခုခေတ်တော့ ဖိုးချစ်တို့လို လူငယ်ကြိုက်မင်းသားလေးတွေကတဲ့ပွဲပေါ့။ တခြား ရွှေကူကြီးပွဲ၊ ဖောင်တော်ဦးဘုရားပွဲ။ ဦးမေဃ၊ ဦးလှိုင်ဘုရားပွဲတွေကတော့ မြို့ခံဇာတ်တွေဖြစ်တဲ့ စိန်အောင်ဝင်းတို့ သတုံမြလွင်၊ ပသီမြ၊ ပသီလှဇာတ်တွေက မိုးအလင်း ဗလာဇာတ်ပေါ့ဗျာ။ အဲဒီလိုပဲ စျေးကထိန်နဲ့ မြင်းလှည်းကထိန်တွေလည်းရှိသဗျ။ အဲဒီလို ဘုရားပွဲရှိတဲ့အချိန်တွေမှာ ကျွန်တော်တို့ ကာလသားတစ်သိုက်၊ နောက်ပိုးရောဂါ တက်တော့တာပါပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ ပခုက္ကူသူ ပျိုဖြူချောတွေက အလှဆုံးပြင်ပြီး ပွဲစျေးတန်းလျှောက်ကြလို့ပါခင်ဗျား။ ကျွန်တော်တို့ ကာလသားတစ်သိုက်ကလည်း စီးကရက် ဖြူဖြူလေး လက်ကြားညှပ်ပြီး ပျိုဖြူချော၊ ပျိုညိုချောလေးတွေကို ဂိုက်ပေးတော့တာပါပဲဗျာ။ ငါးကြင်းဆေးလိပ်ကြီး ပါးစောင်မှာခဲပြီး ဂိုက်ပေးလို့မှကြည့်မကောင်းတာ နော့ဗျာ။

အဲဒီခေတ် အဲဒီအခါတုန်းကလည်း ခုခေတ်လို အလှပြင်ဆိုင်တွေ၊ အလှပြင်ပစ္စည်းတွေက ပေါမှ မပေါသေးတာ။ ရှင်မတောင်သနပ်ခါးကို ပါးကွက်ကြားလေးလိမ်းထားတာ လှမှလှ။ မွှေးမှမွှေးပေါ့။ ဒါတွေထားပါတော့။


အဲဒီအချိန်တုန်းက အခုခေတ် ဒီမိုကရေစီခေတ်လို ဆေးလိပ်နဲ့ ဆေးရွက်ကြီးအန္တရာယ်အကြောင်း သိကောင်းစရာတွေ၊ ဆေးလိပ်နဲ့ ဆေးရွက်ကြီး[...] ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး[...] တွေ ရှိမှမရှိသေးတာ။ အခု[...] လွှတ်တော်မှာရှိပြီးသား။ အာဏာ[...] ပြီးသာ ဒီဥပဒေကို လိုက်နာကျင့်သုံး[...] အတွက် ဆွေးနွေးအတည်ပြုခဲ့တာ[...] ပြည်သူတွေ ကျွန်တော်တို့လို ဆေး[...] ကြိုက်တဲ့သူတွေ အနာရောဂါကင်း[...] အသက်ရှည်ရှည် နေထိုင်နိုင်ဖို့ ဒီဥ[...]



www.burmeseclassic.com

ပြဋ္ဌာန်းပေးတာတွေရှိလာပြီလေ။ ဆေးလိပ်အန္တရာယ်ကို ရုပ်မြင်သံကြား ခ်ိဳ ဂျာနယ်တွေက ဖော်ပြလာတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ကြီးတွေက ဆေးလိပ်သောက်ရင် ခွင်းဆိုးလိမ့်မယ်။ တီဘီရောဂါရလိမ့် ယ်လောက်သာ ပြောကြတာလေ။ ပြီးတော့ ကျွန်တော်တို့သောက်တဲ့ စီး ရက်ဘူးတွေမှာ အခုခေတ်လို စီး ရက်သောက်ခြင်းသည် ကျန်းမာရေး ဆိုးရွားစွာထိခိုက်စေပါသည်ဆိုတဲ့ သားတွေမပါဘူးခင်ဗျ။ ကျွန်တော်တို့ လူငယ်တွေလက်ကြားမှာ စီးကရက် လေးညှပ်ပြီး ကိုယ့်ကို တဖြည်းဖြည်း စက်မယ့်သေမင်းတမန်ကို အဖော်လုပ် ပါလားလို့ အဲဒီအချိန်တုန်းက မတွေး တာ အမှန်ပါ။ ကျန်းမာရေးအသိ ာသုတခေါင်းပါးခဲ့တော့ ဆေးလိပ်ရဲ့ ကျိုးကိုလည်း မသိခဲ့ပါခင်ဗျား။

၁၉၆၅ ခုမှာ အိမ်ထောင်ကျပြီး ခင်ကြီးတာဝန်ကျရာ ရန်ကုန်မြို့ကို ရောက်တော့လည်း ဆေးလိပ်က အသောက်မပျက်။ ပခုက္ကူမြို့က ဆေးလိပ် အစား ပဲခူးမြို့က ဆေးလိပ်ကို ပြောင်း သောက်လိုက်ပါတယ်။ ဆေးလိပ်ကို ဘယ်လောက်စွဲလန်းသလဲဆိုရင် အိပ်ရာ ထတာနဲ့ မျက်နှာမသစ်သေးဘဲ ဆေးလိပ် ကို အရင်သောက်ပါတယ်။ ဆေးလိပ် သောက်ရင်း အိပ်သာထိုင်ရတာ စည်းစိမ် တစ်မျိုးလို့တောင် ထင်ခဲ့တာခင်ဗျ။ ဆေးလိပ်နဲ့ ကျွန်တော့်ပါးစပ် ကင်းကွာတဲ့ အချိန်ဟာ ညအိပ်ပျော်နေတဲ့အချိန်ပဲ ရှိပါတယ်။ အစိုးရဝန်ထမ်းဖြစ်လာတော့ လည်း အလုပ်လုပ်ရင်း ဆေးလိပ်သောက်



တာပါပဲ။ အခုတော့ ဆေးလိပ်ကင်းမဲ့ဇုန် တွေ သတ်မှတ်လာပါပြီ။ ကျွန်တော် ဆေးလိပ်သောက်တဲ့ အချိန်တုန်းက ဆေးလိပ်သောက်တဲ့သူတွေကို သုံးမျိုး သုံးစား ခွဲထားသဗျ။ ပထမတန်းစား၊ ဒုတိယတန်းစားတဲ့။

ကျွန်တော်က ပထမတန်းစား ထဲမှာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်မှာ ဆေးလိပ်နဲ့ မီးခြစ်က အမြဲတမ်းရှိနေလို့ပါပဲ။ ဒုတိယတန်းစား ကတော့ ဆေးလိပ်ရှိပြီး မီးခြစ်မရှိတဲ့သူ တဲ့။ အဲဒီလူတွေက ဆေးလိပ်သောက် ခါနီးမှ မီးခြစ်ရှာတဲ့သူတွေပေါ့။ အဲ··· တတိယတန်းစားကတော့ ဆေးလိပ်ရော၊ မီးခြစ်ပါမရှိတဲ့သူ။ ဆေးလိပ်သောက်ချင် မှ တစ်လိပ်ခြင်းဝယ်သောက်တဲ့သူ။ ဆေးလိပ်သောက်တဲ့ အပေါင်းအသင်း တွေဆီက “တစ်ဖွာလောက်” ဆိုပြီး တောင်းသောက်တဲ့သူတွေက တတိယ တန်းစားတဲ့ဗျာ။ ပထမတန်းစားထဲမှာ ပါတဲ့ ကျွန်တော့်ရဲ့ အင်္ကျီတွေ၊ လုံချည် တွေမှာဆိုရင် မီးလောင်ပေါက်တွေနဲ့

www.burmeseclassic.com

ပေါ့ဗျာ။ ဆေးလိပ်သောက်ရင် စာရေးရတာ ပိုပြီး စိတ်ကူးကောင်းတယ်လို့ ထင်မိတယ်ဗျာ။ ဆေးလိပ်က ဖြတ်လို့မရအောင် စိတ်ကို စွဲလန်းစေခဲ့တယ်ဆိုတာ အမှန်ပါ။


"ဆေးလိပ်ကိုဖြတ်မလား။ ကျွန်မကိုဖြတ်မလားလို့မေးရင် ရှင် ကျွန်မကိုပဲဖြတ်မယ့်သူပါ"

လို့ ကျွန်တော့်ဇနီးကပြောတာကို ခံရတဲ့အထိ ဆေးလိပ်ကို နှစ်သက်စွဲလန်းခဲ့ပါတယ်။ ကျွန်တော်ဟာ ဆေးလိပ်ကိုဖြတ်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ ကွမ်းယာ၊ ဂျင်တန်၊ ဗလရှင်၊ သကြားလုံးတို့နဲ့ အစားထိုးပြီး ဆေးလိပ်ဖြတ်ကြည့်ခဲ့ပါတယ်။ မအောင်မြင်ပါဘူး။ ထမင်းစားပြီး ခံတွင်းချဉ်လာရင် ဆေးလိပ်သောက်လိုက်ရမှ နေသာထိုင်သာရှိသွားပါတယ်။ သီချင်းတောင်ရှိပါသေးတယ်။ အဆိုတော် ဘိုဖြူဆိုထားတာလို့ ထင်ပါတယ်။ ဘာတဲ့...

"ထမင်းစားပြီးတစ်မျိုးလို ××× အိပ်ရာဝင်လည်း တစ်မျိုးလို ××× ဆေးလိပ်တို ××× ဆေးလိပ်တို"

လို့တောင် ဆိုထားသေးမဟုတ်လား။

ကျွန်တော့်အသက် ၁၆ နှစ်အရွယ်ကစပြီး ဆေးလိပ်သောက်လာတာ ဆေးလိပ်သောက်သက် အနှစ်သုံးဆယ်ကျော်၊ အသက်ငါးဆယ်အရောက်မှာ ဆေးလိပ်ဖြတ်ဖို့ ဖြစ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆေးလိပ်ရဲ့ဆိုးကျိုးက စလာပါပြီ၊ စကားပြောရင်တောင် မောလာပြီ။ အသက်ရှူရတာလည်း မဝသလို



ဖြစ်လာပါတော့တယ်။ လည်ချောင်း... ယားလာပြီး ချောင်းဆိုးချင်သလိုဖြ... တယ်။ ကျွန်တော် တော်တော်ကြေ... သွားပါတယ်။ လည်ချောင်းကင်ဆာ... လားပေါ့။ ဆေးလိပ်သောက်လို့... ဆိုးကျိုးရဲ့နိမိတ်ပုံအစကို ကျွန်တော် ... လာရပါပြီ။ ကျွန်တော်သိလိုက်... ဆေးလိပ်မဖြတ်ရင်တော့ ဆေး... ပတ်သက်ပြီး ဖြစ်လာမယ့်ဝေဒ... ကြီးထွားလာတော့မယ်ပေါ့ ခင်ဗျာ ... မကိုင်မိ၊ လက်မကိုင်မိဖြစ်လာပါ... ဘယ်လောက်ထိ ကြောက်သလဲ... ညှော်ခန်းထဲက စားပွဲပေါ်မှာရှိတဲ့ ဆေး... ပြာခံခွက်ထဲက ဆေးလိပ်တိုတွေ... တောင် မကြည့်ရဲတော့သလို ဖြစ်... ပြီ။

"အခုချိန်ကစပြီး ဆေး... မသောက်တော့ဘူးကွာ"

လို့ဆိုပြီး ကျွန်တော့်ရေ... ဝယ်ထားတဲ့ ဆေးလိပ်တွေကို နောက်... မြောင်းထဲကို လွှင့်ပစ်ခိုင်းလိုက်ပါ... နောက်ပြီး ကျွန်တော်ခံစားလာ...



www.burmeseclassic.com

www.burmeseclassic.com

ပြောပြလိုက်ပါတယ်။ ကျွန်တော် လိပ်ဖြတ်မယ်ဆိုတော့ ဇနီးက သွားတာပေါ့ဗျာ။ ဆေးရုံကို ပြရမယ့် အခြေအနေထိ မဆိုးသေး စိုးရိမ်ရေမှတ်ကိုရောက်နေပြီလို့ မိတာကို။ အဲဒါနဲ့ ဆေးလိပ်ဖြတ်ဖို့ တော် ဆုံးဖြတ်လိုက်တာပါ။ ကွမ်းယာ ည်း အစားမထိုးဘူး။ ဂျင်တုန်လည်း ဘူး။ တီကနဲဖြတ်ပစ်လိုက်တာ။ ကတော့ မလွယ်ဘူးဗျို့။ သီချင်းထဲ ပဲ ထမင်းစားပြီးတစ်မျိုးလို၊ အိပ်ရာ ည်း တစ်မျိုးလိုပဲ။ ဝေဒနာခံစားရ ကြာက်တော့ အောင်မောင်း။ တောင့် ပေါ့ဗျာ။ တစ်ပါတ်လောက်ကြာတော့ င်းစားပြီးခံတွင်းချဉ်လို့ ဆေးလိပ် ာက်ချင်တဲ့စိတ်တောင် မပေါ်တော့ ။ ကိုယ့်စိတ်ကိုယ် နိုင်တာလား။ မှာကြောက်လို့လားတော့ မသိဘူး။ လိပ်ကတော့ တကယ်ပြတ်သွားပါ ယ်။ ပြီးတော့ ကျွန်တော်ခံစားနေတဲ့ ည်ချောင်းက ဝေဒနာတွေလည်း က်သွားပါတယ်။ ဆေးလိပ်သောက်လို့ မည်းနေတဲ့ ကျွန်တော့် နှုတ်ခမ်းတွေဟာ မူလအရောင်ပြန်ဖြစ်လာပါတယ်။ တစ်လ လောက် ကြာတော့ ဆေးလိပ်နံ့တောင် မခံနိုင်တော့ပါ။ ဆေးလိပ်သောက်တဲ့ အပေါင်းအသင်းတွေနားကို ဆေးလိပ် မီးခိုးနံ့မခံနိုင်လို့မသွားတော့ပါ။ အဲဒီတော့ မှ လူကြား။ သူကြားထဲမှာ ဆေးလိပ်မီးခိုး ထောင်းထောင်းထအောင် သောက်ခဲ့မိတဲ့ ကျွန်တော်ဟာ အခုမှ ကိုယ်ချင်းစာမိ တော့တယ်။ အားနာစရာလည်း အလွန် ကောင်းကြောင်းပါခင်ဗျာ။

ဆေးလိပ်သောက်တဲ့ အကျိုး က လူကြားထဲမှာ စကားပြောလို့ မကောင်းတော့ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ပါးစပ်ကထွက်လာတဲ့ ဆေးလိပ် နံ့ဟာ တော်တော်ဆိုးဝါးပါတယ်။ နာခေါင်းရှုံ့တာခံရပါတယ်။ ဆေးလိပ်ကို ခက်ခက်ခဲခဲဖြတ်ရလိမ့်မယ်လို့ ထင်ခဲ့တာ ပါ။ ဖြတ်နိုင်လိမ့်မယ်လို့လည်း မထင်ခဲ့ ပါဘူး။ တကယ်တော့ စိတ်ပါပဲ။ သေမှာ ကြောက်တဲ့စိတ်က လွှမ်းမိုးသွားတာပါ။ အနိုင်ယူသွားတာပါ။ ဆေးလိပ်ပြတ်သွား ပြီးမှ ဆေးလိပ်သောက်တာဟာ လူကို ဘာမှ အကျိုးပေးတာ မရှိပါလားဆိုတာ လေးလေးနက်နက် တွေးမိလာပါတယ်။ ဆေးလိပ်ဖြတ်လိုက်တဲ့အတွက် အရင်က ပေါင်ရှစ်ဆယ်ကျော်လောက်ရှိတဲ့ ကျွန် တော်ဟာ အခုဆို ပေါင်တစ်ရာ့နှစ်ဆယ် လောက်အထိ ရှိလာပါတယ်။ မနက် စောစောထပြီး နာရီဝက်လောက် လမ်း လျှောက်တယ်။ ဆယ့်ငါးမိနစ်လောက် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ခဲ့တဲ့ ကျွန်တော်ဟာ အခု အသက် ၇၀ ရှိပါပြီ။ ကျန်းမာရေး ကတော့ ဒေါင်ဒေါင်မြည်လို့ ပြောပါရစေ။ ဒါကလည်း ဆေးလိပ်ဖြတ်ခဲ့တဲ့အကျိုး ကျေးဇူးပါခင်ဗျာ။

အမှန်တော့ ဆေးလိပ်နဲ့ ကျန်းမာရေး ကြိုက်တာရွေးတဲ့နေရာမှာ ကျွန်တော် အရွေးမှန်သွားတာပါခင်ဗျာ။


ဆေးလိပ်ကြိုက်တဲ့မိတ်ဆွေ တို့ရော ဘာကိုရွေးမလဲ။

**ကျော်အေးရွှေ**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

သပြေတန်းရွာတစ်ဝိုက်တွင် ...ော့ ကိုကြက်တော ထန်းရည်ဆိုင်က ...မည်ကြီး၊ ထန်းရည်ကလည်းစစ်၊ ...မြည်းဆိုရင်လည်း လယ်ကြွက်သား၊ ...သား၊ တောကြောင်သား၊ ဖွတ်သား၊ ...ရတ်သား၊ တစ်ခါတစ်လေ မြွေ၊ ယုန်၊ ...ောက်သားပါ ရလိုက်သေး၊ ဒါကြောင့် ...ည်း ရွာနီးချုပ်စပ်တွင်သာမကဘဲ မြို့ ...မှပင် လာရောက်၍ အားပေးသောက် ...ကြသဖြင့် ကိုကြက်တော ထန်းရည် ...ိုင်မှာ နေ့နေ့ညည လူစည်ကားလျက်ရှိ ...ည်။ ထိုအထဲတွင် နေ့စဉ်မပျက် အားပေးသူတွေကတော့ ချက်ပြူး၊ ...အောင်ပု၊ သာမောင်၊ ဖိုးထောင်တို့ အဖွဲ့ပင် ယခုလည်း မူးနေကြပေပြီ။

"ဟိတ်ရောင် ... ချက်ပြူး ...တစ်အိုးကုန်ရင် ပြန်ကြမယ်ကွာ။ ငါတို့ အသုဘအိမ်မှာ သွားဝိုင်းလုပ်ကြရဦး ...ယ်"

"အေးပါ ... ငါသိပါတယ်။ ...က ငါ့ရဲ့ ခဆောင်းသခင်ဖြူနှင်းလေးကို ...ည ရည်ဘားစကားပြောမှာမို့လို့ ရဲဆေး နည်းနည်းထပ်တင်နေတာကွ"

ထိုအခါ သာမောင်၊ အောင်ပု၊ ဖိုးထောင်တို့သုံးယောက် ဓါးကနဲ ဝိုင်းရယ်လိုက်ကြသည်။ ဖိုးထောင်က ...

"ဘယ်သူလဲ ခဆောင်းသခင်ဖြူနှင်းဆိုတာ"

"လုံးတင်မလေကွာ။ ငါရဲ့ အသည်းလေးကိုပေါ့ကွ။ ငါ ချစ်စနိုးနဲ့ တင်စားထားတာ"

"မင်း လုံးတင်မ မည်းမည်း လုံးလုံးကိုများ ခဆောင်းသခင်ဖြူနှင်းတဲ့ ဟားဟား ... ကျလည်းကျပေါ့ ချက်ပြူးရာ။ လုပ်ချလိုက်ပြန်ပြီ။ မသကာ ငါ့ချစ်ချစ် အေးသီဆိုဟုတ်သေး။ ငါလည်း ငါ့ချစ်သူကို ဝတ်မှုံရွှေရည်နှင့်ခပ်ဆင်ဆင် ဝတ်မှုံနေခြည်လို့ ပေးလိုက်မယ်။ သူငယ်ချင်းတို့ မင်းတို့ အေးသီကို ဝတ်မှုံနေခြည်လို့ခေါ်ကြ"

"ဟားဟား ... မင်းကရော ဘာထူးလို့လဲ မျက်စိပြူးပြူး ဇီးကွက်မကိုများ ဝတ်မှုံနေခြည်တဲ့"

"ဘာဖြစ်လဲ။ မင်းတောင်မှ မည်းမည်းလုံးလုံး လုံးတင်မကို ခဆောင်းသခင်ဖြူနှင်းလို့ ပေးသေးတာပဲ။ ငါလည်း ချစ်စနိုးနဲ့ပေးတာပေါ့"

"ဟိတ်ရောင်တွေ တော်ကြစမ်းပါကွာ။ မင်းတို့ကလည်း ထန်းရည်ကုန်ပြီ မဟုတ်လား၊ သွားကြမယ်။ မနက်ဖြန်ရက်လည်အတွက် နာရေးအိမ်မှာ ဝိုင်းကူညီကြမယ်"

လေးယောက်သား ပိုက်ဆံရှင်းပြီး နာရေးအိမ်သို့ ထွက်လာခဲ့ကြသည်။ နာရေးအိမ်တွင်တော့ မနက်ဖြန်ရက်လည် ဘုန်းကြီးဆွမ်းကပ်အတွက် ကျေးလက်တို့ ထုံးစံအတိုင်း ကာလသား ကာလသမီးများက တစ်ယောက်တစ်ရာသွ ကြက်သွန်ခွာသူခွာ၊ ရေခပ်သူခပ်၊ ထင်းခွဲသူခွဲနှင့်ရှိကြ၏။ ညဘက်တွင် ချက်ပြုတ်ပြီး မနက်စောစော သံဃာတော်များကို အာရုဏ်ဆွမ်းကပ်၊ လာတဲ့ဧည့်ပရိသတ်များကို ဧည့်ခံကျွေးမွေးရန်ဖြစ်သည်။

အသုဘနာရေးကို လည်း ကြည့်ဦး တစ်ဦးတည်းမဟုတ် နှစ်လောင်းဖြိုင်နာရေး။ သတို့သမီး၊ သတို့သား



www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန် မင်္ဂလာဆောင်ရန်အတွက် မြို့မှာ တစ်ရက်ကြိုပြီး ဆံပင်သွားပြင်၊ ချုပ်ထားတဲ့ သတို့သား၊ သတို့သမီးဝတ်စုံ ရွေးပြီးအပြန်မှာ ဆိုင်ကယ်အက်စီးဒင့် ဖြစ်ပြီး နှစ်ယောက်စလုံး နေရာမှတင ပွဲချင်းပြီး ဆုံးသွားရတဲ့နာရေး။ ကြားရသူ အပေါင်း အားလုံးစုပ်တသပ်သပ်နှင့်သနား နေကြသည်။ ကောင်လေးနှင့် ကောင်မ လေး နှစ်ယောက်စလုံးမှာ တက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသူ/သား ဖြစ်ကြ သည်။ နှစ်ဖက်မိဘ သဘောတူညီစွာဖြင့် ထိမ်းမြားပေးကြခြင်းဖြစ်သည်။ မင်္ဂလာပင် မဆောင်လိုက်ရသေး ကံကြမ္မာက သံဝေဂရစရာကောင်းလှပေသည်။ မိဘ မောင်ဘွား၊ မိတ်ဆွေ သင်္ဂဟများကလည်း ဖြစ်ရပ်ဆိုးအတွက် ရင်ထုမနာဖြစ်ကြရ သည်။ အသုဘချတဲ့နေ့ကလည်း စည်ကားလိုက်တဲ့လူတွေ မင်္ဂလာပွဲ မတက်လိုက်ရဘဲ အသုဘလိုက်ပို့ရ သဖြင့် စိတ်မကောင်း မျက်ရည်ဝဲကြရ သည်။ နှစ်ဖက်မိဘများကလည်း အပေါင်းအသင်းဆန့်တဲ့ ကြေးရတက် ရွာ

မျက်နှာဖုံးများဖြစ်ကြ၍ သင်္ချိုင်းအတွင်း ရော အပြင်မှာပါ လိုက်ပါပို့ဆောင်သူများ နှင့်အပြည့် မနက်ဖြန် ရက်လည်တွင် ညှော်ခံရန် အိုးကြီး၊ အိုးငယ်များဖြင့် ချက်ပြုတ်နေကြသည်။

"ဟဲ့ … မြူတာတ်တို့ လုံးတင် မတို့ နင်တို့အဖွဲ့တွေ ကြက်သွန်နွှာပြီးရင် ဘုန်းကြီးကျောင်းကငှားလာတဲ့ ပန်းကန် တွေ၊ ဇွန်းတွေကို ရေနှင့်အချောထပ် ဆေးဦး။ ပြီးရင် အဝတ်သန့်နှင့် ခြောက်အောင်သုတ်ထားကြ။ မနက်ဖြန် အတွက် အဆင်သင့်ဖြစ်အောင်"

"ဟုတ်ကဲ့ … ဒေါ်လေး"



အချိန်က နေဝင်ဖျိုးဖျ နေဝင် ကြီးမှာ အနောက် မိုးကုတ်စက်ဝိုင်း ငုပ်လျှိုး၍သွားလေသည်။ ကမ္ဘာလော ကြီးတွင် ပုံစွန်ဆီရောင်သဲ့သဲ့ ဖြန့် ပေးထားခဲ့။ မကြာခင်မှာပင် အမှော် ကြီးစိုးလာပေတော့မည်။ အေးသိက

"လုံးတင်မ နင်ရယ်၊ ထွေ ရယ်၊ မယ်တင့်ရယ်က ပန်းကန်တွေ အချောသွားဆေးကြဟာ။ ငါ မြူတာတ်ရယ်၊ ထွေးတင်ရယ်က ကြက်သွန်ခွာထားမယ်"

"အေး … အဲဒါဆိုရင် ပြီးရော။ ထွေးစိန်၊ မယ်တင့် ငါတို့သုံးယောက် ရေတုံကင်မှာ ပန်း သွားဆေးကြမယ်။ သူတို့ ကြက်သွန် ပလေ့စေ"

သုံးယောက်သား ပန်းကန် သယ်၍ အိမ်နောက်ဖေး ရေတုံကင် သို့ ထွက်လာခဲ့ကြသည်။ ထိုအချိန် ဖိုးထောင်က မှောင်နေပြီဖြစ်သဖြင့် စက်နှိုးရန် အိမ်အောက်ထဲရှိ ဒီးစက် သို့ ဝင်သွားလေသည်။ ချက်ပြု



www.burmeseclassic.com

www.burmeseclassic.com

ခင်နှင့် အောင်ပုတို့က အိမ်နံဘေးတွင် ဆောင်ခါး ပင်းရည်အိုး မီးထိုးနေကြ၏။ ခန်းတွင်တော့ ရပ်မိ၊ ရပ်ဖ လူကြီး များ ဝိုင်းဖွဲ့ကာ စကားပြောနေကြ ည်။ ခြံထဲရှိ အိမ်ရှေ့မှုတ်ထဲတွင်တော့ မားများက ဖဲကစားရန် မှောင်နေပြီ ဖြင့် ဖိုးထောင် မီးစက်အထွန်းကို ောင့်နေကြလေသည်။ ထိုအချိန်မှာပင် ာက်ဖေး ရေတံ့ကင်တွင် လုံးတင်မ၊ စိန်၊ မယ်တင့်တို့သုံးယောက်မှာ···

"အား ··· အမလေး ··· ရဲ ··· သရဲ"

ဟုအော်ကာ ထဘီမနိုင်၊ ပါဝါ ဖြင့် ဒိုသံပါအောင် ကုန်းအော်၍ ာက်ဖေးလေှကားမှ ပြေးတက်လာကြ အသံကုန်အော်၍ ပြေးတက်လာ သော လုံးတင်မတို့သုံးယောက်ကို ပြီး နောက်ဖေးတွင် ကြက်သွန်ခွာနေ သာ အေးသီတို့အဖွဲ့လည်း ကြောက် တကြား ရောယောင်အော်ကာ အိမ် ည့်ခန်းသို့ ပြေးဝင်ကြလေတော့ ည်။ အိမ်ရှေ့ည့်ခန်းတစ်ခုလုံး ဝရုံး သုန်းကား ဖြစ်ကုန်၏။ ရွာလူကြီး ဦးတင် မောင်က ···

"ဟဲ့ ··· ကောင်မလေးတွေ နင်တို့ ဘာတွေဖြစ်တာလဲ"

"ဟို··· ဟို··· လုံးတင်မတို့ ရေတံ့ကင်မှာ ပန်းကန်ဆေးနေရင်းကနေ သရဲ သရဲဆိုပြီး အိမ်ပေါ်ပြေးတက်လာ လို့ အဘ"

"ဟဲ့ ··· လုံးတင်မ နင်တို့ ဘာဖြစ်လာတာလဲ ပြောစမ်း"

"ဟို · · · ဟို · · · ကျွန်မတို့



ရေတံ့ကင်မှာ ပန်းကန်ဆေးနေတုန်း နောက်က ရေတံ့ကင်နံပ်သံ ချောက် ကလပ်··· ချောက်ကလပ်နဲ့ အသံကြား လို့ လှည့်ကြည့်လိုက်တော့ မောင်တိုးနှင့် လွင်လွင်ဖြစ်နေတယ်။ သူတို့နှစ်ယောက် လုံး ဆုံးသွားတုန်းကဝတ်ထားတဲ့ အဝတ် အစားတွေနဲ့ပဲ မောင်တိုးလက်မှာ နာရီ ပတ်ထားတာတောင်တွေ့တယ်။ မျက်နှာ မှာလည်း သွေးတွေနဲ့။ လွင်လွင်ကတော့ ဆံပင်ဖားလျားချထားတယ်။ အဲဒါကြောင့် သမီးတို့ ကြောက်လန့်ပြီး ပြေးလာတာ"

"ဟဲ့ · · · နင်တို့ဟာ ဟုတ်ကော ဟုတ်ရဲ့လား။ မျက်စိ အမြင် မှားတာလား"

"အမြင်မှားတာ မဟုတ်ဘူး အဘ။ သမီးတို့သုံးယောက်လုံး မြင်တယ်"

"ကဲ···ကဲ··· ရှိစေတော့။ နင်တို့စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်။ ဟေ့···အောက်က ဖိုးထောင် မီးစက် နှိုးလို့ မရသေးဘူးလား"

ဦးတင်မောင်အော်သံအဆုံး မှာပင် မီးစက်နှိုးသွားပြီး အိမ်ပေါ်ရှာ၊

www.burmeseclassic.com

မဏ္ဍပ်ထဲမှာပါ မီးများလင်းထိန်သွား၏။

"ကဲ…ကလေးမတွေ ဘာမှ မဖြစ်တော့ဘူး။ လုပ်စရာရှိတာ သွားလုပ်ကြ"

မီးလင်းသွားပြီးဖြစ်သဖြင့် ဖဲသမားတွေလည်း ဖဲပြန်ရိုက်နေကြလေပြီ။ ဧည့်ခန်းတွင် လူကြီးတွေလည်း ပြန်လည်စကားဝိုင်းဖွဲ့နေကြကာ လုံးတင်မ၊ အေးသီ၊ ထွေးစိန်၊ မယ်တင်၊ ဖြူတုတ်တို့ မိန်းကလေးအဖွဲ့မှာလည်း နောက်ဖေးမီးဖိုခန်းတွင် ကြက်သွန်ခွာနေကြသည်။

အေးသီက …

"လုံးတင်မ နင်တို့တွေ တကယ်တွေ့တာလား"

"တကယ်တွေ့တာပေါ့ဟ။ မောင်တိုးက ဆံပင်ညှပ်ထားတယ်ထင်တယ်။ မျက်နှာကို ရှင်းရှင်းလင်းလင်း တွေ့ရတယ်။ မျက်နှာမှာ သွေးတွေနဲ့။ တုံကင်နှိပ်နေလို့ လက်က နာရီတောင် တွေ့သေးတယ်"

"လွင်လွင်ကရော"

"လွင်လွင်က ဆံပင်ဖားလျား ချထားတယ်ဟ။ သူတို့က မင်္ဂလာဆောင်မှာဆိုတော့ ဆံပင်အဖြောင့် စက်ခွဲထားတယ်။ ဆုံးသွားတုန်းကအတိုင်းပဲ။ သနားပါတယ်ဟာ။ သူတို့ ကောင်းရာမွန်ရာ ရောက်ပါစေ"

ဖြူတုတ်က …

"ဟုတ်မယ်ဟ။ မင်္ဂလာဆောင်မှာဆိုတော့ မောင်တိုးက မြို့မှာနာမည်ကြီးနေတဲ့ အောင်ထွန်း ဆံသမှာ ဆံပင်ဝင်ညှပ်ပြီး လှဆန်းနာရီဆိုင်မှာ နာရီဝယ်ပတ်တာဖြစ်ရမယ်"

ထိုအခါ ထွေးစိန်က …

"ဒါဆို လွင်လွင်ရော"



"သူက ထူးသန့်စင် အလှပြင်ဆိုင်မှာပြင်တာဖြစ်မယ်။ အဲဒီဆိုင်က လက်ရာကောင်းတယ်။ နာမည်ကြီးပဲ"

"ဟုတ်ပါ့မလားဟဲ့။ န… စတိုင်လ်မှာပြင်တာလဲဖြစ်နိုင်တယ်… အဲဒီဆိုင်လည်း လက်ရာကောင်းတယ်… နာမည်ကြီးပဲ"

အလှအပကြိုက်တဲ့ အပျို… တစ်သိုက် မိန်းကလေးတို့သဘာ… ရောက်တတ်ရာရာ စကားကောင်း… စဉ် မုန့်ဟင်းရည်အိုး မီးထိုးနေသော… ချက်ပြုတ် နောက်ဖေးလေ့ကားမှတက်… ပြီး ထမင်းစားပွဲဝိုင်းတွင် ကြက်သွန်… နေသော အပျိုအုပ်စုနား သွားရပ်… လုံးတင်မကို ငုံ့ကြည့်၍ …

"ဆောင်းသခင်ဖြူနှင်း … ဘာဖြစ်သွားသေးလဲ။ အရမ်းလန့်… သလား ဟင်"

ဟုဆိုကာ အသံကြေ… မိန်းကလေးအားလုံး သူ့ကို မော့ကြ… လိုက်ကြ၏။ အေးသီက…

"ဘာဖြစ်တယ် ချက်ပြု…



www.burmeseclassic.com

www.burmeseclassic.com

ောင်မကို ဘယ်လိုခေါ်လိုက်တယ်"

"ဆောင်းသခင်ဖြူနှင်းလေး။ ောင်းသခင်ဖြူနှင်းလို့ခေါ်လိုက်တာ"

"ဆောင်းသခင်ဖြူနှင်းတဲ့ ဝါး ား ဟား ဟား ဟား"

ကောင်မလေးတွေအားလုံး ရယ်ကြသဖြင့် လုံးတင်မ ရှက်သွား း မျက်နှာနီရဲသွားပြီး ...

"ချက်ပြူး နှင်ငါ့ကို ပေါက်ကရ ည်တွေ လာမခေါ်နဲ့ မသာကောင်"

"ငါနင့်ကို ချစ်လို့တင်စားတာ ဟ"

"ဘာချစ်တာလဲ။ ရွှေသလိုလို သလိုလိုနဲ့။ ဟင်း ... နောက်တစ်ခါ ခေါ်ရင် သေမယ်မှတ်"

ထိုအချိန်တွင် မှန့်ဟင်းခါး င်းရည်အိုး မီးဖိုနားကျန်ခဲ့သော သာ ောင်နှင့်အောင်ပု လေ့ကားမှ အလု ယက် ပြေးတက်လာကြ၏။ ချက်ပြူး း ...

"ဟိတ်ရောင်တွေ ဘာဖြစ်လာ ကြတာလဲ"

နှစ်ယောက်သား မျက်စိ မျက်နှာပျက်ပျက်ဖြင့် ...

"ငါတို့ကို ခဲလုံးနဲ့ပစ်လို့ကွ။ ငါတို့ လှည့်ကြည့်တော့ မောင်တိုးနှင့် လွင်လွင် အမှောင်ထဲမှာရပ်နေတာကို တွေ့ရတယ်။ အဲဒါကြောင့် ငါတို့ ပြေး တက်လာတာ"

"ဟုတ်လို့လားကွာ။ မင်းတို့ ဟာက"

ထိုစဉ်မှာပင် အိမ်နောက်ဖေး သစ်သားနံရံကို ခဲလုံးနှင့်ထုလိုက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဒိန်း"

ညအချိန်တွင် အသံမှာ ကျယ်လောင်လွန်းလှသဖြင့် ကောင်မလေးတွေ အားလုံး ပူးကပ်ကုန်ပြီး ကတုန်ကယင် ဖြစ်ကြ၏။ အိမ်ရှေ့မှာ စကားပြောနေကြသော လူကြီးများ အိမ်နောက်ဖေးသို့ ရောက်လာကာ မေးသဖြင့် အကျိုးအကြောင်းပြောပြနေစဉ် နောက်ဖေး မီးဖိုချောင်နံရံကို ကျောက်ခဲ လေးငါးလုံးခန့် အရှိန်ပြင်းစွာ လာရောက်ထိမှန်ပြန်သည်။

"ဒိန်း ... ဒိန်း ... ဒိန်း"

"အား ... အမလေး"

ကောင်မလေးများ ကြောက်ရွံ့စွာ အော်သံများ ထွက်ပေါ်လာသည်။ လူကြီးများလည်း အံ့ဩတုန်လှုပ်ကုန်သည်။ ရပ်ကွက်လူကြီး ဦးတင်မောင်က-

"တစ်ယောက်ယောက်က မူးပြီး လာသောင်းကျန်းတာဖြစ်မယ်။ ဟိတ်ရောင် ... ချက်ပြူး ဓာတ်မီးယူပြီး အောက်သွားကြည့်စမ်း"

"ဟာ ... ဦးလေး ကျွန်တော် မသွားရဲဘူးဗျ"

"မင်းကလည်း ယောကျ်ားဖြစ်ပြီး ကြောက်နေပြန်ပြီ။ ငါသွားကြည့်မယ်။ မင်းတို့ ငါ့နောက်ကလိုက်ခဲ့"

ပြောရင်း ဓာတ်မီးကိုင်ကာ နောက်ဖေးပေါက်မှအထွက် ...

"ဒိန်း...ဒိန်း...ဒိန်း...ဒိန်း"

ဆိုသော အသံအတူ ဦးတင်မောင်မှာ ...

"အား"

ဟု တစ်ချက်အော်ပြီး နဖူးကို

www.burmeseclassic.com

လက်ဖြင့်ဖိကာ အထဲပြန်ဝင်လာသည်။ လက်ကိုဖယ်လိုက်တော့ နဖူးပေါက်သွားသဖြင့် သွေးအနည်းငယ် စီးကျလာသည်။

ထိုအချိန်တွင် သေဆုံးသွားသော လွင်လွင်၏မိခင်မှာ တဟင့်ဟင့်နှင့် ငိုပြီး အသံကျယ်ကျယ်ဖြင့် ငိုရင်း …

"အဖြစ်ဆိုးလှတဲ့ သားနဲ့သမီးရယ်။ မေမေ ရင်ထဲ ဘယ်လိုမှ ဖြေမဆည်နိုင်တော့ပါဘူး။ မင်းတို့နှစ်ယောက် ကောင်းရာဘုံဘဝရောက်အောင် အမေတို့ မနက်ဖြန် ဘုန်းကြီးဆွမ်းကပ်မယ်။ မင်းတို့ကို ရည်စူးပြီး အမျှဝေမယ် သိလား။ မင်တို့ဘယ်မှ လျှောက်သွားမနေနဲ့။ အမေပြောတာ ကြားရဲ့လား"

ထိုအခါ အိမ်ခေါင်မိုး သွပ်ပေါ်သို့ ခဲကျသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဒိန်း … ဂလုံ … ဂလုံ … ဂလုံ"

အားလုံး အထိတ်တလန့် ဖြစ်ကုန်ကြသည်။ ထိုစဉ်ပင် ခေါင်းရင်းခြံမှ ခွေးတစ်ကောင် စွဲစွဲငင်ငင် ထိုးအူလိုက်လေတော့သည်။ ခွေးအူသံမှာ ကျယ်လွန်းလှပြီး တစ်ကောင်စအူရာမှ အခြားခွေးတွေက လိုက်အူကြသဖြင့် တိတ်ဆိတ်နေ သောညတွင် ချောက်ချားစရာ။

"အူး … ဝူး … ဝူး"

တစ်ဆက်တည်းမှာပင် ညငှက်တစ်ကောင်၏ အော်သံက ထွက်ပေါ်လာပြန်သည်။

"ဂီ…ဂီ…ဂီ"

အထိတ်တလန့်ဖြစ်နေချိန်တွင်ဖြစ်၍ ညငှက်အော်သံက ကျောချမ်းဖွယ်ကောင်းလှ၏။ ထို့နောက် အရာအားလုံး ပြန်လည်တိတ်ဆိတ်သွားပြီး



မည်သည့်အသံမှ မကြားရတော့ … အားလုံး ပုံမှန်ပြန်သွားတော့ … ဘာဖြစ်တာလဲဆိုပြီး ထကြည့် … သမားများကလည်း ဘာမှမဖြစ် … သဖြင့် ဖဲပြန်ရိုက်နေကြသည်။ … လေးနာရီမှ ဘုန်းကြီးကြွလာမှာဖြစ် … ဝိုင်းလုပ်ကိုင်ကြသော ကာလသ … များလည်း အိပ်ခန်းတစ်ခန်းတွင် … စု၍ တစ်ရေးတစ်မောအိပ်ကြသော … ချက်ပြုတ်ကြမည့် ဖိုးထောင်တို့ ကာလ … များကလည်း ဘုရားခန်းတွင် စ … နေကြသော လူကြီးသူမများအနီး … ခြုံကွေးနေကြပြီး မဏ္ဍပ်ထဲတွင် … ကတော့ ကောင်းနေဆဲ တဖြည်း … ညဉ့်နက်လာသည်နှင့်အမျှ လူကြီး … များလည်း နီးရာနေရာတွင် တစ်ရေး … ဆိုပြီး မှေးကြလေတော့သည်။

မည်မျှကြာအောင် အိပ် … သွားသည်မသိ …

"ဘုန်း … ဘုန်း … …

နံရံကို လက်နှင့်ထုသံ … လောင်စွာ ထွက်ပေါ်လာသဖြင့် …



www.burmeseclassic.com

www.burmeseclassic.com

သူများ အထိတ်တလန့်နှင့် နိုးလာကြ
…နာရီကိုကြည့်တော့ လေးနာရီပင်
…တော့မည်။ ထိုအခါမှ မုန့်ဟင်းခါး
…ည်အိုး အပူပေးသူပေး မုန့်ပွဲပြင်သူ
… ဘုန်းကြီးများထိုင်ရန် ဖျာခင်းသူခင်း
… အားလုံး အလုပ်များကုန်ကြသည်။
…အခိုက်မှာပင် မဈွာပ်ထဲမှ ဖဲသမား
… အထိတ်လန့် ဝရန်းသုံးကား ပြေး
…လာကြသဖြင့် ရတ်ရတ်သဲသဲဖြစ်နေ
… ဆွာလူကြီး ဦးတင်မောင်က …

"ဟိတ် … မင်းတို့ ဘာဖြစ်
…ဘာလဲ ရန်ဖြစ်ကြပြန်ပြီလား"

"မဟုတ်ဘူး ဥက္ကဋ္ဌကြီး မဈွာပ်
… ခဲလုံးတွေ တဝုန်းဝုန်းနဲ့ကျလာလို့
…တော်တို့ ပြေးတက်လာတာ"

"အေး … အဲဒါ ဘုန်းကြီးကြွ
…မှာမို့လို့ မောင်တိုးတို့ လင်မယားက
…ကို ဖဲဝိုင်းသိမ်းခိုင်းတာ ငါတို့လည်း
…ပျော်နေလို့ သူတို့ပဲ နိုးပေးတာ"

ဦးတင်မောင်စကားက ဟုတ်
…လိုဖြစ်နေသဖြင့် မည်သူမျှ အထွန့်
…တက်ကျ။ ထိုစဉ် သံဃာတော်များ
ကြွရောက်လာ၏။

ဆရာတော်၊ သံဃာတော်များ
ကို ကွယ်လွန်သူတို့အား ရည်စူးပြီး ဆွမ်း၊
ကွမ်းနှင့် သက်န်းပရိက္ခရာ၊ လှူဖွယ်
ပစ္စည်း၊ ဝတ္ထုအစုစုတို့ကို လှူဒါန်း
ဆက်ကပ်ပြီး ဆရာတော်၊ သံဃာတော်
များထံမှ တရားနာယူကြကာ ရေစက်
သွန်းချ အမျှဝေ သာဓုခေါ်ဆိုနေစဉ်
သာဓုခေါ်သံအဆုံး၌ မွှေးထုံသင်းပျံ့သော
ရနံ့က တစ်အိမ်လုံး လွှမ်းခြုံသွားလေတော့
သည်။ တသိမ့်သိမ့် ရှိုက်ငိုနေသော
လွင်လွင်၏ မိခင်ကိုကြည့်၍ ဆရာတော်
က …

"ကာယကံရှင် မိတာတွေ ဘာမှ
ပူဆွေးသောကဖြစ်မနေကြနဲ့တော့။ ဒကာ
လေးနှင့်ဒကာမလေးတို့ဟာ ကောင်းရာ
သုဂတိဘုံကို ရောက်ရှိသွားကြလေပြီ"

ဟု မိန့်ကြားကာ ကျောင်းသို့
ပြန်ကြွသွားလေတော့သည်။ ဇာတိရှိရင်၊
မရဏရှိမယ်၊ နိဗ္ဗာန်မရမချင်း သံသရာ
ဘဝ ဘဝတွေမှာ ကျင်လည်ရဦးမှာပဲ
မဟုတ်လား။

ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ
ဆိုတာ မမြဲပါဘူး။ အချိန်အခါမရွေး
ပျက်တတ်သည်။ ပုထုဇဉ်တို့၏လားရာ
သည်လည်း မရေမရာ၊ တိုတောင်းလှ
သော လူ့ဘဝတွင် သဗ္ဗပါပဿ
အကရဏံ၊ မကောင်းမှုဟူသမျှ မပြုလုပ်
ပါနဲ့။ ကုသလဿ ဥပသမ္ပဒါ၊ ကောင်းမှု
မှန်သမျှ ပြုလုပ်ကြပါ။ ဆရာတော် သံဃာ
တော်တို့၏ အဆိုအမိန့်အတိုင်း အသေ
မဦးခင် ဉာဏ်ဦးကြပါ။ ဒါန၊ သီလ
ဘာဝနာ ဆောက်တည်ကျင့်ကြံပွားများ
အားထုတ်ပြီး အပ္ပမာဒ၊ အသိတရား
ကိုယ်စီထားရှိကာ သစိတ္တပရိယောဒါပနံ၊
မိမိစိတ်ကို ဖြူစင်အောင်ထားခြင်းဖြင့်
ရှင်တော်ဗုဒ္ဓ၏ အဆုံးအမနှင့် တရားတော်
များကို ထာဝစဉ် နှလုံးသွင်းကြပါလို့
တိုက်တွန်းရင်းဖြင့် ….

စာရှုသူများ ရွှင်လန်းချမ်းမြေ့
ကြပါစေ။

ဇော်မင်း
ခရုံ/မြောက်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဘဝမှာ အချစ်ဦးသူဖြစ် ...ာ့ အရူးအမူးချစ်ခဲ့သူ တစ်ယောက် ...ယ်။ လူသားတိုင်းဟာ အချစ်နဲ့ ...ိုင်ဘူး ဆိုသကဲ့သို့ ကျွန်မလည်း ...တ်ခွင့် မရှိခဲ့ဘူးပေါ့။ မိဘတွေ ...တွေက ဝိုင်းအုံစုပုံပြီး ချစ်ကြ ... ထောင့်ငါးရာသော မေတ္တာနှင့် ...ပြင်းသော ကိလေသာအချစ်ကို ... ကျွန်မကား လိုချင်မိပြန်ပါသေး ...

ငါးရာ့နှစ်ဆယ့်ရှစ်သွယ်သော ...တွေကြားမှာ လူလားမြောက် အပျို ...သော ကျွန်မဟာ ထောင့်ငါးရာ ...တ္တာရှင် ကောင်ချောကလေးကို ...ွင်းနိုင်ခဲ့ဘူး။ မိဘ၊ မောင်ဘွားတွေ ...ရှင်၊ စင်ကြယ်ခြင်းတွေထက် ...သော ထောင့်ငါးရာမေတ္တာရှင်ကို ...ဆွေမျိုးတွေထက် ပိုပြီးလိုချင်မိခဲ့ ...

မိဘနှင့် ဆွေမျိုးတွေကတော့ ...ကို အိ်ု ထောင်မပြုစေချင်ပါဘူး။ ...ကြ တယ်။ ဒါပေမဲ့ မချစ်ဖူးသေးသော အချစ်ရူးကောင်မလေး "ကြာနီသင်း" ဆိုတဲ့ ကျွန်မဟာ ချစ်သူကောင်ကလေးရဲ့ လက်ခုပ်ထဲကရေ ဖြစ်နေခဲ့ပါတယ်။

ချစ်လွန်းလို့ နာမည်တောင် မခေါ်ရက်ဘူး။ "မောင် . . . မောင်" ဟု မောင်ခြင်းတွေ အမြင်ကပ်စရာ ကောင်းအောင် ထပ်နေခဲ့ရတာချည်း။ သူက ကျွန်မထက် ခုနစ်ရက်လောက်လည်း ငယ်ပါသေးတယ်။ ပြီးတော့ ရက်ရက်စက်စက်လည်း ချောနေပြန်သေးရဲ့။

ဒါကြောင့် ကျွန်မဟာ မောင့်ကို ချစ်မိတဲ့ နေ့ကစပြီး ဒုက္ခတွေရခဲ့ရပါတယ်။ ဒါပေမဲ့ "သုခ" လို့ရည်း မှားယွင်းစွာ မြင်နေခဲ့သော မျက်မမြင် အချစ်သမကလေးပင်။ ကျွန်မတွင် မိန်းကလေး အပေါင်းအသင်းများလေတော့ ပြဿနာပေါ့။ မောင်ရောက်လာတော့ စိတ်မချခြင်းရောဂါက ပထမဆုံး စတင်နှိပ်စက်သော ဒုက္ခတစ်ပါးပေါ့ရှင်။

မောင်နှင့် ပထမဆုံး ချစ်ခွင့်ကြုံစေတာကတော့ ကျွန်မရဲ့ မောင်အရင်းတစ်ယောက်ကြောင့်ပါ။ ကျွန်မတို့တွင် မောင်နှမနှစ်ယောက်ရှိတယ်။ တစ်ဦးက ကိုကိုကြီး နေမင်းဦးပေါ့။ ကျွန်မ ကြာနီသင်းက ညီမလေးပေါ့။ ကိုကို သူငယ်ချင်းရဲ့ ညီက ကျွန်မချစ်သူဖြစ်လာမယ့် ညီအငယ်။

ကိုကိုနှင့် နီးနွယ်ဝင်ထွက်ရာမှ အပျိုချောမလေး ကျွန်မနှင့် ရိုးစင်းစွာ တွေ့၏။ ပြီးတော့ အပြန်အလှန် ညှို့မြူ ဖမ်းစားရာမှ မကြာခင်ပဲ ချစ်သူဖြစ်ကြရတာ။ တကယ်ပဲ တစ်လနှင့် ဆယ့်ကိုးရက်သာကြာပြီး ချစ်သူဖြစ်ကြရတာ။ မောင်က အလွန်သွက်လက် ဖျတ်လတ်သော ကောင်ကလေး။ ကျွန်မကတော့ မသွက်လွန်း၊ မအေးလွန်း။

ရက်တိုတိုနှင့် ချစ်သူဖြစ်လာတော့ ကျွန်မသူငယ်ချင်းတွေက အံ့သြကြတယ်။ ညီအငယ်ကိုလည်း ကျွန်မကဲ့သို့ ရင်းနှီးလာကြတယ်။ ကျွန်မ အဲဒီမှာပဲ ရောဂါစရခဲ့တယ်ပေါ့နော်။ လူမျိုး မရွေး၊ ဘာသာ မရွေး ခင်မင်သော မောင်နှင့် တက်တိုးပါလေရော။ ကျွန်မသူငယချင်း တစ်ဒါဇင်ကျော်ကျော် အပျိုတွေက မောင့်


www.burmeseclassic.com

www.burmeseclassic.com

ကို ပုံစံမျိုးစုံနှင့် ရောနှောကြတယ်။ ပူဆာ ဆိုးနွဲ့ကြတယ်။

အစက ကြိတ်မှိတ်သဘော ထားပြီးကာ အရုပ်မဆိုး အကျည်းမတန် ရလေအောင် ထိန်းထားသောကျွန်မ ကြာရှည်မှာ မတတ်နိုင်။ ကျွန်မရဲ့ သူငယ်ချင်းတွေနှင့် ခြေပုတ် ခေါင်းပုတ် နှင့် တဖြည်းဖြည်း ရောနှောရောင့်တက် လာကြ၏။ ကျွန်မမှာ ပူပူနွေးနွေး ချစ်သူရ ကာစ အနှုန်းကွဲ့ခတ်ဘိအလား စိုးတရိမ်ရိမ် နှင့် ဒုက္ခပေါ့ရှင်။

"မောင်...ခင်တော့ခင်တာပဲ ပေါ့။ ဒါပေမဲ့ မွေးရန့်တို့ အုပ်စုနဲ့ ဆင်ဆင် ခြင်ခြင်နေစမ်းပါ။ လူလည်း မြင်မကောင်း ဘူး။ ကျွန်မက မောင့်ရည်းစားပါ မောင်ရဲ့"

"ဟုတ်။ မောင်က ရိုးရိုးလေး ခင်တာပါ...ကြာနီရဲ့"

"အဲဒီလို ရိုးရိုးကလေးကနေ မောင်နဲ့ ကျွန်မလည်း ချစ်သူဖြစ်ခဲ့တာ မို့လား"

"ကျစ်...ကြာကလေးနဲ့တော့ ဒုက္ခပဲကွာ"

"လုံးဝ...မကြိုက်ဘူး"

ကျွန်မစကားကို မောင်က နား မထောင်ခဲ့ဘူး။ မွေးမွေးတို့ အုပ်စုနှင့် ပရောပရည်ရှိဆဲ။ သူ့အိမ်သွားလိုက်၊ ငါ အိမ်လာလိုက်နှင့် အခြေအနေက မရပ် တန့်ချေ။ ကျွန်မရဲ့ ဒုက္ခတွေပေါ့ရှင်။ ပထမ စိတ်ကောက်တယ်။ သူက မလျှော့။ ဒုတိယ စိတ်ဆိုးတယ်။ သူက မဖြုံဘူး။ တတိယ မုန်းစကားတွေနှင့် ပေါက်ကွဲ တယ်။ မောင်ကတော့ သူ့အချိုး... ခေါင်းမာလွန်းစွာဖြင့် မပြင်ဆင်သေး... ရှင်။

× × ×

**အခန်း (၂)**

"အချစ်က ဒုက္ခပါလား"

ကျွန်မ မကြာမကြာ ... သော စကားစုကလေးပါ။ မောင်...





www.burmeseclassic.com

www.burmeseclassic.com

နှမကို ရည်းစားအဖြစ် ဆက်တွဲနေသဲ။ အချိုးတွေကိုလည်း မပြင်ဆင်ဘူး။ ချစ်သာလွှာတွေ ပို့ခဲ့။ Phone တွေဆက်ခဲ့။ (E.Mail) တွေ ပို့ခဲ့ပင်။

အချစ်ဦးမို့ ကျွန်မဟာ မောင့် အနှိုင်းမဲ့ချစ်ခဲ့တယ်။ မောင့်ကို မှတ်တရတွေ အမြတ်နိုး လက်ဆောင်ခဲ့တယ်။ မောင်ကလည်း စီတာချွဲနဲ့ တော်ခဲ့။ မောင်နှင့်ကျွန်မရဲ့ ဒုတိယ ဒုက္ခတော့ ကျွန်မမိဘတွေကရော၊ မောင့်ဘတွေကပါ နှစ်ဖက်သဘောမတူခြင်း

ကျွန်မတို့က ငွတ်တရွတ်ဆက်နေသောကြောင့် မတတ်နိုင်ခြင်းသာ။ မောင်က ကျွန်မမိဘတွေ မကြည်သဖြင့် စက တော်တော်နာတင်းခဲ့တယ်။ တော့လည်း သူက ပုံမှန်ပါပဲ။ ငွေစံပယ် ကျွန်မသူငယ်ချင်းထဲတွင် မောင့်ကို ကဲခုံ။ သူမရဲ့ ရုပ်ကလေးကလည်း စရာမို့ ကျွန်မကို ချောက်ချားစေခဲ့ ယ်လေး

"ဟဲ့…မိန်းမတွေ၊ ညီအဂ္ဂက ငါ့ရဲ့ဘုရားဝင်ရည်းစားနော်။ ရှင်တို့ ရုပ်ရှင်ပြနိုင်းလိုက်၊ ရော့ပင်း ထွက်ခေါ်လိုက်နဲ့ ကြာနီသင်း မကြိုက်ဘူး"

"ငါတို့က ရိုးရိုးကလေးပါ ကြာကလေးရယ်"

"ရိုးရိုးကလေးလည်း မခိုင်းနဲ့၊ ဆန်းဆန်းကလေးလည်း မခိုင်းနဲ့။ ရှင်တို့နဲ့ ကျွန်မ ခင်မင်မှု စတောင်ရပ်ခဲ့ပြီ၊ အူတိုတယ် ဟော့…စိတ်မချဘူး။ သူငယ်ချင်း အဖြစ်ကရပ်တယ်"

"အာ…မရဘူး မရပ်နိုင်ဘူး။ ဘာဆိုင်လို့တုန်း။ ကြာကလေး ကြောင်ပြီ"

စသဖြင့် တစ်ယောက်တစ်ပေါက် ထပြောကြတယ်။ ကျွန်မစကားကို ရွတ်နောက်ခြင်း အဆင့်ဠသာ ချောင်ထိုးပစ်လိုက်ကြတယ်ရှင်။ ကျွန်မက ကင်းရှင်းပေမယ့် သူတို့အုပ်စုက အိမ်ထိ ရောက်လာကြစမြဲ။ ဆူညံကြစမြဲပင်။

"ဒုက္ခပါလား…"

× × ×

## အခန်း (၃)

ခုဆယ့်နှစ်လကြာတော့ ငွေစံပယ်နှင့်မောင်ဟာ ငြိတိတိ။ သက်သေတော့ မရှိခဲ့ဘူး။ ကျွန်မရိပ်မိခဲ့တာ။ မရိုးသားမှန်း သိပေမယ့် လက်တွေ့မမိ။ ကျွန်မရဲ့ အပူတွေက တတိယဒုက္ခပေါ့။ ပထမ စိတ်နာခဲ့တယ်။ ပုံမှန်ဆက်ဆံဝင်ထွက်တဲ့အတွက် ကျွန်မမောင့်ကို မပြတ်ရှနိုင်ခဲ့ဘူး။ တားတယ်။ သတိပေးတယ်။ မောင်က ဝန်မခံ။

ငွေနှင့်မောင် တရားဝင် ချစ်သူဖြစ်မှာစိုးပြီး ကျွန်မဟာ ကုမ္ပဏီမှာတောင်မှ မဖိစီးနိုင်တော့တဲ့ (PRADO) ကားကြီးနှင့် (မက်တူး) မောင့်ကားနောက် တစ်ကောက်ကောက်လိုက်မိသော အခြေအနေတွေပေါ့ကွယ်။

အလစ်မပေးဝံ့။ အိပ်တာတောင်မှ မဖြောင့်။ ညဖက်သူတို့ (Phone) ပြောနေလေမလားနှင့် တရေးနိုးကြီးထ (Phone) ခေါ်လိုခေါ်နှင့် ကျွန်မအိပ်ရေးတွေပျက်ပေါ့ရှင်။

အီး…အား…ဒါ ချစ်ဒုက္ခပေါ့နော်။ ယောက်ျားတွေနှင့် စကားပြော

www.burmeseclassic.com


နေလျှင် ကျွန်မဘယ်လိုမှမနေ။ မောင် ကုမ္ပဏီထဲမှာ မိန်းကလေးတစ်ယောက်နှင့်များ စကားပြောတာမြင်လျှင် ရင်တုန်ရပြီ။

"မောင်က လိုရှုတ်တယ်။ ဒါ ပထမ အဆက်ပေါင်းများလား" ဟု တွေးရင်း ကျွန်မတွင် အသက်ငယ်ငယ်နှင့် သွေးတိုးရောဂါရစပြုလာခဲ့တာ စာတ္တွ နုက္ခထင်ပါရဲ့။ အမယ်လေး…ကြီးလိုက်တဲ့ဒုက္ခ။ သွေးတိုးရောဂါ ကုရဦးမည် သေချာပါရဲ့။

ကျွန်မဘယ်လိုများ ပြောင်းလဲသွားရတာလည်းလို့ ပြန်ပြီးတောင်နားမလည်နိုင်ခဲ့ပါဘူး။ ကောင်မလေးတွေနှင့် ကျွန်မ သဝန်မတိုချင်ပါဘူး။ စိတ်မချ မဖြစ်ချင်ပါဘူး။ ဒါပေမဲ့ မောင့်ကို အနိုင်းမဲ့ချစ်မိသောကြောင့်၊ ထာဝရပိုင်ဆိုင်လိုသောကြောင့်၊ ကျွန်မနှင့် လက်မထပ်ဖြစ်၊ မပေါင်းစပ်လိုက်ရမှာ ကြောက်ရွံ့လွန်းသောစိတ်ကြောင့် ကျွန်မဒီလိုဖြစ်လာခြင်း ထင်ပါရဲ့။

ကျွန်မသဘောထားကြီးခြင်းကို သဘောပေါက် နားလည်ခဲ့ပေမယ့် လက်တွေ့မှာတော့ စိတ်မချနိုင်ခဲ့ပါဘူး။ မောင်က ကောင်မလေးတွေနှင့် ခပ်ကင်းကင်း၊ မလျှော့မတင်းသော ဆက်ဆံပါလျှင် ကျွန်မလည်း ဒီဘဝသို့ ရောက်ရမည်မဟုတ်။ မောင့်ကိုလည်း ကျွန်မက ဩဇာမညောင်းနိုင်ခဲ့ဘူး။ ကျွန်မစကားကို နားမထောင်သော ချစ်သူကို ဘာကြောင့်များ ကျွန်မကို ထာဝရဘုရားသခင်က လက်ဆောင်ပေးခဲ့ပါလိမ့်ကွယ်။

"သမီး…သမီးရဲ့ကောင်ကလေးက မိန်းကလေးတွေနဲ့ ထွေးရောယှက်တင်နဲ့ကွယ်။ လူမြင် မတင့်တယ်ဘူး။ အစကောင်းမှ အနှောင်းသေချာတယ် သမီး။ ဒီကောင်လေးကို မာမီမြင်ရတာ သဘောမတွေ့လှဘူး။ သမီး သူနဲ့သာ လက်ထပ်မိရင် အနာဂတ်တွေ မလှပနိုင်



ဘူး။ မာမီ အတတ်သိထားတယ်။ ...
လူတစ်ယောက်က အိမ်ထောင်...
သစ္စာမရှိတတ်ဘူး သမီးလေးရေ"

"သူ ပြုပြင်လာနိုင်...
သမီးယုံကြည်ထားတယ် မာမီ"

ကျွန်မကိုယ်တိုင်မော...
ကျွန်မပြောရင် ခေါင်းညိတ်မှုကို ...
လွယ်ကလေး ညိတ်ပြခဲ့ပေမယ့် ...
တွေ့မှာတော့ အချိုးတွေ မပြင်တာ ...
သားပါ။ ဒါပေမယ့် တပ်မက်မိသော...
နုမြောသောစိတ်၊ မဆုံးရှုံးရဲသေး...
တွေနှင့် မရဲတရဲ မာမီ့ကို ကျွန်မ...
မိတတ်ခဲ့ပြီ မောင်ရယ်။

"ဟင်း…အေးလေ ...
ကံမကောင်းနိုင်ပါဘူးကွယ်"

မိဘတွေက ကျွန်မ...
ကလေး ညှိုးငယ်နွမ်းနယ်နေ...
ဆက်မပြောတော့ပါ။ ဟား…...
ကျွန်မကိုချစ်ရင် အနေအထိုင် ...
တွေ ဆင်ခြင်ပါလား။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ပဉ္စမဒုက္ခကတော့ တကယ့် အပြင်းစားပင်။ မောင်ဟာ ကျွန်မထက် ပိုမိုလုပသော ကောင်မလေးတွေ ရှာဖွေတွေ့ရှိကာ အချိန်တွေပေးတယ်။ ဦးစားပေးတယ်။ ပိုမိုပျော်ဝင်သွားသောကြောင့် ကျွန်မဟာ ဘာတွေလုပ်ရမှန်းတောင် မသိနိုင်တော့ဘဲ စားမဝင်၊ အိပ်မပျော်သော ရည်းစားပူမိသော ရောဂါဝေဒနာရှင် ဖြစ်လာရပါပြီကော။

မောင်နှင့် လက်မထပ်ဖြစ်မှာကို စကတည်းက စိုးရိမ်ပူလောင်မိခဲ့ရသော ကျွန်မဟာ ချစ်ဆန္ဒမပြည့်ဝခဲ့တဲ့ အပြင် ကြီးစွာသော ဝင့်ဆင်းရဲခြင်းကြီးတွေနှင့် ပိန်ချုံးချည့်နဲ့ မျက်ရည်နှင့် ချက်ခွက်ပင်။

"ညီမလေး နေမကောင်းဘူးလား။ ပိန်လိုက်တာ ကပ်နေတာပဲ"


"စိတ်ချတာပါ ကိုကို"

ကျွန်မ မလုံမလဲနှင့် လိမ်ညာကာကွယ်လိုက်ရပါတယ်။ ချစ်သူနိုင်စက်သော ဒဏ်ရာဟု ကိုကို မသိစေချင်။ ရက်လည်း ရက်မိပါတယ်။

"အဲဒီ စီးပွားရေး လုပ်ငန်းရှင် နာမည်ခံထားတဲ့ အမျိုးသမီးကြီးက မိန်းမလည် ကြာကလေး။ ယောက်ျားချောချောလေးတွေ တွေ့ရင် အလွတ်မပေးဘူး။ မိန်းမပိုင်းလုံးကြီး ဟ။ အသက်ကဖြင့် (၅၀) နားနီးနေပြီ။ ရှင့်လူကို တော်ကြာ ထောင်ဖမ်းထားမှ A ကိုက်နေဦးမယ်။ ဘာရောဂါတွေရှိမှန်း မသိနိုင်ဘူး။

အမယ်လေး...မောင်ရယ်

ကျွန်မ ကြာနီသင်း ကျွမ်းသာထိုးပစ်လိုက်ချင်ပါရဲ့။ မေတ္တာစစ်နဲ့ ချစ်ခဲ့ရသူမို့ မောင်လည်ဝယ်မှန်းသိပေမယ့် သတိတစ်ချက်လွတ်ကာ ဘဝပျက်မှာ စိုးမိပါရဲ့။ အားကျွန်မရင်ဘတ်ထဲမှာ ကမ္ဘာအကြီးဆုံး မီးတောင်ကြီး ပေါက်ကွဲသလိုပဲ။ မောင့်ကို



ကျွန်မ မကြိုက်ကြိုက် ကြိုက်ကြိုက် သတိပေးရမယ်။ ဒါကြောင့် ကျွန်မဟာ မောင့်ရဲ့ အနာဂတ်၊ ကျွန်မရဲ့ အနာဂတ် အတွက် သတိပေးမိသော်...

"တိတ်စမ်း...ကြာနီသင်း။ နင်ဟာ အလကားနေရင်း သဝန်တို၊ စိတ်မချဖြစ်ပဲတတ်တဲ့ မိန်းမ။ သိပ် ပေါက်ပေါက်စစများတာပဲ။ ငါ အန်တီသွယ်နဲ့ ဆက်ဆံနေတာ စီးပွားရေးအတွက်ပဲ။ နင်နားလည်သလား။ ဝင်မစွက်ဖက်နဲ့။ ငါ မကြိုက်ဘူး။ နေရာတကာ အူတိုတတ်တာ လူမဝင်ဆန့်တဲ့ မိန်းမတွေရဲ့ အလုပ်ကွ"

"ကျွန်မကို ရှင်ဒီလောက် အော်ငေါက်စရာ ဘာမှမလိုဘူး ညီအငွ။ ရည်းစားအဖြစ် လက်ခံထားပြီးတော့ ဒါလေးတောင် သတိပေးတာ မကြိုက်ရင် ကြာနီသင်းက ဘယ်နေရာမှာ အခွင့်အရေး ရမှာတုန်း"

"အသစ်တွဲ...လိုက်..."

"မှတ်ထား..."

ကျွန်မမောင့်ရဲ့ ပါးကို သာအမဲ့

www.burmeseclassic.com

အသိမဲ့စွာနှင့် ဖြတ်ရိုက်ပစ်မိခဲ့တယ်။ တကယ်ပဲသူဟာ ကောင်မလေးတစ်ယောက်အတွက် ပြတ်စဲဖို့ သိပ်လွယ်ပါလား။ ကျွန်မ ဒေါသကို မှားမှားမှန်မှန် နှောင်တာမရချင်တော့ဘူး။

"တောက်"

ညီအဂ္ဂဟာ မိန်းကလေးမို့ သူ့ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့လျှင် ဥပဒေရှိနေသဖြင့် ပြန်ရိုက်ရန် ရည်ရွယ်ပြီးမှ စိတ်ဆိုးမာန်ဆိုးနှင့် ထွက်ခွာသွားတော့သည်။

"ညီမလေး…ဘာဖြစ်နေတာလဲ။ ဟမ်…"

"ကိုကို…"

ညီအဂ္ဂနှင့် မသင့်မြတ်တာ ကိုကိုမြင်တွေ့သွားခဲ့ပြီ။ ကျွန်မ အနီးက ညီအဂ္ဂကလည်း ကားနှင့်ထွက်သွားခဲ့ပြီ။ ကျွန်မ ချစ်သူနှင့် တစ်သက်စာ ပြတ်စဲပြီ သိလိုက်ကာ အားရပါးရ ငိုကြွေးမိတော့သည်။ ကိုကိုကတော့ ကျွန်မကို အားပေးချော့မြှူလျက်…

× × ×

## အခန်း (၅)

ကျွန်မမိဘတွေက တစ်နှစ်နီးပါး ကျွန်မကို မြစ်ကြီးနားမြို့တော်က ဦးလေးဆီပို့ထားခဲ့ပါတယ်။ ကျွန်မက လည်း ကျွန်မကို နာကျင်မှန်းတီးရောင် ဖြာလင်းနေလေသော ညီအဂ္ဂနှင့် ရင်မဆိုင်လို။ သူ့မျက်နှာကို မကြည့်လိုတော့။

အဲနေနီးနေတော့ မောင့်ရဲ့ အပြုအမူတွေကို မြင်မိကာ ဒိတ်ဒထ်ရာတွေရကာ စိတ်မချတွေ ဖြစ်ခဲ့ပါတယ်။ ခုလို နှစ်နှင့်ချီကာ ခွဲနေလိုက်တော့ ကျွန်မ မောင့်ကို အရင်ကလောက် မတပ်မက်တော့။ သူ့ကို ကျွန်မက ဘယ်တော့မှ လက်ထပ်ခွင့်လည်းရတော့မှာ မဟုတ်မှန်း သေချာခဲ့တော့ တစ်ခဏတာ ပေါက်ကွဲအားပြင်းသည်။ ခုတော့ နလုံးသားက မီးငြိမ်းတောင်တစ်လုံးနှယ် ငြိမ်သက်ပြီး ဆုံးပြီးခဲ့ပြီ။

အခု ကျွန်မ ကိုယ့်အိမ်ကို ပြန်ရောက်ခဲ့ပြီ။ ကုမ္ပဏီမှာ ပုံမှန်ဝင်လုပ်နိုင်ခဲ့ပါပြီ။ ညီအဂ္ဂကိုလည်း မြင်တွေ့ရနေပါတယ်။ သူဟာ ဘာမှမပြောင်းလဲသေးပါဘူး။ ငွေစံပယ်ဖြူအပါအဝင် အားလုံး… အရောဝင်နေတုန်းပါပဲ။ ကျွန်မကတော… ဆုံးရှုံးပြီးခဲ့ပြီမို့ ဘာမှမထူးခြားတော့။ မ… နိုင်တော့ဘူးမို့ မမက်မောမိတော့တာ… ပင်။ ညီအဂ္ဂကတောင်မှ ကျွန်မကို အ… ယူရတဲ့အထိ။ ကျွန်မကတော့ ညီအ… ဟာ ကျွန်မအတွက် "သတို့သား" လော… မဖြစ်တော့ဘူးဆိုသောအသိနှင့် စိတ်… ခြင်းကလွဲ၍ ဘာမှမရှိနိုင်တော့ပါ…

ညီအဂ္ဂက ကျွန်မအရင်… က မိန်းကလေးတွေနှင့် သူတွဲတိုင်း… တို့ရဲ့ စိတ်မချဖြစ်ရကာ မျက်နှာ… ရှုပ်ညိုနက်နေမိတာ သူနှင့်ကျွန်မ… မထပ်ဖြစ်မှာ စိုးရိမ်သောကြောင့်ပါ။ … အဲဒါတွေ မလိုတော့ဘူးလေ။ သူ… ကျွန်မအတွက် တစ်စုံတစ်ရာ… ပေးဆပ်နိုင်ခြင်းမရှိတော့တဲ့လူ။ ဘာ… နိုင်တော့တဲ့ လူအတွက် ကျွန်မဟာ … မတမ်းတမိတော့တာဟာ သဘာဝ… ပါ။

"ကြာကလေး…ဟိုမှာ… ရှင့်ရဲ့ အဆောက်ပောင်းကြီး (old…

www.burmeseclassic.com

www.burmeseclassic.com

ကြီးနို့လား။ မသိမသာ ငုံ့ကြည့်နေတယ်"

"ကျွန်မ မြင်ပါတယ်။ ရှင့်ရဲ့ သောက်ရေသန့်ထဲက ရေကုန်နေရင် အဲဒီ ဘူးခွံကို ဘာလုပ်မလဲ သာကော…"

"သာကောတို့က Go အဝေး ပြီး လွှင့်ပစ်မှာပေါ့"

"အဲဒီအတိုင်းပါပဲ"

"ဟောတော်…"

ကျွန်မက တည်ငြိမ်သိမ်မွေ့စွာ သူ့နံဘေးကနေ (PRADO) ကားကို မောင်းနှင်ထွက်လာခဲ့ပါတယ်။ အရင်က တော့ သူဟာ ကျွန်မရဲ့ချစ်သူ။ ခုတော့ သူက သူများတွေရဲ့ချစ်သူ။ ဒီတော့ ကျွန်မအတွက် ညီအဂ္ဂကား ပုံပြင်ဟောင်း တစ်ပုဒ်မျှသာ။

သူကလည်း ကျွန်မလို ကောင်မလေးအတွက် စာဖွဲ့မှာ မဟုတ်။ ကျွန်မကလည်း ဝင့်ဒုက္ခမှ ကွင်းလုံးကျွတ် လွတ်မြောက်ပြီးခဲ့ပြီ။ ရည်းစားဘဝမှာ ကွဲ ကြတာ ဘာမှမဆန်းပါဘူးနော်။ အရင် တုန်းကဆိုပါလျှင် အဲဒီလို စတက် ကလေး တဝဲဝဲနှင့် နုပျိုသော ကောင်မ လေးတွေနှင့် သူစကားပြောတိုင်း ကျွန်မ ဟာ နေမထိ၊ ထိုင်မသာဖြစ်လာကာ သဝန်တွေတို့ မနာလိုတွေဖြစ်လာကာ ဂနာမငြိမ်နိုင်ခဲ့ပါဘူး။ ရန်စကားတွေ ပြော မိခဲ့တယ်။

ခုတော့ ညီအဂ္ဂဟာ ညီအဂ္ဂ ပါပဲ။ ကျွန်မအတွက်သူက မိတ်ဆွေကောင်း မှ ဖြစ်မလာနိုင်တော့သော သူစိမ်းတစ် ယောက်ဖြစ်သွားခဲ့ပြီ။ မိန်းကလေးမို့ သူနှင့် တွဲခဲ့မိတဲ့အတွက် နာမည်တော့ပျက်တာ ပေါ့။ ဒါကလည်း ရင်းနှီးရသော ဗဟုသုတ တစ်ခု မဟုတ်ပါလား။ ကျွန်မရခဲ့တာ ကတော့ အသည်းကွဲဖူးသော ရသ ခါးခါး တွေသာ။

ကျွန်မ ပြုံးလိုက်ပါတယ်။ ညီအဂ္ဂဟာ ကျွန်မအတွက် မလိုအပ် တော့သောသူမို့ ကျွန်မ့သူ့ဆီက ဘာမှ မမျှော်လင့်တော့တာ။ မရနိုင်တော့တာမို့ မလိုချင်တော့တဲ့ စိတ်ပေါ့နော်။ သူ အိမ်ထောင်ပြုသွားခဲ့လည်း ကျွန်မနှင့် မသက်ဆိုင်တော့ပါ။ နှမြောနေစရာလည်း မလိုတော့။ သူ့ကို ကျွန်မကမှ မရနိုင် တော့တာပဲ ဘယ်သူယူယူ ကျွန်မ အတွက် ဘာမှမထူးတော့ဘူး။

ကျွန်မနှင့် ချစ်ဇာတ်လမ်း ကလေးပြီးဆုံးသွားခဲ့လို့ ညီအဂ္ဂကလည်း ပူဆွေးငိုကြွေးနေမယ့် ယောက်ျားမဟုတ်။ သူ့အတွက် ကောင်မလေးတွေက မှိုလို ပေါက်နေခဲ့။ မရှားခဲ့။ ကျွန်မနှင့်ညီအဂ္ဂရဲ့ ဇာတ်လမ်းကလေးတွင် ဘယ်သူတွေပဲ မြတ်မြတ်၊ ဘယ်သူတွေပဲ ရှုံးရှုံး အရေး မကြီးတော့ပါဘူး။ သင်ခန်းစာရတာပေါ့ နော်။

ကျွန်မကို သူ ဘယ်သူနှင့်ပဲ တွဲပြပြ၊ ခနဲ့နေနေ ကျွန်မကဥပေက္ခာပြု နိုင်ရပါမည်။ ဒါမှ ဇာတ်လမ်းက အပြီး သတ်သွားတော့မှာ။ ခုလည်း တစ်စ တစ်စ ကျွန်မချစ်ဒုက္ခဆိုးကြီးကနေ လွတ်မြောက် နေခဲ့ပေပြီ။ ထာဝရလွတ်မြောက်ဖို့ ကျွန်မ ဆက်ကြိုးစားရပါဦးမယ်။

**စိမ်းရွက်လွှာ**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

**ယခင်လမှအဆက်**

"ဟိုတယ်ဆိုတာတော့ ရောက်တဲ့နေရာမှာ လွတ်လွတ် လပ် သွားချင်လာချင် နားချင်နေ လူတွေအတွက် သတ်မှတ်တဲ့ အခကိုပေးပြီး တည်းခိုနားနေတဲ့ ရာပဲ။ အိမ်တို့ ရိပ်သာတို့ ဘာတို့ ဘာ ကန့်သတ်ချက်တွေရှိတယ်။ ကြောင့် Globalization လို့ ခေါ်တဲ့ ရွာကာလကို ရောက်နေတဲ့ ကြီးမှာ လူတွေဟာ လွတ်လွတ် လပ်နေချင်ကြတယ်။ သွားချင်ကြ ယ်၊ စားချင်ကြတယ်။ လိုအပ်တာ ကို သင့်မြတ်တဲ့ အခကြေးငွေပေး ဆောင်ရွက်ချင်ကြတယ်။ တည်းတဲ့ နေရာမှာ အသိအိမ်၊ ဆွေမျိုးအိမ် အားနာနေရဦးမယ်လေ။ ကိုယ် ချင်တာတွေလည်း ပြည့်စုံချင်မှ ဦးမယ်။ ဟိုတယ်မှာဆိုတော့ ဘာမှ နာစရာ မရှိဘူး။ သူ့ဝန်ဆောင်ခ လိုက်ရုံပဲ။ လိုတာအကုန်မှာလို့ ရတယ်။ ခိုင်းလို့ရတယ်။ ဒါကြောင့် အခုလို Media တွေ သိပ်ကောင်းနေပြီး ခရီးသွားလာမှုတွေ အလွန်များနေတဲ့ အချိန်မှာ ဟိုတယ်တွေဟာ လူတွေ အတွက် မရှိမဖြစ်တဲ့ Neccessary တွေပါ"

ဟိုတယ်လုပ်ငန်းကျွမ်းကျင်သူ ကျွန်တော့်မိတ်ဆွေတစ်ဦးက ပြော၏။ သူက ၁၉၈၈ ခုနှစ်နောက်ပိုင်းကစပြီး ဟိုတယ်ဖွင့်လာသူဖြစ်သည်။ အရေးကြုံတော့ ထိုမိတ်ဆွေကြီးဆီ ပြေးရတော့၏။ မေးရတော့၏။

"ကျွန်တော့်ဆီမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာတော့ လူတွေ အသွားအလာတွေ များလာတယ်။ သုံးနိုင်စွဲနိုင်လာကြတယ်။ အဲဒီအခါမှာ ဟိုတယ်လုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာတာပါပဲ။ ဟိုတယ်လုပ်ငန်းတွေကို ကျွန်တော်တို့မိသားစု ၁၉၉၀ လောက်ကတည်းက စခဲ့တာပဲဗျ။ အခြေအနေကောင်းပါတယ်။ ခင်ဗျား သိချင်တာတွေရှိရင် မေးဗျာ။ ပွင့်ပွင့်လင်းလင်းပြောပါမယ်"

"ဟုတ်ပါပြီ။ ကျွန်တော်ကလည်း ဘာမှမသိသေးတဲ့ ဟိုတယ်သုံးလေးလုံး တာဝန်ယူရမှာမို့ အရေးတကြီး သိချင်တာတွေ မေးချင်ပါတယ်"

"ပြောပါ"

"ကျွန်တော့်ကော်မတီက ဟိုတယ် Grouping အုပ်စုဝင်ငွေကျနေတယ်။ အဲဒါ ဝင်ငွေတိုးအောင်လုပ်ဖို့ ဥက္ကဋ္ဌကြီးက ကျွန်တော့်ကို သီးခြားတာဝန်ပေးတယ်ဗျာ။ ဝင်ငွေတိုးအောင်ဆိုတော့ ညှိလာရမှာပေါ့။ ညှိလာအောင် ဘယ်လိုလုပ်ရမှာလဲ။ ဘာတွေလိုလဲ။ ရှင်းပြပေးပါဗျာ"

ဟိုတယ်ပိုင်ရှင်မိတ်ဆွေကြီးက သိမ်မွေ့စွာ ပြုံးလိုက်၏။ သူ့တွင် ဟိုတယ်သုံးလုံးရှိသည်။ မန္တလေးတွင် တစ်လုံး၊ တောင်ငူ တစ်လုံး၊ ရန်ကုန်တွင် တစ်လုံး။ အားလုံး အောင်မြင်နေ၏။

"ကိုယ့်ဟိုတယ်မှာ လူတွေ



www.burmeseclassic.com


www.burmeseclassic.com

များများတည်းရတဲ့ အကြောင်းတွေဟာ ပထမဆုံးက သန့်ရှင်းသပ်ရပ်ခြင်း၊ ဒုတိယက ဝန်ဆောင်မှုကောင်းခြင်း၊ တတိယက သုံးတဲ့ပစ္စည်းတွေကောင်းခြင်း။ နောက်တစ်ခုကတော့ တည်နေရာ **Location** ကောင်းခြင်းနဲ့ သင့်တင့်မျှတတဲ့ဈေးနှုန်းရှိခြင်းတွေပါပဲ"

"ဟိုတယ်ကြီး ဘယ်လောက်ကောင်းနေနေ အထားအသိုနဲ့ သန့်ရှင်းသပ်ရပ်မှုမရှိရင် လူမလာဘူးဗျ။ ဝင်လိုက်ကတည်းက အနံ့အသက်မကောင်းဘူး။ ကားထားဖို့တွေ အဆင်မပြေဘူး။ အဝင်အထွက်တွေ ခက်တယ်ဆိုရင် တည်းတဲ့သူ မလာချင်တော့ဘူး"

"ဟုတ်မယ်။ ၁၉၉၀ ခုနှစ်လောက်က ကျွန်တော် တောင်ကြီးမှာ တာဝန်ကျတယ်။ တောင်ကြီးဟိုတယ်ကြီးက နေရာကောင်း၊ အဆောက်အဦကောင်းပေမယ့် လူမလာဘူး။ **Renovate** ပြန်လုပ်တော့ ကျွန်တော်ပါတယ်။ ဟိုတယ်ပစ္စည်းတွေအားလုံး ဟောင်းနေပြီ။ အနံ့အသက်ကလည်း မကောင်းဘူး။ တာဝန်ခံက ဟိုတယ်ကြီးကို လူငယ်တွေနဲ့ပဲ လွှတ်ထားတယ်။ ညနေသုံးနာရီဆို အိမ်ပြန်ပြီ။ ညလုံးဝမလာဘူး။ အဲဒါနဲ့ ဒီဟိုတယ်ကြီး ဒုက္ခရောက်တော့တာပဲ"

"ဟုတ်ပါတယ်။ ဝန်ဆောင်မှု **Service** ကလည်း ပေးတာကောင်းမှ၊ **Reception** လို့ခေါ်တဲ့ ဧည့်ကြိုမှာရော၊ **Room Service** ရော၊ အစားအသောက်ရော၊ အိပ်ဆောင် သန့်ရှင်းမှုနဲ့ ထိန်းသိမ်းမှုရော ကောင်းဖို့လိုတယ်။ ဝန်ထမ်းတွေအားလုံး ဧည့်သ... ကို ပြုံးပြုံးကလေးနဲ့ ဆက်ဆံ... မယ်။ ပြီးတော့ သူတို့ကိုယ်တိုင်... အားလုံးလှလှပပ သပ်သပ်ရ... ရှိရမယ်။ သန့်ပြန့်ရမယ်။ မွှေးကြိုင်... မယ်။ ကျန်းမာရေးကောင်းရမ... ယဉ်ကျေးရမယ်။ ဘာသာစ... ကျွမ်းကျင်ရမယ်။ အဓိကက... အင်္ဂလိပ်စကားပေါ့။ အခု... အိမ်နီးချင်း တရုတ်နဲ့ ထိုင်း... လည်း လိုတာပဲ။ ကျန်တဲ့စကား... လည်း တတ်ရင်ကောင်းတာပဲ။ ... ကိုယ့်ဟိုတယ်တည်းတဲ့သူတွေ ...





www.burmeseclassic.com

www.burmeseclassic.com

ကား အခက်အခဲမရှိဘဲ ကျေနပ်ပြီး နောက်တစ်ခေါက်ပြန်လာမှာ။ ပစ္စည်း အသုံးအဆောင်တွေ ကောင်းတာ၊ နေရာ ကောင်းတာ၊ ဈေးနှုန်း သင့်တင့်တာ တွေလည်း အရေးကြီးပါတယ်။ ဒါပေမဲ့ ါတွေကတော့ ခင်ဗျားတို့ ကော်မတီ မှာ ဆောင်ရွက်ပြီးသားဖြစ်မှာပါ''

“ဟုတ်ကဲ့ ... ဟိုတယ် အားလုံးက နေရာကောင်းပါတယ်။ အင်းလျားကန်စောင်းမှာ တစ်လုံး၊ န်ကုန်မြစ်ကမ်းမှာ တစ်လုံး၊ ပြည် လမ်းမကြီးပေါ်မှာ တစ်လုံးနဲ့ ရွှေတောင် တန်းမှာ တစ်လုံးပါ။ ဈေးနှုန်းတွေ ကလည်း သူများနည်းတူပါပဲ။ လျှော့လို့ လည်း ရပါသေးတယ်။ အသုံးအဆောင် ပစ္စည်းအသစ်တွေလည်း ဝယ်ဖို့ခွင့်ပြု ထားပါတယ်''

“ဈေးလျှော့နိုင်ရင် လျှော့ပေးပါ။ လူများတဲ့ **Package Tour** တွေဆို ဈေးလျှော့ပြီးလက်ခံရင် ညွှဲမပြတ်ဘူးပေါ့ဗျာ''

“အဲ ... နောက်တစ်ခုကတော့ ဘယ်လိုစီမံအုပ်ချုပ်ရမလဲ။ ဟိုတယ်မှာ ဘယ်ဌာနတွေက ငွေအယိုဖိတ်ဆုံးလဲ။ ယိုပေါက်ဟာပေါက်တွေ ဘယ်လိုပိတ်မလဲ။ အဲဒါလည်း သိချင်ပါတယ်''

“စီမံအုပ်ချုပ်တာကတော့ အုပ်ချုပ်ရေးအဖွဲ့ဖွဲ့ပြီး သူ့အောက်မှာ မန်နေဂျာ၊ ဒုမန်နေဂျာနဲ့ **Section** လိုက်၊ ဌာနစိပ်လိုက် တာဝန်ခံတွေ ခန့်ထားပေါ့။ အနည်းဆုံး တစ်လ



တစ်ခါ၊ ဖြစ်နိုင်ရင် တစ်ပါတ်တစ်ခါ အစည်းအဝေး လုပ်ပါ။ အုပ်ချုပ်ရေး အဖွဲ့အစည်းနဲ့ ဝန်ထမ်းအစည်းအဝေး ပေါ့ဗျာ။ အဲဒီမှာ လိုအပ်ချက်တွေ ဟိုတယ်တိုးတက်ရာ တိုးတက်ကြောင်း တွေ ဆွေးနွေးတင်ပြနိုင်းဗျာ။ ယိုပေါက် ဟာပေါက်တွေကတော့ အများကြီးပဲ။ အဓိကကတော့ **Food and Beverage** လို့ခေါ်တဲ့ အစားအသောက်နဲ့ အဖျော် ယမကာဌာနလေ။ မီးဖိုချောင်ပေါ့။ ငွေအထွက်ဆုံး အယိုဆုံးနေရာကြီးပေါ့။ ပစ္စည်းဝယ်တာတွေလည်း သတိထား။ တစ်ဦးတစ်ယောက်တည်း ဘယ်တော့မှ မခိုင်းနဲ့။ **Group** နဲ့ ကော်မတီနဲ့ အဖွဲ့နဲ့ ခိုင်းပါ။ စတိုက ပစ္စည်းထုတ်သုံးတာ တွေလည်း သတိထား။ ပိုထုတ်သွား တတ်တယ်။ ငွေသုံးစွဲခွင့်တွေလည်း ပိုတင်တတ်တယ်။ နေ့စဉ်မဟုတ်တောင် တစ်ပတ်တစ်ခါလောက် ဟိုတယ်ကို လှည့်စစ်၊ ပုံမှန်စာရင်းစစ်နဲ့ စစ်တာ။ ကိုယ်ကလည်း စာရင်းတွေကို **Surpise Check** လုပ်ကြည့်။ စတိုတွေ ဝင်ကြည့်။

www.burmeseclassic.com

နောက်ပြီး Night Duty တွေ ပစ်မထားနဲ့။ ညတာဝန်ကျ Night Shift တွေက တစ်ခန်းတည်း နှစ်ခါလှူသွင်းပြီး ငွေယူတတ်တယ်။ ဟိုတယ်နာမည်ပျက်တတ်တယ်။ Night Audit တွေလည်း သိပ်မယုံနဲ့”

ကျွန်တော်သည် ထိုနေ့က မိတ်ဆွေကြီးနှင့် အချိန်အတော်ကြာ ဆွေးနွေးခဲ့၏။ သူ့ထံက အတွေ့အကြုံများကို မေးမြန်းကာ နည်းနာများ ခံယူခဲ့၏။ နောက်တစ်ပတ်အကြာတွင် ဟိုတယ်များကွပ်ကဲမှုကို ကျွန်တော် လွှဲယူလိုက်တော့သည်။

မနဲ့လေးနဲ့ နဲ့နဲ့တော့ တွေ့ပြီပေါ့ခင်ဗျာ။

❖ ❖ ❖

စကတည်းက ယဉ်သကိုဟု ဆိုရပါမည်။

စစ်သားဘဝက လာသူမို့ ဟိုတယ်တွေကိုင်တော့ စည်းကမ်းကို အရင်ကိုင်၏။ ဝန်ထမ်းများ စည်းကမ်းကောင်းရမည်။ အလုပ်ချိန်မှန်ရမည်။ ကိုယ်ကျင့်တရား ကောင်းရမည်။ တာဝန်ကျေပွန်ရမည်ဟု ပထမအကြိမ် ဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ မှာကြားရ၏။ လူငယ်များက လိုက်နာကြပါသည်။ သို့ရာတွင် တစ်ဦးနှစ်ဦးက ပြောစကားနားမထောင်ပါ။ ဆွေးနွေးပညာပေးသည်။ မရပါ။ အလုပ်ချိန်မှန်မှန် မလာပါ။ အစီရင်ခံစာ မှန်မှန်မတင်ပါ။ အစည်းအဝေးနေ့များ၌ သူတို့ကို ကျွန်တော်က စောင့်ရ၏။ သူတို့ကား အခြားသူများမဟုတ်ပါ။ အကြီးဆုံး ဟိုတယ်ကြီးမှ ရာထူးအကြီးဆုံးယူထားသည့် မန်နေဂျာကြီးနှင့် သူ၏ အန္တေဝါသိက တပည့်ကြီး တစ်ဦးနှစ်ဦး ဖြစ်ပါသည်။ တစ်လခန့် စောင့်ကြည့် သတိပေး၏။ မရတော့သည့်အခါ ကော်မတီကို တင်ပြခွင့်ပြုချက်ရယူပြီး ...

“ကဲ ... မန်နေဂျာကြီး ထွက်စာတင်ပါတော့ဗျာ”

ဟု အပြတ်ပြောရတော့၏။

ဆရာနှင့်အတူ တပည့်ကြီးများ
ပါသွား၏။ စိတ်မကောင်းပါ။
အရ လုပ်ငန်းတိုးတက်ရာ တိုး
ကြောင်း ဆောင်ရွက်ရခြင်း ဖြ
သည်။ သူက မဟုတ်တာတွေ
လုပ်ပြနေတော့ အားလုံးက အတု
အတတ်သင်နေကြသည်။ ဟို
ပစ္စည်းများ အလွဲသုံးစားလုပ်
ဝန်ထမ်းများ လူမှုရေးဖောက်ပြ
သည်။ စာရင်းအင်းများ မမှန်
လိမ်ပြီး ပြသည်။ လက်ဆုပ် လက်
မိသူများကို တာဝန်မှ ရပ်စဲလို
သည်။ ဘာပဲဖြစ်ဖြစ် ရှေ့
နွားလား ဖြောင့်ဖြောင့် မသွား
နောက်နွားစဉ်စီ ကိုက်ကလည်း
ဖြောင့်ဖြောင့် မလိုက်ကြတော့
ထို့ကြောင့် ဖယ်သင့်သူများကို
လိုက်ရ၏။

ထိုစဉ်က ထိုမန်နေဂျာကြီး
ပေးထားသည့် လစာမှာ သိန်းကျော်
သည်။ သူ့လခ သုံးလစာခန့်
ကားတစ်စီးဝယ်၍ ရပါသေး



www.burmeseclassic.com

www.burmeseclassic.com

ပြောစရာပါ။

သူတို့မရှိတော့ နောက်လူများ က အလုပ်ပိုကြိုးစားလာကြ၏။ ထို့ကြောင့် ယခင်ကထက် ဟိုတယ် ဝင်ငွေ ပိုတိုးတက်လာ၏။ ဧည့်များ ကျလာ၏။ Marketing အတွက် လုပ်ငန်းကျွမ်းကျင်သူများအား ရန်ကုန် မြို့တွင်းရှိ ခရီးသွားကုမ္ပဏီများနှင့် ဆက်သွယ်လှုပ်ရှားစေ၏။ ဟိုတယ် များအတွက် TV နှင့် သတင်းစာ၊ ရေဒီယိုများမှ ကြော်ငြာများ ထည့် စေ၏။ ဟိုတယ်လုပ်ငန်း၌ ဧည့်ကြို၊ သန့်ရှင်းရေး၊ အိပ်ဆောင်ထိန်း၊ အစား အသောက်၊ ပစ္စည်းထိန်း၊ လုံခြုံရေး၊ ငန်းဥယျာဉ်၊ စာရင်းအင်း၊ အုပ်ချုပ် ရေး ကွန်ပျူတာ၊ မော်တော်ယာဉ် သည်ဖြင့် ဌာနများက အတော် များများရှိပါသည်။ အားလုံးကို သူ နေရာနှင့်သူ အဆင်ပြေအောင် ညှိနှိုင်း ရ၏။ ပေါင်းစပ်ညှိနှိုင်းပေးမှုကြောင့် လုပ်ငန်းအရှိန်အဟုန်ကောင်းကာ ဝင်ငွေကလည်း သိသိသာသာ တိုးတက်လာသည်။

မြန်မာကျပ်ငွေထက် နိုင်ငံခြား ငွေ ပိုတိုးတက်လာရန် ကော်မတီက လိုလားသည်။

ထို့ကြောင့် ...

"နိုင်ငံခြားငွေ တိုးလာအောင် အကြံပြုကြဗျာ"

ဟု တစ်ခုသော အစည်း အဝေးတွင် ကျွန်တော်မှ အုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် မန်နေဂျာများအား ပြောရ၏။

အားလုံးအကြံပြုချက်အရ ပြည်တွင်းပြည်ပသို့ အမှာစာများ ရေးပို့ သည်။ Service ဝန်ဆောင်မှုကို အကောင်းဆုံးဖြစ်အောင် ကြိုးစား သည်။ ထို့နောက် လူမသိ သူမသိ တည်းခိုဈေးများ ချလိုက်၏။ နိုင်ငံခြား ဧည့်များ ပြုံကျလာ၏။ အရှေ့တိုင်းသား များများပါသည်။ တစ်လ ဒေါ်လာ လေးငါးသောင်း ဝင်လာ၏။ ထိုအခါ တာဝန်ခံကြီး ကျွန်တော် ရင်ကော့ ခေါင်းမော့လာနိုင်၏။ သို့ရာတွင် လုပ်ငန်း၏လျှို့ဝှက်ချက်ကို ကျွန်တော် နားမလည်ပါ။

တစ်ခုသောဟိုတယ် လုပ်ငန်းရှင်များ အစည်းအဝေး၌ ကျွန်တော့် ဟိုတယ် Grouping F.E တွေ တိုးတက်နေကြောင်း ကြားသိသူများက ...

"ဒါလောက် လူလာနည်းနေ တဲ့အချိန်မှာ ဘာဖြစ်လို့ ဝင်ငွေတိုးရ သလဲ"

ဟု မေးလာကြ၏။

လူအ လူနု ကျွန်တော်က–

"ဟဲ... ဟဲ... လွယ်ပါ တယ်ဗျာ။ ဈေးချလိုက်တော့ လူအလာ များပြီး ဝင်ငွေတိုးတာပေါ့ဗျာ"

ဟု ခပ်ကြွားကြွားလေး ဖြေလိုက်၏။

ကျွန်တော် အလွန်မှားသွားပါ သည်။ သူတို့ကလည်း အပြိုင်အဆိုင်ဈေး လိုက်ချသဖြင့် ကျွန်တော့် ဝင်ငွေ အချို့ ပြန်လျော့သွားခဲ့ရ၏။ မှတ်သားလောက် သည့် သင်ခန်းစာတစ်ခုပါ ခင်ဗျာ။

www.burmeseclassic.com

ဟိုတယ်အုပ်စုကို တာဝန်ယူနေရသည့် ကာလ၌ ကျွန်တော် နိုင်ငံခြားသို့ နှစ်ခေါက်သွားခဲ့ရ၏။ တရုတ်၊ ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများသို့ ရောက်ခဲ့သည်။ သူတို့နိုင်ငံများက ဟိုတယ်များ၌ တည်းခိုခဲ့ရ၏။ ကောင်းတာတွေ အားလုံး မှတ်သားခဲ့သည်။ တရုတ်ပြည် ကူမင်းမြို့၌ တည်းခိုရာဟိုတယ် အခန်းတွင်းတွင် ဥရောပဝတ်စုံ မေ့ကျန်ခဲ့၏။ လေဆိပ်ရောက်မှ သတိရပြီး ဟိုတယ်ကို လှမ်းပြောရာ နောက်တစ်ပတ်အကြာ ရှန်ဟဲမြို့ရှိ တည်းခိုရာဟိုတယ်သို့ ထိုဝတ်စုံ ရောက်လာ၏။ ပစ္စည်းအပျောက်အရှ မရှိပါ။ ဗီယက်နမ်၌ ဟန္နိုင်း၊ ဒေဝူး ဟိုတယ်မှာ လေးငါးရက်တည်းခိုခဲ့ပါသည်။ အားနာရလောက်အောင် ဧည့်ဝတ်ကျေပွန်လှပါ၏။

ထိုင်းနိုင်ငံ၌ **Central Grand Hotel** တွင် တည်းခဲ့ရာ အခန်းပေါင်း လေးငါးရာရှိသည်။ ဟိုတယ်ဝင်းကြီးမှာလည်း ကျယ်ပြောလှသည်။ ဟိုတယ်နှင့် တစ်ဆက်တည်း **Department** စတိုးကြီးရှိသည်။ လိုချင်တာ အကုန်ရသည်။ **Karaoke** တို့၊ **Stage show** တို့ ဘာတို့နှင့် ဖျော်ဖြေရေး အစီအစဉ်များကလည်း အပြည့်။ ဝေးဝေးလံလံ သွားစရာ မလိုပါ။ **Massage** တို့ ဘာတို့ဆိုတာကတော့ **Room Service** ပင် ပေးပါသည်။ ဟိုတယ်ဟံဆိပ်နှင့် ကားများလည်း အများအပြားပင်။ တည်းခိုသူများ **Convenience** ဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိ၏။ ထို့ကြောင့်လား မသိပါ။ ထိုဟိုတယ်ကြီး၌ အမြဲလူပြည့်နေ၏။ နိုင်ငံတကာက အသားအရောင်မျိုးစုံ ဧည့်သည်များအား တွေ့ခဲ့ရ၏။ စားသောက်ခန်းမှာ အမြဲလူပြည့်နေ၏။ အစားအသောက်ကလည်း တရုတ်စာ၊ ဥရောပစာ၊ မွတ်စလင်စာ၊ သက်သတ်လွတ် စသည်ဖြင့် စုံလှ၏။ စားချင်တာ အကုန်ရပါ၏။ **Chef** များကလည်း အကောင်းစား။ အပျံစား။ ဧည့်သည်များ စားသောက်နေစဉ် ဟိုတယ်အရာရှိတစ်ဦးသ အချိန်ပြည့် ရပ်ကြည့်နေ၏။

"အင်း... ဒါကြောင့် လူမပြတ်တာပဲ" ဟု တွေးမိပါသ

နိုင်ငံခြားမှ ပြန်ရောက် ကျွန်တော့်ဟိုတယ် အုပ်ချုပ်ရေး များနှင့် ဆွေးနွေးဖြစ်၏။ ဟိုတယ် တိုးတက်ရာ တိုးတက်ကြော ဆောင်ရွက်ဖြစ်၏။ တာဝန် လုပ်ခဲ့ရသော်လည်း လုပ်ငန်း စိတ်နှစ်မြုပ်မိသောအခါ လုပ် သံယောဇဉ်ဖြစ်လာ၏။ ချစ် ဝင်ငွေတိုးတော့ ပိုပျော်၏။ ဝန် များ၏ သက်သာချောင်ချိရေး ပို၍လုပ်ပေးနိုင်လာ၏။ ဝန်ထမ်း အတွက် အမျိုးမျိုးသော သင်တန်း ဖွင့်ပေးနိုင်ခဲ့၏။ ဝန်ထမ်းများက ကျွန်တော်တို့အဖွဲ့ကို အားကိုး ယုံ လာ၏။ အပြန်အလှန် ညီညီညွတ် ဆောင်ရွက်ကြရင်း အလွန်အ အကိုင်ကောင်းနေစဉ်မှာပင် ထို အား အခြားအရာရှိကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် လွှဲပေးခဲ့ရပါသည်။

ဟိုတယ်လုပ်ငန်းမှာ အခန်း အားလုံး၏ သုံးပုံတစ်ပုံခန့် လူဝင်လျှင် င် အရင်းကျေပါသည်။ ဒါ့ထက် ည်ဆိုက မြတ်ပါပြီ။ ထို့ကြောင့် ငွေအရင်းအနှီးတတ်နိုင်သော လုပ်ငန်း ရှင်ကြီးများ အလွန်လုပ်သင့်လုပ်ပါ၏။

ထိုလုပ်ငန်းအား ငါးနှစ်ခန့် ကျွန်တော် တာဝန်ယူခဲ့ရာ ငါးနှစ်တာ အတွေ့အကြုံများကား အတော်များလှ ပါသည်။ ထိုကာလအတွင်း ရုပ်သံမှ လာသည့် ဟိုတယ်ဇာတ်လမ်းတွဲများ ကိုလည်း အဆက်မပြတ် ကြည့်ရပါ သည်။ T.V ကြည့်ပြီး ကိုယ့်ဟိုတယ် တွေမှာ ပြင်တန်သင့်တာပြင်၊ လိုတာ တွေ ဖြည့်သင့်တာဖြည့် လုပ်ခဲ့ရပါ သည်။ ဘာပဲဖြစ်ဖြစ် လုပ်ငန်း အောင်မြင်၍ ဂုဏ်ယူနိုင်ခဲ့၏။ တည်းခို သူများ လိုအင်ဆန္ဒကို ဖြည့်ဆီးပေးရ၍ သူများစိတ်ချမ်းသာလျှင် ကိုယ်လည်း စိတ်ချမ်းသာရ၏။ ထို့ကြောင့် ဟိုတယ် လုပ်ငန်းကား ကုသိုလ်လည်း ရ ဝမ်း လည်း ဝဟု ဆိုနိုင်ပါ၏။ အခြေအနေ ပေးလျှင် ထိုလုပ်ငန်းအား ကိုယ်ပိုင် လုပ်ငန်းတစ်ခုအဖြစ် ပြန်လုပ်ချင် ပါသေးသည်။



ယနေ့ခေတ်လို ကမ္ဘာ့ရွာ ခေတ်ကြီး၌ ဟိုတယ်လုပ်ငန်းကား ဘယ်လိုမှ မရိုးနိုင်သော လုပ်ငန်းကြီး ဖြစ်၍ **Shereton Hilton** နှင့် **Shangrila Hotel Group** ကြီးများလို **Hotel Grouping** ကြီးများ ပို၍ ပို၍ တာစား အောင်မြင်လာနေပါသည်။

ကျွန်တော်လည်း အခွင့်သင့် လျှင် တစ်ကြိမ်တစ်ခါက တာဝန်ယူ ခဲ့ဖူးသော ဟိုတယ်လုပ်ငန်းလောကသို့ ပြန်လည်ဝင်ရောက်ပါဦးမည်။

ထိုအခါ စီးပွားရေး အခြေ အနေများ ပိုကောင်းပြီး ဟိုတယ်နှင့် ဟိုတယ်လုပ်ငန်းများ ယခုထက် ပိုမို၍ အောင်မြင်ကာ စည်ကားသိုက်မြိုက် လျက် ပျော်စရာကောင်းနေသည်ဟု ယုံကြည်မိပါသေးသည်။

ဟိုတယ်လုပ်ငန်းများ တိုးတက်အောင်မြင်ကြပါစေ။


**ရွှေလဆက်ရန်**

**သောင်းဝေဦး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

“ဒုက္ခ” ဆိုတာကြီးကို ဘာမှန်း သိ။

“စွန့်စားခြင်း” ဆိုတာကြီးကို ထပ်ယူစရာဟု ထင်မှတ်ပြီး ကိုယ့်ကိုယ်ကို သတ္တိရှိလှပြီဟုသောအတွေးနှင့် ဂျပန်ပြည်သို့ အရောက်လှမ်းခဲ့သော နှဒီကျော့ရှင်း ...

သူပြောတာကို ကိုယ်က းမလည်။ သူနားလည်အောင် ကိုယ်က န်မပြောတတ်နှင့် လူ “အ” ကြီး တစ်ယောက်လို ကြုံတွေ့ရနိုင်သည့် အခက်အခဲများ။ အသပြာမွဲမွဲနှင့် နေရေး စားရေး ချပ်တည်းနိုင်သည့် ဆင်းရဲခြင်းများတွေကို ကြုံကြုံနိုင် ရင်ဆိုင်ပစ်မည်ဟု ဆေးတင်ခဲ့သော နှဒီကျော့ရှင်း ...

ဘာမဟုတ်တဲ့ ရေချိုးခြင်း သည့် မဆန်းကြယ်လှသော ကိစ္စလေးကို စာတစ်စောင် ပေတစ်ဖွဲ့ရေးရလောက်အောင် ကြီးကြီးကျယ်ကျယ် ရင်ဆိုင်ကျော်လွှားရလိမ့်မည်ဟု စိတ်ကူးထဲ၌ပင် ရေးသေးမျှ မတွေးကြည့်မိခဲ့ဖူးသော ဒီကျော့ရှင်း...

“ဟဲ့...ကလေးမရဲ့ ဒီမှာက အရမ်းအေးတာ။ နေ့တိုင်း ရေချိုးစရာ မလိုပါဘူးကွာ။ ဂျပန်တွေတောင် တစ်ပတ်ကို တစ်ရက် နှစ်ရက်ပဲ ရေချိုးကြတာ။ ရေချိုးခန်းဆိုတာ ရှိတဲ့အိမ်မှာရှိပြီး မရှိတဲ့ အိမ်တွေလည်း အများကြီးပဲကွ။ ဂျပန်တွေက ကိုယ့်အိမ်မှာကိုယ် ရေချိုးတာထက် ရေချိုးကန်ကြီးတွေမှာ ရေချိုးရတာကို ပိုကြိုက်ကြတယ်ဟ။

ဒီမှာကတော့ အဲဒီ ရေချိုးကန်ကြီးတွေကို “အော်ဖူးရိုး” လို့ခေါ်တယ်။ အဲဒီကန်တွေမှာက “မိမွေးတိုင်း ဖမွေးတိုင်း” စုပေါင်းပြီး ရေချိုးကြတာဆိုတော့ တို့လို နိုင်ငံခြားသားတွေက အစပိုင်းမှာဆို သွားဖို့ ခပ်ရှုံ့ရှုံ့ပဲလေ။ ဒီအတွက်နဲ့တော့ သိပ် စိတ်မပူပါနဲ့။ ဒီရပ်ကွက်မှာကျတော့ နိုင်ငံခြားသားတွေ အနေများလို့ ရှားဝါး (shower) တွေဖွင့်ပြီး စီးပွားရှာကြတာတွေ ရှိပါတယ်။ တစ်ယောက်တစ်ခန်းစီ ဝင်ချိုးလို့ရတယ်လေ။ အလိုအလျောက် စက်ထဲ “ယန်း အကြွေစေ့” တွေ ထည့်ပြီး ရေပန်းနဲ့ ရေချိုးရတာလေ။ ဒါပေမဲ့ ဂျပန်တွေချည်း အနေများတဲ့ ရပ်ကွက်တွေမှာကျတော့ ရှားဝါ (shower) ဆိုတာ လုံးဝ မရှိဘူး။ ဒါကြောင့် အဲဒီနေရာတွေမှာဆို (အထူးသဖြင့် နယ်တွေမှာ) အော်ဖူရိုးမှာပဲ မဖြစ်မနေ သွားချိုးကြတယ်လေ။ မချိုးဖူးခင်တော့ ရှက်ကြ၊ ကြောက်ကြပေမယ့် တစ်ကြိမ်ပဲ ဝင်ချိုးကြည့်လိုက်စမ်းပါ။ ဘယ်လောက်ဇိမ်ရှိသလဲဆိုတာ သိသွားမယ်။ လူတစ်ယောက် ရေချိုးကန်ထဲဝင်သွားရင် အနည်းဆုံး တစ်နာရီကျော်ကြာမှ ပြန်ထွက်လာကြတာကွ။

လောလောဆယ် တော့ (shower) ရှိတဲ့နေရာကို မင်းကို ငါပြပေးထားမယ်။ နေ့တိုင်း ရေချိုးချင်လည်း ရတယ်နော်။ ယန်းကြွေစေ့တွေသာ များများဆောင်ထားပေါ့ကွာ။ ဒီမှာက ချွေးထွက်မှာလည်း မပူရသလို နံမှာလည်း မစိုးရိမ်ရလောက်အောင် အေးတယ်ဆိုတာ ငါမပြောလည်း မင်းသိပါတယ်ကွာ ဟား ... ဟား ... ဟား ... ဟား”

ဂျပန်မြေပေါ် ခြေချခါစ “အတတ” နှင့် ကြောင်စီစီ ဖြစ်နေသေး

www.burmeseclassic.com

နဒီကျော့ရှင်းကို လမ်းပြကြယ်အဖြစ် ဦးဆောင်ပြီး ခေတ္တခဏ နားခိုခွင့်ပေးခဲ့တဲ့သူ (နဒီကျော့ရှင်းက သိကြားမင်းလို့ တိတ်တခိုး အမည်ကင်ပွန်းတပ်ခဲ့တဲ့သူ) ရဲ့ ဂျပန်မြေမှ ရေချိုးနည်း သင်ခန်းစာ (lecture) ဩဝါဒများ ဖြစ်ပါသည်။

သူ့အပြောအတိုင်း ရှားဝါး (shower) ရေချိုးခန်းရှိသောနေရာ နှစ်နေရာကို လိုက်ပြပေးရပါသည်။

နဒီကျော့ရှင်းမှာ အလုပ်အကိုင်က မရှိ၊ လှုပ်ရှားမှုကနည်းသည့်အထဲ အအေးဒဏ်ကလည်း နှိပ်စက်တော့ ရေချိုးချင်စိတ် နည်းနည်းမှမပေါ်မိခဲ့။ ဒီထက်ပိုဆိုးသည်မှာ လက်ထဲက ယန်းငွေ နည်းနည်းမှ အပွန်းအပဲ့မခံနိုင်ဖြစ်နေခဲ့သည့်အတွက် တစ်ပတ်လုံး ရေချိုးခန်းရှိရာသို့ ခြေဦး မလှည့်မိခဲ့ချေ။ တစ်ပတ်ကိုကျော်၍ ရှစ်ရက်မြောက်သောနေ့၌မူ နဒီကျော့ရှင်း၏ ခြေလှမ်းများက shower ရေချိုးခန်းရှိရာသို့ အလိုလိုလှမ်းမိရဲ့သားဖြစ်နေသည်။ ယန်းငွေကို နှမြောသည့်စိတ်က ရှိနေသော်လည်း ခန္ဓာကိုယ်က သူ့အလိုလို ရေချိုးဖို့ တောင်းဆိုနေသည်။ သန့်စင်ဆေးကြောရန် လိုအပ်နေပြီဖြစ်သော ခန္ဓာကိုယ်က shower ရေချိုးခန်းထဲသို့ အရဲစွန့်ပြီး ဝင်လိုက်သည်။ ရေချိုးခန်းတံခါးကို ပိတ်လိုက်သည်နှင့် အလိုအလျောက် မီးများလင်းလာသည်။

"အမယ် ··· တယ်ဟုတ်ပါလား။ တံခါးဂျက်ချလိုက်တာနဲ့ မီးလင်းလာတယ်။ ဩော် · · ·ဒီဟာ ပိုက်ဆံထည့်တဲ့အပေါက်ပဲ။ "သိကြားမင်း" ကပြောတော့ အနည်းဆုံး တစ်ရာယန်း ထည့်ရမယ်တဲ့။ စမ်းကြည့်ဦးမှ"

အတွေးနှင့်အတူ နဒီကျော့ရှင်း တစ်ရာယန်းစေ့ကို ပိုက်ဆံထည့်သည့် အပေါက်ထဲသို့ ထည့်လိုက်သည်။

"ဟား ··· ဒီမှာ မီးပွင့်ေ
ငါးပွင့် လင်းလာပါလား။ ငါ အရင်
အဝတ်အစားတွေပြင်ဆင်ပြီး၊ ဆပ်
တွေ အဆင်သင့်လုပ်ထားပြီးမှ ဒီရေ
ခလုတ်ကိုနှိပ်ရမယ်။ ဟုတ်ပြီ လိုအပ်
တွေ ကြိုပြင်ဆင်လိုက်တာ အကောင်း
ဆုံးပဲ"

နဒီကျော့ရှင်းက ရေပန်းခ
ကို နှိပ်လိုက်ရာ ရေပူနွေးနွေးလေး ကျ
ပါသည်။ ခန္ဓာကိုယ်ကို ရေစိုရုံရှိ
သည်။ လင်းနေသော မီးပွင့်လေး ငါး
အနက်မှ တစ်ပွင့်က မီးမှိတ်သွားသ





www.burmeseclassic.com

www.burmeseclassic.com

နဒီကျော့ရှင်းလည်း ချက်ချင်း သဘော ပေါက်လိုက်ပြီး ရေပန်းခလုတ်ကို ကမန်း ကတန်း ပြန်ပိတ်လိုက်သည်။ ဒီ မီးပွင့် လေးများက ရေ၏လက်ကျန် ပမာဏကို ညွှန်ပြခြင်းဖြစ်နိုင်သည်။ ရေကို ချွေတာ သောအားဖြင့် ရေပန်းခလုတ်ကိုပိတ်ရက် နှင့် တစ်ကိုယ်လုံး ဆပ်ပြာတိုက်လိုက် သည်။ ပြီးမှ ရေပန်းခလုတ်ကို ပြန်နှိပ်ပြီး ဆပ်ပြာစင်အောင်ပွတ်တိုက် သန့်စင်လိုက် သည်။ နဒီကျော့ရှင်းသည် ရေပန်းခလုတ် ကို ခဏပိတ်လိုက် ခန္ဓာကိုယ်ကို ပွတ် တိုက်ပြီး ခဏပြန်ဖွင့်လိုက်ဖြင့် တစ်ပွင့်၊ တစ်ပွင့်ချင်းစီ ငြိမ်းငြိမ်သွားသော မီးပွင့် လေးများကို ရင်တထိတ်ထိတ်ဖြင့် မျက်တောင်မခတ်တမ်းကြည့်ရင်း ရေချိုး နေရသည်။ မီးတစ်ပွင့်ငြိမ်းသွားတိုင်းလည်း ဆပ်ပြာမှ စင့်ပါ့မလားဟူသော အတွေးနှင့် မီးရှိမ်ပူပန်နေမိသည်။ နောက်ဆုံးမီးပွင့် ကလေးအငြိမ်း ရေပန်းမှ ရေအရပ်။ နဒီ ကျော့ရှင်း၏ ရေချိုးခြင်းပန်းတိုင်အဆုံး။

ရေချိုးရသည့် အချိန်ကလေး က တိုတောင်းလှသည်။ ရာသီအေးအေး၌ ရေပူနွေးနွေးနှင့် ရေချိုးရသည်မှာ တကယ် ဆိုလျှင် စိမ်ရှိလှသည်။ ယန်းငွေချို့တဲ့ လှသော နဒီကျော့ရှင်းအတွက်ကတော့ တစ်ရာယန်းနှင့် တစ်ကိုယ်လုံးပြောင်စင် အောင် တိုက်ပွဲဆင်၍ ရေချိုးရသဖြင့် အသည်းတအေးအအေးနှင့် ဇိမ်ပျောက် နေခဲ့ရရှာသည်။

"ဩော် … ဒုက္ခဆိုတာ ဒါကြီးများလား။ လာချင်ဦးဟဲ့ … ဂျပန် ပြည်။ ချိုးချင်ဦးဟဲ့ … ဂျပန်ရေ"

×××

နဒီကျော့ရှင်း၏ လမ်းပြကြယ် "သိကြားမင်း" က သင်ပေးထားသဖြင့် ဂျပန်လိုရေးထားသော "ဘိုင်တို" "အလ ဘိုင့်တို" စသည့် အချိန်ပိုင်းဝန်ထမ်းခေါ် သည့် ကြော်ငြာများကို နဒီကျော့ရှင်း ဖတ်တတ်နေသည်။ တစ်နာရီလုပ်အားခ များကို အင်္ဂလိပ်စာလုံးဖြင့် ရေးတတ်ကြ သဖြင့် နှုန်းထားများကိုလည်း နဒီကျော့ ရှင်း နားလည်နေသည်။ သို့သော် စကား မပေါက်သဖြင့် အဖော်မပါဘဲ တစ် ယောက်တည်း အလုပ်ဝင်လျှောက်ရန် ဝန်လေးခက်ခဲနေသည်။ တစ်ယောက် တည်း အဖော်မဲ့ အထီးကျန်အနေနှင့်ပင် လျှောက်ပတ်ကြည့်ရင်း အလုပ်သမားခေါ် သည့်ဆိုင်များကို လိုက်လျှောက်ရှာနေမိ သော နဒီကျော့ရှင်းမှာ တစ်နေရာသို့ အရောက်၌ ရုတ်ခြည်း ခြေလှမ်းများ တုန့်ကနဲ ရပ်ဆိုင်းသွားသည်။ နဒီကျော့ ရှင်း၏စိတ်နှင့် ခန္ဓာကိုယ်ကို ညှို့ယူဖမ်းဆွဲ ထားသည့်အရာကတော့ ရှားဝါ(shower) ရေချိုးခန်းပင်။ နဒီကျော့ရှင်း၏လက်က ဘောင်းဘီအိတ်ထဲသို့ အလိုလိုရောက် သွားသည်။ လက်ထဲရောက်လာသည့် ယန်း အကြွေစေ့လေးကိုကြည့်လိုက် သည်။ တစ်ရာယန်းစေ့လေး တစ်စေ့။ ရှင်လန်းတက်ကြွသောစိတ်အဟုန်ဖြင့် ရှားဝါး shower ရေချိုးခန်းထဲ ရောက်မှန်း မသိ ရောက်သွားသည်။ ပထမတစ်ခေါက် အတွေ့အကြုံအရ ပြင်ဆင်စရာရှိတာ အကုန်ကြို၍ပြင်ဆင်လိုက်သည်။ ကျောပိုး အိတ်ထဲ သွားလေရာ အမြဲပါတတ်သည့် ဆပ်ပြာ မျက်နှာသုတ်ပဝါများကို ပြင်ဆင် ရင်း မလျှော်တာကြာပြီဖြစ်သည့် ခေါင်းကို

www.burmeseclassic.com

လျှော့ရန်ပါ စိတ်ကူးရလိုက်သည်။ တစ်ရာယန်းစေ့ကို ပိုက်ဆံထည့်သည့်အပေါက်ထဲသို့ ထည့်လိုက်သည်နှင့် မီးပွင့် ငါးပွင့် လင်းလာသည်။ start ခလုတ်ကို နှိပ်လိုက်သည်နှင့် ရေပန်းမှ ရေကျလာသည်။ ခေါင်းမှစ၍ ရေစိုအောင်စွတ်ပြီး ရေပန်းခလုတ်ကိုပိတ်လိုက်သည်။ အဆင်သင့်ပြင်ထားသော ဆပ်ပြာဖြင့် ခေါင်းစမှ၍ တစ်ကိုယ်လုံးကို တိုက်ချွတ်လိုက်သည်။ ဆပ်ပြာတိုက်နေရင်း မျက်လုံးက မီးပွင့်လေးများဆီသို့ ရောက်သွားသည်။

"ဟား ··· မီးနှစ်ပွင့်တောင်ငြိမ်းသွားပါလား။ ဒါဆို ရေပန်းမဖွင့်လည်း မီးက ငြိမ်းငြိမ်းသွားတဲ့သဘောပေါ့။

ဒါဆို ဒီ ရှားဝါက ဟိုဘက်ရပ်ကွက်က ရှားဝါလို ရေမီတာနဲ့ငွေတွက်တာ မဟုတ်ဘဲ အချိန်နဲ့ငွေတွက်တာ ဖြစ်ရမယ်။ ဒုက္ခပါပဲ ဆင်ပြာတောင်ကောင်းကောင်းမတိုက်ရသေးဘူး ဂျီးချွတ်ဖို့ဆိုတာ ဝေလာဝေးပဲ"

နဒီကျော့ရှင်းမှာ အတွေးနှင့်အတူ ရေပန်းကို ကမန်းကတန်းပြန်ဖွင့်ချလိုက်ပြီး အဆက်မပြတ်ခေါင်းပေါ်မှစ၍ ပွတ်တိုက်ချိုးချနေရသည်။ ဆပ်ပြာရေပန်းရေမွှားမွှားကြားမှ လှမ်းမြင်နေရသော မီးပွင့်လေးများ တစ်ပွင့် တစ်ပွင့် ငြိမ်းငြိမ်းသွားတိုင်း နဒီရင်မှ နှလုံးခုန်သံက ဒိန်းကနဲ ဒိန်းကနဲ ပို၍ ပို၍ ကျယ်လောင်ရိုက်ခတ်လာသည်။ မြန်ဆန်လွန်းလိုက်သည့်ဖြစ်ခြင်း။ မီးပွင့် ငါးပွင့်စလုံးငြိမ်းသွားချေပြီ။

နဒီက ခေါင်းကိုလက်နှင့်သပ်ချကြည့်လိုက်သည်။လက်ဖဝါးပေါ်၌ ဆပ်ပြာမြှုပ်ဖွေးဖွေးလွလွလေးက ရီးလေးနှိ၍ လိုက်ပါလာသည်။ လက်ဖဝါးပေါ်မှ ဆပ်ပြာမြှုပ်များကို ခါချရင်း ဘောင်း



ဒီတ်ထဲမှ ယန်းငွေများကို တက်သု
ရိုက် ရှာကြည့်လိုက်သည်။ တစ်ထော
တန် တစ်ရွက်တော့ရှိသည်။ ခက်သည်
အကြွေစေ့ တစ်စေ့မျှမတွေ့ရ။ 
ကလည်း အကြွေစေ့တစ်မျိုးတည်
လက်ခံသည်။ ဘယ်သူ့ဆီ အကူအ
တောင်းရပါ့။

နဒီကျော့ရှင်းသည် ကြံရာ
ဖြစ်ကာ ရေချိုးခန်းတံခါးကို ပွင့်သည်
ကလေး ဖွင့်ကာ ရေချိုးခန်းအပြင်
သို့ မျက်စိကစားကြည့်လိုက်သည်။

နေ့ခင်ဘက် အလုပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ကြ၍ထင်သည် ရေလာချိုးသူ တစ်ဦး တစ်ယောက်မျှမတွေ့ရ။ အပြင်ဘက်၌ က်ဆေးကြွေလုံကြီးတော့ရှိနေသည်။

ဒီကျော့ရှင်းမှာ အကြံကုန်ဂဠုန်ဆားချက် သော ရှိတော့သဖြင့် မျက်နှာသုတ်ပဝါ ဗိ လှမ်းဆွဲကား ကိုယ်ကိုခြုံလိုက်သည်။

"ငါနဲ့နော် မျက်နှာသုတ်ပဝါ လည်း သေးလိုက်တာ အပေါ်အောက် ံအောင်ပတ်လို့တော် မရနိုင်ဘူး။ ာတ်နိုင်ပါဘူး အရှေ့ပိုင်းလေးလုံရုံဖုံးပြီး ှက်ရမှာပဲ"

နဒီကျော့ရှင်းသည် မျက်နှာ သုတ်ပဝါ အသေးလေးကို ရှေ့ပိုင်းလုံ အောင် အုပ်ရင်း လက်ဆေးကြွေလုံ သို့ အပြေးအလွှားသွားလိုက်သည်။ ကြွေလုံပေါ်ရှိ ရေပိုက်ခေါင်းအောက်သို့ ခေါင်းဝင်ပြီး ရေကိုဖွင့်ချလိုက်သည်။

"အားပါးပါး... အေးလိုက်သည့်ဖြစ်ခြင်း။ ခေါင်းတစ်ခေါင်းလုံးထုံပြီး အေးခဲသွား ယောက်တယ်"

နဒီကျော့ရှင်းမှာ အအေးဒဏ် အန်တုကာ ခေါင်းဆေးတိုက်ပွဲကို အောင်မြင်စွာ ဆင်နွှဲပြီးသွားသော်လည်း ရေချိုးတိုက်ပွဲက မပြီးဆုံးနိုင်သေးချေ။

ရှေ့ပိုင်းလုံရုံကာထားသည့် မျက်နှာသုတ်ပဝါကို ဆွဲယူလျက် ရေရွဲရွဲ စွတ်ကာ တစ်ကိုယ်လုံးကို ရေပတ်တိုက် လိုက်သည်။

တစ်စုံတစ်ဦး ဝင်လာလို ဝင်လာငြား အဝင်ပေါက်ဝသို့ လှမ်းကြည့် နေမိသည်။ မျက်လုံးများကလည်း ကျွတ် ထွက်လုမတတ်ပင်။ ခုန်နေသည့် ရင်ခုန် သံကလည်း နားပင်ကွဲလောက်မည် ထင်ရသည်။

နဒီကျော့ရှင်းခမျာ ဆိုးလိုက် သည့်ကံက ရာသီဥတုကအေး၊ ရေး ကလည်း အေး၊ တစ်ကိုယ်လုံး တဆတ် ဆတ်တုန်ကာ အေးနေသည်။

နဒီကျော့ရှင်း၏ ကောင်း လိုက်သည့်ကံက တစ်ယောက်တည်း သည်းထိတ်ရင်ဖိုဆင်နွှဲခဲ့သည့် နဒီကျော့ ရှင်း၏ ရေချိုးတိုက်ပွဲကို ရှုစားခွင့်ရလိုက် သည့်လူ တစ်ဦးတစ်ယောက်မျှမရှိ လောက်အောင် shower ရှားပါး ရေချိုး ခန်းသို့ ရည်သည်အလာအေးစက်နေခြင်း ပင်။

×××

တိုက်ကိုမြို့ရှိ ကူညီသူကင်းမဲ့၍ အလုပ်လက်မဲ့ဖြစ်နေသော နဒီကျော့ရှင်း မှာ သူငယ်ချင်းဖြစ်သူ သတ္တိသွေး၏ ဖိတ်ခေါ်မှုကြောင့် "နာဂိုရာ" မြို့လေးသို့ အရောက်လှမ်းခဲ့သောနေ့ကဖြစ်သည်။

"ဟော့...နဒီ၊ ဟိုမှာတွေ့လား။ မီးခိုးတိုင်ကြီးလေ။ သူများတွေဆီမှာတော့ ဒီလိုမီးခိုးခေါင်းတိုင်ကိုတွေ့ရင် စက်ရုံ၊ အလုပ်ရုံ တစ်ခုခုဖြစ်မှာပဲလို့ တွေးမှာပဲ။ ဒီမှာတော့ မီးခိုးခေါင်းတိုင်မြင်ရင် "အော် ဖူရို" လို့ခေါ်တဲ့ ရေချိုးကန်မှန်း လူတိုင်း သိတယ်။ နင် "နာဂိုရာ" မှာနေရင် မဖြစ်မနေ အဲဒီ "အော်ဖူရို" မှာပဲ ရေ သွားချိုးရမှာ။ အစပိုင်းတော့ နင် သွားရဲ မှာ မဟုတ်ပေမယ့် နောက်ဆိုရင်တော့ နင် ရိုးသွားမှာပါ။

ဒီထိရောက်အောင်တောင် တစ်ယောက်တည်းနဲ့ စွန့်စွန့်စားစား လာခဲ့ ပြီးပြီပဲဟာ။ ရေချိုးကန်ဝင်တာလောက်တော့


www.burmeseclassic.com

www.burmeseclassic.com

အသေးစားကိစ္စပါ။ ပြဿနာလို့တောင် ခေါ်လို့မရပါဘူး။ အော်ဖူးရိုးတွေက တစ်နေရာနဲ့တစ်နေရာ ဝင်ကြေးတော့ မတူဘူး ဟ။ ငါနဲ့တွေ့ရင် အလုပ်အတွက်ရော နေဖို့အတွက်ပါ နင် ပူစရာမလိုတော့ဘူး ဆိုတော့ နောက်ဆိုရင် နင်လည်း "ငွေရေး ကြေးရေး ခြေသလုံးမွေး" ဆိုသလိုဖြစ်တော့မှာပါ။ ခြေသလုံးမွေး ဘယ်နှချောင်း ရှိသလဲရေရခက်သလို နင့်ငွေတွေ ဘယ်လောက်များသလဲဆိုတာ ပြောပြရ ခက်တော့မှာ မြင်ယောင်သေးတယ်။ လောလောဆယ် ဒီနေ့ နင် ခရီးပန်းလာတော့ အော်ဖူးရိုးဝင်၊ ရေပူကန်စိမ်ပြီး အပန်းဖြေလိုက်။ ဒီအတိုင်း နင့်ကိုပေးရင် နင်ယူဖို့ တွန့်နေမှာစိုးလို့ စားပွဲပေါ်မှာ ယန်းငွေတစ်ထောင် တင်ပေးထားခဲ့မယ်နော်"

သတ္တိသွေးထွက်သွားပြီး နဒီကျော့ရှင်းတစ်ယောက်တည်း ကျန်ခဲ့တော့မှ စားပွဲပေါ်တင်ထားခဲ့သော တစ်ထောင်ယန်းတန် တစ်ရွက်ကို မရဲတရဲနှင့် လှမ်းယူကြည့်လိုက်မိသည်။ ယန်းတစ်ထောင်ဆိုတာ ဂျပန်အတွက် မများပေမယ့် နဒီကျော့ရှင်းအတွက်ကတော့ မသုံးရက်သည့် ငွေပမာဏပင်။ ဂျပန်မှာ အော်ဖူရိုး (ရေချိုးကန်) တစ်ခါဝင်သည့် ငွေပမာဏကို အကြမ်းတွက်ကြည့်လျှင် ဒန်ပေါက်နှစ်ပွဲစာထက် မနည်းလောက်ပေ။ ဘာပဲဖြစ်ဖြစ်သိကြားမင်းကရော၊ သတ္တိသွေးကပါ စကားထဲ ထည့်ညွှန်းနေသော အော်ဖူရိုး (ရေချိုးကန်) ရှိသည့်အရပ်ကို မီးခိုးခေါင်းတိုင်ကြည့်ပြီး နဒီကျော့ရှင်း အရောက်လှမ်းသွားလိုက်သည်။

ရေချိုးကန်၏အဝင်ပေါက်ဝ၌ စားပွဲတစ်လုံးဖြင့် အမျိုးသမီးတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။ ခပ်တည်တည်ဖြင့် နဒီကျော့ရှင်းက ဝင်သွားပြီး ယန်းငွေတစ်ထောင်ကို လှမ်းယူပြီး ယန်းအကြွေစေ့များ ပြန်အမ်းပေးသည်။ ဒီအထိတော့ အဆင်ပြေနေသဖြင့် နဒီကျော့ရှင်းက ကိုယ့်ကိုယ်ကို ကျေနပ်နေမိသည်။ မသိမသာ အခန်းထဲသို့ မျက်စိကစားကြည့်လိုက်ရာ ဝင်ပေါက်တစ်ခုကို လိုက်ကာလေးကာထားသည်ကို တွေ့ရသည်။ ဖြစ်ချင်ရာဖြစ်ဟူသောအတွေး[illegible] နဒီကျော့ရှင်းသည် ဝင်ပေါက်ရှိရာ[illegible] တန်းတန်းမတ်မတ် လျှောက်သွား[illegible] လိုက်ကာကို လှစ်၍ အခန်းထဲ[illegible] ဝင်သွားလိုက်သည်။

"အမလေး ... ဘုရား[illegible]

အခန်းထဲသို့ လှမ်းဝင်[illegible] ခေါင်းမော့ကြည့်လိုက်ရုံရှိသေးသည်[illegible] တည့်တည့်မှ မြင်လိုက်ရသော မြင်[illegible] ကြောင့် မျက်လုံးများ ပြူးကျယ်[illegible] သည်။ ရင်ထဲသို့ ဒိန်းတလိမ်[illegible] ရုတ်ခြည်း ဝင်ရောက်လာသလို န[illegible] သံက တဒုန်းဒုန်းမြည်လာသည်။ ပါး[illegible] ယောင်ပြီး ဘုရားတမိသည့်အ[illegible] ဘုရားရှင်ကိုပင် အားနာမိရသည်။ [illegible] သမီးလေးလေလား ထင်မှတ်မှားရ[illegible] လုပ်သည့် မိန်းမငယ်လေးတစ်ဦး အ[illegible] ကာသည့် ဝတ်ရုံလွှာလေးများကို [illegible] ချင်း။ တစ်စီ ချွတ်ခွာချနေသည့်မြင်[illegible] မှာ ကိုယ့်မျက်စိကို ကိုယ်ပင် မ[illegible] အောင် ဖြစ်နေမိသည်။ လှမ်းဝင်ထော[illegible] နဒီကျော့ရှင်း၏ ခြေလှမ်းများက [illegible]



www.burmeseclassic.com

www.burmeseclassic.com

တ်ဖြစ်နေပြီး ဆက်ဝင်ရမလိုလို၊ ပြန်ည့်ထွက်ရမလိုလို ဝေခွဲမရဖြစ်နေမိည်။

ရှေ့တည့်တည့်မှ နတ်မိမယ်းက နန္ဒီကျော့ရှင်း ဝင်လာသည်ကိုင်နေရသော်လည်း တစ်ချက်ကလေးမျှက်နာပျက်မသွားဘဲ ခွာချပြီးသောတ်ရုံလွှာများကို အသာအယာ ပြန်ကောက်ယူလျက် သော့တန်းလန်းနှင့်နိအကန့် (Rocker) ထဲသို့ ထည့်နေည်။

"ဩော် ... ဒါ ဂျပန် "ရေချိုးန်" ပဲလေ။ သူတို့ရဲ့ခုလေ့ဆိုတာ ဒါမျိုးင်ပါရဲ့"

နန္ဒီကျော့ရှင်းက စိတ်ကို ပြန်ထိန်းလျက် ဟန်မပျက် အခန်းထဲသို့ဆက်ဝင်သွားရန် ခြေလှမ်းပြင်လိုက်စဉ် ...


"ဟာ...ဟား...ဟား...ခတ်...ခတ်...ခတ်"

အမျိုးသား အမျိုးသမီး နှစ်ဦးတို့၏ ရှင်လန်းပေါ့ပါးသော ရယ်မောသံများ ထွက်ပေးလာရာဆီသို့ လှည့်ကြည့်လိုက်ရာ ...

"အား ... အား"

ဟန်မပျက်ဝင်သွားမည်ဟုထိန်းထားသောစိတ်များ ဘယ်အရပ်ဆီသို့ လွင့်စင်သွားမှန်းမသိ။ မထင်မှတ်ဘဲ ထိတ်လန့်တုန်လှုပ်စွာ အောင်ဟစ်မိရင်းနေရာမှပင် ချာကနဲ လှည့်၍ ရေချိုးကန်အပြင်ဘက်သို့ ပြေးထွက်လာမိတော့သည်။

နန္ဒီကျော့ရှင်းမြင်လိုက်ရသည်ကား ဖွေးဖွေးဥဥ ရေဆေးငါး အထီးနှင့်အမ တွဲစုံတွဲလျက် သော်သော်ညံညံပြောလက်စမကုန် ရယ်ရွှင်မောလျက်ရေချိုးကန် တစ်ကန်တည်း၌ အတူရေချိုးခဲ့၊ ရေစိမ်ခဲ့ကြသည့်ပုံ။ အသက်များကလေးဆယ်ကျော်ဝန်းကျင်ဟု ခန့်မှန်းရသော်လည်း အရွယ်မရောက်သေးသည့်ကလေးများ၏ ရေချိုးသည့်ဟန်ပန်မျိုးကိုယ်စီကိုယ်စီ ဗလာကျင်းလျက်။



ယဉ်ကျေးသိမ်မွေ့လွန်းလှကာ တစ်သက်လုံး ဖုံးဖုံးဖိဖိ ကြီးပြင်းလာခဲ့ရသော နန္ဒီကျော့ရှင်းအဖို့ "ရောမရောက်ရင် ရောမလိုကျင့်နိုင်အောင်ကြိုးစားရမှာပဲ" ဟု ရဲဆေးတင်ထားခဲ့သောစိတ်က ဂျပန် အော်ဖူရိုး (ရေချိုးကန်) ၏ အဝင်ဝ၌ပင် ကြက်ပျောက်၊ ငှက်ပျောက် လွင့်ပျောက်သွားခဲ့ရချေပြီ။

"ဩော် ... ဒုက္ခဆိုတာ


www.burmeseclassic.com

www.burmeseclassic.com

ဒါကြီးများလား။ ပိုက်ဆံရှိပေမယ့် ရေကို မြင်ရပေမယ့် ချိုးမတတ်တဲ့ ရာဇဝင်တွင်မယ့် ဂျပန်ရေပါလားနော်"

×××

နဒီကျော့ရှင်းသည် အိပ်ခန်းတစ်ခန်း ငှားနိုင်လာသော်လည်း ရေချိုးခန်းမရှိသဖြင့် ရေပတ်တိုက်ရင်း ကိုယ်လက် သန့်စင်နေရသည်ကို ရေရှည်၌ သည်းမခံနိုင် ဖြစ်လာမိသည်။ နဒီကျော့ရှင်းနေသည့်ရပ်ကွက်၌ ရေပန်း (shower) ရေချိုးခန်းမရှိဘဲ အော်ဖူရို (ရေချိုးကန်) သာရှိသည်။ တစ်ရပ်ကွက်နှစ်တစ်ရပ်ကွက် ရေချိုးကန်များ၏ ပိတ်ရက်များက မတူညီကြဘဲ တစ်ပတ်လျှင် တစ်ရက်တော့ ပုံသေ ပိတ်ရက်ရှိကြသည်။ ညနေလေးနာရီမှ ရေချိုးကန်များဖွင့်ကြပြီး ညပိတ်ချိန်များက တစ်ကန်နှင့် တစ်ကန် မတူညီကြဘဲ အများအားဖြင့် ဆယ်နှစ်နာရီဝန်းကျင်၌ ပိတ်တတ်ကြသည်။ နေ့စဉ် ရေချိုးကန်ဖွင့်ချိန်များ၌ နဒီကျော့ရှင်းက အလုပ်ထဲတွင် ငွေရှာတိုက်ပွဲ ဆင်နွှဲနေရသည်။ အလုပ်ဒဏ်ကပါ၊ စိတ်ကဖိစီးကာ နွမ်းနယ်လျက် ရေကန်ထဲစိမ်ပြီး အားပါးတရ ရေချိုးလိုက်ချင်သည့် ဆန္ဒများ ပြင်းပြလာသော နဒီကျော့ရှင်းသည် အလုပ်မှ စောပြန်လာခဲ့လိုက်သည်။ ဒီတစ်ကြိမ်တော့ စိတ်ကို မာန်တင်းမထားဘဲ ပေါ့ပေါ့ပါးပါးဖြင့်ပင် ရေချိုးကန်ရှိရာသို့ အရောက်လှမ်းသွားလိုက်သည်။ အခန်းရှေ့၌ ဝင်ပေါက် နှစ်ပေါက် တွေ့လိုက်ရသဖြင့် ဘယ်အပေါက်ထဲဝင်ရမည်မှန်းမသိ ဖြစ်နေရာ ရေချိုးကန်ရှေ့လမ်းပေါ်၌ မသိမသာဖြင့် လမ်းသလားနေလိုက်သည်။ တစ်အောင့်အကြာ၌ ရေချိုးဆပ်ပြာနှင့် မျက်နှာသုတ်ပဝါ ထည့်ထားသည့် ခြင်းကလေးကိုကိုင်ကာ အမျိုးသမီးတစ်ယောက် ရေချိုးကန်ရှိရာသို့ လာနေသည်ကို တွေ့လိုက်ရသည်။ နဒီကျော့ရှင်းသည်လည်း ၎င်းအမျိုးသမီးနှင့် မလှမ်းမကမ်းမှ မသိမသာ လိုက်သွားလိုက်သည်။ ရေချိုးအမျိုးသမီး၏ လှုပ်ရှားမှုများကို နဒီကျော့ရှင်းက မသိမသာကြည့်ရင်း အတုခိုးကာ လိုက်လုပ်ကိုင်နေမိသည်။"

ဒီရေချိုးခန်းက အမျိုးသား
အမျိုးသမီး ဝင်ပေါက်ခွဲထားသဖြင့်
ပေါက် နှစ်ပေါက်ဖြစ်နေခြင်းမှန်း
ဝင်သွားမှ သိတော့သည်။ မိန်း
တစ်ယောက်က ကစားပွဲမှ ဒိုင်
တစ်ယောက်ကဲ့သို့ မိန်းမရေချိုး
ယောက်ျားရေချိုးခန်း နှစ်ခုစပ်ကြား
အမြင့်ကြီးဖြင့်ထိုင်ကာ ဝင်ကြေး
ရင်း အခန်းနှစ်ခန်းလုံးကို အပေါ်
ကြည့်ရှုနေသည်။ ရေချိုးလာကြ
အမျိုးသားများနှင့် အမျိုးသမီးများ
တစ်ဖက်ခန်းစီ မမြင်တွေ့နိုင်အောင်
ထား၍ တော်သေးသည်။ နဒီကျော့
လည်း ရေမှဝင်သွားသော အမျိုး
အတိုင်း ဆင်မြန်းလာသမျှ ဝတ်စုံ
တစ်စမှမချန်ဘဲ Locker ဘီဒို
ထည့်၊ သော့ခတ်ကာ သော့နှင့်
ယူလာသော ဆပ်ပြာကို ကိုင်
အငွေ့တထောင်းထောင်းထနေ
မှန်လုံပိတ်ခန်းထဲသို့ လိုက်ဝင်သွား
သည်။ မှန်လုံပိတ်ခန်းထဲသို့ ဝင်လိုက်
နှင့် ခဲမတတ်အေးနေသည့် ပြင်ပ

www.burmeseclassic.com

…ာနှင့် ဘာမျှမဆိုင်သည့် ကမ္ဘာသစ်…စ်ခုသို့ ရောက်သွားသကဲ့သို့ ခံစားလိုက်…သည်။ ဟန်မပျက် ထိုင်ခုံပု တစ်လုံးနှင့် …ချိုးခွက်တစ်ခွက်ကိုယူကာ ရေဘုံဘိုင် …ခေါင်းတစ်ခုရှေ့၌ ဝင်ထိုင်လိုက်သည်။ …ဘုံဘိုင်ခေါင်းက ရေပူနှင့်ရေအေး …မျိုးစလုံးရှိရာ ရေကို လိုသလိုစပ်ပြီး …းနေမိသည်။ အပြင်ရာသီဥတုနှင့် …န့်ကျင်ဘက် နွေးထွေးလှသော အခန်း …ထဲ၌ ရေကို အားပါးတရ ချိုးပြီး …စ်ကိုယ်လုံးအနှံ့ ဆပ်ပြာတိုက်နေရ …ည်မှာ မစားရတာ ကြာပြီဖြစ်သော …စားအစာတစ်ခုကို စားလိုက်ရသကဲ့သို့ …ရသာရှိလွန်းနေသည်။ ပတ်ဝန်းကျင်ကို …တာ မေ့သွားပြီး ကြည်နူးစိတ်အပြည့် …ဖြင့် ဆပ်ပြာများကို ပွတ်တိုက်နေမိရာက …ဒီကျော့ရှင်း၏ မျက်လုံးတစ်စုံက …မှတ်တမဲ့ဆိုသလို အလှမ်းမကမ်းရှိ …မျိုးသမီးတစ်ယောက်ဆီသို့ ရောက် …သွားသည်။

"အိုး ··· လှလိုက်တာနော်။ …ကာယ်ကို ပြစ်မျိုးမဲ့မထင်ပါဘဲလား"

မိန်းမသားချင်းပင် ငေးရလောက်အောင် ကိုယ်လုံးကိုယ်ပေါက်က အချိုးကျနေရုံမက အသားအရေကလည်း ဖွေးဥအိစက်ချောမွေ့နေသည်။ တစ်ကိုယ်လုံးကို ဆပ်ပြာတိုက်ရင်း ပါးပြင်နှုတ်ထက်မှ အမွေးနုနုလေးများကို စိတ်ရှည်လက်ရှည် ရိတ်သိမ်းနေဟန်ကလည်း ကြည့်၍ကောင်းနေသည်။ အနာအဆာဟူ၍ အပြစ်ပြောစရာ ရှာမရသည့်အထဲ အမွေးနုပါမကျန်အောင် ရှင်းလင်းနေလိုက်သေးသဖြင့် နဒီကျော့ရှင်းက အံ့ဩမိရင်း မိန်းမလှလေး၏ လှပ်ရှားမှုမှန်သမျှကို တစိမ့်စိမ့်ဖြင့် ကြည့်နေမိတော့သည်။

နဒီကျော့ရှင်းသည် မိန်းမလှလေးထံမှ အာရုံများကို ပြန်စုစည်းလိုက်ရင်း ပတ်ဝန်းကျင်ကို မျက်စိကစား ကြည့်လိုက်သည်။

"ဟား ··· ငါ့ကိုငါ ရှက်လိုက်တာနော်။ သူများ ရေချိုးနေတာကို အာသာငမ်းငမ်းနဲ့ ကြည့်မိရတယ်လို့။ သူတို့တွေ အားလုံးက ကိုယ့်အလုပ်ကိုယ်လုပ်နေကြတာပဲ ငါ့လို သူများဘာလုပ်နေလဲလို့ စပ်စုတဲ့သူ တစ်ယောက်မှ မရှိကြဘူး။ ဒါဟာလည်း လူ့ယဉ်ကျေးမှုတစ်မျိုးပဲလေ"

နဒီကျော့ရှင်းသည် ရေစိမ်ကန်ရှိရာသို့ သွားကြည့်လိုက်ရာ အငွေ့တထောင်းထောင်းနှင့် တွေ့လိုက်ရသဖြင့် ကန်ထဲသို့ဝင်ရန် ရွံ့ရွံ့တွန့်တွန့်ဖြစ်သွားသည်။ လက်ကို ကန်ထဲသို့ မသိမသာ ထည့်ကြည့်ရာ တော်တော်ပူနေသဖြင့် ပြန်လှည့်လာရန် ဟန်ပြင်လိုက်ပြီးမှ စိတ်ကို ပြင်လိုက်သည်။

"သူတို့တောင် စိမ်နေကြတာ ငါက သူတို့နဲ့ဘာတွေကွာနေလို့လဲ"

အတွေးနှင့်အတူ ရေပူကန်မှ ရေကို ခြေထောက်ပေါ် နည်းနည်းစီ ပက်ဖျန်းကြည့်ပြီး အသားကျသလိုလို ရှိလာမှ ရေစိမ်ကန်ထဲသို့ ကျော့ဝင်သွားလိုက်တော့သည်။ ရေစိမ်ကန်ထဲ၌ တစ်မိနစ်မျှ ရေစိမ်နေပြီးနောက်ကျောနံရံမှ ရေများပန်းထွက်နေသည့်နေရာသို့ မသိမသာဖြင့်ရွှေ့သွားလိုက်သည်။ ရေများပန်းထွက်နေသည့် အပေါက်တည့်တည့်တွင်

www.burmeseclassic.com

မှီထိုင်ကြည့်လိုက်ရာ ကျောမှ ရေဖြင့် နှိပ်နယ်ပေးနေသကဲ့သို့ ခံစားရသည်။ ခဏတာအတွင်း အကြောအခြင်များ ပြေလျော့သွားသလို စိတ်တွေကာ အရသာရှိ၍နေသည်။ ရေစိမ်ကန်ရှိရေများကလည်း ဆေးတစ်မျိုးမျိုးထည့်ထားဟန် ဝါလွင်လွင် ကြည်လင်နေပြီး တသင်းသင်း မွှေးပျံ့၍နေသည်။ အောက်ကြမ်းပြင်မှ ရေပန်းနှုန်း လွှတ်ထားသည့်နေရာကလည်း ခြေထောက် မာဆပ် (massage) လုပ်ပေးနေသကဲ့သို့ ရသတစ်မျိုးပြောက်၍နေပြန်သည်။ 46°C ဝန်းကျင်ရှိသည့် ရေစိမ်ကန်ထဲ၌ နှစ်မိနစ်၊ သုံးမိနစ်ခန့် ဝင်စိမ်လိုက်၊ ကန်ဘေးမှထွက်၍ ရေချိုးလိုက်၊ ကန်ထဲပြန်စိမ်လိုက်ဖြင့် ရေချိုးကန်ထဲ၌ စိတ်လွှတ်ကိုယ်လွှတ် ရေချိုး ဆော့ကစားနေလိုက်သည်မှာ အချိန်တစ်နာရီ၊ တစ်နာရီခွဲဝန်းကျင်မှာ ကုန်မှန်းမသိ ကုန်ဆုံးသွားသည်။ နဒီကျော့ရှင်းသည် ထိုင်ခုံပု ရေချိုးခွက်တို့ကို သူ့နေရာများ၌ ပြန်ထားပြီး Locker သော့ကိုဖွင့်ကာ အသင့်ပါလာသည့် အဝတ်အစား အသန့်များဖြင့် လဲလှယ်ဝတ်ဆင်ရင်း ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်လိုက်သည်။ အလှပြင်မှန်တင်ခုံများ၊ ဆံပင်အခြောက်ခံ လေမှုတ်စက်များအပြင် ခန္ဓာကိုယ် ထိန်းသိမ်းနိုင်ရန် ပေါင်ချိန်စက်ကိုပါ တွေ့လိုက်ရသည်။

"ဪ … အားလုံးအတွက် အဆင်ပြေအောင် လိုလေသေးမရှိ စီစဉ်ပေးထားပါလားနော်"

အော်ဖူရိုးခေါ် ရေချိုးကန်မှ အိမ်အပြန်လမ်းတွင် နဒီကျော့ရှင်း တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်း၍နေပြီး စိတ်များလည်း ကြည်လင်ရွှင်မြနေတော့



သည်။

"ဪ … ဂျပန်ရေချိုး
ဟာ အပေါ်ယံကြည့်ရင်တော့ ရိုင်း
လို့ ထင်ရတယ်။ သေချာစေ့စေ့တွေး
ရင်ဆိုင်ကြည့်ပြန်တော့ ဆရာဝန်
ယောက်ရှေ့ကိုရောက်နေတဲ့ လူနာ
ယောက်လိုပေါ့။ သူ့ရဲ့ကျန်းမာရေးအ
ဆရာဝန်ဆီမှာ အရှက်ကို ခဝါချ
လိုအပ်တဲ့နေရာကို လှစ်ပြပြကြရ
လေ။ တကယ်ဆိုရင် လူတိုင်း
ရှိပြီးသား သဘာဝတရားတွေနဲ့
ကျန်းမာရေးအတွက် ပွင့်လင်းရိုးသား
တာဆိုတော့ သူတို့ရဲ့ဓလေ့ကို အ



www.burmeseclassic.com

www.burmeseclassic.com

…ဆိုသာပါဘူးလေ။ စာသံပေသံနဲ့ပြော…ကြည့်မယ်ဆိုရင် သဘာဝတရားဆိုတာကို…တက်ကိုင်ပြုပြီး ရိုးသားခြင်းဆိုတဲ့…ဦးလက်နဲ့ တဏှာရာဂဆိုတဲ့ အမိုက်…မှောင်ထုကို ဖိတ်ကာထားတဲ့ ရေချိုးနည်း…ခြင်လို့ စိတ်ရှင်လန်းဖြာ ကျန်းမာအသက်…ရှည်စေနိုင်တဲ့ ဂျပန်ရေချိုးနည်းပေါ့။ ပထမ…အကြိမ်မှာ ကြောက်မယ်၊ ရှက်မယ်။…ဒုတိယအကြိမ်ကျတော့ မဆန်းတော့ဘူး။…နောက်အကြိမ်တွေ အကြိမ်တွေမှာတော့…သွားပြီပေါ့။ အဲဒီအခါကျတော့ ဂျပန်…ပြည်မှာ ရေချိုးရတာ ဒုက္ခပါပဲလို့…ဖြစ်တော့မှာ မဟုတ်ပါဘူး"

×××

အလုပ်က အတင်းခေါ်သဖြင့်…ပင်လယ်ကမ်းခြေ အပန်းဖြေခရီးကို…လိုက်သာလာရသည် အဖော်မဲ့ကာ…တင်တိုင်း စကားမပေါက်သဖြင့် နဒီ…ကျော့ရှင်း မပျော်ရွှင်နိုင်ဖြစ်နေမိသည်။…ရက္ခဝတ်စုံလည်း မဝယ်နိုင်သေးသဖြင့်…ပင်လယ်ဘဲဆင်းရန် စိတ်ကူးထဲ၌ပင်…ထည့်မိခဲ့။ လုပ်ဖော်ကိုင်ဖက် ဂျပန်များကတော့ နဒီကျော့ရှင်း အားငယ် အဖော်မဲ့နေမည်ကို စိုးရိမ်သဖြင့် ပင်လယ်ရေကစားရန် ဖော်ရွေစွာ အတင်းခေါ်ကြသည်။ နဒီကျော့ရှင်းက ရေကြောက်ဟန်အိုက်တင်လုပ်ပြပြီး ပင်လယ်ကမ်းခြေတစ်လျှောက် တစ်ယောက်တည်း လမ်းလျှောက်ထွက်လာခဲ့လိုက်သည်။ ရပ်ရှင်တွေထဲ၌ ကြည့်ဖူးသကဲ့သို့ နေပူဆာလှုံနေကြသည်ကို မြင်ရလိမ့်မည်ဟု ထင်ထားခဲ့သော်လည်း မျက်စိရှက်စရာ ဘာတစ်ခုကိုမှ မတွေ့မိ၍ နဒီကျော့ရှင်း အံ့ဩနေမိသည်။

"ဟော့ … သိတာ။ ဒီမှာ ခန်းဆီးလိုက်ကာရှိတယ်။ ဒီမှာလာချိုးပါလား"

ရုတ်တရက် ကြားချင်လွန်းလှသည့် မြန်မာစကားသံကို ကြားလိုက်ရသဖြင့် နဒီကျော့ရှင်း အပျော်ကြီးပျော်သွားသည်။ အသံလာရာဆီသို့ ချာကနဲ လှည့်ကြည့်လိုက်ရာ ပင်လယ်ရေငန်ထဲမှ တက်လာသူများ ရေချိုဖြင့် ရေချိုးရာ ရေချိုးခန်းများ စီတန်းလျက်တွေ့ရလိုက်ရသည်။

တချို့အခန်းမှာက အကာအရံလိုက်ကာရှိပြီး တချို့အခန်းများက ဗလာဟင်းလင်း။ ထိုစဉ် ဗလာဟင်းလင်း၌ ရပ်နေသော အမျိုးသမီးတစ်ယောက်က …

"အို … ငါက ဂျပန်ရောက်တာကြာလို့ ဂျပန်နဲ့တောင် လက်ထပ်ပြီး ဂျပန်ဖြစ်နေပြီပဲဟာ ရေချိုးတာ အကာအရံတွေ လိုက်ကာတွေ မလိုပါဘူး"

အမျိုးသမီးမှာ အပြောထက် လက်က ပို၍မြန်နေသေးသည်။ ရုတ်တရက် လှမ်းအကြည့်၌ပင် …

"စွက်"

နဒီကျော့ရှင်းမှာ ကိုယ်မြန်မာအချင်းချင်းမို့ ပြေးဝင်ကာ အားပါးတရနှုတ်ဆက်လိုက်ချင်ခဲ့သော်လည်း လက်တွေ့၌ မျက်လုံးနှစ်ဖက်စုံမှိတ်ကာ နေရာမှ တသားတည်း လှည့်ပြေးခဲ့ရလေတော့သည်။

**ကြိုးစားပါဦးမည်။**

**နှင်းမေရီမိုး**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

ညသည် ပိန်းပိတ်အောင်မှောင်နေသည်။ လမ်းမပေါ်မှာ ကျွန်တော် တစ်ယောက်တည်း။ ကျွန်တော့်တစ်ကိုယ်လုံးသည် ပေါ့ပါးသွက်လက်နေသလိုပင်။ တန်းဘေးရှိ ကုက္ကိုပင်ကြီးပေါ်က ငှက်ဆိုးတစ်ကောင်၏ စူးစူးထိုးလိုက်သံက ကြောက်မက်ဖွယ်။ ဟော ··· တုတ်၊ ဓား လုံတွေကိုင်ထားသော လူတစ်စု။ ပြီးတော့ ကျွန်တော့်ကို တုတ်၊ ဓား လုံ …ွနဲ့ ဝိုင်းဝန်းတိုက်ခိုက်ကြသည်။

"အား"

ကျွန်တော့်အော်သံက ဝမ်းခေါင်းထဲကအပြင်ထွက်မလာခဲ့။

"လူနာသတိမရသေးဘူးလား ဆရာမ"

"ဒီလောက် ဒဏ်ရာပြင်းတာ သတိမှ ပြန်ရပ့ါမလား ဒေါက်တာ"

"ကံပေါ့ဗျာ။ အစွမ်းကုန်တော့ ကြိုးစားထားတာပဲ"

နားစည်၏အပြင်ဘက်မှ စကားသဲ့သဲ့ ကြားနေရသည်။ ပြီးတော့ ဝမ်းခေါင်းထဲမှ အူတွေကို ကောက်ရိုးတွေကို ကောက်ဆွနဲ့ဆွနေသလိုလို၊ ပန်ကာဒလက်နဲ့မွှေနေသလိုလို ခံစားနေရသည်။

"သေချင်းဆိုးလေး ··· ဒုက္ခပေးလွန်းတယ်။ မြန်မြန်သေပါစေတော်"

ဒါ ကျွန်တော့်အမေ ကျွန်တော့်ကို အမြဲကျိန်ဆဲနေကျအသံ။ ဒါဆို အမေ···အမေများရောက်နေသလား။ မှိတ်ထားသောမျက်လုံးများကို ဖြည်းညင်းစွာဖွင့်ပြီး အမေ့ကိုရှာမိသည်။ အမြင်အာရုံကမပီ ဝိုးတဝါး။ ယခု ကျွန်တော် ဘယ်မှာရောက်နေသနည်း။

"ငါ ··· ငါ ··· ဘယ်ကိုရောက်နေတာလည်း။ အမေရော ··· ဟင်"

ဟု နှုတ်မှ တိုးတိုးလေး ညည်းလိုက်မိသည်။

"ဟော ··· သူ သတိရလာပြီ။ ငွတို··· မင်းသတိရပြီလား။ မင်းအခု ဘီးလင်းဆေးရုံ ရောက်နေတာကွ"

"ဘီးလင်းဆေးရုံမှာ ··· ဟုတ်လား"

"အို ··· မလှုပ်နဲ့လေ။ ထလို့မရသေးဘူး ဒဲ့စ်ကိုရဲ့။ အစ်ကို သတိမေ့နေတာ ငါးရက်ရှိပြီ၊ ဆေးသွင်းထားတယ်။ ငြိမ်ငြိမ်လေးနေလိုက်ပါ အစ်ကို"

ကုတင်ဘေးတွင် ဆရာကြည်နှင့် ကျွန်တော့်ဇနီးသည် နှင်းမြကိုတွေ့သည်။ ခေါင်းကမူးနောက်နောက်နဲ့မို့ မျက်စေ့ကို မှိတ်ပြီး ပြန်မှိန်းနေလိုက်ရင်း အတွေးလိပ်ပြာက အတိတ်တစ်ခွင်ဆီ ပျံသန်းရောက်ရှိသွားပြန်သည်။

"ဒေါင် ···· ဒေါင် ··· ဒေါင် ··· ဒေါင်"

ကျောင်းဆင်းသံချောင်းခေါက်ပြီးနောက် လေးအိမ်စုရွာ မူလတန်းကျောင်းလေးဆီမှ ကမ္ဘာမကျေသီချင်းသံ ပျံ့လွင့်လာသည်။ သီချင်းဆုံးသည်နှင့် ကျောင်းသားများ ကျောင်းဝင်းတံခါးပေါက်သို့ သူ့ထက်ငါ စုပြုံပြေးလွှားသွားကြသည်။ နှစ်တန်းအခန်းမှ ကျောင်းသား ငွတိုသည် အတန်းထဲမှ အရင်ဆုံးထွက်ပြီး လေးတန်းကျောင်းသား အောင်ဘုအနားသို့ မသိမသာကပ်လိုက်သွားသည်။

www.burmeseclassic.com

အောင်ဘုသည် ရှေ့ကိုမဲ၍ ပြေးနေသောကြောင့် ဂွတို ကပ်လိုက်လာသည်ကို သတိမထားမိချေ။

နေ့လယ်က လမ်းမှာ အောင်ဘုက သူ့ကို ဗိုလ်ကျကာ ထိုးခဲ့သည်။ သူ့ထက် အကောင်ကြီးသူဖြစ်၍ ပြန်မလုပ်တဲ့ အသာငြိမ်နေလိုက်ရသော်လည်း သိပ်တော့မကျေနပ်။ ကျောင်းဆင်းလျှင် လက်စားချေဖို့ တေးထားလိုက်သည်။ ဝင်းတံခါးမှ အောင်ဘုထွက်သည်နှင့် သူလည်း လွယ်အိတ်ထဲမှ ကျောက်သင်ပုန်းကို အသာဆွဲထုတ်ကာ အသင့်ကိုင်ထားလိုက်သည်။

ဂွတိုက အကြံသမား။ ကျောက်သင်ပုန်းကို အသစ်ဝယ်ပေးတိုင်း ဘောင်တွေကို အမြဲဖြုတ်ပစ်လေ့ရှိသည်။ ကျောင်းစည်းရိုးလွန်သည်နှင့် အောင်ဘု၏ နောက်စေ့ကို သင်ပုန်းစောင်းနှင့်ခုတ်ချကာ အိမ်ကို တစ်ချိုးတည်းပြေးလေသည်။

နှစ်တန်းအခန်းမှာ ဂွတိုက ဗိုလ်။ အတန်းကြီးသမားတွေကိုတောင် ခံချရဲတဲ့အတွက် တချို့ကျောင်းသားတွေက သူတို့ ပြန်မချရဲတဲ့ကောင်းကို ချဖို့ ဂွတိုကို မုန့်ပေး၊ ကျောက်တံပေးပြီး ချခိုင်းကြတယ်။ ဂွတိုကို မုန့်ဝယ်ကျွေး၊ ကျောက်တံပေးထားရင် သူတို့အတွက် အားထားရတဲ့အပြင် အန္တရာယ်ကင်းတာကြောင့် ဂွတိုမှာ တပည့် အလွန်ပေါလေသည်။

"ငါ့ကို အမြဲဒုက္ခပေးတဲ့ ကလေး သင်း သေချင်းဆိုးနဲ့ မြန်မြန်သေမှအေးမယ်"

အိမ်ပြန်ရောက်ပြီး မကြာခင် အောင်ဘုအမေလိုက်လာပြီး ရန်ဒေ... သည့်အတွက် သူ အဆော်ခံရသည်... အမေက သူ့ကို ကျိန်ဆဲသည်။ ဒါလော... တော့ သူ မမှုပါချေ။ ဂွတိုအမေ မ... ရွှေအဖို့ ဂွတိုလုပ်ခဲ့သမျှ ဒိုင်ခံဖြေရှ... တောင်းပန်ရ၊ လျော်ပေးရတာများသ... သူ့သားကို မရိုက်ချင်ပေမယ့် သူ... ကျေနပ်အောင် ရိုက်နှက်၊ ဆဲဆို... သော်လည်း စိတ်ထဲမှာ မကောင်း... မချိ။ ဒီလိုမှမလုပ်လျှင် မဖြစ်။ ပြ... ကို မီးခွက်ထွန်းရှာလေ့ရှိတဲ့ ဂွတို...





www.burmeseclassic.com

www.burmeseclassic.com

ကြမ်းချင်ပေမယ့်လည်း ကြမ်းရလေ
သည်။

×××

(၂)

မနက်မိုးလင်းတော့ ခေါင်း
ည်းနည်းကြည်နေပေမယ့် ခေသွင်းထား
လှုပ်၍ မရ။ စကားကိုတော့ ပြောနိုင်ပါ
သည်။

"အမေ ··· မလာသေးဘူး
ား နှင်းမြ"

ဟု ဇနီးသည်ကို မေးလိုက်
သည်။

"အကြောင်းတော့ ကြားထား
ယ် အစ်ကို။ ဒါပေမဲ့ အမေက ဘုရားဖူး
သွားနေတယ်တဲ့။ ပြန်လာတော့မှာပါ"

"ကိုကြည်ဘယ်သွားလဲ"

"ကိုကြည်က အစ်ကို့ဦးလေး
အိမ်ကိုသွားမယ် ပြောတာပဲ"

ကျွန်တော့်ဦးလေးဝမ်းကွဲတစ်
ယောက်က ပါတီကောင်စီမှာ ရာထူးကြီး
ကြီးဆိုလား။ ဒါပေမဲ့ ခပ်စိမ်းစိမ်းပါ။
းလွန်းတဲ့ ကျွန်တော့်ကို သိပ်အရေး
မထားပါဘူး။ အမေ့ကိုသာ သူတို့က
ဆက်ဆံကြတာ။ ကျွန်တော်ကလည်း
ကျွန်တော်ပါပဲ။ ငယ်ငယ်ကတည်းက
ပြဿနာကောင်။ ကျွန်တော်ဆိုးသမျှ
အမေ့ခေါင်းပေါ် ပုံကျတာကြောင့်
ကျွန်တော့်အတွက် အမေ့မှာ သောက
မအေးရပါဘူး။

ဂွတို နှစ်နှစ်သားလောက်မှာ သူ့
အဖေဆုံးသွားတဲ့အတွက် တစ်ဦးတည်း
သောသားလေး ဂွတိုကို အချစ်ပို၊
အသနားပိုမိတာကြောင့် နောက်ထပ်
အိမ်ထောင်သစ် မထူထောင်ပဲ မထားရွှေ
၏ မေတ္တာ၊ ကရုဏာ၊ အကြင်နာတွေ
အားလုံးကို ဂွတိုအပေါ် ပုံပေးခဲ့သည်။
ဂွတိုကလည်း ငယ်စဉ်ကတည်းက သန္ဓေ
ဆိုးသည်။ ကလေးချင်းတွေလို့ကတော့
ထုရိုက်၊ ဆွဲကိုက်ပြီသာမှတ်။ သူ့ကြောင့်
မထားရွှေမှာ ရန်ဖြစ်ရ၊ တောင်းပန်ရနဲ့
သူများက သူ့သားကို ပြည်သူ့ချဉ်ဖတ်
ကလေးဆိုပြီး ဝိုင်းပယ်ကြလေလေ၊
သားကို အချစ်ပို၊ အသနားပိုလေပါပဲ။

ကျောင်းထားတဲ့ အရွယ်
ရောက်တော့ ဂွတိုရဲ့ဒဏ်ကို မထားရွှေ
တင်မက ဆရာ၊ ဆရာမတွေပါ ခံရသည်။
ကျောင်းသားမိဘတွေ တိုင်ကြသဖြင့်
ဦးနှောက်ခြောက်အောင် ဖြေရှင်းရသည်။
ဂွတိုကလည်း ကျောင်းပျော်သည်။
တစ်တန်းကို နှစ်နှစ်နှုန်း နေလာခဲ့ရာက
လေးတန်းရောက်မှ နှစ်ချင်းပေါက် အောင်
သွားသည်။

"ဂွတို တယ်တော်ပါလား။
လေးတန်း နှစ်ချင်းပေါက်အောင်တယ်
တဲ့"

"တော်လှား မတော်လားတော့
မသိပါဘူးအေ။ အောင်မှပေါ့ ကျောင်းက
ဆရာမတွေလည်း သူ့ဒဏ်မခံနိုင်တော့လို့
ငါးလက်ကလွှတ် ပွတ်ဆိုပြီး နောက်တစ်
နှစ်ကျောင်းမှာ ထပ်မထားတော့ဘဲ ပေး
အောင်လိုက်တာနေမှာပေါ့အေ"

ရွာထဲက ဝေဖန်သံတွေ ပွက်
လောရိုက်သွားသည်။

"အစ်မက ဂွတိုကို ဒီနှစ်
တောင်စွန်းမှာ ကျောင်းသွားအပ်ရမှာ
ပေါ့"

www.burmeseclassic.com

မထားရွှေ၏ မောင်ဝမ်းကွဲ စိန်အောင်က ငွတိုကျောင်းအပ်ဖို့ကိစ္စ မေးသည်။

"မပို့ပါဘူးအေး။ နှင့်တူ ငွတိုက ဗွေဆိုးနဲ့အကောင်။ သူများရွာမှာ ပြဿနာဖြစ်ရင် ဘယ်လိုလုပ်မလဲ။ ငါ စိတ်ချပါဘူး ဟယ်။ ကိုယ့်မျက်စေ့အောက်မှာပဲထားတာ ကောင်းပါတယ်။ အမြင်မတော်တာ တွေ့ရင် ဝိုင်းစောင့်ရှောက်ပေးပါ စိန်အောင်ရယ်"

စိန်အောင်က အရက်သမားပေမယ့် ငွတိုကိုတော့ချစ်သည်။ စိန်အောင်သွားလေရာကို ငွတိုကိုပါ ခေါ်သွားလေ့ရှိသည်။ တစ်နေ့ ရှမ်းချောင်းရွာကိုရောက်တော့ အရက်ဆိုင်မှာ စိန်အောင် အရက်ဝင်သောက်သည်။ ငွတိုက အကြော်ဆိုင်မှာ အကြော်သွားဝယ်စားသည်။ ထိုစဉ် သူနှင့်ရွယ်တူ ကလေးတစ်ဦးက ငွတိုလက်ထဲက အကြော်ကို ဝင်လုသဖြင့် နှစ်ယောက်သား နပမ်းလုံးကြသည်။

"အရွယ်တူတွေကွ။ လုံးတူဒေါက်တူတွေပဲ ပေးခေါ်ထားလိုက်ကွာ"

စိန်အောင်နှင့် ဆိုင်ထဲက အရက်သမားတစ်စုက သူတို့နှစ်ဦးကို ကြက်ပွဲပမာ ဝိုင်းကြည့်နေကြသည်။ ပွဲက မပြီးသေး။ သူ့အစ်ကိုက မကျေနပ်သဖြင့် တစ်ပွဲထပ်ထိုးရပြန်သည်။ ဘတစ်ပြန် ကျားတစ်ပြန် ထိုးသတ်နေကြတာကြောင့် မျက်နှာတွေ ဖူးရောင်ညိုမည်းကုန်သဖြင့် ခွဲပေးလိုက်ကြသည်။ သူနှင့်ထိုးဖက်ကလေးမှာ မျက်ခုံးကွဲသွားသဖြင့် မျက်နှာတွင် သွေးများစီးကျကာ ရဲရဲနီလေသည်။ စိန်အောင်က ငွတိုကိုခေါ်ပြီး ရွာသို့ပြန်ခဲ့ကြရာ လမ်းတစ်ဝက်ရှိ ရင်ခွဲဇရပ်တွင် ရေသောက်ရင်း ငွတိုကို ပြုစုပေးနေသည်။ ဇရပ်ထဲတွင် ရောက်နှင့်နေသော ကရင်အဖိုးကြီးတစ်ဦးက ငွတိုအားပြုံးကြည့်ရင်း …

"နှစ်ယောက် တစ်ယောက် ထိုးသတ်တယ်ဆိုတော့ အတော် သတ္တိကောင်းတဲ့ကလေးပဲကွ"

ဟုဆိုကာ ငွတိုအား လက်ပွတိုက်ပေးနေသော စိန်အောင်အား ပလိုင်းထဲမှ ဆေးဘူးကိုထုတ်ပေးပြီး …

"ရော့ … ရော့ … ဒီဆေး
ကို လိမ်းလိုက် နာရီဝက်အတွင်း ပျော
သွားမယ်"

ဟုဆိုကာ လိမ်းခိုင်းလို
သည်။ ထို့နောက်…

"မင်းရဲ့သတ္တိကိုတော့ ကြ
တယ်ကွယ်။ မင်းကို ဆေးထိုးပေး
ထိုးရဲသလား"

ဟု မေးလိုက်သည်။ စိန်အော
က ဆေးလူးပေးနေရာမှ ပြန်မေးလို
သည်။

"ဘာဆေးမို့လဲ ဖထီးရဲ့"

"မင်းညီနောင် တဲ့ကွ။ ကာ
သိဒ္ဓိပြီးဆေးပေါ့ကွာ"

"ပွဲတင်စရာမလိုဘူး။ ဂါ
စုတ်ပြီးထိုးမှာကွ"

"ဘယ်လိုလဲ ငွတို။ ထိုးမလာ"

စိန်အောင်က ငွတိုကို လှ
မေးလိုက်သည်။

"ထိုးမယ်ဗျာ"

ငွတိုကလည်း မဆိုင်းမ
ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖထီးသည် ပလိုင်းထဲမှ ဘူးနှင့် ကြေးစုတ်ကြီးကိုထုတ်ကာ တို၏ ပခုံးထိပ်တွင် ဂါထာစုတ်ပြီး ပားရုပ်တစ်ရုပ်ထိုးပေးလိုက်လေသည်။

"ဟင် ••• ကျားရုပ်ကလည်း က်လုံးတစ်ဖက်ကာန်းနေသလိုပဲ"

"ငါ တမင်ပဲ မျက်ဆံမထည့် တာကွဲ့။ နို့မို့ရင် ဒီကောင် မိုးပျံအောင် မှာ။ ဒီလောက်နဲ့တင် ဆေးက စွမ်းပါ ယ်ကွာ"

နောက်တစ်နေ့ကစပြီး စိန် အောင်နှင့်ဂွတို ရွာစဉ်လှည့်ပြီး ဆေးစမ်း ကြသည်။ ရောက်သည့်ရွာတွင် အလောင်း စားနှင့် ဘက်ရှာပြီး ထိုးသည့်ပွဲတိုင်း သည်။ ရွာနီးချုပ်စပ်တွင် ဂွတိုကို ဉ်နိုင်သူမရှိသဖြင့် စိန်အောင်တစ် ဘက် အရက်ကို လှိုင်လှိုင်သောက် လေသည်။

×××

(၃)

အချစ်ဆိုတာကို ကျွန်တော် တစ်ခါမှ မခံစားကြည့်ပါဘူး။ ရယူခြင်း လား၊ ပေးဆပ်ခြင်းလားလို့ဆိုရင် ရယူ ခြင်းလို့ပဲ ကျွန်တော် ဖြေရပါမည်။ အရွယ် လေးရောက်လာတော့ အရက်၊ ကြက်၊ ဖဲနဲ့လောင်းကစားနယ်မှာ ကျယ်လည်ရင်း အချစ်ကို မေ့နေခဲ့ပါတယ်။ ပြဿနာ ပေါင်း သောင်းခြောက်ထောင်တွေကြား မှာ လက်ကြောတင်းတင်းနဲ့ ဘာကိုမှ မလုပ်ဘဲ မအေ မုဆိုးမကြီးရဲ့လုပ်စာကို အဆင်သင့် လက်ဆေးစားတဲ့အပြင် အိမ်ကပစ္စည်းလည်း စိတ်မချရ။ သူ တစ်ပါးပစ္စည်းလည်း စိတ်မချရ။ တစ်ရွာ လုံးက အော့ကြောလန်တဲ့ လူဆိုး၊ လူမိုက်ကို ဘယ်မိန်းကလေးကမှ အားကိုးဖို့ စိတ်မကူးရဲကြပါဘူး။

အချစ်ဆိုတာ တွေးမိတိုင်း ကျွန်တော်ပေးတဲ့ ဒုက္ခကိုခံပြီး မညည်း မညူပြုံးနေတဲ့ နှင်းမြကိုကြည့်ပြီး သနား နေမိတယ်။ အမေက သားဆိုးမအေ တပေပေဆိုရင် နှင်းမြက လင်ဆိုးမယား တဖားဖားပင်ဖြစ်မည်။ နဖူးစာကံများ အတော်ဆန်းကြယ်သည်။ လေးအိမ်စု ဆိုတဲ့ ပင်လယ်ကမ်းစပ်နားက ကွင်းရွာ လေးက လူဆိုးလူမိုက် ကျွန်တော့်နဲ့ တောင်စွန်းသူ နှင်းမြတို့ဟာ သင်္ကြန်ပွဲ တစ်ရက်မှာ ကေလာသဘုရားပေါ်မှာ ဆုံကြတယ်။ ရေးရေစက်လို့ခေါ်ရမယ် ထင်ပါရဲ့ ကျွန်တော်နဲ့ချစ်သူတွေ ဖြစ်ခဲ့ ကြတယ်။ ကျွန်တော့်အကြောင်းကိုသိတဲ့ နှင်းမြမိဘတွေက အမျိုးမျိုးနားချပြီး ခွဲကြပေမယ့် နှင်းမြက နောက်မဆုတ်ဘဲ ရှေ့တိုးခဲ့ပါတယ်။

နှင်းမြက သူ့အချစ်ကို သက်သေပြခဲ့သလို ကျွန်တော်ကလည်း နှင်းမြရဲ့နှာမည်ကို လက်ဖျံမှာ ဆေးမင် ကြောင်းထိုးပြီးပြခဲ့ပါတယ်။ အဲ့ဒီတုန်းက ဆေးမင်ကြောင်ထိုးပေးတဲ့ ဆရာက ကျွန်တော်ပခုံးက ကျားရုပ်ကိုကြည့်ပြီး ကျားရုပ်က အင်္ဂါမစုံဘူးဟုဆိုကာ တစ်ဖက်လပ်နေသော ကျားမျက်လုံးမှာ စေတနာ ဗရပွနဲ့ မျက်ဆံဖြည့်ထည့်ပေး လိုက်တာကြောင့် ဖထီးထိုးပေးခဲ့သော ကျားရုပ်လေး အင်္ဂါစုံသွားပါတယ်။ အဲ့ဒီ အချိန်ကစပြီး အပေါင်းအသင်းတွေက ကျွန်တော့်ကို သောက်ရမ်းဂွတိုလို့ ခေါ်

www.burmeseclassic.com

ကြတော့တာပါပဲ။

အချစ်စစ်ဆိုတာ မဖြောင့်ဖြူး ပါဘူး။ မိဘတွေက နှင်းမြကို ယောက်ျား ပေးစားဖို့ အဆောတလျှင် စီစဉ်ကြသည်။ အိမ်ထောင်တစ်ခု တည်ထောင်ဖို့ရာ အချစ်သည် အဓိကမဟုတ်ကြောင်း ကျွန်တော် အခုမှ သိလာရသည်။ ကျွန်တော့်မှာ ငွေလည်းမရှိသလို အလုပ် လည်း မည်မည်ရရမရှိ။ နှင်းမြကို ကျွန်တော် အခဲအရှုံးမခံနိုင်။ ကျွန်တော် ဘာဆက်လုပ်ရမလဲဟု တွေးရင်း ရင်တွေ ပူလောင်လာသည်။ နှင်းမြကို ကျွန်တော် အမြန်ဆုံးခိုးပြေးမှဖြစ်မည်။ ကိစ္စမရှိ၊ အဖေ ့ရှိလျှင် ငွေရှိသည်။ ဒီတော့ အမေ တထုပ်ထုပ်နဲ့သိမ်းထားတဲ့ ရွှေတစ်ဆယ် သားကိုခိုးပြီး နှင်းမြကို ခိုးပြေးပြီး အမေနဲ့ လမ်းခဖြတ်ထားလိုက်ပါတယ်။ ထုံးစံ အတိုင်း အမေ ကျွန်တော်ကို ကျိန်ဆဲရင်း ကျန်ခဲ့မှာ သေချာပါတယ်။

မထားရွှေ သားပျောက်ရှာနေ သည်မှာ ဆယ်ရက်ကျော်ပေပြီ။ သတင်း အစအနပင် မရ။ ဤသားသည် သူ၏ တစ်ဦးတည်းသော သံယောဇဉ်ဖြစ်သည်။ ဆိုးမိုက်လွန်း၍သာ ဆူဆူဆဲဆဲပြုနေရ သည်။ သူ ခွင့်လွှတ်ပြီးသား။ ယခုတော့ ထိုသားက အမိုက်စော်ကားသွားသည်။ အိုမင်းမစွမ်း အရွယ်ရောက်လာပြီဖြစ် သော သူ့အပါးမှာရှိစေချင်သော်လည်း သူ လုပ်ချင်ရာလုပ်ပြီး သူ့ကို စွန့်ခွာသွားလေ ပြီ။ သူ့မှာရှိသော ပစ္စည်းဥစ္စာသည် သူ့ အတွက်ပဲဆိုတာကို မသိလေရော့ သလားဟု တွေးရင်း ကရုဏာဒေါသ ကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ ဒိုကြွေးနေရတာကြောင့် အစ်ကိုဝမ်းကွဲ ဖြစ်သူ ရွာဦးကျောင်းဆရာတော်ကိုယ်တိုင် ကြွလာကာ တရားချရလေတော့သည်။



"နင့်မှ နေ့တိုင်း ငိုကြွေး... တာ ပရိဒေဝမီးကြောင့်ပဲ။ နင် ငိုကြွေး... ရော အကျိုးရှိရဲ့လား။ ကိုယ်ချစ်ခင်... တစ်ယောက်ယောက် မျက်စေ့အော... က ရုတ်တရက်ပျောက်ကွယ်လို့ ဝမ်း... ပူဆွေးရတာ ဓမ္မတာမို့ အပြစ်မဆိုပါ... ဘုရားရှင် ပရိနိဗ္ဗာန်စံတုန်းက အ... အာနန္ဒာတောင် ငိုရှာပါသေးတယ်"

"တပည့်တော်မရဲ့ ရင်ထဲ... ခံလည်းခံပြင်း၊ ခံလည်း ခံစားနေရပါ... ဘုရား"

"ခံစားနေရတဲ့ ဝေဒနာ... တရားနဲ့ဖြေပေါ့ ထားရွှေ။ ငတိုဟာ ... မိုက်လွန်းတယ်။ မိဘကို အသက်နဲ့... ဒုက္ခပေးခဲ့တယ်။ သူ့ကြောင့် နင့်မှာ ... မောဟတွေနဲ့ စိတ်ဆင်းရဲရပေါင်းများ... ဒီတစ်ခါတော့ မျက်ရည်မကျသင့်... ဘူး။ ကိုယ့်ကိုလောင်ကျွမ်းနေတဲ့ ပရိ... မီးကို ငြိမ်းသတ်ဖို့အချိန်တန်ပြီကွဲ"

"တပည့်တော် ဘယ်လို ငြိ... ရမှာလဲ ဘုရား"

"သူ့ကို လျစ်လျူရှုပြီး ...



www.burmeseclassic.com

www.burmeseclassic.com

ပြထားလိုက်ပါ။ ပြီးရင် ဘာဝနာကမ္မဋ္ဌာန်းအစ်ခုခုကို ပွားများအားထုတ်နေတာ အကောင်းဆုံးပေါ့ကွယ်"

"ပတ်ဝန်းကျင်ကလည်း အပည့်တော်ကို ဝိုင်းပြောကြပါတယ် ဘုရား။ သူ့ကို ပစ်ထားလိုက်ဖို့၊ သူ့အကြောင်းမစဉ်းစားပဲနေဖို့။ ဒါပေမဲ့ ကောင်းစုတ်ပလုံးစုဏ်သာ ပစ်ရိုးထုံးစံရှိပါတယ်။ ကိုယ်မွေးထားတဲ့ ကိုယ့်ရင်သွေးမို့ တပည့်တော် ပစ်ပစ်ခါခါ ဥပေက္ခာမပြုရက်ပါဘူး ဘုရား"

"ဦးပဥ္စင်းပြောတဲ့ ဥပေက္ခာဆိုတာ နင်ထင်သလို မဟုတ်ဘူး ထားရှေး။ သူ့အကြောင်းကို ကောင်းသည်၊ ဆိုးသည် စဉ်းစားဘဲ ပစ်စလက်ခတ်ထားဖို့ ပြောတာလည်း မဟုတ်ဘူး။ သူ့ကို စိတ်ထဲမှာ စဉ်းစားလို့ရပါတယ်။ ဒါပေမဲ့ အမုန်းဘက်ကလည်း မရောက်စေနဲ့၊ အချစ်ဘက်ကလည်း မရောက်စေနဲ့။ သနားလည်း မသနားနဲ့။ ဝမ်းလည်းသာနဲ့၊ ဇာလယ်အလတ်ထားပြီး ရှုပွားဖို့ ဆိုလိုတာပါ။ ဒီလိုရှုပွားတာဟာ သာမန်လူတွေ လုပ်လို့ရတဲ့ ဥပေက္ခာတရားကို ရှုပွားတာပဲ။ ဗြဟ္မာ့ဝိဟာရုပေက္ခာလို့ ခေါ်ပါတယ်။ အဲ့ဒီကာစပြီးတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာတစ်ပါးပါးကို ဆက်ပြီး တိုးတက်အားထုတ်လို့ရပါတယ်"

ဒီလိုမှ မဟုတ်ဘဲ စိတ်နှလုံး ထိခိုက်ပြီး စိတ်ပန်း၊ လူပန်းနဲ့ လိုက်လိုက်လှဲလှဲ ဝမ်းနည်းပူဆွေးနေလို့ ကိုယ့်အတွက် ကောင်းကျိုးရရင်တော်ပါရဲ့ စိတ်နှလုံးပူပန်ရတာကလွဲပြီး ဘာတစ်ခုမှ ကောင်းကျိုးရမှာမဟုတ်ဘူး။ စိုးရိမ်ပူပန်နေမယ့်အစား သတိရှိရှိနဲ့ လုပ်သင့်တာကို ကြိုတင်စီမံ စိတ်ကူးသင့်တယ်။

ဒီလိုမှ မဟုတ်ဘဲ ကိုယ့်စိတ်အလိုကိုလိုက်နေရင် မိုက်မဲဖျင်းအ၊ အသုံးမကျတဲ့သူပဲဖြစ်မှာ။ ဒီနေ့ခေတ်ကာလ သားသမီးတွေဟာ ဆရာသမား၊ မိဘဘိုးဘွားတွေရဲ့ အဆုံးအမကို လိုက်နာ သူတွေ နည်းသွားပြီး ကိုယ်က ကောင်းစေချင်လို့ ပြောဆိုဆုံးမ သွန်သင်ပေးမယ့် မလိုက်နာဘဲ ထင်ရာစိုင်းကြတဲ့အတွက် သူတို့မှာ ဒုက္ခတွေ တွေ့ကြရတယ်။ ဒါကို ဝမ်းနည်းမနေသင့်ဘူး။ မကောင်းလည်း သူ့ကံ၊ ကောင်းလည်း သူ့ကံလို့ ကမ္မသကာချထားလိုက်တာ အကောင်းဆုံးပဲ။ သဗ္ဗေသတ္တာ ကမ္မသကာပေါ့ကွယ်။ ဝမ်းနည်း ပူဆွေးနေရင် ပူဆွေးတဲ့လူသာ အသုံးမကျသူဖြစ်မှာပဲ။

ဆရာတော်၏ ဆုံးမစကား အဆုံးတွင်တော့ ဒေါ်ထားရွှေ၏ ပါးပြင်ပေါ်တွင် စီးစွတ်နေသော မျက်ရည်တို့သည်လည်း ခန်းခြောက်သွားလေသည်။

ဆေးရုံတက်နေသော တစ်လကျော်သွားတဲ့အထိ အမေ ရောက်မလာသေးတဲ့အတွက် အမေ့ကိုသတိရပြီး ဝမ်းနည်းကာ မျက်ရည်ကျမိသည်။ ကျွန်တော်ဖြစ်အင်ကို အမေမြင်ရလျှင် "ဖြစ်ရလေသားရယ်" ဟုဆိုကာ မျက်ရည်လည်ရွဲနဲ့ ကျွန်တော့်ကိုဖက်ကာ ငိုပေလိမ့်မည်။ အမေ ကျွန်တော့်ကို ကျိန်ဆဲတော့မည် မဟုတ်ဟု ထင်သည်။

ကျွန်တော့် ဆိုးမိုက်မှုကြောင့် ပြဿနာတွေ ဖြေရှင်းရတိုင်း ကျွန်တော့်ကို ကျိန်ဆဲခဲ့တာ။ အခါတစ်ရာမကတော့

www.burmeseclassic.com

အမေကျိန်ဆဲပေမယ့် ကျွန်တော် ကျေနပ်သည်။ အမေသည် ကျွန်တော့်ကိုချစ်၍ ကျိန်သည်ဟုထင်သည်။ ဒါကြောင့်လည်း ကျွန်တော် ကျန်းမာပြီး ဘေးအန္တရာယ် မကျရောက်ခဲ့။ အမေရဲ့ကျိန်စာနောက်မှာ အမေ့ရဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာတွေ အပြည့်ရှိနေတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အမေက ကျွန်တော့်ကို···

"သေချင်းဆိုးနဲ့ မြန်မြန်သေပါစေတော်"

လို့ ကျိန်ဆဲတိုင်း ကျွန်တော့်ကို ကျန်းမာချမ်းသာစေဖို့ မေတ္တာပို့နေတာပါပဲ။ ဒါကြောင့် အမေ့ကျိန်သံကြားရလျှင် ကျွန်တော် မသေနိုင်။ အခုအချိန်မှာ အမေ့ရဲ့ကျိန်သံကို ကျွန်တော်ကြားလိုက်ချင်ပါတယ်။ ဒါမှ ကျွန်တော် မြန်မြန်ကျန်းမာလာမှာ။ အမေ့ကို ကျွန်တော် မျှော်နေသည်။ အမေလာလျှင် ကျွန်တော့်ကို ကျိန်ပါစေလို့ ဆုတောင်းမိသည်။ ဘာကြောင့်လဲဆိုတော့ အမေဟာ ကျွန်တော့်ကိုချစ်လို့ပါပဲ။

ငွတိုတစ်ယောက် နှင်းမြနှင့်သားမှ ခြေပြိမ်သွားသည်။ ကြင်စဦးဇနီးမောင်နှံနှစ်ယောက်ထိုင်စားရုံရုံနဲ့ အမေ့ဆီက ရွှေတစ်ဆယ်သားလည်း ကုန်လုပြီ။ ယခုမှဝင်ငွေရတဲ့အလုပ်တစ်ခုခုလုပ်ဖို့ စိတ်ကူးရလာသည်။ သို့သော် ငယ်စဉ်ကတည်းက ပညာကို ကောင်းစွာမသင်ခဲ့ရ၍ သူ့အတွက် တစ်ပန်းရှုံးနေသည်။ သူ့မှာ အသက်မွေးဝမ်းကြောင်းပညာလည်း တစ်ခုမှ မသင်ကြားခဲ့။ သူတစ်ပါးဆီမှာ အလုပ်လုပ်ဖို့ကလည်း သူ့ရဲ့အတိတ်က စရိုက်ဆိုးကြောင့် ဘယ်အလုပ်ရှင်ကမှ လက်သင့်မခံကြ။ လယ်လုပ်၊ လှေတိုက် စတဲ့ အလုပ်ကြမ်းတွေလည်း သူမလုပ်ချင်။ တစ်နေ့ အချောင်သမား စိတ်ပြန်ပေါက်ပြီး ရှိတဲ့ငွေလေးကို ဖဲဝိုင်းမှာ သွားပွားလိုက်ရာ ကံဆိုးချင်တော့ တက်တက်ပြောင်လေသည်။

အလုပ်ရှာရင်း နှင်းမြတို့အမျိုး ကိုကြည်နှင့်ဆုံသည်။ ကိုကြည်သည် ပေါက်တောမှ တောင်စွန်းတွင် အလုပ်လာဆင်းသည့် ပန်းထိမ်ဆရာဖြစ်သည်။ ကိုကြည့်အိစောင်မမှုဖြင့် ပန်းထိမ်ဖို[...]

အလုပ်ရသည်။ ပထမတွင် ပညာ[...] ဖြစ်၍ မှန်ဖိုးလောက်သာရသော်လည်း[...] နောက်ပိုင်း လက်ခစားရလာတော့ သူ[...] အဆင်ပြေသွားသည်။ အဆင်ပြေ[...] လည်း ဒေါ်ထားရွှေဆီကိုတော့ [...] မရောက်ဖြစ်သလို ဒေါ်ထားရွှေကလည်း[...] သူ့ဆီ စုံစမ်းပြီး ရောက်မလာခဲ့ချေ။

တစ်နေ့ ကိုကြည် မှ[...] အိမ်ကိုပေါက်ချလာသည်။

"ငွတိုရေ ··· ဆရာ[...] မူးနေပြီကွ။ ဒီနေ့တော့ ငါ့ကို မင်းလို[...] မှဖြစ်မယ်"

"မိုးချုပ်နေပြီ ဆရာရဲ့ အိ[...] အိပ်လိုက်ပါတော့"

"မအိပ်ဘူးကွာ။ ပြန်မှဖြ[...] ကွ။ မင်းလိုက်မပို့လည်းနေ ငါ[...] ပြန်မယ်"

ဆရာကြည်ကို စိတ်မချ[...] သူလိုက်ပို့လိုက်သည်။ ဆရာကြည် [...] ရောက်တော့ သူ့ကို ထန်းရည်အ[...] တိုက်သည်။ သောက်မိလျှင် [...]



www.burmeseclassic.com

www.burmeseclassic.com

ဘတ်သည့်အတွက် သူ မသောက်ဘဲ ငြိမ်းဆန်သော်လည်း မရ။

"ဒါ အရက်မဟုတ် မဟုတ်ဘူး ဘူး။ ထန်းရည်ပဲဟာ။ ဆေးဖြစ်ဝါးဖြစ် ပေါ့ကွာ"

ဆရာကြည် ကျေနပ်စေရန် သူတစ်ခွက် သောက်လိုက်သည်။ ဆရာကြည်က မကျေနပ်သေး။ နောက်တစ်ခွက် ထပ်သောက်ရပြန်သည်။ ဤသို့ဖြင့် တစ်ခွက်က နှစ်ခွက်၊ နှစ်ခွက်မှ သုံးခွက် လေးခွက်ဖြစ်သွားပြီးတဲ့နောက် အရက်ပါ ဝင်သွားကာ ဂွတိုလည်း ချာချာလည်အောင် မူးလေတော့သည်။

အိမ်ပြန်ညသည် ပိန်းပိတ်အောင်မှောင်နေသည်။ လမ်းမပေါ်တွင် လူတစ်ဦးတည်း ယိမ်းထိုးကာ လျှောက်လာသည်။ ကျုံးကမိစုရှာသို့ရောက်တော့။

"ဂစ်…ဂစ်…ဂစ်"

လမ်းဘေးရှိ ကုက္ကိုပင်ကြီးပေါ်က ငှက်ဆိုးထိုးသံကြောင့် လန့်သွားကာ မပွပ္ပနှင့် ကုက္ကိုပင်ကိုမော့ကြည့်လိုက်ပြီး …

"တောက် … ငါလာမှ အော်ရတယ်လို့ မအေ … ငှက်"

ဟု စိတ်တိုတိုနှင့် အော်ဆဲလိုက်သည်။ သူဆဲသံကြောင့် ကုက္ကိုပင်အနီးရှိ အိမ်ထဲတွင် အရက်ထိုင်သောက်နေကြသောလူတစ်စုက သူတို့ကို ဆဲသည်ထင်ပြီး ထွက်လာကြသည်။

"ဟေ့ကောင် … မင်း ဘယ်သူ့ကိုဆဲတာလဲကွ"

ဟု မေးလိုက်သည်။

"ငါ့ဟာငါ ဘယ်သူ့ဆဲဆဲ မင်းတို့အပူပါလားကွ"

"ဟေ့ကောင် … မင်းက ဘာကောင်မို့ ဒီလောက်မိုက်ရိုင်းရတာလည်း"

"ရိုင်းချင်လို့ရိုင်းတယ်ကွာ။ ဘာလုပ်ချင်လဲ။ ငါ့နာမည် သောက်ရမ်းဂွတိုတဲ့ကွ။ စမ်းချင်တဲ့ကောင်ထွက်ခဲ့"

"ဩော် … မင်းက ဂွတိုကိုး။ မင်းကိုတွေ့ချင်တာနဲ့အတော်ပဲ"

ထိုသူတွေထဲမှ တစ်ဦးသည် လွန်ခဲ့တဲ့ သုံးလေးနှစ်ခန့်က သူ ရိုက်ခဲ့ဖူးသူ၏ အစ်ကိုဖြစ်နေသည်။ ပြောဆိုနေကြသည့်အသံကြောင့် ပတ်ဝန်းကျင်မှ ရွာသားအချို့ပါရောက်လာသည့်အတွက် သူတို့ အားတက်သွားကာ ဂွတိုကို ဝိုင်းရိုက်ကြတော့သည်။ အမူးနဲ့တစ်ယောက်ဖြစ်သော်လည်း ဂွတိုကို လဲအောင် မရိုက်နိုင်ကြ။ ဓားလှံများဖြင့် ထိုးခုတ်ကြသော်လည်း ရှရာပင် မထင်။ ဂွတိုလက်ချက်ကြောင့် အချို့ရွာသားများ အလဲလဲ အပြိုပြိုဖြစ်ကုန်သဖြင့် လူရဲသွားသည်။

"အရမ်းမဝင်နဲ့ဟေ့…ဒီကောင် ပြီးတယ်ကွ"

လူတစ်ယောက်က သတိပေးလိုက်သဖြင့် အရမ်းမဝင်တော့ပဲ ဝိုင်းထားလိုက်ကြသည်။

"ဒီကောင်ကို အသေသတ်မှ ဖြစ်တော့မယ်ကွ။ သူမသေရင် မလွယ်ဘူးနော်"

ဝိုင်းထားရာမှ ပြိုင်တူဝင်ရိုက်ကြပြန်သည်။ တစ်ချီ သူ ခလုတ်တိုက်ပြီး ယိုင်အလဲတွင် လူလေးငါးဆယ်ယောက်

www.burmeseclassic.com

လောက် အတင်းဝိုင်းဖိကာ မလှုပ်နိုင်အောင် ချုပ်ထားလိုက်ကြသည်။ လူတစ်ယောက်က လမ်းဘေးတွင်ရပ်ထားသော လှည်းတစ်စီးမှ ကျပ်လုံးခန့်ရှိ နှစ်တောင်နီးပါးခန့်ရှည်သော တံပိုးကြီးတုတ်တစ်ချောင်းကို ဆွဲနုတ်လာကာ သူ့ပုဆိုးကို ဝိုင်းချွတ်ပြီး စအိုတွင်းသို့ တုတ်ကို တင်းပုတ်နှင့်ထုကာ ရိုက်သွင်းလိုက်ပြီး လှည့်ကာလှည့်ကာ မွှေလိုက်သဖြင့် သူမထနိုင်တော့ပဲ သတိမေ့မြောသွားစဉ် တာဝန်ရှိသူများ ရောက်လာသောကြောင့် အားလုံးထွက်ပြေးကာ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်လေသည်။

×××

(၅)

"အမေ မလာသေးဘူးလား နှင်းမြ"

"အမေ ဒီမနက် လာလိမ့်မယ် အစ်ကို"

အမေလာမယ်ဆို၍ ကျွန်တော် ဝမ်းသာသွားသည်။ အမေလာလျှင် ကျွန်တော် မကြာခင် ဆေးရုံကဆင်းရမယ်လို့ ယုံကြည်သည်။ ခလုတ်ထိမှ အမိတတယ်ပဲဆိုဆို ကျွန်တော် အမေ့ကို တွေ့မြင်နေချင်သည်။ ဤနေ့သည် ဆေးရုံမှာ ကျွန်တော် လေးဆယ့်ငါးရက်ပြည့်သည့်နေ့ပင်ဖြစ်လေသည်။ ဂွတို၏ အတွေးမဆုံးခင် ဆေးရုံထဲသို့ သီလရှင်ကြီးတစ်ပါး ဝင်လာသည်။

"ဟာ ... အမေ ... အမေ မဟုတ်လားဟင်"

အမေ့ကို သီလရှင်အသွင်နှင့် တွေ့လိုက်ရ၍ ဂွတို အံ့ဩသွားသည်။ ဒေါ်ထားရွှေတစ်ယောက် ဂွတိုထွက်သွားပြီးကတည်းက ဆရာတော်၏ အဆုံးအမကြောင့် သီလရှင်ဝတ်ပြီး တရားအားထုတ်နေသည်မှာ သုံးနှစ်ကျော်ခဲ့လေပြီ။ ဒေါ်ထားရွှေက ဣန္ဒြေရရပင် ကုတင်ဘေးရှိ ခုံပေါ်တွင်ဝင်ထိုင်လိုက်သည်။ သူ၏ဟန်ပန်က ဥပဒေအရ တော်စပ်သည့် ဆွေမျိုးတစ်ဦးကို လာတွေ့သည့်နှယ်။ တုန်လှုပ်ခြင်း အလျဉ်မရှိ။

"အမေကလည်း နေနိုင်လိုက်တာ။ ကျွန်တော်ကတော့ နေ့တိုင်း အမေ့ကို သတိရနေတယ်"

ဒေါ်ထားရွှေက ဂွတိုကို တည်ငြိမ်စွာ စိုက်ကြည့်လိုက်ပြီး ...

"မင်းအတွက် ပြုဖွယ်ကိစ္စ[illegible] အကုန်လုံး ငါပြုထားပြီးပြီ။ ဆရာဝန်ကြီ[illegible] တွေနဲ့လည်း တွေ့ခဲ့တယ်။ မင်း အ[illegible] စကားကို သေသေချာချာနားထောင်[illegible] မင်းဘဝမှာ ကုသိုလ်တရားဆိုလို့ ဘာ[illegible] မပြုခဲ့ဖူးဘူး။ ဒီတော့ ရတနာသုံးပါးကို[illegible] အာရုံစိုက်ပြီး အမေရွတ်ဖတ်ပေး[illegible] တရားသံကို အာရုံစူးစိုက်နာကြား[illegible] ယူလိုက်ပါဦးကွယ်"

"အမေရယ် ... ဒါတွေထား[illegible] အမေ ကျွန်တော့်ကို ခါတိုင်းလို ကို[illegible] တာကို ကျွန်တော်ကြားပါရစေ အ[illegible] အမေ ကျိန်ရင် ကျွန်တော်ကျန်းမာသွ[illegible] မှာပါ"

"အယူမလွဲစမ်းပါနဲ့ ဂွတို[illegible] အမေ ဘယ်သူ့ကိုမှ မကျိန်ပါဘူး။ လူ[illegible] အပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ[illegible] ပွားများနေပါတယ်။ ကျန်းမာဖို့ ကံ[illegible] ပေါ်မှာ မူတည်တယ်။ သတ္တ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တွက် ကံသာလျှင် အမိ၊ ကံသာလျှင် အဖ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်။ ကံသာလျှင် အားကိုးရာ စီမံရာမို့ ဘယ်သူ မြဲ မိမိအမှုတဲ့။ ကိုယ်လုပ်ခဲ့တဲ့ ကောင်းမှု ကောင်းမှုတွေသာ ကိုယ့်ရဲ့ ကိုယ်ပိုင်ဥစ္စာ ဖြစ်မယ်ကွဲ့"

သီလရှင်၏ စကားအဆုံးတွင် တိုသည် သက်ပြင်းရှည်ကြီးကိုချလိုက် ...

"အမေ့ရဲ့ဂုဏ်သံကို ကျွန်တော် ကြားနိုင်တော့ဘူးဆိုတာ သဘောပေါက် သွားပါပြီအမေ။ သူတော်ကောင်းတရား ဆက်ကိုင်ထားတဲ့သူတွေဟာ ဘယ်သူ့ မှ သာစေ၊ နာစေ စိတ်မရှိဘူးဆိုတာ ပါတယ်။ သုဝဏ္ဏဘူမိသူရဲကောင်း တ်ဝိဟာ မဒိုစာရဲ့ ကွမ်းတစ်ရာ ရေ စ်မှုတ်နဲ့ မာန်လျှော့ခဲ့ဖူးပါတယ်။ ကျွန်တော်ကတော့ အမေတိုက်ကျွေးတဲ့ မ္မရေစင်ကို သောက်သုံးရင် လောဘ၊ သ၊ မောဟ မာန်မာနတွေကို လျှော့ပြီး နာသုံးပါးကို အာရုံပြုရင်း ခရီးဆက်ပါ တော့မယ်။ ကျွန်တော်မိုက်ခဲ့သမျှကို ခွင့်လွှတ်ပါအမေရယ်"

ဂွတိုသည် စကားဆက်မပြော တော့ဘဲ မျက်စေ့ကိုမှိတ်၍ အာရုံပြုနေ လိုက်သည်။ ဒေါ်ထားရွှေက ပရိတ်ကြီး ဆယ့်တစ်သုတ်၊ ဓမ္မစကြာ၊ အနတ္တ လက္ခဏသုတ်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိ တော်တို့ကို ဂွတိုကြားလောက်အောင် အသံဖြင့် ရွတ်ဆိုပူဇော်ပေးနေသည်။ တရားဆုံးသည်နှင့် ဂွတိုလည်း ခေါင်းအုံး တစ်ဖက်သို့ ဇက်လည်ကာ ဘဝနိဂုံး အဆုံးသတ်သွားလေတော့သည်။

သီလရှင်ကြီးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစရှိသော လက္ခဏာ ရေးသုံးပါးနှင့် အသုဘကမ္မဋ္ဌာန်းကို ဆက်လက်ရှုပွားပြီးနောက် ဆရာကြည် နှင့် နှင်းမြအား ...

"ဆရာဝန်ကြီးတွေကပြော တယ်။ သူ့ဝမ်းထဲက ကလီစာတွေဟာ ပြတ်ထွက်ပြီး ပုတ်ကုန်ပြီတဲ့။ သူ ဘယ်လို မှ အသက်မရှင်တော့ပါဘူးတဲ့။ လေးဆယ့် ငါးရက်အထိ သူ အသက်ရှင်နေတာ အံ့ဩစရာပဲတဲ့။ ဒါကြောင့် သူသွားရမယ့် ခရီးကို နောက်ဆံမတင်းဘဲ ဖြောင့်ဖြောင့် သွားနိုင်အောင် ဆရာလေးလာခဲ့တာပဲ။ အခုတော့ ပြုဖွယ်ကိစ္စတွေအားလုံး ပြီးဆုံးသွားပါပြီ။ ဆရာလေးလည်း အခုပဲ စိမ့်စမ်းမြောင်ရိပ်သာကို တရားအားထုတ် ဖို့ သွားတော့မယ်။ သဗ္ဗေသတ္တာ ကံမှ သကာတဲ့။ ကိုယ်စိတ်ကို ကိုယ်ထိန်းပြီး တရားနှင့်သာဖြေလိုက်ပါ မိန်းကလေးရယ်"

တသိမ့်သိမ့် ရှိုက်နေရာမှ အသံထွက်အောင် ဝမ်းပန်းတနည်း ငိုကြွေးနေသော နှင်းမြကို ကျောခိုင်းကာ ထွက်ခွာသွားသော ဆရာလေးကိုကြည့် ရင်း မဒိုစာ၏ ကွမ်းတစ်ရာ ရေတစ်မှုတ် နှင့် ဒေါ်ထားရွှေ၏ ဓမ္မရေစင်သည် အကျိုးပေးအာနိသင်ချင်းတူမည်မဟုတ်။ ဒေါ်ထားရွှေ၏ ဓမ္မရေစင်ကသာ ဂွတို၏ တမလွန်ခရီးအတွက် နေရာကောင်း တစ် နေရာရဖို့၊ လက်မှတ်ကောင်းတစ်စောင် ဖြစ်မည်ဟု ကိုကြည် တွေးမိပေသည်။

သျှင်ရဲထွင်(တောင်စွန်း)

ခေတ္တ မြဝတီမြို့



www.burmeseclassic.com

www.burmeseclassic.com

## တဖက်သူတွေးပျော်စေဖို့






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

လောကကြီးတွင် အတုအပတွေ နေရာတကာမှာ ပြည့်နှက်နေသည် ဆိုတာကိုတော့ အများနှင့်နည်းတူ ကြည်သာပြုံးလည်း သိထားသည်။ နာမည်ကြီး ကုန်ပစ္စည်းတံဆိပ်ဆို ဆင်တူယိုးမှား တုပထားသော တံဆိပ်အတု၊ ကုန်ပစ္စည်းအတု၊ နို့မှုန့်အတု၊ ဆေးဝါးအတု၊ အရက်တု၊ စစ်ဗိုလ်အတု၊ ရဲအတု၊ ငွေစက္ကူအတု စုံလို့ပါ။ ဘာမဆို "အစစ်ရှိလျှင် အတုရှိမည်"လို့ ပုံသေနည်းတစ်ခု ထုတ်ရမလောက်ပင်။

ဟုတ်၊ မဟုတ်တော့ မသိ။ ဆန်အတု၊ ကြက်ဥအတုဆိုတာတောင် ရှိသတဲ့။

ဟိုတလောက စိုက်ပျိုးစရိတ်လိမ်ညာ ချေးယူကြတဲ့ "အတု" တွေ အကြောင်း ကြားသိရတော့ သူတို့တာတွေ ပြောပြီး ရယ်ကြရသေး၏။ ကြည်သာပြုံးက...

"ဩော် ... ပေါလိုက်တဲ့ အတုတွေ ဟဲ့။ အံ့ကိုသြရော"

ဟုပင် ရေရွတ်မိတော့သည်။

ထိုထိုသော အလိမ်အညာ အတုအပတွေထက် အဆများစွာ ပို၍ အံ့သြရသည်သာမက ဘဝတစ်ခုလုံးကို ကြေမွပျက်ပြုန်းလောက်အောင် တုန်လှုပ်နာကျည်း ခါးသည်းစွာ ခံစားရသည့် အလိမ်အညာ၊ အတုအပမျိုးကို ရင်ဆိုင်ကြုံတွေ့ရလိမ့်မည်ရယ်လို့တော့ ထိုစဉ်က ကြည်သာပြုံး ယောင်လို့မျှပင် မတွေးခဲ့မိချေ။

ထိုည ကြည်သာပြုံး တော်တော်နှင့် အိပ်မပျော်။ နေ့ခင်းတုန်းက မြို့နယ်တရားရုံး တရားခွင်မှ ရဲအစောင့်များ ပြန်လည်ခေါ်ဆောင်ရာသို့ ရဲဇော်အောင် လိုက်ပါသွားရင်း သူမကို ရှုန်းရှုန်းစားစားကြည့်ကာ ...

"ပြုံး ကျန်းမာရေး ဂရုစိုက်နော်"

လို့ ပြောသွားသည်ကို ကြားယောင်၊ မြင်ယောင်နေဆဲဖြစ်သည်။

"ရဲဇော်အောင်က ဟန်ဆောင်နှုတ်ဆက်သွားတာများလား။ အမှုဖွင့်ထားတဲ့ ငါ့ကို တကယ်နားလည်ခွင့်လွှတ်တာကော ဟုတ်ပါ့မလား"

ဟုလည်း ကြည်သာ[...] သံသယဖြင့် တွေးကြည့်မိသေး[...] သို့သော် အကောင်းမြင်တတ်သူ[...] သံသယအတွေးများက သူမ၏ စိတ်[...] ကို ရေရှည်လွှမ်းမိုးနိုင်ခြင်း မရှိခဲ့။

"သူ တကယ်ခံစားနေ[...] ပြောတာပဲဖြစ်မှာပါလေ။ ငါတို့နှစ်ဦး [...] ခဲ့ကြတဲ့အဖြစ်တွေကလည်း မေ့[...] စရာမှမဟုတ်ပဲ။ သူ့မျက်လုံးမှာ ရွှ[...] နေတာ မျက်ရည်ငွေ့တွေဆိုတာ [...] အသေအချာ သိနေတယ်။ အဲဒါ [...] တကယ့်ခံစားချက်နဲ့ ပြောတယ်[...] သကော်တာပဲပေါ့။ ဩော် ... ကိုရဲ[...] ပြုံးရင်ထဲမှာ စိုးမိုးနေဆဲပါလားကွယ်"

ဟူ၍ တီးတိုးရေရွတ်[...] ရင်ခုန်မိတော့ အိပ်ပျော်ခြင်းနှင့်ပို၍[...] ပြန်သည်။ အိပ်မပျော်လေ အတွေး[...] မိလေလည်း ဖြစ်ရသည်။

"အစကတည်းက မတွေ[...] မချစ်ကြရင်လည်း အကောင်းသား"

လို့ တွေးမိတော့ တွေး[...]



www.burmeseclassic.com

www.burmeseclassic.com

…ွ ပြန်လည်မြင်ယောင်လာမိသည်။

ရဲဇော်အောင်သည် သူမတို့ …ပ်ကွက်၏ အမိန့်ရ အပေါင်ဆိုင်ပိုင်ရှင် …မှတ်ကြီး၊ ဒေါ်ကြီးညွန့်တို့၏ တစ်ဦး …ည်းသောသားဖြစ်သည်။ ၁၀ တန်း …အောင်၊ အလုပ်အကိုင် မည်မည်ရရမရှိ၊ …မ်းထိပ်က ဘိလိယက်ခုံ၊ ကာရာ …ကေနှင့် လက်ဖက်ရည်ဆိုင်တို့တွင် အချိန်ဖြုန်းလေ့ရှိသူလည်းဖြစ်သည်။ …ို့ရာတွင် ငွေကြေးပြည့်စုံသော မိဘများ …မွေးဖွားလာသည့် တစ်ဦးတည်းသော …သား၊ အသက် ၂၈ နှစ်ခန့်၊ ရည်သွယ် …ျစ်လစ်သော ကိုယ်နေဟန်ထား၊ …ပြစ်သော ဥပမိရုပ်နှင့် ဖြူဝင်းသော အသားအရေတို့ရှိသည့်အပြင် ဗီဒီယို …ရုပ်ဆောင်တစ်ဦးနှယ် ဝတ်စားဆင်ယင် …တို့ကြောင့် ရပ်ကွက်သူ မိန်းကလေး …းစွာတို့၏ ပျိုတိုင်းကြိုက် နှင်းဆီခိုင် …ဖြစ်နေခဲ့သည်။

ရဲဇော်အောင်က သူ့ပတ်ဝန်း …ျင်တွင် ပိုးဆိုးလည်နေသည့်မိန်းကလေး …အတော်များများနှင့် ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံလေ့ရှိသော်လည်း ချစ်သူရည်းစား ရယ်လို့တော့ သတ်သတ်မှတ်မှတ် ထင်ထင်ပေါ်ပေါ်တွဲသည်ဟူ၍ မရှိခဲ့။

ထိုထိုသော မိန်းကလေးများကို ကျော်၍ မုဆိုးမ အကြော်သည်၏သမီး ကြည်သာပြုံးကိုမှ ရဲဇော်အောင်က ချစ်ရေးဆိုခဲ့လေ၏။ တံကောက်ကွေးအထိ ရှည်လျားနက်မှောင်သော ဆံကေသာနှင့် ကော့ညွတ်သည့် မျက်တောင်များအောက်မှ အပြစ်ကင်းစွာ ရွှန်းလဲ့ တောက်ပသော မျက်လုံးလေးများမှအပ အခြား သာမန် မိန်းကလေးတစ်ဦး၏ နုနယ်လှပခြင်းမျိုး မျှသာရှိသော ကြည်သာပြုံးကို ရဲဇော်အောင်လို ပျိုတိုင်းကြိုက် နှင်းဆီခိုင်မှ ချစ်ခွင့်တောင်းခံစဉ်က သူမအနေဖြင့် မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်ခဲ့ရသည်။

သို့ရာတွင် ရဲဇော်အောင် မထွတ်ခင်က ညွတ်ချင်နေနှင့်ပြီးသော ကြည်သာပြုံးက နောက်တစ်နေ့မှာပင် အဖြေပေးပြီး ဖြစ်နေခဲ့လေ၏။ သူတို့နှစ်ဦး ချစ်သူတွေ ဖြစ်သွားကြပြီးနောက် "ချစ်သူတို့ လျှောက်သောလမ်း" ကို ရဲရဲဝံ့ဝံ့လျှောက်ကြလေပြီ၊

"အဆင့်အတန်းမတူသော မိန်းကလေးကို ချစ်ဝံ့ခြင်းကိုက သူ၏ ချစ်မေတ္တာကို သက်သေပြခြင်းဖြစ်သည်" ဟု ရဲဇော်အောင်ကဆိုသည်။

သူ့မိဘတွေက သဘောမတူ၍ ဖျက်လိုဖျက်ဆီးလုပ်လာလျှင် …

"ချစ်သူကို တစ်ရပ်တစ်ကျေးသို့ခေါ်သွားပြီး နှစ်ကိုယ်တူ ချစ်ကမ္ဘာလေး တည်ဆောက်သွားမည်"

ဟုလည်း ကြွေးကြော်လိုက်သေးသည်။

ဒီတော့လည်း ကြည်သာပြုံးက ချစ်သူ့အတွက် ဘာမဆို စွန့်လွှတ်ရန် အသင့်ရှိလာရလေတော့သည်။ မြန်မာမိန်းကလေးတိုင်း အထွတ်တမြတ် တန်ဖိုးထားအပ်သော အပျိုစင်ဘဝကိုပင် အဆုံးအရှုံးခံကာ ချစ်သူ၏ အလိုဆန္ဒကို လိုက်လျောခဲ့ခြင်းဖြင့် ချစ်သူ့အပေါ် သူမ မည်မျှချစ်ကြောင်း သက်သေပြခဲ့ပါ၏။

အဆိုတော်ကြီး ဒေါ်မာမာအေး၏ သီချင်းတစ်ပုဒ်ထဲကလိုပင် "ကောင်းခ္ဓိ သိင်္ဂါ မင်္ဂလာတေးနဲ့ အခါတော်ပေး

www.burmeseclassic.com

တာကလွဲလျှင် ဘာလိုသေးလဲရှင်" ဆိုတဲ့ အတိုင်း ချစ်သူအတွက် လိုလေသေး မရှိအောင် ဖြည့်ဆည်းပေးနိုင်သမျှ အားလုံးကို သူမ ပေးဆပ်ဖြည့်ဆည်းခဲ့လေသည်။ ထိုမျှအထိ အချစ်ကိုကောဘဝကိုပါ ပုံအပ်၍ချစ်ခဲ့သည်ကို ရဲဇော်အောင် နားလည်လိမ့်မည်ဟုလည်း ကြည်သာပြုံး ယုံကြည်ထားခဲ့သည်။

သို့ရာတွင် ယောကျ်ားတစ်ဦး၏ အတွင်းသဘောကို နားလည်သဘော ပေါက်ခြင်းမရှိဘဲ ရမ်းသန်းမှန်းဆ၍ ယုံကြည်ထားခဲ့သော ကြည်သာပြုံး၏ ထိုယုံကြည်မှုတို့ကား တက်တက်စင် လွဲမှားခဲ့ပါလေ၏။ ချစ်ကြင်စ အချိန်တုန်းက. . .

"နေ့စဉ် မတွေ့ရလျှင် မနေနိုင်"

ဟုဆိုကာ ကြည်သာပြုံးတို့၏ အကြော်တဲလေးသို့ လည်းကောင်း၊ ကြည်သာပြုံး အနီးကပ်သင်တန်းတက်ရာ အဝေးသင် တက္ကသိုလ်သို့လည်းကောင်း မကြာခဏ လာရောက်စောင့်ဆိုင်း တွေ့ဆုံလေ့ရှိသူ။ တွေ့ဆုံတိုင်းလည်း မရိုးနိုင်သည့် ချစ်တင်းစကားတွေကို မနားတမ်း ပြောလေ့ရှိသူ။ ရဲဇော်အောင်က (သူတို့ အကြိမ်ကြိမ်တွေ့ဆုံကြပြီးသည့်) နောက်ပိုင်းတွင် ပြောင်းပြန်အချိုးဖြစ်လာခဲ့သည်။ သူက တမင်လာရောက်စောင့်ဆိုင်း တွေ့ဆုံခြင်း မရှိသည့်အပြင် ကြည်သာပြုံးက တွေ့ဆုံဖို့ ဆက်သွယ်ခဲ့လျှင်ပင် အကြောင်းပြချက် အမျိုးမျိုးဖြင့် တိမ်းရှောင်၊ ပျက်ကွက်လာတော့သည်။

သည့်နောက်ပိုင်းမှာတော့ ရဲဇော်အောင် အခြားမိန်းကလေးများနှင့် တစ်ယောက်ပြီးတစ်ယောက် ထည်လဲဖြင့် တွဲနေသည်ဟု ကြားသိလာရသည်။ ကြည်သာပြုံးက ထိုသတင်းအတည်ပြု... အတွက် လည်းကောင်း၊ သူမမှ... မည်သည့်အပြစ်၊ မည်သည့် ချို့ယွင်း... အားနည်းချက်ကြောင့် ယခုလို ရှောင်... တိမ်းနေရခြင်းဖြစ်ကြောင်း မေးမြန်း... အတွက် လည်းကောင်း ရဲဇော်အောင်... တွေ့ဆုံနိုင်ရေး မဖြစ်မနေ ကြိုးစားရ... သည်။ ရဲဇော်အောင် သွားလေ့ရှိသော... ဘီလီယက်ခုံ၊ ထိုင်လေ့ရှိသော လက်... ရည်ဆိုင်နှင့် ကာရာအိုကေဆိုင်တို့... သွားရောက်ကာ အကြိမ်ကြိမ် ရှာ...



www.burmeseclassic.com

www.burmeseclassic.com

ဆောင့်ဆိုင်းခဲ့သော်လည်း မတွေ့ရှိခဲ့ရ။ သည်တော့လည်း တမင် အတွေ့မခံဘဲ တိမ်းရှောင်နေပြီဆိုတာ သူမ သဘောပေါက်လိုက်ပြီမို့ နောက်ဆုံးစွန့်စားခန်းအဖြစ် ၎င်း၏နေအိမ်သို့ လိုက်သွားခဲ့လေတော့သည်။

ရဲဇော်အောင်၏မိခင် ဒေါ်ကြီးညွန့်က အိမ်ပေါက်ဝတွင် ခါးထောက်ရပ်လျက် ...

"ကိုရဲမရှိဘူးဟေ့ ... ညည်းက ဘာကိစ္စ ငါ့သားဆီ လာရတာလဲ။ ကြားဖူးပေါင်တော်။ ငါ့သားမှာ မိန်းကလေးမိတ်ဆွေတွေ အများကြီးဟာ တစ်ယောက်မှ အိမ်အထိ လိုက်မလာဖူးဘူး။ ညည်းကျမှပဲ ပိုင်စိုးပိုင်နင်း အိမ်လိုက်လာရတယ်လို့။ အတော် အရှက်နည်းတဲ့မိန်းကလေးပဲ"

ဟူ၍ ရင့်သီးစွာသော ပဋိသန္ဓာရစကားဖြင့် ကြိုလေ၏။ သည်တော့ ကြည်သာပြုံးလည်း အရဲစွန့်ပြီး ...

"ကျ... ကျွန်မ... အန်တီ့သား ကိုရဲဇော်အောင်ကို မတွေ့မဖြစ်တဲ့ ကိစ္စလေးရှိလို့ လာခဲ့တာပါရှင်"

"ဩော် ... ညည်းက အလာကြီးပါလား။ ဟေ့ ... ဒီမှာ ငါ ရှင်းရှင်း ပြောလိုက်မယ်။ ငါ့သားကို တွေ့ဖို့မလိုဘူး။ ညည်းတို့ လမ်းဘေးမှရှုပ်ခဲ့တဲ့ကိစ္စရှိရင် လမ်းဘေးမှာပဲ သွားရှင်းကြ။ ငါ့အိမ်မှာ ဘယ်ကောင်မကိုမှ လက်မခံဘူး။ ကြီးညွန့်တဲ့ တစ်ညွန့်ထဲရှိတယ်ဟေ့"

ဒေါ်ကြီးညွန့်၏ ခုနစ်သံချီ ဟစ်သံကြောင့် ရပ်ကွက်နေ လူအများ လမ်းသွားလမ်းလာများ ဝိုင်းကြည့်ကြသည်။ အံ့သြသည့်မျက်လုံးများဖြင့် လေ့လာစူးစမ်းကြသည်။ ကြည်သာပြုံးမှာ အရှက်ကြီးရှက်လှသောကြောင့် စီးကျလာသည့် မျက်ရည်တို့ကို လက်ဖြင့်သုတ်ရင်း ခေါင်းငုံ့ကာ အပြေးလေး ပြန်လည်ထွက်ခွာလာခဲ့ရသည်။

ကြည်သာပြုံးက ထိုဖြစ်ရပ်နှင့် ပတ်သက်၍ မိန်းမသားချင်း ကိုယ်ချင်းစာနာစိတ်ကင်းမဲ့စွာ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြောဆိုခဲ့သော ဒေါ်ကြီးညွန့်ကို စက်ဆုပ်ရွံရှာမိသလို ချစ်သူအပေါ် သစ္စာမဲ့စွာ ပုန်းလျှိုးတိမ်းရှောင်နေသည့် ရဲဇော်အောင်ကိုလည်း နာကျည်းမိသည်။ သို့ဖြစ်၍ ထိုချစ်သူ၊ ထိုအသိုင်းအဝိုင်းနှင့် အပြီးအပြတ် လမ်းခွဲရန်နှင့် ဖြစ်ခဲ့ပြီးသမျှအတွက် "ဘယ်သူမပြု မိမိမှု" ဟူ၍ ခံယူကာ နောက်ထပ် တစ်စုံတစ်ရာ ထပ်မံ ပြောဆိုခြင်းမပြုတော့ရန် ဆုံးဖြတ်ခဲ့သည်။

သို့သော်လည်း ရပ်ကွက်ထုံးစံအတိုင်း ထိုဖြစ်စဉ်ကို ပြောဆိုကြ ဝေဖန်ကြနှင့် ချက်ချင်းပင် တောမီးပမာ သတင်းပျံ့နှံ့သွားခဲ့သည်။ ဤသည်ကိုပင် ကြည်သာပြုံး ဖြန့်သောသတင်းဟုယူဆကာ ဒေါ်ကြီးညွန့်က ...

"အရှက်မရှိတဲ့ အကြော်သည် ဒေါ်ခင်မြသမီးက ယောကျ်ားလေးတွေ တရုန်းရုန်းနဲ့ တွဲချင်သလိုတွဲ၊ နေချင်သလိုနေပြီး အခုတော့ ကျုပ်သားကိုမှ လာပြီး လက်ညှိုးထိုးတယ်တော့။ ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ..."

ဟူ၍ အော်ကြီးဟစ်ကျယ် ကြေညာနေတော့သည်။

ထိုထက်ပို၍ဆိုးသည်က ရဲဇော်



www.burmeseclassic.com

www.burmeseclassic.com

အောင် ကိုယ်တိုင်မှလည်း ···

"သူနှင့် ကြည်သာပြုံးတို့ လွန်လွန်ကျူးကျူးဖြစ်ခဲ့ကြောင်း။ သူလိုပင် အလားတူ အခြားယောက်ျားများနှင့် ကြည်သာပြုံး ငြိစွန်းခဲ့တာ သူသိကြောင်း။ ယခုမှ သူ့ကိုလာကပ်နေသဖြင့် သူ ရှောင်တိမ်းနေရကြောင်း"

စသည်ဖြင့် တန်ပြန် သတင်း ဖြန့်ချိခြင်းပင်ဖြစ်သည်။

ကြည်သာပြုံးကို အနေအထိုင် မတတ်သော ဆတ်ဆော့ ပေါ့ရမ်းသည့် မိန်းကလေးတစ်ဦးအဖြစ် ပတ်ဝန်းကျင်က သတ်မှတ်စေလိုသောကြောင့်လည်းကောင်း။ ပြဿနာတစ်စုံတစ်ရာ ဖြစ်လာသည့်တိုင်အောင် သူ့အပေါ် အပြစ်ပုံချမှု မရှိစေရေးအတွက်လည်းကောင်း ကြိုတင်ကာကွယ်သည့်အနေဖြင့် ထိုသို့ ဝါဒဖြန့်ခြင်း ဖြစ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေကာမူ ချစ်သူနှစ်ဦး သစ္စာရှိစွာ စောင့်စည်းထိန်းသိမ်းရမည့် အတွင်းစကားများကို ကာယကံရှင် ရဲဇော်အောင် ကိုယ်တိုင်က ဖွင့်ချလိုက်ပြီဆိုမှတော့ ကြည်သာပြုံးဘက်က မည်သို့မည်ပုံ ငြင်းကွယ်နိုင်ပါတော့မည်နည်း။ သူမအဖို့ ရွေးချယ်စရာလမ်း မရှိတော့ပြီ။ သည်တော့လည်း မလွှဲမရှောင်သာ ဝန်ခံရပေတော့မည်။ ထိုဝန်ခံချက်တို့သည်။ တရားရုံးရှေ့မှောက်၌ ဦးတိုက်တိုင်လျှောက်ချက်များအဖြစ် ထွက်ပေါ်လာရခြင်းသည်သာ ကြည်သာပြုံးအဖို့ တစ်ခုတည်းသော ရွေးချယ်စရာလမ်း ဖြစ်ခဲ့လေ၏။

ဤသို့ဖြင့် တရားလို မကြည်သာပြုံးနှင့် စွပ်စွဲခံရသူ မောင်ရဲဇော်အောင်တို့ မြို့နယ်တရားရုံး၏ တရားခွင်၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အမှုအား ရင်ဆိုင်နေရခြင်းဖြစ်သည်။

×××

"ဒေါ်ခင်မြ နေကောင်းတယ်နော်"

"သြော် ··· အုပ်ချုပ်ရေးမှူးကြီးပါလား။ ညော့်သည်တွေလည်းပါသကိုး။ အိမ်ထဲကိုကြွကြပါရှင့်"

နှုတ်ဆက်စကားပြောရင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးကိုနှင့် ညော့်သည်အချို့ အိမ်ထဲသို့ဝင်ကာ ကွပ်ပျ[...] ပေါ်၌ ထိုင်ကြကာ ဒေါ်ခင်မြက ရေနွေ[...] ကြမ်းကရားနှင့် ပန်းကန်လုံးအချို့ လင်ပ[...] ဖြင့်ယူဆောင်လာကာ ···

"ရေနွေးကြမ်း သုံးဆောင်ကြပါ[...] ရှင့်"

ရပ်ကွက်အုပ်ချုပ်ရေးမှူးက···

"ရပါတယ် ဒေါ်ခင်မြရယ်··· နေပါစေ။ ဘာမှ ဒုက္ခရှာမနေပါနဲ့။ ဒီလို[...] ဗျာ။ လာရင်းကိစ္စကတော့ ပေ[...] ဒေါ်ကြီးညွန့်ကိုတော့ ဒေါ်ခင်မြသိမှာ[...] "ဇော်"အပေါင်းဆိုင်ကလေ။ အခု အ[...] ရင်ဆိုင်နေရတဲ့ မောင်ရဲဇော်အောင်ရဲ့မိခ[...] ပေါ့။ အဲဒါ ဒေါ်ကြီးညွန့်က သမီးလေ[...] ကြည်သာပြုံးနဲ့တွေ့ချင်လို့တဲ့။ ကျွန်တေ[...] တို့က လိုက်ပို့ပေးတာပါ"

ရွှေထည် လက်ဝတ်ရတန[...] များ ပြိုးပြိုးပြက်ပြက် ဝတ်ဆင်ထားသည[...] ဒေါ်ကြီးညွန့်က ···

"ဟုတ်ပါတယ်ရှင့်။ ကျွန်မသ[...] ကိုရဲနဲ့ ဒီကသမီးလေးတို့ လူငယ်သ[...]



www.burmeseclassic.com

www.burmeseclassic.com

ချစ်ကြိုက်ခဲ့ကြတာ ကျွန်မ တကယ်ကို သိခဲ့ပါဘူး။ သားကလည်း အေးတယ် ဟုတ်လား။ မိဘတွေကို ဖွင့်မပြောဘူး။ ကျွန်မတို့ စောစောကတည်းကသိရင် ဘယ် ဒီလိုအဖြစ်ခံမလဲ။ အခုလည်း ကျွန်မသားနဲ့ ဒီက သမီးလေးတို့ရဲ့ ဘဝ ရေးအတွက် တိုင်ပင်ဖို့လာခဲ့တာပါ။ ပြော ··· ဒါနဲ့ သမီးလေးကော"

"သမီးက သိပ်နေမကောင်းဘူး ထင်ပါရဲ့။ ညတုန်းက အိပ်မပျော်လို့ လင်းခါနီးမှ ဆေးထသောက်ပြီး အိပ်သွား တာ"

ဟု ပြောရင်း အိပ်ခန်းဘက်သို့ လှည့်ကာ ···

"သမီးလေးရေ ··· နိုးပြီလား။ ဧည့်သည်တွေက တွေ့ချင်လို့တဲ့။ ထပါဦး ကွယ်"

"ဟုတ်ကဲ့ နိုးပါပြီ အမေ"

ခဏအကြာတွင် ကြည်သာပြုံး အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့သည်။ ဒေါ်ကြီး ညွှန့် ကြည်သာပြုံးကို ပြုံးပြလိုက်ရင်း··

"အန်တီ့သား ကိုရဲနဲ့ သမီးတို့ ဖြစ်ခဲ့တာ အန်တီ တကယ်မသိလို့ပါ ကွယ်။ အဲဒါကြောင့် အခုလို မဖြစ်သင့် တာတွေ ဖြစ်ရတာပေါ့။ အခုတော့ အန်တီ တို့အားလုံး သိပြီးပြီ။ သမီးနဲ့ကိုရဲတို့ကို အမြန်ဆုံး မင်္ဂလာဆောင်ပေးဖို့ စီစဉ်မယ်။ သမီး ဘယ်လိုဆောင်ချင်သလဲပြော။ အန်တီတို့ လုပ်ပေးမှာပေါ့။ အခုလည်း ကိုရဲက သမီးနဲ့ ခွဲမနေနိုင်ဘူး။ အမြန်ဆုံး လက်ထပ်ပေးဖို့ သွားပြောပေးပါဆိုလို့ လာခဲ့တာပဲ"

"ဟုတ်ပါတယ် အန်တီရယ်။ အမှန်တော့ သမီးလည်း ကိုရဲကို မခွဲနိုင် ပါဘူး။ အခုလို အမှုဖွင့်ခဲ့မိတာလည်း သမီးမှားပါတယ်"

"ပြီးခဲ့တာတွေ ပြီးပါစေတော့ ကွယ်။ အန်တီတို့က ဘယ်လိုမှ သဘော မထားပါဘူး။ သမီးကသာ ခေါင်းညိတ်ရင် အန်တီတို့က မင်္ဂလာဆောင်ကိစ္စအမြန်ဆုံး စီစဉ်မှာပါ"

"သမီးကတော့ သဘောတူပါ တယ်။ ဒါပေမဲ့ ကိုရဲ အမှုကိစ္စ ပြီးပြတ် သွားအောင်"

"ကျေအေးရုပ်သိမ်းလွှာကို အန်တီတို့ စီစဉ်ပြီးမယ်။ သမီးကသာ လက်မှတ်ထိုးပေးဖို့ လိုမှာပေါ့"

"စိတ်ချပါ အန်တီ။ သမီး ထိုးပေးပါ့မယ်"

×××

ဆည်းဆာ မင်္ဂလာဧည့်ခံပွဲလေး က ပရိသတ် ကျိုးတိုးကျဲတဲဖြင့် ခပ်စော စောပင် ရုပ်သိမ်းခဲ့သည်။ ဧည့်ခံပွဲလာ အနည်းအပါးသော ပရိသတ်တို့၏ မျက်နှာ တွေကလည်း တစ်စုံတစ်ရာကို စောကြော နေသည်ဟု ကြည်သာပြုံးထင်သည်။

"ဟုတ်မှာပေါ့လေ။ ငါက သတို့သားကို အမှုဖွင့် အကြပ်ကိုင်ပြီး လက်ထပ်ပါမယ်ဆိုတဲ့ကတိရမှ အမှု ရုပ်သိမ်းပေးပြီး ဇွတ်အတင်း မင်္ဂလာ ဆောင်ယူသလို ဖြစ်နေတာကိုး။ ငါလို သတို့သမီးအပေါ် ဧည့်သည်တွေက အမျိုးမျိုး ထင်ကြေးပေးကြပေမပေါ့။ အင်းပေါ့လေ···ထင်ကြပါစေ။ ဘယ်သူ တွေ ဘယ်လိုထင်ထင် တစ်ဘဝလုံး လက်တွဲရမယ့် ရဲဇော်အောင်က ငါ့အပေါ်

www.burmeseclassic.com

နားလည်နေရင် ပြီးတာပဲ"

ဟုတွေးရင်း သက်ပြင်းချမိသည်။

"ဒါပေမဲ့ ကိုရဲကြည့်ရတာလည်း ချစ်စ၊ ခင်စ သမီးရည်းစားဘဝတုန်းကလို လိုက်လိုက်လဲ့လဲ့ မရှိသလိုဘဲ။ အို ... ဒါကလည်း အချုပ်ကလွတ်ခါစမို့ ရှက်ရွံ့နေတာလည်း ဖြစ်နိုင်ပါတယ်လေ"

အတွေးရေယဉ်ကြောတွင် နစ်မျောနေစဉ်မှာပင် သူတို့ စီးလာသောကားက အိမ်တစ်အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။ ရဲဇော်အောင်က ...

"ကိုင်း ... ဆင်းတော့၊ ကိုယ်တို့နေရမယ့်အိမ်ရောက်ပြီ"

ဟု ပြောသည်။

ဒေါ်ကြီးညွန့်က သားနှင့်ချွေးမ မင်္ဂလာဆောင်ပြီးလျှင် လွတ်လပ်စွာနေဖို့ ဟုဆိုကာ မြို့အစွန် ကွက်သစ်တွင် ဆောက်လုပ်ထားသည့် အိမ်လေးတစ်လုံးကို လွတ်လပ်စွာနေဖို့ပေးထားသည်မို့ မင်္ဂလာဧည့်ခံပွဲအပြီး ညစာစားသောက်ပြီး ထိုအိမ်သို့ လိုက်ပါပို့ဆောင်ပေးခြင်းဖြစ်သည်။

အိမ်မှာ ခြေတံရှည်၊ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ယရံကာဖြစ်သည်။ လှေကားအတက်တွင် ဝရန်တာရှိပြီး ထိုမှဝင်လျှင် ဧည့်ခန်း။ ဧည့်ခန်း၏ ယာဘက်တွင် အိပ်ခန်းနှင့် ဝဲဘက်တွင် မီးဖိုချောင် အသီးသီး ဖွဲ့စည်းထားသည်။

အိမ်ပေါ်သို့ တက်ခဲ့ကြပြီးနောက် ကြည်သာပြုံးက စိတ်ရောလူပါ ပင်ပန်းနွမ်းလျနေပြီမို့ အဝတ်အစားများ လဲလှယ်ပြီး ခေတ္တလဲလျောင်း အနားယူလိုသောကြောင့် အိပ်ခန်းသို့ ဝင်လာခဲ့သည်။

မင်္ဂလာဦးအိပ်ခန်းကို ကြိုတင်ပြင်ဆင်ပေးထားသည်။ သို့သော် ခပ်နွမ်းနွမ်း ခြင်ထောင်၊ အရောင်ပြယ်လွင့်နေသည့် အိပ်ရာခင်း၊ ခေါင်းအုံးတို့ဖြင့် ဖြစ်သလို ခင်းထားသည့် သာမန်အိပ်ခန်းတစ်ခုမျှသာပါပဲ။

"အေးပေါ့လေ ... အသစ်မဟုတ်တဲ့ တစ်ပတ်နွမ်း သတို့သမီးအတွက် အိပ်ရာအဟောင်းနဲ့ပဲ ထိုက်တ[...]

မှာပေါ့"

ဟုတွေးရင်း အိပ်ရာပေါ် [...]

အိပ်လိုက်သည်။ ရဲဇော်အောင်နှင့် သူ[...]

ချင်း ၃၊ ၄ ဦးခန့် ဧည့်ခန်း၌ထိုင်[...]

ယမကာဝိုင်းဖွဲ့ စကားပြောနေကြသည်[...]

ယခင် နေ့ရက်များက အိပ်ရေးပျက်ခြ[...]

ပင်ပန်းနွမ်းနယ်ခြင်းတို့ကြောင့် ကြည်[...]

ပြုံး အိပ်ပျော်သွားခဲ့သည်။

ဧည့်ခန်းမှ ဝါးခနဲ ရယ်သံမျာ[...]

ကြောင့် သူမ နိုးလာခဲ့သည်။ ယမ[...]

အရှိန်ဖြင့် စကားပြောသံများ၊ ဖန်ခွက်[...]

များ၊ ငွန်းသံများ ဆူညံစွာ ပျံ့လွင့်ထွက်[...]

နေသည်။ ည ၉ နာရီထိုးပြီးဖြစ်ကြော[...]

သူမ၏ လက်ပတ်နာရီလေးက ညွှန်ပြ[...]

သည်။

"ဟော့ ... ကိုရဲ မင့်ဇနီး[...]

လေး မင်္ဂလာခုတင်ကြီးပေါ်မှာ မ[...]

မျှော်နေရောပေါ့။ ဝင်တော့ကွာ တို့[...]

ပြန်ကြမယ်"

"ဟုတ်တယ်ဟေ့။ [...]

အားလုံး ခွက်တွေကိုင်ကွာ။ နေ[...]



www.burmeseclassic.com

www.burmeseclassic.com

ချက် ကန်ပေ့"

သူငယ်ချင်းတွေအပြန်အလှန် ပြောနေကြစဉ် ရဲဇော်အောင်က ...

"ဟေ့ ... နေကြပါဦးကွ"

"မင်းရဲ့ မင်္ဂလာဦးညမှာ ငါတို့က နှောင့်ယှက်သလိုဖြစ်နေလိမ့်မယ်။ ပြန်မယ်ကွာ။ မင်းလည်း အချိန်ရှိခိုက် လှဲလိုက်ပေါ့"

"မဟုတ်သေးပါဘူးကွာ။ ဒီညက ငါ့ရဲ့ မင်္ဂလာဦးည မဟုတ်ဘူးကွ"

ရဲဇော်အောင်က ပြောလိုက်သည်။

"ဘာသဘောနဲ့ ဒီလိုပြောနေတာပါလိမ့်"

ဟု ကြည်သာပြုံး တွေးမိသည်။

"ဟေ့ကောင် ... ငရဲ မင်း ဒီညနေမှာ မင်္ဂလာဆောင်တာလေ။ ဒါ မင်္ဂလာဦးညပေါ့ကွ။ ဘာ လာကြောင် နေတာလဲ"

နောက်တစ်ယောက်က ဝင် ပြောသည်။

"ဒါဆိုရင် မင်းရဲ့ မင်္ဂလာဦးည ဘယ်တုန်းက ပြီးသွားတာလဲ"

"လွန်ခဲ့တဲ့ ၆ လကျော် လောက်ကတည်းက ပြီးခဲ့တာ"

"ဟာ...အဲဒါ တို့လည်း မသိလိုက်ရပါလား"

ရဲဇော်အောင်က ...

"တိုးတိုးတိတ်တိတ်ပေါ့ကွာ။ ဒါမျိုးက လော်စပီကာနဲ့ ကြေညာရတာမျိုးမှ မဟုတ်တာ"

ဟု ပြောလိုက်သည့်တွင် အားလုံး ဝါးကနဲ ပွဲကျသွားပြန်သည်။

ရဲဇော်အောင်က ဆက်ပြောသည်။

"အဲဒါလည်း မင်္ဂလာဦးလို့ မဆိုနိုင်ဘူးကွ"

"ရှင်းပြပါဦး ကိုရဲရဲ။ ကျွန်တော်တို့ နားမလည်လို့ပါ"

ခပ်ငယ်ငယ်သူငယ်ချင်းက ပြောသည်ကို သူတို့အထဲမှာ အကြီးဆုံး ဖြစ်ဟန်ရှိသော သူငယ်ချင်းက ဝင် ထောက်ခံသည်။

"ဟုတ်တယ် ငရဲရေ။ အဲဒီ အပိုင်းကျတော့ ဒီချာတိတ်တွေမပြောနဲ့ ငါတို့ ကြီးတဲ့ကောင်တွေတောင်မှ မင်း လောက် နားမလည်ဘူး ရှင်းပြကွာ"

"ဒီလိုရှိတယ်ကွ"

ရဲဇော်အောင်က လေးသံနှိမ့်၍ ခပ်တိုးတိုးပြောသည်။ ဧည့်ခန်းနှင့် အိပ်ခန်း မှာ ထရံတစ်ချပ်သာ ခြားထားသည်မို့ အသံတိုးသော်လည်း ကြားနေရသည်။ ညဉ့် လူခြေတိတ်ချိန်လည်းဖြစ်၍ သဲကွဲစွာ ကြားရခြင်းပါ။

"မိဘမောင်ဘွားတွေရဲ့ ခွင့်ပြုချက်နဲ့ ပတ်ဝန်းကျင် လူအသိုင်းအဝိုင်းရဲ့ အသိအမှတ်ပြုမှုတွေအောက်မှာ မိန်းကလေးနဲ့ ယောကျာ်းလေး ၁ဝ လက်တွဲဖော် ဇနီးမောင်နှံအဖြစ် ခံယူတာကိုမှ "မင်္ဂလာဆောင်တယ်"လို့ ခေါ်တာ"

"အံမာ ... ငရဲ။ မင်းဟာက တယ်ဆိုတဲ့စာပါလား"

"ငါလည်း စာအုပ်ထဲ ဖတ်ဖူးတာလေး အလွတ်ကျက်ထားတာ"

"အင်း ... ဆက်ရှင်းပါဦး"

"အဲဒီလို မင်္ဂလာဆောင်မှ

www.burmeseclassic.com

"မင်္ဂလာဦးကာလ" ဆိုပြီး အလေးအနက် တန်ဖိုးထားရမယ့်အရေးတွေ ဖြစ်လာမှာ ပေါ့။ အခုတော့ ဒီကောင်မနဲ့ငါက တိတ်တိတ်ပုန်းညားပြီးသားကြီးပဲ။ ဘယ်သူမှ မသိအောင် ခိုးကြောင်ခိုးဝှက် လုပ်ခဲ့ရတဲ့ ကိစ္စကို "မင်္ဂလာဦး" လို့ ခေါ်နိုင်ပါ့မလား"

"ဟာ ··· ကိုရဲကလည်း ကတ်သီးကတ်သတ် ပြောနေပြန်ပြီ။ အဲဒါ မင်္ဂလာဦးမဟုတ်ရင် ဘယ်လိုခေါ်ရမှာလဲ"

"မင်္ဂလာဦးရဲ့ ဆန့်ကျင်ဘက် "အမင်္ဂလာဦး" လို့ ခေါ်ရလိမ့်မယ်ထင် တယ်။ ဘယ်လိုအရာပဲဖြစ်ဖြစ် ခက်ခက် ခဲခဲ ကြိုးစားလို့ ရလာတဲ့ ဆုလာဘ်ကိုပဲ မက်မောတာ။ ငါတို့ယောက်ျားတွေရဲ့ သဘာဝပဲကွ။ လွယ်လွယ်နဲ့ရတဲ့အရာကို စိတ်ထဲမှာ တန်ဖိုးထားကြည့်လို့၊ မြတ်နိုး ကြည့်လို့ ဘယ်လိုမှ မရဘူး။ ဒါကို ဒီကောင်မက မသိဘူး။ သူ့ကို ငါ မင်္ဂလာ ဆောင်တာ ချစ်လို့ လို့ ထင်နေတုန်းပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ချစ်လို့၊ ကြိုက်လို့ ဒီအဆင့်ရောက်ခဲ့ကြပြီပဲ မဟုတ်လား"

"မဟုတ်ဘူးကွ။ ဒီကောင်မက ငါ့ကို ဖွင့်ထားတဲ့အမှုပြီးသွားဖို့။ ငါ ထောင်မကျဖို့၊ ငါ့အမေက ဥပဒေ နားလည်သူတွေနဲ့ တိုင်ပင်ပြီး မင်္ဂလာ အတုကြီးဆောင်လိုက်တာ။ ငါ့ကို မပေါင်း ရလို့ ငါ အချုပ်ထဲရောက်အောင် ပို့ထား တဲ့ကောင်မ။ အခု ငါယူပြီးပြီလေ။ ဒါဆို တာဝန်ကျေသွားပြီပေါ့။ နောက်ပိုင်း ဖြည်း ဖြည်းချင်း ခိုင်းစားရမယ်။ ငါ့အိမ်မှာ မနေနိုင်လို့ ဆင်းပြေးသွားတော့လည်း မတတ်နိုင်ဘူးပေါ့"

"ဟာ ··· ငရဲရာ။ မင်းကို ချစ်လွန်းလို့မှ အမှုကို ရုပ်သိမ်းပေးပြီး လက်ထပ်ယူခဲ့တာပဲ။ အိမ်က ဘာဖြစ်လို့ ဆင်းပြေးရမှာလဲ"

"အင်း ··· ဟုတ်တော့ဟုတ် တယ်။ ဒီကောင်မကြည့်ရတာ တော်ရုံ တန်ရုံနဲ့ ဆင်းပြေးမယ့်ပုံ မပေါ်ဘူး။ ငါ တော်တော်ကို ရမ်းရလိမ့်မယ်ထင်တယ်"

"ကိုရဲက ဘာကိုရမ်းမှာလဲ"

"ရမ်းသင့်တာ၊ ရမ်းလို့ရတာ အကုန်ရမ်းမှာပဲ။ တုတ်တို့ ဘာတို့ပေါ့"

ဝါးကာနဲ့ ရယ်လိုက်ကြသည်။

ရင့်သီးကြမ်းတမ်းသော စကား လုံးများကို ယမကာတန်ခိုးဖြင့် အထိန်း အကွပ်မဲ့ ပြောချင်သလို ပြောနေကြတာ ကို အတိုင်းသားကြားနေရသည်။ ချစ်ရ အပေါ် ချစ်လွန်း၍ လိုက်လျောခဲ့မိခြင်း ကိုပင်လျှင် နောင်တစ်ချိန်၌ အညှာလွယ် သော အပေါစား၊ အညံ့စားအဖြစ် သဘောထားတတ်ကြသည့် ယောကျ်ား တို့၏ အတွင်းစိတ်ကို ဘွင်းဘွင်းကြီး ကြားသိလိုက်ရသောကြောင့် နောင်း တရားဖြင့် တုန်လှုပ်မိသည်။ ပါးပြင်ပေါ် သို့ တလိမ့်လိမ့် စီးဆင်းနေသည့် မျက်ရည် များကို တဘက်ဖြင့် သုတ်ယူဖယ်ရှား အသံမထွက်အောင် ရှိုက်ငင် ငိုကြွေး ရသည်မှာ ရင်ဆို့မတတ် မောဟိုက်ရ သည်။

"ဒီလို ရက်စက်ယုတ်မာ ယောကျ်ားကို လက်ထပ်မိတာ ငါ့မှား ဒီအိမ်မက အမြန်ဆုံးထွက်ပြေးနိုင်အောင် ကြိုးစားရမယ်"

ဟု ကြည်သာပြုံး စဉ်း

www.burmeseclassic.com

နောက်ဖေးဘက် ပြတင်းတံခါးကို ကန့်လန့်ဖြုတ်ထားလိုက်သည်။ ထို့နောက် ခုတင်ပေါ်ပြန်၍ လဲလျောင်းရင်း အခြေအနေကို အကဲခတ်နေခဲ့သည်။

ထိုစဉ် ရဲဇော်အောင်၏ စကားသံ ထွက်ပေါ်လာသည်။

"အခု ဒီည ငါ့ရဲ့ မင်္ဂလာဆောင်ကို ကြွရောက်ချီးမြှင့် အားပေးကြတဲ့ ချစ်သူငယ်ချင်း ကိုချင်း၊ သန်းထွန်းဦးနဲ့ ဖိုးစောတို့အားလုံးကို ငါ ဒီည အထူး ဂုဏ်ပြုလက်ဆောင် ပေးမယ်။ ဒီလက်ဆောင်ကို ဖိုးစောက အငယ်ဆုံးမို့ အရင်ဆုံးယူရမယ်"

ဖိုးစောက ...

"ကိုင်း ... ပေးမှာဖြင့် ပေးလေဗျာ။ ကျွန်တော်ပြန်ရဦးမှာဗျ"

"မင်းကိုယ်တိုင်သွားယူလေ"

"ဘယ်သွားယူရမှာလဲ"

"ဟို ... အိပ်ခန်းထဲ ဝင်ယူရမှာကွ"

"ဘယ်လိုယူရမှာလဲ။ အဲဒီ အိပ်ခန်းထဲ မဝင်ချင်ပါဘူးဗျာ။ အထဲမှာ ကိုရဲရဲ့ အသစ်စက်စက် သတို့သမီးလေး အိပ်ရာထဲမှာ ကိုရဲကိုစောင့်နေတဲ့ဟာ"

"အေး ... အဲဒါကြောင့် မင်း ဝင်သွားလို့ ပြောတာပေါ့ကွ။ ငါ့ကိုယ်စားပေါ့။ ငါခွင့်ပြုတယ်။ ငါက သူ့ရဲ့တရားဝင် ပိုင်ဆိုင်ခွင့်ရှိတဲ့ လင်ယောကျ်ားမို့ ငါ ခွင့်ပြုရင် ရတယ်"

"ဟာ ... မလုပ်ပါနဲ့ ကိုရဲရာ။ ကျွန်တော့်ကို မိုးကြိုးပစ်မှာပေါ့ဗျ"

ကိုချင်းက ...

"ဒီကောင်နဲ့ အလုပ်ဖြစ်မှာ မဟုတ်ပါဘူးကွာ"

ဟု ပြောတော့ ရဲဇော်အောင်က...

"ဟုတ်တယ် ကိုချင်းရေ။ ဒီကောင်လေးတွေ အငယ်ဆိုပြီး ဦးစားပေးလို့ကို မရဘူး။ ဒီလိုကိစ္စမျိုးမှာ အတွေ့အကြုံက စကားပြောတယ်ဗျ။ အဲဒီတော့ ကိုချင်းပဲ ဝင်သွားလိုက်တော့။ ကိုချင်းကို ဦးဦးဖျားဖျား ဂါရဝပြုတာပေါ့"

"ဟေ့ကောင် ... ငရဲ တကယ်ပြောတာလား။ မနောက်နဲ့နော်။ ငါက စိတ်ပါသွားမိရင် မရတော့ဘူးနော်"

"မနောက်ပါဘူးဗျာ။ သူငယ်ချင်းတွေကို ကျွန်တော့်မင်္ဂလာဆောင် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုလက်ဆောင်ပေးတာပါ။ နောင်ဆိုရင် ဒီကောင်မကို ဒီအလုပ်နဲ့ ငွေရှာခိုင်းရမှာ။ ကိုင်း ... ကိုချင်း ကြာတယ်ဗျာ။ အောက်လက်နာတယ် ဝင်သွားလိုက်တော့။ ကျွန်တော်အပြင်က တံခါးဂျက်ချထားလိုက်မယ်"

မကြားဝံ့မနာသာ စကားများကို မကြားလိုတော့၍ နားနှစ်ဖက် ပိတ်ထားရာမှ ရဲဇော်အောင်၏ စကားကြောင့် သတိဝင်လာပြီး အိပ်ခန်းတံခါးကို ပြေးပိတ်လိုက်သည်။ အပြင်မှ ရဲဇော်အောင်က တံခါးကို တဝုန်းဝုန်းထုရိုက်၍ ဖွင့်ခိုင်းသည်။ မရသည့်အဆုံး သံတူရွင်းဖြင့် တံခါးကို ကလန့်ပြီးဖွင့်သည်။ ထို့နောက် အခန်းထဲဝင်လာပြီး ကြည်သာပြုံးအား ပါးကိုရိုက်နက်ကာ ...

"ကောင်မ ... မှတ်ထား ဒီအိမ်မှာ ငါခိုင်းတာ အကုန်လုပ်ရမယ်။ ငါထိုင်ဆို ထိုင်၊ ငါ ထဆိုထ။ နင့်ကို ငါ

www.burmeseclassic.com

ပိုင်တယ်၊ နားလည်လား။ အခု လောလောဆယ်ဆယ် ငါ့သူငယ်ချင်းတွေကို ငါလို့ သဘောထားပြီး ဖျော်ဖြေပေးလိုက်။ နောက်ဆိုရင်လည်း ငါ့ညေ့သည်တွေလာရင် ဒီလိုပဲ ဖျော်ဖြေပေးရမယ်။ နင်ကျွမ်းကျင်ပြီးသားပါ"

ဟုပြောကာ ကိုချင်းဆိုသူအား အခန်းယဲထည့်၍ အပြင်မှ တံခါးပိတ်လိုက်သည်။ အရက် အလွန်အကျွံသောက်စားမူးယစ်နေသူ ကိုချင်းကလည်း အာလေးလျှာလေးသံဖြင့် ...

"ညီမလေးရယ်။ အသားနာမခံပါနဲ့တော့ကွယ်။ အစ်ကိုကြီးက ညီမလေးကို ဂိတ်တိုင်းကျ ကျေနပ်တဲ့အထိ ပြုစုပေးမှာပါ"

ဟုပြောကာ ကြည်သာပြုံးအနီးသို့ ကပ်လာသည်။ ကြည်သာပြုံးက ကန့်လန့်ကို ကြိုတင်ဖြုတ်ထားခဲ့ပြီးဖြစ်သော ပြတင်းပေါက်မှ လျှောဆင်း ခုန်ချလိုက်သည်။ အလိုက်သင့်ကျသွားသည့် အပြင် အောက်တွင် မြက်ဖုတ်ထူထူရှိနေ၍ နာကျင်မှုမရှိဘဲ ထိုနေရာမှ အမြန်ဆုံး ထွက်ပြေးနိုင်ခဲ့လေသည်။

ကြည်သာပြုံး ဆက်လက်ပြေးလာစဉ် ကျင်းလုည့်လာသော ရဲပတ္တရောင်အဖွဲ့နှင့်တွေ့သည်။

နက်မှောင်ရှည်လျားသော ဆံပင်ကို ဖရိုဖရဲ ထုံးနှောင်လျက် ဖိနပ်မပါဘဲ အပြေးအလွှားလာနေသော မိန်းကလေးတစ်ဦးကို တွေ့ရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များက မေးမြန်းစစ်ဆေးရာ ကြည်သာပြုံးမှာ မောဟိုက်တုန်ယင်စွာဖြင့် မိမိအား လုံခြုံမှုရှိသောနေရာသို့ အမြန်ဆုံး ပို့ဆောင်ပေးပါရန်ပြောခဲ့သည်။

ဤသို့ဖြင့် မင်္ဂလာဒုံရဲစခန်းသို့ ရောက်ရှိပြီး စခန်းမှူးနှင့်တွေ့ဆုံကာ ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့သည်။ စခန်းမှူးက ကြည်သာပြုံး၏ ပြောပြချက်များအား စိတ်ရှည်စွာ နားထောင်ပြီးနောက် ကြည်သာပြုံး၏မိခင် ဒေါ်ခင်မြနှင့် သူမနေထိုင်ရာ ရပ်ကွက်၏ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အား အကြောင်းကြားခေါ်ယူပေးခဲ့သည်။ ထို့နောက် ကြည်သာပြုံး၏ တိုင်ကြားချက်များအား ရဲအရေးပိုင်မှူးအဖြစ် ပထမသတင်းပေး တိုင်ချက်ဖွင့်ပေးခဲ့သည်။ အခင်းဖြစ်ပွားရာ အိမ်နေရာကို ကြည်သာပြုံး ကောင်းစွာ မမှတ်မိ၍ ညွှန်ပြနိုင်ခြင်းမရှိသဖြင့် နောက်တစ်နေ့တွင်မှ ဆက်လက်စုံစမ်း ဆောင်ရွက်ရန် စီမံထားရှိခဲ့သည်။

×××

ကြည်သာပြုံးသည် မိခင် ဒေါ်ခင်မြ၏ အကြော်ဆိုင်တဲလေးအတွင်း၌ ကူညီလုပ်ကိုင်ပေးနေသည်။ အကြော်ဆိုင်အတွင်း စားပွဲဝိုင်း ၃၊ ၄ ဝိုင်းတွင် ထိုင်၍ စားသောက်နေသူများ၊ အကြော် ဝယ်ရန် လာရောက်သူများဖြင့် စည်ကား နေချိန်ဖြစ်သည်။

ထိုစဉ် ရဲဇော်အောင်နှင့်အဖွဲ့ ဂျစ်ကားတစ်စီးဖြင့် အကြော်ဆိုင် လမ်းဘေးတွင် ထိုးဆိုက် ရောက်ရှိလာသည်။ ရဲဇော်အောင်က အကြော်ဆိုင် လေးအတွင်း ခပ်သုတ်သုတ်ဝင်လာ ကြည်သာပြုံး၏ လက်ကို ဆွဲကိုင် ရင်း ...

"ပြုံးရယ် ... အ

www.burmeseclassic.com

ပြောမဆို အိမ်က ဆင်းသွားရတာလဲ။ ...ိုင်း ... လာ၊ ကိုယ်နဲ့ပြန်လိုက်ခဲ့။ ...ကတဲမှပဲ မင်္ဂလာဦးညကြီးမှာတောင် ...င်မယားချင်း စိတ်ဆိုးပြီး ဆင်းသွားရတယ်လို့"

ကြည်သာပြုံးက ရဲဇော်အောင်...က်ကို ပုတ်ချလိုက်ပြီး ...

"ဘာ ... မင်္ဂလာဦးလဲ၊ ဘာ ...လင်မယားလဲ။ မင်္ဂလာအတု...ဆောင်ပြီး မိန်းကလေးတစ်ယောက်ကို ...န်းမပျက်ဘဝရောက်အောင် အဓမ္မ...ပြုစည်ခဲ့တဲ့ ရှင်လိုလူယုတ်မာနဲ့ ကျွန်မ ...မလိုက်နိုင်ဘူး"

အကြော်ဆိုင်အတွင်း စား...သောက်နေသူများရော၊ လမ်းသွား လမ်း...လာများပါ ဝိုင်းကြည့်နေကြလေပြီ။ အခြေအနေ ဆိုးရွားလာနိုင်သဖြင့် အမြန်...သိမ်းပြီး ထိုနေရာမှ အမြန်ဆုံး ပြန်လည်...ထွက်ခွာသင့်သည်ဟု ရဲဇော်အောင်...စိတ်စားမိပုံရသည်။ သို့ဖြစ်၍ ...

"ဟာ ... ပြုံးကလည်းကွာ။ ...ာတွေပြောနေမှန်း မသိဘူး။ လင်မယားချင်း စိတ်ဆိုးတာနဲ့ အဲဒီလို မဟုတ်တာရတ်တွေ လျှောက်မပြောရဘူးလေ။ လာပါ ပြုံးရယ်၊ ပြန်ကြရအောင်ပါ။ သေးလူတွေ တစ်မျိုးထင်နေပါ့မယ်"

ရဲဇော်အောင်က နှုတ်မှ ချိုသာစွာ ပြောနေသော်လည်း ၎င်းလက်ကတော့ ကြည်သာပြုံး၏လက်ကို ပြုတ်တူနှင့်ညှပ်ထားသလို တင်းကျပ်စွာ ဆုပ်



ကိုင်ကာ အတင်းဆောင့်ဆွဲ ခေါ်ငင်နေသည်။ ကြည်သာပြုံးကလည်း ရုန်းကန်နေသည်။

ဘေးမှကြည့်နေသူများအနက် အမျိုးသားတစ်ဦးက ...

"ဟေ့လူ ... လင်မယားချင်း ခေါ်တာဆိုရင်လည်း အသာတကြည် ဖျောင်းဖျပြီးခေါ်လေဗျာ။ အဓမ္မအနိုင်ကျင့်သလိုမျိုးတော့ မလုပ်နဲ့"

ဟု ဝင်ပြောရာ ရဲဇော်အောင်က ...

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ။ ဒါကျုပ်နဲ့ လက်ထပ်ထားတဲ့ တရားဝင်ဇနီးဗျ။ သူများ လင်မယားကြားမှာ ဝင်မပါချင်ပါနဲ့။ အေးအေးဆေးဆေးနေကိုယ့်လူ"

ဟု ခပ်မာမာပြောရင်း လမ်းဘေး၌ ရပ်ထားသော ဂျစ်ကားကို လှမ်းကြည့်လိုက်ရာ ကားပေါ်၌ထိုင်နေသော ရဲဇော်အောင်၏ အပေါင်းအပါ လူငယ် ၃ ဦး လက်ထဲတွင် ချိန်းကြိုး၊ နံချပ်ကူး၊ ဓားမြှောင်တို့ကို အသီးသီး ကိုင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

လျှက် ဆင်းလာကြသည်။

ရဲဇော်အောင်က ကြည်သာပြုံး ဘက်သို့ ပြန်လှည့်ကာ …

"တွေ့လား … ပြုံးကြောင့် အရပ်သားတွေက ကိုယ်တို့ကို ပြုံးသနာ ရှာနေတာ။ ဘယ်ရမလဲကွာ။ ရဲဇော်အောင်က ဘယ်သူ "သေးသေးတင်" တာကိုမှခံတဲ့ကောင် မဟုတ်ဘူးဆိုတာ သိတယ်မဟုတ်လား။ ကိုင်း … လာ၊ ကားပေါ် မြန်မြန်တက်"

ဟု ပြောပြီး လက်ကိုဆောင့်ဆွဲ ခေါ်ရာ အားချင်းမမျှသဖြင့် ကြည်သာပြုံး တရွတ်ဆွဲ ပါသွားတော့သည်။

ထိုစဉ် ရဲမော်တော်ယာဉ်တစ်စီး ထိုးဆိုက်လာပြီး ရဲတပ်ဖွဲ့ဝင်များ ဆင်းလာကာ ရဲဇော်အောင်နှင့်အဖွဲ့အား ဖမ်းဆီးလိုက်လေသည်။ ရဲဇော်အောင်က ရဲအရာရှိအား …

"ကျွန်တော့မှာ ဘာအပြစ်ရှိလို့ ဖမ်းတာလဲ။ ကျွန်တော့်ဇနီး အိမ်က စိတ်ဆိုးပြီး ဆင်းသွားလို့ ကျွန်တော် ပြန်လိုက်ခေါ်တာပါ။ ဒါ ကျွန်တော့်ယောက္ခမ အကြောင်းဆိုင်ပါ။ မယုံရင် မေးကြည့်ပါ။ ပြုံးရေ … ရဲတွေကို ပြောပေးပါဦး"

"မင်းကို ရဲအရေးပိုင်တဲ့ပြစ်မှု ကျူးလွန်ကြောင်း ငါတို့ရဲတပ်ဖွဲ့မှာ သတင်းပေးတိုင်ကြားထားလို့ ဖမ်းတာပါ။ ရဲစခန်းရောက်မှ အသေးစိတ်ရှင်းပြမယ်"

"ဟာ … ကျွန်တော် ရဲစခန်း မလိုက်ချင်ဘူး။ ပြုံးရေ … ကိုယ် တောင်းပန်ပါတယ်ကွာ။ ရဲတွေကို သေသေချာချာ ရှင်းပြပေးပါနော်"

လက်ထိတ်တန်းလန်းဖြင့် ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးခေါ်ဆောင်ရာနောက်သို့ ခုတ်ကန်ခုတ်ကန် လိုက်ပါသွားရင်း သမင်လည်ပြန် နောက်သို့ ပြန်လှည့်ကြည့်နေသော ရဲဇော်အောင်အနီးသို့ ကြည်သာပြုံး ကပ်သွားလိုက်သည်။ ရဲဇော်အောင်က အားတက်သွားပြီး …

"ရှင်းပြလိုက်ပါဦး ပြုံးရယ်။ ပြုံးနဲ့ကိုယ်က မနေ့ကမှ မင်္ဂလာဆောင်တဲ့အကြောင်း။ အဲဒီမတိုင်ခင်ကတည်းက သံယောဇဉ်တွေနဲ့ ချစ်ခဲ့ကြတာဆိုတဲ့ အကြောင်း"

ရဲဇော်အောင် စကားမဆုံး[illegible] ကြည်သာပြုံး ရှင်းလင်းပြတ်သားသည့် စကားသံ ထွက်ပေါ်လာသည်မှာ …

"ဒီမှာရှင့် … ကိုရဲဇော်အောင်[illegible] ရဲတပ်ဖွဲ့ဝင်တွေကိုတော့ ဘာမှ ရှင်း[illegible] မလိုဘူး။ ရှင့်ကိုပဲ ရှင်းအောင်ပြောလို[illegible] မယ်။ မိန်းမတစ်ယောက်ကို မယူ[illegible] လို့ ယူလိုက်တယ်။ ပြီးတော့မှ မိန်း[illegible] ပျက်ဘဝ ရောက်သွားအောင်၊ မခံနိုင်[illegible] အဆုံး လက်မြှောက်အရှုံးပေး ထွက်[illegible] သွားအောင် လုပ်ပစ်လိုက်မယ်ဆို[illegible] အကြံနဲ့ ကောက်ကျစ်ယုတ်မာတဲ့ ရှင်[illegible] ယောကျ်ားမပီသတဲ့ ယောကျ်ားအတု[illegible] ရှိနေတယ်ဆိုတာ တစ်လောကလုံး[illegible] သွားအောင်လို့ ကျွန်မကိုယ်တိုင် ရဲ[illegible] မှာ အမှုဖွင့်လိုက်ရတာပါပဲ။ ဒီတစ်ခါ[illegible] အမှုရုပ်သိမ်းလွှာကို မမျှော်လင့်[illegible] ထိုက်သင့်တဲ့ ပြစ်ဒဏ်ကိုသာ မျှော်မျှော်[illegible] ခံလိုက်ပေတော့။ ကိုရဲဇော်အောင်[illegible]"

ဟူ၍ဖြစ်သတည်း။



www.burmeseclassic.com


www.burmeseclassic.com

အိန္ဒိယနိုင်ငံဗုဒ္ဓဂယာမှ

# ပုံရိပ်လွှာများ

(ဒုတိယပိုင်း)

စာဆိုရှင်ဆရာတော်- အရှင်ဥတ္တရသာရ(ညောင်ဦး)





www.burmeseclassic.com

www.burmeseclassic.com

**ယခင်လမှအဆက်**

လုမ္ဗိနီမှ ကုသိနာရုံသို့ စတင်ထွက်ခွာစဉ် ကားပေါ်တွင် လိုက်ပါလာကြသော ဘုရားဖူးအားလုံး သွားလမ်းသာ၍ လာလမ်းများဖြောင့်တန်းစေရန်နှင့် အန္တရာယ်ခပင်း ရန်စွယ်ရှင်း၍ ဘေးကင်းရန်ကွာ လိုရာဆန္ဒ ပြည့်ဝနိုင်ကြစေရန် စိတ်ရည်သန်လျက် နမောတဿ သရဏဂုံသုံးပါး သမ္ဗုဒ္ဓေဂါထာပါဠိများနှင့် ဆရာတော် ဦးဝိစိတ္တ၏ အရပ်ဆယ်မျက်နှာမေတ္တာပွားနည်းများကို သံပြိုင်ရွတ်ဆို၊ မေတ္တာဘာဝနာများ ပွားများကာ ထွက်ခွာခဲ့ကြသည်။

ထိုကဲ့သို့ တစ်ဌာနနှင့် တစ်ဌာန စတင်ထွက်ခွာတိုင်း မေတ္တာဘာဝနာ ပွားများကာ ထွက်ခွာကြရလေသည်။ ယင်းသို့ မေတ္တာဘာဝနာ ပွားများပြီး သွားလာခဲ့ကြသဖြင့် ဘုရားဖူးအဖွဲ့သားအားလုံး မည်သို့သော အန္တရာယ်မှ မတွေ့ရှိဘဲ ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ကြပေသည်။

လုမ္ဗိနီနှင့် ကုသိနာရုံသည် မိုင်အားဖြင့် (၈၇) မိုင်ရှိပြီး၊ ကီလိုမီတာအားဖြင့် (၁၄၀) ရှိပြီး၊ ဥတ္တရာပရာဒေ့ရှ် (UP) ပြည်နယ်၌ တည်ရှိကြောင်း သိရှိခဲ့ရသည်။ စာရေးသူတို့အဖွဲ့သည်။ ကုသိနာရုံသို့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရောက်ရှိကြပြီး တည်းခိုရန် အဆင်သင့်ရှိသော ကျောင်းဆောင်ကြီးအပေါ်ထပ်တွင် နေရာယူကြကာ ခေတ္တအနားယူလိုက်သည်။

အနားယူပြီးသည်နှင့် ဦးပညိန္ဒ၊ ဦးပဏ္ဍိဝံတို့နှင့်အတူ အနီးရှိ ဈေးဆိုင်တန်းများကို သွားရောက်လေ့လာကြလျက် လက်သည်ညှပ် အသေးစားတစ်ခု ရူပီးငွေ (၂၅) ကျပ်၊ ဘရိတ်ဓားတစ်ကပ် (၁၀) ကျပ်ဖြင့်ဝယ်ယူပြီး ပြန်လာခဲ့ကြကာ ကုသိနာရုံ မြန်မာကျောင်းတွင် တစ်ညတာ အိပ်စက်အနားယူလိုက်ကြလေတော့သည်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် နံနက်စာ ထမင်းကြော်များကို စားသုံးကြပြီး ကုသိနာရုံ မြန်မာကျောင်းအနီးတွင်ရှိသော ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည့် မလ္လာမင်းမျာ… အင်ကြင်းရဂုံ ကုသိနာရုံသို့ အဖွဲ့သာ… တွေ အားလုံးစုပေါင်းပြီး သင်္ကန်းတော… ကပ်လှူပူဇော်ရန် သင်္ကန်းတော်ကို တ… ကိုင်ဆောင်ကြလျက် ဘုရားရှင် ပရိနိ… ဝင်စံတော်မူဟန် ထုလုပ်ပူဇော်ထားသော… ဗုဒ္ဓရုပ်ပွားတော်ကြီးဆီသို့ ဖြည်းဖြည်း… လျှောက်လှမ်းခဲ့ကြလေသည်။

ထိုသို့ လမ်းလျှောက်နေ… စာရေးသူ စဉ်းစားနေမိသည်… ပြော် … သုံးလောကထွဋ်ထား ရှင်… မြတ်ဘုရားဟာ ကျွတ်ထိုက်သော… ဝေနေယျများကို သိရှိတော်မူကာ (… ဝါ ကာလပတ်လုံး မနားမနေ လှ… ဖြပ်ပွာသတ္တဝါ မှန်သမျှတွေကို ဆ… ပင်ပန်းခံကာ ကယ်တင်တော်မူခဲ့ရ… သည်။ ဟော … ယခုလည်း… ဘုရားရှင် သာသနာတော်မှာ နော… ကျွတ်တန်းဝင်ရမယ့် ပုဂ္ဂိုလ် ကျွတ်… ဝင်စေနိုင်ရန်အတွက် ကုသိနာရုံနဲ့ … မိုင်မျှ ကွာဝေးတဲ့ ပါဝါပြည်က…



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင် ခြေလျင်ကြွတော်မူခဲ့ရရှာပါတယ်။ လမ်းခရီးမှာ ပင်ပန်းလွန်းတာကြောင့် (၂၅) ကြိမ်တောင် နားခဲ့ရသေးသတဲ့။ သည်လို နားခဲ့ရတာလည်း ရွှေပန်းတိမ်သည် စုန္ဒရဲ့ ဝက်ပျို့သားဟင်းနှင့် ဆွမ်းဘုန်းပေးတော်မူခဲ့ရတာကြောင့်ပါ။ အဲဒီ ဝက်ပျို့သားဟင်းက အစာမကျေဖြစ်ပြီး ဘုရားရှင်ဟာ ဝမ်းတော်လားခဲ့ရပါတယ်။ အမှန်တော့ ဝမ်းတော်လားရတာ စုန္ဒကပ်တဲ့ ဝက်ပျို့သားကြောင့် မဟုတ်ပါဘူး။ ဘုရားအလောင်းတော်စဉ်အခါတုန်းက ဆေးဆရာဘဝ ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီ ဆေးဆရာဘဝတုန်းက ဆေးဖိုးဝါးခ မပေးလိုတဲ့ သူဌေးသားတစ်ဦးကို ဝမ်းတော်လားစေတဲ့ ဆေးတွေ တိုက်ကျွေးခဲ့ဘူးတဲ့ ဝိပါက်တော်ကြောင့် ဖြစ်ပါတယ်။ ဘုရားရှင်တော် ဝဋ်ကြွေးရှိရင် ပေးဆပ်ရသေးတာပဲဆိုတဲ့ အသိဟာ စာရေးသူစိတ်ထဲတွင် သံဝေဂဖြစ်မိပါတယ်။ ဘုရားရှင်ရဲ့ သာသနာမှာ နောက်ဆုံး ချေချွတ်လို့ ကျွတ်တန်းဝင်ရမယ့် ပုဂ္ဂိုလ်ကတော့ သုဘဒ္ဒပရိဗိုဇ်ရဟန်းကြီးဖြစ်ပါတယ်။ ဘုရားရှင် ဟောဒီ ကုသိနာရုံမှာ ပရိနိဗ္ဗာန်ဝင်စံရန် ကြွရောက်လာရတဲ့ ရည်ရွယ်ချက်မှာ အဲဒီ သုဘဒ္ဒပရိဗိုဇ်ရဟန်းကြောင့်ရယ်၊ နောက်ပြီး ဘုရားရှင်ဟာ အတိတ်ဘဝတုန်းက စကြာရတနာနှင့် လေးကျွန်းလုံးကို လှည့်ပတ်တဲ့ သုဒဿနဖြစ်ခဲ့ဖူးပါတယ်။ သည်နေရာဟာ ကုသဝတီဆိုတဲ့ အမည်နဲ့ စည်ပင်ပြန့်ပြော အံ့သြစရာ မဟာရာဇဌာနဖြစ်ဖူးလျက် သုဒဿနစက္ကဝတ္တိသုတ်ကို ဟောကြားလိုသဖြင့် ဒီနေရာမှာ ကြွရောက်ပြီး ပရိနိဗ္ဗာန် စံရခြင်းပါလား”

ဟု တွေးတောရင်း စာရေးသူ နှုတ်ဖျားက ၂၄ ပစ္စည်းကိုရွတ်ဆိုရင်း လိုက်ပါခဲ့ရာ ရုပ်ပွားတော် ပူဇော်ထားရှိရာ ဘုရားကျောင်းဆောင်ကြီးထဲတွင် ဘုရားဖူး ပရိသတ်တွေ ပြည့်နေသဖြင့် ကျောင်းတောင်ကြီးကို လက်ျာရစ် တစ်ပါတ်ပတ်ပြီး ကျောင်းဆောင်ထဲသို့ဝင်ပြီး ဗုဒ္ဓရုပ်ပွားတော်အား သင်္ကန်းတော် ကပ်လှူပူဇော်လိုက်ကြသည်။

ဗုဒ္ဓရုပ်ပွားတော်သည် ညောင်စောင်းပေါ်တွင် မြောက်ဘက်ကို ဦးခေါင်းပြုပြီး အနောက်ဘက်သို့ မျက်နှာမူလျက် ပရိနိဗ္ဗာန်ဝင်စံနေသည့်ပုံတော်ဖြစ်ပြီး ရုပ်ပွားတော်သည် ဖဝါးတော်မှ ဦးခေါင်းတော်အထိ ပေ (၂၀) ရှိလျက်၊ ပခုံးတော်မှာ (၅) ပေ (၆) လက်မရှိသည်။ သလွန်ညောင်စောင်းတော်သည် အလျား (၂၃) ပေ (၉) လက်မ၊ အနံ (၂) ပေ (၁) လက်မရှိလျက် မြေသားကို ထုလုပ်ပူဇော်ထားသော ရုပ်ပွားတော်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက တည်ထားခဲ့သဖြင့် ရုပ်ပွားတော်ကြီးမှာ ပျက်စီးပြီး တစ်ပိုင်းတစ်စသာ နှစ်ပေါင်းများစွာက တည်ထားခဲ့သဖြင့် ရုပ်ပွားတော်ကြီးမှာ ပျက်စီးပြီး တစ်ပိုင်းတစ်စသာ တွေ့ရှိရသော ရုပ်ပွားတော်ကို (၁၈၃၃) ခုနှစ်တွင် မူလလက်ရာကို မှန်းဆပြီး ပြန်လည်ပြုပြင်ကြလျက် သလွန်ညောင်စောင်းတော်ဘေးတွင် ညီတော် အာနန္ဒာပုံတော်နှင့် ဆေးဆရာကြီး ဇီဝကပုံ၊ ဘုရားရှင် နောက်ဆုံး ချေချွတ်တော်မူခဲ့သည့် သုဘဒ္ဒရဟန်းပုံတော်ကိုပါ ထုလုပ်ထားသည်ကို

www.burmeseclassic.com

ဖူးတွေ့ရသည်။ ရုပ်ပွားတော်ကြီး တည်ထားသည်မှာ သဘာဝကျ၊ အသက်ပါလှသဖြင့် စာရေးသူ တစိမ့်စိမ့်ဖူးမြော်ကြည်ညိုလိုက်ရာ ရင်ထဲတွင် ဆို့နစ်ဝမ်းနည်းလာပြီး စိတ်မကောင်းသဖြင့် အပြင်သို့ ခဏထွက်ကာ အနားယူလိုက်သည်။ သံဝေဇနီယ လေးဌာနတို့တွင် ယင်း ပရိနိဗ္ဗာန်စံရာဌာနသည်လည်း တစ်ဌာနပါဝင်လျက်ရှိတာကြောင့် သံဝေယူပြီး ဖူးမြော်နိုင်ရန် ရုပ်ပွားတော်ရှိရာ ကျောင်းဆောင်ထဲသို့ တစ်ဖန်ပြန်ဝင်ကာ သံဝေဂယူ ဖူးမြော်ကြည်ညိုပြီး နာရီဝက်ခန့် တရားနှလုံးသွင်းလိုက်သည်။ တရားနှလုံးသွင်းပြီးသည်နှင့် မေတ္တာပို့ အမျှတန်းပေးဝေပြီး ကျောင်းဆောင်အပြင်သို့ ပြန်ထွက်လာခဲ့သည်။ ရုပ်ဝေး ရုပ်နီးမှ ဘုရားဖူး လာရောက်ကြသူများနှင့် အလွန်ပင် စည်ကားလှသည်။

စာရေးသူ အနီးပတ်ဝန်းကျင်ကို လှည့်လည်လေ့လာကြည့်သောအခါ ဗုဒ္ဓရုပ်ပွားတော်ကြီး၏ နောက်ဘက်တွင် မဟာပရိနိဗ္ဗာန စေတီတော်ကြီးကို ထုံးဖြူဖွေးစွာဖြင့် ဖူးတွေ့ရလေသည်။ စေတီတော်ကြီးမှာ အထက်မြန်မာနိုင်ငံက စစ်ကိုင်းကောင်းမှုတော် စေတီတော်ကြီးနှင့် ပုံသဏ္ဌာန်တူလှသည်။ ထိုစေတီတော်ကြီးသည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသောနေရာတွင် တည်ထားတော်မူသောကြောင့် ပရိနိဗ္ဗာနစေတီတော်ဟု ခေါ်လေသည်။ ယင်းစေတီတော်အနီးတွင် အရှင်အနုရုဒ္ဓါစေတီတော်ကို ဖူးတွေ့ရသည်။ ထိုစေတီတော်မှာ အုတ်ခံမျှသာကျန်ရှိတော့သည်ကို တွေ့ရှိရ၏။

စာရေးသူနှင့် အတူပါလာကြသော ဘုရားဖူးအဖွဲ့တော်သားတွေ တည်းခိုရာကျောင်းသို့ ပြန်သွားကြသော်လည်း စာရေးသူကတော့ တစ်ယောက်ထဲ ကင်မရာတစ်လုံးကိုင်ပြီး လေ့လာနေရဆဲပဲဖြစ်သည်။ စာရေးသူ မဟာပရိနိဗ္ဗာနစေတီတော်ကြီး၏ ရင်ပြင်ပေါ်တွင် ထိုင်နေရင်း ထိုနေရာမှ တစ်ဆင့် အဆောက်အအုံဝန်းကြီးထဲကို မျက်စေ့တစ်ဆုံး ငေးမှိုင်းကြည့်လိုက်သောအခါ လွန်ခဲ့သော နှစ်ပေါင်း ၂၅၅၅ ခန့်က



သည်နေရာတွင် အင်ကြင်းပင်ရေ ဝေဆာစွာ တည်ရှိခဲ့သော်လည်း အချိန်မှာ ထိုအင်ကြင်းပင်တွေကို မ ရတော့သဖြင့် စိတ်မကောင်းဖြစ်ကာ

"ချစ်သားအာနန္ဒာ ကုသိနာ မလ္လာမင်း တို့ရဲ့ အင်ကြင်းဥယျာဉ် သွားကြကုန်အံ့"

ဟု ဘုရားရှင် ပရိနိဗ္ဗာန် ခါနီးအချိန်က မိန့်ကြားလိုက်သော စကားသံကို နားထဲတွင် ကြားယော သည်။ ထိုအချိန်က သည်နေရာ အင်ကြင်းဥယျာဉ်ကြီး ရှိခဲ့သည် မည်သို့မျှ ငြင်းပယ်၍မရချေ။

ဘုရားရှင်သည် စုန္ဒ၏ သားကို ဘုန်းပေးတော်မူပြီး ဝမ်း ကာ အားအင်တွေကုန်ခမ်းနေ

www.burmeseclassic.com

စကားကို မိန့်တော်မူလိုက်ခြင်းဖြစ်သည်။ ယင်းသို့ မိန့်တော်မူသဖြင့် ဘုရားရှင်၏ ခန္ဓာကိုယ် ယိမ်းယိုင်မသွားရလေအောင် ညီတော်အာနန္ဒာနှင့် အရှင် စုန္ဒတို့က ဘုရားရှင်အားတွဲလျက် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်သို့ ဖြည်းဖြည်းခြင်း ကြွတော်မူရာ ဥယျာဉ်ထဲကိုရောက်သည် နှင့် ရတနာညောင်စောင်းကို ဘုရားရှင် မြင်တွေ့လိုက်ရာ ဘုရားရှင်က …

"ချစ်သားအာနန္ဒာ ငါဘုရား အားအင်ကုန်ခန်း မောပန်းလှသည်။ ဤ ညောင်စောင်းကိုယူပြီး အင်ကြင်းပင်စုံ တို့ကြားတွင် မြောက်ဘက်ကို ဦးခေါင်း ပြုပြီး လျှင်မြန်စွာခင်းလော့"

ဟု အမိန့်တော်မူလိုက်သည် နှင့် ညီတော်အာနန္ဒာက နောင်တော် ဘုရားသည် ယနေ့သည်ပင် ပရိနိဗ္ဗာန် ဝင်စံတော်မူလိမ့်မည်သယောင် တွေးတော လျက် စိတ်နှလုံးတွင် ပူပင်သောက ယူကျုံးမရဖြစ်ကာ မျက်ဝန်းအိမ်မှ ထွက်ကျလာသော မျက်ရည်စများကို သုတ်ပြီး ဒုကုဋ်သင်္ကန်းကြီးကို လျှင်မြန် စွာခင်းပေးလိုက်သည်။

ယင်း ရတနာညောင်စောင်း ပေါ်တွင် ဘုရားရှင် လျောင်းစက်တော် မူနေစဉ် ခေါင်းရင်း ခြေရင်းမှ အင်ကြင်း ပန်းတို့သည် အချိန်အခါမဲ့တွင် အပွင့်များ ပွင့်ကြ၊ အဖူးအငုံများ ဆင့်ကာဆင့်ကာ ဖူးပွင့်ကြလျက် ဥယျာဉ်တစ်ခုလုံး အင်ကြင်းပန်းရနံ့များ မွှေးကြိုင်ကာ ဥယျာဉ်အတွင်းရှိ သစ်ပင်တို့သည်လည်း ဘုရားရှင်အား နောက်ဆုံးပူဇော်သည့် အနေဖြင့် တစ်ပင်လုံး ပွင့်ကြ၊ သီးကြ လျက် ဘုရားရှင်အား ပူဇော်ကြကုန်၏။ တစ်သောင်းသော စကြာဝဠာအတွင်း၌ ရှိကြကုန်သော သစ်ပင်ကြီးငယ်တို့သည် လည်း ပွင့်ကြ သီးကြကုန်လျက် ထို ဥယျာဉ်အတွင်း၌ နေထိုင်ကြကုန်သော ဘုမ္မစိုးနတ်တို့သည် ပန်းဝတ်မှုန်များကို ဖြန့်ကြဲပူဇော်ကြကုန်၏။ နတ်အပေါင်း တို့က သာယာငြိမ့်ညောင်းသော တူရိယာ များဖြင့် ပူဇော်ကြသလို နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်တို့ကလည်း ထူးမြတ်သော ပန်း တို့ဖြင့်လည်းကောင်း၊ ရတနာပေါက် ပေါက်တို့ဖြင့်လည်းကောင်း ပူဇော်လျက် ရှိကြကုန်၏။ ဘုရားရှင်က ထိုသို့ပူဇော် နေကြသူတွေကို မြင်တွေ့ရသဖြင့် ညီတော်အာနန္ဒာကိုခေါ်တော်မူပြီး …

"ချစ်သားအာနန္ဒာ ဤ တစ် သောင်းသော စကြာဝဠာတိုက်အတွင်း၌ ရှိနေကုန်သော ပန်းသစ်ပင်အပေါင်းတို့ နှင့် အထူးထူးသော ပူဇော်သက္ကာတို့ဖြင့် ငါဘုရားအား ပူဇော်ကြကုန်ပြီ။ ဤသို့ ပူဇော်ကာမျှဖြင့် ငါဘုရားအား ပူဇော် သည် မည်သေး၊ မြတ်နိုးသည် မမည်သေး။ လောကုတ္တရာအားဖြင့် လေ့လွှစ်စွာပြုသည် မမည်သေး။ ချစ်သားအာနန္ဒာ အကြင် ဥပါသကာ၊ ဥပါသိကာအပေါင်းတို့သည် လည်းကောင်း၊ ရဟန်းယောက်ျား၊ ရဟန်း မိန်းမတို့သည်လည်းကောင်း၊ ငါ ပညတ် တော်မူအပ်သော စာရိတ္တသီလ၊ ဝါရိတ္တ သီလတို့ကို ရိုသေစွာကျင့်၍နေကုန်၏။ ထိုသူတို့သည်သာလျှင် ငါဘုရားကို မြတ် သောပူဇော်ခြင်းဖြင့် ပူဇော်သည်မည်၏။ ထိုကြောင့် ငါ၏သာသနာ၌ ချမ်းသာကို အလိုရှိကုန်သော ဥပါသကာ၊ ဥပါသိကာ၊

www.burmeseclassic.com

ဘိက္ခု၊ ဘိက္ခုနီ အများတို့သည် လောကုတ္တရာတရား၏ ရှေ့အဖို့ဖြစ်သော ကျင့်ဝတ်ပဋိပတ်ကိုသာ ရှိသေစွာ ကျင့်သုံးရာကုန်၏"

ဟု မိန့်တော်ပါသည်။

ဘုရားရှင်သည် သလွန်ညောင်စောင်းပေါ်တွင် လဲလျောင်းနေစဉ် ဥပဝါဏရဟန်းက ဘုရားရှင်အား ယပ်ခတ်ပေးနေလေသည်ကို ဘုရားရှင်က ဥပဝါဏရဟန်းကို အဖယ်ခိုင်းလိုက်သည်။ ထိုအချိန် ညီတော်အာနန္ဒာက …

"အဘယ့်ကြောင့် ဥပဝါဏရဟန်းကို အဖယ်ခိုင်းရတာလဲ"

ဟုမေးလျှောက်တော်မူရာ ဘုရားရှင်က …

"ငါ့တပည့် ဥပဝါဏမှာ အပြစ်မရှိ။ တစ်သောင်းသောလောကဓာတ်မှ လာကြကုန်သော နတ်ဗြဟ္မာတို့သည် ငါဘုရား၏ မျက်နှာတော်ကို ဖူးမြော်ခြင်းငှာ စုဝေးရောက်ရှိလာကြကုန်၏။ ဥပဝါဏ၏ ခန္ဓာကိုယ်ကလည်းကြီး၊ အသိဉာဉ်တန်ခိုးကလည်းကြီး၊ ဥပဝါဏရဲ့ အပြင်ဘက်မှာရှိကြတဲ့ နတ်ဗြဟ္မာများတို့သည် ငါဘုရား၏ မျက်နှာတော်ကို ဖူးမြော်ခွင့်မရကြသဖြင့် ငါတို့သည် ဘုရားရှင်ကို ဖူးမြော်ရန် စကြာဝဠာကလာကြရကုန်၏။ ဥပဝါဏ၏ ခန္ဓာကိုယ်ကြီး ကွယ်နေသဖြင့် မျက်နှာတော်ကို မဖူးမြင်ကြရဟု နတ်ဗြဟ္မာတွေက မြည်တွန်ကြတာကြောင့် ဥပဝါဏရဟန်းကို အဖယ်ခိုင်းလိုက်သည်" ဟု မိန့်တော်မူလိုက်သည်။

နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားရှင်အား နောက်ဆုံးပူဇော်သည့်အနေဖြင့် မျက်နှာတော်ကို တစ်ဝကြီး ဖူးမြော်ကြည်ညိုကြလျက် ပူဆွေးသောကရောက်ကာ ခေါင်းကဆံပင်က ဖရိုဖရဲဖြင့် ငိုကြွေးကြလေကုန်၏။ ဘုရားရှင်သည် နောင်လာနောက်သား ဝေနေယျများအတွက် သံဝေဂယူစရာအဖြစ်

(၁) ဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီသာမော အင်ကြင်းတော၊

(၂) သမ္မာသမ္ဗောဓိဉာဏ်ကို အမှန်စင်စစ် ရရှိတော်မူခဲ့သည့် မဟာဗောဓိမဏ္ဍိုင်။

(၃) ဓမ္မစကြာ တရားဦးဟောတော်မူခဲ့သည့် မိဂဒါဝုန်။

(၄) ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့သည့် ကုသိနာရုံ။

ဟူသော သံဝေဇနိယ လေးဌာနတို့ကို ဟောကြားတော်မူခဲ့ပါသည်။ နောက်ဆုံးတွင် သုဘဒ္ဒအမည်ရှိသည့် ရဟန်းကြီး ဘုရားရှင်အား ဖူးမြင်ခွ… ကြောင်း ညီတော်အာနန္ဒာထံ ခွင့်တောင်း… လျှောက်ထားရာ၊ ညီတော်အာနန္ဒာ… သာသနာတော်မှအပ တိတ္ထိတို့သည် မိမိတို့၏ အယူကိုသာ မြဲမြံစွာ ယူကြ… သည်။ ထို အယူကို ပယ်ရှားအော… တရားဟောရသော်လည်း ဘုရားရှ… ပင်ပန်းဖြစ်တော်မူလိမ့်မည်… အောင်မေ့လျက်

"ငါ့ရှင် သုဘဒ္ဒ ဘုရားရှင်… မညှင်းဆဲပါနှင့်။ ဘုရားရှင် ပင်ပန်းတော်… မူလှသည်"

ဟု မိန့်တော်မူသော်လည်း… သုံးကြိမ်တိုင်တိုင် တောင်းဆိုသော်လည်း… ညီတော်အာနန္ဒက ခွင့်မပြု။ ထိုစ…



www.burmeseclassic.com

www.burmeseclassic.com

ကို ဘုရားရှင်ကြားသိတော်မူသောအခါ

"ချစ်သား အာနန္ဒာ မတားမြစ်ပါလင့်။ ငါဘုရားကို ဖူးမြင်ပါစေ။ ဤသုဘဒ္ဒသည် ပြဿနာကို မေးလိုသော်လည်း မေးပါစေ"

ဟု မိန့်တော်မူသဖြင့် ညီတော်အာနန္ဒာက သုဘဒ္ဒရဟန်းကြီးအား ဘုရားရှင်ထံ သွားခွင့်ပြုလိုက်လေသည်။

သုဘဒ္ဒရဟန်းသည် ဘုရားရှင်ထံသို့ ဝင်ရောက်ပြီး သူသိလိုသ ၂ ပြဿနာတွေကို လျှောက်ထား မေးမြန်းတော်မူသည်။ ဘုရားရှင်ကလည်း ပြန်လည်ဖြေကြားတော်မူပြီးသည်နှင့် ဘုရားရှင်က ဒေသနာစမ္မတို့ဖြင့် ဟောဖော်ညွှန်ပြ ဆိုဆုံးမလိုက်ရာ နောက်ဆုံးတွင် ရဟန္တာစင်စစ် ကျေနပ်ဖြစ်သွားလေတော့သည်။ ရှင်တော်ဂေါတမ၏ သာသနာတွင် နောက်ဆုံး ကျွတ်တမ်းဝင်ရမည့် သုဘဒ္ဒရဟန်းကြီး သစ္စာလေးတန် တရားမှန်ကို သိမြင်လျက် ရဟန္တာဖြစ်သွားသောကြောင့် ဘုရားရှင်ပင်ပန်းရကျိုးနပ်ခဲ့လေပြီ။ ပရိနိဗ္ဗာန်ဝင်စံရန် အချိန်ကလည်း တဖြည်းဖြည်းနှင့် နီးကပ်လာသဖြင့် ရဟန်းပရိသတ်၊ မင်းပရိသတ်တွေ စုံညီကြလျက် အင်ကြင်းဥယျာဉ်တစ်ခုလုံး ဘုရားရှင်အား လာရောက်ဖူးမြော်ကြသော ပရိသတ်နှင့် ပြည့်သိပ်လျက်ရှိနေပေသည်။ နတ်ဗြဟ္မာများကလည်း ဘုရားရှင်၏ မျက်နှာတော်ကိုသာ ဖူးမြော်ကြည်ညိုနေကြသလို ဒကာ၊ ဒကာမ ပရိသတ်အပေါင်းကလည်း မျက်ရည်တွေစို့ရွှဲလျက် ငိုယိုကြကာ သောတာပန် ရဟန်းတော်များကလည်း မငိုပဲ မနေနိုင်ကြ။ မျက်ရည်စလေးများကို သူတို့၏ သင်္ကန်းစလေးများဖြင့် သုတ်လျက် ဝမ်းနည်းကြေကွဲလျက် ရှိနေကြပေတော့သည်။ အင်ကြင်းတောကြီးတစ်ခုလုံး ပရိသတ်တွေ မည်မျှပင်များသော်လည်း တိတ်ဆိတ်ငြိမ်သက်လျက် ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြော်လိုက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်နှင့် အားအင်တွေ ကုန်ခမ်းနေသည့်အလား ငြိမ်သက်စွာ ထိုင်နေကြလေသည်။ ထိုချိန် ဘုရားရှင် မိန့်တော်မူလိုက်သည့် စကားသံတစ်ခု ထွက်ပေါ်၍လာလေသည်။

ဘုရားရှင် မိန့်တော်မူလိုက်သော စကားသံမှာ···

"ချစ်သားတို့ အကြင်ပုဂ္ဂိုလ်သည် ဘုရား၊ တရား၊ သံဃာများ၌လည်းကောင်း၊ မဂ်တရား၊ ဖိုလ်တရား၌လည်းကောင်း၊ ကျင့်ဝတ်ပဋိပတ်၌လည်းကောင်း၊ ယုံမှားသံသယ တွေးတောခြင်းရှိသည်ဖြစ်အံ့။ ငါဘုရားကို ယခုပင်မေးလျှောက်ကြကုန်လော့။ နောင်ခါကြမှ ငါဘုရားကို မျက်ဝါးထင်ထင် တွေ့ရပါလျက် မမေးလိုက်ရပါ နောင်တပူပန်ခြင်း မဖြစ်ကြကုန်လင့်"

ဟု ဘုရားရှင်က တပည့်ရဟန်းတော်များကို ပရိနိဗ္ဗာန်ဝင်စံခါနီးအချိန်တွင် မဟာကရုဏာတော်ထားတော်မူကာ မိန့်တော်မူလိုက်ခြင်းဖြစ်သည်။ ရဟန်းတော်များကလည်း မည်သို့သောစကားကိုမျှ မမေးကြ။ ဆိတ်ဆိတ်ပဲနေတော်မူသောကြောင့် ဘုရားရှင်က ထိုသို့ သုံးကြိမ်တိုင်တိုင် မိန့်တော်

www.burmeseclassic.com

သော်လည်း ရဟန်းတော်များက မလျှောက်ထား။ သို့တွက် ဘုရားရှင်က

"ချစ်သားရဟန်းတို့ ငါဘုရားကို ရှိသေသောအားဖြင့် ယခု မလျှောက်ထားဝံ့သော် အပေါင်းအဖော် ရဟန်းတို့အား ပြောကြကုန်လော့"

ဟု မိန့်တော်မူသည်။ ထိုသို့ မိန့်တော်မူသော်လည်း တစ်စုံတစ်ယောက်မှ မလျှောက်ထားကြ။ ရဟန်းတော်တွေအားလုံး ဆိတ်ဆိတ်နေတော်မူတာကြောင့် ညီတော်အာနန္ဒာက ယခုလို လျှောက်ထားလိုက်သည်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဤအစည်းအဝေးတွင် တစ်စုံတစ်ယောက်သော ရဟန်းတော်မျှ သာသနာတော်၏အပေါ်၌ ယုံမှားသံသယ မရှိကြပါဘုရား"

ဟု လျှောက်ထားသောအခါ။ ဘုရားရှင်က ...

"ချစ်သားအာနန္ဒာ ယုံမှားသံသယမရှိသောအရာကို ငါဘုရားလည်း ပစ္စက္ခအနေအားဖြင့် သိတော်မူသည်။ ဤ အစည်းအဝေး၌ အငယ်ဆုံးသော သံဃာသည် သောတာပန်အဆင့်ရှိပေသည်"

ဟု မိန့်တော်မူပါသည်။

ထိုသို့မိန့်တော်မူပြီး ဘုရားရှင်သည် တပည့်ရဟန်းသံဃာတော်များကို ခေါ်တော်မူပြီး ပစ္ဆိမဗုဒ္ဓဝစနဖြစ်သော နောက်ဆုံးဩဝါဒကို ဤသို့ မိန့်တော်မူလိုက်သည်။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

BURMESE CLASSIC

ဘိက္ခဝေ ရဟန်းတို့။ ဒါနိ ဣဒါနိ ယခုအခါ၌။ ဟန္ဒ အကျဉ်းအားဖြင့်။ ဝါ ငါ၏ အလိုတော်ရင်းဖြင့်။ ဝေါ သင်တို့ကို။ အဟံ ငါဘုရားသည်။ အာမန္တယာမိ မှာထားတော်မူ၏။ သင်္ခါရာ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်၍ ဖြစ်သမျှသော သင်္ခါရတရားတို့သည် ဝယဓမ္မာ ပျက်တတ်သော သဘောရှိကုန်၏။ တုမှေ သင်တို့သည်။ အပ္ပမာဒေန မမေ့မလျော့ မပေါ့မဆသော သတိ တရားဖြင့်။ သမ္ပာဒေထ ပြည့်စုံစေကုန် လော့ ဟု မိန့်တော်မူပြီး ပရိနိဗ္ဗာန်စံဝင် ဖို့ရန် ပြင်ဆင်မှု ပရိကမ္မအမှုတို့ ... ပြုလုပ်ပွားများတော်မူပြီး သက္ကရာ... (၁၄၈) ကဆုန်လပြည့် အင်္ဂါနေ့ နံနက်... မိုးသောက်ယံအချိန်တွင် ပရိနိဗ္ဗာန်ဝင်... တော်မူလေတော့သတည်း။

စာရေးသူတစ်ယောက် ကုသ... နာရုံဝန်ကြီးထဲမှ ဖယ်ခွာခဲ့ပြီး ကုသိနာ... မြန်မာကျောင်းသို့ ပြန်လာကာ ခေ... အနားယူပြီး ဘုရားရှင် တေဇော... လောင်ကျွမ်းရာ မီးသွေးများကို ဌာပနာ... တည်ထားခဲ့သည့် အင်္ဂါရစေတီတော်... အဖွဲ့သားတွေအားလုံး သွားရောက်... ကြလေသည်။ အင်္ဂါရစေတီတော်... မဟာပရိနိဗ္ဗာန စေတီတော်၏ အ... ဘက် (၆) ဖာလုံခန့်အကွာတွင် ... ရှိပြီး မလ္လာမင်းများ၏ ဦးသျှောင်ထုံး... နေရာတွင် တည်ထားခဲ့သော... မကုဋဗန္ဓ (မကုဋ၊ ဦးသျှောင်...

www.burmeseclassic.com

www.burmeseclassic.com

ထုံးဖွဲ့ခြင်း) ဟု ခေါ်ဆိုကြသေးသည်။

ထိုစေတီတော်သည် လိပ်ခုံးပုံ တည်ထားလျက် အိန္ဒိယ သုတေသနဌာန မှ ထိန်းသိမ်းထားရှိသည်။ ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို သင်္ဂြိုဟ်ခဲ့သဖြင့် တေဇောဓာတ် လောင်ကျွမ်းသည့်နေရာ အထိမ်းမှတ် တည်ထားသော စေတီတော် ဖြစ်သည်။ စာရေးသူ စေတီတော်မြတ် ကြီးအား ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုလျက် ဦးတင်ဂါရဝပြုလိုက်လေ သည်။ စေတီတော်မြတ်ကြီး၏ အဆောက် အအုံဝန်းတစ်ခုလုံး မြက်ခင်းပြင်နှင့် အလှ ကြည့်ပန်းပင်တချို့ကို စိုက်ပျိုးထားရှိ သဖြင့် စိတ်ကြည်နူးမှုကို ခံစားခဲ့ရသည်။

ထိုစေတီမှတစ်ဆင့် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံခါနီးအချိန်က ပါဝါပြည်ကနေ ကုသိနာရုံသို့ ကြွသော လမ်းခရီးတွင် ဘုရားရှင် ရေကြည်တော် ဘုန်းပေးတော် မူခဲ့သည့် အထိမ်းအမှတ်တည်ထားခဲ့သော မတကုဝရ်ကျောင်းဆောင်သို့ ရောက်ရှိ ကြလေသည်။ ကျောင်းဆောင်လေးမှာ ခပ်သေးသေး ဆောက်လုပ်ထားသော်လည်း သပ်ရပ်ခိုင်ခံ့စွာ ဆောက်လုပ်ထားရှိပြီး ပုံကျသေသပ်လှသည်။ အဆောက်အအုံ အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ကိန်းဝပ် စံပယ်တော်မူလျက် ရုပ်ပွားတော်နှင့် ရုပ်ပွား တော်ထားရှိရာ ပလ္လင်တံကဲတော်၏ လက်ရာမှာ ရှေးကျပြီး လက်ရာပြောင်မြောက် စွာ ထုလုပ်ပူဇော်ထားရှိသည်ကို ဖူးတွေ့ရ သည်။

ဘုရားရှင်သည် ညီတော် အာနန္ဒာကို ခေါ်တော်မူပြီး . . .

"ချစ်သား အာနန္ဒာပါဝါပြည် ကနေ ကုသိနာရုံမလ္လာမင်းရဲ့ အင်ကြင်း ရဂုံကို သွားကြကုန်စို့"

ဟု မိန့်တော်မူသဖြင့် ညီတော် အာနန္ဒာနှင့်တကွ သံဃာတော်များနှင့်အတူ ကြွတော်မူပါသည်။ ထိုသို့ ကြွတော်မူ လာခဲ့ရာ တစ်ယူဇနာခန့် ရောက်သော အခါ . . .

"ချစ်သား အာနန္ဒာ ငါဘုရား အားအင်တွေ ကုန်ခန်းပြီး မောပန်းတော် မူတယ်။ အရိပ်အာဝါသ အလွန်ကောင်း မွန်သည့် ဟောဒီ သစ်ပင်ရင်းမှာ ဒုကုဋ် သင်္ကန်းကြီးကို လေးခေါက်ခေါက် ပြီးခင်း လော့"

ဟု မိန့်တော်မူလိုက်သည်နှင့် ညီတော်အာနန္ဒာကလည်း သစ်ပင်ရင်း တွင်ရှိသော အမှိုက်သရိုက်များကို ရှင်းလင်းပြီး ဒုကုဋ်သင်္ကန်းကြီးကို လေး ခေါက်ခေါက်လျက် ခင်းပေးလိုက်သည်။ ဘုရားရှင်သည် ခရီးကလည်းပန်း၊ လမ်း ကလည်း ကြမ်းတာကြောင့်၊ ခင်းထား အပ်သော အခင်းပေါ်တွင် ခေတ္တ မှေးစက် အနားယူလိုက်သည်။ ယင်းသို့ အနားယူ ပြီးသည်နှင့် ညီတော် အာနန္ဒာကို ခေါ်တော်မူပြီး . . .

"ချစ်သား အာနန္ဒာ ငါဘုရား ရေဆာတော်မူတယ်ကွယ်၊ ရေခပ်ပေးပါ"

ဟု မိန့်တော်မူရာ ညီတော် အာနန္ဒာက အနီးတွင်ရှိသော ဂင်္ဂါမြစ် ကလေးကို သွားကြည့်သောအခါ . . .

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ယခုအခါ ဂင်္ဂါမြစ်ထဲတွင် မလ္လာမင်းတို့ရဲ့ လှည်းငါးရာ ဖြတ်ကူးသွား လာထားသောကြောင့် ရေက မကြည်

www.burmeseclassic.com

မလင်ဖြစ်နေပါသည်။ ကကုဓါမြစ်သည် ရေနှုန်းတွင်ရှိပါသည်။ ကြည်လင်အေးမြသော ရေလည်းရရှိနိုင်ပါသည်။ မြစ်ဆိပ်အနေအထားလည်း ကောင်းမွန်ပါသည်။ အဲဒီမြစ်ကိုရောက်ခါမှ ဘုန်းပေးတော်မူပါ ဘုရား"

ဟု လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း ရေနောက်ပါသည်ဟု လျှောက်ထားသော်လည်း သုံးကြိမ်တိုင်တိုင် ရေခပ်ခိုင်းတော်မူပါသည်။ ညီတော်အာနန္ဒာကလည်း ဘုရားရှင်၏ အာဏာတော်ကို မလွန်ဆန်ရဲတာကြောင့် သပိတ်ကိုယူပြီး ဂင်္ဂါမြစ်နားသို့သွားသောခါ နောက်ကျိနေသောရေသည် ခဏချင်းနှင့် သန့်ရှင်းကြည်လင်နေသောရေကို မြင်တွေ့လိုက်ရသောအခါ ...

"သြော် ... မြတ်စွာဘုရား၏ ဘုန်းတန်ခိုးအာနုဘော်သည်ကား အံ့သြဖွယ်ကောင်းပေစွ။ အသက်မရှိသော ရေသည်ပင် အလိုတော်အတိုင်း ကြည်လင်ရပေသည်။ မဖြစ်စဖူး ထူးကဲလှပေစွတကား"

ဟု ညီတော်အာနန္ဒာက ဘုရားရှင်၏ တန်ခိုးတော်များကို ချီးမွမ်းတော်မူပြီး သပိတ်တော်ဖြင့် ရေကိုခပ်ယူကာ ဘုရားရှင်အား ကပ်လှူလိုက်သည်။ ဘုရားကလည်း အားပါးတရ ဘုန်းပေးတော်လိုက်သည်။

ထိုကဲ့သို့ ဘုရားရှင်ကိုယ်တိုင် ရေကြည်တော် ဘုန်းပေးတော်မူခဲ့ရာ အထိမ်းအမှတ်အဖြစ် တည်ထားခဲ့သော မတကုဝရ်ကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ညီတော်အာနန္ဒာကဲ့သို့ ဘုရားရှင်၏ ဘုန်းတော်အနန္တ၊ တန်ခိုးတော်အနန္တတို့ကို အောက်မေ့လျက် ဦးတင်ဂါရဝပြုပြီး ထွက်ခွာခဲ့ကြလေတော့သည်။ စာရေးသူတို့သည် ထိုနေရာမှ မိမိတို့တည်းခိုရာ ကုသိနာရုံ မြန်မာကျောင်းသို့ ပြန်ကြကာ မြန်မာထမင်း မြန်မာဟင်းတို့ကို သုံးဆောင်ကြပြီး အနားယူလိုက်ကြသည်။ အနားယူပြီးသည်နှင့် ဒုတိယအကြိမ် ပြန်လည်၍ ကျောင်းအနီးတွင်ရှိသော ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်အား သွားရောက်ပြီး ဖူးမြော်ပြန်သည်။ ရုပ်ပွားတော်ကြီးရှေ့တွင် နာရီဝက်ခန့် တရားဘာဝနာများ ရှုမှတ်ပွားများလိုက်သည်။ ထိုသို့ ပွားများပြီးသည်နှင့် မေတ္တာပို့ အမျှအတန်းပေးခဲ့ပြီး ပြန်လာခဲ့ကာ ရွှေတိဂုံစေတီတော် ပုံစံတူတည်ထားသော စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုပြန်သည်။ တစ်ဖန် စေတီတော်အနီးတွင် တည်ရှိသော ဈေးဆိုင်တန်းကလေးအား လှေ့လာကြည့်သောအခါ တဘက်စောင်တစ်ထည်လျှင် ရူပီးငွေ (၁၀၀) ကျပ်၊ (၁၅၀) ကျပ် ဈေးရှိပြီး ဘုရားပုံတော်စုံလေးတစ်စုံကို (၁၅၀) ကျပ် ဈေးနှုန်းဖြင့် ဒကာမလေးတွေ ဝယ်နေကြသည်ကို တွေ့ရသည်။ စာရေး သူတို့အဖွဲ့သားအားလုံး ကျောင်းသို့ စုံလင်စွာ ရောက်ရှိကြသည်နှင့် ညနေ ပိုင်းတွင် ကျောင်းထိုင်ဆရာတော် ဦး ထိသလရအား စုပေါင်းကန်တော့ကြ သည်။ ထိုနေ့ညအတွက် ထိုကျောင်းမှာ ညအိပ်ရပ်နားလိုက်ကြတော့သည်။

**အရှင်ဥတ္တသာရ(ညောင်ဦး**



www.burmeseclassic.com